ဝိပဿနာ ဉာဏ်စဉ် (၁၆)ပါး တရားတော်

မှတ်စုများ

တရားတော် ဓာတုပ် (၂)

ပြုစုတင်ပြသူ
ဦးညီညီစိန်

ISBN 978-99971-0-718-6 (ပုံနှိပ်စာအုပ်) - (၂) ဂုဏ်ထူးပေါင်းများစွာဖြင့် ပြည့်စုံသော ဗုဒ္ဓသာသနာတော်ကြီးကို ဦးညီညီစိန်က ဂုဏ်ပြုလိုက်ပါသည်။

ဝိပဿနာ ဉာဏ်စဉ် (၁၆)ပါး တရားတော်

မှတ်စုများ

တရားတော် ဓာတုပ် (၂)

ပြုစုတင်ပြသူ
ဦးညီညီစိန်

မေတ္တာလက်ဆောင်



ဝိပဿနာ ဉာဏ်စဉ် (၁၆)ပါး တရားတော်
မှတ်စုများ
တရားတော် စာအုပ် (၂)

(ပထမ အကြိမ်)

ပြုစုတင်ပြသူ
ဦးညီညီစိန်

သာသနာနှစ် - ၂၅၆၅ ခု၊ ကောဇာ - ၁၃၀၃ ခု၊ ဝါဆိုလ၊
ခရစ်နှစ် - ၂၀၂၁ ခု၊ ဇူလိုင်လ။

ပုံနှိပ်မှတ်တမ်း

၂၀၂၁-ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)

အုပ်ရေ ၁၀၀၀

ပုံနှိပ် . . . . . အေးရှားမက်ဂါဗိုကုမ္ပဏီလိမိတက်
အခန်းအမှတ်(၂၉)၊ တိုက်အမှတ်(၄)၊
ပြည်သူ့အိမ်ရာတောင်ဘက်ခြမ်း၊
(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

စာအုပ်ချုပ် . . . . . ----------

စီစဉ်သူ . . . . . ဦးမင်းကိုကို၊ မရမ်းကုန်းမြို့နယ်။

တန်ဖိုး . . . . . (မေတ္တာလက်ဆောင်)

ဖြန့်ချီရေး . . . . . ဖုန်း-၀၉-၄၂၈၃၀၀၁၇၁

၅၂။ ဝတ္ထုသင်္ဂဟ ၁၂၆

၅၃။ အသိ(၃)မျိုး ၁၂၆

၅၄။ ဆ ဆက္က (၆)မျိုး ၁၂၇

၅၅။ ဇဝန နိယာမ ၁၂၇

၅၆။ ပါက ကာလ စတုက္က ၁၃၀

၅၇။ ဇော (၇)ချက်ဖြင့် မှတ်သားရန် ၁၃၀

၅၈။ ပဋိသန္ဓေစိတ်နှင့် မရဏာစိတ်တို့ ဖြစ်ပေါ်ပုံ ၁၃၂

၅၉။ အနန္တရပစ္စည်း ၁၃၃

၆၀။ အနန္တရပစ္စည်းနှင့် ဝိပဿနာရှုနည်း ၁၄၂

၆၁။ ဝီထိစိတ်အစဉ်များ ၁၄၅

၆၂။ ပစ္စုပ္ပန်သုံးပါးကို ပြဆိုခြင်း ၁၄၉

၆၃။ သဒ္ဓမ္မဇောတိက အဘိဓမ္မာ ၁၅၀

၆၄။ ပဉ္စဝိညာဏ်၊ မနောဓါတ်၊ မနောဝိညာဏ်၊ မန ၁၅၁

၆၅။ ဓါတ် (၁၈)ပါး တရားတော် ၁၅၂

၆၆။ ဘဝနှစ်ခုရဲ့ ဆက်စပ်ရာ ၁၅၄

၆၇။ စိတ်နှစ်မျိုးသာရှိတယ် ၁၅၅

၆၈။ ဝီထိစိတ်ဆိုတာ ၁၅၇

၆၉။ ယောနိသောမနသိကာရ ၁၅၈

၇၀။ ဇော စောတယ်ဆိုတာ ၁၅၉

၇၁။ ကံဆိုတာ ၁၆၁

ဝိပဿနာဉာဏ်စဉ် (၁၆)ပါး တရားတော် မှတ်စုများ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဥယျောဇဉ်	
၂။	နိဒါန်း	
၃။	ဝိပဿနာတရားအားထုတ်ရန်အတွက် လေ့လာရန်အချက်များ	၁
၄။	အသက်၊ လိပ်ပြာ၊ ဝိညာဉ်	၉
၅။	ဝိပဿနာတရားရှုမှတ်ခြင်းနှင့် ဉာဏ်စဉ် (၁၆)ပါး လမ်းပြဇယား	၁၀
၆။	မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်ဆိုချက် ဉာဏ်စဉ် (၃)ပါး	၁၇
၇။	ဉာဏ်စဉ်အကျဉ်းချုပ် (၄)မျိုး (မိလိန္ဒပညာပါဠိတော်အရ)	၁၈
၈။	ဝိသုဒ္ဓိတရား (၇)ပါး	၁၉
၉။	ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်အကျဉ်းချုပ်	၂၀
၁၀။	ဝိပဿနာတရားအားထုတ်ခြင်း	၂၁
၁၁။	နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ	၂၂
၁၂။	ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါသိတရဏာ ဝိသုဒ္ဓိ	၂၄
၁၃။	သမ္မသနဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ	၂၆
၁၄။	ရင့်သန်သောဥဒယဗ္ဗယဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ	၃၁

၁၅။ ဘင်္ဂဉာဏ် ၃၃
၁၆။ ဘယဉာဏ် ၃၅
၁၇။ အာဒီနဝဉာဏ် ၃၆
၁၈။ နိဗ္ဗိဒါဉာဏ် ၃၇
၁၉။ မုဉ္စိတုကမျတာဉာဏ် ၃၈
၂၀။ ပဋိသင်္ခါဉာဏ် ၃၉
၂၁။ သင်္ခါရုပေက္ခာဉာဏ် ၄၁
၂၂။ အနုလောမဉာဏ် နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ၄၅
၂၃။ ဂေါတြဘူဉာဏ် ၄၇
၂၄။ မဂ်ဉာဏ် နှင့် ဉာဏဒဿနဝိသုဒ္ဓိ ၄၈
၂၅။ ဖိုလ်ဉာဏ် ၄၈
၂၆။ ပစ္စဝေက္ခဏာဉာဏ် ၄၉
၂၇။ ဖလသမာပတ်ဖိုလ်ဉာဏ် ၄၉
၂၈။ မှတ်ပုံအကျဉ်းချုပ် ၅၁
၂၉။ သတိ၊ သမာဓိဉာဏ် ထက်သန်အားပြည့်လျှင် ၅၂
၃၀။ "ဝိသုဒ္ဓိ (၇)ပါးရထား(၇)စင်း တက်-ဆင်း ဥပမာ" တရားတော် ၅၅
၃၁။ အခြင်းအရာလေးဆယ်တို့ဖြင့် ရှုပုံ ၆၅
၃၂။ တော(လေး)ဆယ်၊ ဝိပဿနာလေးဆယ် ၇၃
၃၃။ အနိစ္စအခြင်းအရာ (၁၀)ပါး၊ ဒုက္ခအခြင်းအရာ (၂၅)ပါး၊ အနတ္တအခြင်းအရာ (၅)ပါး ၇၃

၃၄။ ဒုက္ခအခြင်းအရာများ (၂၅)ပါး ၇၇
၃၅။ အနတ္တအခြင်းအရာ (၅)ပါး ၈၀
၃၆။ တတြမဇ္ဈတ္တတာ စေတသိတ် ၈၅
၃၇။ တတြမဇ္ဈတ္တတာ ၈၇
၃၈။ ဥပေက္ခာအမျိုးမျိုး ၉၀
၃၉။ ဘယဉာဏ် ၉၄
၄၀။ ကုန်ပျက်အသိမှ ကြောက်စရာအသိသို့ မှတ်သိခြင်း ၉၅
၄၁။ ဝိပဿနာဉာဏ်စဉ်တရားများ ၉၇
၄၂။ အင်းမမြို့ဝက်လာရှိတောရဆရာတော်၏ ယောဂီဉာဏ်စဉ်ရှင်းတမ်းကျမ်း ၉၉
၄၃။ ညောင်လေးပင်ဆရာတော် ဦးအရိယမဏ္ဍိ၏ ဝိသုဒ္ဓိမဂ်အရသာမှ ၁၀၀
၄၄။ ခန္ဓာငါးပါးရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ၁၀၂
၄၅။ ဘဝင်စိတ် ၁၀၃
၄၆။ မဂ္ဂင်ယာဉ် ၁၀၄
၄၇။ အနန္တရပစ္စည်း ၁၀၇
၄၈။ တဒါရမ္မဏ နိယာမ ၁၁၁
၄၉။ ဝိပါက်အမှန်၊ ဇောအပြန် ၁၁၁
၅၀။ ယောနိသောမနသိကာရ ၁၁၂
၅၁။ မြင်ရုံမျှ ကြားရုံမျှ စသောသဘော ၁၂၃

၁၁၉။ တောင်ပုလုဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ၂၈၇
၁၂၀။ အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာရှုနည်း ၂၈၈
၁၂၁။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ၂၉၁
၁၂၂။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ၃၀၀
၁၂၃။ သက်တော်(၃၀)အရွယ်ဖြင့် ရဟန်းကိစ္စပြီး၍ ရဟန္တာဖြစ်တော်မူသော အံ့ဖွယ်ထူးခြား “ဆားတောင်ဆရာတော်ဘုရားကြီး” ၃၀၅
၁၂၄။ ဆားတောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ ၃၁၀
၁၂၅။ မဟာစည်မှာ တရားရှာ ၃၁၂
၁၂၆။ သခ်ၤါရဒုက္ခကိုသာ ရွေးရှု့ရမှာ ၃၁၅
၁၂၇။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာကျမ်းပြု ၃၁၆
၁၂၈။ လွယ်လွယ်ကြိုက်တဲ့ ဗမာတို့ရဲ့ထုံးစံအတိုင်း ခပ်လွယ်လွယ်လေးနှင့် နိဗ္ဗာန်ရရင် မဟာဂေါပါလကသုတ္တန်နှင့် မူလပရိယာယသုတ္တန် အဋ္ဌကထာလာ “သာဝကာဟိ စတုန္နံ မာတူနံ ၃၂၉

၇၂။ ကံတွေရဲ့အကျိုးပေးရာ အချိန်ကာလ ၁၆၂
၇၃။ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို ကင်းဖို့ ဆက်ပြီး ရှုနိုင်းကြပါစို့ ၁၆၃
၇၄။ ဘဝနှစ်ခုရဲ့ ဆက်စပ်ရာကို ဘယ်လိုနားလည်ရမလဲ ၁၆၄
၇၅။ ကံပြုလုပ်သည့်ကိစ္စ (၄)ဖြာ သိကောင်းစရာ ၁၆၆
၇၆။ အကျယ်သိဖွယ် ၁၆၇
၇၇။ ကုသိုလ်ကံ (၄)မျိုး အကျိုးပေးထူးပါ သိကောင်းစရာ ၁၇၂
၇၈။ တိဟိတ်ကံ ဖြစ်ပုံ ၁၇၃
၇၉။ တိဟိတ်ဥက္ကဋ္ဌကံ ဖြစ်ပုံ ၁၇၃
၈၀။ တိဟိတ်ဩမကကံ ဖြစ်ပုံ ၁၇၄
၈၁။ ဒွိဟိတ်ကံ ဖြစ်ပုံ ၁၇၄
၈၂။ ဒွိဟိတ်ဥက္ကဋ္ဌကံ ဖြစ်ပုံ ၁၇၅
၈၃။ ဒွိဟိတ်ဩမကကံ ဖြစ်ပုံ ၁၇၅
၈၄။ ကံ (၄)မျိုး အကျိုးပေးပုံ ၁၇၆
၈၅။ အကျိုးပေးရာကာလ ကွဲပြားပါ သိကောင်းစရာ ၁၇၇
၈၆။ ရှေ့နောက်အစဉ်အားဖြင့် အကျိုးပေးပါ သိကောင်းစရာ ၁၈၄
၈၇။ ရှေ့နောက်အစဉ်အားဖြင့် အကျိုးပေးပုံ ၁၉၀

၈၈။ ဖတ်နိုင်သူအကျိုးမုချရှိ ၁၉၁
ကျန်းသေတဲ့ကံ (ဖားအောက်ဆရာတော်ကြီး)
၈၉။ ပဏ္ဏိတာရာမ ဆယ်မိုင်ကုန်း တောစခန်း ၁၉၉
ရိပ်သာ ယောဂီများလိုက်နာရန် အချိန်ဇယား
၉၀။ ဩကာသ ကန်တော့ချိုးနှင့် ဆုတောင်း ၂၀၁
၉၁။ ဝိသုဒ္ဓိ (၇)ပါးတရားတော် ၂၀၅
၉၂။ သမာဓိဟူသည် အဘယ်နည်း ၂၁၁
၉၃။ အဘယ်အနက်သဘောကြောင့် သမာဓိ ၂၁၁
မည်သနည်း။
၉၄။ ထိုသမာဓိ၏ လက္ခဏာရသ ပစ္စုပဋ္ဌာန် ၂၁၂
ပဒဋ္ဌာန်တို့ကား အဘယ်နည်း။
၉၅။ သမာဓိအပြား ပြဆိုချက် ၂၁၂
၉၆။ သမာဓိတပါး နှစ်ပါးတို့ကို ဖွင့်ပြချက် ၂၁၃
၉၇။ သမာဓိသုံးပါး ဖွင့်ပြချက် ၂၁၅
၉၈။ သမာဓိ လေးပါး ဖွင့်ပြချက် ၂၁၆
၉၉။ သမာဓိ ငါးပါး ဖွင့်ပြချက် ၂၂၃
၁၀၀။ ပလိဗောဓ ဆယ်ပါး ဖွင့်ပြချက် ၂၂၅
၁၀၁။ သမာဓိအကျိုးကို ပြဆိုချက် ၂၂၆
၁၀၂။ ကွန်ဒြေထက်ကြောင်း (၉)ပါး ၂၃၀
၁၀၃။ ဝိပဿနာတရားအားထုတ်လျှင် ၂၃၁
ဘယ်လိုစိတ်ရှိရမလဲ။
၁၀၄။ မဂ္ဂသစ္စာ ၂၃၄

ဝိပဿနာဉာဏ်စဉ် (၁၆)ပါး တရားတော် မှတ်စုများ

၁၀၅။ ရှုမှတ်နေမှ မင်္ဂိုလ်ရ ၂၃၆
၁၀၆။ မြင်ဆဲသိ၊ ကြားဆဲသိ - ဘယ်လိုသိမလဲ? ၂၃၈
၁၀၇။ မြင်ရုံမျှ၊ ကြားရုံမျှ စသောသဘော ၂၃၉
၁၀၈။ ကျေးဇူတော်ရှင် ၂၄၂
မဟာစည်ဆရာတော်ဘုရားကြီး၏
ဝိပဿနာအလုပ်ပေးတရားတော်
၁၀၉။ ဝေဒနာနုပဿနာ ကျင့်စဉ် ၂၅၁
၁၁၀။ နာမ်နှင့် နာမ်ချင်းရှုခြင်း ၂၅၄
၁၁၁။ ဒုက္ခဝေဒနာရှုမှတ်၍ ဒေါမနဿ ဒေါသ ၂၅၆
ပါယ်နိုင်ခြင်း။
၁၁၂။ သုခဝေဒနာရှုမှတ်၍ ရာဂါနုသယ ၂၆၃
လောဘကို ပါယ်ခြင်း။
၁၁၃။ ဥပေက္ခာဝေဒနာရှုမှတ်၍ မောဟ ၂၆၅
အဝိဇ္ဇာနုသယပါယ်ပုံ
၁၁၄။ သမင်ခြေရာထင်ပုံနှင့် ဥပေက္ခာဝေဒနာမြင်ရပုံ ၂၆၅
၁၁၅။ မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးနှင့် ၂၆၈
ထိုင်းလူမျိုးတို့၏ တရားအမေးအဖြေ
၁၁၆။ ဝိပဿနာ ရှုနည်းများ ၂၈၂
၁၁၇။ ဝေဘူဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ၂၈၂
၁၁၈။ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ၂၈၄
ဝိပဿနာရှုနည်း

ဝိပဿနာဉာဏ်စဉ် (၁၆)ပါး တရားတော် မှတ်စုများ

ကေဒေသမေဝ သမ္မသိတ္တာ နိဗ္ဗာနံ ပါပုဏာန္တိ”
ဟူသော စကားကို နှိုးနှောပြမှု

၁၂၉။ ဆရာကြီး ဦးဂိုအင်ဂါ တရားထိုင်နည်း ၃၅၃

၁၃၀။ ဝိပဿနာအလုပ်လုပ်သူများအတွက်သဲအင်းဂူ ဆရာတော်ဘုရားကြီးရဲ့ မဂ်အဆင့်ဆင့်ကျပုံ ၃၅၄

၁၃၁။ ဝိဇ္ဇာမဖြစ်သရွေ့လိုသေးတယ် ၃၆၁

၁၃၂။ နိဂုံး ၃၈၉

၁၃၃။ ရည်ညွှန်းကိုးကားသည့်တရားစာအုပ်များစာရင်း ၃၉၄

ဝိပဿနာဉာဏ်ခဉ် (၁၆)ပါး တရားတော် မှတ်စုများ

ဝိပဿနာဉာဏ်စဉ် (၁၆)ပါး တရားတော် မှတ်စုများ

ဥယျာဇဉ်

ယခင် ပထမစာအုပ်
ရှူးရဲလမ်းလျှောက် နိဗ္ဗာန်ရောက်
သတိပဋ္ဌာန်တရား လက်တွေ့အားထုတ်ပုံ
ပြုစုတင်ပြသူ ဦးညီညီစိန်
စာမျက်နှာပေါင်း ၄၅၀

ယခု ဒုတိယစာအုပ်
ဝိပဿနာဉာဏ်စဉ် (၁၆)ပါး
တရားတော်မှတ်စုများ တရားတော်စာအုပ် (၂)
ပြုစုတင်ပြသူ ဦးညီညီစိန်
စာမျက်နှာပေါင်း ၃၉၆
နှစ်အုပ်ပေါင်း စာမျက်နှာပေါင်း ၈၄၆

အိမ်ယာတည်ထောင် လူ့ဘောင်နေသူ ဒါယကာတစ်ဦး အနေဖြင့် ဤမျှလောက်ပမာဏ များပြားလှစွာ လေ့လာမှတ်သား ကြိုးစားအားထုတ် အနှစ်ချုပ်ပြုစု ဓမ္မဒါနအဖြစ်မျှဝေတင်ပြနိုင်မှုကို ဆရာတော်က ဝမ်းမြောက်နုမော်ဓနာ (၃)ကြိမ်မက အကြိမ်ပေါင်းများစွာ သာဓုခေါ်ဆိုပါသည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုလို၍ ဤမျှလောက် လေ့လာမှတ်သား ကြိုးစားအားထုတ်ထားသည်ကိုလည်း နားလည်သဘောပေါက်ပါသည်။

နိဗ္ဗာန်မျက်မှောက်ပြုနည်းကို ဤစာအုပ်စာမျက်နှာ ၄၇၊ ၄၈၊ ၄၉၊ ၅၀ တို့၌ တိကျစွာ မ။ ပ။ ဥ။ နု။ ဂေါ။ မင်္။ ဖိုလ်။ ဖိုလ်ဟုစံနစ်အမှန် ဖော်ထုတ်တင်ပြထားပါသည်။

ထို့ကြောင့် အဘိဓမ္မာနည်းစံနစ် အမှန်ဖြစ်သော ဤနည်းလမ်းအတိုင်းသာ မှန်ကန်စွာရှုမှတ် အားထုတ်တတ်ပါလျှင် နိဗ္ဗာန်မျက်မှောက်ပြုချင်သော လိုအင်ဆန္ဒ အမြန်ပြီးမြောက် အောင်မြင်ပြည့်ဝမည် ဖြစ်ပါသည်ဟု အမှန်ပင် ယုံကြည်ယူဆမိပါသတည်း။

(ဦးအဂ္ဂဝံသ)

သာသနဓဇမဟာစရိယ၊ ညာတောဝိဘင်္ဂရ။
သာသနတက္ကသီလ၊ အာဒိကမ္မိယ
မဟာဓမ္မာဓိရယ
မဟာစည်ဝန်ဆောင်ဓမ္မကထိက၊
ကမ္မာဋ္ဌာနစရိယ
အရှေ့ရွှေကျောင်းကြီး၊ အင်းမ၊
သဲကုန်းမြို့နယ်၊
ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊

ဝိပဿနာဉာဏ်စဉ် (၁၆)ပါး တရားတော် မှတ်စုများ

ဝိပဿနာဉာဏ်စဉ် (၁၆)ပါး တရားတော် မှတ်စုများ

နိဒါန်း

သတိပဋ္ဌာန်တရားလက်တွေ့အားထုတ်ပုံကို ရှေးဦးဖော်ပြပြီး ဖြစ်ပါသည်။ ရှူးရဲ့ - လမ်းလျှောက်နိဗ္ဗာန်ရောက် စာစုတွင် အကျယ်တဝင့် တင်ပြခဲ့ပါသည်။ ဝိပဿနာတရားလက်တွေ့ အားထုတ်ရာတွင် မိမိတို့ ဗီဇနှင့် ပါတ်ဝန်းကျင်တို့အရ သိမြင်နားလည်မှုတို့မှာ တစ်ဦးနှင့်တစ်ဦးမတူကြပါ။ အခြေခံ နာမ်ရုပ်တို့၏ ကြောင်းကျိုးဖြစ်ပျက်တရားတို့မှာ မှန်ကန်တူညီကြသော်လည်း ကံတရားတို့၏ ကွဲပြားမှုကြောင့် ပရိယာယ်များစွာ၊ ဖြစ်ပျက်များစွာ ရှိနေပြီး၊ ၎င်းတို့ကို သိမြင်နားလည်မှုမှာလည်း အမျိုးမျိုးထွေပြားနေရပါသည်။

နယ်ပါယ်ကဏ္ဍအသီးသီးတွင် ၎င်းတို့ဆိုင်ရာ အခြေခံနိယာမသဘောတရားများ။ ၎င်းအခြေခံနိယာမတို့ကို လက်တွေ့ဘဝတွင် အကျိုးရရှိရန် ပါဝင်အသုံးပြုနည်းစနစ်များ ကာလရှည် ကြာခဲ့သည့်အတွက် ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ အတွေ့အကြုံများစွာ ရှိခဲ့ကြပါသည်။

ဝိပဿနာတရား သတိပဋ္ဌာန်တရား လက်တွေ့အားထုတ်ရာတွင်လည်း အထက်နည်းတူးပင် ဖြစ်ပါသည်။ နာမ်ရုပ်၊ သခ်ါရ၊ ခန္ဓာငါးပါး၊ ဓါတ် (၁၈)ပါး၊ ဓမ္မစက်္ကာတရား၊ အနတ္တတရား၊ သတိပဋ္ဌာန်လေးပါးတရား၊ အဘိဓမ္မာတရား၊ ပဋ္ဌာန်းတရား၊ သစ္စာလေးပါး။ ဝိသုဒ္ဓိမဂ်တရား၊ စသည်စသည်အခြေခံသိမှတ်ဖွယ်ရာတရားဓမ္မများ၊ အဓိပ္ပါယ်များ၊ ဝေါဟာရ ပရိယာယ်များ၊ ရှင်းလင်းစွာ နားလည်မှတ်သား နေရမည် ဖြစ်ပါသည်။

ထို့ပြင် နာမ်ရုပ်တို့ ဖြစ်ပျက်ပုံ၊ ဥပမာများ၊ ရှင်းလင်းဖော်ပြချက်များ၊ မဂ္ဂင်ရှစ်ပါးတို့၏ ပါဝင်မှု၊ ရှုမှတ်မှု နည်းစနစ်များ၊ တရားရှုမှတ်ရာတွင် ပါဝင်တွေ့ရှိရမည့် ကာယာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာတို့၏ နည်းစနစ်များ၊ အရှုခံ၊ အရှုဉာဏ်ထားရှိပုံများ၊ တူညီချက်၊ ကွာခြားချက်၊ သပ္ပယုတ်၊ ဝိပ္ပယုတ်၊ အတ္တိ၊ နိတ္တိ စသည့် လက်တွေ့တရားရှုမှတ်ရာတွင် ဆောင်ရွက်ရမည့် တရားဓမ္မများကို သင်ကြားမေးမြန်း၊ ဖတ်ရှုရင်း လေ့ကျင့်၊ လေ့ကျင့်ရင်းသင်ကြား၊ မေးမြန်း၊ ဖတ်ရှုဖြင့် အချိန်ပိုင်းများ ဆောင်ရွက်နေရမည် ဖြစ်ပါသည်။

အရိယာ ရဟန်း၊ သံဃာဆရာတော်ကြီးများ၊ အရိယာသူတော်စင် လူပုဂ္ဂိုလ်ကြီးများ၏ တရားတော်များ၊ သတိပဋ္ဌာန်တရားတော်များ၊ သတိပဋ္ဌာန်တရားတော်ကျင့်ကြံတွေ့ရှိရပုံများ၊ ညွှန်ကြားပြသမှုများကိုလည်း မှတ်သားနာယူကျင့်ကြံရမည်ဖြစ်ပြီး မိမိတို့၏ ဗီဇနှင့် ပါတ်ဝန်းကျင်တို့အရ ကိုက်ညီချောမွေ့ နှစ်သက်ရာတရားသဘောများ ရယူ၍ ကြိုးစားအားထုတ်လေ့ကျင့်ရမည် ဖြစ်ပါသည်။

ဆက်လက်၍ သုံးဆယ့်တစ်ဘုံ သခ်ါရ ဒုက္ခအပေါင်းမှ လုံးဝလွတ်မြောက်ရန် ပြင်းပြသော စိတ်ထားဆုံးဖြတ်ချက်ဖြင့် သင့်တင့်ရာ၊ ဆရာကောင်းရှိရာ၊ တရားစခန်းသို့ဝင်၍ အနည်းဆုံးရက်ပေါင်း ခြောက်ဆယ်ကို ညွှန်ပြသည့်အတိုင်း နေ့ညရက်ဆက်အချိန်ပြည့်ကြိုးပမ်းအားထုတ်ရန် ဖြစ်ပါသည်။

ဝိပဿနာဉာဏ်စဉ် (၁၆)ပါး တရားတော် မှတ်စုများ

ကြိုးစားအားထုတ်မှု ကိုယ်တွေ့ တွေ့မြင်မှုများအရ နိဗ္ဗာန်စခန်းမြင်တွေ့သည်ထိ ဆက်လက်အားထုတ်ရှုမှတ်သွားရမည် ဖြစ်ပါသည်။

အထက်ပါ နိဗ္ဗာန်ခရီးလျှောက်လှမ်း ကြိုးပမ်းရာတွင် အထောက်အကူ၊ ကြောင်းကျိုးသိရှိနိုင်ရန် မိမိဉာဏ်မိသမျှသာ အချက်အလက်တရားဓမ္မများ ရှာဖွေတင်ပြထားခြင်းသာ ဖြစ်ပါသည်။

တရားဓမ္မမိတ်ဆွေသင်္ဃာများအတွက် ရေကြည်ချမ်းမြေတစ်ပေါက်မျှ၊ သစ်ရွက်တစ်ရွက်၊ လေခြည်နုအေး တစ်ချက်မျှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်မေတ္တာမျှသာ ဖြစ်ပါသည်။

ဦးညီညီစိန်
၂၉.၁၁.၂၀၂၀
(တန်ဆောင်မုန်းလပြည့်နေ့)

ဝိပဿနာတရားအားထုတ်ရန်အတွက် လေ့လာရန်အချက်များ

၁။ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်အတွက် ဥပမာများ။

၂။ ဝိဉာဏ်ဖြစ်သည့်နေရာ - ဒွါရများနှင့် ဇောဖြစ်သည့်နေရာ ဟဒယနှလုံးမှာ -

- ဝိပါက်အမှန်ဇောအပြန်
- ဝိဉာဏ်စိတ်က ဒွါရမှာပဲ ဖြစ်-ပျက်သည်၊ ထပ်၍ ဇောအရ မနောစိတ်များဖြစ်ပြီး ဟဒယမှာ ထပ်ကာ ခံစားသည်။
- မြင်၊ ကြား၊ နံ၊ စား၊ သိ အတွက် ဒွါရများက ဦးခေါင်းပိုင်းနှင့် ဦးဇော်ဂါက်နေရာမှာ တစ်ဆက်တည်း ဖြစ်နေသည်။

သို့သော် "ထိ"က ကိုယ်အနှံ့မှာ ရှိနေသဖြင့် ဦးဇော်ဂါနှင့် ဝေးသော နေရာမှာရှိသည်။ ထို့ကြောင့် အာရုံကြောများ ဆက်သွယ်မှုလိုမည်။

၃။ တရားစခန်း (၁၄)ရက်၊ (၆၀)ရက်များမှာ ဘယ်လို သင်ကြားပေးလဲ?

၄။ ဝိပဿနာတရားအားထုတ်ခြင်းလုပ်ငန်းများအတွက်၊ မှတ်စုများ၊ ပါဠိလုံးချင်းအဓိပ္ပါယ်များ၊ တရားဥပမာများ ထုတ်နှုတ်ခြင်း။

၅။ ဆရာတော်ကြီးများ၏ ဝိပဿနာတရားမှတ်ရှုပုံများ။

× × × × × × × × × ×

၁။ ဥတုဇရူပ် - ဥတုကြောင့်ဖြစ်ပေါ်တဲ့ ရူပ်တွေကို ခေါ်ပါတယ်။
- ခန္ဓာငါးပါးသည် အပူ၊ အအေးကြောင့် ပြောင်းလဲ၊ ဖောက်ပြန်၊ ဖြစ်ပျက်၊ ချုပ်ပေါက်နေပါသည်။
- ချိပ်တောင့် နှင့် မီးအပူ ဥပမာ
- အရိပ်မှ နေပူသို့ ထွက်သည့်အခါ ဥပမာ
- ဆောင်းအခါ မီးဖိုနားနေသည့် ဥပမာ
- နွေရာသီ ယပ်ခပ်နေရသည့် ဥပမာ
- လှည်းဘီးကို သံခွေတပ်ဆင်သည့် ဥပမာ

၂။ အဟာရဇရူပ် - အစာအဟာကြောင့် ဖြစ်ပေါ်တဲ့ ရူပ်တွေကို ခေါ်ပါတယ်။
- ကျုံးတစ်ပါတ်လမ်းလျှောက်ပြီး အစာစားသည့် ဥပမာ
- ရေနံဆီကုန်ခါနီး မီးအိမ်၌ ရေနံဆီထပ်ဖြည့်သည့် ဥပမာ

၃။ စိတ္တဇရူပ် - စိတ်ကြောင့်ဖြစ်ပေါ်ပြောင်းလဲ ချုပ်ပျောက်သွားတဲ့ရူပ်တွေ။
- သိန်းထီပေါက် ကြားသိရပြီး ပျော်ရွှင်မှုရူပ်များ
- ဆွေရင်းမျိုးရင်း အနီစွာရောက်ကြောင်းကြား သိရ၍ ညှိုးနွမ်းသာခွေ ပြောင်းလဲတဲ့ရူပ်များ။

၁။ ဝိပဿနာဉာဏ်စဉ် (၁၆)ဆင့် အဆင့်ဆင့်အတွက် ဥပမာများ။

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်

(က) ရူပ် + နာမ် ဥပမာ

(ခ) သက္ကာဒိဋ္ဌ ဥပမာ - နာမရူပ ပရိစ္ဆေဒဉာဏ်မှာပြီ

(ဂ) သဿတဒိဋ္ဌ ဥပမာ ┐
(ဃ) ဥစ္ဆေဒဒိဋ္ဌ ဥပမာ ┘ ဥဒယဗ္ဗယဉာဏ်မှပြီး

(က) ရူပ် + နာမ် ဥပမာ

"သမုတိသစ္စာ" နယ်ထဲမှာ - ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တ၊ ဇီဝ၊ အသက်၊ လိပ်ပြာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့ အခေါ်ရှိပါတယ်။

"ပရမတ္ထသစ္စာ" နယ်ထဲမှာ - ရူပ်တရားနဲ့ နာမ်တရားသာ ရှိပါတယ်။
ရူပ်နဲ့နာမ် သဘောမှတပါး အခြားမရှိပါ။

နာမ်သဘော (ကုသလာဓမ္မာ)- ဆံပင်ကောင်းတဲ့သူက မိမိဆံပင်ကိုဖြတ်ပြီး ဘုရားအား လျှူလိုက်လျှင် ကုသိုလ်ရတယ်ဟု သိပါသည်။ သိခြင်းကို ဆံပင်က မသိပါ။ ကုသလာဓမ္မကသာ သိပါသည်။

(အကုသလာဓမ္မာ)- ဆံပင်ကောင်းတဲ့သူက မိမိဆံပင်ကောင်းလို့ မာနတက်ကြွနေလျှင် မကောင်းတဲ့ သဘောတရားမကောင်းတဲ့စိတ်ဖြစ်ပါတယ်။ ဆံပင်ကမကောင်းတဲ့ စိတ်သဘောမျိုးမဖြစ်စေနိုင်ပါ။ အကုသလာဓမ္မကသာ ဖြစ်စေနိုင်ပါတယ်။

ရူပ်သဘော(အဗျာကတာဓမ္မာ)- ဆံပင်က ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်၊ ကုသိုလ်၊ အကုသိုလ်မှလွတ်နေတဲ့ သဘောတရားဖြစ်ပါတယ်။ အဗျာကတာဓမ္မာဟုခေါ်သည်။

ထို့ကြောင့် မသိတာရူပ်၊ သိတာနာမ်(၂)မျိုးပဲရှိသည်။ ငါ၊ သူတပါး၊ . . . . . မရှိပါ။ အတ္တ၊ ဇီဝ မရှိပါ။ ရူပ် နှင့် နာမ် သဘောသာ ရှိပါသည်။

× × × × × × × × × ×

(က) ဥပမာ - ဤဘဝက အမှတ်အသားများဖြစ်တဲ့ ထိုးကွင်း၊ မင်းကြောင်၊ ပရဲ၊ ခြေပြတ်၊ လက်ပြတ်၊ အသားအရောင်၊ လူမျိုး၊ ကျား - မ၊ ဘုံဘဝတို့သည် ဘဝသစ်တွင် အမှတ်မပါ၊ ကိုယ်လက်အပြည့်အစုံ လူကောင်းအတိုင်း ဘုံဘဝအသစ်စသည် အမျိုးမျိုးဖြစ်ရပေသည်။

ဥပမာ - ရောင်စုံယမ်းပုံ တောက်လောက်ပုံ၊
- ရေလှိုင်းတို့ ဖြစ်ပေါ်ပုံ
- စပါးပင်လှိုင်းတွေ ဖြစ်ပေါ်ပုံ
- မန္တလေး "နက်တဲ့" သရက်စေ့ဖြင့် ဖြေရှင်းပုံ
- တယ်လီဖုံတိုဖြင့် ဖြေရှင်းပုံ

(ခ) ရောင်းစုံယမ်းပုံတွေဖြင့် ဖြေရှင်းပုံ

အနီ၊ အစိမ်း၊ အဝါ၊ အပြာ၊ ခရမ်း၊ အညို၊ လိမ္မော်စတဲ့ အရောင်တစ်မျိုးစီ ဆိုထားတဲ့ ယမ်းပုံတွေကို တစ်ခုနှင့်တစ်ခု ခပ်နီးနီးပုံထားတယ်လို့ စိတ်ကမှတ်ယူပါ။ အဲဒီယမ်းပုံတွေကလည်း အရှည်ပေ ၂၀၀-၃၀၀ လောက် ရှည်လျားအောင် စုပုံထားတယ်ဆိုကြပါစို့၊ ညအခါမှ အနီယမ်းပုံကစပြီး မီးရှို့လိုက်၊ ရှို့လို့ အသံမြည်ပြီး ရောင်စုံမီးတောက်ကြီး ပြေးသွားတယ်လို့ ထင်မှတ်ရပါတယ်။

အမှန်ကတော့ ယမ်းတစ်ပုံက မီးယာ အခြားယမ်းတစ်ပုံသို့ မကူးမပြောင်း မလိုက်ပါဘဲ မိမိတို့ တောက်လောင်ရာ ယမ်းပုံမှာပင် ကုန်ဆုံးချုပ်ပျောက်သွားပါတယ်။

သို့ရာတွင် အစိမ်းယမ်းပုံ၌ မီးတောက်ရခြင်းသည် အနီယမ်းပုံက မီး၏ကျေးဇူးပြုမှု မကင်းပါ။

၄။ ကမ္မဇရုပ် - အတိတ်ကံကြောင့်ဖြစ်ပေါ်လာရတဲ့ ရုပ်တွေကို ခေါ်ပါတယ်။
- ပသာဒရုပ် (၆)ခု ဖြစ်ပါတယ်။
- စိတ်၊ ဥတု၊ အဟာရတို့ ဖောက်ပြန်တိုင်း ကမ္မဇရုပ်တွေ ပြောင်းလဲချုပ်ပျောက်လျက် ရှိပါသည်။

သဿတဒိဋ္ဌိ - ခန္ဓာငါးပါးသည် မမြဲ - ၄င်းတို့ကုန်ဆုံးချုပ်ပျောက် အနိစ္စရောက်ပြီးနောက် "အတ္တ" ကတော့ မပျက်စီးဘဲ၊ ဘဝသစ်မှာ ကံလက်သမားဆောက်လုပ်ပေးတဲ့ ရုပ်ခန္ဓာအိမ်သစ်သို့ ရွှေ့ပြောင်းဖြစ်ပြန်ပါတယ်။
- ဥပမာ မွေးစကရုပ်နာမ်တွေ ယခုအရွယ်ထိ လိုက်ပါလာကြပါသလား? အသက်(၇၀) အရွယ်ရှိ ပုဂ္ဂိုလ်၏ဓါတ်ပုံနှင့် (၁)နှစ်သား အရွယ်ကစပြီး တစ်နှစ်တစ်ကြိမ် ဓါတ်ပုံတွေ မတူကြပါ။
- နံပါတ်(၁)က ရုပ်သည် နံပါတ်(၇၀)ရုပ်မဟုတ်ပါ။ ရွှေ့ပြောင်းလာတာမဟုတ်ပါ။ ကူးပြောင်းသွားတာမဟုတ်ပါ။
- နံပါတ်(၁)ရုပ်ကို အကြောင်းမခံဘဲ၊ နံပါတ်(၂)ရုပ်မဖြစ်နိုင်။

- နံပါတ်(၁)မှာပဲ ကုန်ဆုံးချုပ်ပျောက် အနိစ္စ ရောက်သွားပြီ။ နံပါတ်(၂)ကရုပ်ဟာ ရုပ်သစ် ဘဝသစ်တစ်ခု ဖြစ်သည်။
- နာမ်တရားကို စစ်ဆေးကြည့်ပါ။ နံပါတ်(၁) အသိစိတ်ဟာ နံပါတ်(၂)သို့ မကူးမပြောင်း မလိုက်ပါ။ နံပါတ်(၁)မှာပဲ ကုန်ဆုံးချုပ်ပျောက် အနိစ္စရောက်ခဲ့ပါပြီ။ (၀၊) သေသွားခဲ့ပါပြီ။ နံပါတ်(၂)ဟာ ဘဝသစ်များ ဖြစ်ကြပါသည်။

သန္တတိမရဏ - အမူအရာတစ်ခုမှ အမူအရာတစ်ခုအတွင်း ပြောင်းလဲချုပ်ပျောက်ခြင်း၊ ဣရိယာပုတ်တစ်ခုမှ ဣရိယာပုတ်တစ်ခုအတွင်း ပြောင်းလဲချုပ်ပျောက်ခြင်း (လူသာမန်တို့မသိနိုင်၊ မမြင်နိုင်ကြပါ၊ ယောဂီပုဂ္ဂိုလ်တွေ ဥဒယဗ္ဗယဉာဏ် မျက်လုံး သိမြင်နိုင်ကြပါသည်။)

အနိစ္စတရား - နာမ်ရုပ်တရားများသည် အချိန်၊ အရွယ်တခုမှ တစ်ခုသို့မလိုက်။
- အမူအရာတစ်ခုမှ အခြားအမူအရာတစ်ခုသို့ မလိုက်။
- ဒွါရတစ်ခုမှ အခြားဒွါရတစ်ခုသို့မလိုက်၊
- တစ်နေရာမှ တစ်နေရာသို့မရွှေ့ ဖြစ်ပေါ်တဲ့

နေရာမှာပဲ အပိုင်းပိုင်း၊ အပြတ်ပြတ်၊ အတစ်တစ်၊ ချုပ်ပျောက်ပြောင်းလဲခြင်းသို့ ရောက်သွားကြခြင်း။

ဒုက္ခတရား - အကောင်းဆိုတာ ဘာမျှမရှိ အချည်းနှီးဖြစ်တဲ့တရား။

(က) သခ်ါရဒုက္ခ - အဖန်ဖန်ပြုပြင် ပေးရတဲ့ ဒုက္ခ

(ခ)ဝိပရိဏာမဒုက္ခ - အဖန်ဖန်ပြုပြင်ပါလျက်နှင့် ခိုင်မြဲခြင်းမရှိ ဖောက်ပြန်ပျက်စီးတတ်တဲ့ ဒုက္ခ [အိုမင်းခြင်း၊ ရင့်ရော်ခြင်း၊ နားထိုင်းခြင်း၊ ခါးကိုင်းခြင်း၊ မျက်စေ့မှုန်ခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း . . .]

(ဂ) ဒုက္ခ ဒုက္ခ - အခံခက်တဲ့ ညောင်း ညာ၊ ကိုက်ခဲ၊ နာကျင်မှုစတဲ့ကာယိကဒုက္ခမျိုး၊ စိတ်နှလုံးမချမ်းသာမှုဆိုတဲ့ စေတသိက ဒုက္ခမျိုးတွေကို ခေါ်ပါသည်။

အနတ္တတရား - အလိုသို့မလိုက်၊ အကြိုက်သို့မပါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂလိက၊ သတ္တ၊ အတ္တ၊ ဇီဝ၊ လိပ်ပြာ (ဝိညာဉ်)လို့ မဆိုနိုင်၊ အစိုးမပိုင်တဲ့တရား။

ဤဘဝက ရုပ်နာမ်တွေ၊ ဘဝသစ်သို့ လိုက်ပါသွားသလား။ မလိုက်ပါ မပြောင်းမရွှေ့ပါ။

- အပျက်ကိုမြင်၍ ကြောက်-မုန်း-ငြီးငွေ့သောဉာဏ်။

စ-၉ = (၉)ကြိမ်မြောက်ရထား။ မုဉ္စိတုကမျှတာဉာဏ် ။ ။ ။

၉-၁၀ = (၁၀)ကြိမ်မြောက်ရထား။ ပဋိသခါဉာဏ် ။ ။ ။

၁၀-၁၁= (၁၁)ကြိမ်မြောက်ရထား။ သခါရုပေက္ခာဉာဏ် ။ ။

- အပျက်ကိုမြင်၍နာမ်ရုပ်တို့ကို လွှတ်ပစ်၊ စိတ်တင်းလျစ်လျူရှုသောဉာဏ်။
- စဉ် (၆)မှ (၁၁)ထိသည့်နာမ် - ရုပ်တို့ကို မုန်းသောဉာဏ်ဖြစ်ပါသည်။

၁၁-၁၂= (၁၂)ကြိမ်မြောက်ရထား၊ အနုလောမဉာဏ် ။ ။

၁၃ = (၁၃)ကြိမ်မြောက်ရထား၊ ဂေါတြဘူဉာဏ် ။ ။ ။

၁၄ = (၁၄)ကြိမ်မြောက်ရထား၊ မဂ်ဉာဏ် ။ ။ ။

၁၅ = (၁၅)ကြိမ်မြောက်ရထား။ ဖိုလ်ဉာဏ် ။ ။ ။

၁၆ = (၁၆)ကြိမ်မြောက်ရထား။ ပစ္စယပရိဂ္ဂဟဉာဏ် ။ ။

- (၁၂)မှ(၁၆)ထိသည် နာမ်ရုပ်တို့ဆုံးသောဉာဏ်ဖြစ်ပါသည်။
- (၁၂)မှ(၁၆)ထိသည် သာမန်ရထားမျိုးမဟုတ်၊ ကျည်ဆံရထားကဲ့သို့ တက်ရောက်မှုအလွန်မြန်ပြီး၊ ဝုန်းကနဲတက်ရောက်သွားခြင်းဖြစ်ပါသည်။

သောတပတ္တိဉာဏ်မှအထက်ဉာဏ် သကဒါဂါမိဉာဏ်သို့ တက်ရန် စဉ်(၄) ဥဒယဗ္ဗယဉာဏ်မှ စတင်ရှုမှတ်၍ အထက်အစဉ် အဆင့်ဆင့်ရှုမှတ်ရမည် ဖြစ်ပါသည်။

ဒုတိယ ယမ်းပုံက မီး၏အကြောင်းမခံဘဲနှင့်လည်း တတိယ ယမ်းပုံမှာ မီးမတောက်နိုင် စသည်ဖြင့် နောက်ဆုံးယမ်းပုံထိ ဤသဘောအတိုင်း ဖြစ်ပါတယ်။

ပထမ ယမ်းပုံမှာ မီးစ၍ တောက်ခြင်းကို ဇာတိလို့ မှတ်ပါ။

ပထမ ယမ်းပုံမှာ အနီမှန့်တွေကုန်လို့ မီးတောက်ငြိမ်းသွားတာကို မရဏလို့ ခေါ်ရပါတယ်။

ယမ်းပုံတိုင်းမှာ ဇာတိ၊ မရဏတွေ အသီးသီးဖြစ်ပေါ် ချုပ်ပျောက်သွားပုံကို ဉာဏ်ဖြင့် မျှော်တွေးကြပါကုန်။

× × × × × × × × × ×

အသက်၊ လိပ်ပြာ၊ ဝိညာဉ်

သိတတ်တဲ့သဘောလက္ခဏာရှိသော စိတ်ဝိညာဏ် (အပွင့်ဓါတ်၊ ဝိညာဏဓါတ်)ကို အသက်၊ လိပ်ပြာ၊ ဝိညာဉ်လို့ ထင်မှတ်နေတဲ့ အယူမှားကြီး ဖြစ်ပါတယ်။

ထိုအယူမှားကြီးမှ လွတ်ကင်းပါယ်ဖျောက်၊ အမှန်ရောက်စေခြင်းငှာ ဓါတ်(၁၈)ပါး တရားတော်ကို ဟောတော်မူပါသည်။

မျက်စိအကြည်ဓါတ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့သိရင်
အဆင်းရုပါရုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့သိရင်
စက္ခုဝိညာဏ်ဓါတ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့သိရင်

(က) အဝိဇ္ဇာကို ပါယ်နိုင်ပြီ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာပြီ။

(ခ) သင်္ကာယဒိဋ္ဌိကို ပါယ်နိုင်ပြီ။

(ဂ) အတ္တဂနဒိဋ္ဌိကို ပါယ်နိုင်ပြီ။

ဝိပဿနာတရားရှုမှတ်ခြင်းနှင့် ဉာဏ်စဉ် (၁၆)ပါး လမ်းပြဇယား

တရားရှုမှတ်ရာတွင် ခဏိကသမာဓိဖြင့် နာမ်ရုပ်ကွဲပြားသိခြင်းမှ စတင်ပြီး မဂ္ဂင်ငါးပါးကြီးပွားခိုင်ခန့်လာ၍ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမာသနဉာဏ် စသည်ဖြင့် အဆင့်ဆင့်တိုးတက်သိရှိတွေ့မြင်ရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။ ဝိပဿနာဉာဏ်စဉ် (၁၆)ပါးဟူလည်းကောင်း၊ ဝိသုဒ္ဓိမဂ် (၇)ပါးဟူ လည်းကောင်း ခေါ်ဆိုပါသည်။

ဉာဏ်စဉ်တရားများတစ်ခုနှင့်တစ်ခု၊ တစ်ဆင့်နှင့်တစ်ဆင့် မတူညီကြပါ။ တစ်မျိုးတည်းလည်း မဟုတ်ပါ။ တစ်ခုပြီးမှ နောက်တစ်ခု၊ တစ်ဆင့်ပြီးမှ နောက်တစ်ဆင့်သို့ အစဉ်အတန်းမပျက် ရောက်ရှိတွေ့မြင်ရခြင်းဖြစ်ပါသည်။ နာမရူပ ပရိစ္ဆေဒဉာဏ်သည် ဝိပဿနာ၏အခြေခံ ပထမဖြစ်ပါသည်။ မတွေ့ဘဲမသိဘဲ ဘင်္ဂဉာဏ်သို့ မရောက်ပါ အထက်ဉာဏ်များသို့ ကျော်ခွသွား၍ မရပါ။

ဝိပဿနာဉာဏ်စဉ် ပထမအခြေခံမှစ၍ တစ်ခုပြီးတစ်ခု တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကြိုးပမ်းရပါသည်။ သို့မှသာ နာမ်ရုပ်တို့ကို သိ၊ နာမ်ရုပ်တို့၏ ဖြစ်ပျက်ကိုမြင်၊ ဖြစ်ပျက်ကိုမုန်း၊ ဖြစ်ပျက်ကိုဆုံးသွားသည်ထိ အဆင့်ဆင့်ကြိုးပမ်း အားထုတ်ရမည် ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သည့် ဝိသုဒ္ဓိ(၇)ပါး၊ ရထား(၇)စင်းတက်ဆင်း ဥပမာ-တရားတော် စာမျက်နှာ ( )ကို ကြည့်ပါလေ။

သို့ပါ၍ဉာဏ်စဉ် (၁၆)ပါး၊ ဝိသုဒ္ဓိ (၇)ပါးတရားကို လမ်းပြဇယားအဖြစ် စက်ဝိုင်းပုံရေးဆွဲ၍ ရှင်းလင်းတင်ပြထားပါသည်။ ဉာဏ်စဉ်အားလုံးတို့၏ ပါဝင်မှု၊ မြင့်တက်မှု၊ အစဉ်အတန်းကျမှုတို့ကို လွယ်လင့်တကူ မှတ်သားရှုမြင်နိုင်ရန် ဖြစ်ပါသည်။

၀ = အလယ်ဗဟိုတည်ရှိနေရာ

၀-၀ = အလယ်ဗဟိုနေရာမှ စက်ဝန်းအစနေရာသို့။
- (သီလဝိသုဒ္ဓိ နှင့် စိတ္တဝိသုဒ္ဓိလမ်း)။
- ထောက်တိုင်များ။

၀-၁ = နာမရူပပရိစ္ဆေဒဉာဏ် ကျင့်ကြံခြင်းနှင့် သိမြင်ခြင်း။
- ပထမရထား။

၁ -၂ = ဒုတိယရထား။ ပစ္စယပရိဂ္ဂဟဉာဏ်ကျင့်ကြံခြင်းနှင့် သိမြင်ခြင်း။

၂-၃ = တတိယရထား။ သမာသနဉာဏ် . . . . . ။

၃-၄ = (၄)ကြိမ်မြောက်ရထား။ ဥဒယဗ္ဗယဉာဏ် . . . ။

၄-၅ = (၅)ကြိမ်မြောက်ရထား။ ဘင်္ဂဉာဏ် . . . ။
- စဉ် (၁)မှ(၅)ထိသည် နာမ်ရုပ်တို့၏ဖြစ်ပျက်ကို သိမြင်ခြင်းဖြစ်ပါသည်။
- စက်ဝန်းကို ၀-၁ ဘယ်ညာနှစ်လမ်းပါတ်နိုင်ပါသည်။

၅-၆ = (၆)ကြိမ်မြောက်ရထား။ ဘယဉာဏ် . . . ။

၆-၇ = (၇)ကြိမ်မြောက်ရထား။ အာဒီနဝဉာဏ် . . . ။

၇-၈ = (၈)ကြိမ်မြောက်ရထား။ နိဗ္ဗိန္ဒဉာဏ် . . . ။

ဝိပဿနာတရားရှုမှတ်ခြင်း နှင့် ဉာဏ်စဉ် (၁၆)ပါး လမ်းပြဇယား



(က) စဉ် (၁) = နာမရူပ ပရိစ္ဆေဒဉာဏ် = ဉာတပရိညာ = ဒိဋ္ဌိဝိသုဒ္ဓိ = သိဉာဏ်

(ခ) စဉ် (၂) = ပစ္စယ ပရိဂ္ဂဟဉာဏ် = ကင်္ခါဝိတရဏဝိသုဒ္ဓိ = သိဉာဏ်

(ဂ) စဉ် (၃) = သမ္မသနဉာဏ် = မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = သိဉာဏ်

(ဃ) စဉ် (၄) = ဥဒယဗ္ဗယဉာဏ် ။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ ။ တိရဏပရိညာ = ပွားဉာဏ် (လောကီ)

စဉ် (၅) မှ (၁၂)ထိ = ဘင်္ဂဉာဏ် ။ ဘယဉာဏ် ။
= အာဒီနဝဉာဏ် ။ နိဗ္ဗိဒါဉာဏ် ။ မုဉ္စိတုကမျတာဉာဏ်။] ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ
= ပဋိသင်္ခါဉာဏ် ။ သင်္ခါရုပေက္ခာဉာဏ် ။ အနုလောမဉာဏ် ။ ဃာန ပရိညာ = ပါယ်ဉာဏ် (လောကီ)

စဉ် (၁၃) = ဂေါတြဘူဉာဏ် = ဝိသုဒ္ဓိမဂ်မှာမပါ။ နိဗ္ဗာန်ကို အာရုံပြုသည်

စဉ် (၁၄) = မဂ်ဉာဏ် =] ဉာဏဒဿနဝိသုဒ္ဓိ = ဆိုက်ရောက်ဉာဏ် (လောကုတ္တရာ)

(၈) စဉ် (၁၅) (၁၆) = ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် =]

(စ) စဉ် (၁) မှ (၅)ထိ = ရုပ်နာမ် - ကြောင်းကျိုး - အနိစ္စ ⟶ ဖြစ်ပျက် ဖြစ်ပျက်ကို မြင်

(ဆ) စဉ် (၆) မှ (၁၁)ထိ = ပျက်သိ + ဆင်ခြင်ဉာဏ် ဖြစ်ပျက်ကို မုန်း

(ဈ) စဉ် (၁၂) မှ (၁၆)ထိ = ပုဗ္ဗာနဂါမိနီ ဝိပဿနာဉာဏ် = မှတ်ရှုဆဲ ပုန်းကွယ် တက်သွားသောဉာဏ် ဖြစ်ပျက်ကို ဆုံး

- စက်ပိုင်းပုံ ပြုစုတင်ပြသူ - ဦးညီညီစိန် -



ဒုက္ခသစ္စာ ဉာဏ်စဉ် (၁၆)ပါးပြဇယား

ဒုက္ခ (၅) ပါး	သမုဒယ (၃) ပါး	နိရောဓ (၂) ပါး	မဂ္ဂ (၈) ပါး
ဒုက္ခသစ္စာ = ဒုက္ခဇနကဖြစ်စဉ် ၃၃ ပါး			
ဒုက္ခ = ဒုက္ခဇနကဖြစ်စဉ် ၃၃ ပါး			
ဒုက္ခ (၁) ဇာတိဒုက္ခ = အစိုင်အခဲ (၁၀)ပိုင်းခွဲ			
ဒုက္ခ (၂) ဇရာဒုက္ခ = အိုခြင်း ဒုက္ခ			
ဒုက္ခ (၃) ဗျာဓိဒုက္ခ = နာခြင်း ဒုက္ခ			
ဒုက္ခ (၄) မရဏဒုက္ခ = သေခြင်း ဒုက္ခ			
ဒုက္ခ (၅) သောကပရိဒေဝဒုက္ခ = စိုးရိမ်ခြင်း ငိုကြွေးခြင်း ဒုက္ခ			
သမုဒယ = ဒုက္ခဖြစ်ကြောင်းတရား			
သမုဒယ (၁) ကမ္မသမုဒယ = ဒုက္ခဖြစ်ကြောင်း ကံ			
သမုဒယ (၂) ကိလေသသမုဒယ = ဒုက္ခဖြစ်ကြောင်း ကိလေသာ			
သမုဒယ (၃) အာဟာရသမုဒယ = ဒုက္ခဖြစ်ကြောင်း အာဟာရ			
နိရောဓ = ဒုက္ခချုပ်ရာတရား			
နိရောဓ (၁) သင်္ခတနိရောဓ = ဒုက္ခချုပ်ရာ သင်္ခတတရား			
နိရောဓ (၂) အသင်္ခတနိရောဓ = ဒုက္ခချုပ်ရာ အသင်္ခတတရား			
မဂ္ဂ (၄) မဂ္ဂင် = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော လမ်းမြောက်တရား			
မဂ္ဂင် (၁) သမ္မာဒိဋ္ဌိ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			
မဂ္ဂင် (၂) သမ္မာသင်္ကပ္ပ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			
မဂ္ဂင် (၃) သမ္မာဝါစာ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			
မဂ္ဂင် (၄) သမ္မာကမ္မန္တ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			
မဂ္ဂင် (၅) သမ္မာအာဇီဝ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			
မဂ္ဂင် (၆) သမ္မာဝါယာမ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			
မဂ္ဂင် (၇) သမ္မာသတိ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			
မဂ္ဂင် (၈) သမ္မာသမာဓိ = ဒုက္ခချုပ်ရာသို့ ရောက်စေတတ်သော ဥပါယ်ပညာ			

"မိုးကုတ်ဆရာတော်ကြီး မိန့်ဆို၍က်"

ဉာဏ်စဉ် (၃)ပါး စာမျက်နှာ-၉၈

သိဉာဏ် - ယထာဘူတဉာဏ်
= သမ္မသနဉာဏ် + ဥဒယဗ္ဗယဉာဏ် + ဘင်္ဂဉာဏ်

(အပျက်ကိုမြင်) = (အပျက်တွေ့လျှင် ဉာဏ်(၃)ဉာဏ် တစ်ခါတည်းပါ)

(တိရဏပရိညာ)ပွားဉာဏ် - နိဗ္ဗဒ္ဓဉာဏ်
= အာဒီနဝဉာဏ် + ဘယဉာဏ်

(မကြည့်ချင်အောင်မုန်း) = (အပျက်ချည့်မြင်ပါများပြီး မုန်းဉာဏ် (၃)ဉာဏ်ပါလာ)

(ပဟာနပရိညာ) ပါယ်ဉာဏ် -
= မုဉ္စိတုကမျတာဉာဏ် + ပဋိသင်္ခါဉာဏ် + သင်္ခါရုပေက္ခာဉာဏ်

(မလိုချင်တဲ့ဉာဏ်) = အနုလောမဉာဏ်

(လွတ်ချင်တဲ့ဉာဏ်) = (ခန္ဓာပါယ် + တဏှာပါယ်)

(နိဗ္ဗာန်)ဆိုက်-ဖိုလ်ဉာဏ် = သောတာပန်တည်သည်။
မဂ်ပုဂ္ဂိုလ် + ဖိုလ်ပုဂ္ဂိုလ်ဖြစ်သည်။
(ဂေါ + မဂ် + ဖိုလ် ပစ္စ)

(၁၁) သခ်ၤိရုပေက္ခာဉာဏ်
(၁၂) အနုလောမဉာဏ်
(၁၃) ဂေါတြဘူဉာဏ်
(၁၄) မဂ်ဉာဏ် = (၇) ဉာဏဒဿနဝိသုဒ္ဓိ
(၁၅) ဖိုလ်ဉာဏ်
(၁၆) ပစ္စဝေက္ခဏာဉာဏ်

ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်အကျဉ်းချုပ်

(က) **လူတို့၏ သီလဝိသုဒ္ဓိ**
ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ အဋ္ဌင်္ဂ ဥပေါသထသီလ၊ ဆယ်ပါးသီလတို့တွင် တစ်မျိုးမျိုးကို ဆောက်တည်၍ လုံခြုံစွာ စောင့်ထိန်းခြင်းသည် လူတို့၏ သီလဝိသုဒ္ဓိ မည်၏။

(ခ) **ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ**
ပါတိမောက္ခသံဝရ၊ ဣန္ဒြိယသံဝရ၊ အာဇီဝပါရိသုဒ္ဓိ၊ ပစ္စယ သန္နိဿိတ ဟူသော ဤသီလ (၄)ပါးတို့ကို လုံခြုံစွာ စောင့်ထိန်းခြင်းသည် ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိ မည်၏။

"ဉာဏ်စဉ်အကျဉ်းချုပ် (၄)မျိုး" (မိလိန္ဒပညာပါဠိတော်အရ)

ဆင့်ပွါး

(၁)သမ္မာသနဓါတ် = သမ္မသနဉာဏ် + ဥဒယဗ္ဗယဉာဏ် + ဘင်္ဂဉာဏ်တို့ပါဝင်၏။

(၂)နိဗ္ဗိဒါဓါတ် = ဘယဉာဏ် + အာဒီနဝဉာဏ် + နိဗ္ဗိဒ္ဒါဉာဏ် တို့ ပါဝင်၏။

(၃)ပက္ခန္ဒနဓါတ် = မုဉ္စိတုကမျတာဉာဏ်+ ပဋိသင်္ခါဉာဏ် + သင်္ခါရုပေက္ခာဉာဏ်

ဆင့်ပွါးငြီးငွေ့ဖွယ်

(၄) သြက္ကမဓါတ် = အနုလောမဉာဏ်ပါဝင်၏။ ထိုဉာဏ်ပေါ်လျှင် ဂေါတြဘူဉာဏ် + မဂ်ဉာဏ် + ဖိုလ်ဉာဏ် + ပစ္စဝက္ခဏာဉာဏ်များလည်း ပေါ်လာနိုင်ပါသည်။

အဲဒီလေးမျိုးကို ပေါင်းချုပ်လိုက်ပြန်တော့ ဖြစ်ပျက်ကိုရှု၊ ဖြစ်ပျက်ကိုမုန်း၊ ဖြစ်ပျက်တွေဆုံး ဆိုတဲ့ဉာဏ် (၃)ဆင့်ထဲ အကျုံးဝင်သွားပါတယ်။

ဝိသုဒ္ဓိတရား (၇)ပါး

(၁) သီလ ဝိသုဒ္ဓိ

(၂) စိတ္တ ဝိသုဒ္ဓိ

(၁) နာမရူပ,ပရိစ္ဆေဒဉာဏ် =(၃) ဒိဋ္ဌဝိသုဒ္ဓိ
(နာမ်ရူပ်ပိုင်းခြားသိသော ဉာဏ်၊ အပိုင်အခြား)

(၂) ပစ္စယ ပရိဂ္ဂဟဉာဏ် =(၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိ
(အကြောင်းကိုသိမ်းဆည်းသော ဉာဏ်) (ယုံမှားခြင်း၏ လွန်မြောက်စင်ကြယ်ခြင်း)

(၃) သမ္မသနဉာဏ် =(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
(သုံးသပ်ခြင်းဉာဏ်) (အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို ဉာဏ်ဖြင့် သိမြင်ခြင်း။)

(၄) ဥဒယဗ္ဗယဉာဏ် (နှ/ရင့်)=(၆)[(၄) မှ (၁၂) ထိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ (အကျင့်၊ ကျင့်ဝတ်)]

(၅) ဘင်္ဂဉာဏ်

(၆) ဘယဉာဏ်

(၇) အာဒီနဝဉာဏ်

(၈) နိဗ္ဗိန္ဒဉာဏ်

(၉) မုဉ္စိတုကမျာတဉာဏ်(၁၀) ပဋိသင်္ခါဉာဏ်

အာရုံရုပ်နှင့် သိမှုနာမ်၊ ဤနှစ်မျိုးမျှသာ ရှိပေသည်။ ဤနှစ်မျိုးကို ပင် "ပုဂ္ဂိုလ် - သတ္တဝါ၊ ငါ - သူတပါး၊ ယောကျ်ား၊ မိန်းမ" ဟု ခေါ်နေကြသည်။ ဤနှစ်မျိုးမှတပါး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍ အသီးအခြားမရှိတော့ပြီ ဟု ရှုမှတ်နေဆဲ မှာပင် အလိုလိုသိမြင်သဘောကျခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

၂။ ပစ္စယ ပရိဂ္ဂဟဉာဏ် နှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ

["အကြောင်းဖြစ်မှုကို အလိုလို ပိုင်းခြား၍ သိသောဉာဏ်"] မှတ်ရှုမှုတွင် ရုပ်နာမ်သိခြင်းမှ အကြောင်းအကျိုးကို ရှုမှတ်ခြင်း

ဖြစ်ဆဲဖြစ်ဆဲ၌ မှတ်လျက် ရုပ်နာမ်တို့၏ သဘောမှန်ကို သိပြီးသောသူသည် ထိုရုပ်နာမ်တို့၏ ဖြစ်ကြောင်းများကိုလဲ မှတ်ဆဲ မှာပင် ထိုက်သည်အားလျော်စွာ တွေ့မြင်ရပြန်၏။ ထိုအခါ၌ "ဤလိုအကြောင်များကြောင့်သာလျှင် ကာလသုံးပါး၌ ဤလို ရုပ်နာမ်မျှသာဖြစ်လျက် ရှိချေသည်" ဟု သိမြင်သဘောကျသော ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်၏။

မကွေးမိ မဆန့်မိကပင် ကွေးချင် ဆန့်ချင်သော စိတ်ဦး ကလေးများကို ရှင်းလင်းစွာ မှတ်သိနိုင်သောအခါ၌၊

"ကွေးချင်တဲ့စိတ်ကြောင့်၊ ကွေးမှုဖြစ်ပေါ်သည်"

"ဆန့်ချင်တဲ့စိတ်ကြောင့်၊ ဆန့်မှုဖြစ်ပေါ်သည်"

ဤသို့စသည်ဖြင့်လည်းကောင်း

ဝိပဿနာတရားအားထုတ်ခြင်း

ဝိပဿနာယာနိကလမ်းစဉ်ဖြင့်၊ နိဗ္ဗာန်သို့ သွားလိုသော ပုဂ္ဂိုလ်သည် အထက်ပါသီလဝိသုဒ္ဓိနှင့် ပြည့်စုံသော အချိန်ကာလမှ စ၍ ဝိပဿနာ၏ အခြေခံဖြစ်သော၊ နာမရူပ ပရိဂ္ဂဟ မိမိသဏ္ဌာန်၌ ထင်ရှားဖြစ်ပေါ်သော နာမ်ရုပ်ကို သူ့ပင်ကိုရင်း သဘောအမှန် အတိုင်း သိမ်းဆည်းရှုမှတ်မှု ဝိပဿနာအလုပ်ကို အားထုတ်အပ်၏။ အားထုတ်ကောင်း၏။ အားထုတ်ပါလေ။

(၂) စိတ္တဝိသုဒ္ဓိ

အားထုတ်ခါစ၌ စိတ္တဝိသုဒ္ဓိ မဖြစ်သေးသည်မှာ ကာမအာရုံ စသည်ကို ကြံစည်လျက် ပျံ့လွင့်ပြေးသွားသော စိတ်များသည် မှတ်မှုတို့၏ အကြားအကြား၌ များစွာဖြစ်တတ်၏။ ထိုစိတ်များကို လုံးဝမသိနိုင်သည်လည်း ရှိ၏။ ခဏိကသမာဓိက အားမရှိသေးသောကြောင့် နိဝရဏ ကိလေသာများက မှတ်သိမှုသာဝနာကို ပိတ်ဆို့တားမြစ်နေခြင်းပေတည်း။

ခဏိကသမာဓိ အားရှိလာသောအခါ၌ကား မှတ်သိမှုသည် ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု၊ ကွေးမှု၊ ဆန့်မှု၊ မြင်မှု၊ ကြားမှု စသော မှတ်စရာအာရုံများအပေါ်၌ ကျ၍ ကျ၍ သွားဘိသကဲ့သို့ လည်းကောင်း၊ ကပ်၍ ကပ်၍ နေဘိသကဲ့သို့ လည်းကောင်း၊ စူးစူး စိုက်စိုက်ဖြစ်လျက် အမှတ်ကောင်းလာ၏။

ထိုအခါ အခြားတစ်ပါးသို့ ပြေးသွားပုံ့လွှင့်သောစိတ်သည်များ သောအားဖြင့် မဖြစ်တော့ပြီ။

တစ်ခါတစ်ရံ ဖြစ်သော်လည်း ထိုစိတ်ကို ချက်ချင်းပင် မှတ်သိနိုင်၍ ဖြစ်ပေါ်သော နိဝရဏတို့သည် ချက်ချင်းပင် ကင်းငြိမ်း ပြတ်စဲသွား၏။

မှတ်သိမှုကို မတားမြစ် မနှောက်ယှက်နိုင်ပြီ။

ထိုအခါမှာ မှတ်မိတိုင်းသော အာရုံ၌ မှတ်ခိုက် မှတ်ခိုက် ခဏမျှ ကောင်းကောင်းစူးစိုက် တည်တန့်လျက် တစ်မှတ်ပြီး တစ်မှတ် တစ်စပ်တည်းဖြစ်သော ခဏိကသမာဓိသည် "စိတ္တဝိသုဒ္ဓိ" မည်၏။

ဤခဏိကသမာဓိသည် သမထကမ္မဋ္ဌာန်းအရာ၌ ပြအပ်သော ဥပစာရ သမာဓိနှင့် အစွမ်းသတ္တိအင်အား တူညီ၏။

၁။ နာမရူပ ပရိစ္ဆေဒဉာဏ် နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ရူမှတ်မှုတွင် ရုပ်နာမ်ကို သိခြင်း

နာမရူပါနံ၊ အာရုံဆီသို့ညွှတ်တတ်၊ သွားတတ်သော နာမ်သဘောနှင့် အာရုံဆီသို့ မညွှတ်တတ်မူ၍ ဖောက်ပြန်ရုံသာ အထင်အရှား ဖောက်ပြန်တတ်သော ရုပ်သဘောတို့ကို ယာထာဝဒဿနံ သဘောမှန်အတိုင်း မြင်သိခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိနာမ စင်ကြယ်သော ဉာဏ်အမြင်မည်၏။

ဤစိတ္တဝိသုဒ္ဓိဖြစ်လျှင် ဖောင်းမှုကတစ်ခြား ပိန်မှုကတစ်ခြား၊

ထိုင်မှုကတခြား၊ ဤသို့စသည်ဖြင့် မှတ်မိသော "ရုပ်အာရုံ"များကိုလည်း အသီးသီးပိုင်းခြား၍ သိ၏။

"ဖောင်းတာကို မှတ်သိသောစိတ်" က တခြား၊ ပိန်တာကို မှတ်သိသော စိတ်ကတခြား၊ ဤသို့စသည်ဖြင့် ရုပ်အာရုံနှင့် သိမှုနာမ်များကိုလည်း တခြားစီ တခြားစီ ပိုင်းခြား၍သိ၏။ (ငါတစ်ယောက်တည်းကပင်၊ ဖောင်းလည်းဖောင်းသည်၊ ပိန်လည်းပိန်သည်၊ ထိုင်လည်းထိုင်သည်၊ ငါတစ်ယောက်တည်းကပင် မှတ်လည်း အထပ်ထပ်မှတ်နေသည်ဟု ပကတိအထင်မှား ပျောက်ပျက်သွားသည်ဟု ဆိုလို၏။)

ထိုအခါ၌ မှတ်တိုင်းမှတ်တိုင်း မှတ်သိမှု နာမ်တရား၊ ကြံသိမှု နာမ်တရားများကို "အာရုံဆီသို့ ပြေးသွားနေသော သဘော၊ အာရုံဆီသို့ ညွှတ်ကိုင်းနေသော သဘော၊ အာရုံကိုသိသိနေသော သဘော" ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြား၍ သိ၏။

ဖောင်းမှု၊ ပိန်မှု၊ ထိုင်မှု စသော၊ တကိုယ်လုံးရှိရုပ်များကိုကား "အာရုံဆီသို့ မသွားတတ်၊ မညွှတ်တတ်သော သဘော၊ အာရုံကို မသိသောသဘော" ဟု ပိုင်းခြား၍ သိ၏။

ဤသို့ မှတ်တိုင်း မှတ်တိုင်း မှတ်သိရသော အာရုံရုပ်နှင့် မှတ်သိမှုနာမ်တို့ကို သူ့သဘောမှန်အတိုင်း ပိုင်းခြား၍ သိမှုသည် နာမရူပ,ပရိစ္ဆေဒဉာဏ် မည်၏။

ဤ နာမရူပ,ပရိစ္ဆေဒဉာဏ် ရင့်သန်ပြည့်စုံသောအခါ၌ ဖောင်းတာနှင့် မှတ်တာ၊ ပိန်တာနှင့်မှတ်တာ၊ ဤသို့စသည်တို့ဖြင့်

ထို့ကြောင့် မှတ်ဆဲမှတ်ဆဲမှာပင် ကုန်ဆုံးကုန်ဆုံးသွားသော ထိုအာရုံကို ကုန်ဆုံးသွားသောကြောင့် မမြဲဟူ၍လည်းကောင်း၊ သဘောကျလျက် ဆင်ခြင်မိတတ်၏။ (မကောင်းဘူးဟူ၍ ဆင်ခြင်မှုသည်လည်း ဆင်းရဲဟု သဘောကျခြင်းနှင့် အတူတူပင်တည်း။)

အခံရခက်လှစွာသော ဒုက္ခဝေဒနာတို့ကို တစ်မျိုးပြီးတစ်မျိုး များစွာတွေ့ရသဖြင့်လည်း ဆင်းရဲအစုအဝေးကြီးဘဲ" ဟူ၍လည်း သဘောကျလျက် ဆင်ခြင်မိတတ်၏။ အလိုအတိုင်း မဖြစ်မှု၍ သူ့သဘောအတိုင်းသာ ဖြစ်တတ်ပျက်တတ်သောကြောင့် အစိုးမရဘူး၊ ငါကောင်မဟုတ်ဘူး၊ သဘောတရားမျှသာ ဟူ၍လည်း သဘောကျလျက်၊ ဆင်ခြင် မိတတ်၏။

ဤသို့ မှတ်နေဆဲမှာပင် မှတ်မိသော အာရုံကို မကွေးမဆန့်ဘဲ "မမြဲ၊ ဆင်းရဲ၊ အစိုးမရ"ဟု သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်ခြင်းသည် ပစ္စက္ခဿမ္မသနဉာဏ် မည်၏။

ဤသို့ ပစ္စက္ခအားဖြင့် မှတ်သိရပြီးသော အာရုံနှင့်နှိုင်းဆ၍ အတိတ်ပစ္စုပ္ပန်တစ်လောကလုံး၌ရှိသော ရူပနာမ်ဟူသမျှကိုလည်း နည်းတူပင် "မမြဲတာတွေချည်းပဲ၊ ဆင်းရဲတွေ မကောင်းတာတွေချည်းပဲ၊ အစိုးမရ ငါကောင်မဟုတ်တာတွေ ချည်းပဲ" ဟူ၍ သဘောကျလျက်၊ ဆင်ခြင်ဆုံးဖြတ်မိတတ်၏။ ဤဆင်ခြင် ဆုံးဖြတ်မှုသည်ကား အနုမာနသမ္မသနဉာဏ် မည်၏။

ပစ္စုပ္ပန်ကျအောင် ကောင်းကောင်းမှတ်နိုင်သောအခါ အမှတ်ရမှုသတိနှင့် အသိဉာဏ်တို့သည် အလွန်သွက်လက်

"ပထမဦးစွာဖြစ်သော စိတ်ဦးကလေးများကို မသိခြင်းကြောင့် တခြားသို့ စိတ်ထွက်သွားသည်၊ ထိုစိတ်ဦးကို မှတ်မိလျှင် တခြားသို့ စိတ်မသွားနိုင် ဤသို့စသည်ဖြင့်လည်းကောင်း၊

"မှတ်စရာ၊ သိစရာ အာရုံရှိပါမှ မှတ်သိကြံစည်သော စိတ်ဖြစ်ပေါ်နိုင်သည်" ဤသို့စသည်ဖြင့်လည်းကောင်း၊

"အကြောင်းနှင့်တကွ၊ ဖြစ်ပေါ်လာသောရူပနာမ်တို့ကို မကွေး၊ မဆန့်တော့ဘဲ မှတ်ဆဲမှာပင် အလိုလိုပိုင်းခြား၍ သိသောဉာဏ်"သည် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

ဤဉာဏ်ရင့်သန်ပြည့်စုံလာသောအခါ၌ "သူ့ဆိုင်ရာ၊ အကြောင်းများကြောင့် ဖြစ်ပေါ်သော သူ့ဆိုင်ရာအကျိုးတရား၊ နာမ်ရူပနှစ်ပါးမျှသာရှိသည်။ ထိုမှတပါးသော ပြုလုပ်တတ် ခံစားတတ်သော၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိတော့ပြီ" ဟု သိခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

၃။ "သမ္မသနဉာဏ် နှင့် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ"

ရုပ်နာမ်အကြောင်းအကျိုး ရှုမှတ်မှုမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမြင်ခြင်း

ပစ္စယပရိဂ္ဂဟဉာဏ် ခေါင်ထိပ်သို့ရောက်လျှင် ပစ္စုပ္ပန်ကျသော မှတ်ချက်များ၌ မှတ်မိသော ရုပ်နာမ်၏ ဖြစ်မှုပျက်မှုတို့ကို ထင်ရှားတွေ့ရ၏။ ဖြစ်ပေါ်ပြီးလျှင် တခဏအတွင်းမှာပင် ကုန်ဆုံးသွားသည်ကို မျက်မှောက်တွေ့ရ၏။ ထို့ကြောင့် မှတ်မိသော ရုပ်နာမ်တို့ကို "ဖြစ်ပေါ်ပြီးလျှင် ကုန်ကုန်သွားသောကြောင့် မမြဲဟူ၍ လည်းကောင်း၊ ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်သောကြောင့် ဆင်းရဲဟူ၍လည်းကောင်း၊ အလိုအတိုင်း မဖြစ်သောကြောင့် အတ္တ ကောင် = ငါကောင်မဟုတ် ဟူ၍လည်းကောင်း" သိမြင်သဘောကျ၏။ "မမြဲတာမှန်ပါပေသည်။ ဆင်းရဲတာ မကောင်းတာ မှန်ပါပေသည်" ဟူ၍လည်း ဆင်ခြင်မိတတ်၏။ ဤသို့ တကြိမ်မျှဖြစ်စေ၊ အကြိမ်များစွာဖြစ်စေ သဘောကျပြီးသောအခါ၌ မျက်မှောက်မြင်ပြီးသော ထိုရုပ်နာမ်နှင့် နှိုင်းဆ၍ အလုံးစုံသော အတိတ်နာမ်ရုပ်၊ အနာဂတ် နာမ်ရုပ်၊ ပစ္စုပ္ပန်နာမ်ရုပ်တရားတို့ကိုလည်း "သည်လို တရားမျိုးချည်းပဲ" ဟု တပေါင်းတည်းအကျဉ်းချုံး၍ ရှုဆင်ခြင်၏ ဖြစ်ခိုက် နာမ်ရုပ်ကို အသီးအသီး သဘာဝလက္ခဏာအားဖြင့် အကျယ်ရှုမှတ်သလို မဟုတ်မူ၍ အတိတ်တရား အလုံးစုံ၊ အနာဂတ်တရား အလုံးစုံ၊ ပစ္စုပ္ပန်တရား အလုံးစုံတို့ကို တပေါင်း

တည်း အကျဉ်းချုံးလျက် ဆင်ခြင်ဆုံးဖြတ်သော ဤဉာဏ်သည် သမ္မသနဉာဏ်မည်၏။

မှတ်အပ်သော အာရုံ၏ အစ၊ အလယ်၊ အဆုံးတို့ကို ပိုင်းပိုင်းခြားခြား သိနိုင်သောအခါ၌ အမြဲတမ်းမှတ်နေကျ အာရုံများတွင် ဖောင်းမှုဆုံးပြီးမှ ပိန်မှုပေါ်လာသည်ကိုလည်းကောင်း၊ ပိန်မှုဆုံးပြီးမှ ဖောင်းမှုပေါ်လာသည်ကိုလည်းကောင်း၊ ကြွမှုဆုံးပြီးမှ လှမ်းမှုပေါ်လာသည်ကိုလည်းကောင်း၊ "ဤသို့စသည်ဖြင့် ရှေးရှေးအာရုံဆုံးပြီးမှ နောက်နောက်အာရုံဖြစ်ပေါ်လာသည်ကို ရှင်းလင်းစွာသိ၏"

နာကျင်မှု၊ ယားမှုစသော ဝေဒနာ တစ်မျိုးမျိုးဆုံးသွားပြီးမှ အခြားတစ်နေရာ၌ ဝေဒနာ အသစ်တမျိုးမျိုး စ၍ဖြစ်ပေါ်လာသည်ကို လည်းကောင်း (၂)ချက်၊ (၃)ချက်၊ (၄)ချက် စသည်တို့ဖြင့် မှတ်နေလျှင် ထိုဝေဒနာသည် တစ်ဖြည်းဖြည်းသေးငယ်၍ နောက်ဆုံး၌ ပျောက်ပျက်သွားသည်ကိုလည်းကောင်း၊

ထင်ပေါ်လာသော ပုံသဏ္ဌာန်နိမိတ်အာရုံတို့တွင်လည်း တစ်မျိုးတစ်မျိုး လုံးဝပျောက်သွားပြီးမှ အသစ်အာရုံတစ်မျိုးမျိုး ထင်ပေါ်လာသည် ကိုလည်းကောင်း၊ (၂)ချက်၊ (၃)ချက် စသည်ဖြင့် စူးစူးစိုက်စိုက်မှတ်နေလျှင် ထိုပုံသဏ္ဌာန်အာရုံသည် ရွှေ့၍ရွှေ့၍ ဖြစ်စေ၊ သေး၍သေး၍ဖြစ်စေ၊ မှေးမှိန်- မှေးမှိန်၍ဖြစ်စေ နောက်ဆုံး၌ ပျောက်ပျက်သွားသည်ကိုလည်းကောင်း၊ ရှင်းလင်းစွာ သိရ၏။

မကုန်ဆုံး မပျောက်ပျက်ဘဲ ခိုင်မြဲတည်တံ့နေသော တရားကို မတွေ့ရ။

အဖြစ်အပျက်ကို ရှုင်းလင်းစွာ သိမြင်သော ဝိပဿနာနုပေက္ခာသည် ဖြစ်ပေါ်၏။ ထိုအခါမှစ၍ ဖြစ်ခိုက် ပစ္စုပ္ပန် ရူပနာမ်တို့၏ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သည်ဟု သိအပ်၏။

ဤသို့ဆုံးဖြတ်ပြီးလျှင်၊ မှတ်မြဲပင် ဆက်၍ မှတ်သောကြောင့် အလင်းရောင်၊ ပီတိ၊ ပဿဒ္ဓိ၊ ဝမ်းသာမှု၊ သာယာမှုတို့ကို လွန်မြောက်သွားသောအခါ၌ မှတ်တိုင်းမှတ်တိုင်း မှတ်မိသော အာရုံများသည် ပေါ်ပေါက်ပြီးလျှင် ချက်ချင်းပင် ပျောက်ပျောက်သွားကြသည်ကို တွေ့ရ၏။

ထိုပျောက်သွားပုံမှာလည်း၊ တခြားတစ်နေရာသို့ ပြောင်းရွှေ့သွားခြင်းမရှိဘဲ သူပေါ်လာသည့်နေရာမှာပင် တိကနဲ တိကနဲ လုံးဝကွယ်ပျောက်သွားသည့် အနေအားဖြင့် ထင်ရှား၏။

ထို့ကြောင့် ရူပနာမ်တို့သည် မျက်စေ့တစ်မှိတ် လျှပ်တပြတ်ခန့်မျှ မတည်တန့်ဘဲ ခဏမစဲ ဖြစ်ပျက်နေကြသည်ဟု မျက်မှောက်သိရ၏။

ဤသို့ ပေါ်လိုက်၊ ပျောက်လိုက်နှင့် ခဏမစဲ ဖြစ်ပျက်နေသော ရူပနာမ်တို့ကို မှတ်တိုင်းမှတ်တိုင်း ကွက်ခနဲကွက်ခနဲ ရှင်းလင်းစွာသိသော ဉာဏ်သည် ဥပက္ကိလေသမှ လွတ်ပြီးသော “ရင့်သန်သော ဥဒယဗ္ဗယဉာဏ်” မည်၏။

ဤဉာဏ်သည် “ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ” ၏ အစပေတည်း။

လျှင်မြန်စွာ ဖြစ်ပေါ်ကုန်၏။ အားထုတ်မှုဝီရိယသည်လည်း မယုတ်မလွန် မလျော့မတင်း ညီမျှစွာ ဖြစ်၏။

အထူးကြောင့်ကြမစိုက်ရဘဲ၊ မှတ်သိလျက် မှတ်သိလျက် ဖြစ်နေအောင် ညီမျှစေသော ဥပေက္ခာလည်း ထင်ရှားဖြစ်၏။

စိတ်သည် အထူးကြည်လင်၏။

ထူးခြားစွာ ဖြစ်ပေါ်လာသော အလင်းရောင်ကိုလည်း တွေ့ရတတ်၏။

ကိုယ်ထဲ၌ စိမ့်စိမ့် - ဖိန်းဖိန်းနှင့် အလွန်နေထိုင်ကောင်းသော ပီတိလည်း ထင်ရှားဖြစ်ပေါ်၏။

ကြောင့်ကြပူပင်မှုကင်း၍ သက်သာအေးချမ်းသော ပဿဒ္ဓိလည်း ထင်ရှားဖြစ်ပေါ်၏။

ဝမ်းသာဝမ်းမြောက်မှုလည်း အလွန်အကဲဖြစ်တတ်၏။

ရှုမှတ်မှုဘာဝနာ၌ ပျော်မွေ့မှုလည်း ဖြစ်တတ်၏။

ထိုအခါ၌ အလွန်လျှင်မြန်စွာ ထင်ပေါ်လာသော ရူပနာမ်အမူအယာတို့ကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ အကုန်ပင် မှတ်သိနိုင်သည်ဟု ထင်ရ၏။

ဤသို့ အလင်းရောင်ပီတိသုခတို့နှင့်တကွ သက်သက်သာသာနှင့် လျှင်မြန်စွာ အမှတ်အသိကောင်းနေသောကြောင့် ထိုသို့ဖြစ်ပုံကို သာယာသဘောကျလျက် “တရားလမ်းဆုံးပြီ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ပြီ” ဟု ထင်မှတ်တတ်၏။

“မဂ်များကို စွဲလမ်းသော ဥပက္ကိလေသ ပေတည်း။”

ဤ ဥပက္ကိလေသနှင့် ရောပြွမ်းလျက် လျှင်မြန်စွာ မှတ်သိနိုင်သော အသိဉာဏ်သည် ဖြစ်ပေါ်ခါစ နုသော ဥဒယဗ္ဗယဉာဏ် မည်၏။

ဤနုသော ဥဒယဗ္ဗယဉာဏ်ဖြစ်ခိုက်၌ မှတ်သိရသော ရူပနာမ်တို့၏ အစအဆုံး အဖြစ်အပျက်များကို ကောင်းကောင်း ရှင်းလင်းစွာ မသိနိုင်သေးပေ။

ထိုသို့ မှတ်နေစဉ်မှာပင် အလင်းရောင် စသည်က တရားထူးမဟုတ်သေး၊ အလင်းရောင်စသည်ကို စဉ်းစားဆင်ခြင်ကာ သာယာနေတာက (ဝိပဿနာ) ရှုမှတ်မှု၏ အန္တရာယ်ပဲ၊ "မပြတ်မှတ်နေတာက လမ်းမှန်ပဲ၊ လမ်းမဆုံးသေးဘူး၊ မှတ်ရဦးမှာပဲ၊ မှတ်မှ သာပြီးကောင်းသွားမည်" ဟူ၍ တဆင့်ကြားရ၍ဖြစ်စေ၊ မိမိအလိုလို ဖြစ်စေ ဆုံးဖြတ်၏။

ဤဆုံးဖြတ်မှုသည် "မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ" မည်၏။

၄။ "ဧဒံသန်္တော ဥဒယဗ္ဗယဉာဏ်နှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ"

ရူပနာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တမှ မှတ်ရှုမှုအစ နှင့် အဆုံးကို သိခြင်း

(က) သမ္မသနဉာဏ် ပြည့်စုံအောင် ဉာဏ်ရင့်ပြီးသော ကာလ၌ကား အထူးကြောင့်ကြမစိုက်ရဘဲ မှတ်ရုံမျှဖြင့် ဖြစ်ခိုက် ရူပနာမ် ပစ္စုပ္ပန် ခန္ဓာတို့ကို "မမြဲဆင်းရဲ၊ ငါကောင်မဟုတ်" ဟု ရှင်းလင်းစွာ သိမြင်သဘောကျ၏။ ထို့ကြောင့် ထိုခန္ဓာတို့၌ 'နိစ္စ သုခ အတ္တ' ဟု ထင်မှတ်လျက် လိုချင်တပ်မက်မှု ဆန္ဒရာဂသည် မဖြစ်နိုင်တော့ပြီ။ ဤသို့ ဆန္ဒရာဂ မဖြစ်နိုင်အောင် သိမြင်မှုဖြစ်သောကြောင့် "ဖြစ်ခိုက် ဖြစ်ခိုက် ရူပနာမ်ကို အထူးကြောင့်ကြမစိုက်ရဘဲ 'မမြဲ၊ ဆင်းရဲ၊ ငါကောင်မဟုတ်' ဟု မှတ်သိခြင်းသည် ထိုရူပနာမ်၌ ဖြစ်ထိုက်သော ဆန္ဒရာဂကိုလဲ ပယ်စွန့်သည် မည်၏။ ထိုရူပနာမ်ခန္ဓာကိုလဲ ပယ်စွန့်သည် မည်၏။ ဝိပဿနာနုပေက္ခာလဲ မည်၏ဟု ဆိုလို၏။ သိခဲစွ

(ခ) မျက်မှောက် မှတ်သိရတဲ့ ဖြစ်ဆဲ ရူပနာမ်တို့၌လည်းကောင်း၊ ထိုရူပနာမ်များနှင့် နှိုင်းဆ၍ ယုံမှားမရှိ ဆုံးဖြတ်နိုင်သောသူအား ဆိုခဲ့သော အဋ္ဌကထာတို့နှင့်အညီ မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်သည်၏အဖြစ်ကို စူးစမ်းဆင်ခြင်ရန် အထူးကြောင့်ကြ မစိုက်တော့ဘဲ ဖြစ်ခိုက်ဖြစ်ခိုက် ရူပနာမ်ကို မှတ်ရုံမျှသာ အစနှင့်အဆုံး ဟူသော

၇။ "အာဒီနဝဉာဏ်"

ဘင်္ဂမှတ်ခြင်း + အပြစ်အားဟု ဆင်ခြင်ခြင်း

ဤဘယဉာဏ် ရင့်သန်လျှင် အပြစ်အားဟု ဆင်ခြင်မိသော အာဒီနဝဉာဏ် ဖြစ်ပေါ်၏။ ထိုအခါမှာ မှတ်မိတဲ့ သခ်ါရတို့၌ လည်းကောင်း၊ ဆင်ခြင်မိတဲ့ သခ်ါရဘုံဘဝတို့၌လည်းကောင်း၊ သာယာဖွယ် အကောင်းအမွန် အနှစ်အရသာရှိသည်ဟု မထင်မြင်ပြီ မှတ်မိတိုင်း ဆင်ခြင်မိတိုင်း ရွံမုန်းဖွယ်တို့ကိုသာ တွေ့နေရသည်ဟု ထင်မြင်၏။ မကောင်းတာတွေ ရုန့်ရင်းကြမ်းတမ်းတာတွေကိုသာ တွေ့နေရသည်ဟု ထင်မြင်၏ အောက်ပါမှာ ဘယ၊ အာဒီနဝဉာဏ် ဖြစ်ပုံကိုပြသော ပဋိသမ္ဘိဒါမဂ်ပေတည်း။ (၅၆)

မှတ်တိုင်းမှတ်တိုင်း အာရုံနှင့် မှတ်စိတ်တို့ကို မကောင်းဘူးဟု အပြစ်ကို မြင်သော အသိဉာဏ်သည် "အာဒီနဝဉာဏ်" မည်၏။

ထိုအခါ၌ မကောင်းတာတွေနှင့် မပြတ်တွေ့နေသည်ဟု ထင်ရ၏။ ဘယ်လိုပင် အမှတ်အသိကောင်းနေသော်လည်း မှတ်ရသော အရသာမရှိသကဲ့သို့ ထင်ရ၏။

၈။ ဘင်္ဂဉာဏ်

ဖြစ် - ပျက် မှတ်ခြင်း၊ အပျက်မှတ်ခြင်း

ဖြစ်ပျက်တိုင်းသော ရုပ်နာမ်ကို မှတ်သိ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ ကောင်းစွာထင်ရှားပြီးသော သူအား ဥဒယဗ္ဗယဉာဏ် အပြည့်အစုံ ရင့်သန်လတ်သော် မှတ်သိမှုသည် လျင်မြန်ထက်သန်စွာ ဖြစ်၏။ သူ့အလိုလိုပင် သိလျက်သိလျက် ဆောင်သွားသကဲ့သို့ဖြစ်၏။ အသိလျင်မြန်သောကြောင့် မှတ်သိသင့်တဲ့ ဖြစ်ခိုက် အာရုံသခ်ါရတို့သည် လျင်မြန်စွာ ထင်ပေါ်ကုန်၏။ ထိုအခါ၌ဖြစ်စ = ဥပါဒ်နှင့်၊ အလယ်ပိုင်းတည်မှု = ဌိတို့ကိုလဲ နှလုံးမသွင်းမိပြီ မပြတ်စီးနေသော ရေအယဉ်ကဲ့သို့ တစပ်တည်းဆက်စပ်လျက် ဖြစ်နေသော ရုပ်နာမ် အစဉ်အတန်းကိုလဲ နှလုံးမသွင်းမိပြီ (ရှေးရှေးရုပ်နှင့် နောက်နောက်ရုပ်တို့သည်လည်းကောင်း၊ ရှေးရှေးစိတ်နှင့် နောက်နောက်စိတ်တို့သည်လည်းကောင်း၊ မပြတ်မခြားဘဲ တသားတည်းကဲ့သို့ ဉာဏ်၌မထင်ကြပြီဟု ဆိုလို၏။ မှတ်ခိုက် မှတ်ခိုက်မှာပင် ကုန်ပျက် ကုန်ပျက် သွားသည်ဟု သိမှု = ဉာဏ်သည်သာလျှင် ဖြစ်ပေါ်၏။ ထိုအခါ၌ ဘင်္ဂဉာဏ် ပေါ်၏။

ပေါ်လိုက် မှတ်လိုက် ပျောက်လိုက်နှင့် ကွက်ခနဲ ကွက်ခနဲ အမှတ်အသိကောင်းနေရာမှ မှတ်ရသော အာရုံများသည် ပျောက်ပျောက်နေနှင့်သကဲ့သို့လည်းကောင်း၊ ဘာမျှမရှိဘဲ ဖြစ်နေ သကဲ့သို့လည်းကောင်း ထင်ရ၏။

မှတ်စိတ်သည် မှတ်ရသောအာရုံနှင့် စေးစေးကပ်ကပ်မရှိဘဲ ဟာကျဲကျဲ ဖြစ်နေသကဲ့သို့လည်း ထင်ရတတ်၏။ ဖောင်းပိန်စသော ဗိုက်ပုံသဏ္ဌာန်ကွေးဆန့်လှုပ်ရှားနေသော လက်ခြေပုံသဏ္ဌာန် စသော ဃနနိမိတ်များ ကွယ်ပျောက်၍ ပရမတ်သဘောမျှကိုသာ တွေ့ရသောကြောင့် ထိုကဲ့သို့ ထင်ပေ၏။

ထိုဉာဏ်အားပြည့်ရင့်သန်လာသောအခါ၌ ဖောင်းမှု ပိန်မှုစသော မှတ်စရာအာရုံနှင့် မှတ်သိသောစိတ်တို့ကို ရှေ့ဆင့်နောက်ဆင့် ကုန်ဆုံးကုန်ဆုံးနေသည်ကိုသာလျှင် မှတ်တိုင်း မှတ်တိုင်း ရှင်းလင်းစွာ သိရ၏။

ထိုကုန်ဆုံးမှု ထင်ပုံမှာလည်း မှတ်ရသော အာရုံ၏အစပေါ်လာမှုနှင့် အထည်ဖြပ်ကို မတွေ့ရပါဘဲ မှတ်ရ အားထုတ်စဉ်မှာပင် ကုန်ကုန်သွားနှင့်သကဲ့သို့လည်းကောင်း၊ ပျောက်ပျောက်သွားနှင့်သကဲ့သို့လည်းကောင်း ထင်ခြင်းပေတည်း။

ဤသို့ ရှင်းလင်းစွာထင်ပေါ်၍ အာရုံရော၊ မှတ်စိတ်ရော အတွဲလိုက်အတွဲလိုက်အားဖြင့် ရှေ့ဆင့်နောက်ဆင့် တိခနဲတိခနဲ လျှင်မြန်စွာ ကုန်ပျက် ကုန်ပျက် သွားသည်ကို သိသော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

၆။ "ဘယဉာဏ်"

ဘင်္ဂမှတ်ခြင်း + ကြောက်စရာဟု ဆင်ခြင်ခြင်း

(က) ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ရောက်၍ "ရှေးက ရုပ်နာမ်များလဲချုပ်ပျက် သွားကြလေပြီ၊ ယခုလဲ ချုပ်ကြဆဲပင်၊ နောင်လဲသည်လိုပင် ချုပ်ပျက်နေကြမှာပဲ" ဟု ကောင်းကောင်း သဘောကျသောအခါ၌ ရုပ်နာမ်သန်္ဓါရတို့ကို 'ကြောက်စရာကောင်းသည်' ဟု သိမြင်လျက် ဘယဉာဏ် ဖြစ်ပေါ်၏။

(ခ) ထိုအခါ၌ မှတ်တိုင်းမှတ်တိုင်းလဲ ပျက်၍ပျက်၍သွားသော သန်္ဓါရတို့၌ ကြောက်သော အခြင်းအရာနှင့်တကွ အသိဉာဏ်ဖြစ်၏။ ထို့ကြောင့် မှတ်တဲ့စိတ်သည် ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် ဖြစ်စဉ်ကကဲ့သို့ ကြည်သာရွှင်ပျ တတ်ကြွခြင်းမရှိမူ၍ အားငယ်သလိုပင် ဖြစ်တတ်၏။ သို့သော်လည်း ရန်သူများ၊ တစ္ဆေ၊ သူရဲများကို ကြောက်သလို စိတ်နှလုံးမသာဖြစ်လျက် "ကြောက်ခြင်းများကား မဟုတ်ပေ၊ ကြောက်စရာကောင်းသည်ကို အမှန်အတိုင်း သိရ၍" မရွှင်မပျ ဖြစ်ရုံမျှသာတည်း။

အာရုံရောမှတ်စိတ်ရော၊ အတွဲလိုက် အတွဲလိုက် အားဖြင့် တကုန်ထဲကုန် တပျက်ထဲပျက်နေသည်ကိုသာ တွေ့ရ၍ မှတ်နေရင်းပင် ကြောက်စရာကောင်းသည်ဟု ထင်မြင်လာတတ်၏။ "ဘယဉာဏ်" ပေတည်း။

ထိုအခါ၌ မှတ်တိုင်း၊ မှတ်တိုင်း ကြောက်နေသလိုလည်း ဖြစ်တတ်လေ၏။ ဝမ်းနည်းသလိုလိုလည်း ဖြစ်တတ်၏။ မှတ်စရာအာရုံတွေကပေါ်လာမှာကိုလည်း ကြောက်နေတတ်၏။

(ခ) ထို့ကြောင့် သခ်ါရတို့မှ လွတ်လိုလျှင် တခြားတပါးကို ပြုရန် မလို၊ ထိုသခ်ါရတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု နိုင်နင်းစွာ သိမြင်၍ လျစ်လျူရှုနိုင်အောင် မှတ်မြဲပင်မပြတ် မှတ်ဘို့သာ လိုပေသည်။ သို့ဖြစ်၍ မုဉ္စိတုကမျတာဉာဏ်၏ အစွမ်းကြောင့် သခ်ါရတို့ကိုပင် တဖန်ဆက်၍ မှတ်မြဲမှတ်ရပေသည်။ ဤသို့ တဖန်မှတ်သောအခါ၌ အနိစ္စအခြင်းအရာ (၁၀)ပါး၊ ဒုက္ခအခြင်းအရာ (၂၅)ပါး၊ အနတ္တအခြင်းအရာ(၅)ပါး၊ ဤအခြင်းအရာ (၄၀)တို့တွင် တပါးပါးကို မှတ်ချက်တိုင်း၌ ထိုက်သည့်အားလျော်စွာ ထင်ရှားသိလျက်ရှိ၏။ အကျဉ်းအားဖြင့်ကား အနိစ္စလက္ခဏာ(၃)ပါးတို့တွင် ထိုက်သည့် အားလျော်စွာ တပါးပါးကို မှတ်ချက်တိုင်း၌ ထင်ရှားသိလျက်ရှိ၏။ ဤအသိအမြင်သည် တဖန်ရှုမှု = တဖန်သိမြင်မှု ဖြစ်သောကြောင့် ပဋိသခ်ါဉာဏ် မည်၏။

သခ်ါရတို့မှ လွတ်မြောက်လိုသောကြောင့် မြန်မြန်ကြီးလွတ်မြောက်စေရန် အင်တိုက်အားတိုက် ကြိုးစား၍ မှတ်မြဲပင်၊ တစ်ဖန် မှတ်ပြန်သောအခါ၌ တစ်ကိုယ်လုံးရှိ ရုပ်နာမ်အလုံးစုံကို အလွန်မခံသာသော ရောဂါအစုအဝေးကြီးကဲ့သို့လည်းကောင်း၊ ဒုက္ခတုံး ဒုက္ခခဲကြီး ကဲ့သို့လည်းကောင်း၊ ထင်ရတတ်၏။

ကိုယ်လက်ခြေ ဣရိယာပုတ်များကိုလည်း ကြာရှည်စွာ ငြိမ်ငြိမ်မထားနိုင်ဘဲ ခဏခဏ ပြုပြင်လိုတတ်၏။

အမှတ်အသိမှာ တစ်ချက်မှတ် တစ်ခါပျောက်အားဖြင့် ကောင်းနေငြားသော်လည်း မကောင်းသေးဘူး ဟူ၍ ထင်လျက် အားမရနိုင်ဘဲ ရှိတတ်၏။

၈။ "နိဗ္ဗိဒါဉာဏ်"

ဘင်္ဂမှတ်ခြင်း + ရူပ်နာမ်ဆင်းရဲကို မပျော်မွေ့ငြီးငွေ့စရာဟု ဆင်ခြင်ခြင်း

(က) အာဒီနဝဉာဏ် ရင့်သန်လျှင် နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်၏။ ထိုအခါ၌ အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်ပြီးသည် အားလျော်စွာ မှတ်တိုင်း မှတ်တိုင်းလဲ ပျင်းရိငြီးငွေ့ဖွယ်ဟူ၍သာ ထင်မြင်၏။ စဉ်းစားဆင်ခြင်ကြည့်လျှင်လဲ ပျင်းရိငြီးငွေ့ဖွယ်ဟူ၍သာ ထင်မြင်၏။ အယုတ်ဆုံး အားဖြင့် ကြံစည် စိတ်ကူးနေရသည်ကိုပင် ပျင်းရိငြီးငွေ့ဖွယ်ဟု ထင်မြင်တတ်၏။

(ခ) အလုံးစုံသော ရူပ်နာမ်သခ်ါရတို့သည် မမြဲကုန်ဟူ၍ ခေါင်ထိပ်သို့ ရောက်သောအကြင်အခါ၌ ပစ္စက္ခဉာဏ်မှ အစဉ်လျှောက်၍ဖြစ်သော အနွယဝိပဿနာဉာဏ် ပညာဖြင့် မြင်၏။ ထို့သို့ဖြစ်သော အခါ၌ (မဟာဋ္ဌိကာ အလိုအားဖြင့်ကား . . . ယဒါ။ အကြင်အခါ၌ ပညာယ၊ သမ္မသနဉာဏ်ပညာဖြင့် သဿတိသမ္မသတိ ရှုမြင်သုံးသပ်၏။ အထ-ပစ္ဆာ၊ သုံးသပ်ပြီး၍ ဥဒယဗ္ဗယဉာဏ် စသည်တို့ဖြစ်သည်မှနောက်ကာလ၌ ဤသို့အနက်ပြန်လေ။) ဘယဉာဏ် အာဒီနဝဉာဏ်တို့ဖြင့် အပြစ်ဘေးဟု ထင်မြင်အပ်ပြီး အပြစ်မြင်ပြီးအပ်သော ရူပ်နာမ်ဆင်းရဲ၌ မပျော်မွေ့ ငြီးငွေ့လေ၏။ ဤငြီးငွေ့သောဉာဏ်သည် ကိလေသာ အညစ်ကြေးမှ စင်ကြယ်ခြင်းငှာ (ဝိသုဒ္ဓတ္ထာယ ဝေါဒါနတ္ထာယ - အဋ္ဌကထာဖွင့်) အကြောင်းပေတည်း။

(၈) ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ ဟူသော ဤဉာဏ်သုံးမျိုးသည် အနု၊ အလတ်၊ အရင့်စားအားဖြင့်သာလျှင် (၃)ပါး ကွဲပြားသည်။ သခ်ါရတို့၏ အပြစ်ကို ထင်ရှားသိမြင်သော သဘောလက္ခဏာ အားဖြင့်ကား တမျိုးတည်းသော ဉာဏ်သာတည်း။ ထို့ကြောင့်ပင် အချို့သောသူအား ဘယဉာဏ်ဖြစ်ပေါ်လျှင် မကြာမီ တခဏ အတွင်းမှာသော်လည်း အာဒီနဝ၊ နိဗ္ဗိဒါဉာဏ်များ ဆက်လက်၍ ဖြစ်ပေါ်တတ်ပေသည်။ ထို့ပြင် အထက်ဉာဏ်သို့ လျင်မြန်စွာ တက်သွားသော အချို့ပုဂ္ဂိုလ်အား ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ အခြင်း အရာတို့တွင် တပါး၊ နှစ်ပါးမျှသာ ထင်ရှားသည်လည်း ရှိပေသည်။

မှတ်တိုင်းမှတ်တိုင်း ခြောက်သွေ့သွေ့ဖြစ်လျက် ပျင်းရိငြီးငွေ့ဖွယ်ဟု ထင်မြင်သောဉာဏ်သည် "နိဗ္ဗိဒါဉာဏ်" မည်၏။

ထိုအခါ၌ ပျင်းရိသလိုလို အားလျော့သလိုလို ဖြစ်နေတတ်၏။ သို့သော် မမှတ်ဘဲလဲ မနေနိုင်၊ တကယ်ပျင်းရိသည်ကား မဟုတ်ပေ။

ဤဆိုခဲ့သောနည်းဖြင့် တွယ်တာမှုကင်းလျက် သခ်ါရအလုံးစုံမှ ဤဆိုခဲ့သောနည်းဖြင့် လွတ်လိုသော ဤအမျိုးသား၊ အမျိုးသမီးအား မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်၏။

မှတ်ခိုက်မှာရော ဆင်ခြင်ခိုက်မှာရော ဒုက္ခလက္ခဏာ များစွာ ထင်လျက် ငြီးငွေ့ဖွယ်ကိုသာ တွေ့ရသောကြောင့် မှတ်ရသော အာရုံသခ်ါရနှင့် မှတ်မှုဝိပဿနာသခ်ါရ တို့ကို စွန့်လွှတ်လိုသော စိတ် ဖြစ်ပေါ်၏။

ထိုသခ်ါရတို့မှ လွတ်မြောက်သာ လွတ်မြောက်လိုတော့၏။

မှတ်ခိုက် မှတ်ခိုက်မှာပင် အလိုလိုဖြစ်ပေါ်လာသော ဤစွန့်လိုမှုလွတ်မြောက်လိုမှုသည် "မုဉ္စိတုကမျတာဉာဏ်" မည်၏။

ထိုအခါ၌ တပျက်တည်းပျက်နေသော အာရုံတွေနှင့် မှတ်သိမှုတွေ လုံးဝမရှိမှ ကောင်းမည် ဟူ၍လည်း ဆင်ခြင်မိတတ်၏။ သခ်ါရငြိမ်းရာ နိဗ္ဗာန်ဆီသို့ ညွှတ်ကိုင်းခြင်းပေတည်း။

၉။ "မုဉ္စိတုကမျတာဉာဏ်"

ဘင်မှတ်ခြင်း + သခ်ါရမှလွတ်လိုသော ဉာဏ်ဆင်ခြင်ခြင်း

ဤနိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ပျင်းရိမပျော်မွေ့သော ဤအမျိုးသား၊ အမျိုးသမီးအား အလုံးစုံသောဘဝ (၃)ပါး၊ ယောနိ (၄)ပါး၊ ဂတိ (၅)ပါး၊ ဝိညာဏဋ္ဌိတိ (၇)ပါး၊ သတ္တာဝါသ (၉)ပါး၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့် သခ်ါရများစွာတို့တွင် တခုသော သခ်ါရ၌သော်လည်း စိတ်သည် မကပ်မငြိတွယ် သခ်ါရ အလုံးစုံမှ လွတ်လို၏။ ရှောင်ခွာထွက်သွားလို၏။ ထိုအခါ၌ သခ်ါရအလုံးစုံတို့၌

၁၀။ "ပဋိသခ်ါဉာဏ်"

ဘင်ဉာဏ်မှတ်ခြင်း + အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆင်ခြင်ခြင်း

(က) အလုံးစုံသောဘဝ ယောနိ ဂတိဌိတိ သတ္တာဝါသတို့၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့်သခ်ါရတို့မှ ဤသို့ဆိုခဲ့သည့် အတိုင်းပင် လွတ်မြောက်လိုသော ထိုအမျိုးသားအမျိုးသမီး ယောဂီသည် သခ်ါရအလုံးစုံမှ လွတ်မြောက်ရန် မှတ်သိအပ်ပြီး သော ထိုသခ်ါရမျိုးတို့ကိုပင်လျှင် တဖန် ရှုမှု = ပဋိသခ်ါရဉာဏ်ဖြင့် လက္ခဏာ (၃)ပါးကို တင်၍ တဖန်သိမ်းဆည်းရှုမှတ်၏။

(၃) ညီမျှစွာဖြစ်ခြင်း။
(၄) သူအရှိန်နှင့်သူ ကြာရှည်စွာ ဖြစ်လျက်တည်ခြင်း။
(၅) ဒုက္ခဝေဒနာကို သည်းခံနိုင်ခြင်း။
(၆) တခြားအာရုံသို့ မဖြန့်ခြင်း။

ဤဂုဏ်အင်္ဂါများသည် ပါဠိ အဋ္ဌကထာ ဋီကာ တို့၌ ပြထားသော "သခ်ၤါရုပေက္ခာဉာဏ်"၏ ဂုဏ်အင်္ဂါတို့ပေတည်း။

သခ်ၤါရုပေက္ခာဉာဏ်အားပြည့်လျှင် အချို့ပုဂ္ဂိုလ်မှာ မှတ်အပ်သော အာရုံနှင့် မှတ်သိမှုတို့၏ လျှင်မြန်စွာ ကုန်ဆုံးသွားသော သဘောအားဖြင့် အနိစ္စလက္ခဏာအထူးသန့်ရှင်းစွာထင်လျက် မှတ်သိမှုသည် အဟုန်ဖြင့် ပြေးလာသကဲ့သို့ တစ်ကြိမ်ထက်တစ်ကြိမ် အထူးလျှင်မြန်စွာ ဖြစ်ပေါ်၏။

အချို့ပုဂ္ဂိုလ်မှာ မခံသာသောသဘော၊ မကောင်းသော သဘောအားဖြင့် ဒုက္ခလက္ခဏာအထူးသန့်ရှင်းစွာ တင်လျက် ထူးခြားသော မှတ်သိမှုများ ဖြစ်ပေါ်၏။

အချို့ပုဂ္ဂိုလ်မှာ ချစ်ဖွယ်၊ မုန်းဖွယ်ကင်းမဲ့သည့် သဘောတရား အနေအားဖြင့် အနတ္တလက္ခဏာ အထူးသန့်ရှင်းစွာ ထင်လျက်၊ ထူးခြားသော မှတ်သိမှုများ ဖြစ်ပေါ်၏။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အစ ခေါင်ထိပ်သို့ ရောက်သော သခ်ၤါရုပေက္ခာဉာဏ် ပေတည်း။

နောက်ပိုင်း၌ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို အထူးထင်ရှားစွာ တွေ့ရလျက် လွတ်လပ်လျှင်မြန်စွာ အမှတ် ကောင်းနေတတ်၏။

ဤသို့ တဖန်ရှုမှတ်၍ အထူးသိမြင်သောဉာဏ်သည် "ပဋိသခ်ၤါဉာဏ်" မည်၏။

၁၁။ သခ်ၤါရုပေက္ခာဉာဏ်

ဘင်္ဂမှတ်ရှုခြင်း (ကြာမြင့်စွာမှတ်နိုင်ခြင်း) + သိမ်မွေ့စွာသူ့အလိုလို မှတ်သိခြင်း

ပဋိသခ်ၤါဉာဏ် အပြည့်အစုံ ရင့်သန်သောအခါ၌ကား ဖြစ်ပျက်ဆဲ သခ်ၤါရအာရုံကို မှတ်မိစေရန်လဲ အထူးကြောင့်ကြမစိုက်ရပြီ၊ မှတ်မိတိုင်းသော သခ်ၤါရအာရုံ၏ အပျက်လက္ခဏာနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတပါးပါးကို ထင်ရှားသိရန်လဲ အထူးကြောင့်ကြ မစိုက်ရတော့ပြီ။ သခ်ၤါရာဝ သခ်ၤါရေ ဝိပဿန္တိ ဟူသည်နှင့်အညီ သူ့အလိုလိုပင် မှတ်သိလျက် မှတ်သိလျက် နေသကဲ့သို့ မှတ်သိမှုသည် အရှိန်ကောင်းလျက် ကြာမြင့်စွာ ဖြစ်၏။ မှတ်ချက်တိုင်း၌ အပျက်လက္ခဏာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာ တပါးပါးကို ရှင်းလင်းထင်ရှားစွာ သိလျက်သိလျက်ရှိ၏။ ဝိသုဒ္ဓိမဂ်၌ သခ်ၤါရုပေက္ခာဉာဏ်အရာတွင် ပြအပ်သော ဒိကောဋ္ဌိက ရှုပုံစသည်တို့နှင့်ညီစွာလဲ အသိဉာဏ်ဖြစ်ပေါ်၏။ ရှေးဉာဏ်များ ဖြစ်ခိုက်သကဲ့သို့ သခ်ၤါရတို့၌ အပြစ်မြင်ခြင်း၊ ငြီးငွေ့ခြင်း၊ လွတ်လို၍ ဆင်ခြင်

ခြင်း၊ အမှတ်မကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝမရှိတော့ပြီ။ သခ်ါရဝတ္ထု ပစ္စည်းတစုံတခု ပျက်စီးမည်ကြောင့် စိုးရိမ်ကြောင့် ကြမ္မလဲမရှိပြီ၊ ဘယဉာဏ်အလိုအားဖြင့် ကြောက်ရွံ့မှုလည်း မရှိပြီ။ စိတ်သည် အလွန်ပင် သန့်ရှင်းကြည်လင်၏။ ဘယ်တော့ကမှ မတွေ့ကြုံဖူးသော ချမ်းသာကို တွေ့ရသည်ဟု ထင်ရ၏။ သို့သော် ထိုမျှလောက် ထူးကဲသောစိတ်၊ ကြည်လင်ချမ်းသာသော စိတ်ကိုလည်း ဥဒယဗ္ဗယဉာဏ် ဖြစ်ခါကစလို အလွန်အကဲ သာယာခြင်းကား မရှိပေ၊ ထိုအခါကလို အလွန်အကဲ ဝမ်းသာခြင်းလဲ မဖြစ်ပေ။ ငြိမ်သက်သိမ်မွေ့သော မှတ်သိမှုသည်သာလျှင် အစဉ်မပြတ် တသမတ်တည်း ကြာမြင့်စွာ ဖြစ်လျက်ရှိပေ၏။ ထိုအခါ၌ အထူးကြောင့်ကြမစိုက်ရတော့ဘဲ သူ့အလိုလိုပင် အစဉ်မပြတ်သိလျက် သိလျက် သိမ်မွေ့စွာ ဖြစ်နေသော အသိဉာဏ်သည် သခ်ါရုပေက္ခာဉာဏ်ပေတည်း။

ထင်ပေါ်သမျှ ရုပ်နာမ်တို့ကို အထူးကြောင့်ကြမစိုက်ရတော့ဘဲ သူ့အလိုလိုပင် မှတ်သိပြီးဖြစ်လျက် အာရုံနှင့်မှတ်စိတ်တို့၏ အပျက်ကို လွယ်ကူသိမ်မွေ့စွာ တစ်ဆက်တည်း တစ်စဉ်တည်း အရှိန်မပျက်သိနေသောဉာဏ်သည် "သခ်ါရုပေက္ခာဉာဏ်" မည်၏။

ထိုအခါ၌ အာရုံထင်ပေါ်စေရန်လည်း ကြောင့်ကျမစိုက်ရပြီ၊ မှတ်မိစေရန်လည်း ကြောင့်ကြမစိုက်ရပြီ တစ်မှတ်တစ်မှတ် ဆုံးသွားလျှင် တစ်ဖန်မှတ်စရာအာရုံသည် အလိုလိုပင် ထင်ပေါ်လျက် ရှိ၏။ ထိုအာရုံကို အလိုလိုပင် မှတ်သိလျက် ရှိ၏။

ကုန်ပျက်မှုကို တွေ့နေရသော်လည်း ရှေးကလို ကြောက်ခြင်း၊ အပြစ်မြင်ခြင်း၊ ငြီးငွေ့ခြင်း၊ လွတ်လိုခြင်း၊ အားမရခြင်းများ မဖြစ်လာပြီ။ မခံသာမှု ဒုက္ခဝေဒနာကို တွေ့ရသော်လည်း စိတ်မချမ်းသာခြင်း မဖြစ်ပြီ။

များသောအားဖြင့်ကား ထိုအခါ၌ ဒုက္ခဝေဒနာများ လုံးဝကင်းငြိမ်းလျက်သာ ရှိတတ်ပေသည်။ အာရုံကောင်းများကို တွေ့ရသော်လည်း ရှေးကလို အလွန်အကဲ၊ ဝမ်းသာခြင်းမဖြစ်ပြီ။ အမှတ်အသိမှာ အလွန်ငြိမ်သက် သိမ်မွေ့စွာ ကောင်းနေသော်လည်း ထိုအတွက် ရှေးကလို အလွန်အကဲ ဝမ်းသာခြင်း၊ အားတတ်ခြင်းများ၊ မဖြစ်လာပြီ။ အာရုံနှင့် မှတ်သိမှုများအပေါ်၌ မချစ်၊ မမုန်း၊ ညီမျှစွာ ဖြစ်လျက် အမှတ်မှာ သူ့အရှိန်နှင့်သူသွားလျက် ရှိ၏။

မပြုမပြင်ဘဲ မှတ်နေမည်ဆိုလျှင် (၂)နာရီ (၃)နာရီကြာသော်လည်း အခြေမပျက် ကောင်းမြဲပင် ကောင်းနေ၏။ တစ်နေလုံး တစ်ညဉ့်လုံးသော်လည်း မှတ်နေနိုင်မည်ဟု ထင်ရတတ်၏။

စိတ်ကိုတခြားသို့ ပို့သော်လည်း ကြာရှည်စွာမသွား၊ မှတ်မှုသို့သာလျှင် ပြန်ပြန်ရောက်လာ၏။

ဒုါရ (၆)ပါးကိုဖြန့်၍ အာရုံများစွာကိုမှတ်ရန် အားထုတ်သော်လည်း ဖြန့်၍မရဘဲ သူမှတ်နေကျ အာရုံများတွင်သာ မှတ်သိလျက် ဖြစ်နေတတ်၏။

(၁) အာရုံထင်စေရန် ရှုမှတ်မှုဖြစ်စေရန် ကြောင့်ကြမစိုက်ရခြင်း။
(၂) ဘယ-ကြောက်မှု၊ နန္ဒီ-နှစ်သက်ပျော်မွေ့မှု ကင်းခြင်း။

၁၄။ "မဂ်ဉာဏ်" နှင့် ဉာဏဒဿနဝိသုဒ္ဓိ
ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကူးပြောင်းပုံ

ဂေါတြဘူစိတ်၏ အခြားမဲ့၌လည်း နိဗ္ဗာန်ကိုပင် မျက်မှောက်သိမြင်အာရုံပြုလျက် မဂ်ဇောစိတ်တကြိမ် ဖြစ်ပေါ်၏။ ဤမဂ်စိတ်နှင့် ယှဉ်သော သိမှုသည် မဂ်ဉာဏ်ပေတည်း။ ဉာနဒဿနဝိသုဒ္ဓိမည်၏။ မဂ်၏အခြားမဲ့၌လည်း နိဗ္ဗာန်ကိုပင် အာရုံပြုလျက် ဖိုလ်စိတ် (၂)ကြိမ်သာဖြစ်ခဲ့၍ မဂ်၏အခြားမဲ့၌ ဤဖိုလ်စိတ်သည် (၃)ကြိမ် ဖြစ်ပေါ်၏။

ထိုချုပ်ငြိမ်းမှုထဲ၌ ဝင်ရောက်နေရတိသကဲ့သို့ မျက်မှောက်တွေ့လျက် တစ်ခဏမျှ တည်တံ့နေသော အလယ်ပိုင်း အသိဉာဏ်သည် "မဂ်ဉာဏ်"မည်၏။ "ဉာဏဒဿနဝိသုဒ္ဓိ" လည်း မည်၏။

၁၅။ "ဖိုလ်ဉာဏ်"

ထိုချုပ်ငြိမ်းမှု၌ ဆက်လက်၍ တည်သောနောက်ဆုံးပိုင်း အသိဉာဏ်သည် "ဖိုလ်ဉာဏ်" မည်၏။

၁၂။ "အနုလောမဉာဏ်" နှင့် "ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ"
(ဘင်ဉာဏ်) သူ့အလိုလိုသိမ်မွေ့စွာမှတ်သိနေခြင်း
အနိစ္စ၊ ဒုက္ခ၊ အနတ္တ တခုခုကိုမှတ်သိခြင်း

(က) အနုလောမဉာဏ်ကို ဖြစ်ပေါ်စေနိုင်လောက်အောင် သခ်ါရုပေက္ခာဉာဏ် အပြည့်အစုံ ရင့်ကျက်သောအခါ၌ အဓိမောက္ခသဒ္ဓါသည် အထူးအားကောင်း၏။ ဤသဒ္ဓါ၏ အစွမ်းကြောင့် မှတ်သိသောစိတ်သည် အလွန်ကြည်လင်၏။ ထို့ပြင် မယုတ်မလွန် ညီမျှသော အားထုတ်မှု ဝီရိယသည်လည်း မြဲမြံစွာ ဖြစ်၏။ အမှတ်ရမှု သတိသည်လည်း ကောင်းစွာထင်၏။ စိတ်သည်လည်း မှတ်အပ်သော အာရုံ၌ ကောင်းစွာစူးစိုက်တည်ကြည်၏။ သိမှု သခ်ါရုပေက္ခာဉာဏ်သည်လည်း အထူးထက်မြက် သန့်ရှင်းစွာ ဖြစ်၏။ ထို့ကြောင့် "မှတ်သိမှုသည် အထူးပင် သွက်လက်ထင်ရှားလျက် ကောင်းလာသည်၊ တိုးတက်လာသည်"ဟု ထင်ရှားသိရ၏။ ထိုအခါ၌ ဖြစ်ပျက်ဆဲ ရုပ်နာမ် သခ်ါရတစ်ခုခုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာ (၃)မျိုးတို့တွင် တစ်မျိုးတည်းသော အခြင်းအရာအားဖြင့်သာလျှင် ရှုမြင်လျက် အနည်းဆုံးအားဖြင့် သဒိသနုပဿနာ ဝီထိ(၂)ကြိမ်၊ (၃)ကြိမ် ဖြစ်ပေါ်၏။

(ခ) နောက်ဆုံးဖြစ်သော ဤသဒိသနုပဿနာ ဝီထိ(၂)ကြိမ်၊ (၃)ကြိမ်တို့၌ ပါဝင်သော သခ်ါရုပေက္ခာသည် ခေါင်ထိပ်သို့ရောက်သောကြောင့် သိခါပတ္တသခ်ါရုပေက္ခာလဲ မည်၏။ မဂ်နှင့်ဆက်စပ်လျက် မဂ်သည် ဝိပဿနာ၏ အာရုံဖြစ်သော သခ်ါရနိမိတ်ကို

အာရုံမပြု၊ ထို့ကြောင့် နိမိတ္တမှလဲ ထမြောက်၏။ ဖြစ်ထိုက်သော ဆိုင်ရာဆိုင်ရာ ကိလေသာ ကံဝိပါက်ဟူသော ပဝတ္တမှလဲ ထမြောက်၏။ ဤနိမိတ္တ၊ ပဝတ္တ နှစ်မျိုးလုံးမှ ထမြောက်သောကြောင့် မဂ်သည် ဝုဋ္ဌာနမည်၏။ ခေါင်ထိပ် သခ်ါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘူ ဟူသော ဤဉာဏ်(၃)ပါးသည် ဝုဋ္ဌာနမည်သော မဂ်နှင့် တဆက်တည်း တစပ်တည်းဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနိမဂ်သို့ ဆိုက်ရောက်သော ဝိပဿနာမည်၏။

ဤထူးခြားသော အမှတ်အသိများ (၂)ကြိမ် (၃)ကြိမ်စသည် ဖြစ်ပေါ်ပြီးလျှင် နောက်ဆုံးမှတ်သိမှု ပြီးဆုံးသွားသည်နှင့် တပြိုင်နက် အာရုံမှတ်သိမှု အလုံးစုံကို တိခနဲ ပြတ်သွားသကဲ့သို့လည်းကောင်း အကုန်လုံးမြုပ်ကွယ်သွားသကဲ့သို့ လည်းကောင်း၊ သခ်ါရချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံဆီသို့ ဆိုက်ရောက်ပြေးဝင်သွား၏။

ဤသို့ ဖြစ်ရာတွင် ထူးခြားသော နောက်ဆုံးအမှတ်အသိသည် (ဉဒယဗ္ဗယဉာဏ် စသော ရှေးဉာဏ်များနှင့်လည်းကောင်း၊ နောက်အဖို့ဖြစ်သော မဂ်ဆိုင်ရာတရားများနှင့်လည်းကောင်း)၊ လျော်ညီစွာဖြစ်သောကြောင့် "အနုလောမဉာဏ်" မည်၏။

ဥပက္ကိလေသကင်းပြီးသော ဉဒယဗ္ဗယဉာဏ်မှစ၍ ဤအနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် (၉)ပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

၁၃။ "ဂေါတြဘူဉာဏ်"

ထိပ်ခေါင်သခ်ါရုပေက္ခာဉာဏ်ပြီးနောက် နာ၊ ဒု၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဘွင် = ၁၁ ချက် ဖြတ်ကနဲ့ ကူးပြောင်းသည်။

အနုလောမဉာဏ်၏ အခြားမဲ့၌ မှတ်သိအပ်ဆဲ သခ်ါရအာရုံကို စွန့်လွှတ်၍ သခ်ါရချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူဇောစိတ် ဖြစ်ပေါ်၏။ ဤဇောစိတ်နှင့် ယှဉ်သောသိမှုသည် ဂေါတြဘူဉာဏ်မည်၏။ ဤအရာ၌ အာရုံပြုသည်ဟုဆိုသော်လည်း ရှေးအဖို့က စိတ်များလို အာရုံ၏အပြင်မှနေ၍ သိခြင်းမျိုး မဟုတ်ပေ။ သခ်ါရအာရုံမှလွှတ်ကျ၍ သခ်ါရကင်းဆိတ်ချုပ်ငြိမ်းသော သဘောထဲသို့ ပြေးဝင်သွားသလိုပင် သိခြင်းပေတည်း။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌ . . . ဥပ္ပါဒံ အဘိဘုယျိတ္တာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု၊ ဗဟိဒ္ဓါသခ်ါရနိမိတ္တံ အဘိဘုယျိတ္တာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု စသည်ဖြင့် ဟောတော်မူ၏။

အာရုံနှင့်မှတ်သိမှုဟူသော သခ်ါရအလုံးစုံကင်းပြတ် ချုပ်ငြိမ်းရာတို့ ရှေးဦးစွာကျရောက်သော အသိဉာဏ်သည် ဂေါတြဘူဉာဏ်မည်၏။

သတိ၊ သမာဓိဉာဏ်၊ ထက်သန်အားပြည့်လျှင်

ပြခဲ့သည့်အတိုင်း - ဖောင်းတဲ့ရုပ်နှင့် ဖောင်းတယ်ဟု မှတ်တဲ့စိတ်၊
- ပိန်တဲ့ရုပ်နှင့် ပိန်တယ်ဟု မှတ်တဲ့စိတ်၊
- ထိုင်တဲ့ရုပ်နှင့် ထိုင်တယ်ဟု မှတ်တဲ့စိတ်၊
- တွေးတဲ့ရုပ်နှင့် တွေးတယ်ဟု မှတ်တဲ့စိတ်၊
- ကြွတဲ့ရုပ်နှင့် ကြွတယ်ဟု မှတ်တဲ့စိတ်၊
- လှမ်းတဲ့ရုပ်နှင့် လှမ်းတယ်ဟု မှတ်တဲ့စိတ်၊

ဤသို့သော အာရုံနှင့် မှတ်မှုတို့သည် အတွဲလိုက် အတွဲလိုက် ကပ်နေသကဲ့သို့ အံကျလျက်ရှိနေသည်ကို တွေ့ရလတ္တံ့။

အထူးကောင်းသော မှတ်ချက်များ၌ "ဖောင်းတာကတခြား + မှတ်တာကတခြား၊ ပိန်တာကတခြား + မှတ်တာကတခြား" ဤသို့စသည်ဖြင့် ရုပ်နှင့်နာမ်တို့ ကွဲပြားစွာသိလတ္တံ့။

မှတ်သိမှုက ဖောင်းမှု၊ ပိန်မှု စသော အာရုံများဆီသို့ ပြေး၍ ပြေး၍ ကပ်,ကပ်သွားသလိုပင် ထင်ပေါ်လတ္တံ့။

ဤသို့ထင်ပေါ်ခြင်းသည် နာမ်တရား၏ နမနလက္ခဏာ အာရုံဆီသို့ ညွတ်ခြင်းသဘော၊ ထင်ပေါ်ခြင်းပင်တည်း။ ဤသို့ရုပ်ကို မှတ်သိမှု သန့်ရှင်းလေလေ၊ နာမ်တရားတို့အလိုလို ထင်ပေါ်လေလေ ဖြစ်တတ်ကြောင်းကို ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း မိန့်ဆိုထားပါသည်။

၁၆။ "ပစ္စဝေက္ခဏာဉာဏ်"

မဂ်ဉာဏ် ဖိုလ်ဉာဏ်မှ ပစ္စဝေက္ခဏာဉာဏ်သို့ ကူးပြောင်းပုံ

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက် တွေ့မြင်ပြီးသော ပုဂ္ဂိုလ်သည် မိမိရောက်ပြီးသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တို့ကို ရှေးဦးစွာ ပြန်၍ဆင်ခြင်မိ၏။ သုတရှိသူဖြစ်လျှင်ကား ပယ်ပြီး ကင်းပြီးသော ကိလေသာ မပယ်ရသေး မကင်းသေးသော ကိလေသာတို့ကိုလဲ ဆက်လက်၍ စဉ်းစားဆင်ခြင်မိတတ်သေး၏။ ဤဆင်ခြင်မှု တို့၌ ပါဝင်သော အသိဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ် မည်၏။

ဖိုလ်ဉာဏ်ပြီးဆုံးသွားလျှင် အိပ်ပျော်ရာမှ ဘွားခနဲ နိုးလာသကဲ့သို့လည်းကောင်း၊ ရေထဲမှငုတ်နေရာမှ ဘွားခနဲ ရုတ်တရက် ပေါ်လာသကဲ့သို့လည်းကောင်း၊ ရှုမှတ်ခဲ့ပုံနှင့်ချုပ်ငြိမ်းရာသို့ ရောက်သွားပုံများကို ပြန်လှည့်၍ ဆင်ခြင်မိ၏။ ဤဆင်ခြင်မှုသည် ပစ္စဝေက္ခဏာဉာဏ် ပေတည်း။

"ဖလသမာပတ်ဖိုလ်ဉာဏ်"

ဖလသမာပတ် ဝင်စားပုံ

ကာ ဖလသမာပတ္တိတိ? ယာ အရိယဖလဿ နိရောဓေ အပ္ပနာ ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ရုပ်နာမ်သင်္ခါရအလုံးစုံ ချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေဘိသကဲ့သို့ အရိယာဖိုလ်စိတ်၏ဖြစ်ခြင်းသည် ဖလသမာပတ်မည်၏။

ဤဖလသမာပတ်ကို ပုထုဇဉ်တို့သည် မရဖူးသေးသောကြောင့် မဝင်စားနိုင်ကုန်၊ အလုံးစုံသော အရိယာတို့သည် ရပြီးဖြစ်သောကြောင့် ဝင်စားနိုင်ကုန်၏။ သို့သော်လည်း မိမိတို့ရဆဲဖြစ်သော ဖိုလ်တပါးကိုသာလျှင် ဝင်စားနိုင်ကုန်၏။ ရဖူးသော အောက်ဖိုလ်နှင့် မရဖူးသေးသော အထက်ဖိုလ်တို့ကိုကား မဝင်စားနိုင်ကုန်။ ဤအရာတွင် "သမာဓိသိက္ခာ၌ အပြည့်အစုံပြုကျင့်ပြီးသော အနာဂါမ်ရဟန္တာတို့သာလျှင် ဖိုလ်ကို ဝင်စားနိုင်ကုန်၏။ သောတာပန် သကဒါဂါမ် တို့သည်ကား သမာဓိသိက္ခာ၌ အပြည့်အစုံမပြုကျင့် ရသေးသောကြောင့် မဝင်စားနိုင်ကုန်"။

ထို့နောက် မှတ်မြဲတိုင်း ဆက်၍မှတ်ပြန်လျှင် မှတ်သိရသော အာရုံများသည် ယခင်အမှတ်ကောင်းခါစလိုပင် အထည်ဒြပ်နှင့် တကွ ပီပီသသဖြစ်လျက် ထင်ပေါ်နေတတ်၏။ ဖြစ်မှုပျက်မှုများကို ယခင်အမှတ်ကောင်းခါစလိုပင် ထင်ရှားပီသစွာ သိရ၏။

ဉဒယဗ္ဗယဉာဏ်တစ်ပတ်ပြန်၍ ဖြစ်ပေါ်လာခြင်း ပေတည်း။

အမှတ်ကောင်းမြဲကောင်းပြန်လျှင် ချုပ်ငြိမ်းရာသို့ ထပ်ခါထပ်ခါ ပြန်ရောက်နေတာက ဖလသမာပတ် ဖိုလ်ဉာဏ် မည်၏။

မှတ်ပုံအကျဉ်းချုပ်

(၁) ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ စိတ်ကူးကြံစည် တိုင်း၊ စဉ်းစားဆင်ခြင်တိုင်း၊ စိတ်အမူအယာကိုမှတ်၊ (စိတ္တာနုပဿနာ) (အနိစ္စသဘော)

(၂) ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ပြုပြင်လှုပ်ရှားတိုင်း၊ ကိုယ်အမူအယာကိုမှတ်။ (ကာယနုပဿနာ၊ သမ္ဗဇဝနပဗ္ဗ) (စိတ္တဇရူပ်-အသုဘသဘော)

(၃) ကိုယ်ထဲစိတ်ထဲ၌ ကောင်းသည်ခံသာသည်ဖြစ်စေ၊ ဆိုးသည် မခံသာသည်ဖြစ်စေ၊ ဝေဒနာဟူသမျှကို ပေါ်လာတိုင်းမှတ်။ (ဝေဒနာနုပဿနာ) (ဒုက္ခသဘော)

(၄) ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ စိတ်ထဲ၌ထင်ပေါ်လာသော အာရုံဟူသမျှကိုမှတ်။ (ဓမ္မာနုပဿနာ) (အနတ္တသဘော)

(၅) သွားဆဲ၌လည်း၊ ကြွမှု၊ လှမ်းမှု၊ ချမှုတို့ကိုသာ၊ မပြတ်မှတ်လေ၊ (ကာယနုပဿနာ - အရိုပထပဗ္ဗ) (အသုဘသဘော)

(၆) ဤသို့မှတ်ဖွယ် အထူးများ မရှိသောအခါ ဖောင်းမှုပိန်မှုစသော မှတ်နေကျကိုသာ မပြတ်မှတ်လေ။

(၇) ဤနည်းဖြင့် အိပ်ပျော်ခိုက်ကို ချန်လှပ်၍ နေ့ရောညဉ့်ပါမပြတ်မစဲ တမှတ်ထဲမှတ်နေလျှင် မကြာမီပင်ဖြစ်ပျက်တိုင်းသော ရုပ်နာမ် အလုံးစုံကို ပစ္စုပ္ပန်ကျအောင် မှတ်သိနိုင်၍ ဉဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်ထူးများ အစဉ်အတိုင်း ဖြစ်ပေါ်လာသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ရပါလိမ့်မည်။

အခြေခံရှုမှတ်ပုံ ဤတွင် ပြီးပါပြီ။

မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက နည်းယူပြီး သကာလ မည်သူပဲကျင့်ကျင့် နိဗ္ဗာန်အကျိုးငှာ ကျင့်တာမဟုတ်လား လို့ မေးတယ်နော်။ မဟုတ်သေးပါဘူးဘုရား ။ ။ ။ တဲ့။ ဘုရားက သီလကို အရင် စင်ကြယ်အောင် ကျင့်လို့ဆိုတော့ အဲဒါကကော နိဗ္ဗာန်အကျိုးငှာ ကျင့်တာ မဟုတ်ဘူးလား ။ တဲ့။ မဟုတ်သေး ပါဘူး ဘုရားလို့။ သီလဝိသုဒ္ဓိဖြစ်ခြင်းသည် ဒကာဒကာမတို့ နိဗ္ဗာန်နဲ့ ဝေးနေသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပြတယ်။ ဒါဖြင့် ဘုရားတဲ့၊ သမာဓိ အလုပ်တွေလုပ်နေတဲ့ ပုဂ္ဂိုလ်တွေကော နိဗ္ဗာန် အကျိုးငှာ ကျင့်တာမဟုတ်ဘူးလားလို့ မေးပြန်တော့ မဟုတ်သေးပါ ဘူးဘုရား ။ ။ ။ တဲ့။

ဒီလိုနဲ့ ဖြေလိုက်တာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ရောက်သွားတယ်။ ဉာဏဒဿနဝိသုဒ္ဓိ ရောက်သွားပြီး။ ဉာဏဒဿန ဝိသုဒ္ဓိဆိုတာ မဂ်ဆိုက်သွားပြီ။ ဝိသုဒ္ဓိအလုပ်ဟာ နိဗ္ဗာန်အကျိုးငှာ ကျင့်တာမဟုတ်ဘူးလား ဆိုတော့ မဟုတ်သေးပါဘူး။ ဥပါဒါန် မစွဲတဲ့ နိဗ္ဗာန်အကျိုးငှာသာ ကျင့်ကြတာ။ နိဗ္ဗာန်ဆိုတာ ဥပါဒါန် ချုပ်မှ ရောက်တယ်။ ဤခန္ဓာစွန့်ပြီး နောက်ခန္ဓာ ဥပါဒါန်မစွဲရင် ခန္ဓာမရဘူးတဲ့။ နိဗ္ဗာန်ရောက်တာ ဟောတာပဲ။ ဥပါဒါန်ပြုတ်ဖို့ အရေးဟာလဲ ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်ကို ခဏခဏ ပြရတယ်။ တ - တဏှာချုပ်အောင်လုပ်ပါဟ ဆိုတာ ဥပါဒါန်က ချုပ်မသွားဘူး လား။

ဥပါဒါန်မရှိရင် ကံက သူ့ချည့်သက်သက်၊ ငှဲ့ဟာငါလုပ်မယ်

"နာမ်၊ ရူပ်ပေါ်စေရန်" "ရူပ်ကိုသာ" အဖန်ဖန်ရှုအပ်သည် မှတ်ပေ၏။ ထိုယောဂီသည် အကြင်,အကြင် ရှုမှတ်သော အခြင်း အရာဖြင့် ရူပ်သည် ကောင်းစွာ ဆေးကြောသုတ်သင်အပ်ပြီးသည် ဖြစ်စေ အရှုပ်အထွေးမရှိ။ ကောင်းစွာထက်ဝန်းကျင် စင်ကြယ်၏။ ထိုထို ရူပ်ကို ရှုမှတ်မှုစင်ကြယ်တိုင်း ထိုရူပ်ကို အာရုံပြုကုန်သော နာမ်တရားတို့သည် အလိုလိုပင် ထင်ရှားကုန်၏။

ရူပ်နာမ်ခွဲပါးတခြားစီကွဲပြားလျက် ထင်ရှားသောအခါ၌-

၁(က) သုတနည်းသူဖြစ်လျှင် - ဤသို့သဘောပေါက်တတ်၏။ ဖောင်းတာနှင့်မှတ်တာ၊ ပိန်တာနှင့်မှတ်တာ၊ ထိုင်တာနှင့် မှတ်တာ၊ တွေးတာနှင့်မှတ်တာ၊ ဤသို့စသည်ဖြင့် (၂)ခု၊ (၂)ခုရှိတာပဲ၊ ဒီဟာနှစ်ခုအပြင် ဘာမျှမရှိတော့ဘူး။

လူဆိုတာလည်း ဒီဟာနှစ်ခုပဲ။

ယောက်ျား၊ မိန်းမဆိုတာလည်း ဒီဟာနှစ်ခုပဲ။

ဒီဟာနှစ်ခုမှတပါး၊ ပုဂ္ဂိုလ်သတ္တဝါကောင်ရယ်လို့ အသီးအခြား မရှိဘူး ဟူ၍ မှတ်နေဆဲမှာပင် သဘောကျလျက် ဆင်ခြင် ဆုံးဖြတ် တတ်၏။

၁(ခ) သုတရှိသူဖြစ်လျှင်ကား ဤသို့သဘောပေါက်တတ်၏။ အာရုံမှီရာရူပ်နှင့် မှတ်မှုနာမ်တို့ကိုသာ မှတ်တိုင်းတွေ့မြင် ရသောကြောင့်၊ ဤသို့သဘောကျလျက် ဆင်ခြင်ဆုံးဖြတ် တတ်၏။

ရူပ်၊ နာမ် နှစ်ပါးမျှသာ ရှိတာ ဟုတ်မှန်ပါပေ၏။

ဤ ရုပ်၊နာမ် နှစ်ပါးမှတပါး မိန်းမ၊ ယောကျ်ား၊ သတ္တဝါ ကောင် ဟူ၍ အသီးအခြားမရှိပြီး။

မှတ်ခိုက်မှာ မှတ်သိရတဲ့ ရုပ်နှင့်မှတ်သိမှုနာမ် ဤနှစ်မျိုးသာ ရှိသည်။

မမှတ်ဘဲ နေခိုက်မှာလည်း အတူတူဘဲ ဖြစ်ဆဲမှီရာရုပ်နှင့် ကြံမှု စသောနာမ်၊ ဤနှစ်မျိုးသာ ရှိသည်။

ဤ ရုပ်၊နာမ် နှစ်မျိုးကိုပင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား ဟူ၍ ခေါ်ဝေါ်နေကြရပေသည်။ ခေါ်ဝေါ်ရုံမျှသာပဲ။

အမှန်မှာတော့ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား ဟူ၍ အသီးအခြား မရှိတော့ပြီ။

ယခုမှတ်သိရတဲ့ ရုပ်နာမ်သဘောမျှသာ ရှိသည်ဟု ဤသို့ စသည်ဖြင့် သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်တတ်၏။ ထိုသို့သော ဆင်ခြင် ဆုံးဖြတ်မှုများကိုလည်း၊ ပေါ်တိုင်းပေါ်တိုင်း၊ ဆင်ခြင်တယ် ဆင်ခြင်တယ် ဟု မှတ်ပြီးလျှင်၊ ဖောင်းမှု၊ ပိန်မှုစသော မှတ်နေကျ ကိုသာ ဆက်၍မပြတ် မှတ်ပါလေ။

“ ဝိသုဒ္ဓိ ၇ – ပါး ရထား (၇) စင်း တက် – ဆင်း ဥပမာ” တရားတော်

သူတို့မေးနေတာကဖြင့် အမေး ကိုယ်တော်ကြီးကလဲ ပညာအရာ ဧတဒဂ်ရ။ ဟိုကလဲ သူတစ်ပါးချွတ်ဖို့ စရိုက်ဖမ်းတဲ့နေရာမှာ သူတစ်ပါးကို တရားဟောချွတ်နိုင်တဲ့နေရာမှာ သူကလဲဧတဒဂ်ရပဲ။ ရဟန္တာနှစ်ပါး မဂ္ဂင်လမ်းကို နှစ်ပါးစလုံးရောက်လို့ နိဗ္ဗာန်ကို မြင်ပြီးသားပုဂ္ဂိုလ်ချည့်ပဲ။ ဘယ်အတွက်ကြောင့် ဒီအမေးနဲ့ ဒီအဖြေ လုပ်နေပါလိမ့်မတုံး။ နောင်လာနောက်သားများ လမ်းလွဲမှာစိုးလို့။ ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေ၏ ဝိပဿနာအလုပ်၊ ဝါသနာပါသော ပုဂ္ဂိုလ်တွေ၏အရေး။ ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်၏အရေး ကိုယ့်ကိုယ်ကို ဒုက္ခပင်လယ်ဝေတဲ့အထဲမှ ဆွဲထုတ်လိုသောပုဂ္ဂိုလ် အရေး။ အရေးပဲလို့ ဆိုတာ သေသေချာချာ မှတ်ပေတော့။

ဖလသမာပတ်ဆိုတာ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို ဉာဏ်လှည့် နေတာလို့ မှတ်လိုက်စမ်း။ ဖလသမာပတ်ဆိုတာ နိဗ္ဗာန်ကို အမြင် အားဖြင့် ရောက်ရတယ်။ ခန္ဓာကိုယ်ကတော့ဖြင့် မချုပ်သေးလို့ ခန္ဓာက မရောက်သေးဘူးပေါ့ဗျာ။ အမြင်အားဖြင့်တော့ (ရောက်ပါပြီဘုရား)။ ခန္ဓာရှိလျက်နဲ့ မြင်ရတဲ့ နိဗ္ဗာန်ကို သူတို့ အာရုံပြုနေလို့ ရှိရင်ဖြင့် ဘယ်ဝိတက်မှမလာတော့ဘူး။ ဘယ်ကိစ္စတွေမှ အရှုပ် အပွေမရှိဘူး၊ သပိတ်ဆေးစရာ၊ သင်္ကန်းခေါက်စရာ ကိစ္စတွေ တောင်မှ သူတို့က အလိုမရှိတော့ဘူး။

ခုမြောက် ရထားပေါ် ရောက်ပါတယ်)။ ဖြစ်ပျက်မြင်တယ် ဆိုရင် နောက်ဆုံးမြောက် သုံးစင်ပေါ် ရောက်ပြီ၊ ဖြစ်ပျက်မုန်းတယ်ဆိုလို့ ရှိရင် နောက်ဆုံးနှစ်စင်း ပေါ် ရောက်ပြီ။ အလုပ်သမားတွေအတွက် မှာဖြင့် ကိုယ်စီးပြီးသားရထားတွေကို ကိုယ်ဆင်းပြီးသကာလ ရောက်ခါနီးရထားတွေပေါ် တက်နိုင်တယ်ဆိုတာ ယနေ့ရှင်းသွားပြီ။

မလုပ်ဘဲနဲ့ဖြင့် မရဘူး(မရပါဘူးဘုရား)။ သူ့ရထားနဲ့ ဆင်းကာ၊ တက်ကာ၊ ဆင်းကာ၊ တက်ကာသွားမှ ရတဲ့ အဓိပ္ပာယ်ကို ရှင်ပုဏ္ဏက ရှင်သာရိပုတ္တရာကို ဖြေပြတာ။ ဒီတရားကို ဆရာဘုန်းကြီးက လေးလေးနက်နက်နဲ့ တစ်ခါဟောပြောပြနေတာ ဘယ်အကျိုးဌာတုံးမေးတော့ ကိုယ်ဘယ်ရထားရောက်နေ တယ်ဆိုတာ သိအောင်လို့။ ဖြစ်ပျက်တွေဉာဏ်ထဲမှာ ကြည့်ရင်းမတ္တာနဲ့ မလိုချင်လို့ ဆုံးသွားလို့ရှိရင်ဖြင့် ခုနစ်ခုမြောက် ရထားပေါ် ရောက်လို့ ဆင်းတောင်ဆင်းပါပြီ။ ကိုယ့်ရထားကိုယ်ကြည့်ပြီး နီးပြီဆိုတာ သိတယ်နော်။

ကိုယ်နီးတာ၊ ဝေးတာကို ကိုယ်စီးနေတဲ့ရထားက ပြောနေတယ်။ ဖြစ်ပျက်မြင်ရင် ၅-နံပါတ်ရထား။ ဖြစ်ပျက်မုန်းလို့ရှိရင် ၆-နံပါတ်ရထားပေါ် ရောက်နေပြီ။ အဲဒါကြောင့် နိဗ္ဗာန်အဝေးကြီးဆိုတာ မလုပ်တဲ့ပုဂ္ဂိုလ် အတွက်တော့ မှန်ပေလိမ့်မယ်။ လုပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ ကိုယ်စီးတဲ့ရထားနဲ့ ကိုယ်ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။ သီလဆောက်တည် နေတယ်ဆိုရင် သီလဖြူစင်ရင် ပထမရထားတက်ပြီ။ ငါသည် အာနာပါနကလေး လုပ်လိုက်ဦးမယ်၊

လို့ ဖြစ်သေးရဲလား . . . (မဖြစ်ပါဘုရား) ဥပါဒါန် လက်ညှိုးညွှန်ရာကို ကံကလုပ်ရတာ။ ကံကောင်းလို့ လူဖြစ်တယ်၊ ကံမကောင်းလို့ ခွေးဖြစ်တယ်၊ ကံကချည့် လုပ်တယ်ထင်နေတယ်။ မဟုတ်ပါဘူး၊ ဥပါဒါန်လက်ညှိုးညွှန်ရာ ကံကလုပ်ရတာ။ ဥပါဒါန်ချုပ်ရာကို နိဗ္ဗာန်လို့ ရှင်ပုဏ္ဏက ဖြေလိုက်တယ်။ ဘယ်အကျိုးဌာ အားလုံးကျင့်နေကြတာတုံးဆို ဥပါဒါန်ချုပ်၍ နိဗ္ဗာန်အကျိုးဌာ ကျင့်နေကြတာ။ သီလစင်ကြယ်အောင် လုပ်တဲ့ပုဂ္ဂိုလ်တွေကို နိဗ္ဗာန်လို့ ဆိုလို့ရှိရင်လဲ ပုထုဇဉ်ဟာ နိဗ္ဗာန်ရောက်နေမှာ။ သမထလုပ်နေတဲ့ ပုဂ္ဂိုလ်လဲ နိဗ္ဗာန်ရောက်နေတယ်လို့ မဆိုရပေဘူးလား။

အဲဒါကြောင့် မဂ်ဉာဏ်ဟာ ဖြစ်ပျက်သခ်ၤတ၊ ဖြစ်ပြီးပျက်နေတော့ ဖိုလ်ဉာဏ်ဖြစ်အောင်ကော မပြုပြင် ရဘူးလား (ဖြစ်ပျက်သွားပါတယ်)။ သခ်ၤတ တရားတွေဆိုတော့ အသခ်ၤတနိဗ္ဗာန်အတွက်နဲ့ သူမဆိုင်ဘူး။ ဒါဖြင့် နိဗ္ဗာန်ဆိုလို့ တော်ပါ့မလား (မတော်ပါဘုရား)။ ဘယ်အကျိုးဌာ ကျင့်တာတုံးဆိုလို့ရှိရင်ဖြင့် ဥပါဒါန်ချုပ်တဲ့ နိဗ္ဗာန်အကျိုးဌာလို့ ဖြေပါတယ်တဲ့။ သီလဖြူစင်အောင် လုပ်နေတာလဲ နိဗ္ဗာန်နဲ့ မဆိုင်သေးဘူး။ အလကားတော့ မဟုတ်ပါဘူး။ အလကားမဟုတ်ပုံကလေးဆိုတော့ သီလဖြူစင်လို့ရှိရင် သမာဓိအလုပ် . . . လုပ်မယ်ဆိုတဲ့ စိတ်ထား ရှိတယ်တဲ့။

သီလဖြူစင်မှ သမာဓိအလုပ် လုပ်လို့ရတယ်။ ဒီတော့ တစ်ခုနဲ့တစ်ခု ကျေးဇူးမပြုဘူး။ သီလက သမာဓိ ကျေးဇူးပြုဟာဘုရား နိဗ္ဗာန်မဟုတ်သေးဘူးတဲ့။ စိတ္တဝိသုဒ္ဓိဟာ ရုပ်နာမ်ခွဲတဲ့ သမ္မာဒိဋ္ဌိ

အကျိုးငှာ ရုပ်နာမ်ခွဲတဲ့အခါ သမ္မာဒိဋ္ဌိရှိတဲ့ ရုပ်နာမ်ခွဲတဲ့အခါ ရှင်းရှင်းလင်းလင်းဖြစ်ပါတယ်။ ရုပ်နာမ်ခွဲတာ ဒိဋ္ဌိဝိသုဒ္ဓိပါပဲ။ ဒိဋ္ဌိဝိသုဒ္ဓိက ဘယ်ကျေးဇူးပြုသတုံးဆိုတော့ ကခ်ီဝိတရဏဝိသုဒ္ဓိဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါမရှိ အကြောင်းအကျိုးသာ ရှိတယ်ဆိုတဲ့ ယုံမှားခြင်း ဖျောက်နိုင်တယ်။ သဘောကျပလား။ အကြားအမြင် စင်ကြယ်ပြီး သား ပုဂ္ဂိုလ်မှ (ယုံမှားခြင်း ဖျောက်နိုင်ပါတယ်)။ ကခ်ီဝိတရဏ ဝိသုဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်မှာ ယုံမှာခြင်းကင်းတော့မှ ဖြစ်ပျက်တွေ ကျင့်တယ်။ ကျင့်တော့ အရောင်အဆင်း အလင်းတွေ ခန္ဓာကိုယ်ထဲက ပီတိကလေးတွေ ဖြတ်ခနဲ ဖြတ်ခနဲ လာတတ်တယ်။

အဲဒါကို မဂ်ထင်နေမှာစိုးလို့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ဟောတယ်။ ယုံမှားခြင်းကင်းတဲ့ ပုဂ္ဂိုလ်မှလဲ ဒီမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိက ဖြစ်နိုင်တာကိုး။ နိဗ္ဗာန်တော့ တိုက်ရိုက်မဟုတ်ဘူးတဲ့။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ကလဲ ဘယ်များ ကျေးဇူးပြုသတုံးကွ ဆိုတော့ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒဆိုတဲ့ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကိုသွားပြီး သူကကျေးဇူးပြုတယ်ဘုရား၊ နိဗ္ဗာန်တော့ မရောက်သေးဘူးတဲ့။ နိဗ္ဗာန်အကျိုးငှာတော့ မဟုတ်သေးဘူးတဲ့။ တစ်ခုချင်း ကျေးဇူးပြုသွားတာပါတဲ့။

ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကလဲ ဉာဏ်စဉ်တွေတက်ပြီး သကာလ နေငြားသော်လဲ နိဗ္ဗာန်ကိုမြင်လဲ မမြင်ရသေးဘူး။ ရောက်လဲ မရောက်သေးဘူး။ နောက်ကျလာတဲ့အခါ မဂ်ဉာဏ်ဆိုတာ ပေါ်လာတယ်နော်၊ ဉာဏဒဿနဝိသုဒ္ဓိဆိုတာ ဉာဏ်စင်ကြယ်သွား

တဲ့တရား၊ သူကလဲ ဖြစ်ပျက်ပဲရှိနေတယ်။ ဝိသုဒ္ဓိခုနစ်ပါးသည် နိဗ္ဗာန်ကို အဆင့်အဆင့်အားဖြင့် ကူညီပြီး ကျေးဇူးပြုကြောင်း တရား။ စင်စစ်တော့ဖြင့် နိဗ္ဗာန်ကို အဆင့်ဆင့် ကျေးဇူးပြုတဲ့တရား၊ နိဗ္ဗာန်မဟုတ်ဘူးဆိုတာ ရှင်းပြီကွာတဲ့။

ဒီသာကေတမြို့ကလဲတဲ့ ခုနစ်ယူဇနာဝေးတယ်။ တစ်ယူဇနာ ပြည့်တဲ့အခါ ဒီမြင်းက မသွားနိုင် မလာနိုင်တော့ ဟိုဘက်က မြင်းလှည်းကနေပြီး ဆက်ပြီးကြိုရတယ်။ ခုနစ်ဆက်ကြိုကြိုပြီး မြင်းလှည်းတွေပြောင်း ပြောင်း - ပြောင်းပြောင်း စီးသွားတော့ ခုနစ်ခုမြောက် လှည်းကဆင်းလိုက်တော့ သာကေတ မရောက်ဘူးလား။ မြင်းရထားခုနစ်စင်းနဲ့ တစ်ယူဇနာမှ တစ်ခါလဲ၊ ခုနစ်ခါလဲလို့ ဆင်းတော့မှ သာကေတဆိုတဲ့ သူ့ဆွေမျိုးရှိတဲ့နေရာ ရောက်ပါတယ်။ ဒီအတိုင်းပါပဲတဲ့ သီလဝိသုဒ္ဓိက ဆင်းပြီး စိတ္တဝိသုဒ္ဓိတက်ရမှာပဲ၊ စိတ္တဝိသုဒ္ဓိ ဆင်းပြီး ဒိဋ္ဌိဝိသုဒ္ဓိတက်ဖို့ပဲ။ ဒီဘက်က ဉာဏဒဿနဝိသုဒ္ဓိက ဆင်းတဲ့ခါကျတော့ သူ့ သာကေတမြို့နဲ့တူတဲ့ နိဗ္ဗာန်ရောက်ပါတယ်။

သူတို့က အဆင့်ဆင့် ကျေးဇူးပြုမှုသာရှိတယ်။ နိဗ္ဗာန်မဟုတ်ဘူး။ ဝိသုဒ္ဓိခုနစ်ပါးက ရထားခုနစ်စင်းနဲ့ တူတယ်။ ရထားခုနစ်စင်းကိုပြောင်းစီးတဲ့ ပဿေနဒီကောသလမင်းကြီးနဲ့ (ယောဂီပုဂ္ဂိုလ်နဲ့ တူပါတယ်)။ ခြောက်ခုမြောက်အစင်းပေါ်လဲ သူရောက်နေပါပြီ။ ဖြစ်ပျက်များ အဆုံးမြင်လိုက်လို့ရှိရင် ခုနစ်ခုမြောက် ရထားပေါ် ရောက်တယ်။ ဖြစ်ပျက်အဆုံးမြင်လိုက်ရင်။ (ခုနစ်

သမာဓိကလေးတည်အောင် လုပ်လိုက်ပါဦးမယ်ဆိုရင် ပထမရထားကဆင်းပြီး ဒုတိယရထားတက်မိပြီ။ ဆရာကောင်း၊ သမားကောင်းဆီ ရုပ်နာမ်ခွဲတာတွေ နာလိုက်ရတော့ ဒုတိယရထားကဆင်းပြီး တတိယရထားတက်ပြီ။

ဒီဆရာသမားက ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသာရှိတယ်။ ခန္ဓာကိုယ်မှာလို့ သိပြန်တော့လဲ စတုတ္ထမြောက်ရထားတတ်တယ်။ ဒီတွင်မနေနဲ့ကွာ ဒါတွေကသိမှ၊ ရှုမှလုပ်ပါဦးဆိုတော့ ဖြစ်ပျက်တွေ မြင်လာတယ်။ ပဉ္စမမြောက်ရထားတက်တယ်။ မြင်ရုံတွင်မနေဘဲ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ခင်ဗျားတို့ ကိုယ်တိုင် မုန်းလာလိမ့်မယ်။ မုန်းလာရင်ပဲ (ခြောက်စင်းမြောက်ရထားပါ) ခြောက်စင်းမြောက်ရထားတက်ပြီ။ ရထားက ခုနစ်စင်းမှာ ခြောက်ခုပေါ်တောင် တက်မိမှ နိဗ္ဗာန်နဲ့နီးသလား - ဝေးသလားလို့ မေးဖို့ အတော်ရှင်းနေတယ်။ (နီးပါတယ်ဘုရား)။

ဒီတော့ ဖြစ်ပျက်တွေမုန်းတော့ မုန်းတာမှ လူတောင်ထွက်ပြေးချင်တယ်။ မရှိချင်လိုက်တာလွန်လို့။ စိတ်တွေဘာတွေများညှီးငယ်လာတယ်။ ပေးရှုပါ - ပေးရှုပါ စူးစူးစိုက်စိုက် ပေးရှုပါလို့ ခိုင်းလိုက်တော့ မုန်းရာကနေပြီး ဒါတွေ ဒုက္ခသစ္စာမြင်ပြီး ဆုံးသွားတယ်လို့ အဆုံးမြင်လိုက်တယ်ဆိုရင် ခုနစ်ခုမြောက်ရထားပေါ်တက်ပြီ။ တက်ပြီးတယ်ဆိုကတည်းက နောက်ကျတော့ မဂ်ပေါ်တက်ပြီးသကာလ အားလပ်တဲ့အခါ ဖြစ်ပျက်ရှုဦးမယ်ဆိုပြီး ရှုလိုက်တော့ မဂ်မပေါ်လာဘဲနဲ့ တစ်ခါတည်း နိဗ္ဗာန်ပေါ်လာ

တော (လေးဆယ်)တရား
ဝိပဿနာလေးဆယ်

အနိစ္စအခြင်းအရာ (၁၀)ပါး		ဒုက္ခအခြင်းအရာများ (၂၅)ပါး		အနတ္တအခြင်းအရာ (၅)ပါး	
၁	အနိစ္စ	၁	ဒုက္ခ	၁	အနတ္တ
	(က) အနိစ္စန္တိက		(က) အဘိဏှ သမ္မဒုပ်ဒ်ဋ္ဌန		(က) အဿာမိက
	(ခ) တာဝကာလိက		(ခ) ဒုက္ခမ		(ခ) အနိဿရ
	(ဂ) ဥဒယဝယပရိဏ်ဍန		(ဂ) ဒုက္ခဝတ္ထု		(ဂ) အဝသဝတ္တိ
၂	ပလောက	၂	ရောဂ	၂	ပရ
၃	စလ	၃	ဂဏ္ဍ အနာစိမ်း	၃	ရိတ္တ
၄	ပဘင်္ဂု	၄	သလ္လ မျှားစူးညောင့်	၄	တုစ္ဆ
၅	အဒ္ဓုဝ	၅	အဃ မကောင်းမှုမြေ	၅	သုည
၆	ဝိပရိဏောမဓမ္မ	၆	အဃမူလ မကောင်းမှုအကြောင်း		
၇	အသာရက	၇	အာဟဒ အနာရောဂါပေါင်းစုံ		
၈	ဝိဘဝ	၈	ဣတိ		
၉	သဒ်တ	၉	ဥပ္ပဒ္ဒဝ		
၁၀	မရဏဓမ္မ	၁၀	ဘယ		
		၁၁	ဥပသဂ္ဂ		
		၁၂	အတာဏ		
		၁၃	အလေဏ		
		၁၄	အသရဏ		
		၁၅	အာဒီနဝ		
		၁၆	ဝဒက		
		၁၇	ဃာသဝ		
		၁၈	မဂရာမိသ		
		၁၉	ဇာတိဓမ္မ		
		၂၀	ဇရာဓမ္မ		
		၂၁	ဗျာဓိဓမ္မ		
		၂၂	သောကဓမ္မ		
		၂၃	ပရိဒေဝဓမ္မ		
		၂၄	ဥပါယာသဓမ္မ		
		၂၅	သံကိလေသိကဓမ္မ		

တာပဲ။ ကိုယ့်ဉာဏ်ထဲက နိဗ္ဗာန်ကြီး မြင်နေလို့ ခုနစ်ခုကတောင် ဆင်းလိုက်ပြီ။

ကိုယ့်ဉာဏ်နဲ့ကိုယ် တိုင်းတတ်ပလား၊ နိဗ္ဗာန်အဝေးကြီးဆိုတဲ့ စကားတွေဟာ အလုပ်ပေါ်မှာ မပါလို့ပဲ။ သူ့ဟာသူ ရမ်းပြောနေတဲ့ အဓိပ္ပာယ်။ ဒီဝိသုဒ္ဓိခုနစ်ပါးကို မူတည်ထားရမယ်။ ဖြစ်ပျက်မြင်ရင် ငါးခုမြောက် ရထားကို (တက်ပါပြီဘုရား)။ ဖြစ်ပျက်မုန်းရင် (ခြောက်ခုမြောက်ရထားတက်ပါပြီ) ဖြစ်ပျက်ဆုံးသွားပြီ (ခုနစ်ခုမြောက်ရထား တက်ပါတယ်ဘုရား)။ ကဲ ဒါဖြင့် နိဗ္ဗာန်တစ်ခါတည်း ဆင်းရုံပဲ ကျန်တော့တယ်။ ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ရထားနဲ့ရေတွက်ကြည့်လိုက်တဲ့အခါကျတော့မှ လုပ်ကြည့်လို့ရှိရင် ဖြင့် ကိုယ်ရောက်ရာရထား၊ ကိုယ်စီးနိုင်တဲ့ရထား၊ ကိုယ်စီးနေတဲ့ ရထားသည် နီးတယ်၊ ဝေးတယ်ဆိုတာ ခုနင်ကပြောတဲ့ ဝိသုဒ္ဓိနဲ့ ဝေဖန်လိုက်တော့မှ နီးတာဝေးတာ ပေါ်လာတယ်။ ဆုံးဖြတ်ချက်ချလိုက်တော့ ဆင်ခြင်ဝင်စရာ ပါသေးသလား။

စဉ်းစားကြည့်ပါတဲ့၊ ၅-နံပါတ်ဆိုတဲ့ မဂ္ဂင်ငါးပါး၊ မဂ္ဂင်ငါးပါးနဲ့ ပြည့်စုံနေပြီ ဖြစ်ပျက်မြင်တယ်ကိုးဗျ၊ ၆-နံပါတ်ဆိုလို့ရှိရင် ဖြစ်ပျက်မုန်းတယ်ဆိုလို့ရှိရင်လဲ မဂ္ဂင်ငါးပါးပဲ ဖြစ်ပျက်အဆုံးမြင်တယ်ဆိုတော့ ရှစ်ပါး၊ သဘောကျပလား။ ဒါဖြင့် ဒကာ ဒကာမတို့ ပထမယာဉ်၊ ဒုတိယယာဉ်၊ ငါးခုယာဉ်ကနေပြီး ရှစ်ခုယာဉ်တက်ရတာပဲ။ ဒီရှစ်ခုယာဉ် တက်ပြီးလဲ ဒီအပေါ်နေလို့မဖြစ်ပါဘူး။ ဆင်းရုံပါပဲ၊ ဆင်းရင် နိဗ္ဗာန်ပဲ။ နီးပြီတဲ့ ရှေ့ရထား ဘယ်နှစင်းသာရှိတော့သတုံး။ ။ ။ နှစ်စင်းကျန်တော့တယ်။

ဟာ - ဒါဖြင့် ကြိုးစားလိုက်၊ ကြိုးစားလိုက်ဆိုပြီး သကာလ မုန်းအောင်ရှုလိုက်စမ်းပါလို့ ဖြစ်ပျက်မြင်ရုံနဲ့ မပြီးသေးလို့ ဖြစ်ပျက်မုန်းသည့်တိုင်အောင် ကြိုးစားလိုက်စမ်းပါဆိုတော့ ဘယ်ပေါ်ရောက်သွားသတုံး ။ (၆-နံပါတ်ပေါ် ရောက်သွားပါတယ်ဘုရား)။ ဖြစ်ပျက်မုန်းတဲ့ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်မလိုချင်ဖို့ အနီးကလေးပါ။ မုန်းတဲ့ပုဂ္ဂိုလ်ဟာ မလိုချင်ပါဘူးဆိုတော့ ဒီမှာလဲ မုန်းလာလို့ရှိရင် မလိုချင်တဲ့ဥစ္စာ ဖြစ်ပျက်မုန်းလို့ရှိရင် ဖြစ်ပျက်မလိုချင်ဆိုတဲ့ မဂ်ဉာဏ်ဟာ ခဏကလေးလာတယ်။ ဒါဖြင့် တစွေ့ခုန်ပဲ ကျန်တော့တယ်။ တစွေ့ခုန်ဖြင့် ကဲ - မုန်းတာပေးရှုနေလိုက်လို့ရှိရင် မလိုချင်တဲ့ဉာဏ် တက်မိတော့ ခုနစ်နံပါတ်ရထားပေါ် မရောက်ပေဘူးလား။ ဖျတ်ဆိုခုနစ်ဆိုတော့ သောတာပတ္တိမဂ်ဉာဏ်ပေါ်လာပြီး သောတာပတ္တိဖိုလ်ရောက် သွားတော့ ဆင်းတာပဲ။ ဆင်းရင် နိဗ္ဗာန်ရောက်တာပဲ။

ကြိုတင်၍ မသိရသည်သာ ဖြစ်ကုန်သော ပြန့်ပြောကြီးကျယ်ကုန်သော အကျိုးမဲ့တို့ကို ဆောင်တတ်၊ ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ အလုံးစုံသော ဥပဒ္ဒဝေါတို့၏ တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း ဥပဒ္ဒဝေါ ဟု သုံးသပ်၏ (၁၁)။ အလုံးစုံသော ဘေးတို့၏ ဖြစ်ပေါ်ရာဘေးတွင်းသဖွယ် ဖြစ်သောကြောင့်လည်းကောင်း၊ ဆင်းရဲငြိမ်းခြင်းဟု ဆိုအပ်သော မြတ်သော သက်သာရာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ကြောက်ဖွယ်ဘေး ဟု သုံးသပ်၏ (၁၂)။ များစွာသောအကျိုးမဲ့တို့ အစဉ်လိုက်ပါလာသောကြောင့်လည်းကောင်း၊ ရာဂအစရှိသော အပြစ်ဒေါသတို့နှင့် ကပ်ငြိလူးလဲသောကြောင့်လည်းကောင်း၊ ပူးကပ်သော အမှောင့်ပယောဂကဲ့သို့ပင် လက်ခံရန် မထိုက်တန်သောကြောင့်လည်းကောင်း၊ ကပ်ငြိသောအနှောင့်အယှက်ဟု သုံးသပ်၏ (၁၃)။ နာခြင်း၊ အိုခြင်း၊ သေခြင်းတို့ဖြင့်လည်းကောင်း၊ လာဘ်ရခြင်း၊ လာဘ်မရခြင်း အစရှိသော လောကဓံတရားတို့ဖြင့်လည်းကောင်း၊ တုန်လှုပ်သောကြောင့် တုန်လှုပ်သည်ဟု သုံးသပ်၏ (၁၄)။ ပျက်စီးအောင်ပြုလုပ် အားထုတ်ခြင်းဖြင့်လည်းကောင်း၊ မိမိ၏သဘောအတိုင်း အလိုအလျောက်အားဖြင့်လည်းကောင်း ပျက်စီးခြင်းသို့ရောက်တတ်သောကြောင့် ပျက်လွယ်သည်ဟု သုံးသပ်၏ (၁၅)။ ခပ်သိမ်းသော အခိုက်အတန့်တို့၌ လဲပြိုကျတတ်၊ ပျက်စီးတတ်သောကြောင့်လည်းကောင်း၊ ခိုင်ခံ့သည်၏အဖြစ်မရှိသောကြောင့်လည်းကောင်း၊ မခိုင်ခံ့ဟု သုံးသပ်၏ (၁၆)။ မစောင့်ရှောက်တတ်

အခြင်းအရာလေးဆယ်တို့ဖြင့် ရှုပုံ

ထိုယောဂီသည် ငါးပါးသောခန္ဓာတို့၌ မမြဲ၊ ဆင်းရဲ၊ အတ္တ မဟုတ်ဟု သုံးသပ်သော ထိုသမ္မသနဉာဏ်ပင်လျှင် မြဲမြံခိုင်ခံ့ခြင်း အကျိုးငှာ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် -

"အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့် (အနုလောမိက ခန္တီမည်သော) အရိယာမဂ်အားလျော်သော အနုလောမဉာဏ်ကို ရသနည်း။ အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့် ကိန်းသေမြဲသော သဘောမှန် (သမ္မတ္တနိယာမမည်သော အရိယာမဂ်)သို့ သက်ရောက်သနည်း" ဟူသော ဤမေးခွန်း၏ အဖြေဖြစ်သော ဝေဖန်ချက်၌ -

ငါးပါးသော ခန္ဓာတို့ကို မမြဲဟု (ရှုမြင်လတ်သော်) ဆင်းရဲဟု၊ ရောဂါဟု၊ အိုင်းအမာဟု၊ ငြောင့်ဟု၊ မကောင်းမှုဟု၊ ဖျားနာဟု၊ အပြင်ပသူစိမ်းဟု၊ အလွန်ပျက်သည်ဟု၊ ဘေးရန်ဟု၊ ဥပဒ္ဒဝေါဟု၊ ကြောက်ဖွယ်ဘေးဟု၊ ကပ်ငြိမ်သောအနှောက်အယှက်ဟု၊ တုန်လှုပ်သည်ဟု၊ ပျက်လွယ်သည်ဟု၊ မခိုင်ခံ့ဟု၊ မစောင့်ရှောက် တတ်ဟု၊ ပုန်းအောင်းရာမဟုတ်ဟု၊ ကိုးကွယ်ရာမဟုတ်ဟု၊ ကင်းသည်ဟု၊ အချည်းနှီးဟု၊ ဆိတ်သုဉ်းသည်ဟု၊ အတ္တမဟုတ်ဟု၊ အပြစ်ဟု၊ ဖောက်ပြန်ခြင်းသဘောရှိသည်ဟု၊ အနှစ်မရှိဟု၊ မကောင်းမှု၏အမြစ်အရင်းဟု၊ သူသတ်သမားဟု၊ ကြီးပွားစည်ပင်ခြင်းကင်းသည်ဟု၊ အာသဝေါနှင့်တကွ ဖြစ်သည်ဟု၊ ပေါင်းစု၍ပြုအပ်သည်ဟု၊ သူသတ်သမားမာရ်တို့၏သတ်စရာအစာဟု၊ ဖြစ်ခြင်းသဘောရှိသည်ဟု၊ အို

ခြင်းသဘောရှိသည်ဟု၊ နာခြင်းသဘောရှိသည်ဟု၊ သေခြင်းသဘောရှိသည်ဟု၊ စိုးရိမ်ဖွယ်သဘောဟု၊ ငိုးကြွေးဖွယ်သဘောဟု၊ ပြင်းစွာပူပန်ဖွယ်သဘောဟု၊ ကိလေသာတို့၏ စွဲရာမှီရာအာရုံသဘောဟု (ရူမြင်လတ်သော်) ဤသို့လျှင် လေးဆယ်သောအခြင်းအရာတို့ဖြင့် -

"ငါးပါးသောခန္ဓာတို့ကို မမြဲဟု ရှုမြင်လတ်သော် (ရူမြင်လျက်) အရိယာမင် အားလျော်သော အနုလောမဉာဏ်ကိုရ၏။ ငါးပါးသော ခန္ဓာတို့၏ချုပ်ခြင်းသည် မြဲသောနိဗ္ဗာန်တည်းဟု ရှုမြင်လတ်သော် (ရူမြင်လျက်) ကိန်းသေမြဲသော သဘောမှန်(သမ္မတ္တနိယာမမည်သော အရိယာမင်)သို့ သက်ရောက်၏"ဟု ဤသို့ အစရှိသော နည်းဖြင့် အနုလောမဉာဏ်ကို ဝေဖန်တော်မူလျက် အသေးစိတ်အကျယ်အပြားအားဖြင့် အကြင် အနိစ္စစသည်ဖြင့် သုံးသပ်ခြင်းကို ဟောတော်မူ(အပ်)၏၊ ထိုအနိစ္စစသည်ဖြင့် သုံးသပ်ခြင်း၏ အစွမ်းအားဖြင့်လည်း ဤငါးပါးသော ခန္ဓာတို့ကို သုံးသပ်၏။

အဘယ်သို့နည်းဟူမူ . . . ထိုယောဂီသည် တပါးပါးသော ခန္ဓာကို ပျက်ခြင်းဟူသောအဆုံးကို မလွန်သောကြောင့်လည်းကောင်း၊ အစနှင့်အဆုံးရှိသောကြောင်းလည်းကောင်း အနိစ္စ-မမြဲဟု သုံးသပ်၏။ (၁)။ ဖြစ်ခြင်းပျက်ခြင်းတို့က မပြတ်နှိပ်စက်သောကြောင်းလည်းကောင်း၊ ဆင်းရဲ၏တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း၊ ဒုက္ခ-ဆင်းရဲဟုသုံးသပ်၏။ (၂)။ အစာအဝတ်စသောပစ္စည်းတို့ဖြင့် မျှတစေရသောကြောင့်လည်းကောင်း၊ ရောဂါတို့၏ မူလရင်းဖြစ်သောကြောင့်လည်းကောင်း (စွဲကပ်နေသော)ရောဂါ(နှင့်တူသည်)

ဟု သုံးသပ်၏။(၃)။ ဒုက္ခ (၃)မျိုးဟူသော နာကျင်ကိုက်ခဲခြင်းနှင့် ယှဉ်သောကြောင်းလည်းကောင်း၊ ကိလေသာဟူသော သနံရည်ပြည်ပုပ်တို့ကို ယိုထွက်စေသောကြောင့်လည်းကောင်း၊ ဖြစ်ခြင်းရင့်ခြင်း၊ ပျက်ခြင်းတို့ဖြင့် ဖူးဖူးယောင်၍မှည့်ရင့်ပြီးလျှင် ပေါက်ကွဲတတ်သောကြောင်းလည်းကောင်း၊ အိုင်းအမာ(နှင့်တူသည်)ဟု သုံးသပ်၏။ (၄)။ နှိပ်စက်ခြင်းကို ဖြစ်စေတတ်သောကြောင်းလည်းကောင်း၊ အတွင်း၌ ထိုးဆွတတ်သောကြောင့်လည်းကောင်း၊ နှုတ်ပယ်နိုင်ခဲသောကြောင့်လည်းကောင်း (စူးဝင်နေသော)ငြောင့်(နှင့်တူသည်)ဟု သုံးသပ်၏ (၅)။ ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက်သောကြောင့်လည်းကောင်း၊ အကျိုးမဲ့ပျက်စီးခြင်းကို ဆောင်တတ်၊ ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ မကောင်းမှု၏ တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း၊ မကောင်းမှု(နှင့်တူသည်)ဟု သုံးသပ်၏ (၆)။ ကိုယ့်အလိုအတိုင်း မဖြစ်ခြင်းကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ဖျားနာခြင်း၏ နီးသောအကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ဖျားနာမှု(နှင့်တူသည်)ဟု သုံးသပ်၏ (၇)။ အလိုအတိုင်းမဖြစ်သောကြောင့်လည်းကောင်း၊ မစီမံမခန့်ခွဲနိုင်သောကြောင့်လည်းကောင်း၊ အပြင်ပသူစိမ်း(နှင့်တူသည်)ဟု သုံးသပ်၏ (၈)။ နာခြင်း၊ အိုခြင်း၊ သေခြင်းတို့ဖြင့် အကြီးအကျယ် ပျက်စီးတတ်သောကြောင့် အလွန်ပျက်စီးတတ်သည်ဟု သုံးသပ်၏ (၉)။ များစွာသော ပျက်စီးခြင်း (ဗျသန)တို့ကို ဆောင်တတ်၊ ဖြစ်စေတတ်သောကြောင့် ဘေးရန် ဟု သုံးသပ်၏ (၁၀)။

အပြင်ပသူစိမ်းဟု(သုံးသပ်၏)၊ ကင်းသည်ဟု၊ အချည်းနှီးဟု၊ ဆိတ်သုဉ်းသည်ဟု၊ အတ္တမဟုတ်ဟု (သုံးသပ်၏) ဟူ၍ တပါးတပါးသော ခန္ဓာ၌ (၅)ပါးစီပြု၍ (၂၅)ပါးသော အနတ္တာနုဿနာတို့ ဖြစ်ကုန်၏။

ကြွင်းကုန်သော "ဆင်းရဲဟု (သုံးသပ်၏) ရောဂါဟု (သုံးသပ်၏) ဤသို့အစရှိသော သုံးသပ်မှုတို့ကို တပါးတပါးသော ခန္ဓာ၌ (၂၅)ပါးစီပြု၍ (၁၂၅)ပါးသော ဒုက္ခနုပဿနာတို့ ဖြစ်ကုန်၏။

ဤဆိုခဲ့သောနည်းဖြင့် ၂၀၀ အပြားရှိသော ဤအနိစ္စစသည်ဖြင့် သုံးသပ်ခြင်းဖြင့် (၅)ပါးသော ခန္ဓာတို့ကို သုံးသပ်ဆင်ခြင်သော ထိုယောဂီ၏ နာယဝိပဿနာဟုဆိုအပ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားဖြင့် သုံးသပ်သော ထိုသမ္မသနဉာဏ်သည် မြဲမြံခိုင်ခံ့သွားပေ၏။ ဤဆိုခဲ့ပြီးသည်ကား ဤအရာ၌ ပါဠိနည်းကို အစဉ်လျှောက်၍ သုံးသပ်အားထုတ်ပုံ အစီအရင်တည်း။

သောကြောင့်လည်းကောင်း၊ ဘေးငြိမ်းခြင်းကို ရနိုင်ရာမဟုတ်သောကြောင့်လည်းကောင်း၊ မစောင့်ရှောက်တတ်ဟု သုံးသပ်၏ (၁၇)။ မှီကပ်ပုန်းအောင်းခြင်းငှား မထိုက်တန်သောကြောင့်လည်းကောင်း၊ မှီကပ်ပုန်းအောင်သော သူတို့အားလည်း ပုန်းအောင်ရာကိစ္စကို မပြုတတ်သောကြောင့်လည်းကောင်း၊ ပုန်းအောင်းရာမဟုတ်ဟု သုံးသပ်၏ (၁၈)။ မှီခိုလာသောသူတို့အား ဘေးကိုပယ်ဖျောက်တတ်သည်၏ အဖြစ်မရှိသောကြောင့် ကိုးကွယ်ရာမဟုတ်ဟု သုံးသပ်၏ (၁၉)။ ဗာလပုထုဇဉ်တို့ ကြံစည်ယူဆထားသည့်အတိုင်း ခိုင်မြဲသည်၏အဖြစ် တင့်တယ်သည်၏အဖြစ် ချမ်းသာသည်၏ အဖြစ် အတ္တ၏အဖြစ်တို့မှ ကင်းသောကြောင့် ကင်းသည်ဟု သုံးသပ်၏ (၂၀)။

ကင်းသည်၏ အဖြစ်ကြောင့်ပင်လျှင် အချည်းနှီးဟု သုံးသပ်၏။ တနည်းကား သေနုပ်သောကြောင့် အချည်းနှီးဟု သုံးသပ်၏။ မှန်ပေ၏ အသေးအနုပ်ကိုလည်း လောက၌ အချည်းနှီးဟူ၍ ဆိုအပ်၏ (၂၁)။ သာမီ ခန္ဓာအိမ်၏ပိုင်ရှင်၊ နိဝါသီ - ခန္ဓာအိမ်ထဲ၌ အမြဲတည်နေသူ၊ ကာရက - ပြုလုပ်တတ်သောသူ၊ ဝေဒက - ခံစားတတ်သောသူ၊ အဓိဋ္ဌာယက - စီမံခန့်ခွဲတတ်သောသူ (ဟု ထင်မှတ်ရသောအတ္တ)မှ ကင်းသောကြောင့် ဆိတ်သုဉ်းသည်ဟု သုံးသပ်၏ (၂၂)။ မိမိကိုယ်တိုင်လည်း သာမီ - ခန္ဓာအိမ်၏ ပိုင်ရှင်အဖြစ် စသည်မရှိသောကြောင့် အနတ္တ-အတ္တကောင်မဟုတ်ဟု သုံးသပ်၏ (၂၃)။ မပြတ်ဖြစ်ခြင်း - ဆင်းရဲဖြစ်သောကြောင့်လည်း

ကောင်း၊ (ထို)ဆင်းရဲသည် အပြစ်ဒေါသဖြစ်သောကြောင့်လည်း ကောင်း၊ အပြစ်ဟု သုံးသပ်၏။ တနည်းကား - အလွန်အထီးကျန်လျက် ဆင်းရဲနွမ်းပါးစွာ သွားတတ်ဖြစ်တတ်၏။ ထို့ကြောင့် အာဒီနဝ မည်၏။ ဤအမည်သည် အထီးကျန်သောသူ၏ အမည်တည်း၊ ခန္ဓာတို့သည်လည်း အထီးကျန်လျက် ဆင်းရဲနွမ်းပါးကုန်သည်သာတည်း၊ ဤသို့အထီးကျန်လျက် ဆင်းရဲနွမ်းပါးသောသူနှင့်တူသောကြောင့် ဆင်းရဲနွမ်းပါးသည်ဟု သုံးသပ်၏ (၂၄)။ အိုခြင်းနှင့် သေခြင်းဟူသော နှစ်မျိုးနှစ်ထွေအားဖြင့် ပြောင်းလဲဖောက်ပြန်ခြင်း သဘောရှိသောကြောင့် ဖောက်ပြန်ခြင်းသဘောရှိသည်ဟု သုံးသပ်၏ (၂၅)။ အားနည်းသည်အဖြစ်ကြောင့်လည်းကောင်း၊ အကာကွဲသို့ လွယ်ကူစွာ ချိုးဖျက်နိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း အနှစ်မရှိဟု သုံးသပ်၏ (၂၆)။ မကောင်းမှု၏ အကြောင်းရင်းဖြစ်သောကြောင့် မကောင်းမှု၏ အမြစ်အရင်းဟု သုံးသပ်၏ (၂၇)။ မိတ်ဆွေယောင်ဆောင်သော ရန်သူကဲ့သို့ အကျွမ်းဝင်သူကို (အယုံသွင်း၍) သတ်တတ်သောကြောင့် သူသတ်သမား(နှင့်တူသည်)ဟု သုံးသပ်၏ (၂၈)။ ကြီးပွားစည်ပင်ခြင်း ကင်းသောကြောင့်လည်းကောင်း၊ သဘောတူအကြောင်း ပျက်စီးပြီးမှ ဖြစ်သောကြောင့်လည်းကောင်း၊ ကြီးပွားစည်ပင်ခြင်းကင်းသည်ဟု သုံးသပ်၏ (၂၉)။ အာသဝေါတရားတို့၏ နီးသောအကြောင်းဖြစ်သောကြောင့် အာသဝေါနှင့်တကွဖြစ်သည်ဟု သုံးသပ်၏ (၃၀)။

မူလအကြောင်းနှင့် အထောက်အပံ့အကြောင်းတို့က ပေါင်း

စု၍ ပြုအပ်သောကြောင့် ပေါင်းစု၍ ပြုအပ်သည်ဟု သုံးသပ်၏ (၃၁)။ သေခြင်းတရားဟူသော မစ္စုမာရ်၊ ကိလေသာဟူသော ကိလေသမာရ်တို့၏ သတ်စရာအစာဖြစ်သောကြောင့် သူသတ်သမား မာရ်တို့၏ သတ်စရာအစာဟု သုံးသပ်၏ (၃၂)။ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောရှိသောကြောင့် ဖြစ်ခြင်းသဘောရှိသည်ဟု၊ အိုခြင်းသဘောရှိသည်ဟု၊ နာခြင်းသဘောရှိသည်ဟု၊ သေခြင်းသဘောရှိသည်ဟု သုံးသပ်၏ (၃၃-၃၄-၃၅-၃၆)။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ပြင်းစွာပူပန်ခြင်းတို့၏ အကြောင်းဖြစ်သောကြောင့် စိုးရိမ်ဖွယ်သဘောဟု ငိုကြွေးဖွယ်သဘောဟု ပြင်းစွာပူပန်ဖွယ်သဘောဟု သုံးသပ်၏ (၃၇-၃၈-၃၉)။ တဏှာ (ဆာလောင်မှု)ဒိဋ္ဌ(မှားသောအယူ)ဒုစရိုက် (မကောင်းသောအကျင့်)ဟူသော ညစ်ညူးကြောင်း ကိလေသာတို့၏ အာရုံသဘောဖြစ်သောကြောင့် ကိလေသာတို့၏ စွဲမှီရာအာရုံသဘောဟု သုံးသပ်၏ (၄၀)။ ဤသို့လျှင် အသေးစိတ် အကျယ်အပြားအားဖြင့် ဟောတော်မူ(အပ်)သော အနိစ္စစသည် သုံးသပ်ခြင်း၏ အစွမ်းအားဖြင့် သုံးသပ်၏။

ဤ (၄၀)သော သုံးသပ်ခြင်းတို့တွင် မမြဲဟု (သုံးသပ်၏) အလွန်ပျက်စီးသည်ဟု၊ တုန်လှုပ်သည်ဟု၊ ပျက်လွယ်သည်ဟု၊ မခိုင်ခံ့ဟု၊ ဖောက်ပြန်ခြင်းသဘောရှိသည်ဟု၊ အနှစ်မရှိဟု၊ ကြီးပွားစည်ပင်ခြင်း ကင်းသည်ဟု၊ ပေါင်းစု၍ပြုအပ်သည်ဟု၊ သေခြင်းသဘောရှိသည်ဟု (သုံးသပ်၏)ဟူ၍ တပါးတပါးသောခန္ဓာ၌ (၁၀)ပါးစီပြု၍ (၅၀)သော အနိစ္စာနုပဿနာတို့ ဖြစ်ကုန်၏။

အကျဉ်းအားဖြင့်ကား ဤလက္ခဏာ(၃)ပါးတို့တွင် ထိုက်သည့် အားလျော်စွာ တပါးပါးကို မှတ်ချက်တိုင်း၌ ထင်ရှားသိလျက်ရှိ၏။ ဤအသိအမြင်သည် တဖန်ရှုမှု တဖန်သိမြင်မှု ဖြစ်သောကြောင့် "ပဋိသခ်ိဉာဏ်"မည်၏။ (စာ -၂၂၀-ဘိ-ဒု)

"ပစ္စကာန္ဒေ - အနိစ္စတော ပဿန္တော၊ အနုလောမိကံ ခန္တိံ" ဤသို့ စသော ပဋိသမ္ဘဒါမဂ်နှင့်အညီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် "အခြင်းအရာတစ်ခုခုကိုသာလျှင် ကောင်းစွာမြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ်ဖြစ်ပေါ်မြဲ ဖြစ်သောကြောင့်" အခြင်းအရာတစ်ခုခုကို ကောင်းသိမြင်သဘောကျလျှင်ပင် မဂ်ဉာဏ်သို့ရောက်နိုင်အောင် "ဝိပဿနာဉာဏ်ပြည့်စုံပြီ"ဟု ယုံကြည်စိတ်ချအပ်တော့သည်သာ တည်း။

"ဝိသုဒ္ဓိမဂ်၌ သမ္မသနဉာဏ်၊ ပဋိသခ်ိဉာဏ်ဟူသော ဤနှစ်ဌာနမှာ တော(၄၀)တို့ကို အကျယ်ပြဆိုသည်။ အထူးကား သမ္မသနအရာ၌ တမျိုးထဲသော ဒုက္ခဝေဒနာများကို အပိုင်းပိုင်းအဖြတ်ဖြတ် မသိနိုင်၊ ဤပဋိသခ်ိဉာဏ်အရာ၌မူ မှတ်တိုင်းအပိုင်းပိုင်းဖြတ်၍ သိ၏။"

တော (လေး)ဆယ်
ဝိပဿနာလေးဆယ်

ဝိ-ကျမ်း-ဒုတွဲ (စာ-၂၂၁-၂၂၇)
(ပဋိသခ်ိဉာဏ်)

ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်၊ သုတမယဉာဏ် နည်းသောသူတို့အား နဲနဲသာထင်ပေါ်တတ်ကုန်၏။ ပင်ကိုယ်ဉာဏ်၊ သုတမယဉာဏ်များသော သူတို့အား များစွာထင်ပေါ်ကုန်၏။

အနိစ္စအခြင်းအရာ(၁၀)ပါး၊ ဒုက္ခအခြင်းအရာ (၂၅)ပါး အနတ္တအခြင်းအရာ (၅)ပါး

အနိစ္စအခြင်းအရာ (၁၀)ပါးတို့မှာ -

(၁) အနိစ္စ = မမြဲဟုသိ၏။
(က) အနိစ္စန္တိက = အဆုံးကိုမလွန်နိုင်၊ ဆုံးသွားတာချည်ပဲ၊ ကုန်သွားချည်းပဲ။
(ခ) တာဝကာလိက = အခိုက်အတန့်မျှတည်တာပဲ။ တခဏ လေးတည်တာပဲ။
(ဂ) ဥဒယဝယပရိဆ္ဆိန္န = ဖြစ်မှုပျက်မှုဖြင့် ပိုင်းခြားအပ်သည်၊ အစနှင့်အဆုံး ဤ(၂)ခု ကို အကြားမှာပဲရှိသည်။ ပေါ်ပြီးတော့ ပျောက်သွားသည်၊ မဖြစ်မီကလည်း မရှိသေး၊

ပါတကား၊ တလှုပ်ထဲလှုပ်ရှားနေပါ
တကားဟု သိမြင်ခြင်း။
(စလာနုပဿနာ)

(၄) ပဘင်္ဂ = အလွန်ပျက်လွယ်သည်၊ မမှတ်မီက
ပင် ပျောက်သွားသည်။

(၅) အဒ္ဓုဝ = ဘယ်အချိန်မဆို ပျက်တတ်သည်၊
မခိုင်မြဲဘူး။

(၆) ဝိပရိဏာမဓမ္မ = ပကတိပင်ကိုရင်း အတိုင်းမတည်ဘဲ
အိုလျက်၊ သေလျက်၊ ပြောင်းလဲဖောက်
ပြန်တတ်သည်။ ဖြစ်စကနဲ့မတူဘဲ
ရင့်ရော်ပျက်စီးလျက် ပြောင်းလဲ
ဖောက်ပြန်သွားသည်။

(၇) အသာရက = ခိုင်မာတဲ့ အနှစ်မရှိ။

(၈) ဝိဘဝ = ပင်စည်ကြီးပွားခြင်းမရှိ (သစ်စေ့မှ
အပင်၊ အပင်မှအညွှန့်အရွက်အခက်
များဖြစ်သည်မှာ သန္တတိယနကြောင့်
ထင်ရခြင်းဖြစ်သည်။

(၉) သဒ်တ = ကံ၊စိတ်၊ဥတု၊အာဟာရ စသော
ဆိုင်ရာအကြောင်းများက ညီညွတ်၍
ပြုအပ်သည်၊ အကြောင်းညီညွတ်၍
ဖြစ်ပေါ်သည်။

(၁၀) မရဏဓမ္မ = သေတတ်၊ ပျက်တတ်သည်။

ပျက်သွားတဲ့နောက်မှာလည်း မရှိ
တော့ဘူး။ သူတို့(၂)ခု၏ အလယ်မှာ
ရှိ၏။

(၂) ပလောက = အိုရှာရာသေရန္ဒင့် အကြီးအကျယ်
ပျက်စီးတတ်ခြင်း၊ သဲကမ်းပါးများ ပြို
၍ပြို၍ သွားသကဲ့သို့ လည်းကောင်း၊
စက္ကူကိုဆုတ်ပစ်သောအခါ၌ ထင်ရှား
စွာ စုတ်ပြတ်၍ သွားသကဲ့သို့လည်း
ကောင်း၊ မီးကိုရေဖြင့်ငြိမ်းသတ်
သောအခါ၌ ဟုန်းကနဲ ငြိမ်းသွား
သကဲ့သို့ လည်းကောင်း၊ မီးဆိုးကို လေ
တိုက်သောအခါ၌ လွင့်၍ ပျောက်
ပျက်သွားသကဲ့သို့ လည်းကောင်း၊
မှတ်ခိုက်မှာပင် မှတ်ရတဲ့အာရုံ၏
အကြီးအကျယ်ပျက်စီးခြင်းကို သိ
မြင်ခြင်း။ (ပလောကာ နုပဿနာ)

(၃) စလ = အိုလိုက်၊နာလိုက်၊သေလိုက်နဲ့ မတည်
တံ့ဘဲ တလှုပ်ထဲလှုပ်ရှားနေခြင်း၊
ပေါ်လိုက်ပျောက်လိုက်နဲ့ တပျက်ထဲ
ပျက်နေသည်ကိုသာ မှတ်ချက်တိုင်း၌
တွေ့ရ၍ ဘာမျှမခိုင်ခန့် မတည်တံ့

(၂၀) ဇရာဓမ္မ = အိုရင့် ဆွေးမြေ့တတ်သည်။
(၂၁) ဗျာဓိဓမ္မ = နာဖျားတတ်သည်။
(၂၂) သောကဓမ္မ = စိုးရိမ်ပူဆွေးခြင်းကို ဖြစ်စေတတ်သည်။
(၂၃) ပရိဒေဝဓမ္မ = ငိုကြွေးခြင်းကို ဖြစ်စေတတ်သည်၊ စိုးရိမ်ပူဆွေးစရာ။
(၂၄) ဥပါယာသဓမ္မ = ပြင်းစွာပူပန်ခြင်းကို ဖြစ်စေတတ်သည်။
(၂၅) သံကိလေသိကဓမ္မ = ပူပန်စေတတ်တဲ့ ကိလေသာတို့၏ စွဲမှီရာ အာရုံပဲ၊ စိတ်အညစ်အကြေးတို့၏ လူးလဲရာပဲ ဟုသိ၏။

အနတ္တ အခြင်းအရာ (၅)ပါး

(၁) အနတ္တ = အစိုးပိုင်တဲ့ ငါကောင်မဟုတ်၊ အမြဲတည်နေနိုင်တဲ့ ငါကောင်မဟုတ်၊ သွားခြင်း၊ မြင်ခြင်း စသည်ကို ပြုလုပ်နိုင်တဲ့ ငါကောင်မဟုတ်၊ ခံစားတတ်တဲ့ ငါကောင်မဟုတ်၊ မည်သို့ဖြစ်စေဟု စီမံခန့်ခွဲနိုင်တဲ့ ငါကောင်မဟုတ်၊ အလိုအတိုင်းပြီးစေနိုင်တဲ့ ငါကောင်မဟုတ်၊ သဘောတရားမျှသာ ဟုသိ၏။

ဒုက္ခအခြင်းအရာများ (၂၅)ပါး

(၁) ဒုက္ခ = ဆင်းရဲ၊ မကောင်းဘူး ဟုသိ၏။
(က)အဘိဏှ သမ္မဒ္ဒီပီဋ္ဌန = ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်နေသည်။ ဖြစ်လိုက်ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေသည်။
(ခ) ဒုက္ခမ = မခံသာဘူး ဟုသိ၏။
(ဂ) ဒုက္ခဝတ္ထု = ဆင်းရဲအမျိုးမျိုးတို့၏ တည်နေရာ၊ ဖြစ်ပေါ်ရာဟု သိ၏။
(၂) ရောဂ = အမြစ်ပြတ်မပျောက်နိုင်ဘဲ ကြာနေသော ရောဂါ။
(၃) ဂဏ္ဍ = အဖုးအလုံးပေါက်သော အနာစိမ်းနှင့်တူသည်။ မှည့်ရင့်၍ ပြန်ပေါက်သွားတဲ့ အနာစိမ်းနှင့်တူသည်။
(၄) သလ္လ = စူးဝင်နေတဲ့မြား၊ ညောင်နှင့်တူသည်၊ မခံသာအောင်နှိပ်စက်၊ ကိုယ်ထဲ၊ စိတ်ထဲမှာ အတွင်းဝင်လျက် ထိုးဆွနှိပ်စက်၊ ပယ်နှုတ်ပစ်ရန် ခဲယဉ်းသော စူးဝင်နေတဲ့ မြားညောင်နှင့် တူသည်။
(၅) အဃ = မကောင်းမှုလိုပင် မကောင်းတဲ့တရား မကောင်းမှုအမျိုးမျိုး၏ ဖြစ်ရာတည်ရာ ဖြစ်ခြင်း။

(၆) အယမူလ = မကောင်းမှုအမျိုးမျိုး၏ အကြောင်းရင်းဖြစ်၏။

(၇) အာဗာဓ = အနာရောဂါနှင့်တူသည်။ အနာရောဂါအစုအဝေးဖြစ်၏။ နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ နာဖျားမကျန်းမာမှုအမျိုးမျိုးကို ဖြစ်စေတတ်တဲ့ အနီးဆုံးအကြောင်း။

(၈) ဤတိ = ဘေးဒုက္ခသန စသောပျက်စီးခြင်းများစွာတို့ကို ဖြစ်စေတတ်ခြင်း။

(၉) ဥပဒ္ဒဝ = ကြီးမားသော အကျိုးမဲ့တို့ကို အသိမပေးဘဲ ဖြစ်စေတတ်သော ဘေးရန်နှင့်တူ၏။ မင်းဒဏ်သည်တို့၏ တည်ရာ၊ မင်း စသောလူနိုင်တို့၏ ညှင်းဆဲမှု ဥပဒ္ဒဝေါ နှင့် တူသည်။

(၁၀) ဘယ = ကြောက်စရာကောင်းသည်ဟု သိ၏။ ကြောက်မက်ဖွယ်များဖြစ်ပွားရာဘေးတွင်းနှင့်တူသောကြောင့်လည်းကောင်း၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်မှ ဆန့်ကျင်ဘက်ဖြစ်၍ ကြောက်စရာကောင်း၏။

(၁၁) ဥပသဂ္ဂ = ဆွေးမျိုးတို့၏ ပျက်စီးခြင်း၊ အမှောင့်ပယောဂ ပူးကပ်နှိပ်စက်မှုနှင့်တူ၏။

ဘီလူးမ၊ ဥစ္စာစောင့်မ၊ နတ်ဆိုးများပြုစားမှုနှင့် တူ၏။

(၁၂) အတာဏ = ဆင်းရဲဘေးရန်မရောက်အောင် မစောင့်ရှောက်၊ မကာကွယ်တတ်။

(၁၃) အလေဏ = ဆင်းရဲဘေးရန်မှ ပုန်းအောင်းရာ မဟုတ်။

(၁၄) အသရဏ = ဆင်းရဲဘေးရန်ကို မပယ်မသတ်တတ်သောကြောင့် အားထားကိုးကွယ်ရာ မဟုတ်ဟုသိ၏။

(၁၅) အာဒီနဝ = မပြတ်ဖြစ်ပေါ်နေတဲ့ ဆင်းရဲမျှသာဖြစ်သောကြောင့် အပြစ်အစုအမျှသာ။ မမြဲဆင်းရဲဖောက်ပြန်နေသောကြောင့် အပြစ်ရှိသည်။ အလွန်နုံချာနုတ်စုတ်သည်။

(၁၆) ဝဒက = သူတို့ပျက်တိုင်း သေနိုင်သောကြောင့် လူသတ်သမားတွေပဲဟု သိ၏။

(၁၇) သာသဝ = အာသဝေါတို့၏ အာရုံအထောက်အပံ့ဖြစ်၏။

(၁၈) မဂရာမိသ = သေခြင်းတရား၏ သတ်စရာ၊ ကိလေသာ၏ အစာ။

(၁၉) ဇာတိဓမ္မ = ဖြစ်ခြင်းသဘောရှိသည်၊ ဖြစ်တတ်သည်ဟု သိ၏။

စီရင်ထားသောအကြောင်းတရား၊ ပုဗ္ဗပယောဂ။

(၈) အနုလောမ = လျော်သည်၊ လျောက်ပတ်သည် အစမှအဆုံးတိုင် အစဉ်အလျောက် ဖြစ်သည်။ အစမှ အဆုံးတိုင်လျော်သော အစဉ်။ အနုလုံ။

အနုလောမေန = အစဉ်အတိုင်းဖြင့်၊ အနုလုံဖြင့်။

အနုလောမ - ကာရီ = လျှောက်ပတ်သည်ကို ကျင့်လေ့ရှိသည်။

အနုလောမိက = လျော်သော၊ လျောက်ပတ်သော၊ အကျင့်အားဖြင့် လျော်သော။

ပဋိသမ္ဘိဒါမဂ် = ခွဲခြမ်း ဝေဖန်၍ သိမြင်တတ်သော ဉာဏ်။ ၄င်းတို့လေးပါးကား - အတ္ထပ္ပဋိသမ္ဘိဒါ။ ဓမ္မပ္ပဋိသမ္ဘိဒါ၊ နိဂုတ္တိပ္ပဋိသမ္ဘိဒါ၊ ပဋိဘာနပ္ပဋိသမ္ဘိဒါ။

ဝိသုဒ္ဓိမဂ် = စင်ကြယ်ခြင်း၏အကြောင်း၊ နိဗ္ဗာန်သို့ရောက်ကြောင်းခရီး။

ဝိသုဒ္ဓိသီလ = စင်ကြယ်သောသီလရှိသည်။

ဓယ = ကုန်ခမ်းခြင်း။

ဝယ = ပျောက်ကွယ်ခြင်း

ဘေဒ = ပျက်ခြင်း။

ဂေါတြ = အနွယ်

ဘူ = လွှမ်းမိုးနှိပ်စက်တာ၊ ရောက်တာ။

(က) အဿမိက = ပိုင်ရှင်မရှိတဲ့ သဘောတရားမျှဟု သိ၏။

(ခ) အနိဿရ = အစိုးရသူမဟုတ်တဲ့သဘောတရားမျှပဲ၊ အစိုးမရဟု သိ၏။

(ဂ) အဝသဝတ္တိ = အလိုအတိုင်းမဖြစ်တဲ့ သဘောတရားမျှ၊ မဖြစ်စေနိုင်တဲ့ သဘောမျှ။

(၂) ပရ = ကိုယ့်အလိုအတိုင်းမဖြစ်၊ မအို မသေ ပါစေလင့်ဟု စီမံခန့်ခွဲလည်းမရ သောကြောင့် သူစိမ်းပြင်ပ တရားဟု သိ၏။

(၃) ရိတ္တ = ခိုင်မြဲခြင်းလဲမရှိ၊ ချမ်းသာခြင်းလဲမရှိ တင့်တယ်ခြင်းလဲမရှိ၊ ငါကောင်၏ အဖြစ်လဲ မရှိသောကြောင့် အချည်းနှီး သဘောတရားမျှဟု သိ၏။

(၄) တုစ္ဆ = ဘာအကောင်အထည်ဖြင့်မျှမဟုတ်သေးနုတ်သော သဘောမျှသာဖြစ်၍ အသုံးမကျတဲ့ အလကားတရားဟု သိ၏။

(၅) သုည = ငါကောင်မှကင်းဆိတ်သည် ဟုသိ၏။ (“အတ္တဟူသည်မှာ ခန္ဓာအိမ်၏ ပိုင်ရှင်ပဲ၊ ခန္ဓာအိမ်ထဲမှာ အမြဲတည်ရှိနေသူပဲ၊ သွားမှု၊ မြင်မှု စသည်ကို ပြုတတ်ပြီးစေတတ်သူပဲ၊ အကောင်း

ဘာဒိနဝါနုပဿီ = အပြစ်ဘေးအားဖြင့် အဖန်တလဲလဲ ရှုလေ့ရှိသည်။

(၄) နိဗ္ဗိန္ဒ - ရူပ = ငြီးငွေ့သော သဘောရှိသည်။
နိဗ္ဗိဒ - ရူပ = ငြီးငွေ့သော သဘောရှိသည်။
နိဗ္ဗိဒ - သညာ = ငြီးငွေ့ခြင်းဟူသော အမှတ်။
နိဗ္ဗိဒါ = ငြီးငွေ့သောအားဖြင့် အဖန်တလဲလဲ ရှုခြင်း။
နိဗ္ဗိဒါ နုပဿီတာ = ငြီးငွေ့သောအားဖြင့် အဖန်တလဲလဲ ရှုတတ်သည်၏ အဖြစ်။

(၅) မုဉ္စိတု - ကမျတာ = သခ်ၤါရမှ လွတ်ခြင်းငှာ အလိုရှိသည်၏ အဖြစ်။
မုဉ္စိတု - ကာမ = လွတ်ခြင်းငှာ အလိုရှိသည်။
မုဉ္စိတ = အနှောင်အဖွဲ့မှ လွတ်သည်။

(၆) ပဋိသင်္ခါ = ပညာဖြင့် ဆင်ခြင်ခြင်း၊ ပညာဖြင့် ဆင်ခြင်၍။
ပဋိသင်္ခါတိ = ပညာဖြင့် ဆင်ခြင်၏။
ပဋိ = ဆန့်ကျင်ခြင်း၊ ပြန်လည်ခြင်း၊ တဖန် ဖြစ်စေခြင်း၊ နှုံ့၍။
ပဋိသင်္ခါရ = ပြုပြင်စီရင်ခြင်း။
ပဋိသင်္ခါယ = ပညာဖြင့် ဆင်ခြင်၍။

(၇) သင်္ခါရုပေက္ခာ = သခ်ၤါရတို့၌ လျစ်လျူရှုခြင်း။
သင်္ခါရ = ပေါင်းစုခြင်း၊ ပြုပြင်စီရင်ခြင်း၊ ပြုပြင်

အဆိုးကို ခံစားတတ်သူပဲ၊ မည်သို့ ဖြစ်စေဟု စီမံခန့်ခွဲတတ်သူပဲ၊ ကိုယ့် အလိုအတိုင်း ပြီးစေနိုင်တဲ့သူပဲ" ဟူ၍ ကြံဆအပ် ထင်မှတ်အပ် စွဲလမ်းအပ်သော အသက်ကောင်၊ သတ္တဝါကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်၊ ငါကောင်မှ ကင်းဆိတ်နေတဲ့ သဘောတရားမျှသာ ဟုသိမြင်သဘောကျသည်ဟု ဆိုလို၏။

ပါဠိ – နိဿယ အဘိဓါန်မှ

(၁) ဘင်္ဂ = ပျက်စီးခြင်း၊ ကျိုးပဲ့ခြင်း။
ဘင်္ဂနုပဿန = ပျက်စီးခြင်းကို အဖန်တလဲလဲရှုခြင်း။

(၂) ဘယ = ကြောက်ခြင်း၊ ဘေး။
ဘယကတေ = ဘေးဖြစ်ကြောင်း ဆိုသောစကား။
ဘယဂတေ = ဘေးရောက်သောအခါ၌။
ဘယဂတ = ကြောက်ခြင်းသို့ရောက်သည်။

(၃) အာဒီနဝ = အဖြစ်၊ အပြစ်အဆာ၊ ဘေး။
အာဒီနဝ - ဒဿာဝိ = အပြစ်ကို ရှုလေ့ရှိသည်။
အာဒီနဝ ပရိယေသနာ = အပြစ်ဘေးကို ရှာခြင်း။
အာဒီနဝ သညာ = အပြစ်ဘေးဟူသော အမှတ်။

ရထားထိန်းသည် မြင်းနှစ်စီးတို့ အညီအမျှ ပြေးနေရန် ကြောင့်ကြစိုက်ပေးရ၏။ ထို့အတူ တတြမဇ္ဈတ္တတာသည် ယှဉ်ဖက်စိတ်စေတသိတ်တို့ အညီအမျှ အလုပ်လုပ်ကြရန် ကြောင့်ကြစိုက်ပေးရ၏။ ထို့ကြောင့် တတြမဇ္ဈတ္တတာသည် ရထားထိန်းနှင့်တူ၏။

တစ်ဖန် မြင်းနှစ်စီးတို့က တစ်စီးကိုတစ်စီးမလွန်ဘဲ ညီညီမျှမျှပြေးနေကြသည့်အခါ ရထားထိန်းသည် မြင်းတို့ကို ဆွဲလည်းမဆွဲ၊ နှင်တံဖြင့်လည်းမတို့မထိဘဲ စိုးရိမ်ကြောင့်ကြဗျာပါရကင်းစွာ လျစ်လျူရှုနေနိုင်၏။ ထို့အတူ တတြမဇ္ဈတ္တတာသည် သမ္မယုတ်တရား (၀၊) ယှဉ်ဖက်စိတ်စေတသိတ်တို့က မိမိဆိုင်ရာ တရားကိစ္စများကို ကောင်းစွာဆောင်ရွက်နေကြသည့်အခါ ကြောင့်ကြစိုက်စရာမလိုဘဲ လျစ်လျူရှုနေနိုင်၏။

ဤနေရာ၌ "လျစ်လျူရှုခြင်း"ကို "ဂရုမစိုက်ဘဲပစ်ပယ်ထားခြင်း"ဟု အဓိပ္ပါယ်မကောက်သင့်ချေ။ ရထားထိန်းက ကြောင့်ကြစိုက်စရာမလို၍ လျစ်လျူရှုနေသော်လည်း သူ၏အရှိန်အဝါကြောင့် မြင်းနှစ်ကောင်တို့အညီအမျှ ပြေးနေကြခြင်းဖြစ်၏။ ထို့အတူ တတြမဇ္ဈတ္တတာ၏ အရှိန်အဝါကြောင့် သမ္မယုတ်တရားတို့က မိမိတို့၏ ဆိုင်ရာကိစ္စများကို ဆောင်ရွက်နေကြသဖြင့် တတြမဇ္ဈတ္တတာသည် ကြောင့်ကြမစိုက်ဘဲ လျစ်လျူရှုနေနိုင်ခြင်းဖြစ်၏။

တစ်ဆက်တည်းမှာပင် ပြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သော "သတ္တဝါတို့၌ လျစ်လျူရှုခြင်းဥပေက္ခာ"သည် တတြမဇ္ဈတ္တတာပင်ဖြစ်၏။ ဤနေရာ၌လည်း လျစ်လျူရှုခြင်းသည် ပေယျာလကံပြု၍

တတြမဇ္ဈတ္တတာ စေတသိတ်

(စာ - ၂၀၉)

သဒ္ဓမ္မဇောတိက အဘိဓမ္မာ
ဦးကျော်ထွတ်

အလောဘ စေတသိတ်နဲ့ အဒေါသ စေတသိတ်ပြီးရင် ဒီနေရာမှာ အမောဟ စေတသိတ်ကို သဂြိုဟ်ဆရာ ထည့်မပြဘူး။ အကုသိုလ်စေတသိတ်မှာတုန်းက လောဘ၊ ဒေါသ၊ မောဟဆိုပြီး သုံးပါးစုံအောင်ပါတယ်။ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့စေတသိတ် (၁၉) လုံးကို ပြတဲ့အခါကျတော့ အမောဟမပါဘူး။ အမောဟ ဘာလို့မပါသလဲဆိုတော့ အမောဟဆိုတာက ပညာပဲ။

အမောဟရဲ့ အဓိပ္ပါယ်ကို နားလည်ချင်ရင် မောဟနဲ့ဆန့်ကျင်ဘက်ကြည့်လိုက်ရုံပဲ။ မောဟဆိုတာ ပညာရဲ့ဆန့်ကျင်ဘက်ပဲ။ အမောဟဆိုတာပညာ။ ပညာဆိုတာက အကောင်းအဆိုးကို ခွဲခြားပြီးတော့သိတာ။ မောဟဆိုတာက ကောင်းတာ၊ ဆိုးတာ ခွဲခြားပြီးတော့ မသိတာပါပဲ။

အဲ့ဒီတော့ အမောဟကို ဒီနေရာမှာ ဘာလို့မပြသလဲဆိုတော့ ကုသိုလ်ပြုတိုင်း အမောဟစေတသိတ်ဆိုတဲ့ ပညာက မပါလို့ပေါ့။

ဒါကြောင့်မို့လို့ ကာမာဝစရစိတ်ကို ပြတဲ့အခါမှာ ဉာဏဝိပ္ပယုတ်ဆိုတဲ့ ပညာနဲ့မယှဉ်တဲ့ စိတ်လဲရှိတယ်။ လူတွေမှာ ကုသိုလ်လုပ်တဲ့အခါ ပညာက ပါချင်မှပါတာ။ ဒါနပြုတဲ့အခါ ဆိုပါတော့၊ တချို့

တလေက သူများရှင်ပြုတယ်ဆိုလို ပြုလိုက်တာပဲ။ ဘာရယ်ညာရယ် သိပ်သိလှလို့ မဟုတ်ဘူး။ ဒါဉာဏဝိပွယုတ်၊ ပညာမပါတဲ့ ကုသိုလ်ပေါ့။ သီလဆောက်တည်တယ်ဆိုရာမှာလဲ သူများဥပုသ်စောင့်တယ်ဆိုရင် စောင့်လိုက်တာပဲ။ ဘာရယ်ညာရယ် ဘာမှမသိဘူး။ အဲသလို ပညာမပါတဲ့ ဒါနတို့ သီလတို့ဟာ ကုသိုလ်တော့ ကုသိုလ်ပါပဲ။ ဒါပေမယ့် ဉာဏဝိပွယုတ်ကုသိုလ်လို့ခေါ်တယ်။ အဲဒီလို ပညာက ကုသိုလ်ပြုတိုင်းမပါဘူး။ ဒါကြောင့်မို့လို့ ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိတ်ကို ပြချင်လို့ ဒီနေရာမှာ အမောဟကို မထည့်တာပါ။ နောက်ဆုံးကျမှ ပညိန္ဒြေစေတသိတ်ဆိုပြီးတော့ အမောဟစေတသိတ်ကို သီးခြားပြတယ်။ အလောဘ၊ အဒေါသ ပြီးတော့ ဒီနေရာမှာ တတြမဇ္ဈတ္တတာစေတသိတ်ကို ပြတယ်။ သူက နံပါတ် (၇)ရောက်နေပြီ။

ဒီစေတသိတ်က နည်းနည်း အခေါ်ရခက်တယ်။ တတြမဇ္ဈတ္တတာ စေတသိတ်ဆိုတာက စိတ်စေတသိတ်တွေကို ညီမျှအောင် ထားတာ။ သဒ္ဓါက လွန်ချင်ရင် လွန်သွားမှာပဲ။ သတိကတော့ လွန်တယ် မရှိဘူး။ ဟိရိ၊ ဩတ္တပ္ပတို့က လွန်ချင်လွန်သွားမယ်။ အဒေါသကလဲ လွန်ချင်လွန်သွားမယ်။ လိုချင်လဲ လိုနေလိမ့်မယ်။ တတြ မဇ္ဈတ္တတာဆိုတာက စေတသိတ်တွေကို ညီမျှအောင် လုပ်ပေးတာ။ ထိန်းပေးတာ။

ဒါကြောင့်မို့လို့ ရှေးအဘိဓမ္မာဆရာများက တတြမဇ္ဈတ္တတာစေတသိတ်ကို ရထားထိန်းနဲ့တူတယ်လို့ ဥပမာပေးကြတယ်။ ရထား

ထိန်းဆိုတာ မြင်းနှစ်ကောင်ကတဲ့ မြင်းရထားဆိုတာ ရှိတယ်။ မြင်းနှစ်ကောင်ကို ညီညီပြေးနေအောင် ရထားမောင်းသူက ထိန်းပြီး မောင်းပေးရတာကိုး။ အဲ့ဒီလိုပဲ တတြမဇ္ဈတ္တတာက ကုသိုလ်လုပ်တဲ့အခါမှာ စိတ်စေတသိတ်တွေ အညီအမျှဖြစ်အောင် ထိန်းပေးတယ်။ ဒါကြောင့်မို့လို့ ရထားထိန်းဆိုတာက ခုခေတ် ရထားမောင်းသမားပါပဲ။ လှည်းမောင်းသမားဟာ နွားနှစ်ကောင်ကို ညီအောင်မောင်းရသလိုပေါ့။

ဒါကြောင့်မို့လို့ "တတြမဇ္ဈတ္တတာ" စေတသိတ်ဟာ ဗြဟ္မဝိဟာရတရားမှာကျတော့ ဥပေက္ခာနဲ့အတူတူပဲ။ အဒေါသစေတသိတ်ကို မေတ္တာလို့ခေါ်သလို တတြမဇ္ဈတ္တတာစေတသိတ်ကို ဥပေက္ခာလို့ ခေါ်တယ်။

တတြမဇ္ဈတ္တတာ

စာ - ၁၁၉

တက္ကသိုလ်အဘိဓမ္မာ၊
ဒေါက်တာမင်းတင်မွန်

စိတ်နှင့်စေတသိတ်တို့က အာရုံတစ်ခုကို ယူကြသည့်အခါ မိမိတို့၏ ဆိုင်ရာကိစ္စအသီးသီးကို ယုတ်လျော့မယုတ်၊ လွန်လျော့မလွန်စေဘဲ မျှမျှတတ ဆောင်ရွက်ကြခြင်းသည် အရေးကြီးသောလိုအပ်ချက်တစ်ရပ်ဖြစ်ပေ၏။

ဥပမာဆိုသော် မြင်းနှစ်စီးဆွဲသောရထားကို မောင်းနှင်နေသည့်

တတြမဇ္ဈတ္တတာ စေတသိတ်ကို အလယ်အလတ်၌ စိတ် စေတသိတ်ကိုထားမှုလို့ အဓိပ္ပါယ်ပြန်ဆိုခဲ့ပါတယ်။ အလယ်အလတ်၌ စိတ်၊ စေတသိတ်ကို ထားမှုဆိုတာနဲ့ စိတ်၊ စေတသိတ်တို့ကို ညီမျှအောင် ထိန်းပေးနိုင်မှုဆိုတာဟာ နည်းနည်းတော့ ကွာခြားတာပေါ့လေ။ ဒါပေမယ့် အဓိပ္ပါယ်ကတော့ အတူတူပါပဲ။ စိတ် စေတသိတ်တို့ကို ဟိုဘက်ဒီဘက် မရောက်အောင် အလယ်အလတ်၌ ထားတာလဲ စိတ်စေတသိတ်ကို ထိန်းပေးထာပါပဲ။ ကုသိုလ်ပြုပြီးတိုင်း စိတ်စေတသိတ်က အနည်းဆုံး(၁၉)လုံးတောင် ပါမှာဆိုတော့ (၁၉)လုံး တစ်ပြိုင်ထဲ အတူတူဖြစ်တဲ့အခါမှာတော့ တတြမဇ္ဈတ္တတာက သဒ္ဓါကိုလဲ လွန်မသွားအောင် ထိန်းပေးတယ်။ အလောဘကလဲ ရှိတာတွေ အကုန်လုံးစွန့်နေမယ်ဆိုရင် မဖြစ်ဘူး။ အဒေါသဆိုတဲ့ မေတ္တာကိုလဲ ထိန်းပေးတယ်။ မေတ္တာဆိုတာကလဲ လူတွေရဲ့ ကောင်းကျိုးကို လိုလားတာ။ လူတွေရဲ့ ကောင်းကျိုးချည်းပဲ လိုလားနေလို့မဖြစ်ဘူး။ အဲ့ဒီလို အလောဘနဲ့ အဒေါသကိုလဲ လွန်မသွားအောင် တတြမဇ္ဈတ္တတာ စေတသိတ်က ထိန်းပေးတာ။

ဒါကြောင့်မို့လို့ တတြမဇ္ဈတ္တတာ စေတသိတ်ကို အဘိဓမ္မာအဖွင့်ရေးတဲ့ ဆရာကြီးတွေက ရထားထိန်း ဥပမာပေးကြတယ်။ အမှန်ကတော့ အဘိဓမ္မာမှာ အခုခေတ် ဥပမာလေးတွေကိုလဲ ပေးရင် ပိုပြီးနားလည်လွယ်တာပေါ့။ အခုလေတ် ဥပမာဆိုလို့ရှိရင် တတြမဇ္ဈတ္တတာဟာ သဘာပတိနဲ့တူတယ်လို့ ဆိုရမှာပဲ။ အသင်းအဖွဲ့ တစ်ခုလုပ်တယ်ဆိုပါတော့၊ အသင်းသူ အသင်းသား(၁၀၀)

ပစ်ပယ်ထားခြင်းမဟုတ်ပါ။ ဆင်းရဲသောသတ္တဝါတို့ကို မြင်တွေ့ရသည့်အခါ သနားခြင်း ကရုဏာနှင့် ချမ်းသာသော သတ္တဝါတို့ကို မြင်တွေ့ရသည့်အခါ ဝမ်းမြောက်ခြင်း မုဒိတာတည်းဟူသော ဗြဟ္မစိုရ်တရား နှစ်ပါးအကြားတွင် အလယ်အလတ်မျှတ၍ တည်နေသော သဘောကို ဥပေက္ခာဟု ခေါ်၏။

သနားခြင်းနှင့် ဝမ်းမြောက်ခြင်းတို့တွင် စိတ်လှုပ်ရှားသည့် သဘောများ ပါဝင်ကြ၏။ ဥပေက္ခာရှုခြင်းသည် စိတ်လှုပ်ရှားသည့် သဘောမပါ။ တည်ငြိမ်ခိုင်မြဲသည့် သဘောသာပါ၏။ သို့အတွက် ဆင်းရဲသည့် သတ္တဝါကို ကြုံတွေ့ရလျှင်လည်း ဝမ်းနည်းခြင်းမဖြစ်၊ ချမ်းသာသော သတ္တဝါကို ကြုံတွေ့လျှင် ဝမ်းမြောက်ခြင်းမဖြစ်ဘဲ “သတ္တဝါတို့သည် ကမ္မသကာ ကံစီမံအတိုင်းသာ ဖြစ်ပျက်ကြရ၏” ဟူ၍ နှလုံးသွင်းလျက် စိတ်တည်ငြိမ်ခိုင်မြဲနေသော ဥပေက္ခာသဘောသည် စင်စစ်တွင် ကရုဏာနှင့် မုဒိတာသဘောတို့ထက် ပို၍ တည်ငြိမ်ခိုင်မြဲလှပေတော့သတည်း။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မဝိဟာရတရား လေးပါးထဲက ကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိတ်က မေတ္တာနဲ့ ဥပေက္ခာပါပဲ။ ဥပေက္ခာကလဲ သိပ်များတယ်။ ခု မြန်မာမှာဆိုရင် တစ်မျိုးနားလည်နေကြတယ်။ “ငါတော့ ဒီလူ့ကို ဥပေက္ခာပြုလိုက်ပြီ” ဆိုလို့ရှိရင် ပစ်ထားလိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်နေတယ်။ ဒီတော့ ဥပေက္ခာကို နားလည်ထားကြတာက အရေးမလုပ်ဘဲ ပစ်ထားလိုက်တာလို့ အဓိပ္ပါယ်တစ်မျိုးနဲ့ နားလည်နေကြပါတယ်။

ဥပေက္ခာအမျိုးမျိုး

အဘိဓမ္မာမှာ ဥပေက္ခာ(၁၀)မျိုးတောင်ရှိတယ်။ စိတ်ပိုင်းမှာ ပါတဲ့ သောမနဿတို့ ဥပေက္ခာတို့ဆိုတဲ့ ဥပေက္ခာက တစ်မျိုးပါ။ အဲ့ဒီ သောမနဿတို့ ဥပေက္ခာတို့က ဝေဒနာစေတသိတ်။ သောမနဿဝေဒနာဆိုတာက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာပါ။ ဝမ်းမမြောက်ဘဲနေတဲ့အခါ ဥပေက္ခာဝေဒနာလို့ ခေါ်တာပဲ။ လျစ်လျူ ပြုတာမဟုတ်ဘူး။ လူဟာ အလုပ်တစ်ခုခု လုပ်မယ်ဆိုလို့ရှိရင် ဝမ်းမြောက်တဲ့အခါ ရှိတယ်။ အဲ့ဒါကို သောမနဿလို့ ခေါ်တယ်။ ဝေဒနာစေတသိတ်ပဲ။ ဝမ်းမမြောက်ဘဲ နေတဲ့အခါကို ဥပေက္ခာလို့ ခေါ်တာပဲ။ ဥပေက္ခာပြုတာမဟုတ်ဘူး။ ဝမ်းမမြောက်ဘဲနဲ့ နေလိုက်တာပါပဲ။

ဒီတတြမဇ္ဈတ္တတာ ဥပေက္ခာဆိုတာက ကရုဏာနဲ့ မုဒိတာ ကြားထဲမှာ နေတာပါ။ တည်တံ့တဲ့သဘောပါပဲ။ ဥပမာ - ဒုက္ခ ရောက်နေတဲ့လူတွေ ဆင်းရဲသားတွေကို မြင်တဲ့အခါ ငါဒီလူတွေ ကို ဘယ်လိုကယ်တင်ရပါ့မလဲလို့ သနားမှုဖြစ်တာက ကရုဏာ၊ ချမ်းသာတဲ့လူတွေကို မြင်လို့ရှိရင် စိတ်ထဲမှာ သိပ်ဝမ်းသာနေတယ်။ ဒါမုဒိတာ။ ဒါမျိုးက တကယ့်တိုင်းပြည်ခေါင်းဆောင် အာဏာနည် တွေမှ ဖြစ်တာပါ။ သာမည အနုညာတလူတွေမှာတော့ ဒါမျိုးမဖြစ် ပါဘူး။ ဣသာမစ္ဆရိယပဲ ဖြစ်မှာပါ။ ဒုက္ခရောက်တဲ့သူကို မြင်လို့ ရှိရင် တကယ့်တိုင်းပြည်ခေါင်းဆောင်တွေရဲ့ စိတ်ထဲမှာ ငါဘယ် နည်းနဲ့ ကယ်တင်ရမလဲလို့ ကရုဏာဖြစ်တယ်။

တချို့က ဒုက္ခရောက်တဲ့လူတွေ မြင်ရင် စိတ်ဆင်းရဲကြတယ်။ ဒါက ကရုဏာမဟုတ်ဘူး။ အကုသိုလ်စေတသိတ်ပဲ။ ဒုက္ခရောက် တဲ့သူကို တွေ့မြင်ရတယ်ဆိုလို့ရှိရင် ဘယ်နည်းနဲ့ ကယ်တင်ရမတုံး လို့ ကယ်တင်ချင်တဲ့ စိတ်ဖြစ်မှ ကရုဏာဖြစ်တယ်။ ချမ်းသာတဲ့ လူတွေကို တွေ့မြင်ရတယ်ဆိုလို့ရှိရင် ဝမ်းသာတဲ့ စိတ်ဖြစ်မှ မုဒိတာ ဖြစ်ပါတယ်။

ဥပေက္ခာဆိုတာက ဒုက္ခရောက်တဲ့လူတွေကို တွေ့မြင်ရတယ် ဆိုလို့ရှိရင်လဲ ကရုဏာမဖြစ်ဘူး။ ချမ်းသာတဲ့ လူတွေကို တွေ့မြင် တယ်ဆိုလို့ရှိရင်လဲ မုဒိတာမဖြစ်ဘူး။ အင်မတန် စိတ်ဓါတ်တည် တံ့တဲ့ သဘောမျိုးပဲ။ နှစ်မျိုးလုံးအပေါ် အညီအမျှဖြစ်အောင် စိတ် ကို လေ့ကျင့်ထားတာ။ ကရုဏာဆိုတာကလဲ ဒုက္ခရောက်တဲ့လူကို ကယ်တင်ဖို့အတွက် ဆက်လက်ပြီး အလုပ်လုပ်ရအုံးမှာကိုး။ မုဒိတာ ကလဲ ဝမ်းမြောက်ပြီးတော့ အလုပ်ဆက်လုပ်ရအုံးမှာကိုး ကရုဏာ၊ မုဒိတာတို့က ဟိုဘက်ဒီဘက် ဆင်းရဲတဲ့လူ ချမ်းသာတဲ့လူတွေ အပေါ်မှာ အာရုံရောက်နေတာ။ ဥပေက္ခာကတော့ ဟိုဘက်ဒီဘက် ဆင်းရဲတဲ့လူရော ချမ်းသာတဲ့လူရော နှစ်ဦးနှစ်ဘက်အပေါ် ညီညီ မျှမျှ တည်တည်တံ့တံ့ ထားနိုင်တယ်။ ဥပေက္ခာ ဘယ်ဘက်မှ မလိုက်ဘဲနဲ့ စိတ်တွေစေတသိတ်တွေကို ညီမျှအောင် ထားတယ်။

ဒါကြောင့်မို့လို့ ဒီ “တတြမဇ္ဈတ္တုပေက္ခာက”တစ်မျိုး။ သင်္ဂြိုဟ် စိတ်ပိုင်းမှာ ပါတာက ဝေဒနုပေက္ခာဆိုပြီးတော့ တစ်မျိုးပါတာပါ။ ဥပေက္ခာအမျိုးမျိုးရှိတယ်။

(၈) ဘဝအသစ်ဖြစ်လာမှာကိုလည်း (ဒီလိုတစ်ပျက်တည်း ပျက်နေတဲ့ တရားတွေထပ်ဖြစ်ဦးမှာလည်း) ကြောက်စရာပဲ။

(၉) အိုရ၊ နာရ၊ သေရ စိုးရိမ်ပူဆွေးရ၊ ငိုကြွေးရ အပြင်းအထန် စိတ်ပူပင်ရတာတွေလည်း ကြောက်စရာတွေချည်းပဲ ဟု ဆင်ခြင်မိ၏။

ဤဆင်ခြင်မှုကိုလည်း မလွတ်စေနဲ့ မှတ်လိုက်ပါ။

ထိုခါ ယောဂီ၏စိတ်သည် အားကိုးရမဲ့၍ အားငယ်ညှိုးနွမ်းနေကဲ့သို့လည်း ရှိတတ်၏။ လျင်မြန်စွာ ကုန်ပျက်နေသော ရုပ်နာမ်တွေကို ကြောက်ရွံ့နေသကဲ့သို့လည်း ဖြစ်တတ်၏။ ဝမ်းနည်းသလိုလိုလည်း ဖြစ်တတ်၏။ တက်ကြွခြင်းကား မရှိပြီ။

စိတ်မပျက်နဲ့၊ တရားသဘောအတိုင်း ဉာဏ်တိုးတက်လာခြင်းပင်တည်း။ ကြောက်စရာကောင်းသည်ကို သိရ၍ ဥပေက္ခာစိတ်ဖြင့် မရွှင်မညှိုးဖြစ်ရုံသာတည်း။ ထိုဆင်ခြင်မှုများကိုလည်း မှတ်၍လည်း ပေါ်ရာ ပေါ်ရာကို မပြတ်မှတ်နေလျှင် မကြာမီ လွန်မြောက်သွား ပါလိမ့်မည်။

သို့သော်လည်း မမှတ်မူ၍ ကြာမြင့်စွာ ဆင်ခြင်နေလျှင်ကား ဒေါမနဿဖြစ်လျက်မနေသာအောင် တကယ်ကြောက်မှု လည်း ဖြစ်တတ်သေး၏။

ဤမနေသာအောင်ကြောက်ခြင်းသည်ကား ဝိပဿနာဉာဏ် မဟုတ်ပြီ ကိုလည်း မလွတ်အောင် မှတ်ပါလေ။

ရှိတယ်ဆိုရင် ဒီ(၁၀၀)ကို အစည်းအဝေးတက်ရင်လဲ ညီညီညွတ်ညွတ် တက်အောင် ဆုံးဖြတ်ချက်ချရင်လဲ ညီညီညွတ်ညွတ် သဘောတူညီမှုဖြစ်အောင် ထိန်းပေးတဲ့ သဘာပတိတော့ ပါရတော့တစ်ယောက်တစ်ပေါက် ပြောချင်ရာတွေ ပြောနေမယ်ဆိုလို့ရှိရင် ဒီအစည်းအဝေး ဘယ်တော့မှ မပြီးနိုင်တော့ဘူး။ အဲ့ဒီလိုပဲ အစည်းအဝေးမှာ သဘာပတိက အားလုံးညီညီညွတ်ညွတ်မျှမျှတတဖြစ်အောင် ထိန်းပေးသလို တတြမဏ္ဍတ္တာ စေတသိတ်ကလဲ စိတ်၊ စေတသိတ်တွေကို ထိန်းပေးတာပါပဲ။

ဒီထက် ထင်ရှားတဲ့ ဥပမာဆိုရင် သမဝါယမအသင်းတွေကျိအီးစီတွေဆိုပြီးဖွဲ့ကြတယ်။ ဒါတွေဘာဖြစ်လို့ဖွဲ့သလဲဆိုရင် ညီညီမျှမျှ လုပ်ကိုင်ပြီး ပစ္စည်းတွေကို မျှမျှတတ ခံစားကြရဖို့ အမှုဆောင်တွေက ညီညီမျှမျှ ဖြစ်အောင် ထိန်းပေးတာပဲ။

ဘယဉာဏ်

အာရုံရော၊ မှတ်စိတ်ရော၊ အတွဲလိုက် အတွဲလိုက်အားဖြင့် တကုန်ထဲကုန်၊ တပျက်ထဲပျက်နေသည်ကိုသာ တွေ့ရ၍ မှတ်နေရင်းပင် ကြောက်စရာကောင်းသည်ဟု (ဆင်ခြင်) ထင်မြင်လာတတ်၏။ ဘယဉာဏ်ပေတည်း။

(က) ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ရောက်၍ "ရှေးကရုပ်နာမ်များလည်း ချုပ်ပျက်သွားကြလေပြီ။ ယခုလည်း ချုပ်ကြဆဲပင်။ နောင်လဲသည်လိုပင် ချုပ်ပျက်နေကြမှာပဲ" ဟု ကောင်းစွာ သဘောကျသောအခါ၌ ရုပ်နာမ်သခါရတို့ကို၊ "ကြောက်စရာကောင်းသည်" ဟု သိမြင်လျက် ဘယဉာဏ် ဖြစ်ပေါ်၏။

(ခ) ထိုအခါ၌ မှတ်တိုင်းမှတ်တိုင်းပဲ ပျက်၍ ပျက်၍သွားသော သခါရတို့၌ ကြောက်သောအခြင်းအရာနှင့်တကွ၊ အသိဉာဏ် ဖြစ်၏။

"ဆင်ခြင်မိသော အာရုံတို့ဆိုလည်း ကြောက်စရာကောင်းသည်" ဟု ထင်မြင်လျက်၊ အသိဉာဏ်ဖြစ်၏။

ထို့ကြောင့် မှတ်တဲ့စိတ်သည် ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် ဖြစ်စဉ်ကဲ့သို့ ကြည်သာရွှင်ပြ တက်ကြွခြင်း မရှိမူ၍ အားငယ်သလိုပင် ဖြစ်တတ်၏။ သို့သော်လည်း "ရန်သူများ၊ တစ္ဆေသရဲများကို ကြောက်သလို စိတ်နှလုံး မသာမယာဖြစ်လျက် ကြောက်ခြင်း" များကား မဟုတ်ပေ။ ကြောက်စရာကောင်းသည်ကို အမှန်အတိုင်း သိရ၍" မရွှင်မပြ ဖြစ်ရုံမျှသာတည်း။

"ကုန်ပျက်အသိမှ ကြောက်စရာအသိသို့ မှတ်သိခြင်း"

ဆင်ခြင်မိပုံမှာ -

(၁) မျက်စေ့တစ်မှိတ်ခန့် လျှပ်တစ်ပြတ်ခန့်မျှတောင် မတည်တန့်၍ မမြဲတာချည်းပါတကား။

(၂) မသိခဲ့လို့သာဘဲ ရှေးကလည်း ယခုလိုပင် ကုန်ပျက်နေခဲ့မှာပဲ၊ နောင်လဲ ယခုလိုပင် ကုန်ပျက်နေမှာဘဲ ဟူ၍ ဆင်ခြင်မိတတ်၏။ ထိုဆင်ခြင်မှုကိုလည်း မှတ်လိုက်ပါ။

(၃) ထို့ပြင် မှတ်မှုတို့၏ အကြားအကြား၌ ကြောက်စရာကောင်းပုံကိုလည်း ဆင်ခြင်မိတတ်၏။

(၄) မသိလို့သာ ပျော်ရွှင်စွာနေထိုင်ကြသည် တစ်ပျက်တည်း ပျက်နေတာကို အမှန်အတိုင်းသိရတော့ ကြောက်စရာချည်းပါတကား။

(၅) သူတို့ပျက်တိုင်း ပျက်တိုင်း သေနိုင်တဲ့ အချိန်ချည်းပါတကား၊ ဤဘဝ၌ စ၍ ဖြစ်ပေါ်လာခဲ့တာလည်း ကြောက်စရာပဲ၊ မပြတ်မစဲ မကုန်ဆုံးနိုင်အောင် အထပ်ထပ်ဖြစ်ပေါ်နေတာလဲ ကြောက်စရာပဲ။

(၆) အကောင်အထည်ဖြစ် မရှိပါဘဲနဲ့ အကောင်ဖြစ်ရှိသလိုပင် ထင်ပေါ်နေတာလည်း ကြောက်စရာပဲ။

(၇) ချမ်းသာကောင်းစားအောင် (ဒီလိုတစ်ပျက်တည်း ပျက်နေတဲ့ တရားတွေအရှည်တည်တံ့အောင်) အားထုတ်ပြုလုပ်နေတာလည်း ကြောက်စရာပဲ။

ညောင်လေးပင်ဆရာတော် ဦးအရိယ မဇ္ဈိမ၏
ဝိသုဒ္ဓိမဂ်အရသာမှ (ဓာ - ၃၃၃)
ဘယဉာဏ်

ဘင်္ဂဉာဏ်ကို အဖန်ဖန်အားထုတ်သော ယောဂီအား ဘဝ၊ ယောနိ၊ သခ်ါရ အားလုံးသည် ကြောက်ဖွယ်ဘေးကြီးဟု ထင်လာ၏။ ကြောက်ဖွယ်ဘေးကြီးဟု ထင်၍ တွယ်တာခြင်းမရှိ။ ထိုအခါ ဘယဉာဏ်ဖြစ်သည် မည်၏။

ကြောက်ဖွယ်ဘေးကြီး ထင်လာပုံကား -

(၁) တေဘူမကသခ်ါရ အားလုံးသည် ခြင်္သေ့၊ သစ်ကျား ပမာ ကြောက်ဖွယ်ကောင်းလေစွတကား။

(၂) တေဘူမကသခ်ါရ အားလုံးသည် မြွေဆိုး၊ ဆင်ဆိုး၊ မိုးကြိုး စက်ကွင်းပမာ ကြောက်ဖွယ်ကောင်းလေစွတကား။

(၃) တေဘူမကသခ်ါရ အားလုံးသည် သချိုင်းကုန်းပမာ မနေထိုက်လေစွ တကား။ ရှားမီးခဲစုပမာ မချဉ်းကပ်ထိုက်လေစွ တကား။

(၄) တေဘူမကသခ်ါရ အားလုံးသည် စစ်တလင်းကြီးပမာ ကြောက်ဖွယ်ကောင်းလေစွတကား။

(၅) အတိတ်နာမ်ရုပ်အစုပျက်ပြီးပြီ၊ ပစ္စုပ္ပန်နာမ်ရုပ်အစုပျက်ဆဲ၊ အနာဂါတ် နာမ်ရုပ်အစု ပျက်လတ္တံ့၊ သခ်ါရအားလုံး ကြောက်ဖွယ် ချည်းပါတကား။

ဘင်္ဂဉာဏ်ဖြင့် သံသရာဘက်၌ အားငယ်သော ယောဂီ

ဝိပဿနာ ဉာဏ်စဉ်တရားများ (ဓာ - ၄၂ - မှ)

— ပျက်ခြင်း၏အစွမ်းဖြင့် ဖြစ်သော ခန္ဓာငါးပါး သခ်ါရတရားတို့ကို "အလွန်ကြောက်လန့်ဖွယ်ဘေးကြီး" ဟု အဖန်တလဲလဲ ရှုသော အစွမ်းဖြင့် ဖြစ်သောဉာဏ်။

— ကြောက်စရာပဲဆိုတာကိုသိတာ၊ ဘေးဥပါဒ်အန္တရာယ်ကြီးပဲလို့ သိတာ၊

— ပျက်တာမြင်နေရင် ဘယဉာဏ်က မပေါ်ပဲကို မနေဘူး။ ပျက်မှတော့ ကြောက်စရာကောင်းတာပဲ။

— ဤဘဝသည် ကြောက်မက်ဖွယ်ကောင်းသည်ဟု မြင်သောဉာဏ်။

— အာရဒ္ဓ ဝိပဿက ယောဂီပုဂ္ဂိုလ်သည် ချုပ်ပျောက်ခဲ့ပြီသော ရုပ်နာမ်ဓမ္မတို့၏ ဘင်ခဏကိုလည်း မြင်ခဲ့ရ၏။

- ယခု ပစ္စုပ္ပန် ရုပ်နာမ်၏ ပျက်ဆဲကိုလည်း မြင်ရ၏။

- သို့ဖြစ်၍ အနာဂါတ်ကာလဖြစ်လာမည့် ရုပ်နာမ်တို့သည်လည်း ထိုနည်းအတိုင်း မဆိုင်းမတွ ပျက်ကြရမည် ဧကန်ဟု ဉာဏ်မြင်အသိဖြင့် အားကိုးစရာမရှိ၊ ကြောက်လန့်ဖွယ်အတိဟု ထင်မြင်နေမှုကို ဘယဉာဏ်ဟု ခေါ်ဆိုသည်။

— ဘယဉာဏ်သည် မဟာကုသိုလ်စိတ်၌ ယှဉ်လျက် ဖြစ်သည့် အတွက် "တေဘူမက သခ်ါရတရားများကို ကြောက်ဖွယ်ကောင်းသော တရားများပါတကား"ဟု ရှုတတ်သောကြောင့်သာ ဘယဉာဏ်ဟုခေါ်ခြင်းဖြစ်သည်။

— ရုပ်နာမ်အပျက်များကိုသာ မြင်ရ၍ မရွှင်မပြ ကာလသုံးသွယ် ကြောက်ရွံ့ဖွယ်ထင်သော် ဘယဉာဏ်ဟုခေါ်၏။

— အာရုံရော၊ ရှုစိတ်ပါ ရှေ့နောက်ဆင့်လျက် ရိပ်ကနဲ ရိပ်ကနဲ လျှင်မြန်စွာ ပျောက်ပျက်ကုန်ဆုံးသွားတာကို မြင်ရသိရဖန်များလာသည်နှင့် ရုပ်နာမ်အပျက်တွေပေါ်မှာ ကြောက်စရာပဲဟု ထင်၍ ဘယဉာဏ်ဟု ခေါ်သည်။

— တရိပ်ရိပ်နှင့် လျှင်မြန်စွာ ပျက်,ပျက်နေတာကို သိမြင်ရ၍ သံဝေဂကြောက် ကြောက်ခြင်းမျိုး ဖြစ်ပေသည်။

ကြောက်လာခဲ့လျှင် ထိုကြောက်စိတ်ကိုပင် စိုက်၍ ဖြစ်ပျက် ဖြစ်ပျက်ဟု ပျောက်သည့်တိုင်အောင် ရှုမှတ်ပေးပါ။

မရှုမှတ်လျှင် တကယ် ကြောက်လာတတ်သည်။

— ဤအပျက်ဉာဏ်ကို မြင်ရာ၌ ဘင်ဉာဏ်၊ ဘယဉာဏ်ဟူ၍ နှစ်မျိုးကွဲပြားသွားရချေ၏။ ထိုနှစ်မျိုး တစ်မျိုးမျိုးမြင်ကလိုရင်းကိစ္စပြီးသည်သာ။ သင်တစ်ယောက်ထဲ ထိုနှစ်မျိုးစလုံးကို မြင်စရာမလိုပြီ။ အပျက်ကို မြင်ရပြီး ပြင်ပ၌ ကြောက်စရာပဲဟု ဆင်ခြင်စိတ်ပေါ်လျက် ကိစ္စပြီး၏။

— ဤအပျက်ဉာဏ်မှစလျက် ဝိပဿနာဉာဏ်စဉ်၏ အလယ်ပိုင်းတလျှောက်လုံး သဏ္ဌာန်နိမိတ်ခေါ် ပညတ်ဥပ်ကွယ်လျက် ရှိချေ၏။ ဝီထိ - တီနဒိ - မှ - နဒမ - သို့ ပြောင်း။

အင်းမမြို့ ဝက်လာရှိုတောရ ဆရာတော်၏
ယောဂီဉာဏ်စဉ် ရှင်းတမ်းကျမ်း (ဓာ - ၈၃ - မှ)
ကြားတုန်းကြားခိုက်တွင်
ဘယ - အာဒီနဝ - နိဗ္ဗိန္ဒဉာဏ် ပေါ်ပုံ

ဤကဲ့သို့ ကြားတုန်းကြားခိုက်တွင် ကြားသည်ဟု ရှုမှတ်ကာ နေသော ယောဂီအား ရှုမှတ်အပ်သော ရုပ်နာမ်တို့ကို ရေပွက်ကဲ့သို့ လည်းကောင်း၊ မီးလျှံတက်ကြွကဲ့သို့လည်းကောင်း၊ တံလျှပ်ကဲ့သို့ လည်းကောင်း၊ ကုန်သည်၊ ပြိုသည်၊ ပျက်သည်၊ ချုပ်သည် ဟု အထင်များသော ယောဂီအား

- အပျက်ကို မြင်ဖန်များသဖြင့် ဘေးထင်တော့၏။
"ဘေးထင်တာက ဘယဉာဏ်"
- အပျက်ကိုမြင်သဖြင့် - အပြစ်ထင်၏။
"အပြစ်ထင်တာက အာဒီနဝဉာဏ်"
- အပျက်တွေကို မြင်ဖန်များသဖြင့် ငြီးငွေ့၏။
"ငြီးငွေ့တာက နိဗ္ဗိန္ဒဉာဏ်"

× × × ဤသုံးပါးသော ဉာဏ်တို့သည် အမည်ပင် ကွဲကြသော်လည်း သဘောအားဖြင့် အတူတူသာ ဖြစ်ကြကုန်သည်ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှ လာပါသည်။

သည်လည်း သခ်ါရအားလုံး၌ တွယ်တာစရာရှာ၍ မရအောင် ကြောက်လန့်လေ၏။

သုံးပါးပြားသောသခ်ါရ၌ ဘယဉာဏ်ဖြင့်မြင်သော ယောဂီသည်လည်း တွယ်တာခြင်းကို စွန့်လွှတ်လေ၏။

ကြောက်ဖွယ်ဟုထင်သော ဘယဉာဏ်ဟူသည် သတိသမ္ဗဇ္ဈကင်းသော ဒေါသမူကြောက် မဟုတ်။ သြတ္တပ္ပယှဉ်သော ဉာဏ်ကြောက်ဖြစ်၏။ ကြောက်ဖွယ်ဟုဆုံးဖြတ်သော တိရဏဉာဏ်ဖြစ်၏။

ပညာရှိတို့သည် ဘုံသုံးပါးကား မီးတွင်းသုံးတွင်း။

အတိတ် အနာဂါတ် ပစ္စုပ္ပန် သခ်ါရသုံးပါးကား တံကျင်သုံးချောင်း၊ ကြောက်ဖွယ်ကြီးသာဟု ဆုံးဖြတ်သောဉာဏ်ဖြစ်၏။

အနိစ္စဟု နှလုံးသွင်းသူအား နိမိတ္တသည် ဘေးဟုထင်၏။

ဒုက္ခဟု နှလုံးသွင်းသူအား ပဝတ္တသည် ဘေးဟု ထင်၏။

အနတ္တဟု နှလုံးသွင်းသူအား ထိုနှစ်ပါးလုံး ဘေးဟုထင်၏။

ကာလသုံးပါး၌တည်သော သခ်ါရဟူသမျှသည် နိမိတ္တမည်၏။

အနိစ္စဟု နှလုံးသွင်းလျှင် ထိုနိမိတ္တအစု၏ သေခြင်းကိုသာ မြင်လေ၏။ ရူပဘုံ၊ အရူပဘုံ၌ ဖြစ်ခြင်းသည် ပဝတ္တ မည်၏။

ဒုက္ခဟု နှလုံးသွင်းလျှင် သုခဟု သမုတ်အပ်သော ဗြဟ္မာဘဝ ဖြစ်ခြင်း၌လည်း မပြတ်နှိပ်စက်ခြင်းကိုသာ မြင်လေ၏။

အနတ္တဟု နှလုံးသွင်းလျှင် နိမိတ္တ၊ ပဝတ္တ နှစ်ပါးလုံး ဆိတ်သော ရွာကဲ့သို့ အချည်းနှီးကိုသာ မြင်လေ၏။

ဘယတူ ပဋ္ဌာန ဉာဏ်ပြီး၏။

“ မဂ္ဂင်ယာဉ် ”
(ပဋ္ဌာန်းနှင့်ဝိ – ဈာ – ၁၄၂)

(၁) မဂ္ဂင်ရှစ်ဖြာ၊ ယာဉ်ဖြင့်သာ မှန်စွာသွားရမည်။
မဂ္ဂင်ယာဉ်မှာ၊ ဘီးနှစ်ဖြာ၊ ကောင်းစွာတပ်ထားသည်။
ကာယစိတ္တ၊ ဘီးနှစ်ဝ၊ လုံးဝ သံမမြည်။
ကာယိကဝီရိယာ-ဘီးနှင့် စေတသိကဝီရိယ-ဘီး (၂)မျိုးဖြစ်သည်။

(၁)(က) ကာယိကဝီရိယ ဆိုတာ ခန္ဓာကိုယ်တည့်တည့် မတ်မတ်ရှိအောင် ခေါင်းလေးတည့်တည့်မတ်မတ်ရှိအောင် ကိုယ်ကာယမှာ ဝီရိယစိုက်ထားတာ။

(ခ) စေတသိကဝီရိယ ဆိုတာ ပေါ်ရာပေါ်ရာအာရုံလေးတွေ ပေါ်ခိုက်ပေါ်ခိုက်မှာ မှတ်မိနိုင်အောင် ကြောင့်ကြစိုက်ထားရတာ။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ၊ နာတာ၊ ပေါ်ရာကို ပိုင်းပိုင်းခြားခြား သိအောင် စိတ်ကနေ ပြီးတော့ ကြောင့်ကြစိုက်နေတာကို စေတသိကဝီရိယလို့ ခေါ်တာပါ။

(၂) ဟိရီသြတပ္ပသည် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ နောက်မီခုံနဲ့တူသည်။ နောက်မီခုံမရှိရင် လူတွေနောက်ကို လန်လန်ကျသွားပြီး ဒုက္ခများကြသည်။
ပုဂ္ဂိုလ်သတ္တဝါတွေ၊ လူတွေ၊ သူတော်ကောင်းတွေမှာ ဟိရီ၊ သြတပ္ပ မရှိလျှင် သီလပျက်၊ သီလပျက်လျှင်

ဘင်္ဂဉာဏ် (ဈာ – ၁၉၄ – ပဋ္ဌာန်းနှင့်ဝိ တရားတော်)

ဘင်္ဂ = ဘင်္ဂ၏အကြောင်း - ဘင်္ဂတည်ရှိဖို့ရာအကြောင်း ဆိုတော့ သစ်ပင်၏တည်ရာ မြေကြီးနှင့် တူတယ်။

တစ်ဘင်္ဂလုံးမှာ ဘင်္ဂကတော့ ရှိနေတယ်။ တခြားတခြား စိတ်တွေကသာ ပြောင်းလဲ ပြောင်းလဲပြီးတော့ ဖြစ်သွားကြတယ်။

ဘင်္ဂစိတ်ကတော့ မပြောင်းလဲဘူး။

အမြဲတမ်းဘင်္ဂအခြေခံအနေဖြင့် တစ်ဘင်္ဂမှ ဖြစ်နေပေတယ်။

အခြားစိတ်တို့၏ တည်ရာမှီရာဖြစ်တယ်။

ပဋိသန္ဓေကစပြီးတော့ ပဋိသန္ဓေ အခိုက်အတန့်မှာ ပဋိသန္ဓေစိတ်၊ ပဝတ္တိ ရောက်လာတော့ ဘင်္ဂစိတ်၊

ကွယ်လွန်စုတိတဲ့အခါကြတော့ စုတိစိတ်ဖြစ်တယ်။

ဒီဘင်္ဂစိတ်ကပဲ ပြောင်းလဲပြီး ဖြစ်ဖြစ်သွားတာပါပဲ၊ ကိစ္စတွေကသာ ပြောင်းလဲသွားတာဖြစ်တယ်။

တစ်ဘင်္ဂလုံးမှာ တည်ရှိတဲ့စိတ်က ဘင်္ဂစိတ်၊ မြေကြီးနဲ့ တူပါတယ်။ အဲဒီဘင်္ဂကို မှီပြီးတော့ဖြစ်တဲ့ ဇောစိတ်တွေကတော့ လူနဲ့တူတယ်။

ခန္ဓာငါးပါးရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

ရူပံ = ရူပ်တရားသည် ဖေဏာပဏ္ဏူပမံ = ရေမြုပ်စိုင်လျှင် ဥပမာရှိ၏။

ဝေဒနာ = ဝေဒနာသည် ပုဗ္ဗဋ္ဌူပမာ = ရေပွက်လျှင် ဥပမာ ရှိ၏။

သညာ = သညာသည် မရီစိကူပမာ = တံလျှပ်လျှင် ဥပမာ ရှိ၏။

သင်္ခါရာ = သင်္ခါရ တရားတို့သည် ကဒလူပမာ = ငှက်ပျောတုံးနှင့် တူကုန်၏။

ဝိညာဏ် = ဝိညာဏ်သည် မာယူပမဉ္စ = မျက်လှည့်ရုပ်လျှင် ဥပမာရှိ၏။

× × × × × × × × ×

သမာဓိပျက်၊ သမာဓိပျက်လျှင် ဝိပဿနာဉာဏ်လဲမဖြစ် ဉာဏ်မဖြစ်လျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မရောက်တော့ပါ။

(၃) သတိ = သတိသည် ထိုမဂ္ဂင်ရထား၏ အကာအရံနှင့် တူသည်။ အာရုံအမျိုးမျိုးတွေဝင်ပြီးတော့ မနှောင့်ယှက်နိုင်ရအောင် အကာအရံဆိုတဲ့ သတိရှိရပါတယ်။ အာရုံ(၆)ပါး၊ ဒွါရ(၆)ပါးမှာ လာလာတိုက်တဲ့အခါ တိုက်တိုင်း ရှုမှတ်ပေးလိုက်တော့ အကာအရံပြုလုပ်ထားတာ ဖြစ်ပေတယ်။ လောဘ၊ ဒေါသ၊ မောဟတွေ မဖြစ်ရအောင် သတိဖြင့် ကာရံထားရတယ်။

(၄) ဝိပဿနာက ရှေ့ပြေးလမ်းရှင်းပဲ ဖြစ်တယ်။ ဝိပဿနာသမာဓိဌိက ရှေ့သွားဖြစ်တယ်။ လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းတွေကို ဝိပဿနာက ပယ်သတ်ထား လမ်းရှင်းထားရတယ်။

မဂ်သမာဓိဌိက နိဗ္ဗာန်ချမ်းသာသို့ ရောက်အောင် ပို့ပေးတယ်။ ယာဉ်မောင်းသမားနဲ့ တူတယ်။

အနန္တရပစ္စည်း ဟောကြားချက်က -

— စက္ခုဝိညာဏ် (ပဉ္စဝိညာဏ်)ကနေပြီး၊ သမ္ပဋိစ္ဆိုင်း (မနောဓါတု)ကို ကျေးဇူးပြုပုံ။

— သမ္ပဋိစ္ဆိုင်း (မနောဓါတု) - သန္တီရဏ (မနောဝိညာဏဓါတု) ကို ကျေးဇူးပြုပုံ၊ အကြားမရှိကျေးဇူးပြုပုံကို ဟောကြားတာ ဖြစ်တယ်။

— အနန္တရပစ္စယောတိ -

စက္ခုဝိညာဏဓါတု တံ သမ္ပယုတ္တကာစမ္မာ မနောဓါတုယာ တံ သမ္ပယုတ္တကာနဉ္စ မမ္မာနံ အနန္တရပစ္စယောနပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာစမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ မမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

— စက္ခုဝိညာဏဓါတု = စက္ခုဝိညာဏ်စိတ်ဖြစ်တယ်။

တံသမ္ပယုတ္တကာစမ္မာ = စက္ခုဝိညာဏ်နဲ့ယှဉ်တဲ့စေတသိတ်များ။

မနောဓါတုယာ = သမ္ပဋိစ္ဆိုင်းစိတ် (လက်ခံစိတ်)ဖြစ်တယ်။

တံသမ္ပယုတ္တကာနဉ္စမမ္မာနံ = သမ္ပဋိစ္ဆိုင်းနဲ့ယှဉ်တဲ့စေတသိတ်များ။

မနောဝိညာဏဓါတုယာ = သန္တီရဏစိတ်(စုံစမ်းစိတ်)ဖြစ်သည်။

ပဉ္စဒွါရမှာ စိတ်အစဉ်တွေဖြစ်ပြီးတော့ ရှေ့စိတ်ကနေပြီး နောက်စိတ်တွေကို အကြားမရှိ၊ အနန္တရသတ္တိနဲ့ ကျေးဇူးပြုနေပုံကို ဟောတာဖြစ်ပါတယ်။

ဆင်ခြင် = ပဉ္စဒွါရဝဇ္ဇန်း = ဥပါဒ် + ဌီ + ဘင် = စိတ္တဓဏ (၁)ချက်နဲ့ပျက်

အာနန္တရိယစဉ်း
(ပဌာန်းနှင့်ဝိ- စာ-၁၅၄)

အကြားမရှိဘဲနဲ့ ကျေးဇူးပြုနေတာဖြစ်သည်။

မိမိတို့၏သန္တာန် မျက်စိမှာ၊ နားမှာ၊ နှာခေါင်းမှာ၊ လျှာမှာ၊ ကိုယ်မှာ၊ စိတ်မှာ ကျေးဇူးပြုနေတယ်။

ယခုအနန္တရ ပါဠိတော်မှာ ခေါင်းစဉ်အနေနဲ့ ဟောကြားတာကတော့ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ် (၅ခု)မှာဘဲ ရှေးဦးစွာ ခေါင်းစဉ်အနေနဲ့ ဟောကြားထားပါတယ်။

အထက်ပါ (၁၇)ချက်မှ၊ ရှေ့ရှေ့စိတ်တွေက၊ နောက်နောက်စိတ်တွေဖြစ်ပေါ်လာရအောင် အကြားမရှိသောအားဖြင့် ကျေးဇူးပြုနေသည်။

ဘယ်လိုများ ကျေးဇူးပြုသလဲ? ရှေ့စိတ်က ချုပ်ပျောက်သွားပြီးလျှင် နောက်စိတ်ဖြစ်ပေါ်လာရအောင် ကျေးဇူးပြုပေသည်။

(၁) **ဆောင်ပုဒ် - ရှေ့ရှစ်၊ နောက်နှစ် အဗျာကတဖြစ်။**
(၁၀ ခု အဗျာကတ)
အလယ်ခုနှစ်မှာ ကုအဗျာ (၃မျိုး ကု+အ+ဗျာ) မှန်စွာဖြစ်ပေသည်။

(၂) **ဆောင်ပုဒ် -ဘဝင်၊ ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင် လက္ခဏာ၊**
စုံစမ်း၊ ဆုံးဖြတ်၊
ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။

ဇယားနံပါတ် ၄၄

ဝီထီတရားစဉ်အလိုက် ဘဝင်ဖြစ်ပုံ ဖြစ်နည်းအမျိုးမျိုး ဖော်ပြချက်

စဉ်	ဘဝင်ဖြစ်ပုံ	ဘဝင်ဖြစ်နည်း	ဘဝင်ဖြစ်ရသော အကြောင်းတရား	ဘဝင်ဖြစ်ရသော အကြောင်းတရား (ဖွဲ့ပုံဖွဲ့နည်း)	ဘဝင်ဖြစ်ရသော အကြောင်းတရား ဖွဲ့ပုံဖွဲ့နည်း အထူးသတိပြုရန်	
၁	ပုံမှန်ဘဝင်	ဘဝင်ဖြစ်ရသော အကြောင်းတရား ၄ ပါး ပြည့်စုံသော အခါ	ဘဝင်ဖြစ်ရသော အကြောင်းတရား ၄ ပါး ပြည့်စုံသော အခါ	ဘဝင်ဖြစ်ရသော အကြောင်းတရား ၄ ပါး ပြည့်စုံသော အခါ	ဘဝင်ဖြစ်ရသော အကြောင်းတရား ၄ ပါး ပြည့်စုံသော အခါ	ပုံမှန်ဘဝင်
၂	ဘဝင် = ၁၀	ဘဝင် = ၁၀	ဘဝင် = ၁၀	ဘဝင် = ၁၀	ဘဝင် = ၁၀	ဘဝင် = ၁၀
၃	ဘဝင် - ၄ =	ဘဝင် - ၄ =	ဘဝင် - ၄ =	ဘဝင် - ၄ =	ဘဝင် - ၄ =	ဘဝင် - ၄ =
၄	ဘဝင် = ၆	ဘဝင် = ၆	ဘဝင် = ၆	ဘဝင် = ၆	ဘဝင် = ၆	ဘဝင် = ၆
၅	ဘဝင် = ၁	ဘဝင် = ၁	ဘဝင် = ၁	ဘဝင် = ၁	ဘဝင် = ၁	ဘဝင် = ၁
၆	ဘဝင် = ၈	ဘဝင် = ၈	ဘဝင် = ၈	ဘဝင် = ၈	ဘဝင် = ၈	ဘဝင် = ၈
၇	ဘဝင် = ၃	ဘဝင် = ၃	ဘဝင် = ၃	ဘဝင် = ၃	ဘဝင် = ၃	ဘဝင် = ၃
၈	ဘဝင် = ၅	ဘဝင် = ၅	ဘဝင် = ၅	ဘဝင် = ၅	ဘဝင် = ၅	ဘဝင် = ၅
၉	ဘဝင် = ၇	ဘဝင် = ၇	ဘဝင် = ၇	ဘဝင် = ၇	ဘဝင် = ၇	ဘဝင် = ၇

မှု ဒိဋ္ဌိဝိပ္ပလ္လာသ မကင်းကြသောကြောင့် ဖြစ်သည်။ ဤကား ဝိပါက် မှန်သော်လည်း ဇောမှာ အမှန်မရှိဘဲ ဖောက်ပြန်တတ်သော ဇောအပြန်တည်း။

"ယောနိသောမနသိကာရ"

ကုသိုလ်ဖြစ်အောင်တော့ နှလုံးသွင်းတတ်လို့ရှိရင်လည်း ကုသိုလ်ဖြစ်နိုင်တယ်။ ဝိပဿနာရှုနိုင်လို့ရှိရင်လည်း ကုသိုလ်ဖြစ်နိုင်တယ်။ နှလုံးလည်းမသွင်းတတ်ဘူး။ ဝိပဿနာလည်း မရှုတတ်ဘူး ဆိုရင်တော့ ဘာဖြစ်ပါ့မလဲ၊ အကုသိုလ် ဖြစ်လိမ့်မယ်တဲ့။

ဆောင်ပုဒ်။ ။ နှလုံးမသွင်း၊ ရှုမှတ်ကင်း၊ ဖြစ်ခြင်း အကုသာ။

နှလုံးလည်းမသွင်းတတ်ဘူး၊ ရှုလည်းမရှုတတ်ဘူး၊ ရှုမှတ်တတ်သော်လည်း ရှုမှတ်မှုက ကင်းနေတယ်ဆိုရင်တော့ ဘာဖြစ်ပါ့မလဲ။ ။ ။ အကုသိုလ် ဖြစ်ပါမယ်ဘုရား။ တရားနာပရိတ်သတ်များအတွက် ဒီအာရုံတွေနဲ့ ကင်းပြီးတော့ နေလို့ကို မရပေဘူး။ အိပ်တဲ့အခိုက်အတန့်လေးပဲကင်းတယ်။ ကျန်တဲ့အချိန်မှာ ကင်းလို့ ရပါရဲ့လား ။ ။ ။ မရပါဘုရား။

မျက်စိကမြင်လိုက်၊ နားကကြားလိုက်၊ နှာခေါင်းကနံလိုက်၊ လျှာကစားလိုက်၊ ကိုယ်ကထိလိုက်၊ စိတ်ကကြံစည်မှုတွေဖြစ်လိုက်။ အဲဒါတွေကို နှလုံးမသွင်းတတ်ဘူး၊ ဝိပဿနာလည်း မရှုတတ်ဘူး ဆိုရင် အကုသိုလ်တွေပဲဖြစ်တာ များနေတော့ လူဖြစ်ရတာ ကောင်းမှကောင်းပါတော့မလား ။ ။ ။ မကောင်းတော့ပါဘုရား။ အပါယ်

မြင် = ပဋ္ဌဝိညာဉ် = ဥပါဒ် + ဋ္ဌီ + ဘင် = စိတ္တခဏ (၁)ချက်နဲ့ပျက်

လက်ခံ = မနောဓါတ် = သမ္ပဋိစ္ဆိုင်း = ဥပါဒ် + ဋ္ဌီ + ဘင် = စိတ္တခဏ (၁)ချက်နဲ့ပျက် (မြင်သိပြီး အာရုံကို လက်ခံတာ)

စုံစမ်း = မနောဝိညာဏ် = သန္တီရဏ = ဥပါဒ် + ဋ္ဌီ + ဘင် = စိတ္တခဏ (၁)ချက်နဲ့ပျက် (အာရုံကောင်း / မကောင်းစုံစမ်း)

ဆုံးဖြတ် = ဝုဋ္ဌော = အာရုံကောင်းမကောင်း ဆုံးဖြတ် = ဥပါဒ် + ဋ္ဌီ + ဘင် = စိတ္တခဏ (၁)ချက်နဲ့ပျက်

ဇောစိတ်သတ် = ဇော(၇)ချက်ဖြစ်ခြင်းခံစားခြင်း = ဥပါဒ် + ဋ္ဌီ + ဘင် = စိတ္တခဏ (၁)ချက်နဲ့ပျက် "အကုသိုလ်ဇော" ကောင်းတဲ့အာရုံ - လောဘဖြစ် မကောင်းတဲ့အာရုံ - ဒေါသ/ဒေါမနဿဖြစ် = အကုသိုလ်ဇောများစောသည်။ "ကုသိုလ်ဇော" ကုသိုလ်ဆိုရင်တော့ ကုသိုလ်ဇောတွေ စောသွားတယ်။ ဘုရား၊ တရား၊ သံဃာ အာရုံများ၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာပွားများဖို့ရာ အာရုံများ ဆိုလျှင် ကုသိုလ်ဇောများ စောသွားပါသည်။

ကုသိုလ်ဖြစ်အောင် (၁) နှလုံးသွင်းတတ်ခြင်း - ယောနိသောမနသိကာရ

(၂) ဝိပဿနာရှုမှတ်ခြင်း

အကုသိုလ်ဖြစ်အောင် (၁) နှလုံးမသွင်းတတ်ခြင်း - အယောနိသောမနသိကာရ

(၂) ဝိပဿနာမရှုတတ်ခြင်း /မရှုမှတ်ခြင်း။

ဆောင်ပုဒ် ။ ။ နှလုံးသွင်းမှု၊ ရှုမှတ်မှု၊ ပြုကုသလာ။
နှလုံးမသွင်း၊ ရှုမှတ်ကင်း၊ ဖြစ်ခြင်းအကုသာ။

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တိုင်အောင်၊ ကုသိုလ်ဇော၊ အကုသိုလ်ဇောတွေ ဖြစ်နိုင်တယ်။

ရဟန္တာပုဂ္ဂိုလ်သာ၊ အဗျာကတဇော (ကြိယာဇော)ပဲ ဖြစ်တော့သည်။

လူပုဂ္ဂိုလ်များမှာ ဒီအာရုံများနဲ့ ကင်းပြီးတော့နေလို့ကို မရပါ။ အိပ်တဲ့အခိုက်အတန့်လေးပဲ ကင်းလို့ရပါတယ်။

"မျက်စေ့ကမြင်လိုက်၊ နားကကြားလိုက်၊ နှာခေါင်းကနံလိုက်၊ လျှာကစားလိုက်၊ ကိုယ်ကထိလိုက်၊ စိတ်ကကြံစည်မှုတွေ ဖြစ်လိုက်။

ဒါတွေကို နှလုံးမသွင်းတတ်ဘူး။

ဝိပဿနာလည်း မရှုတတ်ဘူးဆိုလျှင် အကုသိုလ်တွေပဲများနေတော့ လူဖြစ်ရတာမကောင်းတော့ပါ။ အပါယ်(၄)ရွာသို့ ပြန်သွားဖို့ပဲ ရှိပါတယ်။ အရင်းရှုံးသွားတော့မှာပါပဲ။

ဒါကြောင့် နှလုံးသွင်းတတ်ဖို့ ရှုလည်း ရှုမှတ်တတ်ဖို့ အရေးကြီးပါတယ်။

× × × × × × × × × × ×

" တဒါရမ္မဏ နိယာမ "

မည်သည့်ဇောနောက်၌ မည်သည့်တဒါရုံဖြစ်သည်ဟု တဒါရုံကို ပိုင်းခြားမှတ်သားမှုကို တဒါရမ္မဏ နိယာမ ဟုခေါ်သည်။

ဝိပါက်အမှန် - အလုံးစုံသော ပဉ္စဒွါရမနောဒွါရတို့၌ ဝိပါက်စိတ်များဖြစ်သော ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း (မနောဓါတု)၊ သန္တီရဏ (မနောဝိညာဏ်) တဒါရုံတို့သည် -

(၁) အလိုမရှိအပ်သောမစင်၊ ခွေးသေကောင်ပုပ်၊ စသော အနိဋ္ဌာရုံ၌ - အကုသလဝိပါက်

(၂) အလိုရှိအပ်သော ထမင်း၊ အဖျော်၊ အိပ်ရာနေရာ စသော ကဋ္ဌာရုံ၌ - ကုသလဝိပါက်

(၃) အလွန်အလိုရှိအပ်သော ဘုရားစသော အတိကဋ္ဌာရုံ၌ - ကုသလဝိပါက် တို့ကား ဝိပါက်အမှန်တည်း။

"ဝိပါက်အမှန်၊ ဇောအပြန်"

အာရုံကိုလိုက်၍ ဝိပါက်တို့သည် ဤသို့အမှန်အတိုင်း ဖြစ်ကြပါသော်လည်း၊ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ စောသောဇောကား အာရုံသို့မလိုက်ဘဲ စောချင်ရာစောတတ်ကြ၏။ ဥပမာ ဘုရားစသော အတိကဋ္ဌာရုံ၌ တိတ္ထိတို့က ဒေါသဇော စောချင်ရာစော၍ ခွေးသေကောင်ပုပ် စသော အနိဋ္ဌာရုံတို့၌ ကျီး၊ လင်းတ တို့က သောမနဿဇော စောတတ်ကြ၏။ ဤသို့ ဖြစ်ရခြင်းမှာ စိတ်မှားမှု စိတ္တဝိပ္ပလ္လာသ၊ အမှတ်မှားမှု သညာဝိပ္ပလ္လာသ၊ အယူမှား

အမှန်အတိုင်းပဲ။ မကောင်းတဲ့ ဆိုးကျိုးတွေ လာတွေ့နေရတယ်။ မိမိက နှလုံးသွင်းတတ်တဲ့ အတွက်ကြောင့် ဇောကျတော့ ကုသိုလ်ဇောတွေ ပြန်ပြီးတော့ ပြောင်းပြန် ပြန်မစောသွားပါဘူးလား ။ ။ ။ စောသွားပါတယ်ဘုရား။ ဒီတော့ နှလုံးသွင်းတတ်ဖို့ အရေးမကြီးပါဘူးလား ။ ။ ။ အရေးကြီးပါတယ်ဘုရား။ အရေးကြီးပေတယ်။

နှလုံးသွင်းတာကတော့ တစ်ခါတလေလည်းရတယ်။ တစ်ခါတလေကျတော့ အာရုံတွေက သိပ်ပြင်းထန်တဲ့အခါကျတော့ နှလုံးမသွင်းနိုင်တော့ပေဘူး။ သာယာဖွယ်အာရုံ၊ အလွန်ပဲ သာယာဖွယ်ကောင်းတဲ့ အာရုံတွေနဲ့တွေ့ရတဲ့အခါ တစ်ခါတစ်ခါ နှလုံးသွင်းလို့ မရတတ်ပေဘူး။ အနိဋ္ဌာရုံ = အင်မတန်ဆန့်ကျင်ဘက်ဖြစ်တဲ့ အာရုံတွေ၊ အလွန်ကြမ်းတမ်းတဲ့ အာရုံတွေနဲ့ တွေ့တဲ့အခါလည်း နှလုံးသွင်းလို့မရဘဲ ဖြစ်သွားတတ်တယ်။ ဣဋ္ဌာရုံကတော့ တော်ပါသေးရဲ့၊ နှလုံးသွင်းလို့ ရတန်သလောက် ရကြပါတယ်။ ရသလောက်ရကြပါတယ်။ အနိဋ္ဌာရုံကျတော့ တချို့ပုဂ္ဂိုလ်တွေ မရနိုင်တော့ပေဘူး။ အာရုံက အလွန်ကြမ်းတမ်း၊ အလွန်ဆန့်ကျင်ဘက်ဖြစ်တော့ စိတ်ကို မထိန်းထားနိုင်တော့ပေဘူး။ **"ယောနိသော မနသိကာရ"** နဲ့ မနိုင်တော့ပေဘူး။ မနိုင်တော့ဘာနဲ့နိုင်အောင် ကုရမလဲ၊ ရှုမှတ်မှုနဲ့ ကုရတယ်။ ရှုမှတ်မှုကတော့ အနိုင်ဆုံးပါပဲ။

(၃) ရှုမှတ်မှုက အနိုင်ဆုံးဖြစ်ပေတယ်။ ဘယ်ကပဲရှုရှု၊ ရှုမှတ်နိုင်

လေးရွာသို့ ပြန်သွားဖို့ပဲ ရှိပါတော့တယ်။ အရင်းရှုံးသွားတော့မှာပါပဲ။ ဒါကြောင့် နှလုံးသွင်းတတ်ဖို့၊ ရှုလည်း ရှုမှတ်တတ်ဖို့ အရေးမကြီးပါဘူးလား ။ ။ ။ အရေးကြီးပါတယ်ဘုရား။

ဆောင်ပုဒ်။ ။ နှလုံးသွင်းမှု၊ ရှုမှတ်မှု၊ ပြုက ကုသလာ။

နှလုံးသွင်းမယ်ဆိုရင်တော့ အာရုံတွေလာတိုက်တဲ့အခါ ဇောသို့ရောက်လာလျှင် နှလုံးသွင်းရပါတယ်။ နှလုံးမသွင်းတတ်လို့ ရှိရင်တော့ အကုသိုလ်ဇောတွေ စောသွားတယ်။

ကောင်းတဲ့ဣဋ္ဌာရုံဖြစ်တဲ့ အာရုံတွေ၊ အလွန်သာယာဖွယ်ဖြစ်တဲ့ အာရုံတွေလာတိုက်တော့ နှလုံးမသွင်းတတ်ဘူးဆိုရင် လောဘဖြစ်တယ်၊ သာယာတယ်၊ နှစ်သက်တယ်၊ ခင်မင်တယ်၊ တွယ်တာတယ်၊ လောဘဖြစ်သွားတယ်။ လောဘနဲ့စပ်တဲ့ အကုသိုလ်တွေ ဖြစ်သွားပေတယ်။

မကောင်းတဲ့ အနိဋ္ဌာရုံတွေ လာတိုက်ကြတော့ နှလုံးမသွင်းတတ်လို့ရှိရင် ဒေါသ ဒေါမနဿတွေ ဖြစ်သွားကြတယ်။

နှလုံးမသွင်းတတ်သော ကောင်းတာတိုက်လည်း အကုသိုလ်၊ မကောင်းတာတိုက်လည်း အကုသိုလ်ဖြစ်တယ်။ အကုသိုလ်ကိုတော့ တရားနာပရိတ်သတ်များ အလွန်ကြောက်ပါတယ်။ မကြောက်ရပါဘူးလား ။ ။ ။ ကြောက်ရပါတယ်ဘုရား။ နှလုံးသွင်းတတ်ဖို့လည်း အရေးမကြီးပါဘူးလား ။ ။ ။ အရေးကြီးပါတယ်ဘုရား။

ယောနိသောမနသိကာရ ဘယ်လိုကောင်းမှုနှလုံးသွင်းမလဲ?

(၁) ကောင်းတဲ့ကုဋ္ဌာရုံတွေ လာတိုက်တဲ့အခါကျတော့ ဘယ်လို နှလုံးသွင်းရမလဲ။ ဒီလိုကောင်းတဲ့ကုဋ္ဌာရုံတွေ၊ ကောင်းတဲ့ အာရုံ အမျိုးမျိုးတွေနဲ့၊ ကောင်းကျိုး အမျိုးမျိုးတွေနဲ့ မိမိတွေ့ရတာ မိမိ အတိတ်ဘဝတွေက ကောင်းခဲ့လို့လား၊ မကောင်းတဲ့လို့လား . . . ကောင်းခဲ့လို့ပါဘုရား။ ကောင်းတဲ့ကုသိုလ်ကံတွေပြုခဲ့လို့ ကောင်းကျိုးတွေနဲ့ တွေ့နေရတာဖြစ်တယ်။

နောက်လာလတ္တံ့ အနာဂတ်အခါနိန်အခါတွေမှာ အနာဂါတ် ဘဝတွေမှာ ကောင်းတာတွေနဲ့ တွေ့ဖို့ရာ မလိုအပ်ပါဘူးလား . . . လိုအပ်ပါတယ်ဘုရား။ အကောင်းဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ တိုင်အောင် ရောက်သွားဖို့ရာ လိုအပ်တယ်။ လိုအပ်တဲ့အတွက် ကြောင့် ကောင်းမှုကုသိုလ်တွေကို ပြုမှုတော်မယ်လို့ နှလုံးသွင်းရ ပါတယ်။

အတိတ်ကကောင်းခဲ့လို့ အခုကောင်းတာတွေနဲ့ တွေ့နေ ရတာ၊ နောင်အနာဂတ်ဘဝတွေမှာ ကောင်းဖို့ရာ နိဗ္ဗာန်ချမ်းသာကို ရောက်သွားဖို့ရာ ကောင်းတဲ့ကုသိုလ်တွေပြုမှ တော်မယ်လို့ နှလုံး သွင်းလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ကုသိုလ်မဖြစ်သွားပါဘူးလား . . . ကုသိုလ်ဖြစ်သွားပါတယ်ဘုရား။ နှလုံးသွင်းကောင်းရင် ကုသိုလ်ဖြစ်တယ်။

(၂) မကောင်းတဲ့ အနိဋ္ဌာရုံတွေနဲ့ တွေ့ရကြုံရတဲ့အခါ မကောင်း တာတွေနဲ့ပဲ တွေ့ရတဲ့အခါ၊ မကောင်းတာတွေပဲ ကြားနေရတဲ့အခါ၊

မကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ပဲ အတူတကွ နေရတဲ့အခါ နှလုံးဘယ်လို သွင်းရပါ့မလဲ၊ ဒီလိုမကောင်းတာတွေနဲ့ မိမိလာတွေ့နေရတာ မိမိ အတိတ်ဘဝတွေက ကောင်းခဲ့လို့လား၊ မကောင်းခဲ့လို့လား . . . မကောင်းခဲ့လို့ပါဘုရား။ မိမိမကောင်းခဲ့လို့၊ မိမိမကောင်းတဲ့ အကုသိုလ်ကံတွေပြုခဲ့လို့ ဒီလိုမကောင်းတာတွေနဲ့ လာတွေ့နေ ရတာပဲလို့ ဆင်ခြင်လိုက်တာနဲ့ မသက်သာသွားပါဘူးလား . . . သက်သာသွားပါတယ်ဘုရား။ ဒီလိုမကောင်းတဲ့ အနိဋ္ဌာရုံ အကျိုး ပေးတွေကို ဘာနဲ့များ ကျော်လွန်နိုင်ပါ့မလဲ၊ ကုသိုလ်တရား တွေနဲ့မှ ကျော်လွန်နိုင်ပေမယ်။ ကုသိုလ်တရားတွေကို ရှေးကထက် ဆတက်ထမ်းပိုးတိုးပြီးတော့ ပြုလုပ်မှတော်မယ်လို့ နှလုံးသွင်းလိုက် တာနဲ့ တပြိုင်နက် ကုသိုလ်တွေ မဖြစ်သွားပါဘူးလား . . . ကုသိုလ်တွေ ဖြစ်သွားပါတယ်ဘုရား။

ဝိပါက်အမှုန် – ဇောအပြုန်

ဝိပါက်ကတော့ အမှုန်အတိုင်းပဲ။ မကောင်းတဲ့အကုသိုလ် အကျိုးပေးတွေနဲ့၊ မကောင်းတာတွေနဲ့ လာတွေ့နေရပါသော်လည်း မိမိတို့က နှလုံးသွင်းတတ်တဲ့အတွက်ကြောင့် ကုသိုလ်တွေပဲ ဖြစ်သွားတယ်။ ကုသိုလ်ဇောတွေပဲ မစောသွားပါဘူးလား . . . ကုသိုလ်ဇောတွေ စောသွားပါတယ်ဘုရား။ **'ဝိပါက်အမှုန်၊ ဇောအပြုန်'** လို့ ရှေးဆရာတော်ကြီးများ ဆောင်ပုဒ်စီထားတာ နေရာမကျပါဘူးလား . . . နေရာကျပါတယ်ဘုရား။ ဝိပါက်က

သာသာဓု . . . သာဓု . . . သာဓုပါဘုရား။

မြင်လျှင် မြင်ကာမျှမတွေ့မှာတည်အောင် ရှုမှတ်လိုက်တော့ ကြဒ္ဒာရုံဖြစ်လို့ရှိရင် လောဘလည်း မဖြစ်တော့ပေဘူး။ ရှုပါရုံကို သာယာတပ်မက်တဲ့ လောဘလည်း မဖြစ်တော့ပေဘူး။ အနိဋ္ဌာရုံဖြစ်လို့ရှိရင် ဒေါမနဿ ဒေါသလည်း မဖြစ်တော့ပေဘူး။ မြင်လျှင် မြင်ကာမျှမတွေ့ဆိုတာ အခုတရားနာ ပရိသတ်များအနေနဲ့ ယောဂီများအနေနဲ့ မခက်လှပါဘူး။ သာမာန်ပုဂ္ဂိုလ်တွေ အနေနဲ့တော့ အလွန်ခက်တယ်။ "မြင်တယ်ဆိုလျှင် အားလုံးမြင်ပြီးသွာတာပဲ။ ဘယ်လို မြင်ကာမျှမတွေ့မှာ တည်အောင်လုပ်ရမှာလဲ" ဒီလိုတောင် ပြန်မေးကြတယ်။

တရားနာပရိသတ်များ၊ ယောဂီများအနေနဲ့ ဒီလောက် မခက်လှပါဘူး။ စကြိ်လျှောက်သွားတဲ့အခါ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်နေတဲ့ အခိုက်အတန့် ကြွလိုက်တဲ့အခါ ပေါ့ပေါ့ပြီးတော့ တက်သွားတာ၊ လှမ်းလိုက်တဲ့အခါ ပေါ့ပေါ့ပြီးတော့ ရွှေ့သွားတာ၊ ချလိုက်တဲ့အခါလည်း လေးလေးပြီးတော့ ကျသွားတာကို မြင်နေရလို့ ယောဂီက အမှတ်ကောင်းနေတဲ့ အခိုက်အတန့်မှာ ယောဂီနားက လူတစ်ယောက်က ဖြတ်သွားလိုက်တယ်။

"ယောဂီနားက ဖြတ်သွားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူလဲလို့ အမျိုးသားလား၊ အမျိုးသမီးလား"လို့ သွားမေးလို့ရှိရင် ယောဂီက "မသိပါဘူး၊ လူတစ်ယောက်တော့ ဖြတ်သွားတာပဲ၊ ဘယ်သူလဲတော့ မသိပါဘူး" လို့ မပြောတတ်ပါဘူးလား . . . ပြောတတ်ပါတယ်

ရင် ဒေါသ ဒေါမနဿတွေ မဖြစ်နိုင်တော့ပေဘူး။ မြင်စရာအာရုံက အနိဋ္ဌာရုံနဲ့တွေ့ရလို့ -

(က) ဒေါသ ဒေါမနဿတွေ ဖြစ်တော့မယ်ဆိုလို့ရှိရင် 'မြင်တယ်၊ မြင်တယ်'လို့ ရှုမှတ်ရတယ်။ ယောနိသော မနသိကာရ စိတ်ထားလို့ မရလျှင် ဝိပဿနာ ရှုမှတ်ရပါသည်။ မြင်ကာမျှမတွေ့မှာ တည်သွားလို့ရှိရင်လည်း ဒီဒေါမနဿက မဖြစ်နိုင်တော့ဘူး။ မြင်ရတဲ့ အဆင်းရှုပါရုံတွေ တရိပ်ရိပ်ပြောင်းလဲနေတာတွေကို တွေ့ရလို့ရှိရင်လည်း ဒီဒေါမနဿ မဖြစ်ရတော့ဘူး။ မြင်သိစိတ်က တစ်ခုပြီးတစ်ခု ပျောက်ပျောက်သွားတာ မြင်လို့ရှိရင်လည်း ဒီဒေါမနဿ ဖြစ်ပါတော့မလား . . . မဖြစ်တော့ပါဘုရား။

ဒီအာရုံတွေကို မကြည့်တော့ဘဲ ရပ်တယ်၊ ရပ်တယ်ရှု

(ခ) မျက်စိက မရှုနိုင်ဘူးဆိုလို့ရှိရင်လည်း ဘယ်မှာရှုရမလဲ၊ ကာယာမှာ ရှုရမယ်။ ဒီအာရုံတွေကို မကြည့်တော့ဘဲနဲ့ ရပ်နေတယ်ဆိုလို့ရှိရင် 'ရပ်တယ်၊ ရပ်တယ်'လို့ ရှုမှတ်လိုက်ရင် မပြတ်သွားပါဘူးလား . . . ပြတ်သွားပါတယ်ဘုရား။ ရှုမှတ်မှုဖြစ်တာနဲ့ ဟိုမှာ ဒေါသ ဒေါမနဿက ဖြစ်လို့ရပါမလား . . . မရပါဘုရား။

အာရုံတွေကို မကြည့်တော့ဘဲ ထိုင်တယ်၊ ထိတယ်ရှု

(ဂ) ထိုင်လျက်နဲ့ဆိုလို့ရှိရင် 'ထိုင်တယ်၊ ထိတယ်၊ ဖောင်းတယ်၊ ပိန်တယ်'လို့ မှတ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ဒေါမနဿ

ဒေါသမရှိတော့ဘူး။ မပြတ်သွားပါဘူးလား ။ ။ ။ ပြတ်သွားပါတယ်ဘုရား။ ပြတ်သွားပေတယ်။

(ဃ) သွားရင်နဲ့ဆိုရင်လည်း 'ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ကွေ့တယ်၊ ချတယ်၊ လှမ်းတယ်၊ ချတယ်'လို့ မှတ်လိုက်တာနဲ့ တပြိုက်နက်တည်း အမှတ်ဖြစ်သွားတာနဲ့ ဒီဒေါမနဿ ဒေါသတွေဟာ ဖြစ်ခွင့်မရတော့ဘူး။ ဝိပဿနာက အနိုင်ဆုံး မဖြစ်နိုင်ပါဘူးလား ။ ။ ။ အနိုင်ဆုံးပါဘုရား။ မှတ်လိုက်တာနဲ့ ကုသိုလ်ဇောတွေ ဖြစ်သွားတယ်။ ဒေါသဇောတွေ ဒေါမနဿဇောတွေ မဖြစ်နိုင်တော့ပေဘူး။ ဖြစ်ခွင့်မရတော့ပေဘူး။ ဝိပဿနာကတော့ အနိုင်ဆုံးပဲ။ ဒါကြောင့် ဝိပဿနာရှုကြရပါတယ်။ ဝိပဿနာအောင်မြင်သွားရင်တော့ မိမိတို့ အလိုရှိအပ် တောင့်တအပ်သည့် ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာတိုင်အောင် ရောက်သွားကြမှာဖြစ်တဲ့အတွက်ကြောင့် ဝိပဿနာကုသိုလ်က အကောင်းမြတ်ဆုံး ကုသိုလ်ဖြစ်တယ်။

ဝိပဿနာရှုတော့မယ်ဆိုတော့ ဒီဝီထိအစဉ်ထဲမှာ ဘယ်နေရာက ရှုရမလဲ မလိုအပ်ပါဘူးလား ။ ။ ။ လိုအပ်ပါတယ်ဘုရား။ နှလုံးသွင်းတာက ဇောမှာ နှလုံးသွင်းရတယ်။ ဇောရောက်လာတော့ အာရုံကိုသိလာတော့ နှလုံးမသွင်းရပါဘူးလား ။ ။ ။ နှလုံးသွင်းရပါတယ်ဘုရား။

ဝိပဿနာရှုတော့ ဘယ်နေရကနေ ရှုရပါသလဲဆိုတော့ စက္ခုဝိညာဏ်က ရှုရမယ်။ 'အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်

ပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် = မြင်သိစိတ်' အဲဒီမြင်သိစိတ်ဖြစ်တဲ့ အခိုက်အတန့်လေးမှာ - ရှုပါရုံအဆင်းက မျက်စိအကြည်ကို လာတိုက်ခိုက်မှ ရှုရပါတယ်။ ရှေ့က 'အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း'တိုင်အောင် လွန်သွားပြီးတဲ့အခါ စက္ခုဝိညာဏ် = မြင်သိစိတ်ကလေး ဖြစ်ခိုက်မှာ 'မြင်တယ်၊ မြင်တယ်' လို့ မရှုမှတ်ရပါဘူးလား ။ ။ ။ ရှုမှတ်ရပါတယ်ဘုရား။ 'မြင်တယ်၊ မြင်တယ်'လို့ ရှုမှတ်ရပါတယ်။ မြင်တယ်၊ မြင်တယ်လို့ ရှုမှတ်နိုင်တဲ့အင်အား အသင့်အတင့် ရှိလာတဲ့အခါ မြင်ကာမျှ မတ္တာမှာပဲ တည်သွားတယ်။ တရားနာပရိသတ်များလောက် ယောဂီများလောက် ဝိပဿနာ အခြေခံရှိနေတဲ့ ပုဂ္ဂိုလ်တွေအတွက် ရှေးဦးစွာ မြင်ကာမျှ မတ္တာမှာ တည်အောင်ပဲ ရှုကြရပါတယ်။

အစပိုင်းမှာ မြင်ကာမျှမတ္တာဆိုတာကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။

ဒိဋ္ဌေ = မြင်အပ်သော အဆင်းရှုပါရုံ၌၊
ဒိဋ္ဌမတ္တံ = မြင်ကာမျှဖြစ်သောစိတ်သည်၊
ဘဝိဿတိ = ဖြစ်လတ္တံ့ (ဝါ) ဖြစ်အောင်ရှုရမယ်။
ဣတိ = ဤသို့
ဘဂဝါ = မြတ်စွာဘုရားသည်၊
အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြား တော်မူခဲ့ပါပေသတည်း ။ ။ ။

ဘုရား။ မြင်လျှင် မြင်ကာမျှမတ္တမှာ တည်သွားတာဖြစ်တယ်။ အမှတ်ကိုပဲ အလေးအနက် နှလုံးသွင်းထားတော့ ဟိုမှာမြင်ရတာ မြင်ကာမျှမတ္တ မဖြစ်သွားပါဘူးလား . . . မြင်ကာမျှမတ္တမှာ ဖြစ်သွားပါတယ်ဘုရား။ ကြားလျှင် ကြားကာမျှမတ္တ၊ နံလျှင် နံကာမျှ မတ္တ၊ စားလျှင် စားကာမျှမတ္တ တို့မှာလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။

ပဋ္ဌဒ္ဓါရ = (၅)ဒ္ဓါရမှာ ကျလာတဲ့အာရုံတွေကို ဘယ်ကနေ ရှုနေရလဲဆိုတော့ မနောဒ္ဓါရကနေ ရှုနေရတယ်။ ကျရာအာရုံက ပဋ္ဌဒ္ဓါရ၊ ရှုတာက မနောဒ္ဓါရ ဖြစ်တယ်။ ဘယ်ကရှုရပါလဲ . . . မနောဒ္ဓါရကပါဘုရား။ မနောဒ္ဓါရက ရှုရပေတယ်။

သာမန်ပုဂ္ဂိုလ်တွေအနေနဲ့ကတော့ အို - ကျရာကတခြား၊ ရှုရာကတခြား၊ ဖြစ်မှဖြစ်နိုင်ပါ့မလားလို့ ဒီလိုလည်း စဉ်းစားသွားတတ်ပါတယ်။ ဒီလိုလည်း ဆင်ခြင်တွေ ပေးလာတတ်ပါတယ်။ ဖြစ်ကို ဖြစ်နိုင်တယ်။ ဖြစ်နိုင်တာလေးကို ပဋ္ဌဒ္ဓါရမှာ အာရုံ (၅)ပါး လာတိုက်တဲ့အခါမှာ မနောဒ္ဓါရမှာထင်တဲ့အကြောင်းကို အဋ္ဌကထာ ဆရာများက ဖွင့်ပြထားပါတယ်။

သစ်ပင်ဖျားမှာ ငှက်လာနားတဲ့ ဥပမာနဲ့ ဖွင့်ပြထားပါတယ်။ သစ်ပင်ဖျားမှာ မွန်းတည့်တဲ့အချိန်မှာ ငှက်လာပြီးနားတဲ့အခါ

(၅) ဤမှနောက်၌ မုန်းစရာ၊ ချစ်စရာ စသည်ဖြင့် အမျိုးမျိုး စိတ်ကူးကြံစည်သော ဝီထိစိတ်များ ဖြစ်ပေါ်လာတတ်ကြသည်။

အထက်ပါတို့တွင် (၃) + (၄) မှာ ထင်လာသော အဆင်းအာရုံ၏ အမှန်သဘောကို မသိမှု မောဟကြောင့် ဖြစ်လေသည်။ ဝိပဿနာမပြတ် ရှုမှတ်နေသော ပုဂ္ဂိုလ်မှာ ထိုနှစ်ဝီထိ (၃) + (၄) ဖြစ်သည်ထိမရောက်တော့ဘဲ အစဦးဖြစ်သော (၁) စက္ခုဝိညာဏ ဝီထိလောက်သာ ဖြစ်တော့သည်။

ထို့ပြင် စက္ခုဝိညာဏ ဝီထိမှ နောက် - စ - စဦးဖြစ်သော အတိတ် အဆင်းပရမတ်အာရုံ (၂)ကိုသာ အာရုံပြုပေးသော တဒနုဝတ္ထက သုဒ္ဓမနောဒ္ဓါရိက ပထမကြိမ်သိဝီထိမျှ တိုင်အောင်သာ ဖြစ်လျှင်လည်း "အဆင်း၌မြင်ရုံမျှသာ" ဖြစ်သည် ဆိုနိုင်၏။

(က) စက္ခုဒ္ဓါရစသည်တို့၌ အဆင်းစသော အာရုံထင်လာသောအခါ နှလုံးသွင်းဆင်ခြင်မှု ပဋ္ဌဒ္ဓါရာဝဇ္ဇန်း ဖြစ်လာသော်လည်း စက္ခုဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏ စိတ်ဖြစ်၍ ဝုဋ္ဌောစိတ်ဖြစ်လက်သော် တကြိမ်၊ နှစ်ကြိမ်၊ အာသေဝန မှီဝဲခြင်း၊ ထုံခြင်းကိုရ၍ ဘဝင်ကျရ ပေသည်။ (ဝုဋ္ဌော (၂)ကြိမ် (၃)ကြိမ်ဖြစ်သည်။) တပ်မက်ခြင်း စသည် မဖြစ် တော့ပေ။ (လောဘဇော မစောတော့)ဤသို့ ဖြစ်နိုင်သူမှာလည်း ထိပ်ဖျားခေါင်ထိရောက်နေသော တိက္ခ ဝိပဿက ပုဂ္ဂိုလ်ဖြစ်၏။

မြေကြီးမှာလည်း အရိပ်သွားမထင်ပါဘူးလား ။ ။ ။ ထင်ပါတယ်ဘုရား။ သစ်ပင်ဖျားမှာ ဌက်နားတာနဲ့ မြေကြီးမှာ အရိပ်သွားတင်တာနဲ့ဟာ မရှေးမနှောင်းပဲ တစ်ပြိုင်နက်လို မဖြစ်ပါဘူးလား ။ ။ ။ ဖြစ်ပါတယ်ဘုရား။ အဲဒီလိုပါပဲတဲ့ ပစ္စဒ္ဓါရ = (၅)ဒွါရမှာ ဌက်နဲ့တူတဲ့ အာရုံ(၅)ပါးတွေ လာတိုက်တဲ့အခါ မနောဒွါရမှာ ဌက်ရိပ်ပမာ သွားသွားပြီးတော့ ထင်တာပါပဲ။ တစ်ပြိုင်နက်လိုပဲထင်တော့ မှတ်လို့မရပါဘူးလား ။ ။ ။ မှတ်လို့ရပါတယ်ဘုရား။ ဥပမာ ဆောင်ပုဒ်ကလေး ဆိုထားရအောင် (အဋ္ဌသာလိနီ - ၁၁၄)

ဆောင်ပုဒ် ။ ။ သစ်ပင်ဖျား၌၊ ဌက်နားပမာ၊
အာရုံငါးပါး၊ ထိခြားထင်လာ၊
မြေ၌ဌက်ရိပ်၊ ခတ်နှိပ်ပမာ၊
မနောပေါက်၊ ဆိုက်ရောက်လေသည်သာ။

သစ်ပင်ဖျားနဲ့တူတဲ့ (၅)ဒွါရမှာ ဌက်နဲ့တူတဲ့ အာရုံ(၅)ပါးလာပြီးတော့ ထိလိုက်တယ်။ ထိလိုက်တဲ့အခါမှာ ဌက်အရိပ်ဟာ မြေမှာထင်လာသလို မနောပေါက်မှာ အာရုံတွေ ဆိုက်ရောက်ထင်လာတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ မထင်လာပါဘူးလား ။ ။ ထင်လာပါတယ်ဘုရား။ ထင်လို့သာလျှင် 'မြင်တယ်၊ မြင်တယ်' 'ကြားတယ်၊ ကြားတယ်' 'နံတယ်၊ နံတယ်' 'စားတယ်၊ စားတယ်' 'ထိတယ်၊ ထိတယ်'လို့ ရှုမှတ်လို့ရနေတာပါပဲ။ မထင်ရင်တော့ ရှုမှတ်လို့ ရမှရပ့ါမလား ။ ။ ။ မရပါဘူးဘုရား။

မြင်ရုံမှု ကြားရုံမှု စသောသဘော

(၁) မျက်စိဟူသော စက္ခုပသာဒ အကြည်ဓါတ်၌ အဆင်းအာရုံထင်လာသောအခါ "ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒ္ဒါရဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော-ဇ-ဇ-ဇ-ဇ-ဇ-ဇ၊ တဒါရုံ - ဒ၊ ဘွင် - ဘွင်၊ အားဖြင့် စက္ခုဝိညာဏ ဝီထိဖြစ်၏။ ဤဝီထိစိတ်များသည် ပစ္စုပ္ပန်အဆင်းပရမတ် အာရုံကို အာရုံပြုလျက် ဖြစ်၏။

(၂) ထို့နောက် ဘဝင်မှထ၍ အတိတ်ဖြစ်သော ထိုအဆင်း ပရမတ်အာရုံကိုပင် အာရုံပြု၍ "မနောဒွါရဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ အာဒါရုံ(၂)ကြိမ်၊ ဘွင် - ဘွင်"

အားဖြင့် တဒနုဝတ္တက သုဒ္ဓမနောဒွါရိက ပထမကြံသိဝီထိဖြစ်ပေါ်၏။ ဤဝီထိအခိုက်၌လည်း ယောက်ျား၊ မိန်းမ စသော ပုံသဏ္ဌာန်ပညတ် မထင်ရှားသေးဘဲ အထိ၏ အဆင်းပရမတ် အာရုံကိုပင် အာရုံပြုသောစိတ်အစဉ်သည် ဖြစ်၏။

(၃) ထို့နောက် ထိုနည်းအတူပင် တတိယကြံသိ ဝီထိစိတ်အစဉ် ဖြစ်ပေါ်လာပြန်သည်။ ဤဝီထိစိတ်အစဉ်၌ ယောက်ျားပဲ၊ မိန်းမပဲ စသော ပုံသဏ္ဌာန်ပညတ်များ ပေါ်လာ၏။

(၄) ထို့နောက် ဤနည်းအတူပင် တတိယကြံသိ၊ ဝီထိစိတ်အစဉ် ဖြစ်ပြန်သည်။ ဤဝီထိစိတ်အစဉ်၌ ယောက်ျားပဲ၊ မိန်းမပဲ စသော ပုံသဏ္ဌာန်ပညတ်များပေါ်လာ၏။

- သတိကင်း၍မေ့နေသောအခါ (ဝိသညီကာလ)
- မွေးဖွားခါစခါ (အတိတရူဏကာလ) စသည်တို့၌ မန္ဒ၊ နုံသည်၏ အဖြစ်ကြောင့် (၀၀) မိရာဝတ္ထုရုပ်၏အားနည်းခြင်းကြောင့် (၅)ကြိမ်သာ စောင်၏။

- (၄)ကြိမ် (၅)ကြိမ် စောသောဇော

မြတ်စွာဘုရား၏ ရေအစုံ၊ မီးအစုံစသော တန်ခိုးပြာဋိဟာ ပြသောအခါ၌ လျှင်မြန်စွာဖြစ်ရခြင်းကြောင့် ပစ္စဝေက္ခဏာဇောသည် (၄)ကြိမ် သို့မဟုတ် (၅)ကြိမ်သာစောင်၏။ လျှင်မြန်စွာမဖြစ်ရသော သာမန်အခါများ၌ကား ပစ္စဝေက္ခဏာဇောလည်း (၇)ကြိမ် စောင်၏။

- (၄)ကြိမ် (၃)ကြိမ် စောသောဇော

အပ္ပနာဇော၏ ရှေ့ - ဥပစာရ သမာဓိဇော အခိုက်၌ မန္ဒပည၊ တိက္ခပည (တနည်း) ခန္ဓာဘိည၊ ခိပ္ပဘိည ပုဂ္ဂိုလ်တို့ အားလျှော်စွာ (၄)ကြိမ်သော်လည်းကောင်း၊ (၃)ကြိမ်သော်လည်းကောင်း၊ စောင်၏။

ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော၏ ရှေ့အဘို့၊ အနုလုံဇောအခိုက်တွင်လည်း မန္ဒ၊ တိက္ခ ပုဂ္ဂိုလ်တို့အားလျှော်စွာ (၄)ကြိမ်၊ (၃)ကြိမ် စောင်၏။

(ခ) ပဉ္စဒ္ဒါရဝဇ္ဇန်းမှစ၍ ဝုဋ္ဌောဖြစ်ပြီးနောက် လောဘဇော စသည်ဖြစ်ပေါ်၏။ ထိုသို့ဖြစ်သောအခါ လောဘဇော (သို့မဟုတ်) ဒေါသဇော စောမှန်း သိ,သိပြီးချင်း ဘဝင်ခြားပြီးနောက် အာရုံကိုသိမ်းဆည်း ရှုမှတ်သောအခါ ရာဂဇော ဒေါသဇော မစောမူ၍ ကုသိုလ်ဝိပဿနာဇောသာ စောတော့၏။ ဤသို့ ဖြစ်နိုင်သူမှာ အလတ်တန်းစား မဂ္ဂိုမဝိပဿနာ ပုဂ္ဂိုလ်ဖြစ်သည်။

(ဂ) ရှုမှတ်နေလျက်ကပင် ပထမအကြိမ် လောဘဇော (သို့) ဒေါသဇော စောလေ၏။ စောမှန်သိပြီးနောက် ဒုတိယအကြိမ်မှာလည်း ဤနည်းတူစောပြန်၏။ စောမှန်းသိပြီး အာရုံကို သိမ်းဆည်းသည့်အတွက် တတိယအကြိမ်မှာမူ လောဘဇော၊ ဒေါသဇော မစောတော့ဘဲ ကုသိုလ်ဝိပဿနာဇောသာစောတော့၏။ ဤသို့ ဖြစ်နိုင်သည်မှာ အနုံစားမန္ဒဝိပဿန ပုဂ္ဂိုလ်ဖြစ်သည်။

— ၂ကြိမ်လောဘဇော၊ ဒေါသဇော စောပြီးမှ သိမ်းဆည်းနိုင်က

— ၁ကြိမ်လောဘဇော၊ ဒေါသဇော စောပြီးမှ အနုံစား

— လုံးဝလောဘဇော၊ ဒေါသဇော မစောပါက ထိပ်တန်းစား သခ်ါရုပေက္ခာဉာဏ် ထက်သန်သောအခါ၌ (၁)နံပါတ် ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်ပြီ။

ဝတ္ထုသင်္ဂဟ
သင်္ဂြိုဟ်သင်နည်းသစ် - စာ - ၅၂

စဉ်	ဝတ္ထု (၆)ပါး	တရားကိုယ်	ဝိညာဏဓါတ် (၇)ပါး		အသိ (၃)မျိုး	
၁	စက္ခုဝတ္ထု	စက္ခုပသာဒ	၁	စက္ခုဝိညာဏဓါတ်		
၂	သောတဝတ္ထု	သောတပသာဒ	၂	သောတဝိညာဏဓါတ်		
၃	ဃာနဝတ္ထု	ဃာနပသာဒ	၃	ဃာနဝိညာဏဓါတ်	၁	ပဌမဝိညာဏဓါတ်
၄	ဇိဟ္ဝါဝတ္ထု	ဇိဟ္ဝါပသာဒ	၄	ဇိဟ္ဝါဝိညာဏဓါတ်		
၅	ကာယဝတ္ထု	ကာယပသာဒ	၅	ကာယဝိညာဏဓါတ်		
၆	ဟဒယဝတ္ထု	ဟဒယ	၆	မနောဓါတ်	၂	မနောဓါတ်
		(နှလုံးသွေးအစုဒ်၌ တည်သောကမ္မဇရူပ်)	၇	မနောဝိညာဏဓါတ်	၃	မနောဝိညာဏဓါတ်

အသိ (၃)မျိုး

(၁) မနောဓါတ် = အာရုံ (၅)ပါးကို - သိကာမျှ ဖြစ်သောဓါတ်

(၂) ပဌမဝိညာဏဓါတ် = အသီးသီးသော အာရုံ(၅)ပါးတို့ကို ထင်ရှားသိသောဓါတ်။

(၃) မနောဝိညာဏဓါတ် = အာရုံတို့ကို အထူးသိနိုင်သောဓါတ်။

ဆောင်ပုဒ် ။ ။ အာရုံပြုဟန်၊ အတန်တန်ဝယ်၊ သာမန်သိသော၊ ဓါတ်သဘောကို၊ မနောဟုမှတ်။ မနောဓါတ်ထက်၊ လွန်တတ်သိပြန်၊

ဝိညာဏ်တည်း။ တဖန်တို့ထက်၊ ဆထက်ကဲခွန်၊ အလွန်အကျူး၊ အထူးသိသော၊ ဓါတ်သဘောကား၊ မနောဝိညာဏ်၊ အမည်တွင်သည်၊ ဤတွင်မှတ်ဖွယ် အချုပ်တည်း။

"ဆ ဆက္က (၆)မျိုး"

ကာယဝတ္ထု - ကာယဒွါရ - ဖောဋ္ဌဗ္ဗာရုံ - ကာယဝိညာဏ - ကာယဒွါရဝီထိ - မဟာန္တာရုံ

ဟဒယဝတ္ထု - မနောဒွါရ - ဓမ္မာရုံ - မနောဝိညာဏ - မနောဒွါရဝီထိ - ဝိဘူတာရုံ - အဝိဘူတာရုံ

× × × × × × × ×

ဇဝန နိယာမ

ဇောကို ပိုင်းခြားမှတ်သား၍ပြရာ စကားရပ်ကို ဇဝနနိယာမဟု ခေါ်သည်။

- **(၇)ကြိမ် - (၆)ကြိမ် စောသောဇော -**

ကာမဇောတို့သည် ပကတိအခါ၌ (၇)ကြိမ်သို့မဟုတ် (၆)ကြိမ်စော၏။ မပို့မလျော့။

- **(၅)ကြိမ်စောသောဇော -**
  - သေခါနီးအခါ (မရဏကာလ)
  - တွေဝေမိန်းမောသောအခါ (မူစ္ဆာကာလ)

(၁)ကြိမ်ကျသောဇော

၁။ အာဒိကမ္မိကစျာနဝိထိဠ် စျာန်ဇော (၁)ကြိမ်စော်၏။

၂။ အဘိညာဉ်ဝိထိဠ် အဘိညာဉ်ဇော (၁)ကြိမ်စော်၏။

၃။ မဂ္ဂဝိထိဠ် မဂ်ဇော (၁)ကြိမ်စော်၏။

၄။ နိရောဓသမာပတ်မှ အထတွင် အနာဂါမ်ဖြစ်က အနာဂါမိဖိုလ်ဇော (၁)ကြိမ်

နိရောဓသမာပတ်မှ အထတွင် ရဟန္တာဖြစ်က အရဟတ္တဖိုလ်ဇော (၁)ကြိမ်

(၂)ကြိမ်ကျသောဇော

နိရောဓသမာပတ်ဝင်စားခါနီး၌ နေဝသညာ နာသညာယတန ကုသိုလ် (သို့မဟုတ်) ကြိယာစျာန်ဇော (၂)ကြိမ် စော်၏။

(၂)ကြိမ် (၃)ကြိမ်ကျသောဇော

မဂ္ဂဝိထိဠ် မဂ်၏အခြားမဲ့၌ဖြစ်သော၊ မဂ္ဂါနန္တရဖိုလ်ဇောသည် မန္ဒ၊ တိက္ခ ပုဂ္ဂိုလ်တို့အားလျော်စွာ (၂)ကြိမ်၊ (၃)ကြိမ် စော်၏။

"အကြိမ်များစွာကျသောဇော"

(၁) စျာနသမာပတ္တိဝိထိဠ် စျာန်ဇောများစွာ။

(၂) ဖလသမာပတ္တိဝိထိဠ် ဖိုလ်ဇောများစွာ။


ဝိပဿနာဉာဏ်ခဉ် (၁၆)ပါး
ဘဝင်အဆုံး
မဂ္ဂဇဝန်းကဒေါ်
ဟုတ္တပစ္စဝေက္ခဏ်
ပဋိသန္ဓေဇော်
ဘဝင်
ဘဝင်
ဘဝင

ပါကကာလ စတုဋ္ဌ
(သဂြိုဟ်သင်နည်းသစ် - စာ - ၈၈)

(၁) ဒိဋ္ဌမမ္မ ဝေဒနိယကံ = မျက်မှောက်ဘဝ၌ ခံစားအပ်သော အကျိုးရှိသောကံ။

(၂) ဥပပဇ္ဇ ဝေဒနိယကံ = ဒုတိယဘဝ၌ ခံစားအပ်သော အကျိုးရှိသောကံ။

(၃) အပရာပရိယ ဝေဒနိယကံ = တတိယဘဝမှစ၍ နိဗ္ဗာန် မရမီစပ်ကြား ခံစားအပ်သော အကျိုးရှိသောကံ။

(၄) အဟောသိကံ = အကျိုးလုံးလုံး မပေးသောကံ။

ဇော (၇)ချက်ဖြင့် မှတ်သားရန်



ဆောင်ရန် ။ ။ (၁) မျက်မှောက်ဘဝ အကျိုးရ၊ ဒိဋ္ဌဇော ဦးသာ။
(၂) ဒုတိယဘဝအကျိုးရ၊ သတ္တဇော မှတ်ပါ။
(၃) ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ကယ်၊ အကျိုးကြွယ်၊ အလယ်ဇောငါးဖြာ။
(၄) ကံအဟောသိ၊ ကျိုးမရှိ၊ တြိစေတနာ။

ဝိပဿနာဉာဏ်ရန်

တိ နဒ ပစ သံ ဇာ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင်

စက္ခုဒ္ဒါရဝီထိ အတိမဟန္တရုံ

နဒမ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင်

မနောဒ္ဒါရဝီထိ ဝိဘူတာရုံ

တိ နဒမ ပ နု နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘွင်

လောကုတ္တရာအမှန်ဇော သောတမပတ္တိမဂ္ဂဝီထိ

နဒမ နု နု နု နု ဖိုလ်များစွာ ဘွင်

ဖလသမာပတ္တိဝီထိ

တိ နဒမ ပ စ သံ ဇာ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု ⟶

ပဋိ ဘွင် ၁၅,၁၆၊ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် မရဏာသန္နဝီထိ

နဒမ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု ⟶

ပဋိ ဘွင် ၁၅,၁၆၊ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

ပဌမတဒါရုံက အဗျာကတဖြစ်တဲ့အတွက် “အဆုံးဇောကြဉ်သော” လို့ ဒီလိုဝိသေသန ပြုကြပါတယ်။ “အာသေဝနပစ္စယေန ပစ္စယော” ကုသိုလ်က ကုသိုလ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုသလို အာသေဝနပစ္စည်းနဲ့လဲ ကျေးဇူးပြုတယ်လို့ ဒီလိုဟောထားပါတယ်။

ရှေးရှေးဖြစ်တဲ့ကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ အဗျာကတ

သတ္တမဇောကုသိုလ်က ပဌမ တဒါရုံကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာဖြစ်လို့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုပါတယ်။

ရှေးရှေးဖြစ်တဲ့ အကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့အဗျာကတ

အကုသိုလ်အဆုံးဇောက ပဌမတဒါရုံကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုပါတယ်။ အနန္တရပစ္စည်းက အကြားမလပ် သံသရာတလျှောက်လုံး ဥပါဒ်၊ ဌိ၊ ဘင်အနေနဲ့ ဆက်တိုက်သွားနေတာပါ။ “ နာမ်တရားများဟာ” စုတိနောင် ပဋိသန္ဓေဆိုပြီး ဆက်တိုက် ပဋိသန္ဓေ ရှိနေပါတယ်။ စုတိမှာ အနန္တရသတ္တိ ရှိနေပါတယ်။ ဘုရား၊ ရဟန္တာများမှာတော့ စုတိနောင် ပဋိသန္ဓေ မနေတော့တဲ့အတွက် ရဟန္တာရဲ့ စုတိစိတ်မှာ အနန္တရပစ္စည်း မရှိတော့ပါ။

အကြောင်းအကျိုး အတူတကွဖြစ်ပြီး အပြန်အလှန်ကျေးဇူးပြုတဲ့ သဟဇာတမျိုး အာရုံအာရမ္မဏိက အနေနဲ့ ကျေးဇူးပြုတဲ့ အာရမ္မဏမျိုး အကြားမလပ် တဆက်ထဲ ကျေးဇူးပြုတဲ့ အနန္တရမျိုး

အနန္တရပစ္စည်း

အနန္တရပစ္စည်း

အာရမ္မဏအကြောင်းအကျိုးယူဆပုံတစ်မျိုး၊ သဟဇာတအကြောင်းအကျိုးယူဆပုံတစ်မျိုး၊ အနန္တရ အကြောင်းအကျိုး ယူဆပုံတစ်မျိုး ဆိုပြီး အကြောင်းအကျိုးယူဆပုံ အမျိုးမျိုး ဟောပြတော်မူခဲ့ပါတယ်။

အနန္တရသဘော

အနန္တရဆိုတာကို ရှေးက “အခြားမဲ့”လို့ ဘာသာပြန်ခဲ့ကြပါတယ်။ တဆက်ထဲလို့ အဓိပ္ပါယ်ရပါတယ်။ အကြားမရှိရအောင် ဆက်တိုက်ကျေးဇူးပြုတဲ့ သဘောမျိုးဖြစ်ပါတယ်။ စက္ခုဝိညာဉ်စိတ်ဖြစ်ရင် စေတသိက်က ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရဆိုတဲ့ စေတသိက် (၇)လုံး ယှဉ်ပါတယ်။ မနောဓာတ်လို့ ခေါ်တာကို ဝီထိချရာမှာ သမ္ပဋိစ္ဆိုင်းလို့ ခေါ်ထားပါတယ်။ စက္ခုဝိညာဉ်စိတ်က မနောဓာတ် (သမ္ပဋိစ္ဆိုင်း)ကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဆိုလိုတာပါ။ ဘာကြောင့် ဒီလို နာမ်တရားများအစဉ်လိုက် အဆက်မပြတ် ဖြစ်နေရသလဲဆိုရင် အနန္တရပစ္စည်း ရှိနေလို့ပါပဲ။

ရူပ်တရားနဲ့ နာမ်တရား

နာမ်တရားများဟာ သံသရာအစက စပြီး နိဗ္ဗာန်ရောက်တဲ့အထိ နာမ်တရားတွေဟာ ဆက်ကာဆက်ကာ ဘဝကူးခ္ခေကူးခ္ခာမက အစဉ်အတိုင်း ဆက်တိုက်ဖြစ်နေကြပါတယ်။ ဖန်ဆင်းရှင်က ဖန်ဆင်းထားလို့လားဆိုတော့ မဟုတ်ပါဘူး။ အနန္တရပစ္စည်းကြောင့်ပါပဲ။

နာမ်တရားများမှာ အနန္တရပစ္စည်းရှိသလို ရူပ်တရားများမှာ အနန္တရပစ္စည်း မရှိပါ။ ရူပ်တရားများဟာ အနန္တရပစ္စည်းရဲ့ ပစ္စည်းတရားမှာလဲ မပါသလို ပစ္စယုပ္ပန်တရားမှာလဲ မပါပါ။ ဒီလိုပျက်ပျက်ပေးရတာက နောက်က ဆက်တိုက် စိတ်အစဉ်တွေ ဖြစ်ပေါ်ခွင့်ရအောင် အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာပဲ ဖြစ်ပါတယ်။

မနောဓာတ်ကို သမ္ပဋိစ္ဆိုင်း၊ စက္ခုဝိညာဉ်က မနောဓာတ်ကို၊ မနောဓာတ်က မနောဝိညာဏဓာတ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတော့ ဆက်ကာဆက်ကာ နာမ်တရားတွေက ဖြစ်လိုက်ပျက်လိုက် တဆက်ထဲ ဖြစ်နေတယ်လို့ ဆိုထားပါတယ်။

ရူပ်တရားများမှာက အနန္တရပစ္စည်း မရှိလို့ပါပဲ။ ရူပ်တရားများဟာ (၁၇)ချက် အသက်ရှင်တော့ ဖြစ်လာတဲ့ ရူပ်တရားတွေက မချုပ်သေးဘဲ နောက်ထပ်ရူပ်တွေက ရူပ်သက်စိတ္တက္ခဏ (၁၇)ချက်မှာ ခဏတိုင်း ခဏတိုင်း ထပ်ထပ်ဖြစ်တဲ့အတွက် ရူပ်အထပ်ပေါင်းများလာတဲ့အခါမှာ မျက်စိနဲ့မြင်ရတဲ့ တောကြီး တောင်ကြီးတွေ

တိုက်တာကြီးတွေ ကြီးကျယ်တဲ့ ရူပ်တရားကြီးတွေ ဖြစ်လာတာပါပဲ။

နာမ်တရားများမှာက အတိတဘဝင် မရှိမှ ဘဝင်စလနက ဖြစ်ပါတယ်။ ဘဝင်စလန မရှိမှ ဝဘင်္ဂုံပဋ္ဆေဒက ဖြစ်ပါတယ်။ ပဋ္ဆဒ္ဓါရာဝဇ္ဇန်းမရှိမှ စက္ခုဝိညာဉ်က ဖြစ်ပါတယ်။ ကြားမလပ်အောင် တစ်ခုပျက်ပြီးမှ တစ်ခုဖြစ်ရအောင် ကျေးဇူးပြုတော့ နာမ်တရားများဟာ အကောင်အထည် အစိုင်အခဲ အထည်ကိုယ်ဒြပ်အဖြစ် မရှိနိုင်တော့ပါ။

ဘဝင်စိတ်

ဘဝင်ဆိုတာက ဝိပါက်စိတ်ပါပဲ။ အိမ်ရှင်စိတ်လို့ ပဌမဆုံးဖြစ်တဲ့ ပဋိသန္ဓေစိတ်ပါ။ မသေမချင်း ဝီထိစိတ်တွေ မဖြစ်ခင် ဖြစ်နေတဲ့စိတ်ဟာ ဘဝင်စိတ် ဖြစ်ပါတယ်။ အားလုံး ဝိပါက် အဗျာကတစိတ် တွေပါပဲ။ အဗျာကတကြိယာစိတ်။ ကုသလဝိပါက်၊ အကုသလဝိပါက် ဝိပါက်အဗျာကတစိတ်။ ဝုဋ္ဌောက အဟိတ်ကြိယာ အဗျာကတစိတ်။ ဝုဋ္ဌောနောင် ဇော (၇)ကြိမ်မှာမှ ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာဇော ကျနိုင်ပါတယ်။ ကုသိုလ်လုပ်ရင် ဝုဋ္ဌောနောင် ကုသိုလ်ဇော၊ အကုသိုလ်လုပ်ရင် ဝုဋ္ဌောနောင် အကုသိုလ်ဇော၊ ဝုဋ္ဌောနောင် ကြိယာဇောပဲ ကျပါတယ်။

သတ္တမဇောကုသိုလ်မှာ ပြဿနာ လာဖြစ်ပါတယ်။ သတ္တမဇောမှတပါး ကုသိုလ်က ကုသိုလ်ကိုပဲ ကျေးဇူးပြုနိုင်ပါတယ်။

ကုသိုလ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုနိုင်တယ်လို့ တိုက်ရိုက်ဆိုထားပါတယ်။

လောကီအာရုံနဲ့ လောကုတ္တရာအာရုံ

အနုလုံနောင် ဂေါတြဘူက လောကီကုသိုလ်ဖြစ်ပေမဲ့ လောကုတ္တရာ နိဗ္ဗာန်ကိုသာ အာရုံပြုပါတယ်။ "မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဟာ အလုံးစုံကို အာရုံပြုတယ်"လို့ ဂေါတြဘူ စိတ်ရှိနေလို့သာ ဆိုတာပါ။ အနုလုံနဲ့ ဂေါတြဘူဟာ ဝိပဿနာဇောချင်းတူပေမဲ့ အာရုံက ကွဲနေတဲ့အတွက် အနန္တရပစ္စည်း ဖြစ်ပါ့မလား၊ အာရုံကွဲပေမဲ့ အနုလုံက ဂေါတြဘူကို ကျေးဇူးပြုနိုင်တယ်လို့ အတိအလင်း ဟောထားပါတယ်။

မဂ်စိတ်နဲ့ ဖိုလ်စိတ်

မဂ်က ဖိုလ်ကို ကျေးဇူးပြုတော့ ဖိုလ်စိတ်က အဗျာကတဖြစ်တဲ့အတွက် ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတဲ့နေရာမှာ ထဲ့နိုင်ပါ့မလားဆိုတော့ မဂ်က ဖိုလ်ကို ကျေးဇူးပြုနိုင်ပါတယ်။

(က) ကုသိုလ်နောင်မှာ အကုသိုလ်ဆက်မဖြစ်ပါ။

(ခ) အကုသိုလ်နောင်မှာ ကုသိုလ်ဆက်မဖြစ်ပါ။

ဥပနိဿယမှာ ကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုနိုင်တယ်လို့ ဒီလိုဟောထားပါတယ်။

စသဖြင့် အနန္တရမျိုးမှာ ကုသိုလ်က ကုသိုလ်၊ ကုသိုလ်က အဗျာကတ၊ အကုသိုလ်က အကုသိုလ်၊ အကုသိုလ်က အဗျာကတလို့ ဒီလို (၂)ချက်စီပဲ ပစ္စယနိဒ္ဒေသမှာ ဟောထားပါတယ်။

ရှေးရှေးဖြစ်တဲ့အဗျာကတနဲ့ နောက်နောက်ဖြစ်တဲ့ ကုသိုလ်

အတီတဘဝင်အဗျာကတက ဘဝင်စလန ဖြစ်ပေါ်အောင်၊ ဘဝင်စလန အဗျာကတက ဘဝင်္ဂုပစ္ဆေဒ ဖြစ်ပေါ်အောင်၊ ပစ္ဆဒ္ဒါရာဝဇ္ဇန်း ဖြစ်ပေါ်အောင် လုပ်ပေးတယ်။

ရှေးရှေးဖြစ်တဲ့ အဗျာကတနဲ့ နောက်နောက်ဖြစ်တဲ့ အကုသိုလ်

ဝုဋ္ဌောနောင် အကုသိုလ်ဇောတွေ ကျတဲ့အခါ ပဌမအကုသိုလ်ဇောကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဆိုတာပါပဲ။ အနန္တရပစ္စည်းမှာ အဗျာကတ သုံးချက်ရပါတယ်။

မနောဒ္ဓါရဝီထိ

မနောဒ္ဓါရာဝဇ္ဇန်း ကြိယာအဗျာကတက မနောဒ္ဓါရဝီထိကို ကြည့်ရင် မနောဒ္ဓါရာဝဇ္ဇန်းကို အဗျာကတ ယူရပါတယ်။

ပစ္ဆဒ္ဓါရဝီထိ

အဗျာကတ တရားတွေချည်း ဖြစ်ပါတယ်။ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ အဗျာကတ၊ ဘဝင်က အဗျာကတဖြစ်လို့ အဗျာကတက အဗျာကတ တရားကို ကျေးဇူးပြုတာပဲ ဖြစ်ပါတယ်။

ဗျာနဝိထိ

ဗျာန်ဇောက မဟဂ္ဂုတ်ကုသိုလ်ဇော ဆိုတော့ မနောဒွါရာဝဇ္ဇန်း အဗျာကတ မဟဂ္ဂုတ်ဗျာန်ဇော ကုသိုလ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာ ဖြစ်တဲ့အတွက် အဗျာကတ ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ဗျာန်ဝင်စားနေတဲ့အခါမှာ ဗျာန်ဇောချည်းပဲ အကြိမ်များစွာ ကျနေတော့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ရဟန္တာများကျတော့ ကြိယာဗျာန်ဇောသာ စောတဲ့အတွက် ကြိယာဗျာန်ဇောတို့က နောက်နောက်ကြိယာ ဗျာန်ဇောတို့ကို ကျေးဇူးပြုတဲ့အခါ အဗျာကတက အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ကုသိုလ်ဗျာန်ဇောတွေ စောပြီးတဲ့နောက် ဘဝင်ဆိုတော့ ဘဝင်က အဗျာကတဖြစ်တဲ့အတွက် အဆုံးဇောကုသိုလ်က ပဌမဘဝင် အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

မဂ္ဂဝိထိ

အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ပရိကံက ဥပစာကို၊ ဥပစာက အနုလုံကို၊ အနုလုံက ဂေါတြဘူကို၊ ဂေါတြဘူက မဂ်ကို၊ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပါတယ်။ မဂ်က ဖိုလ်ကို ကျေးဇူးပြုတဲ့အခါမှာတော့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ဂေါတြဘူက ပုထုဇဉ်အနွယ်ကို ဖြတ်ပြီး ပုထုဇဉ်ဘဝ ကုန်ဆုံးစေတဲ့ဇောပါ။ ပုထုဇဉ်ဘဝက

အရိယာဘဝကိုပြောင်းတဲ့ ဘဝပြောင်းနည်းမျိုးဟာ အလွန်ထူးဆန်းတဲ့ ဘဝပြောင်းနည်း ဖြစ်ပါတယ်။

ပုထုဇဉ်နဲ့ အရိယာ

လူသေပြီး ဘဝကူးတာမျိုးကျတော့ ဘယ်ဘဝပြောင်းပြောင်း မသိကြပါဘူး။ ဒီခန္ဓာကိုယ်နဲ့ပဲ ပုထုဇဉ်ဘဝက အရိယာဘဝပြောင်းတာမျိုးကျတော့ သေသေချာချာ သိနိုင်ပါတယ်။ ပုထုဇဉ်က အရိယာဖြစ်သွားတာဟာ ဘဝတစ်ခုက ဘဝတစ်ခုကို ထူးထူးဆန်းဆန်း ပြောင်းသွားတာပါ။ ပုထုဇဉ်ဘဝက အရိယာဘဝပြောင်းတာလဲကိုယ့်ကိုယ်ကို သိပါတယ်။ အရိယာဖြစ်တဲ့နေ့ကစပြီး နေတာထိုင်တာကအစ အားလုံး ငါပြောင်းလဲသွားတာပါလားလို့ သိပါတယ်။ ပုထုဇဉ်က သောတာပတ္တိမဂ်ဆိုက်တယ်ဆိုတာ အရိယာဖြစ်သွားတာကို ပြောတာပါ။

လောကီကုသိုလ်နဲ့ လောကုတ္တရာကုသိုလ်

ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူတို့ဟာ အားလုံး ဝိပဿနာကုသိုလ်ဇောများပဲ ဖြစ်ကြပါတယ်။

ဂေါတြဘူက လောကီကုသိုလ်၊ သူကျေးဇူးပြုလိုက်တဲ့မဂ်ဟာ လောကုတ္တရာကုသိုလ်ဖြစ်သွားတော့ လောကီ ကုသိုလ်နှင့် လောကုတ္တရာကုသိုလ်ကို ကျေးဇူးပြုနိုင်သလားဆိုတဲ့ ပြဿနာဒီမှာ ဝင်လာပြန်ပါတယ်။ ပဉ္စာဝါရမှာ အမည်နှင့်တကွ အတိအလင်း ဖော်ပြထားပါတယ်။ လောကီကုသိုလ်က လောကုတ္တရာမဂ်

နေလို့မရတဲ့ အစွမ်းသတ္တိပါ။ စွမ်းအင်ဟာ ပျက်သွားပြီးတဲ့နောက် စိတ်သစ်တစ်ခု ထပ်ဖြစ်နိုင်လောက်အောင် ကြီးကျယ်တဲ့ စွင်းအင်ဖြစ်ပါတယ်။ ဥပနိဿယဆိုတာက အားကြီးတဲ့ မှီရာပါ။ ဆရာသမားကောင်း၊ မှီဝဲရလို့ တကယ့်ပညာတတ်ကြီး ပညာရှိကြီးတွေ ဖြစ်သွားကြတယ်ဆိုတာကလဲ ဆရာသမား ဥပနိဿယကိုက အားကြီးလို့ပါ။ တိုင်းပြည်တစ်ခုမှာ အာဇာနည်ယောကျ်ားကောင်း တစ်ယောက် ပေါ်ပေါက်ဖို့ရာ ဒုလ္လဘတရား တစ်ခုပဲ။ အာဇာနည်ယောကျ်ားပေါ်လာရင် အဲဒီတိုင်းပြည်ဟာ ချမ်းသာသွားတာ ပဲ”လို့ ဒီလို ဘုရားက ဟောထားပါ တယ်။

အရိုးဆုံးနဲ့ အသိလွယ်ဆုံး ဝိပဿနာမှာ ခန္ဓာကိုယ်ရုပ်ကြီး မမြဲတာကို ပထမစပြီးရှုရင် တရားရလွယ်ပါတယ်။ အားလုံး လူတွေနဲ့ သင့်တော်တဲ့ ဝိပဿနာက ကိုယ့်ထက်ကြီးတဲ့ လူတွေ သေသေ၊ သေသေ သွားကြတာကို ဆင်ခြင် ကြည့်ပါ။ ဒီလိုဖြစ်ပျက်လောက် မြင်ရင်ကိုပဲ တော်တော်အနိစ္စ ထင်လာပါပြီ။ ဒီလို အနိစ္စမြင်လာတော့ ဒီရုပ်ခန္ဓာကြီးကို ကျွေးနေရတဲ့ မွေးနေရတဲ့ ပြုစုနေရတဲ့ဒုက္ခကို မြင်လာပါတယ်။ ဒီရုပ်နာမ်ဟာ ဒို့မပိုင်နိုင်ပါလားလို့ ဒီလိုမြင်ရင် အနတ္တမြင်တာပါပဲ။ အနန္တရပစ္စည်းမှာ နာမ်တရားဆိုတဲ့ စိတ်(၈၉)ခုနဲ့ စေတသိက် (၅၂)ခုမှာ ဘယ်နာမ်တရားမှ မမြဲပါ၊ ဖြစ်ပြီးပျက်သွားရပါတယ်။ အရိယာဖြစ်တဲ့ သောတာပတ္တိစိတ်လဲမမြဲ၊ အရဟတ္တဖိုလ်စိတ်လဲ တန်ခိုးကြီးတယ်ဆိုပေမဲ့ သူလဲ ဖြစ်ပြီး ပျက်တာပါပဲ။

မရဏာသန္နဝီထိ

လူမှာ သေခါနီး (၅)ကြိမ်ပဲ စောပါတယ်။ ဇောနောင်မှာလဲ စုတိစိတ်ကျနိုင်တယ်။ တဒါရုံ (၂)ကြိမ် နောင်မှာလဲ စုတိစိတ်ကျနိုင်တယ်။ စုတိနောင် ပဋိသန္ဓေ၊ ပဋိသန္ဓေနောင် ဘဝင်ဆိုတဲ့ ဘဝင်ချည် (၁၆)ချက် ဖြစ်ပါတယ်။ မရဏာသန္နဝီထိမှာ သေတဲ့အထိက အတိတ်၊ ပဋိသန္ဓေကစပြီး ဒီဘဝမှာဖြစ်တဲ့ ဝီထိက ပစ္စုပ္ပန်ဖြစ်ပါတယ်။ ဘဝင်နောင် စုတိဆိုတော့ အဗျာကတက အဗျာကတကို ကျေးဇူးပြုတာပါပဲ။

ဘဝင်နောင် စုတိ

စုတိစိတ်နဲ့ ဒီဘဝက ရွေ့လျာသွားပြီးဆိုတော့ စုတိက ပဋိသန္ဓေစိတ်ကို အနန္တရသတ္တိမရှိရင် စုတိနောင် ပဋိသန္ဓေ မရှိနိုင်ပါ။ အနန္တရသတ္တိကုန်မှသာ နိဗ္ဗာန်ရောက်မှာ ဖြစ်ပါတယ်။

အနန္တရသတ္တိရဲ့ ထူးခြားချက်

အနန္တရသတ္တိသာမရှိရင် နာမ်တရားတွေဟာ ရုပ်တရားတွေလိုပဲ အစိုင်အခဲတွေ ဖြစ်နေကြမှာပါ။ ရုပ်တရားနဲ့ နာမ်တရား ထူးခြားချက်ဟာ အနန္တရသတ္တိပါပဲ။

အနုန္တရပစ္စည်းနဲ့ ဝိပဿနာရှုနည်း

အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုလို့ အရိယာမဖြစ်သေးတဲ့ နတ်၊ ဗြဟ္မာတွေကို "အနန္တရပစ္စယာ"လို့ ထပ်ပြီး ဟောရပါတယ်။ ပစ္စည်းအကြောင်းတရားကလဲ နာမ်တရား၊ ပစ္စယုပ္ပန်အကျိုးတရားကလည်း နာမ်တရား၊ ရူပ်မပါတော့တဲ့အတွက် စဉ်းစားစရာ ပြဿနာတွေ တက်လာပါတယ်။

ရူပ်ဝါဒီ နာမ်ဝါဒီ

ဗြဟ္မာတွေက ဒိဗ္ဗစက္ခုအဘိညာဉ်ရထားတဲ့အတွက် နာမ်တရားတွေ တစ်ဘဝက တစ်ဘဝကို သွားနေတာ မြင်ပါတယ်။

လူတွေမှာကတော့ ဘယ်သူမှ မမြင်နိုင်တဲ့အပြင် ဘယ်လောက် အကုသိုလ်လုပ်တဲ့သူ ငရဲကျတယ်၊ ဘယ်လောက် ကုသိုလ်လုပ်တဲ့သူ နတ်ပြည်ရောက်တယ်ဆိုတာကို ဘာမှမသိရ မမြင်ရပါ။ ဗြဟ္မာတွေလဲ ဥပါဒ်၊ ဌိ၊ ဘင် ဖြစ်ပျက်နေတဲ့ နာမ်တရားကို မသိပါ။ ထာဝရဘုရားတွေ ဗြဟ္မာတွေဖြစ်လို့ နာမ်တရားကို မြဲတယ်လို့ သဿတ အယူရှိတဲ့ ဗြဟ္မာတွေအတွက် အနန္တရပစ္စယောလို့ ထပ်ပြီး ဟောရပါတယ်။

အနန္တရသတ္တိ

တဆက်တည်းဖြစ်အောင် ကျေးဇူးပြုတယ်ဆိုတော့ လူတွေ စုတိပြီး ပဋိသန္ဓေ ဖြစ်တာပါပဲ။ စုတိနဲ့ ပဋိသန္ဓေ ဆက်ပုံမှာ မသေခင်ဖြစ်နေတဲ့ စိတ်တွေဖြစ်ပုံနဲ့ ဘာမှမထူးပါ။ စုတိပဋိပန္ဓေ ဘဝကူး

မြန်ပုံက ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်များသေတော့ အခုဒီမှာ ငိုနေကြတယ်။ သေသွားတဲ့သူက ဟိုမှာ နတ်သမီးတွေနဲ့ ပျော်နေပါတယ်။ ဦးဘဆိုတဲ့ ရူပ်နာမ်ဟာ အကုန်လုံး ဒီမှာ ဖြစ်ပြီးပျက်သွားတာပါ။ ဟိုဘက်က ရူပ်နာမ်တွေက သီးခြားပါ။ ဒီဘဝက အကြောင်းတရားတွေကြောင့် စုတိက အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာပါ။

လူတွေမှာ မြင်တဲ့စိတ်နဲ့ ကြားတဲ့စိတ်၊ အခုစကားပြောနေတဲ့ အသံ၊ မြင်နေတဲ့ ရူပါရုံ တပြိုင်ထဲ ဖြစ်တယ်လို့ ထင်နေကြတာပါ။ အမှန်ကတော့ မြင်တာက တခြား၊ ကြားတာက တခြား၊ နံတဲ့အနံ့က တခြား၊ တစ်ဝီထိစီ သွားတာပါ။ မြင်တာ၊ ကြားတာ၊ နံတာ၊ တွေ့ထိတာ၊ သိတာတွေမှာ စိတ္တက္ခဏတွေ (၁၇)ချက်စီ ဖြစ်ပေမဲ့ တစ်ပြိုင်နက်ထဲ ဖြစ်တယ်လို့ ထင်တာပါ။ "သေပြီးတော့လဲ ဘာမှ မဖြစ်ပါဘူး၊ သေပြီး သချိုင်းကုန်းမှာ ပြီးသွားတာပဲ"လို့ ဆိုတာက ဥစ္ဆေဒဒိဋ္ဌိပါ။ သေပြီး ဟိုဘဝမှာ ဘာဖြစ်တယ်ဆိုတာ မျက်မြင်ဒိဋ္ဌ ဖြစ်နေတဲ့ ဗြဟ္မာတွေကျပြန်တော့လဲ သဿတဒိဋ္ဌ ဖြစ်နေကြပြန်တယ်။

ဖြစ်ပြီးပျက်နဲ့ အနန္တရပစ္စည်းဟာ ဘယ်လောက်ဆန်းကြယ်သလဲဆိုတော့ သံသရာဘဝ အစကနေပြီး ဖြစ်လာတာပါ။ ရူပ်တရားကတော့ ဒီဘဝရုပ်ကြီးဟာ ဒီဘဝမှာပဲ ပျက်သွားတာကို လူတိုင်းသိပါတယ်။ နောက်ဘဝမလိုက်ဘူး ဆိုတာလဲ ရှင်းနေပါတယ်။

အနန္တရပစ္စည်းဆိုတာက စိတ်တစ်ခုဖြစ်ပြီးရင် နောက်စိတ်တစ်ခုက နိဗ္ဗာန်မရောက်မီ စပ်ကြားမှာ ဖြစ်ကို ဖြစ်ရမှာပါ။ မဖြစ်ဘဲ

၈။(က)နေယျပုဂ္ဂိုလ် = ဒေသနာအကျဉ်းအကျယ် ကြားနာရခြင်း၏အဆုံး၌ မဂ်ဖိုလ်ကိုမရဘဲ၊ ထိုဒေသနာလာသည့်အတိုင်း ဖြောင့်မှန်သောနည်းလမ်းဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ပေါက်ရောက်သောသူ။

(ခ) ပဒပရမပုဂ္ဂိုလ် = ဝိပဿနာအလုပ်ကိုအားထုတ်သော်လည်း ယခုဘဝတွင် မဂ်ဖိုလ်သို့မရောက်ဘဲ ဝိပဿနာဉာဏ်ဖြင့် အချိန်ကုန်သော ပုဂ္ဂိုလ်။

[(က) နှင့်အထက်ပုဂ္ဂိုလ် (၃)မျိုးတို့ကို ကျွတ်ထိုက်သော တိဟိတ်ပုဂ္ဂိုလ်မည်၏။ ပါရမီရင့်၏။

(ခ) ပဒပရမပုဂ္ဂိုလ်ကို မကျွတ်ထိုက်သော ဒွိဟိတ်ပုဂ္ဂိုလ်ခေါ်၏။ ပါရမီနု၏။ပါရမီနုလျှင်ရင့် အောင်အားထုတ်ပါ။

ကလျာဏမိတ္တနှင့် ပေါင်းသင်းပါ။ ပါပမိတ္တနှင့် မပေါင်းသင်းပါနှင့်။]

ဝိထိစိတ်အစဉ်များ

၁။ ပုထုဇဉ်၏ သန္တာန်၌ဖြစ်သော စိတ်အစဉ်

တီ၊ နာ၊ ဒါ၊ ပါ၊ စာ၊ သံ၊ ဏာ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ = ၁၇ ချက်

(ကုသိုလ်ဇော/အကုသိုလ်ဇော)

၂။ စား - ကြား - - - - - စဉ် ပုထုဇဉ်၏ သဏ္ဌာန်၌ဖြစ်သော စိတ်အစဉ်

တီ၊ နာ၊ ဒါ၊ ပါ၊ စာ၊ သံ၊ ဏာ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ = ၁၇ ချက်

(လောဘဇော)

၃။ ဒေါသထွက်နေသော ပုထုဇဉ်၏

တီ၊ နာ၊ ဒါ၊ ပါ၊ စာ၊ သံ၊ ဏာ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဘွင်၊ ဘွင် = ၁၇ ချက်

(ဒေါသဇော)

၄။ မနောဒွါရ ကာမဇော၀ါရ ပထမ ဝိဘူတာရုံ ဝီထိအစဉ်

နာ၊ ဒါ၊ မာ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ၊ ဘွင် = ၁၃ ချက်

မ = မနောဒွါရ၀ဇ္ဇာန်း

၅။ သောတပတ္တိ မဂ္ဂဝီထိ (အပ္ပနာ ဝီထိဟုလည်း ခေါ်သည်)
နာ၊ ဒါ၊ မာ၊ ပါ၊ ဉာ၊ နု၊ ဂေါ၊ မင်္၊ ဖိုလ်၊ ဖိုလ်၊ ဘွင် = ၁၁ ချက်

- တစ်ကြိမ်ဖြစ်ရုံဖြင့်ပင် - ကိလေသာပါယ်သတ်မှုကိစ္စ ပြီးစီးသောကြောင့် မင်္စိတ်သည် တစ်ကြိမ်သာဖြစ်၏။
- မင်္စိတ်တစ်ကြိမ်ဖြစ်ပြီးနောက် ဖိုလ်စိတ်သည် နှစ်ကြိမ် သုံးကြိမ် ဖြစ်၏။
- မင်္ဂဇော စောသည့် အချိန်ကာလ - နာရီဝက်မျှကြာသည်ဟု ပြောလျှင် မမှန်ပါ။
- မင်္ဂရပြီးနောက် ဖိုလ်ရအောင် အားထုတ်ရသည် ဟူသော စကားမမှန်ပါ။
- ဝိပဿနာ နိယမအားဖြင့် ပဉ္စဂ္ဂိုက မင်္ကိုရသည်။
- နိရောဓသမာပတ်ကို အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်။
- နိရောဓသမာပတ်ဟူသည် စိတ်၊ စေတသိတ်၊ စိတ္တဇရူပ် တို့၏ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်ခြင်းကို ဆိုပါသည်။

၆။ တိရိစ္ဆာန် (ခွေး)တစ်ကောင်၌ ရှိနိုင်သော ဝီထိစိတ်များ
တီ၊ နာ၊ ဒါ၊ ပါ၊ စာ၊ သံ၊ ဏာ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ = ၁၇ ချက်

စ = ပဉ္စ (စက္ခု)ဝိညာဏ် -ခွေးမှာ အဟိတ်ကုသလ ဝိပါတ် စက္ခုဝိညာဏ်
- လူမှာ ကုသလဝိပါတ် စက္ခုဝိညာဏ်

ဏာ = ခွေးမှာ ဥပေက္ခာ သန္တီရဏ ဖြစ်သည်။
လူမှာ ကုသလဝိပါတ်သောမနဿ သန္တီရဏ။

ခွေးတွင် - အကုသိုလ်စိတ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် သော အဟိတ်စိတ် - ၁၇ ပါး
မဟာကုသိုလ် - ၈ ပါး၊ စုစုပေါင်း - ၃၇ ပါး ရသည်။

အပါယ်ဘုံသားများတွင် အကုသိုလ်စိတ် - ၁၂ ပါး၊ ဟသိ . . . ကြဉ်သောအဟိတ်စိတ် - ၁၇ ပါး
မဟာကုသိုလ်စိတ် ၈ ပါး၊ စုစုပေါင်း ၃၇ ပါး ရသည်။

ဖြစ်ခွင့်မရှိသော စိတ်များမှာ -
ကာမကြိယာဇော - ၉ ပါး၊ အပ္ပနာဇော ၂၆ ပါး၊ မဟာဝိပါတ် - ၈ ပါး၊ မဟဂ္ဂုတ်ဝိပါတ် - ၉ ပါး၊ စုစုပေါင်း - ၅၂ ပါး ဖြစ်ခွင့်မရှိပါ။

ဆဒ္ဒန်ဆင်မင်း၊ ဥဒေါင်းမင်း၊ အားလုံးသော တိရိစ္ဆာန်များ (ဆင်ဖြူတော်၊ နဂါးမင်း) တို့သည် စုစုပေါင်း (၃၇)ပါးသာ ရကြပါသည်။ ၎င်းတို့သည် အပ္ပနာဇောများ မဖြစ်နိုင်သောကြောင့် သောတာပန် - ရဟန္တာများ မဖြစ်နိုင်ကြပါ။

၇။ ပုထုဇဉ်၌ ရနိုင်သော ဝီထိစိတ်များ
- အကုသိုလ်စိတ် - ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် - ၁၇ ပါး၊ မဟာကုသိုလ်စိတ် - ၈ ပါး၊ မဟာဝိပါတ်စိတ် ၈ ပါး၊ စုစုပေါင်း - ၄၅ ပါး။

ဒွါရနဲ့ဆိုင်တဲ့အာယတန(၆)ပါး + အာရုံနဲ့ဆိုင်တဲ့အာယတန (၆)ပါး

(၁) မျက်စိ = စက္ခာယတန + အဆင်း = ရူပါယတန

(၂)

(၃)

(၄)

(၅)

(၆) [စိတ် = မနောဒွါရ = မနာယတန] + [ဓမ္မာရုံ = ဓမ္မာယတန]

ခါတ် (၁၈)ပါးတရားတော်မှ

[ဒွါရ = ပသာဒ = အခံခါတ်များ] +
[အာရုံ(၆)ပါးအတိုက်ခါတ်များ =
ဝိညာဏခါတ်(၆)ပါးအပွင့်ခါတ်များ]

(၁) [မျက်စိ = စက္ခုပသာဒ = စက္ခုခါတ်] +
[ဝဏ္ဏ = အဆင်း = ရူပါရုံ = ရူပခါတ်] =
စက္ခုဝိညာဏ်ဒွေး = စက္ခုဝိညာဏခါတ်

(၂)

(၃)

(၄)

(၅)

(၆) [စိတ် = မနောခါတ် = ဘဝင်] + ပဉ္စဒွါရဝဇ္ဇန်း + သမ္ပဋ္ဆိစ္ဆိုင်း
ဒွေး ၁၃ပါး] +

ပစ္စုပ္ပန်သုံးပါးကို ပြဆိုခြင်း
(ယောဂီဉာဏ်စဉ်ရှင်းတမ်း - စာ - ၄၄)

ပစ္စုပ္ပန်သည် = ခဏ ပစ္စုပ္ပန်
= သန္တတိ ပစ္စုပ္ပန်
= အဒ္ဓ ပစ္စုပ္ပန် အားဖြင့် (၃)ပါး ရှိပါသည်။

(က) ခဏပစ္စုပ္ပန်ဖြစ်သော ရူပ်နာမ်တို့သည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြတ်ကာလအတွင်းမှာပင် နာမ်က ကုဋေတစ်သိန်း၊ ရူပ်က ကုဋေငါးထောင်ကျော် ပျက်ကြလေသောကြောင့် ဘုရားရှင်၏ အရာတော်သာ ဖြစ်၏။ ယောဂီတို့မှီအောင် မရှုမှတ်နိုင်။

(ခ) သန္တတိပစ္စုပ္ပန် - သတ္တဋ္ဌ ဇဝနဝါရေ ဟု အဋ္ဌကထာဌ်လာသောကြောင့် ဇော(၇)ကြိမ်၊ (၇)ကြိမ်ကို (၈)ကြိမ်၊ (၈)ခါကာလအတိုင်းအရှည် ပဓာနကို သန္တတိ ပစ္စုပ္ပန်ဟု ခေါ်သည်။ ဥပမာအားဖြင့် အပူကလာသောသူမှာ အအေးသို့ဝင်သော ခဏ၊ အပူအခိုးစသည် ရုတ်တရက် မငြိမ်းအေးဘဲ၊ အတန်ကြာမှ ငြိမ်းအေး၍ သွား၏။ ဤမျှလောက်သော ကာလကို သန္တတိပစ္စုပ္ပန်ယူရာ၏။
တစ်နည်းမှာ အအေးကလာသောသူမှာ၊ အပူသို့ဝင်သော ခဏ အအေးအခိုးမှာ ရုတ်တရက် မအေးငြိမ်းဘဲ၊ အတန်ကြာမှာ ငြိမ်းအေး၍ သွား၏။ ထိုမျှလောက်ကာလကို သန္တတိပစ္စုပ္ပန်ယူရာ၏။

တစ်နည်းမှာ ကွေးသောခဏ၊ ဆန့်သောခဏ၊ ရပ်သောခဏ၊ ထိုင်သောခဏ၊ ထသောခဏ၊ အိပ်သောခဏ၊ မြင်သောခဏ၊ ကြားသောခဏ စသည်တို့ကို သန္တတိပစ္ဆုပ္ပန်ယူ၏။

(၈) ဘဒ္ဒပစ္ဆုပ္ပန် - တစ်ဘဝ၏အစနှင့် အဆုံးကို ဘဒ္ဒပစ္ဆုပ္ပန်ယူရာ၏။ ထို (၃)ပါးသော ပစ္ဆုပ္ပန်တို့တွင် သန္တတိပစ္ဆုပ္ပန်ကိုသာ လျှင် ယောဂီတို့ ရှုမှတ်ခါ အားထုတ်ရပါသည်။

သဒ္ဓမ္မဇောတိက အဘိဓမ္မာ (စာ – ၃၇၄)

— သြဠာရိက ရူပ်ဆိုတာ ကြမ်းတဲ့ရူပ်ပါ - သဘောအားဖြင့် သိလွယ်တဲ့ရူပ် (၁၂)ခု။

— ဒွါရ (၅)ပါးနဲ့ အာရုံ(၅)ပါးကို အာယတန (၁၀)ပါး ဖွဲ့လိုက်တာပါပဲ။

ဘာဖြစ်လို့ဟောသလဲ ဆိုတော့ - ရူပ်ဝါဒ သမားတွေက ရူပ်ပေါ်မှာ သူတို့က အစွဲအလမ်းကြီးနေတာကို။
အဲဒီရူပ်တွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လို့ဟောတဲ့အခါ ရူပ်ကို တန်ဖိုးထားတဲ့ ရူပ်ကို အရေးပေးတဲ့ ရူပ်ဝါဒသမားတွေကို မဂ်ဖိုလ်နိဗ္ဗာန်ရောက် ဟောတာ ဖြစ်ပါတယ်။

ပဋ္ဌဝိညာဏ်၊ မနောဓါတ်၊ မနောဝိညာဏ်၊ မန

(၁) ပဋ္ဌဝိညာဏ် - ဝိညာဏကွန္ဓာ - စိတ် (၈၉)ခု (ခန္ဓာ ၅ ပါးဖွဲ့စဉ်)

(၂) မနာယတန - ဟဒရဝတ္ထု (ဒွါရ) - စိတ် (၈၉)ခု (အာယတန ၁၂ ပါး)

(၃) မမ္မာယတန - (အာရုံ) စေတသိတ် (၅၂)ခု၊ သုခုမရူပ် (၁၆)ခု၊ နိဗ္ဗာန်

မှတ်ချက်။ ။ ခန္ဓာ(၅)ပါးမှာ နိဗ္ဗာန် မပါ,ပါ။ စိတ်၊ စေတသိတ်၊ ရူပ်(၃)ပါးသာ ပါသည်။ ပရမတ္ထတရား (၄)ပါးမှာ (၃)ပါးသာ ခန္ဓာဖွဲ့သည်။
ပရမတ္ထတရား(၄)ပါးကို အာယတန ဖွဲ့ပါဆိုရင် နိဗ္ဗာန်ပါတယ်။ နိဗ္ဗာန်က မမ္မာယတန ထဲမှာပါတယ်။

- မနာယတနက (ဒွါရ)နေရာသာ ဖြစ်သည်။ (ပသာဒ)
- မမ္မယတနက (အာရုံ) ဖြစ်သည်။ ၄င်း (၂)ခုသည် အာယတန (၁၂)ပါးတရားစုမှ ဖြစ်သည်။
- "စိတ်နှင့်စေတသိတ်တို့ ဖြစ်ပေါ်ကြောင်း"ဖြစ်သော တရားများကို အာယတနဟုခေါ်သည်။ စိတ်နှင့်စေတသိတ်တို့သည် ရူပါရုံ၊ စက္ခုပသာဒ စသည်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်ကုန်၏။

ရင်လည်း သေပါပြီ။ အဲဒီတော့ ကျွန်တော်တို့မှာဖြစ်နေတဲ့ စိတ်ဟာ ဘဝင်စိတ်နဲ့ ဝီထိစိတ်ပဲ ရှိပါတယ်။

အဲဒီ ဘဝင်စိတ်ကို အရပ်ထဲမှာ မသိစိတ်လို့ ခေါ်ကြတာပါ။ ကျွန်တော်တို့တွေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချိန်မှာ ဘဝင်စိတ်တွေ ဆက်တိုက်ဖြစ်နေသလို ဝီထိစိတ်တစ်ခုနဲ့ တစ်ခုကြားမှာလည်း ဘဝင်စိတ်တွေ ကြိုးကြာကြိုးကြာ ဖြစ်ပါတယ်။ ဘဝင်စိတ်တွေဟာ အရင်ဘဝက ယူခဲ့တဲ့ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ခုခုကို အာရုံပြုပါတယ်။ ဘဝတစ်ခုကို စောင့်ရှောက်ဖို့ မရှိမဖြစ်တဲ့ ဘဝရဲ့ အင်္ဂါဖြစ်လို့ ဘဝင်လို့ခေါ်တာပါ။ ဘဝင်စိတ်မရှိရင် ကျွန်တော် သေပါပြီ။

ကျွန်တော်အခု ပြောချင်တာကတော့ အာရုံနဲ့ဒွါရတိုက်ပြီးဖြစ်တဲ့ ဝီထိစိတ်ပါပဲ။ အာရုံဆိုတာကတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနဲ့ ကျန်တဲ့ တွေးကြံလို့ရတာ အမျိုးမျိုးပါ။ ဒွါရဆိုတာကတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ လွယ်လွယ်ပဲ ဆိုကြပါစို့။

အဆင်းက မျက်စိကို လာတိုက်တဲ့အခါမှာ စိတ်အစဉ်အတန်းကြီးကို ဝီထိစိတ်လို့ ခေါ်တာပါ။ အဆင်းတစ်ခုကို မြင်လိုက်ချိန်မှာ စိတ်အလုံးရေပေါင် ၁၇ ချက်ပြည့်ပြီးမှ မြင်ခြင်းကိစ္စ ပြီးမြောက်ပါတယ်။ စိတ်ဖြစ်တာဟာ သိပ်မြန်လွန်းတဲ့အတွက် သဗ္ဗညုတဉာဏ်တော်နဲ့သာ သိနိုင်တဲ့အရာပါ။

စိတ်အစဉ်အတန်း ဖြစ်ပုံကို အဘိဓမ္မာဝေါဟာရများနဲ့ စိမ်းနေသူများ နားလည်အောင် စာစကားနဲ့ မပြောပဲ အားလုံး နားလည်နိုင်တဲ့ စကားနဲ့ပဲ ရှင်းပြပါမယ်။

[ဓမ္မာယတန = ဓမ္မဓါတ်][စေတသိတ် (၅၂)] + သုခုမရူပ်(၆)
+ [နိဗ္ဗာန်] =
မနောဝိညာဏဓါတ် [စိတ် - ၇၆ ခု][မနောဓါတ် - ၁၃-နှုတ်]
[သန္တီရဏ၊ ဝုဋ္ဌော၊ ဇောစိတ်၊ တဒါရုံစိတ်]

မှတ်ချက် ။ ။ ဓမ္မာရုံနဲ့ ဓမ္မယတနတို့ နဲနဲကွာခြားပုံမှာ

(၄) ဓမ္မာရုံ = ပသာဒရူပ်(၅)ခု ၊ သုခုမရူပ်(၁၆)၊ စိတ် (၈၉)၊ စေတသိတ် (၅၂)၊ နိဗ္ဗာန်၊ ပညတ်။
ဓမ္မယတန = သုခုမရူပ် (၁၆)၊ စေတသိတ် (၅၂)၊ နိဗ္ဗာန်
(၅) မနောဓါတ် = ဘဝင် = ပဉ္စဒွါရဝဇ္ဇန်း+သမ္ပဋိစ္ဆိုင်းဒွေး ၁၃ပါး
(မန) = ဘဝင် = ပဋိသန္ဓေစိတ်၊ ဘဝင်၊ စုတိစိတ်
(၆) မနောဝိညာဏဓါတ် = စိတ် (၇၆)ခု၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ
= ဓါတ်သဘောတရားတွေ စဉ်းစားနေတဲ့အခါမှာ မနောဝိညာဏ်စိတ်တွေ ဖြစ်နေတယ်။ မစဉ်းစားရင် မဖြစ်ဘူး။ ကုသိုလ်၊ အကုသိုလ် စိတ်တွေဟာ မနောဝိညာဏဓါတ်ပဲ။ ကြိယာစိတ်ပဲဖြစ်ဖြစ်၊ ဝိပါက်စိတ်ပဲဖြစ်ဖြစ်၊ မနောဝိညာဏဓါတ်ပဲ။

ဘဝနှစ်ခုရဲ့ ဆက်စပ်ရာ

တခြားဘာသာတွေနဲ့ ယှဉ်ပြီးစဉ်းစားရင် ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ နားလည်ရခက်တဲ့အရာ တစ်ခု ရှိနေပါတယ်။ အဲဒါကတော့ ဘဝတစ်ခုနဲ့ တစ်ခု ကူးပြောင်းတာပါပဲ။

တခြားဘာသာတွေဟာ အတ္တဝါဒဖြစ်တဲ့အတွက် အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်လေး ရှိတယ်လို့ ယုံကြည်ကြပြီး၊ အဲဒီဝိညာဉ်ကောင်လေးကပဲ တစ်ဘဝမှ အခြားဘဝသို့ ကူးပြောင်းတယ်လို့ ယုံကြည်ကြပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဝါဒကတော့ အနတ္တဝါဒဖြစ်တဲ့အတွက် ဘာကောင်မှ ကူးစရာမရှိလို့ ဒီဘဝပြီးရင် ပြတ်သွားသလားဆိုတော့လည်း အဲလိုလည်း မဟုတ်ပါဘူး။ အဲလို ယူဆရင် (ပြတ်စဲအယူ) ဥစ္ဆေဒဒိဋ္ဌ ဖြစ်သွားပါလိမ့်မယ်။

တစ်ခါမပြတ်ဘဲ နောက်ဘဝသို့ ကူးတယ်လို့ ယူဆပြန်ရင်လည်း (တည်မြဲအယူ) သဿတဒိဋ္ဌထဲ ဝင်ပြန်ပါတယ်။ အဲဒီလို ဟိုဘက်အစွန်း၊ ဒီဘက်အစွန်း၊ အစွန်းတစ်ဘက်ဘက်နဲ့ ငြိစွန်းဘို့လွယ်ပြီး၊ နားလည်ရခက်တဲ့အတွက် ကျွန်တော်ဟာ နှစ်ပေါင်းများစွာ သဿတဒိဋ္ဌ ဖြစ်နေခဲ့ပါတယ်။

မိရိုးဖလာ ဗုဒ္ဓဘာသာကို ကျော်လွန်ပြီး ဗုဒ္ဓဘာသာကို စတင်လေ့လာစဉ်မှာ အထက်မှာ ဆိုခဲ့သလို ကျွန်တော်ဟာ သဿတဒိဋ္ဌ ဖြစ်မှန်းမသိ ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာစာအုပ်လည်း ဖတ်ကျင့်မရှိသေးတော့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့စာအုပ်တွေ

ဖတ်ရာမှာ စေ့စေ့ပေါက်ပေါက် နားမလည်သလို ဗြဟ္မဏဝါဒနဲ့ ရောပြွမ်းနေတာတွေကို ဖတ်မိပုံရတာလည်း ဖြစ်နိုင်ပါတယ်။

မည်သို့ပင်ဆိုစေ နောက်ပိုင်းမှာ ချမ်းမြေ့ဆရာတော်ဘုရားကြီးရဲ့ တရားတွေနာရင်း သဿတဒိဋ္ဌစွဲတော့ ပြုတ်ခဲ့ပါရဲ့၊ ဒါပေမယ့် ဘဝတစ်ခုနဲ့တစ်ခုရဲ့ အဆက်အစပ်ကို နားလည်ရခက်နေဆဲပါပဲ။

အဲလိုဖြစ်နေတဲ့ ကျွန်တော်ဟာ အဘိဓမ္မာကို လေ့လာစဉ်မှာ 'ဝီထိ'လို့ခေါ်တဲ့ စိတ်အစဉ်အတန်းနဲ့ ပတ်သက်ပြီး သင်ယူရပါတယ်။ အဲဒီ ဝီထိနဲ့ ဆက်စပ်ပြီး စဉ်းစားလိုက်တဲ့အခါကျမှ ကျွန်တော့်ရဲ့ သဿတဒိဋ္ဌစွဲဟာ ပိုပြီးရှင်းသွားပြီး၊ ဘဝနှစ်ခုရဲ့ အဆက်အစပ်ကိုလည်း သဘောပေါက်သွားပါတော့တယ်။

စိတ်နှစ်မျိုးသာရှိတယ်

ကျွန်တော်တို့တွေမှာ ဖြစ်နေတဲ့စိတ်ကို အကျဉ်းချုံးပြီး ခွဲရင် နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက အာရုံနဲ့ ဒွါရတိုက်ပြီးဖြစ်တဲ့ စိတ်ရယ်၊ နောက်တစ်မျိုးက ဒွါရကလွတ်ပြီးဖြစ်တဲ့စိတ်ပါ။ အာရုံနဲ့ဒွါရတိုက်ပြီးဖြစ်တဲ့စိတ်ကို ဝီထိစိတ်လို့ ခေါ်ပါတယ်။ ဒွါရကလွတ်ပြီးဖြစ်တဲ့စိတ်ကိုတော့ 'ဝီထိဝိမုတ်' (သို့) 'ဝီထိမုတ်' စိတ်လို့ ခေါ်ပါတယ်။

အဲဒီ ဝီထိမုတ်စိတ်ကိုပဲ အချိန်အခါအလိုက် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်ဆိုပြီး အမည်ကွဲသွားပါတယ်။ ပဋိသန္ဓေစိတ်ဟာ တစ်ချက်ပဲဖြစ်တာမို့ ကျွန်တော်တို့အတွက် ဖြစ်ပြီးသွားပါပြီ။ စုတိစိတ်ဟာလည်း တစ်ချက်ပဲဖြစ်မှာမို့ စုတိစိတ် တစ်ချက်ကျပြီး

ထပ်ပြီးရှုင်းပြရရင် လိုချင်လောဘ ဖြစ်နေတဲ့အချိန်မှာ လောဘဇောတွေ (၇)ကြိမ် ဆက်တိုက်ဖြစ်ပါတယ်။ အဲဒါကိုပဲ လောဘဇောတိုက်တယ်လို့ အရပ်ထဲမှာ ပြောကြတာပါ။ ထို့အတူပဲ စိတ်ဆိုး၊ ဒေါသဖြစ်နေရင်လည်း ဒေါသဇောတွေ (၇)ကြိမ် ဆက်တိုက်ဖြစ်ပါတယ်။

အဲဒါကို ပဋ္ဌာန်းနည်းနဲ့ကြည့်ရင် အနန္တရ၊ သမနန္တရ ပစ္စည်းအနေနဲ့ အကြားအလပ်မရှိဘဲ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်နေတာပါ။

တစ်ခါ အာသေဝနပစ္စည်းနဲ့ ကုသိုလ်စိတ်ဆို ကုသိုလ်စိတ်မျိုးတူတွေ၊ အကုသိုလ်စိတ်ဆို အကုသိုလ်စိတ်မျိုးတူတွေ အထပ်ထပ် ထုံမွမ်းပြီး ဖြစ်နေတာပါ။

အဲဒီ ဇော(၇)ကြိမ်ရဲ့နောက်မှာ အာရုံရဲ့အရသာကို ထပ်မံခံစားတဲ့ တဒါရုံစိတ် နှစ်ကြိမ်ဖြစ်ပြီး ဘဝင်စိတ် ပြန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ အခုဏက ဇော(၇)ကြိမ်ဟာ 'ကံ'မြောက်သွားပါပြီ။ တနည်းအားဖြင့် အကျိုးပေးဖို့ အဆင်သင့် ဖြစ်သွားပါပြီ။ အဲဒီအကျိုးပေးဖို့ အဆင်သင့်ဖြစ်နေတဲ့ 'သတ္တိ'လေးကိုပဲ 'ကံ'လို့ ခေါ်တာပါ။ တနည်းအားဖြင့် 'ကမ္မသတ္တိ'ပေါ့။

ဝီထိစိတ် ဆိုတာ

အဆင်းတစ်ခုကို မြင်လိုက်ချိန်မှာ ဘာမှသဲသဲကွဲကွဲ မရှိသေးပဲ မြင်သလိုလိုသာဖြစ်ပြီး ပထမ ဘဝင်စိတ်တစ်လုံးက ကျော်သွားပါတယ်။ အဲဒီနောက်က ဆက်တိုက်ဖြစ်တဲ့ ဘဝင်စိတ်က လှုပ်သွားပါတယ်။ တတိယမြောက် ဘဝင်စိတ်က ပြတ်သွားပြီးမှ ဝီထိစိတ်စပြီး ဖြစ်ပါတယ်။

ပထမဆုံး အဆင်းကို ဆင်ခြင်တဲ့ ဝီထိစိတ်ဖြစ်ပါတယ်။ အဲဒီနောက်မှာ မြင်သိစိတ် ဖြစ်ပါတယ်။ မြင်သိစိတ်ပြီးတော့ လက်ခံတဲ့စိတ် ဖြစ်ပါတယ်။ လက်ခံတဲ့စိတ်ရဲ့နောက်မှာ စုံစမ်းတဲ့စိတ် ဖြစ်ပါတယ်။ စုံစမ်းတဲ့စိတ်ရဲ့ နောက်မှာမှ မြင်လိုက်တဲ့အဆင်းဟာ ယောကျ်ားပဲ၊ မိန်းမပဲ၊ ဘယ်သူပဲ၊ ဘယ်ဝါပဲလို့ ဆုံးဖြတ်ချက်ချတဲ့စိတ်ဖြစ်ပါတယ်။

အဲဒီလို ဆုံးဖြတ်ချက်ချပြီးမှ ပြုံးစရာလို့ ဆုံးဖြတ်ရင်ပြုံး၊ မဲ့စရာလို့ စဉ်းစားမိရင်တော့ မဲ့ပြီး၊ ဒေါပွစရာလို့ ထင်လိုက်ရင်တော့ ဝုန်းဒိုင်းကြဲပါလိမ့်မယ်။

ဒါကြောင့် အဲဒီ ဆုံးဖြတ်ချက်ဟာ အရေးကြီးဆုံးနေရာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ရဲ့ ရှေ့မှာဖြစ်တဲ့ စိတ်အစဉ်အတန်းဟာ အကျိုးစိတ်တွေဖြစ်တဲ့အတွက် ဘာမှလုပ်လို့ မရပါဘူး။ မကောင်းတဲ့ အာရုံတွေနဲ့ကြုံရတာဟာ အကုသိုလ်ရဲ့ အကျိုးတွေပေးတဲ့ အချိန်ပါ။ ကောင်းတဲ့ အဆင်းတွေ မြင်နေရတယ်။ အရသာရှိတဲ့ အစားအသောက်တွေ စားနေရတယ်ဆိုရင်တော့ ကုသိုလ်အကျိုးတွေ ပေးနေတာပါ။

ဒီ အကျိုးစိတ်တွေဟာ သတ္တဝါတွေလုပ်ခဲ့တဲ့ ကံအပေါ်မှာ မူတည်တာမို့ ဘယ်သတ္တဝါရယ်လို့ ခွဲခြားမှုမရှိဘဲ မိမိတို့ကံအလိုက် ရင်ဆိုင်တွေ့ကြုံရတာပါ။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တွေလည်း ဣဋ္ဌာရုံတွေနဲ့ ကြုံတွေ့နိုင်သလို့၊ ဘုရားရဟန္တာတွေလည်း အနိဋ္ဌာရုံတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတာပါပဲ။ အဲဒါကိုပဲ ဝိပါက နိယာမအရ "ဝိပါက်အမှန်" လို့ ဆိုပါတယ်။

အနိဋ္ဌာရုံတွေနဲ့ ရင်ဆိုင်နေရပြီဆိုရင် အကုသိုလ်ကံဟောင်းစုတွေ အကျိုးပေးနေပြီလို့ သိနိုင်သလို၊ ဣဋ္ဌာရုံတွေနဲ့ ကြုံနေရပြီဆိုရင်တော့ ကုသိုလ်ကံတွေ အကျိုးပေးနေပြီလို့ သိနိုင်ပါတယ်။

ယောနိသော မနသိကာရ

အခု ဒီဆုံးဖြတ်ချက်ချတဲ့နေရာဟာ ယောနိသော မနသိကာရလို့ ခေါ်တဲ့ မှန်ကန်တဲ့ နှလုံးသွင်းရှိဖို့ အရေးကြီးတဲ့ နေရာပါ။ ဆုံးဖြတ်ချက် ချတဲ့စိတ်ရဲ့နောက်မှာ 'ဇော' စိတ်တွေ လာတော့မှာမို့ပါပဲ။ ဇောစိတ်တွေဟာ အကြောင်းစိတ်တွေ ဖြစ်တဲ့အတွက် (အခု ဏာက အကျိုးစိတ်တွေလို မဟုတ်ပဲ) ကျွန်တော်တို့မှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ နေရာပါ။

ဆုံးဖြတ်ချက်မှာ နှလုံးသွင်းမှန်ရင် ဘယ်လိုအာရုံနဲ့ကြုံကြုံ ကုသိုလ်ဇော စောနိုင်ပြီး၊ နှလုံးသွင်းမှားရင်တော့ အကုသိုလ်ဇော သာ စောပါလိမ့်မယ်။ အဲဒီလို စောမိတဲ့အပေါ်မှာ မူတည်ပြီး တချိန်ချိန်မှာ အကျိုးပြန်ပေးပါလိမ့်မယ်။

ဒီ ဇောနေရာဟာ မိမိတို့နှလုံးသွင်းတဲ့ အပေါ်မှာမူတည်ပြီး ဗလောင်းဗလဲ ဖောက်လွဲဖောက်ပြန် စောချင်သလို စောနိုင်တာမို့ "ဇောအပြန်" လို့ဆိုပါတယ်။

ဒီနေရာဟာ သိပ်ပြီး အရေးကြီးတဲ့နေရာပါ။ ဒီနေရာကို နားလည်လိုက်တာနဲ့ တည်မြဲအယူနဲ့ ပြတ်စဲအယူ စင်သွားနိုင်သလို၊ ကံတွေရဲ့ အကျိုးပေးရာ အချိန်ကာလကို နားလည်သွားတဲ့အခါ အခုသစ်ပင်စိုက်၊ အခုအသီးစားချင်လို့ မရဘူးဆိုတာ သဘောပေါက်သွားပါလိမ့်မယ်။

အဲဒီလို သဘောပေါက်မှ ဗုဒ္ဓဘာသာမှာ အခြေခံအကျဆုံးဖြစ်တဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိဖြစ်ပြီး၊ ကံ,ကံ၏အကျိုးကို တကယ်နားလည်ပြီး ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်မှာပါ။

ဇော စောတယ်ဆိုတာ

ဇော စောတယ်ဆိုတာ အာရုံနဲ့အရသာကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆက်တိုက်ခံစားတာကို ပြောတာပါ။ ဥပမာ ဒေါသဇော ဆိုရင် "ရှူးရဲ၊ ရှူးရဲ"နဲ့ ဖြစ်နေသလိုပေါ့။ လောဘဇောဆိုရင်တော့ "ပြုံးပြုံး၊ ပြုံးပြုံး" ပေါ့။

ကုသိုလ်ပြုလုပ်နေတဲ့အချိန် ကုသိုလ်စိတ်တွေ ဖြစ်နေတဲ့အချိန်မှာ ကုသိုလ်စိတ်တွေ (၇)ကြိမ် ဆက်တိုက်ဖြစ်ပါတယ်။ ထို့အတူပဲ အကုသိုလ်စိတ်တွေ ဖြစ်နေတဲ့အချိန်မှာလည်း အကုသိုလ်စိတ်တွေ (၇)ကြိမ် ဆက်တိုက်ဖြစ်ပါတယ်။

ကံ ဆိုတာ

ကံမြောက်သွားပြီဆိုတော့ ဒီနေရာမှာ ပဋ္ဌာန်းပါဠိတော်ထဲက “ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော” ကို သတိရလိုက်ပါ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ တွေဟာ ပဋိသန္ဓေစိတ်နဲ့ ကမ္မဇရူပ်တွေကို အကျိုးပေးပါတော့မယ်။

ကျွန်တော်တို့ တစ်သက်တာမှာ စုမိနေတဲ့ ကောင်းကံတွေ၊ မကောင်းကံတွေဟာ တစ်ပုံကြီးပါ။ အဲဒီအထဲကမှ ကံတစ်ခုခုက ပဋိသန္ဓေ အကျိုးပေးမှာပါ။ ပဋိသန္ဓေအကျိုးကို ပေးမယ့်ကံကို ‘ဇနကကံ’လို့ ခေါ်ပါတယ်။

ကျန်တဲ့ကံတွေဟာ ပဋိသန္ဓေအကျိုး မပေးနိုင်သော်လည်း ကျွန်ုပ်တို့နဲ့အတူ သံသရာတစ်လျှောက်မှာ အဖော်မွန်ဖြစ်စေ၊ အဖော်ယုတ်ဖြစ်စေ မကွဲမကွာ အတူလိုက်ပါနေမှာပါ။ အဲဒီလိုလိုက်နေပြီး ကုသိုလ်ကံက အခွင့်သာရင် ကောင်းတာတွေ ဖြစ်လိုက်၊ အကုသိုလ်ကံက အခွင့်သာရင် မကောင်းတာတွေ ဖြစ်လိုက်နဲ့ ဖြစ်နေမှာပါ။

ဒီကြားထဲမှာမှ ဘဝတစ်ခုလုံးကို ဖြတ်ချပစ်နိုင်တဲ့ကံက အကျိုးပေးရင် အချိန်မတန်သေးပဲ သေရပါတယ်။ အဲဒါကို ‘ဥပစ္ဆေဒကံ’ ထိုက်တယ်လို့ ခေါ်တာပါ။ ဥပမာ ယာဉ်တိုက်မှုဖြစ်ပြီး သေတာတို့၊ သူများသတ်လို့ သေရတာတို့ပေါ့။

လောကကြီးတစ်ခုလုံးဟာ အဖြစ်နဲ့အပျက်ကြားမှာ ခဏရပ်တည်နေတယ် ဆိုတာနားလည်ရင် တည်မြဲအယူကို ပယ်ပြီးဖြစ်ပါလိမ့်မယ်။ နောက်တစ်ချက်အနေနဲ့ တစ်ဘဝကနေ အခြားဘဝကို ဘာမှ ပါမသွားပါဘူးဆိုတာဟာ သိသာနေတဲ့အတွက်လည်း တည်မြဲအယူကို ပယ်ရပါမယ်။

ဘဝနှစ်ခုရဲ့ ဆက်စပ်ရာကို ဘယ်လိုနားလည်ရမလဲ

သိပ္ပံပညာမှာ စွမ်းရည်နဲ့ နိယာမဆိုတာ ရှိပါတယ်။ အဲဒါကတော့ စွမ်းရည်ဟာ ပုံသဏ္ဌာန်သာ ပြောင်းလို့ရပေမယ့် ချေဖျက်ပစ်လို့ မရပါဘူး။

ထို့အတူပဲ ကမ္မသတ္တိဟာ လူဖြစ်လိုက်၊ ခွေးဖြစ်လိုက် စသည်ဖြင့် ဘဝအမျိုးမျိုးသာ ပြောင်းလို့ရပေမယ့် (ဘုရား၊ ရဟန္တာအဖြစ် ပရိနိဗ္ဗာန် မစံမခြင်း) ချေဖျက်ပစ်လို့ မရပါဘူး။

အဲဒီကံဆိုတဲ့ သတ္တိကို အရဟတ္တမဂ်ကသာ ချေဖျက်ပစ်နိုင်တာမို့ ရဟန္တာမဖြစ်မခြင်း ဘဝတွေဆက်တိုက် လာနေအုံးမှာပါပဲ။

ကုသိုလ်/အကုသိုလ်ဖြစ်တဲ့ အကြောင်းတွေလုပ်တိုင်း ကမ္မသတ္တိရဲ့ အစွမ်းနဲ့ အကျိုးစိတ်ဖြစ်တဲ့ ပဋိသန္ဓေစိတ်ကတော့ လာနေအုံးမှာပါ။ ဒီသတ္တိလေးဟာ ရဟန္တာဖြစ်သွားတဲ့အခါမှသာ အကျိုးသက်ရောက်မှုကင်းမဲ့သွားပြီး အကြောင်းတွေလုပ်ပေမယ့် အကျိုးစိတ်မဖြစ်တော့ပဲ ကြောင်းကျိုးလွတ်တဲ့ ကြိယာစိတ် ဖြစ်မှာပါ။

ကံတွေရဲ့ အကျိုးပေးရာ အချိန်ကာလ

ဒီနေရာမှာ ကံ,ကံရဲ့အကျိုးကို နားလည်ဖို့အတွက် 'ကံတွေရဲ့ အကျိုးပေးပုံ အချိန်ကာလ'ကို နားလည်ရပါမယ်။

အခုဏက ပြောခဲ့တဲ့ ဇော (၇)ကြိမ်မှာ ပထမဆုံး ဇောစိတ်ဟာ အကြောင်းတွေ ညီညွတ်ရင် အခုဘဝမှာ အကျိုးပေးပါလိမ့်မယ်။ အကြောင်းမညီညွတ်ရင်တော့ အဟောသိကံ(အချည်းနှီး)ဖြစ်သွားပါလိမ့်မယ်။

နောက်ဆုံး (၇)ကြိမ်မြောက် ဇောစိတ်ဟာ လာမယ့်ဘဝမှာ အကျိုးပေးပါလိမ့်မယ်။ အဲဒီဘဝမှာမှ အကျိုးပေးခွင့်မရရင် အဟောသိကံ ဖြစ်သွားပါလိမ့်မယ်။

အလည်ဇော (၅)ချက်ဟာ (ရဟန္တာမဖြစ်မခြင်း) အဟောသိကံ မဖြစ်ဘဲ တတိယဘဝမှစပြီး အထက်မှာဆိုခဲ့သလို ကျွန်တော်တို့ရဲ့ အဖော်အဖြစ် သံသရာတစ်လျှောက် လိုက်ပါပြီး အကျိုးပေးပါလိမ့်မယ်။

အလည် (၅)ချက်က ကံတွေကို မမြင်နိုင်တဲ့အတွက် ကျွန်တော်တို့တွေဟာ 'ငါဟာကောင်းတာတွေလုပ်နေလျက်နဲ့ မကောင်းတာတွေ ဖြစ်နေတယ်။ သူကတော့ မဟုတ်တာ မှန်သမျှလည်း လုပ်နေသေးတယ် အဆင်ကိုပြေလို့' ဆိုပြီး မျက်စိလည် သွားကြတာပါ။

ဒီကြားထဲမှာမှ 'လူကောင်းတွေက မြန်မြန်သေပြီး၊ မကောင်းတဲ့သူတွေက သက်ဆိုးရှည်နိုင်ကြတယ်' လို့ မှတ်ချက် ချမိတတ်ကြပါတယ်။

ကံတွေရဲ့ ဆန်းကျယ်ပုံကို မမြင်နိုင်တော့လည်း အတွေးအခေါ်တွေ မှားသွားနိုင်တာပေါ့လေ။

သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို ကင်းဖို့ ဆက်ပြီး ရှင်းကြပါစို့

ကျွန်တော်တို့ သေသွားပေမယ့် ပဋိသန္ဓေအကျိုးကိုပေးဖို့ အဆင်သင့်ဖြစ်နေတဲ့ကံ၊ သို့မဟုတ် ကမ္မသတ္တိလေး ပြေပျောက်မသွားပဲ စုတိစိတ်ရဲ့နောက်မှာ နောက်ဘဝရဲ့ ပဋိသန္ဓေစိတ်အဖြစ် အကြားအလပ်မရှိဘဲ အနန္တရ/ သမနန္တရပစ္စည်း အနေနဲ့ဆက်ပြီး အကျိုးပေးနေမှာပါ။

ဒီနေရာကို နားလည်ရင် 'ပြတ်ဆဲအယူ' နဲ့ 'တည်မြဲအယူ' အပြင် မကျွတ်မလွတ်ဘူးဆိုတဲ့ 'ကြားကာလဘဝ' အယူပါ ကင်းစင်သွားနိုင်ပါတယ်။ ဆိုတော့ ဒီဘဝကသေသွားရင် နောက်ဘဝတွေ လာအုံးမယ်ဆိုတဲ့ 'သံသရာ'ကို လက်ခံထားကြတဲ့အတွက် 'ပြတ်ဆဲ' အယူနဲ့ ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ပြဿနာ မရှိပါဘူး။ ပြဿနာရှိနိုင်တာက 'တည်မြဲအယူ'နဲ့ 'ကြားကာလဘဝ' အယူပါ။

စိတ်တွေဟာ အနန္တရ၊ သမနန္တရအနေနဲ့ ဒီဘဝစုတိစိတ်ကနေ နောက်ဘဝရဲ့ ပဋိသန္ဓေစိတ်ကို ဆက်တိုက်ဖြစ်တယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် မကျွတ်မလွတ်ဘဲ ကြားကာလဘဝလေး တစ်ခုရှိနေတယ်ဆိုတာ မဖြစ်နိုင်ဘူးဆိုတာ သိသင့်ပါတယ်။

မကျွတ်မလွတ်ဘူးလို့ အမျှားပြောနေကြတာဟာ တကယ်တော့ ဘဝတစ်ခုပဲ ဖြစ်ပါတယ်။ အဲဒါဟာ ပြိတ္တာဘဝပါ။ ပြိတ္တာဘဝကို ကြားကာလဘဝလို့ ယူဆရင် သံသရာမပြတ်မခြင်းဟာ ကြားကာလဘဝတွေချည်းလို့ ယူဆရမလို ဖြစ်နေပါတယ်။

ပေးများကို အကျိုးပေးခွင့် အမြန်ရအောင်၊ အကျိုးပေးထက်သန်လာရအောင်၊ အရှည်တည်တံ့အောင် ထောက်ပံ့ပေးပေသည်။

အကြင်ဥပတ္ထမ္ဘကကံသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော ဒုဂ္ဂတိအပါယ်ဘုံဘဝတို့၌ ဖြစ်သောအခါ အကုသိုလ်ဥပတ္ထမ္ဘကကံ ဖြစ်ပေသည်။ ထိုအကုသိုလ်ဥပတ္ထမ္ဘကကံသည် အပါယ်ဘုံဘဝ၌ဖြစ်သော အကုသိုလ်ကံတစ်ပါးနှင့် ထိုအကုသိုလ်ကံ၏ အကျိုးပေးများကို အကျိုးပေးခွင့်အမြန်ရအောင် အကျိုးပေးထက်သန်လာရအောင်၊ အရှည်တည်တံ့နေရအောင် ထောက်ပံ့ပေးပေသည်။ ဤကဲ့သို့ ထောက်ပံ့ပေးသောကံသည် ဥပတ္ထမ္ဘကကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ခွင့်ပေးထက်သန်၊ ရှည်တည်ရန်၊ ထောက်ခံထမ္ဘက။

၃။ **ဥပပီဠကကံ** = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏အကျိုးပေးကို ကပ်၍နှိပ်စက်တတ်သောကံဟူသည် ကုသိုလ်ဥပပီဠကကံနှင့် အကုသိုလ်ဥပပီဠကကံဟူ၍ (၂)မျိုးပင်ရှိပေသည်။ ထို(၂)မျိုးတို့တွင် အကြင်ဥပပီဠကကံသည် လူပြည်၊ နတ်ပြည် ဟူသော သုဂတိဘုံဘဝတို့၌ ဖြစ်သောအခါ အကုသိုလ်ဥပပီဠကကံ ဖြစ်ပေသည်။ ထိုအကုသိုလ်ဥပပီဠကကံသည် ကုသိုလ်ကံတစ်ပါးနှင့် ထိုကုသိုလ်ကံ၏ အကျိုးပေးများကို ဆုတ်ယုတ်သွားရအောင်၊ ညှိုးနွမ်းသွားရအောင် ကပ်၍နှိပ်စက်တတ်၏။ ဤကဲ့သို့ အကုသိုလ်ဥပပီဠကကံသည် ကုသိုလ်နှင့် ကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကပ်၍နှိပ်စက်တတ်၏။

အကြင်ဥပပီဠကကံသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်ဘုံဘဝတို့၌ဖြစ်သောအခါ ကုသိုလ်ဥပပီဠကကံ

ဆိုတော့ ဒီဘဝက စုတိစိတ်ကျတာနဲ့ စိတ်အစဉ်အတန်းဟာ ပြတ်တောက်မှု မရှိပဲ ဟိုဘဝမှာ ပဋိသန္ဓေစိတ် သွားဖြစ်မှာပါ။

စကားအဖြစ်သာ 'ပဋိသန္ဓေစိတ်သွားဖြစ်မှာ'လို့ ဆိုရပေမဲ့၊ ပဋိသန္ဓေစိတ်ဟာ တစ်စက္ကန့်ရဲ့ ကုဋေတစ်သိန်းပုံရင် တစ်ပုံအတွင်းမှာ ဖြစ်မယ့်အတွက် ဒီလောက်မြန်ဆန်တဲ့အတွင်းမှာ နောက်ဘဝတစ်ခုကို ဖြစ်တယ်ဆိုတော့ စဉ်းစားကြည့်ရင် မထူးဆန်းသလို၊ ကြောက်စရာလည်း မဟုတ်ပါဘူး။

ဒါပေမဲ့ ပုထုဇဉ်ဘဝက မလွတ်သေးသမျှတော့ ဘယ်ဘဝကိုရောက်မယ်ဆိုတာ သေချာရေရာမှု မရှိတဲ့အတွက် ကြောက်စရာပါပဲ။

ကြောက်လည်း ကြောက်ကြတာပါပဲ။ ကြောက်လည်း ကြောက်သင့်ပါတယ်။ သံသရာကို မကြောက်ဘူးလို့ ဆိုသူတွေဟာ လူမိုက်တွေနဲ့ အရိယာသာ ဖြစ်ပါလိမ့်မယ်။

အရိယာတွေအနေနဲ့ ဆောက်ရာတည်ရာ ရသွားလို့ မကြောက်သင့်ပေမဲ့ ကိလေသာတွေ ထူပျစ်နေအောင် လိမ်းကျံထားပြီး မကြောက်ဘူးဆိုသူတွေဟာ လူအသိုင်းအဝိုင်းမှာ လိမ္မာယဉ်ကျေးတဲ့ အသွင်ရှိရင်တောင် လူမိုက်စစ်စစ်တွေဖြစ်လို့သာ မကြောက်ကြတာ ဖြစ်ပါလိမ့်မယ်။

အချိန်ရှိခိုက်မှာ ကြောက်စရာကို ကြောက်စရာလို့ အမှန်အတိုင်း သိမြင်ပြီး လုပ်သင့်သည်များကို ပြုလုပ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဒီစာစုကို နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးရွှင်လန်း ချမ်းမြေ့ကြပါစေ . . .

မေတ္တာဖြင့် (မောင်တင့်ဇော် - ကနေဒါ) (၂၀. ၄. ၂၀၁၈)

ကံပြုလုပ်သည့်ကိစ္စ (၄)ဖြာ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့ပြုအပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာအစစ်ဖြစ်သည်၊ ကံ၏အမွေကို ခံယူကြရပေသည်။ ချမ်းသာမှု၊ ဆင်းရဲမှုသည် ကံကြောင့်သာလျှင် ဖြစ်ရပေသည်။ ကံသာလျှင် နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ဆွေမျိုးအစစ်ဖြစ်ကြပေသည်။ မိမိတို့၏ ကိုးကွယ်ရာအစစ်သည် ကံသာလျှင်ဖြစ်ပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကံနှင့်ကံ၏ အကျိုးပေးတို့ကို ယုံကြည်အားကိုးကြသောကံတို့သည် ပြုလုပ်သည့် ကိစ္စအားဖြင့် (၄)မျိုး ကွဲပြားလျက်ရှိပေသည်။

၁။ ဇနကကံ = ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဖြစ်စေသောကံ။

၂။ ဥပတ္ထမ္ဘကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏အကျိုးပေးကို ထောက်ပံ့သောကံ။

၃။ ဥပပီဠကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏အကျိုး ပေးကို ကပ်၍နှိပ်စက်တတ်သောကံ။

၄။ ဥပဃာတကကံ = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏ အကျိုးပေးကို ကပ်၍ သတ်ဖြတ်တတ်သောကံဟူ၍ ပြုလုပ်တတ်သည့် ကိစ္စအားဖြင့် (၄)မျိုးကွဲပြားလျက်ရှိပေသည်။ ထိုကံ (၄)မျိုးတို့၌ ကုသိုလ်ကံနှင့် အကု သိုလ်ကံ(၂)မျိုးလုံး ပါဝင်လျက်ရှိနေ ကြပေသည်။

အကျယ်သိဖွယ်

၁။ **ဇနကကံ** = ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ကိုဖြစ်စေသော ကံဟူသည် ကုသိုလ်ဇနကကံနှင့် အကုသိုလ်ဇနကကံဟူ၍ (၂)မျိုး ပင်ရှိပေသည်။ ထို(၂)မျိုးတို့တွင် ကုသိုလ်ဇနကကံသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ပဋိသန္ဓေအခါမှာဖြစ်စေ၊ ကြီးပြင်းလာသည့် ပဝတ္တိအခါမှာဖြစ်စေ ကောင်းသည့်ဝိပါက်နာမက္ခန္ဓာနှင့် ကောင်းသည့်ကမ္မဇရုပ်တို့ကို ဖြစ်စေသည်။

အကုသိုလ်ဇနကကံသည် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံတို့၌ ပဋိသန္ဓေအခါမှာဖြစ်စေ၊ ကြီးပြင်းလာသည့် ပဝတ္တိအခါမှာဖြစ်စေ မကောင်းသည့်၊ ဆိုးသည့် ဝိပါက်နာမက္ခန္ဓာနှင့် မကောင်းသည့်၊ ဆိုးသည့် ကမ္မဇရုပ်တို့ကို ဖြစ်စေသည်။ ဤကဲ့သို့ ဖြစ်စေသောကံသည် ဇနကကံဖြစ်ပေသည်။
ဆောင်ပုဒ်။ ။ ကောင်းဆိုးနှစ်ထွေ၊ နာမ်ရုပ်တွေ၊ ဖြစ်စေဇနကံ။

၂။ **ဥပတ္ထမ္ဘကကံ** = ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏အကျိုးပေးကို ထောက်ပံ့သောကံဟူသည် ကုသိုလ်ဥပတ္ထမ္ဘကကံနှင့် အကုသိုလ်ဥပတ္ထမ္ဘကကံဟူ၍ (၂)မျိုးပင်ရှိပေသည်။ ထို(၂)မျိုးတို့တွင် အကြင် ဥပတ္ထမ္ဘကကံသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဟူသော သုဂတိဘဝတို့၌ ဖြစ်သောအခါ ကုသိုလ် ဥပတ္ထမ္ဘကကံ ဖြစ်ပေသည်။ ထိုကုသိုလ်ဥပတ္ထမ္ဘကကံသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ဖြစ်သော ကုသိုလ်ကံတစ်ပါးနှင့် ထိုကုသိုလ်ကံတစ်ပါး၏ အကျိုး

ကုသိုလ်ကံ (၄)မျိုး
အကျိုးပေးထူးပါ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အကုသိုလ်ကံများကိုတော့ ကင်းနိုင်သမျှကင်းအောင် ကျင့်ကြံ၍ နေထိုင်လျက်ရှိကြပေသည်။ ကုသိုလ်ကံများကိုတော့ ပြည့်စုံနိုင်သမျှပြည့်စုံအောင် ပြုလုပ်၍ နေထိုင်လျက်ရှိကြပေသည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုလုပ်ကြသည့် ဒါနစသော ကုသိုလ်ကံသည် (၄)မျိုးကွဲပြားလျက်ရှိပေသည်။ အကျိုးပေးပုံအားဖြင့်လည်း ထူးခြားလျက်ရှိကြပေသည်။ အထူးသဖြင့် ဒါနကုသိုလ်ပြုသောအခါ ကံ(၄)မျိုးကွဲပြားပုံမှာ ထင်ရှားလျက်ရှိပေသည်။

ဒါနကုသိုလ်ပြုရာ၌ ဖြစ်လာသော ကုသိုလ်ကံတို့သည် -

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊
၂။ တိဟိတ်ဩမကကုသိုလ်ကံ၊
၃။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊
၄။ ဒွိဟိတ်ဩမကကုသိုလ်ကံဟူ၍ (၄)မျိုးကွဲပြားလျက်ရှိပေသည်။

ဤကုသိုလ်ကံ (၄)မျိုးကို ပြဆိုရာ၌ ဟိတ်ဆိုသည်မှာ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော မလိုချင် မတပ်မက်တတ်သည့် အလောဘဟိတ်၊ အမျက်မထွက်တတ်၊ မပြစ်မှားတတ်သည့် အဒေါသဟိတ်၊ အမှားကိုပယ်၍ အမှန်ကိုသိတတ်သည့် အမောဟဟိတ်ဟူ၍ (၃)မျိုး ဖြစ်ပေသည်။ ဥက္ကဋ္ဌဆိုသည်မှာ မြင့်မြတ်သည့် ကံအမှုဖြစ်ပေသည်။ ဩမကဆိုသည်မှာ ယုတ်ညံ့သည့် ကံအမှု ဖြစ်ပေသည်။

ဖြစ်ပေသည်။ ထိုကုသိုလ်ဥပဓိဋ္ဌကကံသည် အကုသိုလ်ကံတစ်ပါးနှင့် ထိုအကုသိုလ်ကံ၏ အကျိုးပေးများကို ဆုတ်ယုတ်သွားရအောင် ညှိုးနွမ်းသွားရအောင် ကပ်၍နှိပ်စက်တတ်၏။ ဤကဲ့သို့ ကုသိုလ်ဥပဓိဋ္ဌကကံသည် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကပ်၍ နှိပ်စက်တတ်၏။

ဆောင်ပုဒ်။ ။ နှိပ်စက်သမှု၊ ညှိုးနွမ်းပြု၊ ဥပဓိဋ္ဌကာ။

၄။ **ဥပဃာတကကံ**= ကံတစ်ပါးနှင့် ထိုကံတစ်ပါး၏အကျိုးပေးကို ကပ်၍သတ်ဖြတ်တတ်သောကံဟူသည် ကုသိုလ်ဥပဃာတကကံနှင့် အကုသိုလ်ဥပဃာတကကံ ဟူ၍ (၂)မျိုးရှိပေသည်။ ထို(၂)မျိုးတို့တွင် အကြင်ဥပဃာတကကံ ကံသည် လူ့ပြည်၊ နတ်ပြည်ဟူသော သုဂတိဘုံဘဝတို့၌ဖြစ်သောအခါ အကုသိုလ်ဥပဃာတကကံ ဖြစ်ပေသည်။ ထိုအကုသိုလ် ဥပဃာတကကံသည် ကုသိုလ်ကံတစ်ပါးနှင့် ထိုကုသိုလ်ကံ၏အကျိုးပေးများကို သတ်ဖြတ်တတ်၏။ အသက်ရှည်ခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်း စသောကောင်းကျိုးများကို အသက်တိုသွားရအောင်၊ ပစ္စည်းဥစ္စာများ ပျက်စီးသွားရအောင် သတ်ဖြတ်၏။ ဤကဲ့သို့ အကုသိုလ်ဥပဃာတကကံသည် ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏ အကျိုးပေးတို့ကို ကပ်၍ သတ်ဖြတ်တတ်၏။

အကြင်ဥပဃာတကကံသည် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်ဘုံဘဝတို့၌ဖြစ်သောအခါ ကုသိုလ်ဥပဃာတကကံ ဖြစ်ပေသည်။ ထိုကုသိုလ် ဥပဃာတကကံသည် အကုသိုလ်တစ်ပါးနှင့် ထိုအကုသိုလ်ကံ၏ မကောင်းသည့်အကျိုးပေးများကို

ကပ်၍ သတ်ဖြတ်တတ်၏။ မကောင်းသည့်အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးများဖြစ်သည့် ငရဲဆင်းရဲမှ အမြန်လွတ်မြောက်သွားရအောင်၊ ဆင်းရဲဒုက္ခများကြသည့် တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသုရကာယ်ဘဝတို့မှ အမြန်လွတ်မြောက်သွားရအောင် ကုသိုလ်ဉပဿာတကကံက သတ်ဖြတ်လိုက်ပေသည်။ ဤကဲ့သို့ ကုသိုလ်ဉပဿာတကကံသည် အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏အကျိုးပေးတို့ကို ကပ်၍ သတ်ဖြတ်တတ်၏။

ဆောင်ပုဒ်။ ။ သတ်ဖြတ်သမှု၊ အတင်းပြု၊ ဉပဿာတကာ။

သေခါနီး မရဏာသန္နအခါမှာတော့ လူပြည်သုဂတိဘဝ၌ ဖြစ်သည့် မကောင်းသောအကုသိုလ်ကံနှင့် အကုသိုလ်ခံ၏အကျိုးပေးတို့ကို ကုသိုလ်ဉပဿာတကကံက ပယ်သတ်တာ ထင်ရှားလျက်ရှိပေသည်။

တစ်ချိန်သောအခါ သောဏတောင်ခြေမှာ သောဏအမည်ရှိသော ဓမ္မကထိကမထေရ်တစ်ပါး သီတင်းသုံးနေထိုင်လျက်ရှိပေသည်။ ထိုသောဏမထေရ်၏ ဖခင်ကြီးသည် ခွေးမုဆိုးအလုပ်ဖြင့် အသက်မွေးသူ ဖြစ်ပေသည်။ သောဏမထေရ်က မုဆိုးအလုပ်ကို မလုပ်ပါရန် အကြိမ်ကြိမ် တားမြစ်ပါသော်လည်း တားမြစ်လို့ မရခဲ့ပေ။ ထို့နောက် အိုမင်းမစွမ်းဖြစ်လာသောအခါ ဖခင်မုဆိုးကြီးကို သောဏမထေရ်က ရဟန်းပြုပေးလိုက်၏။

မုဆိုးရဟန်းကြီး၌ ပျံလွန်တော်မူမည့် ရောဂါဝေဒနာဖြစ်လာ၏။ ထိုအခါ လဲလျောင်း၍ အိပ်နေစဉ်မှာ ခွေးကြီးတွေလာရောက်ပြီး ကိုက်စားတော့မည့် ငရဲနိမိတ်ထင်လာ၏။ မုဆိုးရဟန်းကြီးသည်

"ခွေးကြီးတွေကို မောင်းထုတ်တားမြစ်ကြလော့"ဟု ကြောက်လန့်သော အသံဖြင့် ပြောလေ၏။ ထိုအခါ သောဏမထေရ်သည် ဖခင်မုဆိုးရဟန်းကြီး ငရဲကျရတော့မည့်ဘေးကို ကာကွယ်ပေးလိုသဖြင့် စေတီရင်ပြင်တော်ပေါ်၌ ပန်းတွေပူဇော်လျှုဒါန်းကာ ဖခင်မုဆိုးရဟန်းကြီးကို ရှိခိုးပူဇော်စေ၏။ ထို့နောက် မကြာမီမှာပင် နတ်သမီးနိမိတ်တွေထင်လာ၍ သောဏတို့ ဖယ်ကြ ဖယ်ကြ၊ သင်တို့မိခင်တွေလာကြသည်" ဟု ပြောဆိုကာ ပျံလွန်တော်မူသွားပြီး နတ်ပြည်သို့ ရောက်သွားလေ၏။

ဤသာဓက၌ မုဆိုးလုပ်ခဲ့စဉ်က အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးများကို ပျံလွန်တော်မူခါနီးမှာ ပန်းလျှုဒါန်းသည့် ကုသိုလ်ဉပဿာတကကံက ပယ်သတ်၍ နတ်ပြည်အကျိုးကို ပေးလိုက်ခြင်းဖြစ်ပေသည်။ ဤကဲ့သို့ အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးများကို ကုသိုလ်ဉပဿာတကကံက ပယ်သတ်နိုင်သည်မှာ ဤသာဓကဖြင့် ထင်ရှားလှပေသည်။

ဤကဲ့သို့ သေခါနီး မရဏာသန္နအခါမှာ ပြုပေးသည့် ကုသိုလ်ကံက မကောင်းသည့်အကုသိုလ်ကံနှင့် အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ပယ်ဖြတ်နိုင်၊ ပတ်သတ်နိုင်သည်ကို သိကြရသောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် တော်စပ်ကြသည့် မိဘဆွေမျိုးစသည်တို့ ကွယ်လွန်ခါနီးမှာ သင်္ကန်းစသော လှူဖွယ်ပစ္စည်းများကို လှူဒါန်းပေး၍ သာဓုခေါ်စေကြသည်မှာ ကောင်းမြတ်သော အစဉ်အလာတစ်ခုပင် ဖြစ်ပေသည်။

ကံ (၄)မျိုး အကျိုးပေးပုံ

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် နောက်ဘဝများ၌ တိဟိတ်ပဋိသန္ဓေအကျိုးကိုပေးသောကြောင့် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရပေသည်။ ထိုတိဟိတ်ပုဂ္ဂိုလ်တို့သည် နည်းမှန်လမ်းမှန် သတိပဋ္ဌာန်လေးပါးဖြင့် ဝိပဿနာတရားအားထုတ်လျှင် သောတာပန်အဖြစ်မှစ၍ တရားထူးတရားမြတ်များ ရသွားနိုင်ကြပေသည်။

၂။ တိဟိတ်သမကကုသိုလ်ကံသည် နောင်ဘဝများ၌ တိဟိတ်ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်သောကြောင့် နောင်ဘဝများ၌ ဒွိဟိတ်ပုဂ္ဂိုလ်တို့ ဖြစ်ကြရပေသည်။ ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပါဘဲ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါသော်လည်း သောတာပန်အဖြစ်စသော တရားထူးတရားမြတ်များကို မရရှိနိုင်ကြပေ။ နောင်ဘဝများအတွက် ကုသိုလ်ပါရမီမျှသာ ဖြစ်ကြပေသည်။

၃။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် တိဟိတ်ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ဒွိဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်သောကြောင့် နောင်ဘဝများ၌ ဒွိဟိတ်ပုဂ္ဂိုလ်တို့သာ ဖြစ်ကြရပေသည်။ ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပါဘဲ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါသော်လည်း သောတာပန်အဖြစ်စသော တရားထူးတရားမြတ်များကို မရရှိနိုင်ကြပေ။ နောင်ဘဝများအတွက် ကုသိုလ်ပါရမီမျှသာ ဖြစ်ကြပေသည်။

၄။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေအကျိုးကို

တိဟိတ်ကံ ဖြစ်ပုံ

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံဟုဆိုရာ၌ တိဟိတ်ကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကိုပြုရာတွင် လှူဖွယ်ပစ္စည်းတို့၌ စွဲလမ်းတပ်မက်ခြင်းမရှိသည့် အလောဘဟိတ်လည်း ပါဝင်၏။ အလှူခံပုဂ္ဂိုလ်တို့အား ချမ်းသာစေလိုသည့် (မေတ္တာ) အဒေါသဟိတ်လည်း ပါဝင်၏။ ကံနှင့်ကံ၏ အကျိုးတို့ကို ဆင်ခြင်၍ သိတတ်သည့် ဉာဏ်ပညာ အမောဟဟိတ်လည်း ပါဝင်၍ပြု၏။ ထိုဒါနကုသိုလ်ကံသည် အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် (၃)ပါးလုံး ပါဝင်သောကြောင့် တိဟိတ်ကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကြောင်းဟိတ်သုံးဖြာ၊ ပြည့်စုံတာ၊
မှန်စွာတိဟိတ်မည်။

တိဟိတ်ဥက္ကဋ္ဌကံဖြစ်ပုံ

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံဟုဆိုရာ၌ ဥက္ကဋ္ဌကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ပြုရာတွင် အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်(၃)ပါးလုံး ပါဝင်၍ မလှူမီရှေ့ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက်ပြုလုပ်ရ၏။ လှူပြီးသည့်နောက်ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခြံရံလျက်ပြုလုပ်ရ၏။ ထိုဒါနကုသိုလ်ကံသည် ရှေ့နှင့်နောက်တို့၌ ကုသိုလ်စိတ်များ ခြံရံသောကြောင့် မြင့်မြတ်သည့် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ရံ၊ မြတ်ပြန်ဥက္ကဋ္ဌ။

တိဟိတ်ဩမကကံဖြစ်ပုံ

၂။ တိဟိတ်ဩမကကုသိုလ်ကံဟုဆိုရာ၌ တိဟိတ်ဩမကကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကိုပြုရာတွင် ရှေးနည်းတူ ဒါနကုသိုလ်ပြုရာ၌ ဟိတ်(၃)ပါး ပါဝင်သောကြောင့် တိဟိတ်ကုသိုလ်ကံတော့ဖြစ်၏။ သို့သော် မလျှမ်ရှေ့ကာလ၌လည်း စိတ်အနှောင်အယှက်များဖြစ်ကာ အကုသိုလ်စိတ်တို့ဖြင့် ခံရလျက်ပြုရ၏။ လျှပြီးသည့် နောက်ကာလ၌လည်း စိတ်အနှောင့်အယှက်များဖြစ်သော အကုသိုလ်စိတ်တို့ဖြင့် ခံရလျက်ပြုရ၏။ ထိုဒါနကုသိုလ်ကံသည် ရှေ့နှင့်နောက်တို့၌ အကုသိုလ်စိတ်များ ခံရသောကြောင့် တိဟိတ်ပင် ဖြစ်ပါသော်လည်း ယုတ်ညံ့သည့် ဩမကကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ အကုရံ၊ ယုတ်ပြန်ဩမက။

ဒွိဟိတ်ကံဖြစ်ပုံ

ဒွိဟိတ်ဉာဏ်ဌကုသိုလ်ကံဟုဆိုရာ၌ ဒွိဟိတ်ကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကိုပြုရာတွင် လျှဖွယ်ပစ္စည်း၌ မစွဲလမ်း မတပ်မက်သည့် အလောဘဟိတ်လည်း ပါဝင်၏။ အလျှခံပုဂ္ဂိုလ်တို့အား ချမ်းသာစေလိုသည့် (မေတ္တာ) အဒေါသဟိတ်လည်း ပါဝင်၏။ ကံနှင့်ကံ၏ အကျိုးပေးတို့ကို ဆင်ခြင်၍ သိတတ်သည့် အမောဟဟိတ် ဉာဏ်ပညာတော့ မပါဝင်၊ ဉာဏ်နှင့်မယှဉ်ဘဲပြု၏။ ထိုဒါနကုသိုလ်ကံသည် အလောဘဟိတ်၊ အဒေါသဟိတ် (၂)ပါးသာ ပါဝင်၍ အမောဟဟိတ် မပါဝင်သောကြောင့် ဒွိဟိတ်ကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဉာဏ်မယှဉ်ပြန်၊ ကုသိုလ်ကံ၊ အမှန်ဒွိဟိတ်မည်။

ဒွိဟိတ်ဉာဏ်ဌကံဖြစ်ပုံ

၃။ ဒွိဟိတ်ဉာဏ်ဌကုသိုလ်ကံဟုဆိုရာ၌ ဉာဏ်ဌကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကိုပြုရာတွင် ဉာဏ်နှင့်မယှဉ်ပါဘဲ အလောဘဟိတ်နှင့် အဒေါသဟိတ် (၂)ပါးသာပါဝင်၍ ဒွိဟိတ်ပင်ဖြစ်ပါသော်လည်း မလျှမ်ရှေ့ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခံရလျက်ပြုရ၏။ လျှပြီးသည့် နောက်ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သည့် ကုသိုလ်စိတ်တို့ဖြင့် ခံရလျက်ပြုရ၏။ ထိုဒါနကုသိုလ်ကံသည် ရှေ့နှင့်နောက်တို့၌ ကုသိုလ်စိတ်များ ခံရသောကြောင့် ဒွိဟိတ်ဉာဏ်ဌကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ရံ၊ မြတ်ပြန်ဉာဏ်ဌ။

ဒွိဟိတ်ဩမကကံဖြစ်ပုံ

၄။ ဒွိဟိတ်ဩမကကုသိုလ်ကံဟုဆိုရာ၌ ဒွိဟိတ်ဩမကကံဖြစ်ပုံမှာ အကြင်ဒါနကုသိုလ်ကို ပြုလုပ်ရာတွင် ရှေးနည်းတူစွာ လျှဖွယ်ပစ္စည်းတို့၌ မစွဲလမ်းမတပ်မက်တတ်သည့် အလောဘဟိတ်နှင့် အလျှခံပုဂ္ဂိုလ်တို့အား ချမ်းသာစေလိုသည့်(မေတ္တာ) အဒေါသဟိတ် (၂)ပါးပါဝင်၏။ အမောဟဟိတ်မပါဝင်ဘဲ လျှဒါန်းပြုလုပ်၏။ မလျှမ်ရှေ့ကာလနှင့် လျှပြီးသည့်နောက်ကာလတို့၌ စိတ်အနှောင့်အယှက်များဖြစ်ကာ အကုသိုလ်စိတ်တို့ဖြင့် ခံရလျက်ပြုရ၏။ ထိုဒါနကုသိုလ်ကံသည် ဟိတ်(၂)ပါးသာပါဝင်၍ ရှေ့နှင့်နောက် အကုသိုလ်စိတ်များ ခံရသောကြောင့် ဒွိဟိတ်ဩမကကုသိုလ်ကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေ့နောက်နှစ်တန်၊ အကုရံ၊ ယုတ်ပြန်ဩမက။

ပထမဇောကုသိုလ်စေတနာကံသည် အားနည်းသော ကုသိုလ်ကံပင်ဖြစ်ပါသော်လည်း ထူးခြားသည့် အကြောင်း(၄)ချက်နှင့် ပြည့်စုံလျှင်တော့ ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်အောင် အကျိုးပေးနိုင်ပေသည်။ ထူးခြားသည့် အကြောင်း(၄)ချက်မှာ -

(က) အလှူခံပုဂ္ဂိုလ်၏ အနာဂါမ်၊ ရဟန္တာဖြစ်ခြင်း။
(ခ) နိရောဓသမာပတ်မှ ထသောအခါဖြစ်ခြင်း။
(ဂ) အလှူပေးပုဂ္ဂိုလ်၏ စင်ကြယ်သောလှူဖွယ်ပစ္စည်းဖြစ်ခြင်း။
(ဃ) အလှူပေးပုဂ္ဂိုလ်၏ စေတနာသုံးတန် ထက်သန်ခြင်းဟူသော ဤထူးခြားသည့် အကြောင်း(၄)ချက်နှင့် ပြည့်စုံလျှင် ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်အောင် အကျိုးပေးနိုင်ပေသည်။

အရှင်အနုရုဒ္ဓါအလောင်း အန္ဓဘာရမြက်ထမ်းသမားသည် ထူးခြားသော အကြောင်း(၄)ချက်နှင့် ပြည့်စုံစွာ လှူဒါန်းရသောကြောင့် ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်ရသည့် သာဓက ရှိခဲ့ပေသည်။

တစ်ချိန်သောအခါ အရှင်အနုရုဒ္ဓါအလောင်းသည် အန္ဓဘာရဟူသောအမည်ဖြင့် သုမနသူဌေးအိမ်၌ မှီခိုရှိနေရသော ဆင်းရဲသားမြက်ထမ်းသမား ဖြစ်ခဲ့ရပေသည်။ အန္ဓဘာရမြက်ထမ်းသမားသည် တစ်နေ့သောအခါ တောအရပ်မှ မြက်များကို ရိတ်ယူကာ မြက်ထုံးများကိုထမ်း၍ အိမ်သို့ ပြန်လာခဲ့လေ၏။

ထိုအချိန်မှာ ဂန္ဓမာဒနတောင်၌ သီတင်းသုံးနေတော်မူသော ဥပရိဋ္ဌအမည်ရှိသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နိရောဓသမာပတ်

မပေးနိုင်၊ အဟိတ်ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်သောကြောင့် နောင်ဘဝများ၌ အမိဝမ်းတွင်းက မျက်စိကန်းလာ၊ နားပင်းလာသည့် ဇစ္စန္ဓပုဂ္ဂိုလ်များ ဖြစ်ကြရပေသည်။ ထိုဇစ္စန္ဓပုဂ္ဂိုလ်တို့သည် တရားမရနိုင်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။

ဤကဲ့သို့ ပြုလုပ်အပ်သော ကံ(၄)မျိုးတို့တွင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည်သာလျှင် တရားရနိုင်သည့် တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဒါနစသော ကုသိုလ်များကို ပြုလုပ်သောအခါ ကံနှင့်ကံ၏အကျိုးပေးတို့ကို ဆင်ခြင်ကာ အသိဉာဏ်နှင့်ယှဉ်၍ တိဟိတ်ကုသိုလ်ကံများဖြစ်အောင် ပြုလုပ်ကြရပေသည်။ ရှေ့နောက်နှစ်တန်တို့၌ ကုသိုလ်စိတ်များဖြင့် ခံရံ၍ ဥက္ကဋ္ဌကုသိုလ်ကံဖြစ်အောင်လည်း ပြုလုပ်ကြရပေသည်။

အကျိုးပေးရာကာလ ကွဲပြားပါ
သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကံနှင့်ကံ၏အကျိုးပေးတို့ကို ယုံကြည်အားကိုးလျက်ရှိကြပေသည်။ ထို့ကြောင့် အကုသိုလ်ကံများ မိမိတို့သန္တာန်၌ မဖြစ်လာရအောင်၊ ကုသိုလ်ကံများ မိမိတို့သန္တာန်၌ ဖြစ်နေရအောင် ကောင်းမှုကုသိုလ်များကို မိမိတို့ စွမ်းနိုင်သမျှ ပြုနေကြရပေသည်။ ဤကဲ့သို့ မိမိတို့ပြုနေကြသော ကုသိုလ်ကံတို့သည် အကျိုးပေးရာကာလအားဖြင့် (၄)မျိုးကွဲပြားလျက် ရှိကြပေသည်။

အကုသိုလ်ကံများပြုမိလျှင် အကုသိုလ်ကံတို့သည်လည်း အကျိုးပေးရာကာလအားဖြင့် (၄)မျိုးပင် ကွဲပြားလျက်ရှိပေသည်။ ယခုရေးသားဖော်ပြမည်မှာ ကုသိုလ်ကံများကိုသာ ရေးသားဖော်ပြမည် ဖြစ်ပေသည်။ ကုသိုလ်ကံတို့တွင်လည်း ဒါနကုသိုလ်ကံ၏ အကျိုးပေးရာကာလအားဖြင့် (၄)မျိုးကွဲပြားပုံကို အဓိကထား၍ ရေးသားဖော်ပြမည် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ပြုနေကြသည့် ဒါနစသော ကုသိုလ်ကံတို့သည် -

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ = ယခုမျက်မှောက်ဘဝ၌ အကျိုးပေးသောကံ
၂။ ဥပပဇ္ဇဝေဒနီယကံ = ဒုတိယဘဝ၌ အကျိုးပေးသောကံ
၃။ အပရာပရိယဝေဒနီယကံ = တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးသောကံ
၄။ အဟောသိကံ = ကံသာဖြစ်၍ အကျိုးမပေးသောကံဟူ၍ (၄)မျိုးကွဲပြားလျက် ရှိပေသည်။

အကျယ်သိဖွယ်

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ = ယခုမျက်မှောက်ဘဝ၌ အကျိုးပေးသောကံဟူသည် ဒါနစသော ကောင်းမှုကုသိုလ်များပြုသောအခါ ကုသိုလ်ဇောတို့သည် (၇)ကြိမ်(၇)ကြိမ် ဖြစ်သွားကြပေသည်။ ထို (၇)ကြိမ်တို့တွင် ပထမဇောကုသိုလ်စေတနာကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ပေသည်။ ထို ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပေသည်။

ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးသော်လည်း သူ့ရှေ့မှ ဇောအကူအညီကိုမရ၍ ရှေးဦးစွာ ဖြစ်ရသည့် ပထမဇောကုသိုလ်ကံဖြစ်သောကြောင့် မွေးဖွားခါစ ကလေးငယ်များကဲ့သို့ အားနည်းလှပေသည်။ ထို့ကြောင့် အကျိုးပေးသောအခါ ပထမဇောကုသိုလ်စေတနာကံသည် ထင်ထင်ရှားရှား အကျိုးမပေးနိုင်ပေ။ မထင်မရှားသာ အကျိုးပေးနိုင်ပေသည်။

ပထမဇောကုသိုလ်စေတနာကံသည် ယခုမျက်မှောက်ဘဝ၌ပင် ကုသိုလ်ရှင် ကိုယ်ချမ်းသာစိတ်ချမ်းသာရှိနေရအောင် ကုသိုလ်ရှင် ပြုချင်သည့်ကိစ္စများ လွယ်လွယ်နှင့် ပြီးမြောက်သွားရအောင်၊ ကုသိုလ်ရှင် အလိုရှိအပ်သည့် အကျိုးတရားများ လွယ်လွယ်နှင့်ရရှိသွားရအောင် မထင်မရှားပင် အကျိုးပေးနိုင်ပေသည်။ ယခုဘဝ၌ အကျိုးပေးခွင့်မရလျှင် နောင်ဘဝများ၌ အကျိုးမပေးနိုင်တော့ပေ။ အကျိုးမပေးသည့် အဟောသိကံ ဖြစ်သွားရပေသည်။

ဆောင်ပုဒ်။ ။ မျက်မှောက်ဘဝ၊ ကျိုးပေးက၊ ဒိဋ္ဌဓမ္မမည်။

ဤကဲ့သို့ ကုသိုလ်ကံတို့သည် အကျိုးပေးရာကာလအားဖြင့် -

- ယခုမျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊
- ဒုတိယဘဝ၌ အကျိုးပေးသောကံ၊
- တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် အကျိုးပေးသောကံ၊
- ကံသာဖြစ်၍ အကျိုးမပေးသောကံဟူ၍ (၄)မျိုးကွဲပြားလျက် ရှိကြပေသည်။

အကုသိုလ်ကံတို့သည်လည်း ကုသိုလ်ကံတို့ကဲ့သို့ပင် အကျိုးပေးရာ ကာလအားဖြင့် (၄)မျိုး ကွဲပြားလျက်ရှိကြပေသည်။

ရှေ့နောက်အစဉ်အားဖြင့် အကျိုးပေးပါ သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိမိတို့ပြုထားအပ်သော ကံကုသာ မိမိတို့ကို ဖြစ်လေရာဘဝတိုင်းတို့၌ အယုတ်အမြတ် စသည်ဖြင့် ဝေဖန်ပေးလျက်ရှိပေသည်။ ကံ၏စီမံခန့်ခွဲမှုကို ခံယူကြရပေသည်ဟု ယုံကြည်လျက် ရှိကြပေသည်။

ထိုထိုဘဝတို့၌ ဖြစ်ကြရသည့်အခါမှာ အသက်တိုရတာ၊ အသက်ရှည်ရတာ၊ အနာရောဂါများရတာ၊ အနာရောဂါကင်းရတာ၊ အဆင်းလှရတာ၊ အဆင်းမလှရတာ၊ ဘုန်းတန်ခိုးကြီးရတာ၊ ဘုန်းတန်ခိုးနည်းရတာ၊ ပစ္စည်းဥစ္စာပေါများရတာ၊ ပစ္စည်းဥစ္စာရှားပါးရတာ၊ အမျိုးမြတ်ရတာ၊ အမျိုးယုတ်ရတာ၊ ပညာဉာဏ်ကြီးမားရတာ၊ ပညာဉာဏ်နည်းပါးရတာ စသည်များကို ကံကပင်လျှင်

မှထ၍ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင် အန္ဓဘာရမြက်ထမ်းသမား၏ ရှေ့မှသက်ဆင်းကာ သပိတ်ကိုပိုက်လျက် ဆွမ်းခံကြွတော်မူ၏။

ထိုအခါ အန္ဓဘာရသည် အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူလိုသောကြောင့် အိမ်ရှင်မထံပြန်သွား၍ နှစ်ယောက်စာထမင်းကို ယူလာကာ အရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းပြီးလျှင် "ဤတစ်ထပ်စာမျှသောဆွမ်းကို လှူဒါန်းရသည့်ကောင်းမှုကြောင့် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ဆင်းရဲသားမျိုးမှာ မဖြစ်ရပါလို၏။ မရှိဟူသောစကားကို မကြားမသိရပါလို၏" ဟု ဆုတောင်းပတ္ထနာ နှစ်ခုကို ပြုလိုက်ပေသည်။

ဤကဲ့သို့ တစ်ထပ်စာဆွမ်းကို လှူဒါန်းကာ ဆုတောင်းပတ္ထနာပြုပြီးလျှင် အိမ်သို့ပြန်လာသောအခါ သုမနသူဌေးက အန္ဓဘာရ၏ဆွမ်းအလှူကို တစ်ကျပ်မှစ၍ တစ်ထောင်ထိအောင် တိုးပေး၍ ဝယ်ယူသော်လည်း မရောင်းတဲ့အတွက်ကြောင့် အမျှဝေစေပြီး သာဓုခေါ်ကာ ငွေတစ်ထောင်ပေးလေ၏။

ထို့နောက် မင်းကြီးထံသို့ သွားဖို့ရန်ရှိ၍ အန္ဓဘာရကို မင်းကြီးထံသို့ ခေါ်သွားလေ၏။ မင်းကြီးကလည်း တစ်ထောင်ထပ်ပေးပြီးလျှင် အိမ်ဆောက်ဖို့ရန်အတွက် ခြံမြေတစ်ခုကို ပေးပြန်လေသည်။ ထိုခြံမြေကို ရှင်လင်းသောအခါ အန္ဓဘာရအတွက် ရွှေအိုးများပေါ်ထွက်လာသောကြောင့် အန္ဓဘာရဆင်းရဲသားကို သူဌေးကြီးဘွဲ့ပေးလိုက်လေ၏။

အန္ဓဘာရမြက်ထမ်းသမား၏ ဆွမ်းအလှူသည် -

(က) အလှူခံပုဂ္ဂိုလ်၏ ပစ္စေကဗုဒ္ဓါရဟန္တာဖြစ်ခြင်း၊

(ခ) ပစ္စေကဗုဒ္ဓါရဟန္တာ၏ နိရောဓသမာပတ်မှထသော အခါ ဖြစ်ခြင်း၊

(ဂ) အလှူပေးပုဂ္ဂိုလ် အန္ဓဘာရ၏ တစ်ထပ်စာဆွမ်းသည် စင်ကြယ်သော လှူဖွယ်ပစ္စည်းဖြစ်ခြင်း။

(ဃ) အလှူပေးပုဂ္ဂိုလ် အန္ဓဘာရ၏ စေတနာသုံးတန်ထက်သန်ခြင်းဟူသော ထူးခြားသည့် အကြောင်း (၄)ချက်နှင့် ပြည့်စုံသောကြောင့် အန္ဓဘာရသည် ယခုဘဝ၌ပင် မြက်ထမ်း သမား ဆင်းရဲသားဘဝမှ သူဌေးကြီး ဖြစ်သွားရလေ၏။ ပထမဇောကုသိုလ်စေတနာကံ၏ အကျိုးပေးပင် ဖြစ်ပေသည်။

ဤသာဓကကို ထောက်ထား၍ အလှူဒါနပြုသောအခါ အလှူခံပုဂ္ဂိုလ်ဘက်က အကြောင်းအင်္ဂါ(၂)ပါးနှင့်လည်း ပြည့်စုံနိုင်သမျှပြည့်စုံအောင် ရွေးချယ်ကြရပေသည်။ အလှူပေးပုဂ္ဂိုလ် မိမိတို့ဘက်ကလည်း အကြောင်းအင်္ဂါ(၂)ချက်နှင့် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စီမံပြုလုပ်ကြရပေသည်။

၂။ **ဥပပဇ္ဇဝေဒနီယကံ** = ဒုတိယဘဝ၌ အကျိုးပေးသောကံဟူသည် ဒါနစသော ကောင်းမှုကုသိုလ်များကိုပြုသောအခါ ဇော(၇)ကြိမ်တို့တွင် (၇)ခုမြောက်ဖြစ်သည့် သတ္တမဇောကုသိုလ်စေတနာကံသည် ယခုဘဝမှ ကွယ်လွန်သွားပြီးသောအခါ ဒုတိယဘဝ၌ အကျိုးပေးသောကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဒုတိယဘဝ၊ ကျိုးပေးက၊ ဥပပဇ္ဇမည်။

သတ္တမဇောကုသိုလ်စေတနာကံသည် ဇော(၇)ကြိမ်တို့တွင် နောက်ဆုံး အဆုံးဇောစေတနာကံဖြစ်၍ အားနည်း၏။ ထို့ကြောင့် ဒုတိယဘဝ၌ပင် အကျိုးပေးရသည်။ ဒုတိယဘဝ၌ အကျိုးပေးခွင့် မရခဲ့သော် တတိယဘဝ၊ စတုတ္ထဘဝ စသည်တို့၌ အကျိုးမပေးနိုင်တော့ပေ။ အကျိုးမပေးသည့် အဟောသိကံများ ဖြစ်သွားရပေသည်။

၃။ **အပရာပရိယဝေဒနီယကံ** = တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည် ဒါနစသော ကောင်းမှုကုသိုလ်များကို ပြုသောအခါ ဇော(၇)ကြိမ်တို့တွင် ပထမဇောကံနှင့် သတ္တမဇောကံ(၂)ပါးကို ကြဉ်ပယ်၍ အလယ်ဇော(၅)ခု ကုသိုလ်စေတနာကံ ဖြစ်ပေသည်။ ထိုအလယ်ဇော ကုသိုလ်စေတနာကံ (၅)ခုသည် ရှေးရှေးဇောများမှ ကုသိုလ်အားများကို နောက်နောက်ဇောများက ရရှိကြသောကြောင့် အားနှင့် ပြည့်စုံကြပေသည်။ ထို့ကြောင့် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် အကျိုးပေးနိုင်ပေသည်။

ဆောင်ပုဒ်။ ။ တတိယဘဝမှ၊ နိဗ္ဗာန်ကျထိ၊ ကျိုးပေးဘိ၊ အပရာပရိယမည်။

၄။ **အဟောသိကံ** = ကံသာဖြစ်၍ အကျိုးမပေးသောကံဟူသည် အကြင်ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံတို့သည် မိမိတို့ အကျိုးပေးရာကာလတို့၌ အကြောင်းမသင့် အခွင့်မသာ၍ အကျိုးမပေးကြရပေ။ ထိုကံတို့ သည်ပင်လျှင် အဟောသိကံတို့ ဖြစ်သွားကြရပေသည်။

ဆောင်ပုဒ်။ ။ အကျိုးမပေးပြန်၊ အဟောသိကံ၊ အမှန်ဖြစ်ပေသည်။

မြဲဝဲအပ်သော အကုသိုလ်အာစိဏ္ဏကံကို ပယ်ဖြတ်၍ ကောင်းကျိုးများကို ပေးနိုင်ပေသည်။ အကုသိုလ်အာသန္နကံသည်လည်း နေ့စဉ်မပြတ် မြဲဝဲအပ်သော ကုသိုလ်အာစိဏ္ဏကံကို ပယ်ဖြတ်၍ မကောင်းကျိုးများကို ပေးနိုင်ပေသည်။

ဆောင်ပုဒ်။ ။ စုတိနီးကပ်၊ ပြုအပ်ထင်ငြား၊
ဤကံများ၊ ခေါ်ငြား အာသန္နံ။

အကုသိုလ် အာစိဏ္ဏကံကို ကုသိုလ်အာသန္နကံက ပယ်ဖြတ်ရာ၌ သောဏမထေရ်၏ ဖခင်မုဆိုးရဟန်းကြီး သာဓကဖြင့် ထင်ရှားလှပေသည်။

သောဏမထေရ်၏ ဖခင်မုဆိုးရဟန်းကြီး၌ ကွယ်လွန်လောက်သည့် ရောဂါဝေဒနာများဖြစ်လာသောအခါ ခွေးမုဆိုးအလုပ်ကို တစ်သက်ပတ်လုံး ပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးပေးဖြစ်သည့် ခွေးကြီးများက သူ့ကို ကိုက်စားတော့မည့် နိမိတ်များထင်လာ၍ ကြောက်လန့်သောအသံဖြင့် "သောဏတို့ . . . ခွေးကြီးများကို မောင်းထုတ်ပေးကြပါ"ဟု ပြောဆိုလေ၏။

ထိုအခါ သောဏမထေရ်က ဖခင်မုဆိုးရဟန်းကြီး ငရဲကျတော့မည့်ဘေးကို ကာကွယ်ပေးလို၍ စေတီရင်ပြင်တော်ပေါ်၌ ပန်းတွေပူဇော်လျှဒါန်းကာ ဖခင်မုဆိုးရဟန်းကြီးကို ရှိခိုးပူဇော်စေ၏။ ထို့နောက် မကြာမီမှာပင် နတ်သမီးနိမိတ်တွေ ထင်လာ၍ "သောဏတို့ . . . ဖယ်ကြ ဖယ်ကြ၊ သင်တို့၏ မိခင်တွေလာနေပြီ"

ဝေဖန်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်း ဖြစ်ပေသည်ဟု မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ကံနှင့်ကံ၏အကျိုးပေးတို့ကို အထူးယုံကြည်အားကိုးလျက် ရှိကြပေသည်။ ထိုကံတို့သည် ရှေ့နောက်အကျိုးပေးသောအစဉ်အားဖြင့် (၄)မျိုးကွဲပြားလျက် ရှိပေသည်။

၁။ ဂရုကံ = ကံတစ်ပါးတို့သည် မတားမြစ်နိုင်သည့် ကြီးလေးသောကံ၊
၂။ အာသန္နကံ = သေခါနီးကာလ၌ ပြုအပ်သောကံနှင့် အောက်မေ့အပ်သည့်ကံ၊
၃။ အာစိဏ္ဏကံ = နေ့စဉ်အကြိမ်များစွာ လေ့ကျက်အပ်သောကံ၊
၄။ ကဋတ္တာကံ = ပြုဖူးကာမျှဖြစ်သောကံဟူ၍ အကျိုးပေးသောအစဉ်အားဖြင့် (၄)မျိုးကွဲပြားလျက် ရှိပေသည်။

အကျယ်သိမှတ်

၁။ **ဂရုကံ** = ကံတစ်ပါးတို့သည် မတားမြစ်နိုင်သည့် ကြီးလေးသော ကံဟူသည် ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ (၂)မျိုး ရှိပေသည်။ ထို(၂)မျိုးတို့တွင် အကုသိုလ်ကံအရာ၌ ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံတို့ ဖြစ်ကြပေသည်။ ထိုပဉ္စာနန္တရိယကံ(၅)ပါးကို ပြုမိသောပုဂ္ဂိုလ်နှင့် နိယတမိစ္ဆာဒိဋ္ဌိကံ (၃)ပါး ရှိကြသော ပုဂ္ဂိုလ်တို့သည် ယခုဘဝမှ စုတိ(သေပြီး)သည့်နောက်ကာလ ဒုတိယဘဝ၌

အပါယ်ငရဲသို့သာ ကျရောက်ကြရပေသည်။ မည်သည့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကမှ တားမြစ်၍ မရသောကြောင့် ကြီးလေးသော ဂရုကံတို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ်။ ။ ကံတစ်ပါးတို့၊ မတားနိုင်ရာ၊
ကြီးလေးပါ၊ မှန်စွာဂရုကံမည်။

ပဋ္ဌာနန္တရိယကံ (၅)ပါးဆိုသည်မှာ -

(က) အဓိကိုသတ်ခြင်း၊
(ခ) အဖကိုသတ်ခြင်း၊
(ဂ) ရဟန္တာကိုသတ်ခြင်း၊
(ဃ) ဘုရားကို သွေးစိမ်းတည်အောင်၊ သွေးခြေဉအောင်ပြုခြင်း၊
(င) သံဃာကို သင်းကွဲအောင်ပြုခြင်းတို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ်။ ။ မိဘရဟန်း၊ လောဟိတံ၊ ဘေဒံနန္တရိ။

နိယတမိစ္ဆာဒိဋ္ဌိကံ (၃)ပါး ဆိုသည်မှာ -

အကြောင်းမရှိဘဲ ပုဂ္ဂိုလ်သတ္တဝါတွေ အလိုလိုချမ်းသာသည်၊ အလိုလိုဆင်းရဲသည်ဟု စွဲယူမှားသော မိစ္ဆာဒိဋ္ဌိကံသည် အဟေတုက နိယတမိစ္ဆာဒိဋ္ဌိကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကြောင်းကိုတား၊ စွဲယူမှား၊
ခေါ်ငြားအဟေတုက။

လှူဒါန်းပူဇော်ခြင်း စသည်များကို ပြုပါသော်လည်း အကျိုးမရရှိနိုင်ဟု စွဲယူမှားသော မိစ္ဆာဒိဋ္ဌိကံသည် နတ္ထိက နိယတမိစ္ဆာဒိဋ္ဌိကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကျိုးကိုတား၊ စွဲယူမှား၊ ခေါ်ငြားနတ္ထိက။

ကောင်းသည့်ကုသိုလ်အမှုကို ပြုပါသော်လည်း ကောင်းသည့် ကုသိုလ်ကံများ ဖြစ်မလာပေ၊ မကောင်းသည့် အကုသိုလ်အမှုများကို ပြုပါသော်လည်း မကောင်းသည့် အကုသိုလ်ကံများ ဖြစ်မလာပေဟု စွဲယူမှားသော မိစ္ဆာဒိဋ္ဌိကံသည် အကိရိယ နိယတမိစ္ဆာဒိဋ္ဌိကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကံကိုပင်တား၊ စွဲယူမှား၊ ခေါ်ငြားအကိရိယ။

ဤပဋ္ဌာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံ ရှိကြသောပုဂ္ဂိုလ်တို့သည် စုတိ(သေပြီး)သည်မှနောက်ကာလ ဒုတိယဘဝ၌ အပါယ်ငရဲသို့သာ ကျရောက်ကြရပေသည်။ မည်သည့်ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကမှ တားမြစ်လို့မရသောကြောင့် ဂရုကံတို့ ဖြစ်ကြပေသည်။

ကုသိုလ်ကံအရာ၌ မဟဂ္ဂုတ်(စျာန်)ကုသိုလ်ကံတို့ ဖြစ်ကြပေသည်။ ထိုမဟဂ္ဂုတ်(စျာန်)ကုသိုလ်ကံတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ဒုတိယဘဝတွင် ဗြဟ္မာပြည်သို့ ဧကန်မုချရောက်ကြရမည် ဖြစ်ပေသည်။ မည်သည့်ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကမှ တားမြစ်လို့ မရသောကြောင့် ကြီးလေးသော ဂရုကံတို့ ဖြစ်ကြပေသည်။

၂။ **အာသန္နကံ** = သေခါနီးကာလ၌ ပြုအပ်သောကံနှင့် အောက်မေ့အပ်သောကံဟူသည် ကုသိုလ်အာသန္နကံနှင့် အကုသိုလ် အာသန္နကံဟူ၍ (၂)မျိုးပင် ရှိပေသည်။ ကုသိုလ် အာသန္နကံသည် နေ့စဉ်မပြတ်

တော်ဖြစ်တဲ့ ဗိမွိသာရမင်းကို သတ်ခဲ့မိတဲ့အတွက် သာမည်ဖလသုတ္တန်ကို ကြားနာပြီးတဲ့အဆုံးမှာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တဲ့ပါရမီ မျိုးစေ့ကောင်း ထင်ရှားရှိသော်လည်း သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရသလား၊ မရဘူး။ သို့သော်လည်း ရတနာသုံးပါးအပေါ်၌ အထူးသဖြင့် ဘုရားရှင်အပေါ်၌ ကြည်ညိုလေးစားနေတဲ့ သဒ္ဓါတရားတွေက အလွန်အားကောင်းတဲ့အတွက်ကြောင့် အသင့်အတင့် ခံသာရာကလေးတော့ ရပါတယ်။ အိပ်လို့ပျော်တယ်၊ စားလို့ဝင်တယ် စသည်ဖြင့်တော့ အကျိုးတရားကလေးတွေ အထိုက်အလျောက် ရတယ်။ သို့သော် သေသည်၏ အခြားမဲ့၌ ဘယ်ရောက်သလဲ? ငရဲပြည်သို့ ရောက်သွားတယ်၊ ကျိန်းသေတဲ့ ကံရဲ့အကျိုးပဲ။

နိယတမိစ္ဆာဒိဋ္ဌိကံ

အကုသိုလ်ဘက်မှာ ကျိန်းသေတာ နောက်တစ်ခုရှိနေသေးတယ်။ ဘုန်းကြီးနည်းနည်းပြောချင်တယ်။ ဒီအကြောင်းအရာကလေးကတော့ သတိပေးတဲ့သဘောပေါ့။ ကံ-ကံ၏အကျိုးကို လက်မခံတဲ့ နိယတမိစ္ဆာဒိဋ္ဌိ အယူဝါဒဖြစ်ပါတယ်။ အခုခေတ် ရုပ်ဝါဒီလို့ ခေါ်ဆိုအပ်တဲ့ ကံ-ကံ၏အကျိုးကို လုံးလုံးမယုံကြည်တဲ့ပုဂ္ဂိုလ်တွေရဲ့ ခံယူချက်ပဲ။ ကံကံ၏အကျိုးကို လုံးလုံးမယုံကြည်တဲ့ပုဂ္ဂိုလ်တွေရဲ့ ခံယူချက်ပဲ။ ကံကံ၏အကျိုးကို လုံးလုံးမယုံကြည်တဲ့ပုဂ္ဂိုလ်တွေရဲ့ ခံယူချက်ကလေးဟာ ဘယ်လောက် ပြင်းထန်သလဲ

ဟု ပြောဆိုကာ ပုံလွန်တော်မူသွားပြီး နတ်ပြည်သို့ ရောက်သွားလေ၏။

ဤသာဓကၦ တစ်သက်ပတ်လုံး ခွေးမုဆိုးပြုလုပ်ခဲ့သည့် အကုသိုလ်အာစိဏ္ဏကံကို ပုံလွန်တော်မူခါနီးမှာ ပန်းလျှဒါန်းပူဇော်သည့် အာသန္နကံက ပယ်ဖြတ်လိုက်သည်မှာ ထင်ရှားလှပေသည်။

၃။ **အာစိဏ္ဏကံ** = နေ့စဉ်အကြိမ်ကြိမ် လေ့ကျက်အပ်သောကံဟူသည် ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ (၂)မျိုးပင်ရှိပေသည်။ ဘုရား၌ ဆွမ်းတော်တင်၍ လျှဒါန်းခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်ခြင်း၊ သံဃာတော်တို့အား ဆွမ်းလောင်းလျှဒါန်းခြင်း၊ ငါးပါးသီလကို ဆောက်တည်ခြင်းစသော နေ့စဉ် အကြိမ်ကြိမ်ပြုလုပ် လေ့ကျက်အပ်သောကံသည် ကုသိုလ်အာစိဏ္ဏကံဖြစ်ပေသည်။ ထိုကုသိုလ်အာစိဏ္ဏကံ၌ မိမိပြုခဲ့မိသည့် ကုသိုလ်များကို ပြန်သတိရ၍ အထပ်ထပ် ဝမ်းမြောက်မှုကို ဖြစ်စေသော ကံသည်လည်း အာစိဏ္ဏကံပင် ဖြစ်ပေသည်။

မုဆိုး၊ တံငါအလုပ်ဖြင့် အသက်မွေးကြသောသူတို့ နေ့စဉ် အကြိမ်ကြိမ်ပြုလုပ်ကြသော ပါဏာတိပါတစသော ကံသည် အကုသိုလ်အာစိဏ္ဏကံ ဖြစ်ပေသည်။ မိမိပြုခဲ့မိသည့် အကုသိုလ်များကို ပြန်သတိရ၍ အထပ်ထပ် နောက်တပူပန်မှုကို ဖြစ်စေတတ်သော ကံသည်လည်း အာစိဏ္ဏကံပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကြိမ်များစွာ၊ လေ့လာအပ်ငြား၊ ကံအများ၊ ခေါ်ငြားအာစိဏ္ဏံ။

အာသန္နကံ၊ အာစိဏ္ဏကံနှစ်ပါးတို့တွင် အားရှိသောကံသည် ရှေးဦးစွာ အကျိုးပေး၏။ အားချင်းတူလျှင် အာသန္နကံက ရှေးဦးစွာ အကျိုးပေး၏။

၄။ **ကဋတ္တာကံ** = ပြုဖူးကာမျှဖြစ်သောကံဟူသည် ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ ဟူသော ရှေးကံ(၃)ပါးတို့မှ လွတ်သော အဖန်ဖန်ပြုအပ်သည့် ကံများသည် ကဋတ္တာကံ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ရှေးကံသုံးတန်၊ အလွတ်မှန်၊
ဖန်ဖန်ပြုပါကဋတ္တာ။

ဂရုနောက်အစဉ်အားဖြင့် အကျိုးပေးပုံ

အကြင်ပုဂ္ဂိုလ်၌ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံဟူသော ဤကံ(၄)မျိုးလုံး ရှိနေ၏။ ထိုပုဂ္ဂိုလ်အတွက် ယခုဘဝမှ အခြားမဲ့ ဒုတိယဘဝ၌ ဂရုကံက အကျိုးပေးခွင့်ရလေ၏။ ဂရုကံ မရှိလျှင် အာသန္နကံက အကျိုးပေးခွင့်ရလေ၏။ အာသန္နကံမရှိလျှင် အာစိဏ္ဏကံက အကျိုးပေးခွင့်ရလေ၏။ အာစိဏ္ဏကံမရှိလျှင် ကဋတ္တာကံက အကျိုးပေးခွင့်ရလေ၏။ ဤကဲ့သို့ အကျိုးပေးခွင့် အစဉ်အားဖြင့် ကံ(၄)မျိုး၏ အကျိုးပေးပုံမှာ သိဖွယ်ရာကောင်းလှပါပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဖတ်နိုင်သူအကျိုးမှုခြုရှိ
ကျိန်းသေတဲ့ကံ (ဖားအောက်ဆရာတော်ကြီး)

ဘုန်းကြီး ဒီနေရာကလေးမှာ သတိပေးချင်တာကလေး အချက်တစ်ခုတော့ ရှိပါတယ်။ ကျိန်းသေတဲ့ကံကို ကြိုးစားကြစမ်းပါ။ ကျိန်းမသေတဲ့ကံတွေကိုတော့ မကြိုးစားကြစမ်းပါနဲ့။ ဘဝတစ်ခုက မတော်လို့ ဆုံးသွားခဲ့လျှင် သာသနာတော်နဲ့တွေ့ရတာ အကျိုးမရှိဖြစ်သွားနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီတော့ သေခါနီးကာလ မရဏာသန္နဇော အချိန်အခါရောက်ပြီး စိတ်တွေက မိမိစိတ်ကို မိမိထိန်းနိုင်တဲ့ စွမ်းအားကလည်း မရှိပြန်ဘူး။ မိမိထူထောင်ခဲ့တဲ့ကံတွေကလည်း ကျိန်းသေတဲ့ကံမျိုး မဟုတ်ဘူးဆိုလျှင် ရင်လေးဖွယ်အချက်တွေ များစွာရှိနိုင်ပါတယ်။ ကျိန်းသေတဲ့ကံဆိုတာတော့ အကုသိုလ်အရာမှာလည်း ကျိန်းသေနေတဲ့ကံ ရှိတယ်။ ကုသိုလ်အရာမှလည်း ကျိန်းသေတဲ့ကံဆိုတာ ရှိပါတယ်။

ကျိန်းသေတဲ့ကံ = ဂရုကံ

အကုသိုလ်အရာမှာ ကျိန်းသေတဲ့ကံကတော့ အမိကိုသတ်ခြင်း၊ အဖကိုသတ်ခြင်း၊ ရဟန္တာပုဂ္ဂိုလ်အားသတ်ခြင်း၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုလုပ်ခြင်း၊ သံဃာသင်းခွဲခြင်းဆိုတဲ့ ကံကြီးငါးခု တစ်ခုခု ကျူးလွန်ခဲ့မယ်ဆိုလျှင်တော့ ဒီကံတွေက အကျိုးပေးဖို့ရာ မြဲတဲ့အတွက် သူတို့ကို ဂရုကံလို့ ခေါ်ပါတယ်။ နမူနာအနေနဲ့ ပြောမယ်ဆိုလျှင်တော့ အဇာတသတ်က ဖခမည်း

သူက ဘာပြောလိုက်သလဲ။ မှားယွင်းနေတဲ့ မိစ္ဆာအယူဝါဒကို စွန့်လွှတ်ပြီးတော့ ငါးပါးသီလမြဲအောင် နေပါ။ သရဏဂုံသုံးပါးကို ယုံယုံကြည်ကြည်ဖြင့် ဆောက်တည်ကျင့်သုံးပါ။ မကောင်းမှုဒုစရိုက်တွေ ရှောင်ရှားပါ စသည်ဖြင့် တရားဟောပြီး ပြန်လွှတ်လိုက်ပါတယ်။ (ပေတဝတ္ထု - ၂၀၁ - ၂၀၆)

ပြောချင်တဲ့အချက်ကတော့ ကံကံ၏အကျိုးကို ပစ်ပယ်နေတဲ့ နိယတမိစ္ဆာဒိဋ္ဌိ အယူဝါဒတွေသည် သေသည့်တိုင်အောင် မစွန့်လွှတ်ခဲ့ဘူးဆိုလျှင်တော့ ကျိန်းသေအပါယ်လေးဘုံ တစ်ဘုံဘုံ ရောက်တယ်။ နောက်ဆုံးတော့ ငရဲရောက်နိုင်ပါတယ်။ ဒါကြောင့် ဒီလိုဝါဒမျိုးတွေကို အကယ်၍များ မိမိတို့က လက်ခံချင်တဲ့စိတ်ထားများ ပေါ်ခဲ့မိမယ်ဆိုလျှင်တော့ ဘုန်းကြီးအကြံဉာဏ်ပေးချင်တာက ဒီကြောင်း-ကျိုးဆက်နွယ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် သဘောတရားကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တဲ့ အဆင့်ထိရောက်အောင်တော့ ခပ်မြန်မြန် ကြိုးစားစေချင်ပါတယ်။

ကုသိုလ်ဂရုကံ

မကောင်းတဲ့ဘက်က ခုနက အကျိုးပေးမြဲတဲ့ကံတွေရှိသလို ကောင်းတဲ့ဘက်မှာလည်း အကျိုးပေးမြဲတဲ့ကံတွေရှိတယ်။ နံပါတ် တစ်ကတော့ ဈာန်နာမ်တရားများဖြစ်ကြပါတယ်။ မိမိတို့က အားထုတ်လိုက်တော့ ဈာန်သမာဓိတွေကို ရရှိပြီ။ အာနာပါနဈာန်ပဲဖြစ်ဖြစ်

ဆိုတာနှင့် ပတ်သက်လို့ ဘုန်းကြီး ဝတ္ထုဇာတ်ကြောင်းကလေးတစ်ခု သတိရလို့ ပြောချင်ပါတယ်။ စာပေနယ်ကတော့ ဥစ္ဆေဒဝါဒသမားတွေလို့ ပြောပါတယ်။ သူတို့စကားလုံးနှင့် ပြောလျှင်ပေါ့။ ဘုန်းကြီးစကားလုံးတော့ မဟုတ်ပါဘူး။ "ဘဝဆိုတာ ပုခက်နှင့်ခေါင်းကြားမှာပဲ ရှိတယ်။ ခေါင်းဟိုဘက် ဘာမှမရှိပါဘူး" ဆိုပြီးတော့ သူတို့က ဒီလိုပြောကြတယ်။ တစ်ချိန်က ကမ္ဘာအေးမှာ ဒီစကားလုံးကို သူတို့က ကြွေးကြော်သွားကြပါသေးတယ်။ ဒီတော့ ခေါင်းဟိုဘက် ဘာမှမရှိပါဘူးဆိုပြီး ဒီလိုလက်ခံတဲ့ ခံယူချက်ကို ဥစ္ဆေဒဒိဋ္ဌလို့ ခေါ်ပါတယ်။ ဒီအယူဝါဒကို သေသည့်တိုင်အောင် မစွန့်လွှတ်ခဲ့ဘူးဆိုလျှင် ဒီကံက အကျိုးပေးမြဲပါတယ်။ အကျိုးပေးမြဲခြင်းကြောင့် သူကို လည်း နိယတမိစ္ဆာဒိဋ္ဌကံဆိုပြီး ဒီလိုခေါ်ပါတယ်။

နဋ္ဌကစစ်သူကြီး

ဒီနိယတမိစ္ဆာဒိဋ္ဌကံရဲ့ အကျိုးပေးမြဲမှုနှင့် ပတ်သက်လို့ ဝတ္ထုဇာတ်ကြောင်းကလေး တစ်ခုရှိတာက နဋ္ဌကစစ်သူကြီး ဖြစ်ပါတယ်။ နဋ္ဌကစစ်သူကြီးဆိုတာက ပိဂ်လမင်းရဲ့ စစ်သူကြီးဖြစ်တယ်။ ပိဂ်လမင်းဆိုတာကတော့ ဓမ္မာသောကမင်းဆက် မောရိယမင်းတို့ရဲ့ လက်အောက်ခံ ဘုရင်ငယ်တစ်ဦးလို့ ဆိုပါတယ်။ နဋ္ဌကစစ်သူကြီးကလည်း ဥစ္ဆေဒဒိဋ္ဌ အယူရှိတယ်။ ပိဂ်လမင်းကလည်း ဒီဥစ္ဆေဒဒိဋ္ဌ အယူရှိပါတယ်။ ကံ-ကံ၏အကျိုးကို လုံးလုံးလက်မခံကြဘူး။ တစ်ချိန် နဋ္ဌကစစ်သူကြီး ကွယ်လွန်သွားပြီ၊ ကွယ်လွန်တဲ့အချိန်

ဘယ်ရောက်သွားသလဲဆိုတော့ နံပါတ်တစ်အနေအားဖြင့် ပြတ္တာဘဝရောက်ရှိသွားပါတယ်။ ဒါပေမဲ့ သူမှာသမီးဖြစ်သူ ဥတ္တရာဆိုတဲ့ အမျိုးကောင်းသမီးလေးတစ်ဦး ရှိတယ်။ ဒီအမျိုးကောင်းသမီးလေးက သောတာပန် အရိယာသူတော်ကောင်း ဖြစ်ပါတယ်။ ကွယ်လွန်သွားတဲ့ ဖခမည်းတော်အား ရည်စူးပြီးတော့ ရဟန္တာလို့ ယူဆရတဲ့ သံဃာတော်တစ်ပါးကို အိမ်ရှေ့ကြွလာတဲ့အချိန်အခါ အိမ်ပေါ်ကို ပင့်ဖိတ်ပြီးတော့ ဆွမ်းခဲဖွယ်ဘောဇဉ်များနှင့် လှူဒါန်းပူဇော်ပြီးတော့ ဖခမည်းတော်ဖြစ်တဲ့ နန္ဒကစစ်သူကြီးကို အမျှအတမ်းပေးဝေပါတယ်။ အမျှအတမ်းပေးဝေလိုက်တဲ့ အချိန်အခါမှာ နန္ဒကစစ်သူကြီးက ထိုပြတ္တာဘဝမှာ နတ်စည်းစိမ်တမျှ ကြီးကျယ်တဲ့ ခမ်းနားတဲ့စည်းစိမ်ချမ်းသာတွေကို သုံးဆောင်ခံစားသွားရပါတယ်။ စာပေနယ်သုံး ဝေါဟာရနှင့်ပြောလျှင်တော့ ဝေမာနိကပြတ္တာလို့ ခေါ်ပါတယ်။ ဒါပေမဲ့ ဒီပြတ္တာဘဝက ကျွတ်သလားဆိုတော့ မကျွတ်ဘူး၊ နတ်စည်းစိမ်တမျှ ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေကို ခံစားရတယ်။ သို့သော် တစ်ချိန် ပိဂ်လမင်းတို့က ဓမ္မာသောကမင်းဆက်ရဲ့ အဆက်အနွယ်ဖြစ်တဲ့ မောရိယမင်းတွေကို သွားပြီး လက်ဆောင်ပဏ္ဏာဆက်သရပါတယ်။ ဆက်သလိုက်တဲ့အချိန်အခါမှာ ဒီပိဂ်လမင်းရဲ့ အပြန်မှာ လမ်းလွဲပြီးတော့ နန္ဒကပြတ္တာ တည်ရှိရာ ပြတ္တာဗိမာန်ဖြစ်တဲ့ ပညောင်ပင်ကြီးကိုရောက်အောင် နန္ဒကပြတ္တာက လမ်းခင်းပေးလိုက်တယ်။ လမ်းမှားပြီးတော့ မောင်းလာပြီ၊ မောင်းလာတဲ့အချိန်အခါမှာ ရထားထိန်းလုပ်တဲ့ ပုဂ္ဂိုလ်ကနေပြီး

တော့ ပိဂ်လဘုရင်မင်းမြတ်ကို လှမ်းပြီး အကြောင်းကြားတယ်။ အရှင်းမင်းမြတ် ကျွန်တော်တို့တော့ လမ်းမှားကုန်ပြီနဲ့တူတယ်။ ဘာကြောင့်လဲ ကျွန်တော်တို့ လာလိုက်တဲ့လမ်းကို ကြည့်လိုက်လျှင် ရှေ့မှာသာ လမ်းတွေ့ပြီး နောက်ကို ပြန်ကြည့်လိုက်တဲ့အခါ လမ်းမရှိ ဖြစ်နေပြီ၊ ဘယ့်နှယ်လုပ်မလဲ၊ ကဲ ဆက်သာမောင်းပေတော့ ဆိုပြီး မောင်းလိုက်အခါ ပညောင်ပင်ကိုဆိုက်သွားပြီ၊ ပညောင်ပင် ဆိုက်တဲ့အချိန်အခါ နတ်စည်းစိမ်တမျှ ကြီးကျယ်နေတဲ့ စည်းစိမ်ရှိတဲ့ နန္ဒကစစ်သူကြီး ပြတ္တာက ဧည့်ခံကျွေးမွေး ပါတယ်။

ပိဂ်လမင်းက အင်မတန် အံ့သြနေတယ်။ အံ့သြနေတဲ့ အချိန်ကျတော့မှ နောက်ဆုံး စားသောက်ပြီးတဲ့အခါ ဧည့်ခံပွဲပြီးတဲ့အခါ အကျိုးအကြောင်းမေးကြည့်တယ်။ သင်ဟာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ နတ်လား၊ လူလား စသည်ဖြင့်မေးလိုက်တော့မှ သူဟာ တခြားပုဂ္ဂိုလ်မဟုတ်ပါဘူး။ အရှင်မင်းကြီးရဲ့ နန္ဒကစစ်သူကြီးပဲ ဖြစ်တဲ့အကြောင်း တင်ပြတယ်။ သို့သော် အဲဒီမှာ ဝမ်းနည်စရာကောင်းတာကလေး တစ်ခုကတော့ ဥစ္စာဒဒိဋ္ဌိကို သေသည့်တိုင်အောင် မစွန့်လွှတ်ခဲ့တဲ့အတွက် ကံကံ၏အကျိုးကို သေသည့်တိုင်အောင် ပစ်ပယ်မိခဲ့တဲ့အတွက်ကြောင့် ဒီကံကအကျိုးပေးတော့မှာ ဖြစ်တယ်။ နတ်စည်းစိမ်တမျှ ကြီးကျယ်နေတဲ့ ဒီပြတ္တာဘဝမှာ ခံစားနေရတဲ့ ဒီစည်းစိမ်သည် နောက်ထပ် ခြောက်လပဲကြာမှာ ဖြစ်တယ်။ ခြောက်လပြည့်လို့ရှိလျှင်တော့ ငရဲကိုရောက်ရတော့မည့်အကြောင်း သူကတင်ပြတယ်။ တင်ပြပြီးတဲ့အချိန်အခါမှာ ပိဂ်လမင်းကိုလည်း

နံနက် (၃)နာရီမှ ည (၉)နာရီထိ (၁)နာရီခြင်း လူပ်ငန်းဆောင်ရွက်မှု

(က)	စင်္ကြန်လျှောက်	-	၅ ကြိမ်
(ခ)	တရားထိုင်မှတ်	-	၇ ကြိမ်
(ဂ)	ဆွမ်းစား	-	၂ ကြိမ်
(ဃ)	ရေချိုးရန်	-	၂ ကြိမ်
(င)	တရားနာရန်	-	၁ ကြိမ်
(စ)	တရားလျှောက်ရန်	-	၁ ကြိမ်
			၁၈ ကြိမ်

ကသိုဏ်းစျာန်တွေပဲဖြစ်ဖြစ် ပွားများလိုက်လို့ စျာန်တွေကို ရရှိခဲ့မယ်ဆိုလျှင် ဒီစျာန်တွေကလည်း သေသည့်တိုင်အောင် မလျှော့ကျခဲ့ဘူး ဆိုလျှင်တော့ အကျိုးပေးမြဲပါတယ်။ အကျိုးပေးမြဲတယ်ဆိုတဲ့ သဘောကတော့ သံသရာခရီး မဆုံးသေးတဲ့ပုဂ္ဂိုလ်အတွက် ပြောတာပါ။ ဒီပုဂ္ဂိုလ်က သံသရာခရီးဆုံးမယ်ဆိုလျှင် ဒီစျာန်တရားတွေက အကျိုးပေးနိုင်တဲ့စွမ်းအား မရှိတော့ပါဘူး။ အရှင်ဒေဝဒတ်တို့လို မသေခင်စပ်ကြားမှာ ဒီစျာန်တွေကလျှောကျခဲ့မယ်ဆိုလျှင်တော့ ဘာဖြစ်သလဲ အကျိုးပေးနိုင်တဲ့စွမ်းအား မရှိဖြစ်တတ်ပါတယ်။ အရှင်ဒေဝဒတ်ဟာ ရဟန်းပြုပြီးတဲ့အခါ ပထမတစ်ဝါအတွင်း ကြိုးစားအားထုတ်လိုက်တာ စျာန်သမာပတ်ရှစ်ပါးနှင့် လောကီအဘိညာဏ်ငါးပါးကို ရရှိသွားပါတယ်။ ဒါပေမဲ့လို့ ဘုရားဖြစ်ဖို့ရန် ကြံစည်စိတ်ကူးမိတဲ့ အချိန်အခါကစပြီးတော့ သူ့သန္တာန်မှာ ဒီစျာန်နာမ်တရားတွေက ကွယ်ပျောက်သွားလိုက်တာ သေသည်အထိ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစျာန်နာမ်တရားတွေက မလျှောကျခဲ့လျှင်တော့ အကျိုးပေးမြဲတဲ့အတွက် သူတို့ကိုလည်း ဂရုကံလို့ခေါ်တယ်။ သို့သော် လျှောကျသွားခဲ့မယ်ဆိုလျှင်တော့ အကျိုးပေးနိုင်တဲ့စွမ်းအား မရှိခြင်းကြောင့် သူတို့က ဂရုကံစာရင်းထဲမှာ မဝင်ပြန်ဘူး။

နောက်ထပ် ခိုင်မြဲတဲ့ကံတစ်ခုကတော့ ခုလို ရုပ်တွေနာမ်တွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ထိုးထွင်းသိခဲ့မယ်၊ အကြောင်းတရားတွေ အကျိုးတရားတွေကိုလည်း ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းတတ်ခဲ့မယ်ဆိုလျှင် နာမရူပ

ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ရရှိပြီ၊ ထိုဉာဏ်နှစ်ပါးကိုရရှိတဲ့ သူတော်ကောင်းအတွက် - ဣမိနာ ပန ဉာဏေန သမန္နာပတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ (ဝိသုဒ္ဓိ - ၂-၂၄၀) ဆိုပြီးတော့ အဋ္ဌကထာ ဆရာတော်များက ဖွင့်ထားတယ်။ သာသနာတော်မှာ သက်သာရာကို ရရှိသွားပြီ၊ နိယတဂတိက - ကောင်းရာသုဂတိဆိုတဲ့ လားရာဂတိမြပြီ၊ သောတာပန် အငယ်စား စူဠသောတာပန် ဖြစ်ပြီဆိုပြီး ဒီလို ဖွင့်ဆိုထားပါတယ်။ အသိမှန်၊ အကျင့်မှန် ဤနှစ်တန် ချမ်းသာ အစစ်မှန်ဖြစ်စေ (ပေ)သည်။

ဖားအောက်တောရဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသော ဓမ္မစကြာနှင့် ဝိပဿနာစာအုပ်၏ စာမျက်နှာ (၂၀၉-၂၁၂)မှ ကျိန်းသေတဲ့ကံ အကြောင်းကို တိုက်ရိုက်ထုတ်နှုတ်၍ ဓမ္မဒါနမျှဝေမှု ပြုပါသည်။

ပဏ္ဏိတာရာမ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာ ယောဂီများ လိုက်နာရန် အချိန်ဇယား

နံနက်	(၃) နာရီ	အိပ်ရာထ၊ စက္ကြန်လျှောက်
နံနက်	(၄) နာရီ	တရားထိုင်မှတ်
နံနက်	(၅) နာရီ	အရုဏ်ဆွမ်းစား
နံနက်	(၆) နာရီ	တရားထိုင်မှတ်
နံနက်	(၇) နာရီ	စက္ကြန်လျှောက်မှတ်
နံနက်	(၈) နာရီ	တရားထိုင်မှတ်
နံနက်	(၉) နာရီ	ရေချိုးရန်
နံနက်	(၁၀) နာရီခွဲ	နေ့ဆွမ်းစားရန်
နံနက်	(၁၂) နာရီ	တရားထိုင်မှတ်
နေ့	(၁) နာရီ	စက္ကြန်လျှောက်မှတ်
နေ့	(၂) နာရီ	တရားနာ
နေ့	(၃) နာရီ	တရားလျှောက်ရန်
ညနေ	(၄) နာရီ	တရားထိုင်မှတ်
ညနေ	(၅) နာရီ	ရေချိုးရန်
ညနေ	(၆) နာရီ	တရားထိုင်မှတ်
ည	(၇) နာရီ	စက္ကြန်လျှောက်မှတ်
ည	(၈) နာရီ	တရားထိုင်မှတ်
ည	(၉) နာရီ	စက္ကြန်လျှောက်မှတ်

ဩကာသကန်တော့ချို့ နှင့် ဆုတောင်း (ကန်တော့ခန်း)

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန့်တော့ပါ၏ အရှင်ဘုရား။

(ဆုတောင်းခန်း)

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာမျိုးကိုးဆယ့်ခြောက်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မင်္ဂလာ၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

၅။ သုရာမေရယ မဇ္ဇပွဓာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာ ဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန ဝိဘူသနဋ္ဌာန ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။

၈။ ဥစ္စာသယန မဟာသယန ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။

အာမ ဘန္တေပါအရှင်ဘုရား။

တတိယမွိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမွိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမွိ သံဃံ သရဏံ ဂစ္ဆာမိ

(ဂ္ဂန်ပါးသီလ တောင်းခန်း)

အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေ ဘန္တေ။

ဒုတိယမွိ အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေ ဘန္တေ။

တတိယမွိ အဟံဘန္တေ တိသရဏေနသဟ အဋ္ဌင်္သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေ ဘန္တေ။

(ဂ္ဂန်ပါးသီလ ခံယူဆောက်တည်းခန်း)

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။

သရဏဂုံသုံးပါးနှင့် ငါးပါးသီလဆောက်တည်ပုံ
(သရဏဂုံငါးပါးသီလတောင်းခန်း)

အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေ ဘန္တေ။

ဒုတိယမွိ အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေ ဘန္တေ။

တတိယမွိ အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတ္တာ သီလံဒေထ မေ ဘန္တေ။

(ဘုရားရှိခိုးခန်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
(၃ ကြိမ်ဆို)

(သရဏဂုံ ဆောက်တည်ခန်း)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

ဒုတိယမွိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမွိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမွိ သံဃံ သရဏံ ဂစ္ဆာမိ

နိဗ္ဗာန်သွားတဲ့ ခရီးဖော်သူတို့ မဖြောင့်လို့ မဂ္ဂင်လမ်းပေါ် မရောက်ဘဲ နေမှာစိုးလို့ ပြောနေတယ်။ သတိကတော့ဖြင့် သူကဘယ်တော့မှ လွန်တယ်မရှိဘူး။ သတိက လိုတာသာရှိတယ်။ တခြားသောတရားများကဲ့သို့ လွန်တယ်လို့မရှိပါဘူး။ သတိတော့ဖြင့် ဖြစ်ပျက်ပေါ်တိုင်း ပေါ်တိုင်း သတိထားမယ်၊ သဒ္ဓါနဲ့ပညာလဲ ညီအောင်လုပ်မယ်၊ ဝီရိယနဲ့ သမာဓိကော (ညီအောင်လုပ်ရပါမယ် ဘုရား)။

ဒီငါးခုဆိုလို့ရှိရင် မဂ္ဂင်းငါးပါး ညီညွတ်သွားလို့ မင်းတို့ကွန်ဇြေးညီတဲ့အတွက် ဘယ်နည်းနဲ့မှ မရမရှိပါဘူး။ ကွန်ဇြေးညိုနှိုင်းမှုကလေးတစ်ခုခုလိုနေသေးလို့ ဘာဖြစ်နေပါလိမ့်မတုံး၊ ရက်တွေ ကြာလိုက်တာ ဘယ့်နှယ်များ ဖြစ်နေပါလိမ့်မတုံး စိတ်ပျက်ချင်လဲ ပျက်လိမ့်မယ်။ မည်သူတတ်သေး၍ဖြစ်ပါတယ်။ ဒီဥစ္စာ အလုပ်သမားမှာ တစ်ခါတလေ ဝီရိယလွန်နေ တစ်ခါတလေ သမာဓိက လွန်နေတတ်တော့ လွန်နေပြန်တော့လဲ ရက်တွေပုပ်ပြီးသကာလ ကန့်လန့်ဖြစ်နေတယ်။

ဒကာဒကာမတွေ သစ္စာဆိုတဲ့ တရားပေါ် ၌ ယုံကြည်မှုရှိပြီး ဒီဟာရ,ရမယ်၊ 'သွာက္ခာတော ဘဂဝတာ ဓမ္မော ဘဂဝတော = မြတ်စွာဘုရားသည်၊ ဓမ္မော = တရားကို၊ သွာက္ခာတော = အကောင်းဟော ထားတာ။ ဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ ဘုရားကိုက ကောင်းစွာဟောထားတာ။ ဒို့ကမကောင်းလို့လား၊ ဒို့တစ်ခုခုလိုလို့ပဲ၊ နိဗ္ဗာန်ရ,ရမယ်လို့ ဟောထားတာ။ ဒီလိုသွားရမယ်နော်။

ဝိသုဒ္ဓိ ၇ – ပါး တရားတော်

ဝိပဿနာရှုမှတ်မှုတွင် မဂ္ဂင်(၅)ပါး အညီအမျှပါဝင်ပုံ

သမ္မာသတိ

သမ္မာဝါယမ + သမ္မာသမာဓိ

သမ္မာကမ္မန္တ + သမ္မာဒိဋ္ဌိ

သမ္မာသင်္ကပ္ပ + သမ္မာအာဇီဝ

သမ္မာဝါစာ

ဉာဏ်နဲ့ ခန္ဓာကိုယ်၏ အနိစ္စအဖြစ်နဲ့ တွေ့သွားလို့ရှိရင်ဖြင့် ကျွတ်ရေး၊ လွတ်ရေး အလွယ်ကလေးနဲ့ ဖြစ်နိုင်တယ်။ ပါရမီတွေ၊ ပြည့်စုံပြီးသားဆိုတာ ကိုယ်တိုင်ဆုံးဖြတ်ချက်ချထားပါ။

ပြည့်စုံတာကို ဘုန်းကြီး ထောက်ခံချက်ပေးပါမယ် . . . (မှန်ပါ့) ဘုရားသာသနာနဲ့ ကြုံခြင်းလဲ ပြည့်စုံခြင်းတစ်မျိုး၊ (မှန်ပါ့)သစ္စာတရားဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ချင်တာလဲ (ပြည့်စုံခြင်းတစ်မျိုးပါဘုရား) ထောင်တတ်တဲ့နားနဲ့ခင်ဗျာတို့ ပြည့်စုံခြင်းဟာလဲ (ပြည့်စုံခြင်းတစ်မျိုးပါဘုရား) တစ်မျိုးပဲဆိုတာ သေချာတယ် . . . (မှန်ပါ့)။

ထောင်တတ်တဲ့နား ရှိပြီးသကာလ ကျင့်တဲ့အကျင့်ကို မလုပ်ဘဲ နေပြန်လဲ မဖြစ်လို့ အခုလုပ်ဆဲ ဖြစ်နေပြန်တော့လဲ ပါရမီပြည့်လို့ လို့မှန်ပါ။ အခုပြောတဲ့ငါးချက်ကို သေသေချာချာ ပြတယ်။

ပါရမီပြည့်ပြီးသားပဲ . . . စဉ်းစားခန်း ရှည်ရှည် ထုတ်လေ နောက်ဆုတ်လေပဲ . . . ။ လုံ့လဝီရိယကလေးဖြင့် ပြင်းပြင်း ထန်ထန် လုပ်လိုက်လို့ရှိရင် ကြုံတဲ့ပုဂ္ဂိုလ်သည် ပြီးပြီးသားကိစ္စ ဖြစ်နိုင်တယ်ဆိုတယ်။

ပြီးပြီးသား အကြောင်းရှိတဲ့ ပုဂ္ဂိုလ်ပဲဆိုပြီး ကြိုးစားလိုက်တာ စကြိုးနဲ့ချည်းပဲ ဖြစ်ပျက်တွေ ကြိုးစားလိုက်တာ မိုးလင်းကာနီး တောင် ဝီရိယလွန်နေလို့ မရဘူး။ ဝီရိယနဲ့သမာဓိက မမျှဘဲနဲ့ သမာဓိကနောက်ကျ ဝီရိယက ရှေ့သွားနေပြန်တော့လဲ အမောသာ ဆိုက်၍ နိဗ္ဗာန်ကြီးဟာ ရှင်းရှင်းလင်းလင်း မမြင်လာဘူး။

လိုချင်လွန်းအားကြီးလို့ ဝီရိယလွန်ရင် . . . (မရပါ ဘုရား)။ ဒါဖြင့် ဝီရိယနဲ့ သမာဓိကို ခန္ဓာကိုယ် ဖြစ်ပျက် အနိစ္စ ရှိတဲ့ဆီကို သူမလွန်-ငါမသာရအောင် တွဲလွှတ်ပါ။ ဝီရိယကလဲ မလွန်စေနဲ့ သမာဓိကလဲ မလွန်စေနဲ့ သူတို့ကတော့ တွဲတော့ တွဲဖက်ပဲ တွဲဖက်မှာ တစ်ခုခုလွန်တော့ ဝီရိယလွန်တော့ စိတ်က ရမ္မာမဟုတ်ပါဘူးဆိုတဲ့ ဥဒ္ဓစ္စဘက် ပြေးတတ်တယ်။

သမာဓိလွန်ပြန်တော့လဲ ထိနမိဒ္ဓဆိုတဲ့ ငိုက်မျဉ်းတဲ့ဘက် ပြေးတတ်တယ်။ ဒါကြောင့် သူတို့နှစ်ခုညီအောင် မညီလို့ မရတာပဲဆိုပြီး ညှပေး . . . ။ အခုပြောတဲ့ အချက်တွေဟာ အရေးကြီးတယ်နော်။ ဘာဖြစ်လို့တုံးဆိုတော့ လိုချင်လို့ လုပ်ပြန် ပါသော်လဲ လွန်တာ၊ ကျွံတာ ရှိနေရင်လဲ ဆရာက ညှိမပေးလို့ရှိရင် နည်းမှန်လို့ မရတာလဲ ရှိသေးတယ် . . . ။ ဝီရိယနဲ့သမာဓိကို

ညီအောင် နွားနှစ်ကောင်ကြိုးစုံကိုင်ပြီး မောင်းသလို တစ်ခါတည်း ဖြစ်ပျက်ရှိတဲ့ဘက်ကိုစုံ၊ သူမသာ ငါမသာလွှတ်ရမယ်။

သာသနာတွင်းသား ဖြစ်ပေမယ့်လဲ အညှိကလေးလိုနေပြန် တော့လဲ အချိန်ကြာတတ်တယ်။ နောက်တစ်ခါ ညီညွတ်ဖို့ရာက သဒ္ဓါနဲ့ ပညာကိုလည်း ညီနေအောင် လွှတ်ပါ။ ဖြစ်ပျက်ရှိတဲ့ဆီ ကိုနော်။ သဒ္ဓါလွန်တဲ့အခါ တဏှာဘက်ပြေးသွားတယ်။ ဘုရားကို ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်ဆိုပြီး ခင်တဲ့ဘက် ပြေးသွား တယ်။ ဒါလဲ မကောင်းဘူး။

ပညာလွန်ပြန်တော့လဲ အတွေးအဆပညာက ထက်မြက် ပြန်တော့လဲ ကောက်ကျစ်တဲ့ဘက် ပြေးတယ်။ ဒါဖြင့် သဒ္ဓါနဲ့ပညာ ကိုလဲ သဒ္ဓါက ယုံကြည်ကြရမယ်ဆိုတာ ယုံကြည်မှ ပညာကလဲ အင်း . . . စိုက်ကနဲ - စိုက်ကနဲ ဖြစ်ပျက်နဲ့ ကိုက်အောင် လုပ်ပါ။ ဝီရိယနဲ့သမာဓိကိုလဲ ညီညွတ်အောင်လွှတ်ပါ။ သဒ္ဓါနဲ့ ပညာကို လဲ (ညီညွတ်အောင်၊ လွှတ်ရပါမယ်ဘုရား) (ဖြစ်ပျက်ဆီ လွှတ်ရမှာ ပါဘုရား)။

ဖြစ်ပျက်ရှိတဲ့ဆီကို ဒီလေးခုစုံလွှတ်ရမယ်။ အဲဒါကြောင့် သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိကိုဖြင့် ကျန်ငြိုညီညွတ်အောင်လုပ်၊ ဒါပါပဲ။ ပါရမီပြည့်စုံပြီးသားဟာလဲ ညှပေးမယ့် ဆရာသမား ကင်းပြန်လို့ရှိရင်လဲ အချိန်နှောင်းသွားတယ်။

ဒါ . . . ခရီးဟာ ကန့်လန့် ဖြစ်တာတွေ ဖော်ပြနေတယ်။

ပင်ဟု ဆိုလို၏။ ထို့ကြောင့် စိတ်နှင့်စေတသိတ်တို့သည် အကြင် (သမာဓိ)တရား၏ အစွမ်းဖြင့် ဖရိုဖရဲ မပြန့်ကြဲကုန်မူ၍ တခုတည်း သော အာရုံ၌ အညီအညွတ်လည်း တည်တံ့ကုန်၏၊ မပျံ့လွင့် မပြေး သွားကုန်မူ၍ ကောင်းစွာ (ငြိမ်သက်စွာ)လည်း တည်တံ့ကုန်၏။ ဤသမာဓိတရားကိုပင် သမာဓာန ဟူ၍သိအပ်၏။

ထို သမာဓိ၏ လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်နည်း

"ထို သမာဓိ၏ လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်နည်း" ဟူသော ဤမေးခွန်း၌ သမာဓိသည် မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ပျံ့လွင့်ခြင်းကို ဖျက်ဆီးခြင်းကိစ္စရှိ၏။ "ကိုယ်စိတ် ချမ်းသာခြင်းရှိသောသူ၏ စိတ်သည် တည်ကြည်၏"ဟု ဟောသော ကြောင့် ချမ်းသာခြင်း - သုခသည် ထို သမာဓိ၏ နီးသောအကြောင်း ပဒဋ္ဌာန်ပေတည်း။

သမာဓိအပြား ပြဆို်ချက်

"သမာဓိသည် အဘယ်မျှအပြားရှိသနည်း" ဟူသော မေးခွန်း၌ (သမာဓိသည်) မပျံ့လွင့်ခြင်း လက္ခဏာအားဖြင့် အကွဲအပြား မရှိ တပါးတည်းသာတည်း။

ဥပစာရ သမာဓိ, အပ္ပနာ သမာဓိအားဖြင့် (၂)ပါး အပြား ရှိ၏။ ထိုအတူ လောကီသမာဓိ, လောကုတ္တရာသမာဓိ အားဖြင့်

ရှင်အာနန္ဒာသည် ဝိရိယလွန်နေတယ်ဆိုတာ ပေါ်သွားပြီ။ ဝိရိယခဏ နားပါဦးမယ်ဆိုပြီး သတိကတော့ မလစ်ရဘူး။ ဝိရိယနဲ့ သမာဓိက ညီပြီးထွက်သွားတယ်၊ သဒ္ဓါနဲ့ပညာကလဲ ညီထွက်သွား တယ်။ ဝိရိယလျှော့လိုက်တော့ ညီပြီးထွက်သွားတော့ အဲဒီကြားမှာ ရဟန္တာ ဖြစ်သွားတယ်။ ဒီကြားထဲမှာ ရဟန္တာ ဖြစ်သွားတယ်။ ဒီကြားထဲမှာ ရဟန္တာ ဖြစ်တယ်ဆိုတော့ ညီညွတ်တော့လဲ ခဏ ကလေးပါကလား ။

ညီညွတ်ပြန်တော့လဲ ခဏလေးပဲဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ထားတော့ ဒါကလေးဟာလဲ အရေးကြီးတဲ့ အချက်ကလေး တစ်ခုပါလားဆိုတာ မှတ်ရလိမ့်မယ်။ အလုပ် သမားတွေအတွက် အလုပ်လုပ်တတ်ငြားသော်လည်း ကွန်ဒြေ အညှိက လိုပါသေးကလား။ ညှိနှိုင်းမှုကလေး (လိုပါတယ်ဘုရား)။ ခဏနားပါဦးမယ်ဆိုတော့ ဝိရိယကလေးက နည်းနည်းလျှော့မသွား ဘူးလား (လျှော့သွားပါတယ်) သို့သော်လဲ ဖြစ်ပျက်ကိုတော့ သူလက်မလွတ်ဘူး။ အာသဝေါ ကုန်သွားတာသည် ညှိနှိုင်းမှု ညီတဲ့အချိန်ဖြစ်တာပဲ။

ဒါကြောင့် ဖြစ်ပျက်ဆီကို သဒ္ဓါပညာမလွန်အောင်လွှတ်ပါ ဝိရိယ၊ သမာဓိ ဘယ်သူမှမလွန်ဘဲနဲ့ ညီညွတ်အောင် လွှတ်ပေးပါ။ သတိကို ဘယ်အခါကာလမှ မလွှတ်ပါစေနဲ့။ တပည့်တော်တို့ ထိန်းရမှာတွေက အများကြီး အားထုတ်ရမှာတွေက အများကြီးလို့ ဒီလိုမယူပါနဲ့။ သူတို့က ရှုလိုက်ကတည်းက ဖြစ်ပျက်ငါးခု စုံဝင်

တယ်။ ရှုလိုက်ကတည်းက ငါးခုဟာ တစ်ခါတည်း ဖြစ်ပျက်ရှိတဲ့ ဆီကို စုံဝင်တာပဲတဲ့၊ သို့သော်လဲ တစ်ခုခုလွန်နေပြန်တော့လဲ ဖြစ်ပျက်တော့မြင်ပါရဲ့ ဝိရိယလွန်နေပြန်တော့လဲ ဣန္ဒြေမမျှလို့ ဒကာ၊ ဒကာမတို့ မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်လာဖို့ အရေးဟာ နှောင့်နှေးနေတယ်။ ရှစ်ပါးဖြစ်မှလဲ နိဗ္ဗာန်ကို တွေ့ရမှာကိုး။

ပန်းဆွတ်သလို စုံဝင်တဲ့ နွားနှစ်ကောင်းစလုံးဟာ ပန်းတိုင်ကို စုံရောက်ပါမှ နေရာကျမယ်။ လုပ်နည်း နိဿရည်းကလဲ ဆရာမပြနည်းမကျဆိုသလိုပဲ ဒီအရေးဟာလဲ အလုပ်ခွင်မှာ ကိုယ့်ဟာကိုယ် ချိန်ဆဖို့ အရေးဟာ ကြီးပါကလားဆိုတာ ပေါ်လာတယ်။ အလုပ်သမားမဟုတ်တဲ့ နားမလည်တဲ့ ပုဂ္ဂိုလ်တွေကလဲ မှတ်သားထား၊ ကိုယ်လုပ်တော့ ဒီမူလိုက်ရလိမ့်မယ်ဆိုတာ မှတ်ထားပေါ့။ ဒကာ၊ ဒကာမတို့ ပါရမီက ပြည့်ပြီးသား၊ ပြည့်ပြီးသာနှောင့်နှေးနေတာ ဘာကြောင့်ပါလိမ့်မတုံး။ ဣန္ဒြေမညီတတ်လို့။ တစ်ခါတလေကျတော့ တရားအားထုတ်နေတဲ့အခါ သမာဓိလွန်ပြီး ထိနမိဒ္ဓများလာတဲ့အခါ အမြန်ကြွသွားပြီး ပြောရတယ်။ ထိနမိဒ္ဓတွေလွန်နေတယ်၊ ဝိရိယတွေတင်ပေးဦးကွ၊ သွားပြောပေးနေရတယ်။ ကိုယ့်ကိုယ် ကယ်တင်ချင်လို့ရှိရင်လဲ ကိုယ့်ကိုယ် သနားကြလို့ရှိရင် ဒီညိုလုံးကလေးတွေနဲ့ အလုပ်,လုပ်မယ်ဆိုလို့ရှိရင် အပါယ်လေးပါးထဲမှ ဆွဲတင်လိုက်တာပဲ။ ဒုက္ခဝဋ်ထဲမှ ဆွဲတင်လိုက်တာပဲ။ လုပ်ဖြစ်အောင် လုပ်ပါဆိုတာလဲ တိုက်တွန်းရတယ်။ ညှိတတ်ပါစေဆိုတာကိုလည်း တိုက်တွန်းရတယ်။ အရေးကြီးပါတယ်။

သမာဓိဟူသည်အဘယ်နည်း

သမာဓိဟူသည်အဘယ်နည်း ဟူသော မေးခွန်း၌ သမာဓိသည် (ကုသိုလ်သမာဓိ စသည်အားဖြင့်) များသော (အဖို့အစုအကွဲ) အပြားရှိ၏။ (အာရုံကွဲပြားခြင်းစသည်အားဖြင့်) အထူးထူးအပြားပြား (အသေးစိတ် အကွဲအပြား)ရှိ၏။ ထိုအကွဲအပြားအလုံးစုံကိုပြရန် အားထုတ်လျှင် (ထိုသို့သော) ဖြေရှင်းချက်သည် အလိုရှိအပ်သော အကျိုးကိုလည်း မပြီးစေနိုင်ရာ၊ ထိုပြင် ပျံ့လွင့်လျက် (မဆိုင်ရာရောက်)သွားဖို့ရန်လည်း ဖြစ်လေရာ၏။ ထို့ကြောင့် ဤအရာ၌ အလိုရှိအပ်သော သမာဓိကိုသာလျှင် ဆိုကုန်အံ့။ ကုသိုလ်ဖြစ်သော စိတ္တေကဂ္ဂတာ (စိတ်၏ တအာရုံတည်းရှိခြင်း - တည်ကြည်ခြင်း)သည် သမာဓိပေတည်း။

အဘယ်အနက်သဘောကြောင့် သမာဓိ မည်သနည်း

အဘယ်အနက်သဘောကြောင့် သမာဓိ မည်သနည်း ဟူသော မေးခွန်း၌ (သမာဓာန)ကောင်းစွာထားခြင်းအနက် သဘောကြောင့် သမာဓိမည်၏။ ဤကောင်းစွာထားခြင်း (သမာဓာန)ဟူသည် အဘယ်နည်း၊ တစ်ခုတည်းသော အာရုံ၌ စိတ်နှင့်စေတသိတ်တို့ကို (ဖရိုဖရဲ မပြန့်ကြဲအောင်) အညီအညွတ်ထားခြင်းသည်လည်းကောင်း၊ (မပျံ့လွင့်မပြေးသွားအောင်) ကောင်းစွာထားခြင်းသည်လည်းကောင်း၊ သမာဓာနမည်၏။ (ထားခြင်းဟူသည်မှာလည်း) တည်တံ့စေခြင်း

၏။ ထိုပုဂ္ဂိုလ်သည် ဝိတက်ကင်း၍ ဝိစာရမျှသာရှိသော သမာဓိကိုရ၏။ ထိုသို့သော သမာဓိကိုရည်၍ ဤ(အဝိတက္ကဝိစာရမတ္တ သမာဓိဟူသော) စကားကို ဆိုပေသည်။ စတုတ္ထနည်းအရ ဒုတိယစျာန်အစရှိသော စျာန်သုံးပါးတို့၌လည်းကောင်း၊ ပဉ္စကနည်းအရ တတိယစျာန် အစရှိသော စျာန်သုံးပါးတို့၌လည်းကောင်း၊ ဧကဂ္ဂတာသည် အဝိတက္ကအဝိစာရ (ဝိတက်ဝိစာရကင်းသော) သမာဓိမည်၏။ ဤသို့လျှင် သဝိတက္ကသဝိစာရ သမာဓိစသည်အားဖြင့် သုံးပါးအပြားရှိ၏။

စတုတ္ထတိုက်၌ ဥပစာရတုံ(အဆင့်)၌ ဧကဂ္ဂတာသည် ပရိတ္တ(ကာမာဝစရ)သမာဓိမည်၏။ ရူပါဝစရ ကုသိုလ်၊ အရူပါဝစရကုသိုလ်တို့၌ ဧကဂ္ဂတာသည် မဟဂ္ဂတ(မဟဂ္ဂုတ်)သမာဓိမည်၏။ အရိယာမဂ်နှင့်ယှဉ်သော သမာဓိသည် အပ္ပမာဏ သမာဓိမည်၏။ ဤသို့လျှင် ပရိတ္တသမာဓိ၊ မဟဂ္ဂတသမာဓိ၊ အပ္ပမာဏ သမာဓိအားဖြင့် သုံးပါး အပြားရှိ၏။

သမာဓိလေးပါး ဖွင့်ပြချက်

စတုက္ကတို့တွင် ပဌမ စတုက္ကဌ ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်ရှိသော) ဒန္ဓာဘိည (နှေးသော အသိဉာဏ်ထူးရှိသော) သမာဓိသည် ရှိ၏။ ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်ရှိသော) ခိပ္ပါဘိည (လျှင်မြန်သောအသိဉာဏ်ထူးရှိသော) သမာဓိသည် ရှိ၏။ သုခပဋိပဒါ (ချမ်းသာသောအကျင့်ရှိသော)ဒန္ဓာဘိည(နှေးသော

လည်းကောင်း၊ သပ္ပိတိကသမာဓိ, နိပ္ပိတိကသမာဓိအားဖြင့် လည်းကောင်း၊ သုခသဟဂုတ်သမာဓိ, ဥပေက္ခာသဟဂုတ်သမာဓိအားဖြင့်လည်းကောင်း (၂)ပါးစီ အပြားရှိ၏။

ဟီနသမာဓိ, မဇ္ဈိမသမာဓိ, ပဏီတ သမာဓိအားဖြင့် (၃)ပါး အပြားရှိ၏။ ထိုအတူ သဝိတက္က သဝိစာရသမာဓိ စသည်အားဖြင့် လည်းကောင်း၊ ပီတိသဟဂုတ် သမာဓိစသည်အားဖြင့်လည်းကောင်း၊ ပရိတ္တာသမာဓိ, မဟဂ္ဂတသမာဓိ, အပ္ပမာဏသမာဓိအားဖြင့်လည်းကောင်း (၃)ပါးစီ အပြားရှိ၏။

ဒုက္ခပဋိပဒါ ဒန္ဓာဘိည သမာဓိစသည်အားဖြင့် လေးပါးအပြားရှိ၏။ ထိုအတူ ပရိတ္တာ-ပရိတ္တာရမ္မဏ သမာဓိစသည်အားဖြင့်လည်းကောင်း၊ လေးပါးသောစျာန်တို့၏ အင်္ဂါအားဖြင့်လည်းကောင်း၊ ဟာနဘာဂိယသမာဓိ စသည်အားဖြင့်လည်းကောင်း၊ ကာမာဝစရသမာဓိ စသည်အားဖြင့်လည်းကောင်း၊ အဓိပတိလေးပါးတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ လေးပါးစီအပြားရှိ၏။

ပဉ္စကနည်း၌ ငါးပါးသောစျာန်တို့၏ အင်္ဂါအားဖြင့် ငါးပါးအပြားရှိ၏။

သမာဓိတပါး နှစ်ပါးတို့ကို ဖွင့်ပြချက်

ထိုတွင် တပါးတည်းအဖို့သည် သိသာထင်ရှားသောအနက်ရှိသည်သာတည်း။ နှစ်ပါးအပြားအဖို့၌ (ဗုဒ္ဓါနုဿတိ, ဓမ္မ, သံဃ, သီလ, စာဂ, ဒေဝတာနုဿတိဟူသော) အနုဿတိကမ္မဋ္ဌာန်းခြောက်ပါး၊ မရဏာဿတိကမ္မဋ္ဌာန်း၊ ဥပသမာနုဿတိကမ္မဋ္ဌာန်း၊

အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း ဟူသော ဤ(၁၀ပါးသော ကမ္မဋ္ဌာန်း)တို့၏ အစွမ်းအားဖြင့်ရ(အပ်)သော သမာဓိသည်လည်း ကောင်း၊ အပ္ပနာစျာသမာဓိတို့၏ ရှေးအဖို့၌ (ရအပ်သော) သမာဓိ သည်လည်းကောင်း၊ ဥပစာရသမာဓိမည်၏။ "ပဌမစျာန်၏ ပရိက်သည် ပဌမစျာန်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" ဤသို့ ဟော တော်မူသောကြောင့် (ဂေါတြဘူဟူသော) ပရိက်သမာဓိ၏ အခြား မဲ့ဖြစ်သော သမာဓိသည် အပ္ပနာသမာဓိ မည်၏။ ဤသို့လျှင် ဥပစာရသမာဓိ, အပ္ပနာသမာဓိအားဖြင့် နှစ်ပါး အပြား ရှိ၏။

ဒုတိယဒုက်၌ (ကာမ၊ ရူပ၊ အရူပ ဟူသော) ဘုံးသုံးပါးတို့၌ ကုသိုလ်စိတ္တေကဂ္ဂတာသည် လောကီသမာဓိမည်၏။ အရိယာမဂ်နှင့် ယှဉ်သော ဧကဂ္ဂတာသည် လောကုတ္တရာသမာဓိ မည်၏။ ဤသို့ လျှင် လောကီသမာဓိ၊ လောကုတ္တရာသမာဓိအားဖြင့် နှစ်ပါးအပြား ရှိ၏။

တတိယဒုက်၌ စတုက္ကနည်းအရ စျာန်နှစ်ပါး၊ ပဉ္စကနည်းအရ စျာန်သုံးပါးတို့၌ ဧကဂ္ဂတာသည် သပ္ပိတိက (ပီတိရှိသော) သမာဓိ မည်၏။ ကြွင်းသော စျာန်နှစ်ပါးတို့၌ ဧကဂ္ဂတာသည် နိပ္ပိတိက (ပီတိမရှိသော) သမာဓိမည်၏။ ဥပစာရသမာဓိသည်ကား အချို့ သပ္ပိတိကသမာဓိမည်၏။ အချို့ နိပ္ပိတိကသမာဓိမည်၏။ ဤသို့ လျှင် သပ္ပိတိကသမာဓိ၊ နိပ္ပိတိကသမာဓိအားဖြင့် နှစ်ပါးအပြား ရှိ၏။

စတုတ္ထဒုက်၌ စတုက္ကနည်းအရ စျာန်သုံးပါး၊ ပဉ္စကနည်းအရ စျာန်လေးပါးတို့၌ ဧကဂ္ဂတာသည် သုခသဟဂုတ် (သုခနှင့်တကွ ဖြစ်သော)သမာဓိ မည်၏။ ကြွင်းသောစျာန်၌ ဧကဂ္ဂတာသည် ဥပေက္ခာသဟဂုတ် (ဥပေက္ခာနှင့်တကွဖြစ်သော) သမာဓိမည်၏။ ဥပစာရသမာဓိသည်ကား အချို့သုခသဟဂုတ် သမာဓိမည်၏။ အချို့ဥပေက္ခာသဟဂုတ် သမာဓိအားဖြင့် နှစ်ပါးအပြားရှိ၏။

သမာဓိသုံးပါးမွှေ့ပြချက်

တိက်တို့တွင် ပဌမတိက်၌ ရကာမျှဖြစ်သော သမာဓိသည် ဟီန(ယုတ်ညံ့သော)သမာဓိမည်၏။ လွန်စွာမပွားစေအပ်သေးသော သမာဓိသည် မဇ္ဈိမ(အလယ်အလတ်) သမာဓိမည်၏။ ကောင်းစွာ ပွားစေအပ်ပြီးသော နိုင်နင်းခြင်းသို့ရောက်သော သမာဓိသည် ပဏီတ (မြတ်သော)သမာဓိမည်၏။ ဤသို့လျှင် ဟီနသမာဓိ၊ မဇ္ဈိမသမာဓိ၊ ပဏီတသမာဓိအားဖြင့် သုံးပါးအပြားရှိ၏။

ဒုတိယတိက်၌ ဥပစာရသမာဓိနှင့်တကွ ပဌမစျာန်သမာဓိ သည် သဝိတက္ကသဝိစာရ (ဝိတက်ဝိစာရရှိသော) သမာဓိမည်၏။ ပဉ္စကနည်းအရ ဒုတိယစျာန်သမာဓိသည် အဝိတက္ကဝိစာရမတ္တ (ဝိတက်ကင်း၍ ဝိစာရမျှသာရှိသော) သမာဓိမည်၏။ မှန်ပေ၏။ အကြင်ပုဂ္ဂိုလ်သည် ဝိတက်မျှ၌သာလျှင် အပြစ်ကို မြင်ပြီးလျှင် ဝိစာရ၌ အပြစ်မမြင်မူ၍ ဝိတက်သက်သက်ကို ပယ်ရှုမျှသာလျှင် လိုလားတောင့်တလျက် (အားထုတ်၍) ပဌမစျာန်ကို လွန်မြောက်

အပွမာဏပရိတ္တာရမ္မဏ (ကြီးကျယ်၍ သေးငယ်သော အာရုံရှိသော) သမာဓိသည် ရှိ၏။ အပွမာဏ အပွမာဏာရမ္မဏ (ကြီးကျယ်၍ ကြီးကျယ်သော အာရုံရှိသော) သမာဓိသည် ရှိ၏။ ဤသို့လေးပါး အပြားရှိ၏။ ထိုတွင် အကြင်သမာဓိသည် မကျေပြွန်သေးသည် ဖြစ်၍ အထက်စျာန်၏အကြောင်း မဖြစ်နိုင်သေး။ ဤသမာဓိသည် ပရိတ္တ (သေးငယ်သော) သမာဓိမည်၏။ အကြင် သမာဓိသည်ကား မပွားစေအပ်သေးသော အာရုံ၌ဖြစ်၏။ ဤသမာဓိသည် ပရိတ္တာရမ္မဏ (သေးငယ်သောအာရုံရှိသော) သမာဓိမည်၏။ အကြင် သမာဓိသည် ကောင်းစွာပွားစေအပ်ပြီးသည် ကျေပြွန်သည်ဖြစ်၍ အထက်စျာန်၏ အကြောင်းဖြစ်နိုင်၏။ ဤသမာဓိသည် အပွမာဏ (ကြီးကျယ်သော)သမာဓိမည်၏။ အကြင်သမာဓိသည်ကား ပွားစေအပ်ပြီးသော အာရုံ၌ ဖြစ်၏၊ ဤသမာဓိသည် အပွမာဏာရမ္မဏ (ကြီးကျယ်သောအာရုံရှိသော) သမာဓိမည်၏။ ဆိုခဲ့ပြီးသော လက္ခဏာတို့ ရောနှောသောအားဖြင့် (ပရိတ္တ အပွမာဏာရမ္မဏ သမာဓိ၊ အပွမာဏ ပရိတ္တာရမ္မဏ သမာဓိဟု) ရောနှောသော နည်းကို သိအပ်၏။ ဤသို့လျှင် ပရိတ္တပရိတ္တာရမ္မဏ သမာဓိ စသည်အားဖြင့် လေးပါး အပြားရှိ၏။

တတိယ စတုက္ကဌ နိဝရဏကို ပယ်ခွာကုန်ပြီးသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ သမာဓိတို့၏ အစွမ်းအားဖြင့် အင်္ဂါငါးပါးရှိသော ပဌမစျာန်တပါး၊ ထိုစျာန်မှ (အထက်၌)ဝိတက်၊ ဝိစာရ ကင်းငြိမ်းသည်ဖြစ်၍ (ပီတိ၊ သုခ၊ သမာဓိ အားဖြင့်) အင်္ဂါသုံးပါးရှိသော ဒုတိယ

အသိဉာဏ်ထူးရှိသော) သမာဓိသည် ရှိ၏။ သုခပဋိပဒါ (ချမ်းသာသော အကျင့်ရှိသော) ခိပ္ပါဘိညာ (လျှင်မြန်သောအသိဉာဏ်ထူးရှိသော) သမာဓိသည် ရှိ၏။

ထိုတွင် နှေးဦးစွာ နှလုံးသွင်းသည်မှစ၍ ထိုထိုစျာန်၏ ဥပစာရသမာဓိ ဖြစ်ပေါ်သည်တိုင်အောင် ဖြစ်ခဲ့သော သမာဓိဘာဝနာကို ပဋိပဒါ (ရောက်ကြောင်းအကျင့်)ဟု ခေါ်သည်။ ဥပစာရ သမာဓိမှစ၍ အပွနာစျာန်တိုင်အောင် ဖြစ်သော ပညာကို အဘိညာဟု ခေါ်သည်။ ထိုပဋိပဒါသည် အချို့သောပုဂ္ဂိုလ်အား ဆင်းရဲ၏။ “နိဝရဏ အစရှိသော ဆန့်ကျင်ဘက်တရားတို့၏ ဖြစ်ပေါ်ခြင်း ရှုပ်ထွေးထူထပ်သည်၏ အဖြစ်ကြောင့် ခဲယဉ်း၏၊ ၎င်းကို မှီဝဲရသည်မှာ မချမ်းသာ(မလွယ်ကူ)” ဤသည်ကား (ဒုက္ခ-ဆင်းရဲ၏ ဟူသောပုဒ်၏) ဆိုလိုသော အနက်တည်း။ အချို့သော ပုဂ္ဂိုလ်အား ထိုသို့သောအရှုပ်အထွေး မရှိသောကြောင့် ချမ်းသာ(လွယ်ကူ၏) အဘိညာသည်လည်း အချို့သော ပုဂ္ဂိုလ်အား နှေး၏၊ နံ့၏၊ လျင်စွာ ဖြစ်ခြင်းမရှိ။ အချို့သော ပုဂ္ဂိုလ်အား လျင်မြန်၏။ မနံ့နှေး၊ လျင်စွာဖြစ်ခြင်းရှိ၏။

ထို (ပဋိပဒါအဘိညာ)တို့တွင် နောက်၌ပြဆိုမည့် လျောက်ပတ် မလျောက်ပတ်သော အရာများ၊ ပလိဗောဓကို ဖြတ်ခြင်း အစရှိသော ပုဗ္ဗကိစ္စများ၊ (အပွနာ၌ ကျွမ်းကျင်လိမ္မာမှုဟူသော) အပွနာ ကောသလ္လများတို့တွင် မလျောက်ပတ်သည်ကို မှီဝဲသော သူအား ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်)သည်လည်းကောင်း၊

ဒန္ဓာဘိညာ(နှေးသောအသိဉာဏ်ထူး)သည်လည်းကောင်း ဖြစ်၏။ လျော်ပတ်သည်ကို မှီဝဲသောသူအား သုခပဋိပဒါ (ချမ်းသာသော အကျင့်)သည်လည်းကောင်း၊ ခိပ္ပါဘိညာ(လျင်မြန်သောအသိဉာဏ် ထူး)သည်လည်းကောင်း ဖြစ်၏။ ရှေ့အဖို့၌ မလျော်ပတ်သည်ကို မှီဝဲ၍ နောက်အဖို့၌ လျော်ပတ်သည်ကို မှီဝဲသော သူအားလည်း ကောင်း၊ ရှေးအဖို့၌ လျော်ပတ်သည်ကို မှီဝဲ၍ နောက်အဖို့၌ မလျော်ပတ်သည်ကို မှီဝဲသောသူအားလည်းကောင်း (ပဋိပဒါ အဘိညာတို့၏) ရောနှောသည်၏ အဖြစ်ကို သိအပ်၏။ ထိုမှတပါး ပလီဗောဂကိုဖြတ်ခြင်း အစရှိသော ပုဗ္ဗကိစ္စကို မပြုမူ၍ ဘာဝနာကို အားထုတ်သောသူအား ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်)သည် ဖြစ်၏။ ထိုမှပြန်သော အားဖြင့် သုခပဋိပဒါ (ချမ်းသာသောအကျင့်) သည် ဖြစ်၏။ အပွနာကောသလ္လတို့နှင့် မပြည့်စုံသောသူအား ဒန္ဓာဘိညာ(နှေးသောအသိဉာဏ်ထူး)ဖြစ်၏။ ၎င်းတို့နှင့် ပြည့်စုံသော သူအား ခိပ္ပါဘိညာ(လျင်မြန်သောအသိဉာဏ်ထူး)ဖြစ်၏။

တနည်းအားဖြင့်မူကား တဏှာနှင့်အဝိဇ္ဇာတို့၏ အစွမ်းအားဖြင့် လည်းကောင်း၊ သမထနှင့် ဝိပဿနာတို့၌ အဓိကာရ (လွန်စွာအား ထုတ်ဖူးခြင်း)၏ အစွမ်းအားဖြင့်လည်းကောင်း ဤပဋိပါဒ အဘိညာ တို့၏ အထူးအပြားကို သိအပ်၏။ ချဲ့၍ပြရလျှင် တဏှာလွှမ်းမိုး သော သူအား ဒုက္ခပဋိပဒါဖြစ်၏။ မလွှမ်းမိုးသောသူအား သုခပဋိပဒါ ဖြစ်၏။ အဝိဇ္ဇာလွှမ်းမိုးသောသူအား ဒန္ဓာဘိညာဖြစ်၏။ မလွှမ်းမိုး သောသူအား ခိပ္ပါဘိညာ ဖြစ်၏။ ထိုမှတပါး သမထ၌ လွန်စွာအား

ထုတ်ခြင်းကို မပြုဘူးသောသူအား ဒုက္ခပဋိပဒါဖြစ်၏။ လွန်စွာအား ထုတ်ခြင်းကို ပြုဖူးသောသူအား သုခပဋိပဒါ ဖြစ်၏။ ဝိပဿနာ၌ လွန်စွာအားထုတ်ခြင်းကို မပြုဘူးသောသူအား ဒန္ဓာဘိညာဖြစ်၏။ လွန်စွာအားထုတ်ခြင်းကို ပြုဖူးသောသူအား ခိပ္ပါဘိညာဖြစ်၏။

ထိုပြင် ကိလေသာနှင့် ဣန္ဒြေတို့၏အစွမ်းအားဖြင့်လည်း ဤ ပဋိပဒါ အဘိညာတို့၏ အထူးအပြားကို သိအပ်၏။ ချဲ့၍ပြရလျှင် ကိလေသာထက်သန်၍ ဣန္ဒြေနုသောသူအား ဒုက္ခပဋိပဒါသည် လည်းကောင်း၊ ဒန္ဓာဘိညာသည်လည်းကောင်း ဖြစ်၏။ ဣန္ဒြေထက် သောသူအား မူကား ခိပ္ပါဘိညာသည် ဖြစ်၏။ ကိလေသာနှံ၍ ဣန္ဒြေနုသောသူအား သုခပဋိပဒါသည်လည်းကောင်း၊ ဒန္ဓာဘိညာ သည်လည်းကောင်း ဖြစ်၏။ ဣန္ဒြေထက်သောသူအား ခိပ္ပါဘိညာ သည် ဖြစ်၏။

ဤဆိုခဲ့သော ပဋိပဒါအဘိညာတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်)ဖြင့်လည်းကောင်း၊ ဒန္ဓာဘိညာ (နှေးသောအသိဉာဏ်ထူး)ဖြင့်လည်းကောင်း အပွနာသမာဓိသို့ ရောက်၏။ ထိုပုဂ္ဂိုလ်၏ သမာဓိကို သုံးပါး၌လည်း ဤနည်းပင်တည်း။ ဤသို့လျှင် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သမာဓိ စသည်အားဖြင့် လေးပါး အပြားရှိ၏။

ဒုတိယ စတုက္ကဒွ် ပရိတ္တပရိတ္တာရမ္မဏ (သေးငယ်၍ သေးငယ် သော အာရုံရှိသော) သမာဓိသည် ရှိ၏။ ပရိတ္တအပ္ပမာဏာရမ္မဏ (သေးငယ်၍ ကြီးကျယ်သောအာရုံရှိသော)သမာဓိသည် ရှိ၏။

“သမာဓိ၏ ညစ်ညူးကြောင်းကား အဘယ်နည်း၊ သမာဓိ၏ ဖြူစင်ကြောင်းကား အဘယ်နည်း” ဟူသော မေးခွန်းတို့၌ အဖြေမှာ ဝိဘင်းပါဠိတော်၌ ဟောထားပြီးဖြစ်သည်။ ထိုဝိဘင်းပါဠိတော်၌ “ညစ်ညူးကြောင်း ဟူသည်ကား ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားတည်း။ ဖြူစင်ကြောင်းဟူသည်ကား ထူးခြားခြင်းအဖို့ရှိသောတရားတည်း” ဟု ဟောတော်မူပေ၏ ထိုစကားရပ်၌ “ပဌမဈာန်ရသောပုဂ္ဂိုလ်ကို ကာမနှင့်တကွ ဖြစ်ကုန်သော (ကာမကို အာရုံပြုကုန်သော) အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့၊ (ထိုပုဂ္ဂိုလ်၏) ပညာသည် ဆုတ်ယုတ်ခြင်းအဖို့ရှိ၏” ဤသို့ အစရှိသော ဒေသနာနည်းဖြင့် ဆုတ်ယုတ်ခြင်းအဖို့ရှိသော တရားကို သိအပ်၏။ “ဝိတက်ကင်းသောဈာန်နှင့်တကွ ဖြစ်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့၊ (ထိုပုဂ္ဂိုလ်၏) ပညာသည် ထူးခြားခြင်းအဖို့ ရှိ၏” ဤသို့ အစရှိသော ဒေသနာနည်းဖြင့် ထူးခြားခြင်းအဖို့ရှိသော တရားကို သိအပ်၏။

ဈာန်တပါး၊ ထိုဈာန်မှ (အထက်၌) ပီတိကင်းသည်ဖြစ်၍ (သုခ၊ သမာဓိ အားဖြင့်) အဂ်ါနှစ်ပါးရှိသော တတိယဈာန်တပါး၊ ထိုဈာန်မှ (အထက်၌) သုခကို ပယ်ပြီသည်ဖြစ်၍ ဥပေက္ခာဝေဒနာနှင့်တကွ သမာဓိ၏ အစွမ်းအားဖြင့် အဂ်ါနှစ်ပါးရှိသော စတုတ္ထဈာန်တပါး၊ ဤသို့ (ဈာန်လေးပါးပြားသောကြောင့်) ဤဈာန်လေးပါးတို့၏ အဂ်ါဖြစ်သော သမာဓိ တို့သည် လေးပါးဖြစ်ကုန်၏။ ဤသို့လျှင် လေးပါးသော ဈာန်တို့၏ အဂ်ါအားဖြင့် လေးပါးအပြားရှိ၏။

စတုတ္ထ စတုက္ကဉ္စ ဟာနဘာဂိယ (ဆုတ်ယုတ်ခြင်းအဖို့ရှိသော) သမာဓိသည် ရှိ၏။ ဌိတိဘာဂိယ (ရပ်တန့်ခြင်းအဖို့ရှိသော) သမာဓိသည် ရှိ၏။ ဝိသေသဘာဂိယ(ထူးခြားခြင်းအဖို့ရှိသော)သမာဓိသည် ရှိ၏။ နိဗ္ဗေဓ ဘာရိယ(သစ္စာတို့ကို ဖောက်ထွင်းသိမြင်ခြင်းအဖို့ရှိသော) သမာဓိသည် ရှိ၏။ ထိုတွင် ဆန့်ကျင်ဘက်တို့ဖြစ်ပေါ် သည်၏ အစွမ်းအားဖြင့် ဆုတ်ယုတ်ခြင်း အဖို့ရှိသည်၏အဖြစ်ကို သိအပ်၏။ ထိုရဆဲဈာန်အား လျော့သောသတိ၏ တည်ရှိနေခြင်းအားဖြင့် ရပ်တန့်ခြင်းအဖို့ရှိသည်၏ အဖြစ်ကို သိအပ်၏။ အထက်ဈာန်အထူးကိုရသည်၏ အစွမ်းအားဖြင့် ထူးခြားခြင်းအဖို့ရှိသည်၏ အဖြစ်ကို သိအပ်၏။ ငြီးငွေ့သော (ဝိပဿနာ)ဉာဏ်နှင့်တကွ ဖြစ်ကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့ ဖြစ်သည်၏ အစွမ်းအားဖြင့် သစ္စာတို့ကို ဖောက်ထွင်း သိမြင်ခြင်းအဖို့ရှိသည်၏ အဖြစ်ကို သိအပ်၏။ (ဤစကားနှင့်အညီ) အဘယ်ကဲ့သို့ ဟောတော်မူသနည်း ဟူမူ -

“ပဌမဈာန်ရသောပုဂ္ဂိုလ်ကို ကာမနှင့်တကွ ဖြစ်ကုန်သော

(ကာမကိုအာရုံပြုသော)အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့၊ (ထိုပုဂ္ဂိုလ်၏) ပညာသည် ဆုတ်ယုတ်ခြင်း အဖို့ရှိ၏။ ထို(ပဌမစျာန်)နှင့် လျော်သော သတိရမူသည် တည်ရှိနေငြားအံ့၊ (ထိုပုဂ္ဂိုလ်၏)ပညာသည် ရပ်တန့်ခြင်းအဖို့ရှိ၏။ ဝိတက်ကင်းစျာန်နှင့်တကွ ဖြစ်ကုန်သော အမှန်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့၊ (ထိုပုဂ္ဂိုလ်၏) ပညာသည် ထူးခြားခြင်း အဖို့ရှိ၏။ ငြီးငွေ့သော (ဝိပညာနာ)ဉာဏ်နှင့်တကွ ဖြစ်ကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့၊ (ထိုပုဂ္ဂိုလ်၏) ပညာသည် တပ်မက်ကင်းသော မဂ်နှင့်စပ်သည်ဖြစ်၍ သစ္စာတို့ကို ဖောက်ထွင်းသိမြင်ခြင်း အဖို့ရှိ၏" ဟူ၍ ဟောတော်မူပေ၏။

ထိုပညာ လေးပါးနှင့်ယှဉ်သော သမာဓိတို့သည်လည်း လေးပါးပင် ဖြစ်ကုန်၏။ ဤသို့လျှင် ဟာနဘာဂိယ သမာဓိ စသည်အားဖြင့် လေးပါးအပြားရှိ၏။

ပဉ္စမစတုက္ကဌ် ကာမာဝစရသမာဓိ၊ ရူပါဝစရသမာဓိ၊ အရူပါဝစရသမာဓိ၊ အပရိယာပန္နဓ(လောကဌ် အတွင်းမဝင်သော) သမာဓိဟူ၍ သမာဓိတို့သည် လေးပါးအပြားရှိကုန်၏။ ထိုတွင် အလုံးစုံသော ဥပစာရ ဧကဂ္ဂတာသည် ကာမာဝစရ သမာဓိမည်၏။ ထိုအတူ ရူပါဝစရကုသိုလ်စိတ် စသည်တို့နှင့်ယှဉ်သော ဧကဂ္ဂတာတို့သည် ဤမှတပါးသော သမာဓိသုံးပါးမည်ကုန်၏။ ဤသို့လျှင် ကာမာဝစရ သမာဓိ စသည်အားဖြင့် လေးပါးအပြားရှိ၏။

ဆဋ္ဌစတုက္ကဌ် ရဟန်းသည် ဆန္ဒကိုအကြီးအမှူးပြု၍ သမာဓိကို ရငြားအံ့၊ စိတ်၏တည်ကြည်ခြင်း (ဧကဂ္ဂတာ)ကို ရငြားအံ့၊ ဤသမာဓိကို ဆန္ဒသမာဓိ ဟုဆိုအပ်၏။ ရဟန်းသည် ဝီရိယကို အကြီးအမှူးပြု၍ သမာဓိကို ရငြားအံ့၊ ပ။ ဝီရိယသမာဓိဟု ဆိုအပ်၏။ ရဟန်းသည် စိတ်ကို အကြီးအမှူးပြု၍ သမာဓိကို ရငြားအံ့၊ ပ။ စိတ္တသမာဓိဟု ဆိုအပ်၏။ ရဟန်းသည် ပညာကို အကြီးအမှူးပြု၍ သမာဓိကို ရငြားအံ့၊ စိတ်၏တည်ကြည်ခြင်းကို ရငြားအံ့၊ စိတ်၏တည်ကြည်ခြင်းကို ရငြားအံ့၊ ဤသမာဓိကို ဝီမံသသမာဓိ ဟုဆိုအပ်၏။ ဤသို့လျှင် အဓိပတိ(အကြီးအမှူး)လေးပါးတို့၏ အစွမ်းအားဖြင့် လေးပါး အပြားရှိ၏။

သမာဓိငါးပါးဖွင့်ပြချက်

ပဉ္စက (သမာဓိငါးပါးအပေါင်း)ဌ် စတုက္က(နည်းအရသမာဓိ) အပြား(ကိုပြရာ)ဌ် ဆိုခဲ့သော ဒုတိယစျာန်ကိုပင် "ဝိတက်မျှကို ကျော်လွန်သောအားဖြင့် ဒုတိယစျာန်တပါး၊ ဝိတက်ဝိစာရတို့ကို ကျော်လွန်သောအားဖြင့် တတိယစျာန်တပါး"ဟု ဤသို့နှစ်ပါးခွဲ၍ ငါးပါးသောစျာန်တို့ကို သိအပ်ကုန်၏။ ထိုစျာန်ငါးပါးတို့၏ အင်္ဂါဖြစ်သော သမာဓိတို့သည်လည်း ငါးပါးပင် ဖြစ်ကုန်၏။ ဤသို့လျှင် ငါးပါးသော စျာန်တို့၏ အင်္ဂါအားဖြင့် သမာဓိသည် ငါးပါးအပြားရှိ၏။

ထိုမှတပါး "မယုတ်လျော့သော စျာန်ရှိကုန်သည်ဖြစ်၍ ဗြဟ္မလောက၌ ဖြစ်ကုန်အံ့"ဟု ဗြဟ္မလောက၌ဖြစ်ခြင်းကို တောင့်တသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ မတောင့်တငြားသော်လည်း ပုထုဇဉ်တို့သည်လည်းကောင်း (ရပြီးသော)သမာဓိမှ မဆုတ်ယုတ်ကုန်ငြားအံ့၊ ထိုပုဂ္ဂိုလ်တို့၏ အပွနာသမာဓိကို ပွားစေခြင်းသည် ဘဝအထူးကို ဆောင်တတ်သောကြောင့် ဘဝအထူးဟူသော အကျိုးရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် -

"ပဌမစျာန်ကို အနည်းငယ်ပွားစေသော် အဘယ်၌ ဖြစ်ကုန်သနည်း။ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်၍ ဖြစ်ကုန်၏" ဟု ဤသို့အစရှိသည်ကို ဟောတော်မူပေသည်။

ဥပစာရသမာဓိ ဘာဝနာသည်လည်း ကာမာဝစရ သုဂတိဘဝ အထူးကို ဆောင်တတ်သည်သာတည်း။

ထိုမှတပါး အကြင်အရိယာ ပုဂ္ဂိုလ်တို့သည် "ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေပြီးလျှင် နိရောဓသမာပတ်ကို ဝင်စားကုန်လျက် (၇)ရက်ပတ်လုံး စိတ်မရှိကုန်သည်ဖြစ်၍ မျက်မှောက်အတ္တဘောခဲ့ပင်လျှင် ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ရှိ ချမ်းသာစွာ နေကုန်အံ့" ဟု ရည်ရွယ်၍ သမာဓိကိုဖြစ်စေကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့၏ အပွနာသမာဓိကို ဖြစ်စေခြင်းသည် နိရောဓသမာပတ်ဟူသော အကျိုးရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် -

"တဆယ့်ခြောက်ပါးကုန်သော ဉာဏ်၏ ဖြစ်ခြင်းတို့ဖြင့်

ပလိဗောဓ ဆယ်ပါး ဖွင့်ပြချက်

"သမာဓိကို အဘယ်သို့ ပွားစေအပ်သနည်း" ဟူသော မေးခွန်း၌ "လောကီသမာဓိ၊ လောကုတ္တရာသမာဓိ အားဖြင့် နှစ်ပါးအပြားရှိ၏" ဤသို့အစရှိ(သည်ဖြင့်ပြခဲ့ပြီး)သော သမာဓိ အပြားတို့၌ အရိယမဂ်နှင့်ယှဉ်သော အကြင်သမာဓိကို ပြဆိုခဲ့၏။ ထိုအရိယမဂ်သမာဓိကို ပွားစေရန် (ဘာဝနာ)နည်းသည် ပညာကို ပွားစေသော (ဘာဝနာ)နည်း၌ပင်လျှင် အတွင်းဝင်လျက်ရှိ၏။ အကြောင်းမူကား မဂ်ပညာကို ပွားစေပြီးဖြစ်လတ်သော် ထိုမဂ်သမာဓိသည်လည်း ပွားစေပြီး ဖြစ်လေတော့သည်။ ထို့ကြောင့် ၄င်းမဂ်သမာဓိကို ရည်ရွယ်၍ "ဤသို့ပွားစေရမည်" ဟု တစုံတရာမျှ အသီးအခြား မပြဆိုကုန်အံ့။

လောကီသမာဓိကိုမူကား (သီလကိုအကျယ်ပြချက်၌)ဆိုခဲ့သောနည်းဖြင့် သီလတို့ကို သုတ်သင်၍ ကောင်းစွာ ထက်ဝန်းကျင်စင်ကြယ်သော သီလ၌တည်၍၊ ပလိဗောဓ ဆယ်ပါးတို့တွင် တစုံတခုသော ပလိဗောဓရှိလျှင် ထိုပလိဗောဓကိုဖြတ်၍ ကမ္မဋ္ဌာန်းပေးသော ကလျာဏမိတ္တ(မိတ်ဆွေးကောင်းဆရာမြတ်)ကို ချဉ်းကပ်၍ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် မိမိ၏စရိုက်အားလျော်စွာ တပါးပါးသော ကမ္မဋ္ဌာန်းကိုယူ၍ သမာဓိဘာဝနာနှင့်မလျော်သော ကျောင်းကိုပယ်ပြီးလျှင် လျော်သောကျောင်း၌ နေလျက် ပလိဗောဓအငယ်ကိုလည်းဖြတ်၍ အလုံးစုံသော ပွားစေပုံ ဘာဝနာအစီအရင်ကို မယုတ်လျော့စေဘဲ ပွားစေအပ်၏။ ဤစကားသည် (သမာဓိဘာဝနာကို ပြသော) ဤအရာ၌ အကျဉ်းချုပ်ပေတည်း။

သမာဓိအကျိုးကို ပြဆို၍ချက်

"သမာဓိကို ပွားစေခြင်း(သမာဓိ ဘာဝနာ၏ အကျိုးကား အဘယ်နည်း"ဟူသော မေးခွန်း၌ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်း(ဒိဋ္ဌဓမ္မသုခဝိဟာရ)အစရှိသော အကျိုးငါးပါးသည် သမာဓိကို ပွားစေခြင်း၏ အကျိုးပေတည်း။ ခဲ့၍ပြရလျှင် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် "သမာပတ်ဝင်စား၍ တည်ကြည်သော စိတ်ရှိကုန်လျက် ချမ်းသာစွာ နေကုန်အံ့"ဟု ရည်ရွယ်ကုန်၍ အပွနာသမာဓိကို ပွားစေကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ အပွနာသမာဓိကို ပွားစေခြင်းသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း(ဒိဋ္ဌဓမ္မသုခဝိဟာရ)အကျိုးရှိပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်

"စုန္ဒရဟန်း ဤစျာန်သမာပတ်တရားတို့ကို မြတ်စွာဘုရား၏ သာသနာ၌ ကိလေသာကို ခေါင်းပါးစေသော(သလ္လေခ)တို့" ဟူ၍ မဆိုအပ်ကုန်၊ ဤစျာန်သမာပတ်တရားတို့ကို "မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း (ဒိဋ္ဌဓမ္မသုခဝိဟာရ)တို့" ဟူ၍ သာလျှင် မြတ်စွာဘုရား၏ သာသနာတော်၌ ဆိုအပ်ကုန်၏" ဟု ဟောတော်မူပေ၏။

သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် "သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာရှုကုန်အံ့"ဟု ရည်ရွယ်ကုန်၍ သမာဓိကို ပွားစေကုန်သည်ရှိသော် ထိုပုဂ္ဂိုလ်တို့၏ အပွနာသမာဓိကို ပွားစေခြင်းသည်လည်းကောင်း၊ ကျဉ်းကြပ်သော လူ့ဘောင်၌ အခွင့်ရစေသောနည်းဖြင့် ဥပစာရသမာဓိကို ပွားစေခြင်းသည်

လည်းကောင်း ဝိပဿနာ၏ပဒဋ္ဌာန်(နီးသောအကြောင်း)ဖြစ်သောကြောင့် ဝိပဿနာဟူသော အကျိုးရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် -

"ရဟန်းတို့ သမာဓိကို ပွားစေကုန်လော့၊ ရဟန်းတို့(သမာဓိဖြင့်) တည်ကြည်သောရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏" ဟု ဟောတော်မူပေ၏။

ထိုမှတပါး အကြင်ပုဂ္ဂိုလ်တို့သည် ရှစ်ပါးသော သမာပတ်ကို ဖြစ်စေပြီးလျှင် အဘိညာဉ်၏ အခြေခံဖြစ်သော စျာန်ကိုဝင်စား၍ ထိုစျာန်သမာပတ်မှထပြီးလျှင် "တယောက်တည်းဖြစ်သော်လည်း (အဘိညာဉ်တန်ခိုးဖြင့်) အများအပြား ဖြစ်၏" ဤသို့ စသည်ဖြင့် ဟောထားသောနည်းအရ အဘိညာဉ်တို့ကို တောင့်တကုန်လျက် ဖြစ်စေကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ အပွနာသမာဓိကို ပွားစေခြင်းသည် အကြောင်းရှိတိုင်းရှိတိုင်း (အကြောင်းညီညွတ်တိုင်း) အဘိညာဉ်၏ ပဒဋ္ဌာန်ဖြစ်သောကြောင့် အဘိညာဉ်ဟူသော အကျိုးရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် -

"(သမာပတ်နှင့်ပြည့်စုံသော) ထိုရဟန်းသည် အဘိညာဉ်ဖြင့် မျက်မှောက်ပြုအပ်သော အကြင် အဘိညာဉ်ဖြင့် မျက်မှောက်ပြုခြင်းဌာန စိတ်ကိုရှေးရှုညွတ်စေငြားအံ့၊ အကြောင်း ရှိတိုင်းရှိတိုင်း ထိုထို မျက်မှောက်ပြုအပ်သော တရား၌ပင်လျှင် မျက်မှောက်ဖြစ်ထိုက်သည်၏ အဖြစ်သို့ရောက်၏"ဟု ဟောတော်မူ၏။

အဲဒီ နိဗ္ဗိဒါဉာဏ်ရလာမှ ဝိပဿနာတရား အားထုတ်လို့ ရတယ်။

နိဗ္ဗိဒါဉာဏ်မရသေးရင်တော့၊ တစ်သက်လုံး အားထုတ် အားထုတ်၊ ဘယ်လောက်ကြီးအားထုတ်အားထုတ်၊ မဂ်စော်၊ ဖိုလ်စော် နံဖို့ဝေးပါတယ်။ နိဗ္ဗာန်ကိုပြောလို့လဲ နားလည်မှာ မဟုတ်ပါ။

နိဗ္ဗာန်က ပုထုဇဉ်အမြင်နဲ့ ကြည့်လို့မရပါ။ အရိယာအမြင်နဲ့ ကြည့်မှရသည်။ အရိယာက (၃၁)ဘုံမှာရှိတဲ့ တရားတွေကို ဒုက္ခလို့ မြင်သည်။

ဒုက္ခသစ္စာဆိုတာ ပေါင်းလိုက်တော့ ရူပ်နဲ့နာမ်ပဲ။ ဒါကို ဥပါဒါနက္ခန္ဓာခေါ်တယ်။ လူတွေရဲ့ ခန္ဓာကိုယ်၊ နတ်တွေရဲ့ခန္ဓာကိုယ်၊ ဗြဟ္မာတွေရဲ့ခန္ဓာကိုယ် အားလုံးဟာ ဥပါဒါနက္ခန္ဓာ ငါးပါးပဲ။

ဘာကြောင့်ဖြစ်သတုံးလို့ အရိယာတွေက အကြောင်းကိုရှာတာ၊ ရူပ်နာမ်ဖြစ်ခြင်းရဲ့အကြောင်းကို ပဋ္ဌာန်းမှာ အကြောင်းတွေက အမျိုးမျိုးရှိတယ်။ ပဋ္ဌာန်းက အကြောင်းတရားတွေဟာ အရိယာတွေမြင်တဲ့ အကြောင်းတရားတွေ မဟုတ်ဘူး၊ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့သိတဲ့ အကြောင်းတရားတွေသာ ဖြစ်တယ်။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုရင်၊ အများကြီးမြင်ဖို့မလိုဘူး။

— လူနတ်ဗြဟ္မာ (၃၁)ဘုံမှာ ရူပ်နာမ်ထပ်ထပ်ပြီး ဖြစ်နေတာ ဘာကြောင့် ဖြစ်နေတာလဲ? သမုဒယသစ္စာကြောင့် ထပ်ဖြစ် နေရတာပါ။

သမုဒယဆိုတာက အကြောင်းတရားပဲ။

လည်းကောင်း၊ ကိုးပါးကုန်သော သမာဓိ၏ ဖြစ်ခြင်းတို့ဖြင့်လည်းကောင်း နိုင်နင်းသည်၏ အဖြစ်ဟူသော ပညာသည် နိရောဓသမာပတ်၌ ဉာဏ်မည်၏" ဟု ဟောတော်မူပေသည်။

ဤဆိုခဲ့သည့်အတိုင်း မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း အစရှိသော ဤငါးပါးသော အကျိုးသည် သမာဓိကို ပွားစေခြင်း၏ အကျိုးဖြစ်ပေသည်။

ဤတွင် သမာဓိဆိုင်ရာ နိဒ္ဒေသတို့မှ အကျဉ်းထုတ်ပြချက် ပြီး၏။

× ×

ဏ္ဍန္ဒြေထက်ကြောင်း (၉)ပါး

အကြင်ပုဂ္ဂိုလ်မှာမူကား ဤဆိုခဲ့သည့်အတိုင်း နယဝိပဿနာဖြင့် အားထုတ်ခြင်းကိုပြုသော်လည်း နယဝိပဿနာသည် မပြည့်စုံဘဲရှိငြားအံ့၊ ထိုယောဂီသည် "၉ ပါးသောအကြောင်းတို့ဖြင့် ဣန္ဒြေတို့သည် ထက်မြက်တတ်ကုန်၏။ ဖြစ်တိုင်းဖြစ်တိုင်းသော (ရှုဆဲရုပ်နာမ်) သခါရတို့၏ကုန်ခြင်း (ပျက်ခြင်း)ကိုသာလျှင် ရှု၏ (၁)။ ထိုသို့ရှုရာ၌လည်း ရှိသေစွာပြုခြင်းဖြင့်လည်း (ဝိပဿနာဉာဏ်ကို) ပြီးစေ၏ (၂)။ မပြတ်ပြုခြင်းဖြင့်လည်း ပြီးစေ၏ (၃)။ လျောက်ပတ်သည်ကို ပြုခြင်းဖြင့်လည်း ပြီးစေ၏ (၄)။ သမာဓိ၏အကြောင်းနိမိတ်ကို (မှတ်၍) ယူခြင်းဖြင့်လည်း ပြီးစေ၏ (၅)။ ဗောဇ္ဈင်တို့ကို လျော်စွာဖြစ်စေခြင်းဖြင့်လည်း ပြီးစေ၏ (၆)။ ကိုယ်၌လည်းကောင်း အသက်၌ လည်းကောင်း၊ မငဲ့မကွက် (အားထုတ်)ခြင်းကို ဖြစ်စေ၏ (၇)။ ထို (သို့ကိုယ်နှင့်အသက်၌ မငဲ့ကွက်ပဲ ဣန္ဒြေတို့ကို ထက်မြက်သည်၏ အဖြစ်သို့ ရောက်စေရာ)၌လည်း (ဖြစ်ပေါ်လာသော ဆင်းရဲကို) ပျင်းရိမှုမှ ထွက်မြောက်သော လုံ့လဖြင့်လွှမ်းမိုး၍ ပြီးစေ၏ (၈)။ (တရားမပြည့်စုံမီ)အကြားကာလ၌ အဆုံးမသတ် မရပ်မနားခြင်းဖြင့်လည်း ပြီးစေ၏ (၉)" ဟူ၍ ဤသို့ မိန့်ဆိုထားသော (၉)ပါးသော အကြောင်းတို့၏အစွမ်းအားဖြင့် ဣန္ဒြေတို့ကို ထက်မြက်အောင် ပြုပြီးလျှင် ပထဝီကသိုက်ဏ်းကို အကျယ်ပြရာ (ပထဝီကသိဏနိဒ္ဒေသ)၌ ဆိုခဲ့သောနည်းဖြင့် (၇)ပါးသော အသပ္ပါယ (မလျောက်ပတ်သည်)တို့ကို ကြဉ်ရှောင်၍ (၇)ပါးသော သပ္ပါယ(လျောက်ပတ်သည်)တို့ကို မှီဝဲလျက် ဈာနရုပ်ကို သုံးသပ်အပ်၏။ ဈာနနာမ်ကို သုံးသပ်အပ်၏။ ရုပ်ကိုသုံးသပ်လျှင် ရုပ်၏ဖြစ်ခြင်းကို ရှုအပ်၏။

ဝိပဿနာတရား အားထုတ်ရင် ဘယ်လိုစိတ်ရှိရမလဲ?
(သဒ္ဓမ္မ အဘိဓမ္မာ - စာ - ၃၉၃)

သစ္စာလေးပါးကို ပိုင်းခြားပြီး သိတယ်ဆိုတာ (၃၁)ဘုံ အကုန်လုံး ဒုက္ခပဲဆိုပြီး ဘယ်ဘုံမှာမှ သူက မဖြစ်ချင်တော့ဘူး။

ဝိပဿနာတရားမှာ ဒုက္ခမြင်ဖို့ အရေးကြီးတာပဲ။

ဝိပဿနာတရား အားထုတ်တဲ့လူတစ်ယောက်ကို မင်ဖိုလ်နိဗ္ဗာန်ရချင်တယ်ဆိုရင် အခု စိန်တွေ၊ ရွှေတွေ၊ ရတနာတွေ သုံးမကုန်အောင်ပေးရင်ဖြစ်စေ၊ တိုက်တွေ၊ ကားတွေ၊ ပစ္စည်းတွေ အကုန်ပေးရင်ဖြစ်စေ အဲဒီပစ္စည်းတွေ မလိုချင်ပါဘူး ပြောတယ်။ အဲလို မလိုချင်တဲ့ ပုဂ္ဂိုလ်မှ ဝိပဿနာတရား အားထုတ်လို့ ရလွယ်တာ။ သာမည ပုဂ္ဂိုလ်တွေ ရနိုင်မှာ မဟုတ်ဘူး။

(၃၁)ဘုံ ချမ်းသာကို မလိုချင်လို့ ဒါတွေကို ဒုက္ခမြင်လို့ ဝိပဿနာတရား အားထုတ်ကြတာ။ ရာထူးဆိုရင် ဘယ်လောက်ကြီးကျယ်တဲ့ စကြာမင်းရာထူးကြီး ဖြစ်ဖြစ်မယူချင်ဘူး။

ဒီစိတ်မျိုးပေါ်ပေါက်လာတာကို ညာဏ် (၁၀)ပါးမှာတော့ နိဗ္ဗိဒါညာဏ်လို့ ခေါ်တာပါ။

လူဘဝမှာ ဘယ်လောက်ကြီး ချမ်းသာချမ်းသာ၊ လူစည်းစိမ်ဆိုတာဟာ ဒုက္ခပဲ။ ပုထုဇဉ် ပုဂ္ဂိုလ်တွေက အမြင်မှားပြီး ချမ်းသာလို့ ထင်နေတာ။

<u>လူစည်းစိမ်တွေကို တပ်မက်တွယ်တာတဲ့စိတ် မရှိတော့တာကို နိဗ္ဗိဒါဉာဏ်ပေါက်တယ်လို့ ဆိုတာပါ။</u>

ရှုမှတ်နေမှ မင်္ဂိုလ်ရ

(ကျောက်သင်္ဘောဝိနိစ္ဆယ)မှ

- မြင်အပ်သောအဆင်းပေါ်၌ တပ်မက်မှုမဖြစ်အောင် မည်သို့ကျင့်ရပါမည်နည်း။
- မြင်လျှင် မြင်ရယုံမျှဖြစ်အောင် မည်သို့ အမှတ်သတိ ဖြစ်ရပါမည်နည်း။

အမှန်သိလေးမျိုးဖြင့် အမှန်ကိုသိလိုက်ပါ။ ယင်းသို့ သိလိုက်လျှင် တဖန် အမှတ်ရသူဖြစ်တာပါဘဲ။

(၁) အကျိုးရှိ/မရှိ ဆင်ခြင်သိသော သာတ္ထာက - သမ္မဇဉ်

(၂) အကျိုးရှိသော်လည်း - သင့်လျော်/မသင့်လျော် ဆင်ခြင်သိသော - သပ္ပာယ သမ္မဇဉ်

(၃) ဝိပဿနာအရာ၌ ဝိပဿနာ၏ အာရုံကို ဆင်ခြင်သိသော ဂေါစရ သမ္မဇဉ်

(၄) ရုပ်နာမ်တို့၏ သဘာဝလက္ခဏာ စသည်ကို ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သည်ကို မမြဲခြင်း စသည်ကိုသိသော အသမ္မောဟ သမ္မဇဉ်

- ဝိပဿနာရှုမှတ်နေသူမှာ (၃) + (၄) ၂မျိုးဖြစ်ဖို့သာလိုသည်။

သမုဒယသစ္စာက လောဘစေတသိတ် (၁)လုံးထဲပဲ။

လောဘတဏှာ = ရာဂ = တပ်မက်တာ = တွယ်တာတာ

— လူဖြစ်တာဟာ လူဘဝကို တွယ်တာနေလို့ပဲ။ ကိုယ်ကဖြစ်ချင်လို့ကို ဖြစ်နေတာ။ ဒီရုပ်နာမ်ကို မပျက်စီးစေချင်တဲ့ စိတ်ဟာ လူတွေ့ရဲ့ သန္တာန်မှာ ရှိနေတယ်။

ဒီလောက် ရုပ်နာမ်ကို ဖြစ်ချင်နေတော့ သေပြီးရင် ဘာဖြစ်မလဲ၊ ရုပ်နာမ်ထပ်ဖြစ်မှာပေါ့။ ဒီဘဝမှာ ရုပ်နာမ်ဖြစ်ချင်နေတဲ့ လူဟာ၊ ဟိုဘဝကျတော့လဲ ရုပ်နာမ်ဖြစ်မှာပဲ။

ဘယ်ရုပ်နာမ်ဖြစ်မလဲသာ မသိတာ။

နတ်၊ ငြဟ္မာတွေဖြစ်ချင်ဖြစ်မယ်။

မကောင်းတာတွေသိပ်လုပ်နေလို့ရှိရင်၊ ခွေးရုပ်နာမ်၊ ငရဲရုပ်နာမ်ဖြစ်မယ်။

— ရုပ်နာမ်ဖြစ်ခြင်းရဲ့အကြောင်းကို ရှာပြီး အကြောင်းကို သတ်လိုက်မှ ဒီရုပ်နာမ်ဟာ မဖြစ်ပဲနေမှာ။

— ရုပ်နာမ်မဖြစ်ခြင်းရဲ့ အကြောင်းကို ရှာတော့ သမုဒယသစ္စာကို တွေ့တယ်။ သူက လောဘစေတသိတ် ဖြစ်တယ်။ သြော် ဒီလောဘကြောင့် ဒီကောင်ကြောင့် (၃၁)ဘုံမှာ ကျင်လည်နေရတာပဲ။

— မြတ်စွာဘုရားက ရုပ်နာမ်ဖြစ်ခြင်းရဲ့ အကြောင်းတရား (သံသရာဘဝမှာ ဒုက္ခဖြစ်ခြင်းရဲ့အကြောင်းတရား)ကို ဘယ်တရားလဲလို့ သိအောင် လိုက်ရှာတာ လေးသချိုးနဲ့ ကမ္ဘာတစ်သိန်း ကြာသွားတယ်။

အခု ဘုရားဖြစ်လို့ သစ္စာ (၄)ပါးသိတဲ့အခါ လောဘဆိုတဲ့ တွယ်တာနေတဲ့၊ တဏှာက ခန္ဓာအိမ်ကို ပြန်ဖြစ်အောင် လုပ်နေတာပဲ၊ လက်သမားပဲ။

— အဲဒီလောဘကို သတ်ပစ်နိုင်တဲ့ သစ္စာက မဂ္ဂသစ္စာဖြစ်ပါတယ်။ မဂ္ဂသစ္စာဆိုတာ မဂ္ဂင် (၈)ပါးပဲ။

မဂ္ဂ သစ္စာ
(သဒ္ဓမ္မအာဘိဓမ္မာ - စာ - ၄၀၀)

မဂ္ဂင် (၈)ပါးမှာ သမ္မာ ဝါစာ၊
သမ္မာ ကမ္မန္တ၊
သမ္မာ အာဇီဝ ဆိုတဲ့ မဂ္ဂင် (၃)ပါးက ဝိရတီ (သောဘဏ)စေတသိတ်ဖြစ်တယ်။

ဒုက္ခသစ္စာဆိုတဲ့ (၃၁)ဘုံက လွတ်မြောက်ချင်ရင် ပထမဆုံး သီလစောင့်ထိန်းရမယ်။ အထက်က မဂ္ဂင် (၃)ပါးက သီလမဂ္ဂင် (၃)ပါးပဲ။ သီလထိန်းတဲ့ပုဂ္ဂိုလ်၊ သီလရှိတဲ့ပုဂ္ဂိုလ်၊ သီလလုံခြုံတဲ့ ပုဂ္ဂိုလ်မှ (၃၁)ဘုံက လွတ်မြောက်ပါတယ်။

ကျန်တာက -

သမ္မာ သတိ - သောဘဏ (ကုသိုလ်)- စေတသိတ်
သမ္မာ သမာဓိ - အညသမန်း - စေတသိတ်
သမ္မာ ဝါယမ - ပကိန်း - စေတသိတ်
သမ္မာ သင်္ကပ္ပ - ပကိန်း - စေတသိတ်

သမ္မာ ဒိဋ္ဌိ - သောဘဏ စေတသိတ် ဆိုတဲ့ မဂ္ဂင်းငါးပါးပဲ ရှိတယ်။

အဲဒီ မဂ္ဂင် ငါးပါးထဲမှာ (၃၁)ဘုံကလွတ်အောင် ဘယ်မဂ္ဂင်ကို စပြီး လုပ်မတုံး၊ သတိပဋ္ဌာန်က မစဘူးလား။ သတိပဋ္ဌာန် (၄)ပါးနဲ့ သတိကောင်းအောင် လုပ်ရပါသည်။

အာနာပါနဆိုတာ - ကာယနုပဿနာ ပါပဲ။

ဝေဒနာရှုဆိုတော့ - ဝေဒနာနုပဿနာ ပြတယ်။

ဖြစ်ပျက်ရှုဆိုတော့ - ဓမ္မာနုပဿနာ ပြတယ်။

ဒါကြောင့် သတိကောင်းအောင်ဆိုပြီး ပထမ သတိပဋ္ဌာန် အားထုတ်ခိုင်းတာပဲ။ သတိကောင်းကောင်းလုပ်ပြီး စိတ်နည်းနည်း ငြိမ်လာရင် သမ္မာသမာဓိ ဖြစ်လာတယ်။ အဲဒီတော့ အတွေးအခေါ်တွေ ကောင်းလာတဲ့ သမ္မာသင်္ကပ္ပ ဖြစ်လာတယ်။ နောက်တော့ အမြင်မှန်တွေရလာတယ်။ သမ္မာဒိဋ္ဌိ ဖြစ်လာတယ်။

— မဂ္ဂင် (၈)ပါးမှာ အတိုချုပ်ကတော့ သမ္မာဒိဋ္ဌိ အမြင်မှန်ရအောင် လုပ်ရမယ်။

နဂိုက လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တွေကို ချမ်းသာတယ်လို့ ပုထုဇဉ်တွေက ထင်နေတယ်။

ချမ်းသာတယ်လို့ အထင်မှားနေတာကို အမြင်မှန်ရလာတော့ ဒါတွေဟာ ဒုက္ခတွေပဲလို့ သိလာတာကို “သမ္မာဒိဋ္ဌိ” လို့ ခေါ်တာ။

သမ္မာသတိ၊ သမ္မာဝါယမ၊ သမ္မာသမာဓိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ဒီ(၄)ပါးက သမ္မာဒိဋ္ဌိဖြစ်အောင် အကူအညီပေးတာ။

၅။ ဤမျှနောက်၌ မုန်းစရာ၊ ချစ်စရာ စသည်ဖြင့် အမျိုးမျိုး စိတ်ကူးကြံစည်သော ဝီထိစိတ်များ ဖြစ်ပေါ်လာတတ်ကြသည်။

အထက်ပါတို့တွင် (၃)+ (၄) မှာ ထင်လာသောအဆင်း အာရုံ၏ အမှန်သဘောကို မသိမှု မောဟကြောင့် ဖြစ်လေသည်။ ဝိပဿနာ မပြတ်ရှုမှတ်နေသော ပုဂ္ဂိုလ်မှာ ထိုနှစ်ဝီထိ (၃)+(၄) ဖြစ်သည်ထိ မရောက်တော့ဘဲ အစဦးဖြစ်သော (၁) စက္ခုဝိညာဏ ဝီထိလောက်သာ ဖြစ်တော့သည်။

ထို့ပြင် စက္ခုဝိညာဏဝီထိမှ နောက် စ-စဦးဖြစ်သော အတိတ် အဆင်းပရမတ်အာရုံ (၂)ကိုသာ အာရုံပြုပေးသော တဒနုဝတ္ထက သုဒ္ဓမနောဒွါရိက ပထမကြံသိဝီထိမျှ တိုင်အောင်သာ ဖြစ်လျှင်လည်း အဆင်း၌ မြင်ရုံမျှသာ ဖြစ်သည် ဆိုနိုင်၏။

(၁) စက္ခုဒွါရစသည်တို့၌ အဆင်းစသော အာရုံထင်လာသော အခါ မသင့်လျော်သော နှလုံးသွင်းဆင်ခြင်မှု ပဉ္စဒွါရဝဇ္ဇန်း ဖြစ်လာသော်လည်း စက္ခုဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ် ၊ သန္တီရဏစိတ် ဖြစ်၍ ဝုဋ္ဌောစိတ် ဖြစ်လတ်သော် တကြိမ်၊ နှစ်ကြိမ်၊ အာသေဝန မှီဝဲခြင်း၊ ထုံခြင်းကိုရ၍ ဘဝင်ကျရလေသည်။ (ဝုဋ္ဌော (၂)ကြိမ် (၃)ကြိမ်ဖြစ်သည်) တပ်မက်ခြင်းသည်မဖြစ်တော့ပေ။ (လောဘဇော မစောတော့) ဤသို့ ဖြစ်နိုင်သူမှာလည်း ထိပ်ဖျားခေါင်ထိ ရောက်နေသော တိက္ခဝိပဿက ပုဂ္ဂိုလ်ဖြစ်၏။ ဘင်္ဂဉာဏ်ရင့်သန်သူ (၂) ပဉ္စဒွါရဝဇ္ဇန်းမှစ၍ ဝုဋ္ဌောဖြစ်ပြီးနောက် လောဘဇော စသည် ဖြစ်လေ၏။ ထိုသို့ဖြစ်သောအခါ လောဘဇော (သို့မဟုတ်)

× × × အရေးအကြီးဆုံးကား - ရှုမှတ်လေ့သမျှ ဝိပဿနာဇော စိတ်ဇော်အာရုံဖြစ်သော ရုပ်နာမ်တရားတို့၏ သဘော လက္ခဏာ စသော ဝိသေသလက္ခဏာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာဟူသော သာမညလက္ခဏာ တို့ကို သိသော အသမ္မောဟသမ္ပဇဉ် ဖြစ်ရေးပင် ဖြစ်ပေသည်။ × × × × × × ဝိပဿနာ ရှုပွားထိုက်သော တေဘူမကဓမ္မ - ဆိုရာ၌လည်း မည်သို့မျှ အသိလုံးထွေးရှုပ်ပွေနေစရာ မလိုပေ။ ကာယ ဝေဒနာ၊ စိတ္တ၊ ဓမ္မ တို့ပင် ဖြစ်ချေသည်။ ယင်းတို့၌ ထင်မြင်အောင် ရှုပွားနိုင်လျှင် ရဟန္တာအထိ ဖြစ်နိုင်သည်။× × × × × × မြင်အပ်သောအဆင်းစသည်၌ မြင်ရုံမျှစသည်ဖြစ်အောင် ကျင့်ရမည်ဟုဆိုရာ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိသိဆဲ၊ ကြံသိဆဲ တို့၌ မြင်မှန်း၊ ကြားမှန်း၊ နံမှန်း၊ စားမှန်း၊ ထိသိမှန်း၊ ကြံသိမှန်း သိသိသွားအောင် ရှုမှတ်ရမည်။

ထိုမှတပါး မြင်ဆဲ၊ ကြားဆဲ စသည်တို့အပြင် သွားနေဆဲ၊ ရပ်နေဆဲ စသောအချိန်၊ ပူမှုအေးမှု စသည်နှင့် ထင်ထင်ရှားရှား တွေ့ကြုံနေဆဲအချိန်၊ တပ်မက်စိတ် အခံခက်စိတ်စသည် ထင်ထင်ရှားရှားဖြစ်နေသော အချိန်၊ စသည်တို့ရှိသေးရာ မည်သည့်အချိန်မဆို မလစ်လပ်စေဘဲ တရစပ် ရှုမှတ်ဖို့သာ လိုလေသည်။

× × × × × × × × × ×

မြင်ဆဲသိ၊ ကြားဆဲသိ – ဘယ်လို့သိမလဲ?

× × × အထူးဆိုဖွယ်ရှိသည်ကား - အဆင်းကိုမြင်သောအခါ စ-စဦး စက္ခုဒွါရိကဝိညာဏ ဝီထိမျှသာဖြစ်အောင် သို့မဟုတ် ပထမကြံသိဝီထိတိုင်ရုံမျှ ဖြစ်အောင်ထားနိုင်ရန်၊ နေနိုင်ရန်မှာ လွယ်ကူသည် မဟုတ်ပေ။

စက္ခုဒွါရိက စိတ်ဖြင့် အဆင်းအာရုံကိုယူပြီး မြင်ပြီးမှ တန့်ရပ်၍ ဂေါစရသမ္မဇ္ဇဉ်၊ သတ္တကသမ္မဇ္ဇဉ်ဖြစ်အောင် လုပ်နေ၍လည်း မဖြစ်တော့ပါ။

ဝိပဿနာ မပြတ်ရှုမှတ်နေသူမှာသာ၊ ဘင်္ဂဉာဏ်စသည်ဖြစ်သောအခါ မြင်လေသမျှ၊ ကြားလေသမျှ စသည်တို့ကို မြင်ရုံမျှ ကြားရုံမျှ စသည်တို့သာ ဖြစ်ကြတော့သည်။

ခေတ္တခဏမျှ လေ့ကျင့်ရုံမျှဖြင့်လည်းကောင်း၊ ပြောရုံမျှဖြင့်လည်းကောင်း၊ လုံးဝဖြစ်နိုင်သော အရာမဟုတ်ဟု၊ သန္နိဋ္ဌာန်ကျမှတ်ယူသင့် ကြပေသည်။

သတိပဋ္ဌာန်ဒေသနာတော်အရ၊ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ မပြတ်ရှုမှတ်နေသူအား ဘင်္ဂဉာဏ်ဖြစ်သည်မှစ၍ မြင်အပ်သော အဆင်း၌ မြင်ရုံမျှ၊ ကြားအပ်သောအသံ၌ ကြားရုံမျှ စသည်သာ ဖြစ်တော့သည်။ မြင်ရုံမျှ၊ ကြားရုံမျှထက် ပိုမဖြစ်တော့ချေ။
× × × အာရုံခြောက်ပါး တေဘူမကတရားတို့ အပေါ်၌ မြင်သိရုံမျှ စသည်ဖြစ်အောင် (၀၊) ပရမတ်သက်သက်ကိုသာ မြင်သိမှုဖြစ်အောင် ယင်းမြင်သိရုံမျှ စသည်ထက် ပိုလွန်၍ မိန်းမပဲ၊ ယောကျ်ားပဲ သတ္တဝါပဲ စသောပညတ် အသိမျိုးမဖြစ်အောင်ကျင့်ရန် အရေးကြီး၏။ အရေးကြီးခဲ့သော် မည်သို့ကျင့်မည်နည်း။

မြင်ရုံမျှ – ကြားရုံမျှ စသော သဘော

၁။ မျက်စိဟူသော စက္ခုပသာဒအကြည်ဓါတ်၌ အဆင်းအာရုံထင်လာသောအခါ " ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏာ၊ ဝုဋ္ဌော၊ တေ-ဇ-ဇ-ဇ-ဇ-ဇ-ဇ - တဒါရုံ-ဒ၊ ဘင် - ဘင်" အားဖြင့် စက္ခုဝိညာဏ ဝီထိဖြစ်၏။ ဤဝီထိစိတ်များသည် ပစ္စုန်ပွန်အဆင်းပရမတ်အာရုံကို အာရုံပြုလျက် ဖြစ်၏။

၂။ ထို့နောက် ဘဝင်မှထ၍ အတိတ်ဖြစ်သော ထိုအဆင်းပရမတ် အာရုံကိုပင် အာရုံပြု၍ "မနောဒွါရာဝဇ္ဇန်း၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊ (ရံခါ) ဘင် - ဘင်"၊ အားဖြင့် တဒနုဝတ္တကသုဒ္ဓမနောဒွါရိက ပထမကြံသိ၊ ဝီထိဖြစ်ပေါ်၏။ ဤဝီထိအခိုက်၌လည်း ယောကျ်ား၊ မိန်းမစသော ပုံသဏ္ဌာန် ပညတ်မထင်ရှားသေးဘဲ အတိတ်၊ အဆင်းပရမတ်အာရုံကိုပင် အာရုံပြုသောစိတ် အစဉ်သည် ဖြစ်၏။

၃။ ထို့နောက် ထိုနည်းအတူပင် ဒုတိယကြံသိ၊ ဝီထိစိတ်အစဉ်ဖြစ်ပြန်သည်။ ဤဝီထိစိတ်အစဉ်၌ ယောကျ်ားပဲ၊ မိန်းမပဲ စသော ပုံသဏ္ဌာန်ပညတ်များ ပေါ်လာ၏။

၄။ ထို့နောက် ဤနည်းအတူပင် တတိယကြံသိ ဝီထိစိတ်အစဉ်ဖြစ်ပေါ်လာပြန်သည်။ ဤဝီထိစိတ်အစဉ်၌ ယောကျ်ားပဲ၊ မိန်းမပဲ စသော အမည်ပညတ်များ ပေါ်လာတော့၏။

ဒီပညာကလည်း လောကီပညာနဲ့ လောကုတ္တရာပညာ (၂)မျိုး ရှိပါတယ်။

လောကီပညာမှာ (၁) လက်မှုပညာ၊ နှုတ်မှုပညာ [ဘာဝနာနဲ့ မဆိုင်၊ လောဘ၊ ဒေါသ၊ အကုသိုလ်တွေနဲ့ လုပ်နေခြင်း]

(၂) ပညာအစစ်၊ အကုသိုလ်မရှိ၊ ကုသိုလ်ချည့်ပဲ သတ္တဝါတွေ ကောင်းစားချမ်းသာရေးကို ကြံစည်သိမြင်ခြင်း၊ "တရားကျမ်းဂန်အရာတို့မှာ သဘာဝကျကျ သိမြင်ခြင်း၊ ဝိပဿနာပညာရယ်၊ သုတမယ၊ စိန္တာမယ၊ ဘာဝနာမယ၊ အသိဉာဏ်ပညာတွေဟာ၊ လောကီပညာ အစစ်တွေပဲ။

ဒါပေမဲ့ ဒီလောကီပညာလောက်နဲ့လည်း အပါယ်(၄)ပါးက လုံးဝလွတ်ပြီလို့ မဆိုနိုင်သေးဘူး။

ဒါကြောင့် အပါယ်(၄)ပါးက လုံးဝလွတ်မြောက်ချင်ရင် လောကုတ္တရာပညာနဲ့လည်း ပြည့်စုံအောင် အားထုတ်ရမယ်။

လောကုတ္တရာဉာဏ်ပညာဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရအောင်၊ ဝိပဿနာ ဘာဝနာကို အားထုတ်တာပဲ ဖြစ်တယ်။ ဒီပညာဘာဝနာက ပြည့်စုံသွားရင်၊ သီလ၊ သမာဓိ၊ ပညာ အားလုံးတပါးတည်း ပြည့်စုံတာပဲ။

ဒေါသဇောစောမှန်း သိ-သိပြီးချင်း ဘဝင်ခြားပြီးနောက် အာရုံကို သိမ်းဆည်း ရှုမှတ်သောအခါ ရာဂဇော၊ ဒေါသဇော မစော - မှု၍ ကုသိုလ်ဝိပဿနာဇောသာ စောတော့၏။ ဤသို့ ဖြစ်နိုင်သူမှာ အလတ်တန်းစား မဂ္ဂင်မ ဝိပဿက ပုဂ္ဂိုလ် ဖြစ်သည်။

(၃) ရှုမှတ်နေလျက်ကပင် ပထမအကြိမ် လောဘဇော (သို့) ဒေါသဇော စောလေ၏။ စောမှန်းသိပြီးနောက် ဒုတိယအကြိမ်မှာလည်း ဤနည်းတူစောပြန်၏။ စောမှန်သိပြီး အာရုံကို သိမ်းဆည်းသည့် အတွက် တတိယအကြိမ်မှာမူ လောဘဇော/ ဒေါသဇော မစောတော့ဘဲ ကုသိုလ်ဝိပဿနာ ဇောသာ စောတော့၏။ ဤသို့ ဖြစ်နိုင်သည်မှာ အနုံစား မန္ဒဝိပဿက ပုဂ္ဂိုလ်ဖြစ်သည်။

- (၂)ကြိမ် လောဘဇော၊ ဒေါသဇော စောပြီးမှ သိမ်းဆည်းနိုင်က - အနုံစား
- (၁)ကြိမ် လောဘဇော၊ ဒေါသဇော စောပြီးမှ သိမ်းဆည်းနိုင်က - အလတ်တန်းစား
- လုံးဝ လောဘဇော၊ ဒေါသဇော မစောပါက - ထိပ်တန်းစား သခ်ါရုပေက္ခဉာဏ်ထက်သန်သောအခါ၌ (၁) နံပါတ် ပုဂ္ဂိုလ် ကဲ့သို့ ဖြစ်ပြီ။

ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး၏
ဝိပဿနာအလုပ်ပေးတရားတော်

နိဒါန်း

အရေးအကြီးဆုံးလုပ်ငန်းက မိမိတို့သဏ္ဌာန်မှာ "သီလ၊ သမာဓိ၊ပညာ" ဆိုတဲ့ အကျင့် (၃)ခု ပြည့်စုံအောင် အားထုတ်ရမယ်။

သီလ ဆိုတာ လူများမှာ အနည်းဆုံးငါးပါးသီလ (အာဇီဝဋ္ဌမက သီလ) ပြည့်စုံရမယ်။ ရဟန်များမှာ ပါတိမောက် သီလ၊ ပြည့်စုံရမယ်။ ဒီသီလပြည့်စုံတယ်ဆိုရင် လူဘဝ၊ နတ်ဘဝ၊ ကောင်းရာဘဝတွေရောက်ပြီး၊ ကောင်းစားချမ်းသာသွားနိုင်သည်။

သို့သော် အကုသိုလ်ကံတွေက အခွင့်ရတိုင်း၊ အကျိုးပေးပြီး အပါယ်လေးပါကို ပစ်ချမယ်။

ဒီလောကီ (ငါးပါး)သီလလောက်နဲ့တော့ အပါယ်ဘေးကလုံးဝလွတ်ပြီလို့ စိတ်မချရသေးဘူး။ လောကုတ္တရာသီလနဲ့လည်း ပြည့်စုံအောင် အားထုတ်ရမယ်။

လောကုတ္တရာသီလဆိုတာ၊ မဂ်သီလ၊ ဖိုလ်သီလ ပဲ။ မဂ်သီလ၊ ဖိုလ်သီလနဲ့ပြည့်စုံသွားရင်၊ အပါယ်လေးပါကို ဘယ်တော့မှ မကျတော့ဘူး။ လူဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝကောင်းတွေမှာချည့်ဖြစ်ပြီး အစဉ်ထာဝရ ကောင်းစား ချမ်းသာ သွားတော့တာပဲ။

ဒီမဂ်ဖိုလ်သီလဆိုတာကလည်း သူချည့်သက်သက် အားထုတ်လို့ ဖြစ်တာမဟုတ်ဘူး။ သမာဓိကိုလည်း အားထုတ်ရသေးတယ်။

လောကီ (ငါးပါး)သီလ ⟶ လောကုတ္တရာသီလ

လောကုတ္တရာသမာဓိ +

လောကုတ္တရာပညာ (ဝိပဿနာ ဘာဝနာ)

သမာဓိဆိုတာက စိတ်တည်ငြိမ်မှု၊ စိတ်ငြိမ်သက်မှုပါပဲ။ စိတ်ကလေးတွေ သွားချင်တိုင်း မသွားနိုင်အောင်၊ သမာဓိအာရုံတစ်ခုခုကို စူးစိုက်ပြီး၊ အဖန်ဖန်နှလုံးသွားနေရမယ်။

ဒီလို နှလုံးသွင်းဖန်များတော့ စိတ်ကလေးက၊ ကိုယ်နှလုံးသွင်းတဲ့ အာရုံထဲမှာသာ၊ ငြိမ်ဝပ်ရပ်တည်နေပြီးနေတယ်။ အဲဒါ သမာဓိပဲ။

သမာဓိမှာလည်း လောကီသမာဓိနဲ့ လောကုတ္တရာ သမာဓိ နှစ်မျိုးရှိတယ်။ လောကီသမာဓိဖြစ်တဲ့ သမထဘာဝနာကို အားထုတ်ရင်း ရူပစျာန်၊ အရူပစျာန်၊ လောကီစျာန် သမာဓိတွေကို ရသွားနိုင်တယ်။ နောက်ပြီး ဗြဟ္မာ့ဘုံတွေကို ရောက်သွားနိုင်တယ်။ ဒါပေမဲ့ သက်တမ်းကုန်တဲ့အခါ ဗြဟ္မာ့ဘဝက သေရပြန်တာပဲ။ သေပြီးတော့ လူပြည်၊ နတ်ပြည်ကို ပြန်ရောက်လာတယ်။ ဒါပေမဲ့ကိလေသာမကင်းသေးတော့ မကောင်းမှုလုပ်ပြီး အပါယ်လေးပါးကို ကျသွားနိုင်ပါတယ်။

ဘဝရှိရင် - အို၊ နာ၊ သေ ရှိမယ်။

ဘဝ(ဘုံ)က လွတ်သွားရင် - အို၊ နာ၊ သေ မရှိ။

လောကုတ္တရာ သမာဓိဆိုတာ မဂ်သမာဓိ၊ ဖိုလ်သမာဓိ ပဲ။

ဒီသမာဓိကလည်း ပညာပါပြည့်စုံမှ ပြည့်စုံတယ်။

- ဒါပေမဲ့ လောကလူတွေရဲ့ အထင်ကတော့ "ရူပ်တွေက အသက်ရှင်နေတုန်းတော့ သိတတ်တယ်။ သေသွားမှ မသိတာဘဲ" လို့ ဒီလိုထင်နေကြတယ်။
- ဒါပေမဲ့ ဒီလိုထင်တဲ့အတိုင်း မဟုတ်ပါဘူး။
- အမှန်မှာတော့၊ လူအသေကောင်မှာဖြစ်ဖြစ်၊ လူအရှင်မှာပဲ ဖြစ်ဖြစ်၊ ရူပ်ဆိုရင် ဘာမှမသိတတ်တာချည်းဘဲ။
- သူသက်သက်နဲ့ဆိုရင်၊ လှုပ်လည်းမလှုပ်တတ်ဘူး။ ရူပ်ဆိုတာ အသေသဘောချည်းပဲ။

နာမ်တရား စာ - ၁၇

- နာမ်တရားဆိုတာ အသိတရားပါပဲ။ အာရုံဆီကို ရောက်ရောက်ပြီး သိတတ်လို့ နာမ်တရားလို့ ခေါ်တယ်။ အများအားဖြင့်တော့ "စိတ်"လို့ပဲ ခေါ်ကြတယ်။
- အဲဒီအသိတရား၊ နာမ်တရား၊ စိတ်တရားကလေးဟာ၊ ရူပ်ကို မိပြီးတော့ ဖြစ်နေတယ်။
- မျက်စိရူပ်ကို မှီပြီးတော့ - မြင်သိမှု
  နားရူပ်ကို မှီပြီးတော့ - ကြားသိမှု
  နှာခေါင်းရူပ်ကိုမှီပြီးတော့ - နံသိမှု
  လျှာရူပ်ကိုမှီပြီးတော့ - အရသာသိမှု
  ကိုယ်ရူပ်ကိုမှီပြီးတော့ - အတွေ့အထိသိမှု
  နှလုံးရူပ်ကိုမှီပြီးတော့ - ကြံစည်၊ သိမှုတွေဖြစ်

(စာ - ၁၈)

လောကီသီလ → လောကုတ္တရာသီလ

လောကီသမာဓိ + → လောကုတ္တရာသမာဓိ +

လောကီပညာ လောကုတ္တရာပညာ (ဝိပဿနာ)

- နာမရူပ ပရိစ္ဆေဒဉာဏ်
- သင်္ကာယဒိဋ္ဌိ မဖြစ်စေရ စာ - ၂၀

ဝိပဿနာဉာဏ်အမြင်မရှိသေးတဲ့ ပကတိလူတွေက ရူပ်နာမ် နှစ်ပါးတွဲပြီး ထင်ရှားဖြစ်သွားတာကိုပဲ (မြင်သွားတာကိုပဲ) "ငါကောင်၊ သတ္တဝါကောင်၊ အသက်ကောင်" လို့ ထင်နေကြတယ်။ မြင်တာက ငါပဲ၊ ငါကပဲ မြင်သွားတယ်၊ ငါကပဲ သိသွားတယ်လို့ ဒီလိုထင်နေကြတယ်။ အဲဒီလို ထင်နေတာကို သင်္ကာယဒိဋ္ဌိ လို့ ခေါ်တာပဲ။

သင်္ကာယကတပုဒ် = ထင်ရှားရှိတဲ့ရူပ်နာမ်ကိုဆိုလိုတယ်။
ဒိဋ္ဌိ = အထင်မှား၊ အမြင်မှားတာ။

သင်္ကာယဒိဋ္ဌိ = အဟုတ်တကယ်ထင်ရှားရှိတဲ့ ရူပ်နာမ်အစုပေါ်မှာ အထင်အမြင်မှားတာ။

မြင်ခိုက်မှာ = အဟုတ်တကယ်ထင်ရှားရှိတာက မျက်စိရူပ်ရယ် + မြင်ရတဲ့အဆင်းရူပ်ရယ် + မြင်သိတဲ့ စိတ်နာမ်ရယ် ဒီရူပ်နာမ် နှစ်မျိုးပဲ ရှိတယ်။

ဒီလို အဟုတ်ရှိ၊ တကယ်ရှိနေတဲ့ ရူပ်နာမ်အစုအဝေးကို လူတွေက ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါကောင်လို့ ထင်နေကြတယ်။

မြင်တာလဲငါပဲ၊ မြင်ရတာလဲငါပဲ၊ ငါ့ကိုယ်ကို ငါမြင်သွားတာပဲလို့ ဒီလိုထင်နေကြတယ်။

ဒီလိုထင်တာဟာ ငါကောင်မဟုတ်တဲ့ မြင်မှုရုပ်နာမ်တရား ပေါ်မှာ ငါကောင်အနေနဲ့ အထင်အမြင်များ သွားတာပဲ။

အဲဒါကို သက္ကာယဒိဋ္ဌလို့ ခေါ်တယ်။

ဒီသက္ကာယ ဒိဋ္ဌမကင်းသေးသမျှ အပါယ်လေးပါးက မလွတ်မြောက်သေးဘူး။ ဒါကြောင့် ဒီသက္ကာယဒိဋ္ဌ လုံးလုံးကင်း သွားအောင် အားထုတ်ရမယ်။

သက္ကာယဒိဋ္ဌကို အကြွင်းမဲ့ပါယ်နိုင်တဲ့ အရိယမဂ်ဖိုလ် တရားတွေ လောကုတ္တရာသီလ၊ သမာဓိ၊ ပညာတွေနဲ့ ပြည့်စုံ အောင် အားထုတ်ရမယ်။

ဘယ်လိုအားထုတ်ရမှာလဲဆိုတော့

မြင်မှု၊ ကြားမှု . . . . အစရှိတဲ့ ရုပ်နာမ်တွေကို အမှတ် ရမှု "သတိ"နဲ့ ရှုမှတ်သွားရမယ်တဲ့။

ဒါကြောင့် ဝိပဿနာအလုပ်ကို အားထုတ်ကြဖို့ ဖြစ်ပါတယ်။

- ဝိပဿနာအလုပ် (ပညာဘာဝနာ)ဘယ်လို အားထုတ်ရ မလဲ။

မိမိသန္တာန်မှာ ထင်ရှားရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကို အမှန်အတိုင်း သိအောင် ခွဲစိတ်ပြီး ရှုမှတ်ရတာပါပဲ။

ရှုမှတ်တဲ့ စိတ်ကလေး တစ်ခုတည်းနဲ့၊ ရုပ်တရားတွေကို လည်း ခွဲစိတ်ကြည့်နိုင်တယ်။ နာမ်တရားတွေကိုလည်း ခွဲစိတ်ကြည့် နိုင်တယ်။

မိမိသန္တာန်မှာဖြစ်၊ ပျက်နေတဲ့ရုပ်၊ နာမ်တရားတွေကို သူဖြစ်

ပျက်နေတဲ့အတိုင်း၊ ဖြစ်ခိုက်၊ ဖြစ်ခိုက်မှာ လိုက်ပြီး ရှုနေရုံပါပဲ။ ဒီလိုမပြတ်ရှုနေရင်၊ သမာဓိဉာဏ်အား ပြည့်လာတဲ့အခါမှာ ခဏ မစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ကိုယ်တိုင်မျက်မှောက် တွေ့နိုင် တယ်။

ရုပ်တရား - အာရုံမရှိ၊ အာရုံမပြုတတ်၊ အာရုံကိုမသိတတ်။ အအေးနဲ့တွေ့ရင် ပြောင်းလဲဖောက်ပြန်တယ်။ အပူနဲ့တွေ့ရင်လဲ ပြောင်းလဲ ဖောက်ပြန်တယ်။ ဆန့်ကျင်ဘက်နဲ့တွေ့တိုင်း ပြောင်းလဲ ဖောက်ပြန်တယ်။ (ဖြစ်ပျက်တယ်)

နာမ်တရား - အာရုံရှိတဲ့တရား၊ အာရုံပြုတတ်တယ်။ အာရုံကို သိတတ်တယ်။

- ရုပ်တရားက (၂၈) ပါး ရှိပါတယ်။ စာ - ၁၆
- ရုပ်ဆိုတာ အာရုံမသိတတ်တဲ့တရား(သဘော)ပါ။
- တုံး၊ တိုင်၊ အုတ်ခဲ၊ ကျောက်ခဲ။ မြေကြီးခဲ၊ သစ်ပင်တော တောင် (ပညတ်များ) အဲဒီရုပ်တရား၊ ရုပ်တွေကဘာမှ အာရုံကို မသိဘူး။ (ပထဝီ၊ တေဇော၊ အာဘော၊ ဝါယော၊ ပရမတ်တရားများလဲ အာရုံကို မသိတတ်)
- ဒီလိုပဲ ကိုယ်ထဲက ရုပ်တွေလဲ ဘာမှ မသိတတ်ဘူး။
- ပြီးတော့ လူအသေကောင်မှာရှိတဲ့ ရုပ်တွေဟာ ဘာမှမသိ တတ်ဘူး။
- ဒီလိုပဲ လူအရှင်မှာရှိတဲ့ ရုပ်တွေလဲ ဘာမှမသိတတ်ဘူး။ အတူတူပါပဲ။

(၈) အိမ်သည်စိတ် (၃)ပါး

(၁၀) တစ်ခါတလေ ဝမ်းသာသာနဲ့ အသက်ရှူနေတာ - သုခဝေဒနာ

(၁၁) တစ်ခါတလေ ဝမ်းနည်းနည်းနဲ့ အသက်ရှူနေတာ - ဒုက္ခဝေဒနာ

(၁၂) တစ်ခါတလေ လူမသိသူမသိနဲ့ အသက်ရှူနေတာ - ဥပေက္ခာဝေဒနာ

ပေါ်ရာကို မဂ္ဂင် (၅)ပါးနဲ့ ရှုလိုက်ပါ။

- ဝေဒနာက ဖြစ်ပျက်၊ လိုက်တာက မင်

အဲဒီလိုရှုရှု၊ ရှုရှုနေတော့ ဝေဒနာပစ္စယာ - တဏှာ မလာပါ။

သုခဝေဒနာ ပစ္စယာ - တဏှာ မလာပါ။

သုခဝေဒနာ - ဖြစ် - အပျက်ရှု - တဏှာ မလာ။

ဒုက္ခဝေဒနာ - ဖြစ် - အပျက်ရှု - ဒေါသ မလာ။

ဥပေက္ခာ ဝေဒနာ ဖြစ် - အပျက်ရှု - မောဟ မလာပါ။

ဝေဒနာရှုတာ - လောဘ၊ ဒေါသ၊ မောဟ သေသကိုး။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ၊ လောဘ၊ ဒေါသ၊ မောဟ ကင်းရင် ရောက်တာပဲ။

- အပြင်ဧည့်သည် ဝေဒနာ (၆)ပါး မပေါ်ရင် - မရှုပါနဲ့

- အတွင်းဧည့်သည် ဝေဒနာ (၃)ပါး မပေါ်ရင် - မရှုပါနဲ့

- "ဘာမှမရှိတဲ့အခါ ဒီ အိမ်သည်ဝေဒနာ (၃)ပါး မှ တစ်ခုခု ပေါ်ရမည်။ အဲဒီ တစ်ခုကို ရှုပါ။"

- မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ် ဆိုတာတွေက တော့ သူ့နေရာနဲ့သူ့ တစ်နေရာ၊ တကွက်ကလေးအတွင်းသာ ရှိတယ်။ သူတို့ရဲ့ ဖြစ်ရာဌာနက သိပ်မကျယ်ဘူး။

- ထိတယ်၊ တွေ့တယ်ဆိုတာက သူ့ဖြစ်ရာဌာနက သိပ်ကျယ်ဝန်းတာ၊ တစ်ကိုယ်လုံးအတွင်းရော၊ အပြင်ရော၊ နှုံ့လို့ အများကြီးပါပဲ။

- ကိုယ်ရုပ်ဆိုတာကတော့ အသွေးအသားစိုနေတဲ့ နေရာတိုင်းမှာ ပျံ့နှံ့ပြီး တည်ရှိနေတယ်။ အဲဒီ အသွေးအသားစိုနေတဲ့နေရာတိုင်းမှာ တွေ့ထိပြီး သိနိုင်တယ်။ သိတာက နာမ်တရားပဲ။

- စာ(၈၂) ရှေးတုံးက ဘုရား၊ ရဟန္တာ၊ ပုဂ္ဂိုလ်တွေ နိဗ္ဗာန်သွားကြတယ် ဆိုတာကလည်း ဒီဝိပဿနာလမ်းကချည့် သွားရတာပဲ။ ဝိပဿနာမပါဘဲနဲ့ နိဗ္ဗာန်ကို မသွားနိုင်ဘူး။ တရားနာနေရင်းနဲ့ မင်္ဂဖိုလ်နိဗ္ဗာန်ရောက်သွားတယ် ဆိုတာကလည်း နည်းနည်းတော့ ရှုမှတ်သွားသေးတာပဲ။ ဝိပဿနာဆိုရင် သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးတော့ မုချပါဝင်နေတယ်။ ဒါကြောင့် "သတိပဋ္ဌာန်" ဆိုတာကလည်း အားလုံးသော ဘုရား၊ ရဟန္တာ၊ အရိယာ၊ ပုဂ္ဂိုလ်တွေ နိဗ္ဗာန်သွားတဲ့လမ်းမကြီးပဲ။ ဒီလမ်းမကြီးက အစဉ်အတိုင်း လျှောက်သွားရင် ရှေးက ဘုရား၊ ရဟန္တာ၊ အရိယာ ပုဂ္ဂိုလ်တွေ တွေ့သိထားတဲ့ သမာဓိဉာဏ်အထူးတွေကို

ကိုယ်တိုင်တွေ့ရတော့မှာပဲ၊ ဘယ်တုံးကမှ မတွေ့ဘူးသေးတဲ့ စိတ်တည်ကြည်မှု သမာဓိတွေကိုလည်း တွေ့ရမယ်။ အဲဒီသမာဓိကြောင့် ဖြစ်ပေါ်လာတဲ့ တရားအရသာထူးတွေ ဝမ်းမြောက်ဝမ်းသာစရာတွေ၊ အကောင်းတွေကိုလည်း အများကြီး တွေ့သွားမယ်။

ပြီးတော့ - ရူပ်တရား၊ နာမ်တရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကိုလည်း၊ ကိုယ်ပိုင်ဉာဏ်နဲ့ပဲ တွေ့ပြီး သိသွားမယ်။ အဲဒါဟာ အသိဉာဏ်တွေ ပြည့်စုံတဲ့အခါမှာ ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တွေ တွေ့ထားတဲ့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေဆိုတာကို မျက်မှောက်တွေ့ပြီး သိသွားမယ်။

အဲဒါဟာ မကြာတော့ဘူး ယခုအားထုတ်နေတဲ့ ရက်ပိုင်းအတွင်းမှာပဲ တွေ့သွားမယ်။ တစ်လအတွင်း၊ အရက် (၂၀) အတွင်းမှာလဲ တွေ့သွားနိုင်တယ်။ (၁၅)ရက်အတွင်း တွေ့သွားနိုင် တယ်။ ပါရမီ အင်မတန်ထူးတဲ့ တစ်ဦးတစ်လေမှာ ဆိုရင်တော့ (၇)ရက်အတွင်းမှာ တွေ့သွားနိုင်ပါတယ်။

မှတ်ရမည့်အချိန်ကား အိပ်ယာမှနိုးတဲ့ စိတ်မှစ၍ မှတ်နေရင်း အလိုလိုအိပ်ပျော်သွားသည့် တိုင်အောင် နေ့ရောညပါ၊ မျက်စိတစ်မှိတ်ခန့်မျှ မနားမရပ်ဘဲ တစ်မှတ်ထဲမှတ်နေရမည်။

အားထုတ်ခါစ၌ မအိပ်တော့ဘဲ တစ်မှတ်တည်း မှတ်နေရမည်ဟု နှလုံးသွင်း၍ မပြတ်မှတ်ပါလေ။ ဉာဏ်ရင့်သောအခါ၌ကား အလိုလိုပင် မအိပ်ချင်ပဲ အမြဲကြည်လင်လျက် ရှိလိမ့်မည်။

ဝေဒနာနုပဿနာ ကျင့်စဉ်
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြား ဓာတုပ် – ဓာ (၂)

- ဒိဋ္ဌများတဲ့ပုဂ္ဂိုလ် - စိတ်ရှုရပါမယ်။ (စိတ္တာနုပဿနာရှု)
- တဏှာများတဲ့ပုဂ္ဂိုလ် - ဝေဒနာနုပဿနာ ရှုရပါမယ်။

ဝေဒနာ (၁၂)ပါး

(က) အတွင်းဧည့်သည် (၃)ပါး

(၁) ခန္ဓာကိုယ်ထဲ တစ်ခါတလေ ချမ်းသာတာရှိတယ် - သုခဝေဒနာ

(၂) ခန္ဓာကိုယ်ထဲ တစ်ခါတလေ ဆင်းရဲတာရှိတယ် - ဒုက္ခဝေဒနာ

(၃) ခန္ဓာကိုယ်ထဲ တစ်ခါတလေ ချမ်းသာဆင်းရဲ လွတ်နေတယ် ဥပေက္ခာ ဝေဒနာ

(ခ) အပြင်ဧည့်သည် (၉)ပါး

(၄) မျက်လုံးထဲ ဘာပေါ်ပေါ် - ဥပေက္ခာဝေဒနာ

(၅) နားထဲ ဘာကြားစိတ်ပေါ်ပေါ် - ဥပေက္ခာဝေဒနာ

(၆) နှာခေါင်းထဲက ဘာပဲနံနံ - ဥပေက္ခာဝေဒနာ

(၇) လျှာပေါ်က ဘာပဲစားစား - ဥပေက္ခာဝေဒနာ

(၈) ကိုယ်ပေါ်မှာ တစ်ခါတလေ ချမ်းသာတာ - သုခဝေဒနာ (တစ်ကိုယ်လုံးမှာ ပေါ်ချင်တဲ့နေရာပေါ်)

(၉) ကိုယ်ပေါ်မှာ တစ်ခါတလေ - တစ်ကိုယ်လုံးမှာ အပ်သွားချစရာနေရာမရှိအောင် နာတာ - သုခဝေဒနာ

ဒုက္ခဝေဒနာ ရှုမှတ်၍ ဒေါမနဿ ဒေါသ ပါယ်နိုင်ခြင်း။
(သဒ္ဓမ္မရံသီရိပ်သာ
ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ၏ ပဋ္ဌာန်းနှင့်
ဝိပဿနာ – တရားတော် ပထမတွဲ စာ – ၂၃၁)
သဟဇာတ ပစ္စည်း နှင့် အညမည ပစ္စည်း

မူလတရားတော် -

စတ္တာရော ခန္ဓာ အရူပိနော အညမည ပစ္စယေန ပစ္စယော။

- နာမ်ဖြစ်ကုန်သော (၄)ပါးကုန်သော ခန္ဓာတို့သည် အချင်းချင်းအား အညမညပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏။
- အညမညကတော့ တစ်ချက်ပဲရတယ်။ အချင်းချင်း ကျေးဇူးပြုနိုင်တဲ့တရားတွေသာလျှင် အညမညပစ္စည်းအနေနဲ့ ကျေးဇူးပြုနိုင်ပေတယ်။

အချင်းချင်းကျေးဇူးပြုပုံကို ရှေးဆရာတော်ကြီးများက "သစ်သားသုံးခွ တိဒဏ္ဍ"လို့ ဆိုရိုးပြုကြပါတယ်။ သစ်သားသုံးချောင်း ထောင်ထားတဲ့အခါ အချင်းချင်း ကျေးဇူးပြုနေသလို အညမည သတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဆိုလိုပါတယ်။

ဝေဒနာက ပစ္စည်းဖြစ်လျှင် - သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေက ပစ္စယုပ္ပန်ဖြစ်

ဝေဒနာ၊သညာက ပစ္စည်းဖြစ်လျှင် - သင်္ခါရ၊ ဝိညာဏ်၊ ဝိညာဏ်တွေက ပစ္စယုပ္ပန်ဖြစ်

ဝေဒနာ၊ သညာ၊ သင်္ခါရက ပစ္စည်းဖြစ်လျှင် - ဝိညာဏ်က ပစ္စယုပ္ပန်ဖြစ်

ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်က သြော် ဒီလိုရှုရမှာကိုး။ ဒါပဲ ဒို့သဏ္ဌာန်မှာ ပေါ်သကိုးဆိုတာ မှတ်ပြီး ရှုတာပေါ့။

နောက်ဆုံးပိတ် တနေ့ကျတော့ ဝေဒနာသည် ပြားသာနေတာပဲ (တကယ်တော့) သစ္စာတွေ့တာပဲ။

"ဖြစ်ပျက်တာ - ဘာသစ္စာ? ဒုက္ခသစ္စာပါ။ ဒါပဲတွေ့တာပါပဲ"

"ဒါဖြင့် ဝေဒနာရှုဆိုတာလဲ ဖြစ်ပျက်ရှုခိုင်းတာပဲ "။

- ဘယ်သူ၏ ဖြစ်ပျက်တုံး?
- အပြင်ဝေဒနာ၏ ဖြစ် ပျက် ပါ။ အတွင်းဝေဒနာ၏ ဖြစ် ပျက်ပါ။ အိမ်သည်ဝေဒနာ၏ ဖြစ် ပျက်ပါ။

ဉာဏ်အတွေ့မှာတော့ ဝေဒနာမတွေ့ပါ။ ဥဒယနဲ့ ဝယတွေ့ပါတယ်။

"ဖြစ်ပျက်တွေ့ရင် ခင်ဗျားတို့ ဝိပဿနာတွေ့တာပဲ"

- "ဖြစ်ပျက်တွေ့ကြဆိုသော်လည်း ဝေဒနာ (ဖြစ်-ပျက်) နောက်ကနေပြီး မဂ္ဂင်နဲ့လိုက်တဲ့အခါကျတော့ ဝေဒနာတို့၏ ဖြစ်ပြီးသား ပျက်ပြီးသားတွေ့တာပဲ"။

- ဥပမာ -

ဒကာသစ်တို့ အိမ်ထဲမှာ၊ ညမှာ - ဒကာသစ်တို့က အိပ်ကြပြီ ဆင်တစ်ကောင်က ကျောက်လမ်းပေါ်လာအိပ်တယ်။ လာတာလဲ ဒကာသစ် မသိလိုက်ပါဘူး။ ဒီက အိပ်နေကြတာကိုး။

မနက်ကျတော့ လူမနှိုးခင် ထသွားတယ်။ လူမနှိုးခင် ထသွားတဲ့ အခါကျတော့လဲ သိလိုက်တဲ့လား၊ မသိလိုက်ပါ။

ဒါဖြင့် အိပ်တာ မအိပ်ဘူးလား?၊ အိပ်ပါတယ်။ သွားကော မသွားဘူးလား?။ သွားပါတယ်။ ဒါဖြင့် ဖြစ်လဲဖြစ်တယ်။ ပျက်လဲ ပျက်တယ်။

သို့သော် နံနက် ထကြည့်လိုက်တဲ့အခါကျတော့။ ဆင်ဟာ ဒီနေရာ အိပ်ပြီးသွားပြီ။

ဒါဖြင့် စိတ်ဟာ ဖြစ်လဲဖြစ်တယ်။ ပျက်လဲ ပျက်တယ်။

- တစ်ခုသော စိတ်နဲ့ အသက်ရှင်နေတယ်။

- နောက်တစ်ခုစိတ်နဲ့ အသက်ရှင်နေတာ အရင် တစ်ခုသော စိတ်ကို ရှာတွေ့သေးရဲ့လား? မတွေ့ပါ။ သို့သော် မဖြစ်ဘူးလား? ဖြစ်ပါတယ်။ မပျက်ဘူးလား? ပျက်ပါတယ်။

- အရင်စိတ်ဟာ ဖြစ်ပျက်ပဲ။ ဖြစ်ပြီး ပျက်သွားလေရဲ့လို့ သိလျှင် ဒါ ဝိပဿနာ ဉာဏ်ဆိုက်ပြီ။

- **"နာမ်နှင့် နာမ်ချင်းရှုခြင်း"**

နာမ်နှစ်ခု ပစ္စုပ္ပန် တည့်ပါသည်။ ကြားထဲမှာ တစ်ပါးသော တရားဝင်မှ မဝင်၍ ဖြစ်သည်။

(ဝေဒနာ)ဖြစ် ချုပ်သွားတာနဲ့ ဖြစ်ချုပ်သွားပြီး ကြည့်တာနဲ့ ကြားထဲမှာ ဘာမှမပါ။ အသိနဲ့ ကိုက်နေပါသည်။

အသိနဲ့ကိုက်နေရင်ဖြင့် ကိလေသာကြား မခြားပါ။

ပစ္စုပ္ပန်တည့်ပါသည်။

အသက်တစ်ရာနေရာတာနဲ့၊ ဒီတစ်ချက်တွေ့တာနဲ့ ဒါက မြတ်သေးတယ်လို့ ဘုရားက ဟောပါတယ်။

လုပ်ဖြစ်အောင်လုပ်ရမဲ့အလုပ်ဆိုတာ သေချာပါသည်။

- (ဝေဒနာ ဖြစ်ပျက်) သူ့မရှုလျှင် ဘယ်သူက ဝင်တုံး၊ တဏှာ ဝင်ပါသည်။

- ဝေဒနာ မရှုလိုက်တာ ဘဝနှစ်ခု ဆက်သွားပြီ။ သေရင် ဆက်ရမှာပဲ။

- မသေခင်က ဆက်ဖို့ ရွယ်ထားတဲ့၊ အဓိပ္ပာယ်ပါသည်။ တဏှာ - ဥပါဒါန် - ကံ။ ကံလာတော့ သေသည်၏ အခြားမဲ့၌ ဇာတိလာသည်။

- ဒီဇာတိလာမှာ သိပ်ကြောက်ပါသည်။ လန့်ပါသည်။

- လန့်သာလန့်နေသည်။ အလန့်ပျောက်ကြောင် အလုပ်ကို မလုပ်ကြပါ။ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက် ရှုရပါမယ်။ ရှေ့ဝေဒနာ၊ နောက်က ရှုတဲ့မဂ်။ ဝေဒနာနောက်က တဏှာ မလာပါ။ ဥပါဒါန်၊ ကံတွေ မလာပါ။

ဒီဘဝမှာပေါ်နေကျတရားတွေ မပေါ်တော့ပါ။ မပေါ်လျှင် နောက်ဘဝပေါ်စရာ အကြောင်းမရှိတော့ပါ။

- ဩော် မဂ်ဖြတ်တာပဲ။ ဒါဖြင့် မဂ်သည် တဏှာ၊ ဥပါဒါန်၊ ကံ ဖြတ်သည်။ တိုတိုပြောချင်တော့ ကံဖြစ်သည်။

- အပါယ်ဇာတိ - ဒုက္ခသစ္စာ
  နတ် ဇာတိ - ဒုက္ခသစ္စာ
  ဗြဟ္မဇာတိ - ဒုက္ခသစ္စာ
  သစ္စာသိတဲ့ပုဂ္ဂိုလ်မှ - ကံဖြတ်ကြိုက်သည်။
  သစ္စာမသိသေးတဲ့ပုဂ္ဂိုလ် - ကံမျှော်သည်။

- ဘယ်လောက်နာနေလဲ။
- အသားပေါ်၊ အရေပေါ် လောက်ပဲနာတယ်။ အကြောထိအောင်နာတယ်။ အရိုးထိအောင်နာတယ်၊ ရိုးတွင်းချင်ဆီထိအောင်နာတယ်လို့ စိတ်ထဲ စူးစိုက်ပြီးတဲ့အခါမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ပိုင်းခြား၊ ပိုင်းခြား ပြီးတော့ ရှုမှတ်ရပါတယ်။
- "ပိုင်းခြား ပိုင်းခြားပြီးတော့ မှတ်ရမယ်" ဆိုတာက သိအောင် စူးစိုက်ပြီး သိပြီးမှ ရှုမှတ်နေတာကို ပိုင်းခြားတယ်လို့ ခေါ်ပါတယ်။
- အပေါ်ယံရှုပ်ပြီး ရှုမှတ်နေရင်တော့ ဝေဒနာကို လွှမ်းမှ လွှမ်းမိုးနိုင်ပါ့မလား? မလွှမ်းမိုးနိုင်ပါ။
- ဝေဒနာအတိုးအလျော့ကို သိအောင် စိုက်စိုက်ရတယ်။
- သိအောင်စူးစိုက်ပြီးတဲ့အခါ နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု လေး၊ ငါးချက်လောက် ဆင့်ကာ၊ ဆင့်ကာ မှတ်လိုက်လို့ရှိရင် သမာဓိဉာဏ်တွေကလည်း ဖြစ်လာတဲ့အတွက်ကြောင့် ပိုနာ၊ ပိုင်ကျင်၊ ပိုအောင့်တာကို တွေ့လာရပါတယ်။
- အထွက်အထိပ်သို့ ရောက်အောင် နာ၊ ကျင်၊ အောင့်ပြီးတဲ့အခါ ဝေဒနာလည်း သူ့သဘောအတိုင်းသူ၊ အကြောင်းအားလျော်စွာ၊ ပြန်လျော့လာတတ်ပါတယ်။
- ဝေဒနာလျော့လာတဲ့အခါ၊ စူးစိုက်မှုကို မလျော့လိုက်ပါဘဲနဲ့ စူးစိုက်ပြီး၊ နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု လေး၊ ငါးချက်လောက် ဆင့်ကာ၊ ဆင့်ကာ၊ ပိုင်းခြား၊ ပိုင်းခြားပြီး ရှုမှတ်လိုက်တဲ့အခါ တစ်ချက်မှတ်တစ်ချက်တစ်မျိုးသက်သာသွားတာ။ တခြားနေရာသို့ ရွှေ့သွားတာ၊ ကိုယ်တိုင်ပဲ တွေ့ကြရပါတယ်။

အပြန်ပြန်အလှန်လှန် ကျေးဇူးပြုတာ၊ အချင်းချင်းပါပဲ။

ဝေဒနာဟာ၊ ဝိပဿနာရှုကွက် ဖြစ်နေပါတယ်။ သညာ၊ သခ်ါရ၊ ဝိညာဏ်ကလည်း ဝိပဿနာ ရှုကွက်ပဲဖြစ်တယ်။

ဝေဒနာ နုပဿနာ သတိပဋ္ဌာန်အနေနဲ့ - ဝေဒနာကို ရှုလို့ ရပါတယ်။

(စိတ္တာနုပဿနာ သတိပဋ္ဌာန်အနေနဲ့ - ဝိညာဏ်ကို ရှုလို့ ရပါတယ်)

(ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေနဲ့- သညာနဲ့သခ်ါရကို ရှုလို့ရပါတယ်)

(ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ - ရုပ်ကို ရှုလို့ ရပါတယ်)

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ မြတ်စွာဘုရားဟောတော်မူတဲ့ "ဒေသနာဂ္ဂမ" ဒေသနာအစဉ်အားဖြင့်တော့၊ သုခက ရှေ့ကဖြစ်တယ်။

တရားအားထုတ်လိုက်တော့ ဒုက္ခဝေဒနာ၊ ဒုက္ခကို ရှေးဦးစွာတွေ့ရတယ်။

ဒုက္ခဝေဒနာကို ရှုတတ်ဖို့ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုနိုင်ဖို့က အရေးကြီးတယ်။

ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုနိုင်ပြီဆိုလို့ရှိရင် ဝိပဿနာတရားအားထုတ်တဲ့ ယောဂီ ပုဂ္ဂိုလ်အတွက် တရားရဖို့ရာ တစ်ဝက်လောက်တော့ သေချာသွားပြီ။

ဒုက္ခဝေဒနာမှာ ဒေါမနဿဒေါသ၊ မဋ္ဌိယကိန်းနေတယ်။ စိတ်တွေ မချမ်းသာတော့ဘူး။ စိတ်နှလုံးမသာယာမှုတွေ ဖြစ်ပါတယ်။

အဲဒီ ပဋိယာနုဿယ ဒေါသကို လွှမ်းမိုးအောင် ပယ်နိုင်အောင် မရှုမှတ်နိုင်သမျှ တရားမတက်ပါ။ တရားမရပါ။

ဒုက္ခဝေဒနာကို ဘယ်လိုထင်အောင် ရှုမှတ်ရမလဲ ဆိုတော့၊ "ဒုက္ခဝေဒနာကို မြွားညောင့်သဖွယ်ထင်အောင် ရှုမှတ်နိုင်ရမယ်"

ဆောင်ပုဒ် = ဒုက္ခကိန်းလာ၊ ဒေါသသာ၊ မှန်စွာပါယ်ရမည်။

တောထဲ တောင်ထဲ သွားပြီးတော့ အလုပ်သွားလုပ်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ခြေဖဝါး၊ လက်ဖဝါးတွေမှာ မြွားညောင့်တွေ ဆူးစူးတဲ့အခါ၊ မြွားညောင့်ကို မဖယ်မနှုတ်ပါပဲနဲ့ အလုပ်ကိုသာ ဖိလုပ်နေတယ်ဆိုရင် ထိုပုဂ္ဂိုလ်မှာ အလုပ်ကိစ္စမပြီးပါဘဲနဲ့ အချိန်သာကုန်၊ လူပန်းဖြစ်ရလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ မြွားညောင့်ကို အရင်နှုတ်ပြီးတော့မှ မိမိပြုဖွယ်ကိစ္စတွေကို ပြုရင်၊ အချိန်မီပြီးတယ်။ လိုတဲ့အကျိုးတွေ ရနိုင်ပါတယ်။

အဲဒါကြောင့် မိမိခန္ဓာကိုယ်မှာ ဒုက္ခဝေဒနာပေါ်လာလို့ရှိရင် ရှေးဦးစွာ လွှမ်းမိုးအောင် ရှုမှတ်ရမယ်။

သမ္မသနဉာဏ်ရောက်လာတော့ ဝေဒနာတွေ ထင်ရှားလာတယ်။

(၃)နံပါတ်ဉာဏ်စဉ် (သမ္မသနဉာဏ်စဉ်)မှာ နာတာ၊ ကျင်တာ၊ အောင့်တာ၊ ကိုက်တာ၊ ခဲတာ၊ မူးတာ၊ ယားတာ၊ ယိမ်းနေတာ၊ ယိုင်နေတာ၊ အော့ချင်အန်ချင်ရှိနေတာ၊ လေးတာ၊ ဖိထားတာ ရှိတတ်ပါတယ်။

ပေါ်လာတဲ့အခါ သည်းခံမယ်လို့ နှလုံးသွင်းရပါမယ်။

"သည်းခံမှ နိဗ္ဗာန်ရ" ဆိုတာ ဝိပဿနာရှုမှတ်တဲ့အခါမှာ အသုံးအကျဆုံးပါပဲ။

"သည်းခံမှာ နိဗ္ဗာန်ရ" သည်းခံမယ်လို့ နှလုံးသွင်းပြီးတော့ ဝေဒနာကို ရှုမှတ်ရမယ်။ ဝေဒနာပြင်းထန်လာလျှင် ခန္ဓာကိုယ်ကိုလည်း အနည်းငယ်လျော့ထား၊ စိတ်ကိုလည်း အနည်းငယ်လျော့ထားရပါမယ်။

- လျော့ချပြီးတဲ့အခါ၊ ဒီဝေဒနာအပေါ်မှာ စိတ်ကလေးတည့်တည့်ချထားရပါတယ်။
- ဒီဝေဒနာ တစ်တိုင်လုံးပဲ ခံနေရဦးမှာလားဟု ကြောင့်ကြပူပန်မှုလေးလည်း မရှိစေရဘူး။
- ဒီဝေဒနာ နာနေတာ ဘယ်လောက်နာနေသလဲ။
- အသားပေါ်၊ အရေပေါ် လောက်ပဲနာတယ်။
- အကြောထိအောင်နာတယ်၊ အရိုးထိအောင်နာတယ်။ ရိုးတွင်းချင်ဆီထိအောင် နာတယ်လို့။
- စိတ်ဖြင့် စူးစိုက်ပြီးတော့မှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ နာနေတဲ့အတိုင်း အရှည်ကို သိအောင်ရှုမှတ်ရပါမယ်။
- ပျောက်အောင်မှတ်ရမှာလား၊ သိအောင်မှတ်ရမှာလား။
- သိအောင်မှတ်ရပါမယ်။
- ဒုက္ခဝေဒနာပေါ်လာလျှင်၊ ဒုက္ခဝေဒနာကို သိအောင် ရှုမှတ်ရမယ်။
- ပျောက်အောင်မှတ်နေတာများနေတော့ တရားတော်တော်နဲ့ မတက်ပါ။

အဲဒီလောဘကို ဘယ်လိုပယ်ရမလဲဆိုတော့-

သုခဝေဒနာပေါ်လာလို့ရှိရင် ဒုက္ခလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။

ဒုက္ခလို့ထင်အောင် ဘယ်လိုရှုမှတ်ရမလဲဆိုတော့

- ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်များမှာ စူးစူးစိုက်စိုက် ရှုလိုက်လို့ရှိရင် ဒုက္ခလို့ထင်သွားနိုင်တယ်။

ကိုယ်ကချမ်းသာတာ ထင်ရှားရင်လဲ၊ ချမ်းသာတဲ့ကိုယ်ကာယကိုပဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ ရှုမှတ်ရမယ်။

စိတ်က ချမ်းသာတာက ထင်ရှားရင်လဲ ချမ်းသာတဲ့စိတ်ကိုပဲ ချမ်းသာတယ်၊ ချမ်းသာတယ်လို့ ရှုမှတ်ရမယ်။

ဝိပဿနာ ရှုတယ်ဆိုတာ ထင်ရှားရာကို ရှုရတာပါ။

ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းသို့ ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်က ချမ်းသာတယ်။ ချမ်းသာတယ်လို့ ရှုမှတ်လိုက်ရင် ချမ်းသာတာလေးက ပေါ်ပြီးတာနဲ့ ပျောက်၊ ပေါ်ပြီးတာနဲ့ ပျောက်သွားတာကို မြင်ကြပါတယ်။

- ပေါ်တာကဖြစ်၊ ပျောက်တာက ပျက်၊ ဖြစ်ပျက်မြင်ကြပါတယ်။
- သမာဓိဉာဏ် ရင့်ကျက်၊ အားရှိ ထက်သန်တာနဲ့အမျှ၊ ဖြစ်ပျက်တွေက လျှင်မြန်အားကြီးတော့၊ နှိပ်စက်နေသကဲ့သို့ ဖြစ်တတ်ပါတယ်။
- နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲတစ်မျိုးပါလားလို့ ထင်သွားပါတယ်။
- ထင်သွားတာနဲ့ ရာဂနုသယကို ပါယ်ပြီး ဖြစ်တယ်။

- ဝေဒနာဟာ အမြဲတမ်းတစ်သမတ်ထဲ နာနေတာတော့ မဟုတ်ဘူး။ သူလဲ အမြဲတမ်းပဲ ပြောင်းလဲနေတာပါ။
- ပြောင်းလဲနေတဲ့သဘောလေးကို သိရတော့။ ပိုပြီး စိတ်ဝင်စားပြီးတော့၊ မှတ်အားတွေ ပိုကောင်းလာပါတယ်။
- ဆင့်ကာ၊ ဆင့်ကာ ရှုမှတ်လိုက်လို့ သမာဓိဉာဏ်တွေ တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ
- နာတယ်၊ ကျင်တယ်၊ အောင့်တယ် ဟု မှတ်လိုက်တာနဲ့၊
- နာတာလေးက ပေါ်ပြီးတာနဲ့ ပျောက်သွား။
- ပေါ်ပြီးတာနဲ့ ပျောက်သွား။
- ပေါ်တာလဲ ထင်ရှား၊ ပျောက်သွားတာက ပျက်။
- ဖြစ်ပျက်ထင်ရှားပါတယ်။
- အရင်ကကြားဖူးနေတဲ့ ဖြစ်ပျက်ကို အခုကိုယ့်ခန္ဓာကိုယ်ထဲမှာ တွေ့နေရတာဖြစ်တယ်။ ဖြစ်ပျက်တွေ့ရင် နေရာကျပြီ။
- ဘင်္ဂဉာဏ်သို့ ရောက်သွားတဲ့အခါ၊ ဖြစ်တာက မထင်ရှားတော့ဘူး၊ ပျက်ပျက်သွားတို့ပဲ ထင်ရှားပါတယ်။
- နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု မှတ်လိုက်တဲ့အခါ ပေါ်တာက မထင်ရှားတော့ဘူး။ ပျောက်ပျောက်သွားတာကပဲ ထင်ရှားပါတယ်။
- အဲဒီအခါ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ပုံသဏ္ဌာန်တွေက မထင်ရှားတော့ ဘယ်ကနာနေတယ်ဆိုတာ၊ မထင်ရှားတော့ပါ။ အထူးခွါ မနေရတော့ပါ။

- မှတ်လိုက်တာနဲ့ ကုန်-ပျက်၊ နာတယ်ဟု မှတ်လိုက်ရင် နာတာလေး ကုန်-ပျက်။ ကုန် - ပျက်သွားတာ တွေ့ရတော့။ ပို၍ သဘောကျလာပါတယ်။
- ဒုက္ခဝေဒနာကို မှတ်သိစိတ်က လွှမ်းမိုးသွားပေသည်။
- နာတာက အဓိက မဟုတ်တော့။ ကုန်ပျက်- ကုန်ပျက်တွေကို သိရတာက အဓိက ဖြစ်သွားပေပြီ။
- နောက်တော့ သမာဓိဉာဏ်တွေ တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ။ နာတယ်လို့ မှတ်လိုက်ရင် နာတာလေးလဲ ကုန်-ပျက် . . . . .
- နာတယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်ကလေးလဲ ကုန်-ပျက် . . . .
- ဒီထက် သမာဓိဉာဏ်တွေ အားရှိထက်သန်တဲ့ ပုဂ္ဂိုလ်တွေကျတော့ (၃)ချက် - (၃)ချက် မြင်ကြပါတယ်။
- နာတယ်လို့ မှတ်လိုက်ရင် နာတာလေးလဲ ကုန် - ပျက်။
- နာတယ်လို့ သိနေတဲ့အသိစိတ်လေးလဲ ကုန် - ပျက်။
- နာတယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်လဲ - ကုန် - ပျက်။ သုံးဆင့် သုံးဆင့် အမှတ်တွေ တက်သွားပါတယ်။
- နာတာလဲ မမြဲဘူး။
- အသိစိတ်လဲ မမြဲဘူး။
- နာတယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်လဲ မမြဲဘူး။
- မမြဲဘူးဆိုတာ အနိစ္စပါ။

- ကုန်ပျက်တာတွေက လျှင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဖြစ်နေ၍ ဆင်းရဲပါလား။ ဒုက္ခပါ။
- ဒီလို ကုန်ပျက် နှိပ်စက်နေတဲ့ဆင်းရဲတွေကို ဘယ်လိုများ ကာကွယ်လို့ ရပါမလဲ။ ဘယ်လိုမှ ကာကွယ်လို့ မရပါ။ သူ့သဘော အတိုင်း သူ ကုန်ပျက် နှိပ်စက်နေပါတယ်။ ကိုယ်အစိုးမရပါ။ အနတ္တပါ။
- ဝေဒနာ အနိစ္စ၊ ဝေဒနာ ဒုက္ခ၊ ဝေဒနာ အနတ္တတွေ မြင်သွားတဲ့အခါ ဝေဒနာကို လွှမ်းမိုးသွားပေပြီး။ မြားညောင့်ကိုပါယ်နှုတ်သကဲ့သို့ ဖြစ်သွားပေပြီ။ ဝေဒနာကို လွှမ်းမိုးသွားတော့၊ ပဋိဃာနုသယကို ပါယ်သတ်ပြီး ဖြစ်သွားပါသည်။

သုခဝေဒနာ ရှုမှတ်၍ ရာဂါနုသယ = လောဘကို ပါယ်ခြင်း။

သုခဝေဒနာမှာ ရာဂါနုသယ = လောဘ ကိန်းပါသည်။
- ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတော့ ယောဂီက ချမ်းသာနေတယ်။ ကိုယ်လဲချမ်းသာ၊ စိတ်လည်းချမ်းသာ ဖြစ်ကြတယ်။ သာယာနှစ်သက်နေတဲ့ သုခဝေဒနာမှာ ရာဂ = လောဘ ကိန်းလာတတ်တယ်။

ဆောင်ပုဒ်= သုခကိန်းလာ၊ ရာဂသာ၊ မှန်စွာပါယ်ရမည်။
- အဲဒီချမ်းသာလေးမှာ သာယာတပ်မက်နေတာကို ရာဂလို့ ခေါ်တယ်။ လောဘပဲ ဖြစ်ပေတယ်။

"မဟာဗောဓိမြို့ဆရာတော်ဘုရားကြီးနှင့် ထိုင်းလူမျိုးတို့၏ တရားအမေးအဖြေ"

ဆရာတော် - ဒကာတော်တို့ ဘယ်ကလာခဲ့တာလဲ?

ထိုင်း - ဇင်းမယ်ကပါဘုရား။ ဆရာတော့်သတင်းကြားလို့ ကြည်ညိုလို့ လာဖူးတာပါဘုရား။

ဆရာတော် - ဘုန်းကြီးတွေအများကြီး ထိုင်းမှာလဲရှိတာမဟုတ်လား?

ထိုင်း - ဘုန်းကြီးချင်မတူပါဘူးဘုရား။ ထိုင်းမှာ တောရဆောက်တည်တဲ့ ပုဂ္ဂိုလ်သိပ်မရှိတော့ပါဘူး။

ဆရာတော် - တို့က သတ္တိမရှိလို့ တောထဲနေတာပါဗျာ။ မြို့ထဲနေတဲ့ ဘုန်းကြီးတွေက တောထဲနေတာထက် ပိုပြီးထက်လို့ ပိုပြီးသတ္တိရှိနေတာဗျ။ တို့က သူတို့လောက် သတ္တိမရှိလို့ တောမှီနေတာဗျ။ တောထဲ နေတာဗျ။ ဘုန်းကြီးအားလုံး အတူတူပါဗျာ။ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာရယ်က ထေရဝါဒလို့ခေါ်တယ်။ အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာတို့ အဆက်ဆက်က တစ်ဆင့်ဩဝါဒတွေကို လုံးဝမပြင်ဘဲ ကျင့်တာဗျာ။ အကျင့်တူပါပဲဗျာ။

ထိုင်း - မြန်မာနိုင်ငံက ဆရာတော်တွေက သာသနာတော်ကို ပိုပြီးတော့ကြည်ညိုပြီး ဝိနည်းတော်တွေကို လေးစားလိုက်နာကြပါတယ် ဘုရား။

" ဥပေက္ခာ ဝေဒနာရှုမှတ်၍ မောဟ = အဝိဇ္ဇာနုသယ ပါယ်ပုံ"

ဥပေက္ခာဝေဒနာ = အဒုက္ခ မသုခ ဝေဒနာမှာတော့ မောဟ = အဝိဇ္ဇာနုသယကိန်းနေတတ်ပါတယ်။

ဥပေက္ခာဝေဒနာမှာ ကိန်းလာတဲ့ မောဟကို ဘယ်လိုပယ်ရမလဲ?

- ဥပေက္ခာဝေဒနာပေါ်လာရင် အနိစ္စလို့ထင်အောင် ရှုမှတ်နိုင်ရမယ်။

- ဥပေက္ခာဝေဒနာက ဝိပဿနာတရားရှုတဲ့အခါ သခ်ၤါရုပေက္ခာဉာဏ် ရောက်မှသာ ထင်ရှားနေတတ်ပါတယ်။

- ဥပေက္ခာဝေဒနာဆိုတာ အလွန်မထင်ရှားတဲ့ ဝေဒနာပဲဖြစ်ပါတယ်။

"သမင်ခြေရာထင်ပုံနှင့် ဥပေက္ခာဝေဒနာမြင်ရပုံ"

ကျောက်ဖျာပေါ်သို့ သမင်ကျော်သွားတယ်။ ကျော်နေတဲ့အခိုက်အတန့်မှာ လူက မရှိပေဘူး။ နောက်မှရောက်သွားတဲ့အခါ သမင်၏ အတက်ခြေရာကိုလည်း တွေ့ရတယ်။ သမင်ဆင်းသွားတဲ့အဆင်းခြေရာကိုလည်း တွေ့ရတယ်။ ဒီတော့ ဒီကျောက်ဖျာပေါ်က သမင်ဖြတ်ကျော်သွားတယ်လို့ မသိရပေဘူးလား။ သိရပါတယ်။ အဲဒီမှာ -

အတက်ခြေရာနဲ့ သုခဝေဒနာနဲ့ တူတယ်။

အဆင်းခြေရာနဲ့ ဒုက္ခဝေဒနာနဲ့ တူတယ်။

ကျောက်ဖျာပေါ်က ခြေရာနှင့် ဥပေက္ခာဝေဒနာနှင့် တူတယ်။

ဘယ်ဉာဏ်ရောက်ရင် ထင်ရှားလဲ? သခ်ါရုပေက္ခာဉာဏ် ရောက်ရင် ထင်ရှားပေပြီ။ ဒီဉာဏ်ရောက်တဲ့ ယောဂီများမှာ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် ဟု မှတ်နေတဲ့အခါ မှတ်စရာအာရုံနှင့် မှတ်သိစိတ်တို့ အလိုလိုမှတ်နေသကဲ့သို့ ယောဂီက ထိုင်ပြီး ကြည့်နေရသကဲ့သို့ လွယ်လွယ်လေး မှတ်လို့ရသွားပါတယ်။ လျှစ်လျူရှုပြီး မှတ်နေရတာဟာ ဥပေက္ခာဝေဒနာပဲ ဖြစ်ပေတယ်။

- ဒီ ဥပေက္ခာဝေဒနာပေါ်လာတဲ့အခါ၊ လွယ်အားကြီးပြီး တွေဝေတဲ့ မောဟ ဝင်နေတတ်ပါတယ်။
- ကုန်ပျက်တာတွေ မထင်ရှားတော့ပေဘူး။
- မှတ်လို့ကောင်းပေမဲ့ တရားတွေ မကောင်းဘူး။
- တွေဝေနေရင်တော့ မကောင်းပေဘူး၊ မောဟကိန်းနေပါတယ်။
- မောဟဝင်နေပြီ။ တရားတွေကလည်း တော်တော်ရင့်နေပြီ။ တရားမတက်တော့ပေဘူး။
- အဲဒီ ဥပေက္ခာ ဝေဒနာမှာ ကိန်းနေတဲ့ မောဟကို ဘယ်လို ရှုမှတ်ပြီး ပါယ်ရမလဲ?
- ရှိရှိသေသေ၊ စူးစူးစိုက်စိုက် ရှုမှတ်ပြီး ပယ်ရမယ်။
- သခ်ါရုပေက္ခာဉာဏ်ဆိုတာ၊ ဘင်္ဂဉာဏ် အခြေခံရှိပြီးသား ဖြစ်ပေတယ်။
- လွယ်ကူတာနဲ့ပေါ့ဆရှုမှတ်နေလို့ တွေဝေတဲ့ မောဟဝင်နေ

တတ်ပါတယ်။ အဲဒါကို သတိထားပြီး စူးစူးစိုက်စိုက် ပြန်ရှုမှတ်ရပါတယ်။

- စူးစူးစိုက်စိုက်ရှုမှတ်လိုက်တဲ့အခါ ဖောင်းတယ်လို့ မှတ်လိုက်ရင်၊ ရိပ်ကနဲ ကုန်ပျက်သွားတာ၊ ပိန်တယ်လို့ မှတ်လိုက်ရင်လည်း ရိပ်ကနဲကုန်ပျက်သွားတာ၊
- ထိုင်တယ်လို့ မှတ်လိုက်ရင်လည်း၊ ရိပ်ကနဲကုန်ပျက်သွားတာ၊
- ထိတယ်လို့ မှတ်လိုက်ရင်လည်း၊ ရိပ်ကနဲကုန်ပျက်သွားတာကို ပြန်မြင်နိုင်ပါတယ်။
- နောက်တော့ ဖောင်းတယ်လို့မှတ်လိုက်ရင်၊ ဖောင်းတဲ့ အမူအရာလေး၊ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊
- မှတ်သိစိတ်လည်း ကုန်ပျက်၊
- ပိန်တယ်လို့ မှတ်လိုက်ရင်လည်း ပိန်တဲ့အမူအရာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်၊
- မှတ်စရာအာရုံ ရုပ်တရားလဲ မမြဲဘူး၊ မှတ်သိစိတ်လဲ မမြဲဘူး။
- မမြဲဘူး (အနိစ္စ)လို့ ထင်သွားတော့၊ တွေဝေတဲ့မောဟ မရှိတော့ပေဘူး။ ပါယ်ပြီးသားဖြစ်သွားပေသည်။
- ဝိပဿနာဉာဏ်နဲ့ မောဟမှာဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ပေသည်။ အပျက်ကိုမြင်သွားတဲ့ ဘင်္ဂဉာဏ်က မောဟကို ပယ်လိုက်ပေသည်။

ထဲက တစ်ယောက်အကြောင်းကို လျှောက်ချင်ပါတယ်ဘုရား။

ဆရာတော် - အဲဒါကျ တို့မလုပ်ဘူး။ အဲဒါလောကီ ကိစ္စတွေ။ တစ်ဦးလုပ်ပေးလိုက်ရင် တစ်ဦးလုပ်ပေးရင် တစ်ပြည်လုံးလာမှာ တို့နားရတော့မှာမဟုတ်ဘူး။ တို့တရားအလုပ် လုပ်ရတော့မှာ မဟုတ်ဘူး။

ထိုင်း - ဆရာတော်ကြီးကို အနှောက်အယှက်ပေးသလိုဖြစ်သွားတယ်ဘုရား။ ခွင့်လွှတ်ပါဘုရား။

ဆရာတော် - တို့ ရန်ကုန်ကတည်းက ဒီမေးတာတွေ အိမ်တွင်းရေးတွေကအစ မေးလျှောက်တာတွေ အဲဒါတွေ ဒိုင်ခံပြောလာတာ တစ်ယောက်ကစ တစ်ရာဆိုသလို ဖြစ်လာတယ်။ အဲဒီကတည်းက ကြောက်လာတာ။ တစ်ဦးပြောလိုက်ရင် တစ်တိုင်းပြည်လုံးကလာမှာ။ ဒီလောကီကိစ္စတွေက လျှောက်ရမှာ မဟုတ်ဘူး။ တို့ဒီတောထဲကနေ အာရုံပြုပေးနေတာပဲ။ တို့ရှုမှတ်နေတာဟာ ဒေါသကင်းနေတဲ့အတွက် မေတ္တာပဲ။ ဘုရားတို့၊ ရဟန္တာတို့ဆိုတာက ဘယ်သူဘယ်ဝါ ကျန်းမာပါစေလို့ တိုက်ရိုက်ပေးတာမဟုတ်ဘူး။ ရှုမှတ်နေတာဟာ ဓမ္မဓါတ်လှိုင်းပေးနေတာပဲ။ လဟာတစ်ကမ္ဘာလုံးသာနေတာပဲ။ မော့ကြည့်သူ ထွက်ကြည့်သူအေးတာပေါ့။ ကိုယ့်ဘက်က ယုံယုံကြည်ကြည်နဲ့ လထွက်ကြည့်

ဆရာတော်- တို့ဆီရောက်တုန်းမို့ ပြောတာလားဗျာ။

ထိုင်း - တကယ်ပြောတာပါဘုရား။ တပည့်တော်တို့ ဝိပဿနာတရားတော့ အားထုတ်ချင်ပါတယ်ဘုရား။ နည်းလမ်းတော့မသိပါဘုရား။

ဆရာတော်- နည်းလမ်းတွေ ဘာလို့မသိရမှာလဲ။ ထိုင်းမှာလည်းရှိတာပဲ။ ဒီကသွားတာတွေရှိတာပါပဲ။ နည်းလမ်းတွေ ဘယ်လောက်များများ <u>တို့ဗုဒ္ဓက သတိတစ်လုံးပဲဗျာ။ ဘာလုပ်လုပ် လုပ်တဲ့အလုပ်ကို သတိနဲ့တွဲလုပ်။ အဲဒါ ဝိပဿနာဖြစ်သွားတာပဲ။ သတိနဲ့လုပ်တော့ ကိုယ့်စိတ်ကိုယ့်ဆီမှာရှိတယ်။ ရှိတော့ ကိုယ့်အကြောင်း ကိုယ်သိတာပဲ။ အဲဒါ ဝိပဿနာဗျ။</u>

ထိုင်း - တပည့်တော် တရားထိုင်တဲ့အခါ စိတ်ကမငြိမ်ပါဘူးဘုရား။ စိတ်ကလေးကို တစ်နေရာတည်းမှာ ငြိမ်ငြိမ်ကလေးနေဖို့အတွက် အကောင်းဆုံး နည်းလမ်းပေးပါ ဘုရား။

ဆရာတော် - ကိုယ်ထဲမှာ နှစ်သက်ရာကိုမှတ်။ တို့ဘုရားတိုင်းဘုရားတိုင်းမှတ်တာ နှာခေါင်းပဲ။ နှာခေါင်းမှာ ဝင်လေလေး ဝင်တာထွက်တာကို စာလို ဝင်သက်ထွက်သက်ခေါ်တယ်ဗျာ။ အဲဒါ အသက်ပဲဗျာ။ လူတစ်ယောက်လုံးရဲ့ အသက်ဟာ နှာခေါင်းမှာရှိတယ်။ ဝင်လေထွက်လေကို ပြောတာ။ ဒီ

နှာခေါင်းကနေ ထိုင်ပြီးမှတ်ရင် တစ်ကိုယ်လုံး အကုန်သိတယ်ဗျာ။ စာလိုပင်တိုင် ကမ္မာဌာန်းလို့ ခေါ်တယ်။ ကျန်တဲ့အလုပ်တွေ လုပ်ရင်းလည်း နှာခေါင်းဝကိုမှတ်ဗျာ။ ဝေဘူဆရာတော်ကြီးက ဒီအတိုင်းမှတ်သွားတာဗျ။ မှတ်နိုင်ပါ့မလားဗျာ။

ထိုင်း - မလွယ်ပါဘုရား။ သိပ်မရပါဘုရား။

ဆရာတော် - အဲဒါကျတော့ဗျာ။ မျက်စိကမြင်တဲ့အခါ ကြည့်စရာရှိရင် မျက်စိမှာ သတိချထားဗျာ။ နားကကြားတဲ့အခါမှာ နားထိပ်မှာ ချထားဗျာ။ သတိနဲ့သွားဗျာ။ တသက်လုံးလုပ်သွားဗျ။ ဘယ်တော့မှ မလွတ်နဲ့ သိရုံသိသွားဗျာ။

ထိုင်း - မလွယ်ဘူးထင်တယ်ဘုရား။ တရားထိုင်ချိန်မှာ စိတ်ကို ထိန်းမရပါဘုရား။ စိတ်မငြိမ်ပါဘုရား။ သမာဓိမရပါဘုရား။ အတွေးလည်းများမိပါတယ်ဘုရား။

ဆရာတော် - တွေးတဲ့စိတ်ကတော့ တွေးမှာပဲ။ ဝိပဿနာဉာဏ်တွေ ဘယ်လောက်တက်တက် တွေးမှာပဲ။ စိတ်ကို မနိုင်ရကောင်းလားဆိုပြီး ရန်မလုပ်ရဘူး။ လျှော့လည်းမလျှော့ရဘူး။ မှတ်စရာရှိတာသာမှတ်။ အမှတ်များရင်အတွေးက သူဟာသူလျှော့သွားလိမ့်မယ်။

ထိုင်း - ဆရာတော်ကြီးပြောတာ နားလည်ပါပြီဘုရား။

ဆရာတော် - လုပ်နိုင်ပါ့မလား။

ထိုင်း - ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် - လူတိုင်းလူတိုင်းဟာ မွေးကတည်းက အတွေးနဲ့မွေးလာတာ။ တသက်လုံးလည်း အတွေးနဲ့နေတာ။ လုပ်စရာရှိလည်း အတွေးနဲ့လုပ်နေတာ။ အဲဒါ ထိုင်မှတ်တာ ခဏလေးရှိသေးတယ်။ ချက်ချင်းတော့ မရနိုင်သေးဘူး။ မှတ်အားကောင်းရင် သူ့ဟာသူတက်သွားမှာပဲ။ အဲဒါ သတိပဋ္ဌာန် ခေါ်တယ်။ နှာခေါင်းမှတ်မှ ပင်တိုင်ထားပြီး တွေးတာနဲ့ နှာခေါင်းနဲ့ ဘယ်ကိုစိတ်ရောက်မျှားလဲ။ တွေးတဲ့စိတ်ကို အရောက်များရင် နှာခေါင်းမှတ်တာ ခဏလွတ်လိုက် တွေးပြီးတာနဲ့ နှာခေါင်းပြန်မှတ်။ တစ်ခါနှာခေါင်းမှတ်ရင်း ခန္ဓာကိုယ်က နာလာမယ်ဆိုရင် နာတဲ့ဘက်စိတ်အရောက်များရင် နှာခေါင်းမှတ်တာကိုလွတ်ပစ်ပြီး နာတာကိုမှတ်။ ပြီးမှ နှာခေါင်းကိုပြန်မှတ်။ အသံကိုကြားလို့ ကြားတာဘက်စိတ်ရောက်တာများသွားလို့ရှိရင် နှာခေါင်းအမှတ်ကိုလွတ်ပြီး ကြားတဲ့ဘက်ကိုမှတ်။ ပြီးမှ နှာခေါင်းကိုပြန်မှတ်။ ရှင်းရဲ့လား။

ထိုင်း - နားလည်ပါတယ် ဘုရား။ တပည့်တော်မိသားစု

ထိုင်း - ဆရာသမားလိုတာပေါ့နော်။

ဆရာတော် - သတိရှိရင် ဆရာမလို။ သတိဟာဆရာပဲ။ ထိုင်လို့ သတိမြဲနေပြီဆိုပါစို့။ သတိမြဲကြောင်းကို နှာခေါင်းရှုရင် နှာခေါင်းမှာ လေနိမိတ်ပေါ်ရတယ်။ တို့တုန်းက ဖောင်းပိန်မှတ်တော့ ဖောင်းနိမိတ် ပိန်နိမိတ် ပေါ်တာပေါ့။ စိတ်တည်ကြောင်းပြတဲ့ နိမိတ်ခေါ်တယ်။ စက်များဆိုရင် ဘယ်နှစ်မိုင်ရောက်ရင် ဘယ်နှစ်မိုင်ရောက်ကြောင်း အချက်ပြသလို့ တို့ဒီမှာလည်း နှာခေါင်းမှတ်ရင် နှာခေါင်းအချက်ပြရှိတယ်။ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ တို့သံသရာအဆက်ဆက်က ပါလာတဲ့ဉာဉ်နဲ့ ဒီကသတိနဲ့ သွားတဲ့ဉာဏ်နဲ့ အဲဒီနေရာမှာ အတိုက်အခံသွားလုပ်တော့ ဉာဉ်ဘက်က အာရုံဆန်းတွေ ပေါ်တတ်တယ်။ တခြားက လာပြီးပြတာမဟုတ်ဘူး။ စရိုက်လိုက်ပြီး ပေါ်တတ်တယ်။ ဒေါသကြီးသူ ဒေါသကြီးတဲ့အလျောက်ပြမှာ။ ရာဂကြီးတဲ့သူ ရာဂအလိုက်ပြမှာ။ အဲဒါကိုသတိနဲ့ မကြောက်မရွံ့ သွားနိုင်ရင် ဆရာမလိုဘူး။ လာချင်တာလာ မှတ်မှာပဲ။ အဲဒါကြောင့် ဆရာမလိုဘူးပြောတာ။

ထိုင်း - အဲဒီလို တစ်ယောက်တည်း သွားလုပ်လို့ သိပ်အဆင်မပြေဘူးထင်ပါတယ် ဘုရား။

သလို ထွက်ကြည့်နေရင် အကုန်ပြီးတယ်။ ထပ်ပြီး အဆစ်ပေးလိုက်ဦးမယ်။

သမာဓိ (၃)မျိုးရှိတယ်။

- တစ်ခါမှတ်တစ်ခါတည်ရင် ပထမ သမာဓိပဲ။
- (၅)မိနစ် (၁၀)မိနစ်ကလေးတည်နေရင် အဲဒါ ဒုတိယ သမာဓိပဲ။
- ဝိပဿနာအထက်ပိုင်းရောက်ရင် စိတ်က ဘယ်မှ မထွက်တော့ဘူး။ အဲဒါ တတိယ သမာဓိပဲ။

ထိုင်း - မှတ်မိပါတယ်ဘုရား။

ဆရာတော် - လုပ်နိုင်ပါ့မလား။

ထိုင်း - ရအောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် - ဟိုမှာ ဘယ်လိုအားထုတ်လဲ အဓိဋ္ဌာန်နဲ့လား။

ထိုင်း - ရိပ်သာလည်း သွားပါတယ်ဘုရား။ အိမ်မှာလည်း လုပ်ပါတယ်ဘုရား။ တစ်ရက်လည်း သွားဖူးတယ်။ သုံးရက်လည်း သွားဖူးတယ်။ (၁၀)ရက်လည်း သွားဖူးတယ်ဘုရား။

ဆရာတော် - မရဘူး။ အနည်းဆုံး နှစ်လဆက်တိုက် အားထုတ်ရမယ်။ အင်္ဂလိမာလ လက်ညှိုးဖြတ်သလို ဖြစ်နေမယ်။ တစ်ချောင်းဖြတ်လိုက် ဟိုနားထားလိုက်၊ တစ်ချောင်းဖြတ်လိုက် ဒီနားထားလိုက်ဆိုတော့ တစ်ထောင်ရသလား။

ထိုင်း - မရပါဘုရား။

ဆရာတော် - တစ်ထောင်ပြည့်ချင်ရင် ကြိုးနဲ့သီမှရမယ် မဟုတ်လား။

ထိုင်း - ဥပမာ တအားကောင်းပါတယ် ဘုရား။

ဆရာတော် - တို့တုန်းက မဟာစည်မှာ အားထုတ်ခဲ့တော့ နှစ်လလောက် အပင်ပန်းခံပြီး အားထုတ်ခဲ့ရတယ်။ တစ်ရက်လောက်က အသေအလဲ အားထုတ်ခဲ့ရတာ။ တစ်သက်လုံးက အတွေးနဲ့အမှတ်နဲ့က အားပြိုင်နေတာပဲ။ သည်းခံမှစိတ်ရှည်မှရမယ်။ ဇွဲရှိမှရတယ်။ စိတ်ရှည်ပါများလာရင် ဒီဘက်က အမှတ်များသလောက် ဟိုဘက်က အတွေးနည်းသွားတယ်။ အတွေးနည်းသွားရင် ကိုယ်မှတ်တဲ့နေရာ စိတ်ဒက်ခနဲ တစ်ချက်လောက်ကျသွားတာနဲ့ ဖြစ်လိုက်တာနဲ့ သူ့ဟာနဲ့သူ သဘောပေါက်သွားမယ်။ လမ်းဆုံးအောင်နှစ်လလောက် လုပ်လိုက်မှဗျ။ လမ်းဆုံးအောင် တစ်သက်လုံး သားတွေ မယားတွေအတွက် သထားပြီး ကိုယ့်အတွက်နှစ်လလောက်မှ မသထားဘူးလား။ ထိုင်းမှာဘာအလုပ်လုပ်လဲ။

ထိုင်း - အင်ဂျင်နီယာပါဘုရား။

ဆရာတော် - အင်ဂျင်နီယာနှစ်လလုပ်ရင် ဘယ်လောက်စားရလဲ။

ထိုင်း - ဘယ်လောက်မှ မများပါဘူးဘုရား။

ဆရာတော် - ဒါက နှစ်လလုပ်လိုက်ရင် ဒီတစ်သက်မကဘူး။ ဟိုက တစ်သက်ပါ တာဝန်ယူတယ်။

ထိုင်း - ဒီလပိုင်းတော့ မအားပါဘုရား။ နောက်တော့မှ လုပ်ပါ့မယ်ဘုရား။

ဆရာတော် - သေမင်းက ဘယ်တော့ခေါ်မယ်မှန်းမှ မသိတာ။ ဒီတော့ ဒီလိုလုပ်။ အိမ်မှာ အမိဌာန်နဲ့ ဘယ်နှရက်၊ ဘယ်အချိန်၊ ဘယ်နှနာရီဆိုပြီးအားထုတ်ပါ။

ထိုင်း - အဲဒီလိုတော့ လုပ်လို့ရပါတယ်ဘုရား။

ဆရာတော် - တို့တုန်းကတော့ မဟာစည်မှာ ညယောဂီရှိတယ်။ ညနေ(၆)နာရီက မနက်(၆)နာရီအတွင်း ည(၂)ကြိမ်၊ မနက်(၂)ကြိမ်ရတယ်။ အဲဒါမဟာစည်မှာ ညယောဂီပဲ။

ထိုင်း - နည်းနည်းတော့ ခက်မယ်ထင်ပါတယ်ဘုရား။ စကြိုနဲ့ ထိုင်တာတွဲမှတ်ရင်ရပါသလားဘုရား။

ဆရာတော် - မဟာစည်မှာ ထိုင်တစ်နာရီ၊ စကြိုတစ်နာရီရှုမှတ်ရတာပဲ။ ရပါတယ်။

ထိုင်း - ဘုန်းကြီးဝတ်ပြီးမှ ရိပ်သာဝင်ရင်ကောင်းပါသလားဘုရား။

ဆရာတော် - သင်္ကန်းဝတ်ကြီးထမ်းရတာလေးတယ်။ ရိပ်သာဝင်ရင် ငါသေလည်း ထားခဲ့ရမှာဆိုတဲ့စိတ် မွေးနိုင်မှရတယ်။

တာ အရင်တုန်းကဟာတွေကို အဖြတ်ခိုင်းတာပဲ။ ဘာစည်းမှုချဖို့ မလိုဘူး။ ဘေးက အနှောင့်အယှက် မလုပ်နိုင်အောင် သာသနာတော်စောင့်နတ်တွေက စောင့်ရှောက်ပေးရတယ်။ ဆိုင်ရာနတ်တွေက စောင့်ရှောက်ပေးရမယ်။ သာသနာတော်စောင့်နတ်တွေက တာဝန်ယူပေးရတာ။ ဒါကြောင့် သီလယူရတာ။

ထိုင်း - ဆရာတော်ကြီးက မေတ္တာထားပြီး အချိန်တွေ အများကြီးပေးတာ ဝမ်းသာပါတယ်ဘုရား။ အားလည်း နာပါတယ်ဘုရား။

ဆရာတော် - ကိုယ်လုပ်ချင်တာကိုလုပ် သတိလေးနဲ့လုပ်၊ သတိမပါရင် တို့ဉာဉ်ကခိုင်းတာလုပ်ရလိမ့်မယ်။ သတိပါတော့ တို့ခိုင်းတာကို ဉာဉ်ကလုပ်ပေးရမှာ။ ဘုရားတရားအပေါ်မှာ ဖြည်ချုပ်ပြီး ဖြည်ချုပ်ပြီး ဝယ်ရတာမရှိဘူး။ အောင့်ပြီးဖယ်ရတာမရှိဘူး။ အမှတ်မှတ်ရင်းနဲ့ နောက်တော့ သူ့ဟာသူသိသွားပြီး သတိက ဝယ်ယူတာ။ တို့ဝယ်တာမဟုတ်ဘူး။

ထိုင်း - တရားအားထုတ်ဖို့ စဉ်းစားနေပါတယ်ဘုရား။ အာမခံပြီးတော့ မလုပ်ဖြစ်မှာ စိုးပါတယ်ဘုရား။

ဆရာတော် - ဘုရားသားဖြစ်ချင်သလား၊ မဖြစ်ချင်ဘူးလား။

ထိုင်း - ဖြစ်ချင်ပါတယ်ဘုရား။

ဆရာတော် - အများဆုံးတွေ့ရတာက သမာဓိတည်ကြည်ခါစ ဝိပဿနာဉာဏ်တက်တော့ စာလိုအနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာမြင်ရတာကို တို့က အတ္တစွဲတာကိုး။ ဟိုက အနတ္တပြမှာ တို့က နိစ္စစွဲတာ။ ဟိုက အနိစ္စပြမှာ တို့က သုခလို့ထင်တာကို။ အဲဒီအချိန်မှာပေါ်တာပဲ။ သဒ္ဓါထက်သူကျတော့ ဘုရားရဟန္တာတို့ ပေါ်တယ်။ နတ်တို့ပေါ်တယ်။ ပေါ်ရုံတင်မက လာကိုပြောတာရှိတယ်။ မြင်ရုံမြင်တာပဲ ရှိတယ်။ အဲဒါကို ဘယ်ကိုမှမလိုက်ဘဲ ကိုယ့်ရှုကွက်ကို လက်မလွှတ်နဲ့။ အဲဒါဆိုရင် မှားစရာမရှိဘူး။ ကိုယ့်ရှုကွက်ကို လက်လွှတ်ပြီး အဲဒီနောက်သွားရင် လမ်းမှားပြီ။

ထိုင်း - တပည့်တော် အားထုတ်လာတာ တစ်ခါမှ နိမိတ်မပေါ်သေးပါဘူး ဘုရား။

ဆရာတော် - တစ်ရက်နှစ်ရက်လောက်နဲ့တော့ မတွေ့နိုင်ဘူး။ သတိအားကောင်းမှ အတွေးမဝင်မှပေါ်တာ။ တို့ကိုယ်ခန္ဓာမှာ သွေးကလည်ပတ်နေတာ။ အတွေးနဲ့လည်တယ်။ သောကနဲ့လည်တယ်။ မာနနဲ့လည်တယ်။ အဲဒီအချိန်မှာ တို့သွေးကမည်းနေတာ။ သွေးကမကြည်ဘူး။ နောက်နေတာ။ အဲဒီတော့ မှတ်ဟဲ့။ မှတ်ပါများတော့ အဲဒီစိတ်တွေမပါဘူး။

အတွေးမပါတော့ သွေးကြည်တာပေါ့လေ။ သွေးကြည်ပါများတော့ မှန်ကြည့်တော့ အရိပ်ပေါ်သလို ပေါ့လေ။ အဲဒီတော့မှ နိမိတ်ပေါ်တာ။

ထိုင်း - တရားထိုင်တဲ့အခါ အရှင်ဘုရားကို စိတ်နဲ့တည်ပြီး တပည့်တော်၏ ဆရာသမားဖြစ်တော်မူပါလို့ တောင်းလို့ရပါသလားဘုရား။

ဆရာတော် - စိတ်ကအဓိဋ္ဌာန်တာတော့ ရတယ်။ လာမလာတော့ မသိဘူး။ တို့ကအိပ်ပျော်နေတဲ့အခါ ရှိတယ်။ အဲဒီအခါကျတော့ မလာဘူးပေါ့ဗျာ။ တို့က နိမိတ်ပြောတော့ ဒီနိမိတ်ပေါ်အောင် အမျှော်နဲ့လုပ်ရင်ဘယ်တော့မှ မပေါ်ဘူး။ မှန်နဲ့မျက်ခွက်တည့်မှ အရိပ်ပေါ်သလို ရှုကွက်နဲ့မှတ်စိတ်တည့်လို့ စိတ်အကြည်ဓါတ်လာရင် ဒီနိမိတ်ပေါ်လာတာပဲ။ တရားက အဲဒီလိုပဲ။ တရားရအောင်လုပ်မယ်လို့ စိတ်ဘယ်တော့မှ မထားနဲ့။ ကြိုးစားချင်တဲ့စိတ်သာ ရှိရမယ်။ ရချင်တဲ့စိတ်မရှိရဘူး။ သူပြတဲ့နေရာကို ကြည့်နေရင် တရားက သူဟာသူ ဇာတ်ကောင်တွေက ပြလာမှာ။

ထိုင်း - စောစောက ဒေါက်တာကြီးနဲ့ (ကပ္ပိယ ဒေါက်တာသန်းထွန်းအောင် ကိုဆိုလိုပါသည်။)တရားစကားနည်းနည်းဆွေးနွေးတော့ ဒေါက်တာကြီးက ပွဲ

ကြည့်ရသလို့ ကြည့်ရတာလို့ ဆရာတော်ကြီး ဆုံးမဖူးတယ်လို့ပြောပါတယ်။ ကလေးလို မကြည့်နဲ့ လူကြီးလို ကြည့်လို့ ပြောပါတယ်ဘုရား။

ဆရာတော် - လိုချင်စိတ်နဲ့ကြည့်ရင် တွေ့ခဲတယ်။ စိတ်မပါလက်မပါကြည့်ရင် သွေးကမဲနေလို့ မမြင်ရဘူး။ မရရအောင် မခံချင်စိတ်နဲ့လုပ်တော့ သွေးကမည်းတယ်။ အဲဒီတော့ မမြင်ရဘူးပေါ့။ အဲဒီတော့ တရားရှာတဲ့အခါ အဲဒီစိတ်(၃)စိတ်မပါရဘူး။ သတိနဲ့မှတ်တော့ ကိုယ်မမြင်ဖူးတဲ့ရှုကွက်တွေထဲက အရာတွေမြင်လိမ့်မယ်။ နှာသီးဝဆို နှာသီးဝပေါ့။ လေရဲ့နိမိတ်တွေ လေတန်းတွေ မြင်ချင်မြင်မှာပေါ့ မြင်လာတော့ ယုံလာတယ်။ ခန္ဓာဖြစ်ပျက်မြင်လေလေ ယုံလေလေပဲ။ ဆရာသမားအပေါ် ယုံတာလည်း ဖြစ်နိုင်တယ်။ ဒီလိုယုံလာရင် သွေးကကြည်လာတာ။ ကြည်လာမှ ဒီဖြစ်ပျက်မြင်လာတာ။

ထိုင်း - လောကထဲကျင်လည်နေတဲ့အတွက် ငါးပါးသီလမလုံတဲ့အခါတွေလည်းရှိတော့ သီလမစင်ကြယ်ရင် တရားအားထုတ်တဲ့အခါ အနှောင့်အယှက်များဖြစ်နေမလားဘုရား။

ဆရာတော် - ထိုင်မယ့်အချိန်မှာ သီလယူပါ။ သီလယူတယ်ဆို

မူလမင်းကွန်းဧတဝန်ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်း

"ထိုင်တယ်၊ အိပ်တယ်၊ သွားတယ်၊ စားတယ်"ဟု ရှုမှတ်ရသောနည်းသည် ကာယာနုပဿနာ (ရုပ်အပေါင်းကို အဖန်ဖန် ရှုမှတ်မှု)ဖြစ်သည်။ သွားသည့်အခါ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်" ဟု မှတ်ရသည်။ သွားစဉ်မှာ အာရုံတစ်ခုခုကို မြင်လျှင် "မြင်တယ်၊ မြင်တယ်"၊ ကြားလျှင် "ကြားတယ် ကြားတယ်" ၊ နံလျှင် "နံတယ် နံတယ်"ဟု မှတ်ရသည်။ ထမင်းစားလျှင် "စားတယ် စားတယ်" ဟု မှတ်ရသည်။ မှတ်ကျင့်ရလာသည့်အခါ ထို့ထက်အမှတ်စိတ်ပြီး မှတ်ရမည်။ စားရန် ဇွန်းကိုကိုင်လျှင် "ကိုင်တယ်၊ ကိုင်တယ်" ဟင်းကို "ခပ်တယ် ခပ်တယ်" ယူလာလျှင် "ယူတယ် ယူတယ်" စသည်ဖြင့် အမူအရာတိုင်းကို မှတ်ရမည်။ အားထုတ်စမှ ဆယ်ရက်လောက် အထိ ဟိုသည်အာရုံများပြီး ထင်သလောက် မရှုမှတ်နိုင်၊ သမာဓိ မရနိုင်ဖြစ်တတ်သည်။ ကောင်းမကောင်း မည်သည့်အာရုံကို မြင်မြင် "မြင်တယ်၊ မြင်တယ်"ဟု မှတ်ရမည်။ မှတ်ဖန်များလျှင် မြင်သောအာရုံများသည် " မြင်၊ သိ၊ ပျက်၊ မြင်၊ သိ၊ ပျက်" နှင့် ပြောင်းလဲ ဖြစ်ပျက်သွားတတ်သည်။ ထိုအခါ မြင်သည့်အဆင်းကရုပ်၊ သိတာက နာမ်ဟု ရုပ်နှင့်နာမ်ကို ခွဲခြားသိမြင်လာတတ်သည်။ ရှုမှတ်သည့်အခါ တစ်ခုခုကို သိအောင် မိအောင် ရှုမှတ်ရမည်။ ထိုသို့ မရှုမှတ်လျှင် တိုက်ဆိုင်ထိတွေ့မှု (ဖဿ)ကြောင့် ခံစားမှု (ဝေဒနာ)ဖြစ်ပြီး၊ ခံစားမှု(ဝေဒနာ)ကြောင့် နှစ်သက်မှု(တဏှာ)၊

ဆရာတော် - သတိရှိရင် ဘုရားသားပဲ။ သတိမရှိရင် အလကားပဲ။ ဘုရားသားဖြစ်ချင်ရင် သတိရှိမှဖြစ်တာ။ တို့ ဒကာ ဒကာမတွေ ကျမ်းမာချမ်းသာကြပါစေ။

ညီညီတင်
အပွမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ။
လွင်အောင်မျိုးပို့စ်မှတဆင့် ကူးယူပူဇော်တင်ပြထားပါသည်။
Credit to ကိုဇာဏီ(ကံမ)မှ ကူးယူဖော်ပြသည်။
ထပ်ဆင့် ပြန်လည်မျှဝေ ကုသိုလ်ပြုပါ၏။

ဝိပဿနာ ရှုနည်းများ

ဝိပဿနာ ရှုနည်းများကို ယခင်ကဖတ်ရှုဖူးပါတယ်။ တစ်ကြိမ်ဖတ်ရတိုင်း တကြိမ်ဖတ်ရတိုင်း အသိတစ်မျိုးနဲ့တစ်မျိုး မတူပါဘူး။ အခု planet.com.com မှာဖတ်ရပြန်တော့ တစ်မျိုးကောင်းပြန်ပါတယ်။ ဖတ်ရတိုင်း ဖတ်ရတိုင်း သဒ္ဓါတွေတက်တက် လာတတ်ပါတယ်။ မိတ်ဆွေများကိုလဲ ဖတ်ပြီးကုသိုလ်စိတ်တွေ ဆက်ကာဆက်ကာ ဖြစ်စေချင်ပါတယ်။

ဓေဘူဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

နှာဖျားနှာဝမှာ ထွက်လေဝင်လေသည် အမြဲတိုက်ဝင်တိုက်ထွက်နေသည်။ နှာဖျားနှာဝမှာ ကာယပသာဒခေါ် ရုပ်အကြည်ဓါတ်က အထိခံနေသည်။ ဝင်လေထွက်လေက ထိလာခြင်းဖြစ်သည်။ ထိုအထိခံနှင့် ထိတာသည် ရုပ်ချည်းဖြစ်ပြီး ထိတာကို သိတာက နာမ်ဖြစ်သည်။ ကိုယ့်နှာဝကို ဉာဏ်ဖြင့် စောင့်ကြည့်ရမည်။ ထိဝင်ထိထွက်တာကို သိနေစေရမည်။ သိအောင် မှတ်နေရမည်။ ထိုသို့ ထိတာကိုသိလျှင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့်မရသဖြင့် ငြိမ်းနေသည်။ ဝိပဿနာဟူသည် ပစ္စုပ္ပန်(ဖြစ်ဆဲ)ကိုသာ ရှုမှတ်ရသည်။ နှာဝကို ဝင်လေထွက်လေ မထိခင်မှတ်၍လည်းမဖြစ်၊ သိ၍လည်းမဖြစ်၊ ထိပြီးနောက်မှ မှတ်၍သိ၍မဖြစ်။ ဝင်လေထွက်လေ သိဆဲကိုသာ “ထိတယ်”ဟု သိနေအောင် မှတ်ရသည်။

ထိတာကိုသိနေလျှင် ရုပ်နှင့်နာမ်သာရှိကြောင်း၊ ငါသူတပါးယောကျ်ား/မိန်းမ မရှိကြောင်း သူတပါးကို မေးနေဖွယ်မလို၊ မိမိဘာသာ သိလာလိမ့်မည်။ ထိတာကို သိနေလျှင် ဉာဏ်အမြင်စင်ကြယ်ပြီး သမ္မာဒိဋ္ဌိ(အမြင်မှန်)ဖြစ်နိုင်သည်။ ထိုသို့ ထိတာကို သိနေလျှင် ရုပ်နှင့်နာမ်ကွဲပြားမှုကိုပါ ဉာဏ်ဖြင့် သိလာတတ်သည်။ ထိုသို့ သိသောဉာဏ်ကို နာမရူပ ပရိစ္ဆေဒ (ရုပ်နှင့်နာမ်ကိုခွဲခြားသိမှု) ဉာဏ်ဟုခေါ်သည်။ နှာဖျားနှာဝမှာ ထိလိုက်ပျောက်လိုက် တရိပ်ရိပ်ဖြစ်ပျက်နေပုံကို ရှုမှတ်သိမြင်နေရမည်။ ထိုသို့ သိမြင်နေတာ ကြာလာလျှင် ဝိပဿနာသမာဓိ တစ်စထက်တစ်စ တိုးတက်ပြီး နှာဖျားနှာဝမှာသာမက တစ်ကိုယ်လုံးမှာ တရိပ်ရိပ်တရွရွ ဖြစ်ပျက် နေတာကို တွေ့ရပေလိမ့်မည်။ ပါးစပ်က မဆိုရပေ။ ဝိပဿနာ အလုပ်ဟူသည် ထိမှုကိုကြည့်ရှု သိမှတ်နေရုံသာ ဖြစ်သည်။ ထိုသို့ ရှုမှတ်နေလျှင် တစ်နေ့ထက်တစ်နေ့ တိုးတိုးပြီး အလိုလို သိလာမည် ဖြစ်သည်။ ထိုသို့ဖြင့် တရိပ်ရိပ်ဖြစ်ပေါ်သော ထိမှုသိမှုတို့ကို ရှုမှတ်နေရင်းပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ ဆိုက်ရောက်လာမည် ဖြစ်သည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီးနောက် ဖလသမာပတ်ကို ဝင်စားလျှင် မိမိလာခဲ့သည့် ဝိပဿနာလမ်းကို ပြန်ကြည့်ရသည်။ ဖလသမာပတ်ဟူသည် ကိုယ်ပိုင်အိမ်နှင့် တူပေသည်။ သို့ဖြစ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိရန် ထိမှုသိမှုကို လုံ့လဝီရိယဖြင့် ကြည့်ရှု မှတ်သားနေကြရမည်။

မပြတ်ရှုမှတ်နေရမည်။ ထိုသို့ ရှုမှတ်နိုင်မှသာ သံသရာပြတ်ကြောင်း ဝိဇ္ဇာဖြစ်၍ မရှုမှတ်နိုင်ပါက သံသရာလည်ကြောင်း အဝိဇ္ဇာချည်း ဖြစ်နေလိမ့်မည်။ နာမ်ရုပ်ကို အမှန်ထင်မြင်လျှင် ပုထုဇဉ်ဖြစ်သော်လည်း ရဟန္တာလို ချမ်းသာစွာနေနိုင်သည်။ သို့သော် ပုထုဇဉ်ဖြစ်၍ တဒင်္ဂ(တခဏမျှ)သာ နေနိုင်ခြင်းဖြစ်သည်။ ထိုသို့ နာမ်ရုပ်ကို အမှန်မြင်လျှင် မိစ္ဆာဒိဋ္ဌိ(၆၂)ပါးလည်း မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် နာမ်ရုပ်ကို အမှန်အတိုင်း ပိုင်းခြားသိသောပုဂ္ဂိလ်သည် သက္ကာယဒိဋ္ဌိ(ငါအစွဲအမြင်)ကို ပယ်စွန့်နိုင်၍ ဉာဏ်အမြင်စင်ကြယ်ခြင်း ဖြစ်သည်။ ထို့ကြောင့် မြင် ကြား နံ စား ထိ သိ အာရုံများနှင့်တကွ ဈေးရောင်း ဈေးဝယ် လယ်လုပ် ယာလုပ် စသော မည်သည့်ကိစ္စပြုပြု ပြုသမျှကို သတိမလစ်စေဘဲ စွဲစွဲမြဲမြဲ ရှုမှတ်သင့်ကြပါသည်။

အနာဂါမ် ဆရာသက်ကြီး၏ ဝိပဿနာ ရှုနည်း

ရှေးဦးစွာ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘနှင့် ပြစ်မှားမိသူများကို ကန်တော့ရမည်။ ယင်းနောက် သီလ တစ်မျိုးမျိုးကို ဆောက်တည်ပြီး သတ္တဝါများကို မေတ္တာပို့ရမည်။ မေတ္တာပို့ပြီးလျှင် ဆင်းတုတော် မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းကို ပေးသနားရန် တောင်းပန်ပြီး ကြာကြာထိုင်နိုင်သည့် နည်းဖြင့်ထိုင်ရမည်။ ယောဂီသည် သမာဓိထူထောင်ရန် သမထကို ရှေးဦးစွာကျင့်ရမည်။ ထွက်သက် ဝင်သက်ကို ပကတိအတိုင်းရှု၍ နှာသီးဖျားမှာ ထားရမည်။ နှာသီးဖျားကို ထွက်လေဝင်လေ တိုးတိုင်းသိသိနေအောင် သတိထားရှုမှတ်ရမည်။ ငါ အပါယ်တံခါးပိတ်လိမ့်မည် ဟူသော ယုံကြည်ချက်

စွဲလမ်းမှု (ဥပါဒါန်)စသည့် အကုသိုလ်တရားများ ဖြစ်ပွားလာတတ်သည်။

ထို့ကြောင့် တစ်ခုနှင့်တစ်ခု၊ တစ်သဘောနှင့် တစ်သဘော ပြောင်းလဲ၍ဖြစ်ပျက်နေပုံကို ဉာဏ်ဖြင့် မြင်အောင်ရှုမှတ်ရမည်။ တရားသဘောအတိုင်း ပြောင်းလဲဖြစ်ပျက်ပုံကိုတွေ့လျှင် တဏှာမဖြစ်၊ တဏှာချုပ်လျှင် နောက်ဘဝပေါင်း အသခ္ချေ ဆက်ဖြစ်နေဦးမည့် ဥပါဒါန်ကံများလည်း ချုပ်ကြတော့သည်သာ။ ထိုအခါ ကောင်းသည့် အာရုံတွေ့လည်း တဏှာမဖြစ်၊ မကောင်းသည့် အာရုံတွေ့လည်း ဒေါသမဖြစ်၊ ကောင်းမကောင်းအာရုံတွေ့လည်း မောဟ မဖြစ်တော့ချေ။ ထိုမျှသာမက မြင်တာကို "မြင်တယ် မြင်တယ်" ဟု ရှုမှတ်ရာတွင် တစ်မှတ်တစ်မှတ်၌ မဂ္ဂင်(နိဗ္ဗာန်ဝင်ရာလမ်း)ရှစ်ပါး ဖြစ်နိုင်သည်။ ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို အမှန်သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ(မှန်စွာမြင်မှု)မဂ္ဂင်၊ ဖြစ်ပျက်အပေါ် စိတ်ကို တင်ထားလိုက်ခြင်းသည် သမ္မာသင်္ကပ္ပ(မှန်စွာကြံမှု)မဂ္ဂင် ဖြစ်သည်။ ဒီနှစ်ပါးသည် ပညာမဂ္ဂင်တည်း။ ရှုမှတ်သောအာရုံမှာ စိတ်တည်ကြည်သွားခြင်းသည် သမ္မာသမာဓိ(မှန်စွာတည်ကြည်မှု)မဂ္ဂင်၊ စိတ်မလွင့်သွားရအောင် ဆွဲဆောင်ထားခြင်းသည် သမ္မာဝါယာမ(မှန်စွာအားထုတ်မှု)မဂ္ဂင်၊ ရှုမှတ်၍ရခြင်း သိနေခြင်းသည် သမ္မာသတိ(မှန်စွာသိမှတ်မှု) မဂ္ဂင်ဖြစ်သည်။ ဒီမဂ္ဂင်သုံးပါသည် သမာဓိမဂ္ဂင်ဖြစ်သည်။ ထိုသို့ မှတ်နေသည့်အခိုက် မကောင်းသော ဝစီကံ ဒုစရိုက်ကို မကျူးလွန်ခြင်းသည် သမ္မာဝါစာ(မှန်စွာပြောဆိုခြင်း)

တောင်ပုလဲ ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်း

ယောဂီသည် ထိုင်တာကို "ထိုင်တယ်"ဟု သိလျှင် ဝိဇ္ဇာ (အသိပညာ)ဖြစ်၏။ မသိလျှင် အဝိဇ္ဇာ(မသိမှုမောဟ)ဖြစ်၏။ ရပ်တာ၊ သွားတာ၊ အိပ်တာ စသည်တို့ကိုသိလျှင် ဝိဇ္ဇာဖြစ်၏။ မသိလျှင် အဝိဇ္ဇာဖြစ်၏။ စားတာကို "စားတယ်"သောက်တာကို "သောက်တယ်" စသည့် ရှုမှတ်ပြီးသိလျှင် ဝိဇ္ဇာဖြစ်၏။ မသိလျှင် အဝိဇ္ဇာဖြစ်၏။ ထို့အတူ ကျင်ကြီးကျင်ငယ်စွန့်တာကို "စွန့်တယ် စွန့်တယ်"ဟု မှတ်ပြီး သိလျှင် ဝိဇ္ဇာဖြစ်၏။ မသိလျှင် အဝိဇ္ဇာဖြစ်သည်။ ထိုနည်းတူ ပြုပြုသမျှ အမူအရာအားလုံးကိုသိအောင် မှတ်ရမည်။ ဤ၌ "အဝိဇ္ဇာ၊ မသိတာ၊ မောဟ" စကားလုံးတို့၏ အဓိပ္ပါယ် အတူတူ ဖြစ်သည်။ "ဝိဇ္ဇာ၊ သိတာ၊ အမောဟ"ဟူသော စကားလုံးတို့၏ အဓိပ္ပါယ်လည်း အတူတူပင်ဖြစ်သည်။ အဝိဇ္ဇာဖြစ်လျှင် သခ်ါရ (အကျိုးဆက်ကို ဆက်လက်ဖြစ်စေတတ်သော ကုသိုလ်အကုသိုလ်ကံ) စသည်တို့ ဆက်ဖြစ်သဖြင့် သံသရာရှည်မည်။ ဝိဇ္ဇာဖြစ်လျှင်ကား အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်လျှင် သခ်ါရစသော တရားတို့ ချုပ်ပြတ်ကာ သံသရာရပ်တော့သည်။ ထို့ကြောင့် ဝိဇ္ဇာဖြစ်အောင် မြင်တာ ကြားတာ နံတာ စားတာ စသော အာရုံများကိုတွေ့ကြုံတိုင်း တွေ့ကြုံတိုင်း မြင်ကာမျှစသည်သိအောင် ရှုမှတ်ရမည်။ အခြားအခြား သော စကားပြောတာ၊ ဆိတ်ဆိတ်နေတာ၊ ရှုတာ၊ ရှိုက်တာ၊ ပိန်တာ၊ ဖောင်းတာ၊ ဒေါသဖြစ်တာ၊ နှမြောတာ စသည်ဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ ဖြစ်ဖြစ်သမျှကို သိအောင်အမြဲ

မဂ္ဂင်ဖြစ်သည်။ မကောင်းသော ကာယဒုစရိုက်ကို မကျူးလွန်ခြင်းသည် သမ္မာကမ္မန္တ(မှန်စွာပြုမှု)မဂ္ဂင် ဖြစ်သည်။ တရားရှုမှတ်နေစဉ် အသက်မွေးမှုဆိုင်ရာ ကာယကံ၊ ဝစီကံဒုစရိုက်များကို မကျူးလွန်ခြင်းသည် သမ္မာအာဇီဝ(မှန်ကန်စွာအသက်မွေးမှု)မဂ္ဂင် ဖြစ်သည်။ ဒီသုံးပါးကို သီလမဂ္ဂင်ဟု ခေါ်သည်။ ထို့ကြောင့်ရှုမှတ်သည့် အမှတ်အတိုင်း အမှတ်တိုင်းမှာပင် မဂ္ဂင်ရှစ်ပါး ပါဝင်သည်ဟု ဆိုရခြင်းဖြစ်သည်။ ထိုသို့ ရှုမှတ်နေစဉ် မြင်သည့်အဆင်းက ရုပ်၊ မြင်တာက ရုပ်၊ သိတာကနာမ်ဟု အမြင်ကွဲပြားသိခြင်းသည် နာမရူပပရိစ္ဆေဒ (နာမ်နှင့်ရုပ်ကို ခွဲခြားသိမြင်မှု)ဉာဏ်ဖြစ်သည်။ မျက်စိအကြည်၊ အဆင်းရုပ်၊ အလင်းရောင်၊ နှလုံးသွင်းတို့ကြောင့် မြင်သိစိတ် (စက္ခုဝိညာဉ်စိတ်)ဖြစ်ရသည်ဟု အကြောင်းအကျိုးကို သိမြင်ခြင်း ပစ္စဟပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်ပြီးနောက် ပျက်ပျက်သွား၍ အနိစ္စ၊ မပျက်စီးအောင် အောင့်အည်းမရဘဲ ပျက်ပျက်သွား၍ ဒုက္ခ၊ ထိုသို့ ပျက်ပျက်နေ၍ ကိုယ့်အလိုမကျသဖြင့် အနတ္တ ဟူ၍ သိမြင်ခြင်းသည် သမ္မသနဉာဏ်၊ ဤသို့စသည်ဖြင့် ဉာဏ်စဉ်များ အဆင့်ဆင့်တက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါသည်။ အထူးအားဖြင့် မည်သည့် ဝိပဿနာဆရာတော်၏ နည်းပင်ဖြစ်စေ သမာဓိရအောင် ပထမ အားထုတ်ရသည်။ သတိခိုင်လျှင် သမာဓိပိုင်သည်။ သမာဓိပိုင်လျှင် ဝိပဿနာ နိုင်ပါသည်။ ဝိပဿနာနိုင်လျှင် ဝိဇ္ဇာခေါ် အလင်းဓါတ်ပေါ်လာမည် ဖြစ်ပါသည်။

မှာလည်း လက်နှစ်ဘက်ကို ယှဉ်ချထားနိုင်သည်။ ဘယ်ဒူးပေါ် ဘယ်လက်၊ ညာဒူးပေါ် ညာလက်တင်၍လည်း ထိုင်နိုင်သည်။) ဝမ်းဗိုက်မှာ စိတ်ကိုထားရမည်။ အသက်ရှူသွင်းလိုက်လျှင် ဖောင်းတက်လာတာကိုတွေ့၍ အသက်ရှူထုတ်လိုက်သည့်အခါ ပိန်ကျသွားတာကို တွေ့လိမ့်မည်။ ဖောင်းတက်လာတာကို "ဖောင်းတယ်"၊ ပိန်ကျသွားတာကို "ပိန်တယ်"ဟု မှတ်ရမည်။ စိတ်ဖြင့်စိုက်ကြည့်ရုံနှင့် မထင်ရှားသေးလျှင် ဗိုက်ကိုလက်နှင့် ဖိထားရမည်။ အသက်ရှူတာကို မပြင်ဘဲ နှေးအောင် မြန်အောင် တမင်အားမထုတ်ဘဲ ပကတိရှူမြဲအတိုင်း မှန်မှန်ရှူရမည်။ ထိုသို့ရှူနေရင်း ဖောင်းတက်လာတာကို "ဖောင်းတယ်"၊ ပိန်ကျသွားတာကို "ပိန်တယ်"ဟု "ဖောင်းတိုင်း ပိန်တိုင်း မပြတ်မှတ်နေရမည်။ "ဖောင်းတယ်၊ ပိန်တယ်"ဟု စိတ်ဖြင့်သာ ဆိုရမည်။ (၀၂) စိတ်ဖြင့်သာ မှတ်ရမည်။ ပါးစပ်ဖြင့် မဆိုရ။ ဝိပဿနာဟူသည် အဆိုတွေ့ အမည်တွေ့က လိုရင်းမဟုတ်။ သိဖို့သာလိုရင်းဖြစ်သည်။ ထို့ကြောင့် စိတ်ဖြင့် ဆိုရုံနှင့်မပြီးသေးဘဲ "ဖောင်းတယ်"ဟု မှတ်သည့်အခါ ဖောင်းစကနေပြီး ဖောင်းဆုံးတိုင်အောင် ဖောင်းတက်လာပုံကို မျက်စိဖြင့်မြင်သလို သေသေချာချာ သိသွားစေရမည်။ "ပိန်တယ်"မှတ်သည့်အခါ ပိန်ကျသွားတာကို ပိန်စမှ ပိန်ဆုံးတိုင်အောင် မျက်စိဖြင့်မြင်သလို ထင်ထင်ရှားရှားသိသွားစေရမည်။ "ဖောင်းတယ်"ဟု မှတ်လျှင် ဖောင်းတာနှင့် အသိကပ်သွားစေရမည်။ ရှုမှတ်စရာအာရုံနှင့် ရှုမှတ်လိုက်သည့် စိတ်သည် အံကျကိုက်ကိုက်သွားအောင် ဂရုစိုက်ပြီး မှတ်ရမည်။

ဖြင့် ထက်ထက်သန်သန် ရှုမှတ်နေရမည်။ ညောင်းအားကြီးလျှင် နေရာပြင်နိုင်သည်။ ရှုမှတ်ဖန်များလျှင် နိမိတ်တစ်ခုခု မြင်လာတတ်၏။

နှာသီးဖျားကိုတိုးသော ထွက်လေဝင်လေကိုသိအောင် ရှုမှတ်ဖန်များလာသောအခါ ထွက်လေဝင်လေသည် လေမြောင်းကြီးပမာ ဖြစ်ပေါ်ဟန်ထင်မြင်လာတတ်သည်။ ထွက်လေသည် နှာသီးဝအပြင်သို့ တစ်ထွာတစ်တောင် ရှည်ထွက်သွားပုံ၊ ဝင်လေသည် ချက်ထိအောင် ရောက်သွားပုံတို့ကို ထင်မြင်တတ်သည်။ နှာသီးဝမှာ ထွက်လေဝင်လေသည် မီးခိုးဖြူလို တစ်ခါတစ်ခါ အဖြူခိုးနှင့် ရောလျက် ရွှေမှုန့် ငွေမှုန့်လို တစ်ခါတစ်ခါ ပုလဲလုံးလေးလို အချို့ယောဂီများ ထင်မြင်တတ်ကြသည်။ သမာဓိရင့်လာရင် ပုလဲလုံးလေးများ အရောင်တောက်လာပြီး ထိုအရောင်ဖြင့် ဝမ်းထဲရှိ အရာများကိုပင် မြင်တတ်သည်။ အခြားအာရုံနိမိတ်များကိုလည်း မြင်တတ်သည်။ ထိုနိမိတ်တစ်ခုခု ပျောက်သွားလျှင် နှာသီးဝက ထွက်လေဝင်လေ ပြန်မှတ်ရမည်။ ထိုထင်လာသော နိမိတ်များကိုမူ နှစ်သက်ကျေနပ်မနေရပေ။ နိမိတ်ကို နှစ်သက်ကျေနပ်ပြီး မိမိကိုယ်ကို အထင်ကြီးနေလျှင် ကမ္မဋ္ဌာန်းအလုပ်ကို အနှောင့်အယှက်ဖြစ်တတ်သည်။ ထိုသို့တွေ့သော နိမိတ်အမျိုးမျိုးကို ဥဂ္ဃဟနိမိတ် (ကြွတက်လာသောအာရုံ) ဟုခေါ်သည်။ ထိုနိမိတ်များမှ ထင်ရှားသော ဂုံညင်းခန့် ဥသျှစ်သီးခန့် နိမိတ်တစ်လုံးလုံးကို နှာသီးဖျားနှင့် တစ်တောင်ခန့်နေရာမှာ မြင်အောင်မျက်စိမှိတ်လျက် အာနာပါနကိုရှု၊ ထိုနိမိတ်လုံးသည် အစတွင် မိမိထားလိုသောနေရာမှာ ရောက်လာ

သလိုလို ပျောက်သွားသလိုလို ထင်တတ်သည်။ ကြာသောအခါ မပျောက်တော့ဘဲ မျက်စိဖွင့်ကြည့်လျှင်ပင် မြင်နေတတ်၏။ သို့ရာတွင် မျက်စိမှိတ်၍ စိတ်ဖြင့်မြင်အောင်ကြည့်ရသည်။ ကြည့်ဖန်များလျှင် သမာဓိခိုင်မြဲပြီး နိမိတ်လုံးသည် နေလအရောင်ထက်ပင် လင်းထိန်အေးမြလာတတ်သည်။ ထိုနိမိတ်သည် မိမိရှေ့မှာ တည်ငြိမ်နေလိမ့်မည်။ ထိုနိမိတ်ကို ပဋိဘာဂနိမိတ် (သမထရှုရာတွင် နောက်ဆုံးထင်သော အာရုံ) ဟုခေါ်သည်။ ထို ပဋိဘာဂနိမိတ်ကို ကြည့်ရှုနေလျှင် ကြာလေထင်ရှားလေ၊ ငြိမ်သက်အေးချမ်းလေဖြစ်ပြီး ပီတိ(နှစ်သက်မှု)ဖြစ်လာလိမ့်မည်။ ပီတိဖြစ်လျှင်သုခ (ချမ်းသာမှု)ဖြစ်၏။ ထိုသို့သုခဖြစ်လျှင် ဧကဂ္ဂတာ (ခိုင်မြဲတည်တံ့မှု)ဖြစ်သည်။ ထိုအခါ ထိုပဋိဘာဂနိမိတ်အာရုံကို မြင်သည်မှတပါး အခြားဘာကိုမျှ မမြင်တော့ပေ။ သို့ဖြစ်၍ စျာန်အင်္ဂါငါးပါး (ဝိတက်၊ ဝိစာ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) ပြည့်စုံပြီး ပထမစျာန်ဇောကျလေသည်။ ထိုပဋိဘာဂနိမိတ်ကို ကြည့်မြင်နေသော ယောဂီမှာသဘောတရားငါးမျိုး ပါဝင်သော ပထမစျာန်စိတ်ဖြစ်လာသည်။ ပထမစျာန်ကို ရလာသည်ဟု ဆိုလိုသည်။ အာနာပါနသမထ မျှသာမဟုတ် အခြားမည်သည့် သမထကိုမဆို သမာဓိရအောင် ရှေးဦးစွာကျင့်ရပါမည်။

“ဝိပဿနာ တက်၍ ရှုမှတ်နည်း” ဆိုခဲ့သည် ဥဂ္ဂဟနိမိတ်မျိုးကို ခပ်ကြာကြာမြင်ရလျှင် သမာဓိအတော်အားကောင်းပြီး ဖြစ်သည်။ ဝိပဿနာကိုပြောင်းပြီး ရှုမှတ်မည်ဖြစ်သဖြင့် အာနာပါန ရှုခါနီးကပြုသလို ကန်တော့ခြင်း၊ သီလဆောက်တည်ခြင်းတို့ကို ပြုရမည်။

ဝိပဿနာတရားကို ငါရမည်ဟု ထက်သန်စွာ ယုံကြည်စိတ်မွေးရမည်။ ထို့နောက် မိမိထိုင်တတ်သလို ထိုင်ပြီး (၁၀)မိနစ်ခန့် နှာသီးဖျားၭ ထွက်လေဝင်လေ ထွက်ခြင်း၊ ဖြစ်ပေါ်ခြင်း ၊ ပျောက်သွားခြင်း သဘောတို့ကို အနီစွ(အမြဲမရှိ)ဟု ရှုမှတ်ရမည်။ (၁၀)မိနစ် (၁၅)မိနစ်ခန့်ရှိသောအခါ မိမိ၏ငယ်ထိပ်ကို အာရုံပြု၍ ငယ်ထိပ်မှာ စိတ်ထားရမည်။ ငါးမူးစေ့ ကျပ်စေ့ခန့်ရှိ ငယ်ထိပ်နေရာတွင် အေးခနဲ ပူခနဲ နွေးခနဲ တွေ့ရတတ်သည်။ စိတ်ကိုမလွှင့်စေရ။ ငယ်ထိပ်နေရာမှ အာရုံသည် လှုပ်လာ ကြီးကျယ်ပွားများလာတတ်သည်။ တရွရွ တဖွဖွ တဖွဖွဲ့ တသဲသဲ ဖြစ်လာတတ်သည်။ အာရုံအတွေ့ကို မျက်စိဖြင့် တွေ့မြင်ရခြင်းမဟုတ်၊ ဉာဏ်ဖြင့်တွေ့မြင်နေရခြင်း ဖြစ်သည်။ ဤသို့ ရုပ်နာမ်တို့၏ ဖြစ်ပျက်ခြင်းကို ရှုမှတ်ရာမှ နာမရူပ,ပရိစ္ဆေဒ (ရုပ်နာမ်ကိုခွဲခြားမြင်မှု)ဉာဏ် စသော ဉာဏ်စဉ်များ အဆင့်ဆင့် ဖြစ်ပေါ်ပြီး တရားထူးကို ရရှိနိုင်ကြပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

ရဟန်းများ ပါတိမောက်သီလနှင့် ပြည့်စုံပြီး လူပုဂ္ဂိုလ်များသည် အနည်းဆုံး ငါးပါးသီလ ပြည့်စုံရမည်။ ယင်းနောက် တင်ပျဉ်ခွေထိုင်၊ အမျိုးသမီးများလည်း တင်ပျဉ်ခွေထိုင်နိုင်သည်။ မိန်းမထိုင်ကျံ့ကျံ့ထိုင်လိုက ထိုင်နိုင်သည်။ ခါးကိုမတ်မတ်ထား၍ ဘယ်လက်ဝါးဖြန့်၍ အောက်ကထားပြီး ညာလက်ဝါးကို ဖြန့်၍ အပေါ်ကထားရမည်။ လက်မထိပ်နှစ်ခုကို ထိရုံမျှထိထားရမည်။ ရှေ့တည့်တည့်

ဟိုသည်ကြည့်မိပြန်လျှင် "ကြည့်တယ်၊ မြင်တယ်၊ ကြည့်တယ်၊ မြင်တယ်"ဟုမှတ်။ သွားသည့်အခါ ခြေလှမ်းကို မှတ်ရဦးမည်။ ညာဘက်ခြေကလှမ်းလျှင် "ညာလှမ်းတယ်"၊ ဘယ်ဘက်ခြေကလှမ်းလျှင် "ဘယ်လှမ်းတယ်"ဟူ၍ ခြေကြွသည်ကစပြီး ခြေချသည်အထိ ရွေ့ရွေ့သွားသည့် အမူအရာကို အစဉ်အတိုင်းသိအောင် မှတ်ရမည်။ "ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်" ဟူ၍ တစ်လှမ်းတစ်လှမ်း တစ်ခါတစ်ခါ မှတ်ရမည်။ ဤကား မြန်မြန်သွားသည့်အခါ ခပ်ဝေးဝေးသွားရသည့်အခါ မှတ်ပုံတည်း။ ဖြည်းဖြည်းသွားသည့်အခါ စကြီ်လျှောက်သည့်အခါ ခြေတစ်လှမ်းတွင် သုံးပိုင်ရှိသည်။ ခြေကြွတာက တစ်ပိုင်း၊ လှမ်းတာကတစ်ပိုင်း၊ ခြေချလိုက်တာက တစ်ပိုင်းဖြစ်သည်။ ထိုတွင် ကြွတာနှင့်ချတာ နှစ်ပိုင်းကိုစပြီး မှတ်ရမည်။ နင်းချလိုက်တော့ "ချတယ်"ဟု တရွေ့ရွေ့ခြေကျသွားပုံကို သိအောင်မှတ်ရမည်။ "ကြွတယ်၊ ချတယ်၊ ကြွတယ်၊ ချတယ်"ဟူ၍ ခြေတစ်လှမ်းတစ်လှမ်းကို နှစ်ချက်နှစ်ချက် မှတ်ရမည်။ နှစ်ရက်လောက်မှတ်ပြီးက လွယ်ကူပြီး ကျင့်သားရလာလိမ့်မည်။ ထိုအခါ သုံးချက်မှတ်ရမည်။ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်"ဟု သုံးချက်သုံးချက် မှတ်သွားရမည်။ ကြွတတ်လာသည့် အမူအရာ၊ တရွေ့ရွေ့လှမ်းနေသည့် အမူအရာ၊ တဖြည်းဖြည်း ပိကျသွားသည့် အမူအရာများကိုသိအောင် ရှုမှတ်ရမည်။ ထိုသို့သွားနေစဉ် ထိုင်ချင်လာလျှင် "ထိုင်ချင်တယ်၊ ထိုင်ချင်တယ်"ဟု မှတ်၊ လှမ်းကြည့်မိလျှင် "ကြည့်တယ်၊ မြင်တယ်"ဟုမှတ်၊ ထိုင်မည့်

"ပိန်တယ်"ဟု မှတ်သည့်အခါ ပိန်တာနှင့် ရှုမှတ်တာ အံကျကိုက်သွားစေရမည်။ အခြား အထူးမှတ်စရာမရှိလျှင် "ဖောင်းတယ်၊ ပိန်တယ်"ဟုချည်း မှတ်နေရမည်။ ထိုသို့မှတ်နေစဉ် သမာဓိအားမကောင်းသေးခင် စိတ်က အပြင်ထွက်ထွက်သွားလိမ့်မည်။ ထိုစိတ်ကို "သွားတယ်၊ သွားတယ်" သို့မဟုတ် "လွင့်တယ်၊ လွင့်တယ်"ဟု လိုက်မှတ်ရမည်။ ဤသို့ တစ်ချက်နှစ်ချက်မှတ်လိုက်လျှင် စိတ်သည် မလွင့်ဘဲ ရပ်သွားလိမ့်မည်။ ထိုအခါ "ဖောင်းတယ်၊ ပိန်တယ်"ဟု ပြန်မှတ်နေရမည်။ စိတ်ထဲမှာ လူတစ်ယောက်ယောက်နှင့် တွေ့လို့ စကားပြောနေမှ သတိရလျှင် ထိုစိတ်ကို "ပြောတယ်၊ ပြောတယ်" ဟုမှတ်၊ ဤသို့ဖြင့် စိတ်ကူးလျှင် "စိတ်ကူးတယ်" စဉ်းစားလျှင် "စဉ်စားတယ်"၊ ကြံလျှင် "ကြံတယ်"၊ သိလျှင် "သိတယ်"၊ နှလုံးသွင်းလျှင် "နှလုံးသွင်းတယ်"၊ ပျင်းလျှင် "ပျင်းတယ်"၊ ပျော်လျှင် "ပျော်တယ်"၊ ဝမ်းသာလျှင် "ဝမ်းသာတယ်"၊ စိတ်ပျက်လျှင် "စိတ်ပျက်တယ်" ဤသို့မှတ်ရမည်။ တစ်ချက်နှစ်ချက်မှတ်လိုက်ပြီးနောက် စိတ်ကိုမှတ်စရာမရှိလျှင် "ဖောင်းတယ်၊ ပိန်တယ်"ဟု ပြန်မှတ်ရမည်။ ထိုသို့မှတ်နေရင်း တံတွေးမျိုချင်လျှင် "မျိုချင်တယ်" ဟုမှတ်၊ တံတွေးစုတာကို "စုတယ်"၊ မျိုးတော့ "မျိုးတယ်"ဟုမှတ်၊ တံတွေးထွေးချင်လျှင် "ထွေးချင်တယ်"၊ ခေါင်းငုံ့တော့ "ငုံ့တယ်"၊ ကြည့်သေးလျှင် "ကြည့်တယ်"၊ မြင်လျှင် "မြင်တယ်"၊ ထွေးတော့ "ထွေးတယ်"ဟုမှတ်ပြီးလျှင် "ဖောင်းတယ်၊ ပိန်တယ်"ဟု ပြန်မှတ်ရမည်။ ထိုင်တာကြာလျှင် ညောင်းတာ၊ ပူတာများ ဖြစ်လာလိမ့်မည်။

ညောင်းလျှင်ညောင်းတာကို သေသေချာချာသိအောင် စိတ်စိုက်ပြီး "ညောင်းတယ်၊ ညောင်းတယ်"ဟုမှတ်၊ ပူလျှင် "ပူတယ်"၊ နာလျှင် "နာတယ်"၊ ကျဉ်လျှင် "ကျဉ်တယ်"ဟု ဒုက္ခဝေဒနာဖြစ်သမျှ အမည်အတိုင်း မှတ်ရ၏။ ထိုသို့ ညောင်းတာပူတာ စသည့်ဝေဒနာများဖြစ်ပေါ်လာလျှင် "ညောင်းတယ်၊ ညောင်းတယ်"စသည်ဖြင့် သည်းခံ မှတ်နေရမည်။ သည်းခံမမှတ်ဘဲ ခဏခဏနေရာပြင်ပြင်နေရလျှင် သမာဓိမဖြစ်နိုင်၊ သမာဓိမဖြစ်လျှင် ဉာဏ်မဖြစ်နိုင်၊ ဉာဏ်မဖြစ်လျှင် မင်္ဂိုလ်နိဗ္ဗာန် မရောက်နိုင်။ ထို့ကြောင့် ညောင်းတာပူတာစသည့် ဝေဒနာများကို အတတ်နိုင်ဆုံး သည်းခံမှတ်နေရမည်။ ထိုသို့မှတ်နေလျှင် တော်ရုံတန်ရုံ ဝေဒနာများ ပျောက်သွားကြလိမ့်မည်။ သမာဓိဉာဏ်အားကောင်းသည့်အခါ အင်မတန်ကြီးကျယ်သည့် ဝေဒနာများပင် ပျောက်သွားတာကို တွေ့ကြရပါလိမ့်မည်။ အတော်ကြာအောင်မှတ်နေပါလျက် မပျောက်နိုင်ဘဲ မနေသာတော့၍ နေရာပြင်ချင်စိတ် ခဏခဏပေါ်နေလျှင် နေရာပြင်နိုင်သည်။ သို့ရာတွင် အမှတ်နှင့်နေရာပြင်ရမည်။ ပြင်ချင်တော့ "ပြင်ချင်တယ်"၊ လက်ကြွတော့ "ကြွတယ်"၊ ရွေ့တော့ "ရွေ့တယ်" စသည်ဖြင့် ဖြည်းဖြည်းပြင်ရင်း ဖြစ်ပေါ်သမျှ အမူအရာအားလုံးကို မှတ်ရမည်။ နေရာပြင်ပြီးလျှင် "ဖောင်းတယ်၊ ပိန်တယ်" ပြန်မှတ်ရမည်။ ထိုသို့မှတ်နေရင်း တစ်နေရာရာက ယားလာလျှင် "ယားတယ်၊ ယားတယ်" ဟုမှတ်၊ အကြိမ်ကြိမ်မှတ်ပါလျက် မပျောက်လို့ အယားဖျောက်ချင်လျှင် "ဖျောက်ချင်တယ်၊ ဖျောက်ချင်တယ်"ဟုမှတ်၊ အယားဖျောက်

ရန် လက်ကြွလာလျှင် "ကြွတယ်၊ ကြွတယ်"၊ ရွေ့လျှင် "ရွေ့တယ်"၊ ယားသည့်နေရာကိုထိတော့ "ထိတယ်"၊ အယားဖျောက်တော့ "ဖျောက်တယ်၊ ဖျောက်တယ်"၊လက်ပြန်ရွေ့တော့ "ရွေ့တယ်"၊ တစ်နေရာရာကိုထိတော့ "ထိတယ်"မှတ်ရမည်။ ဤသို့ ဂရုစိုက်မှတ်နေစဉ် ကိုယ်ထဲအခံခက်သည့် ဝေဒနာများ အလိုလိုပေါ်လာလိမ့်မည်။ တရားမရှုမှတ်သော ပုဂ္ဂိုလ်များကား နည်းနည်းလေး ညောင်းလာ ပူလာလျှင် အမှတ်အသိမရှိဘဲ ရွေ့လိုက်ပြင်လိုက်ကြ၏။ ထို့ကြောင့် ဆင်းရဲတာတွေ ထင်ထင်ရှားရှား မဖြစ်လိုက်ကြရပေ။ ဤကား ဆင်းရဲဒုက္ခများကို ဣရိယာပုတ်(နေပုံအမူအရာ)များက ဖုံးကွယ်ထားခြင်းဖြစ်သည်။ ပြောင်းလဲနေထိုင်ပုံအမျိုးမျိုးက ဖုံးကွယ်သွား၍ လူများ၏ကိုယ်တွင်းမှာ ဆင်းရဲဒုက္ခများရှိနေမှန်း မသိကြခြင်းဖြစ်သည်။ တစ်နေ့လုံး တစ်ညလုံး နေထိုင်ကောင်းနေသည်ဟု ထင်နေကြခြင်းဖြစ်သည်။ ယောဂီများကား ကိုယ်ထဲကတရားများကို အရှိအတိုင်းမြင်အောင် မှတ်နေသဖြင့် ဒုက္ခများကို ထင်ရှားစွာ တွေ့မြင်လာခြင်းဖြစ်သည်။ ထိုင်ရာကထမည်ကြံလျှင်လည်း "ထချင်တယ်၊ ထချင်တယ်"မှတ်၊ လက်ခြေတွေပြင်တော့ "ကြွတယ်၊ ရွေ့တယ်၊ ဆန့်တယ်၊ ထိတယ်၊ ထောက်တယ်" စသည်ဖြင့် အစဉ်အတိုင်းမှတ်လျက် ဖြည်းဖြည်းလေးထပြီး အမူအရာတိုင်းကို သိအောင်မှတ်ရမည်။ မြန်မြန်ပြုမူလျှင် လေ့ကျင့်စ သတိဉာဏ်ကလေးဖြင့်မှီအောင် မှတ်နိုင်တော့မည် မဟုတ်ပေ။

ထိုသို့ ထပြီး၍ ရပ်မိသည့်အခါ "ရပ်တယ်၊ ရပ်တယ်"ဟုမှတ်၊

ရှေးက ဘုရား ရဟန္တာများ နိဗ္ဗာန်သွားခြင်းသည် ဤဝိပဿနာလမ်းကချည်း သွားခြင်းဖြစ်သည်။ ဝိပဿနာမပါဘဲ နိဗ္ဗာန်ကို မသွားနိုင်ကြ။ တရားနာနေရင်း မဂ်ဖိုလ် နိဗ္ဗာန်ရရောက်သည်ဆိုရာ၌ နည်းနည်းတော့ ရှုမှတ်သွားသေးသည်။ ထို့ကြောင့် ဝိပဿနာဟူသည် ဘုရား ရဟန္တာ အရိယာများ၏ နိဗ္ဗာန်သွား လမ်းမကြီးဖြစ်သည်။ သို့ဖြစ်၍ အပြည့်အစုံအားထုတ်ပြီး နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

တရားအားမထုတ်ခင် ကြိုတင်ပြုလုပ်ရမည့် အမှုကိစ္စ (၅)မျိုး ရှိသည် -

၁။ တရားအားထုတ်စဉ်အတွင်း မိမိကိုယ်ကို ဘုရားအားလျူပါ၏ဟု လျူထားရမည်။

၂။ ဆရာမိဘတို့ကို ကံသုံးပါးဖြင့် ပြစ်မှားမိခဲ့ပါက ထိုအပြစ်တို့ ပျောက်စေခြင်းငှာ ဝန်ချတောင်းပန် ကန်တော့ပါ၏ဟု ဆို၍ ကန်တော့ရမည်။

၃။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာစောင့်နတ်နှင့်တကွ သတ္တဝါအပေါင်းတို့ ကျမ်းမာချမ်းသာကြပါစေဟု မေတ္တာပို့ရမည်။

နေရာသို့သွားလျှင် "ကြွတယ်၊ ချတယ်" "ကြွတယ်၊ ချတယ်"မှတ်၍ သွားရမည်။ ထိုင်မည့်နေရာရောက်၍ရပ်လျှင် "ရပ်တယ်၊ ရပ်တယ်"ဟုမှတ်၊ လှည့်လျှင် "လှည့်တယ်၊ လှည့်တယ်"မှတ်၊ ထိုင်ချင်စိတ်ပေါ်လာလျှင် "ထိုင်ချင်တယ်၊ ထိုင်ချင်တယ်"ဟုမှတ်၊ ထိုင်ချလိုက်တော့ ကိုယ်ကြီးလေးလေးပြီး ကျသွားတာကို စူးစိုက်လျက် "ထိုင်တယ်၊ ထိုင်တယ်၊ ထိုင်တယ်"ဟုမှတ်၊ ထိုင်မိ၍ လက်ခြေတွေကိုပြင်လျှင်လည်း ရွေ့လျှင် "ရွေ့တယ်"၊ ကွေးလျှင် "ကွေးတယ်"၊ ဆန့်လျှင် "ဆန့်တယ်"ဟူ၍ အမူအရာတိုင်းကို တစ်ခုမကျန်မှတ်ရမည်။ ဘာမှ အပြုအပြင်မရှိဘဲ ငြိမ်နေပြီဆိုလျှင် "ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်"ဟု မှတ်နေရမည်။ လှဲအိပ်ချင်လျှင်လည်း "အိပ်ချင်တယ်၊ အိပ်ချင်တယ်"ဟုမှတ်၊ လှဲအိပ်ကာနီး လက်ခြေပြင်တာမျှားကိုလည်း အကုန်လုံးမှတ်ရမည်။ လက်ကြွတော့ "ကြွတယ်"၊ ရွေ့လျှင် "ရွေ့တယ်"၊ ထောက်လျှင် "ထောက်တယ်"၊ ကိုယ်ကြီးကယိမ်းလာလျှင် "ယိမ်းတယ်၊ ယိမ်းတယ်"၊ ခြေဆန့်လျှင် "ဆန့်တယ်၊ ဆန့်တယ်"၊ လှဲအိပ်လိုက်သည့်အခါကျတော့ "အိပ်တယ်၊ အိပ်တယ်"ဟုမှတ်ပြီး ဖြည်းဖြည်းခြင်း လှဲအိပ်သွားရမည်။ ဟိုဘက်သည်ဘက်စောင်းလျှင်လည်း "စောင်းတယ်၊ စောင်းတယ်" ဟုမှတ်ရမည်။ ဘာမျှ အပြုအပြင်မရှိ ငြိမ်နေပြီဆိုလျှင် "ဖောင်းတယ်၊ ပိန်တယ်"ဟု မှတ်နေရမည်။ ဤသို့မှတ်နေတုန်း စိတ်ကလွင့်သွားလျှင် ထိုင်တုန်းကမှတ်သလို လွင့်လျှင် "လွင့်တယ်"၊ ရောက်လျှင် "ရောက်တယ်"၊ ကြဲလျှင် "ကြဲတယ်"၊ စသည်ဖြင့် မှတ်ရမည်။ စိတ်

သည် တစ်ချက်နှစ်ချက်မှတ်လိုက်လျှင် ပျောက်သွားတတ်၏။ ထိုအခါ "ဖောင်းတယ်၊ ပိန်တယ်" ပြန်မှတ်နေရမည်။ အမှတ်ကို လွှတ်ပြီးမအိပ်ရပေ။ မှတ်ရင်းမှတ်ရင်း အိပ်ပျော်သွားစေရမည်။ အမှတ်ကနိုင်လျှင် အိပ်မပျော်ဘဲ နေတတ်သည်။ အိပ်ချင်တာနိုင် လျှင်လည်း အိပ်ပျော်သွားတတ်သည်။ အိပ်ချင်လျှင်လည်း "အိပ် ချင်တယ်၊ အိပ်ချင်တယ်"၊ မျက်စိမှေးလာလျှင် "မှေးတယ်၊ မှေးတယ်"၊ လေးလာလျှင် "လေးတယ်၊ လေးတယ်"ဟုမှတ်၊ အားထုတ်စမှာ လဲအိပ်တာ မများစေရပေ။ ထိုင်မှတ်၊ စင်္ကြံမှတ်တာက များစေရမည်။ ယောဂီသည် အိပ်ပျော်သွားလျှင် ဘာကိုမျှ အမှတ်မရတော့ပေ။ ယောဂီနားနေချိန်ဖြစ်သည်။ တကယ်တမ်းတရားအားထုတ်လျှင် သုံးနာရီ၊ လေးနာရီးထက်ပိုပြီး အိပ်မနေသင့်ပေ။ လေးနာရီအိပ် လျှင် ကောင်းကောင်းလုံလောက်ပါသည်။ အိပ်ပျော်ရာက နိုးလာလျှင် နိုးကတည်းက "နိုးတယ်၊ နိုးတယ်"ဟုမှတ်ပြီးလျှင် "ဖောင်းတယ်၊ ပိန်တယ်" ဆက်မှတ်ရမည်။ အသံကြားလျှင် "ကြားတယ်၊ ကြားတယ်" မှတ်၊ ပြီးတော့ "ဖောင်းတယ်၊ပိန်တယ်"မှတ်၊ ဟိုဘက်သည်ဘက် စောင်းတာပြင်တာတွေကိုလည်း ပြုပြင်ချင်သည့် စိတ်ကူးကလေးက စပြီး "ပြင်ချင်တယ်၊ ပြင်တယ်၊ စောင်းချင်တယ်၊ စောင်းတယ်၊ လှည့်ချင်တယ်၊ လှည့်တယ်၊ ကွေးချင်တယ်၊ ကွေးတယ်"စသည်ဖြင့် မှတ်ရမည်။ ဘယ်အချိန်ရှိလိမ့်မလဲဟု စဉ်းစားလျှင်လည်း "စဉ်းစား တယ်"ဟုမှတ်ရမည်။ အိပ်ရာထ ထဖို့ကြံလျှင် "ထချင်တယ်၊ ထချင် တယ်"ဟုမှတ်၊ လက်ခြေပြင်တာ၊ ခေါင်းထောင်ပြီး ထလာတာများ

ကိုလည်း "ပြင်တယ်၊ပြင်တယ်"၊ "ထတယ်၊ထတယ်"၊ "ထိုင်တော့ "ထိုင်တယ်"၊ လက်ခြေပြင်တာများကိုလည်း "ပြင်တယ်၊ပြင်တယ်" ဟုမှတ်၊ ငြိမ်ငြိမ်လေးထိုင်နေပြီးဆိုတော့ "ဖောင်းတယ်၊ ပိန်တယ်" ပြန်မှတ်။ မျက်နှာသစ်၊ ရေချိုးစဉ်မှာလည်း မှတ်နိုင်သမျှ မှတ်ရမည်။ အဝတ်အစားဝတ်တာ၊ အိပ်ရာနေရာပြင်တာ၊ တံခါးပိတ်တာ၊ ဖွင့်တာများကိုလည်း အားလုံးမှတ်ရမည်။ ထမင်းစားသည့်အခါ ထမင်း ပွဲကြည့်တာကစပြီး "ကြည့်တယ်၊မြင်တယ်"မှတ်။ ထမင်းပွဲဆီ လက် လှမ်းလျှင် "လှမ်းတယ်၊ လှမ်းတယ်"၊ ထမင်းနှင့်လက်ထိတော့ "ထိတယ်"၊ ထမင်းစုလျှင် "စုတယ်"၊ ထမင်းလုတ်ပြင်တော့ "ပြင်တယ်"၊ ထမင်းလုတ်ကို မြှောက်ပြီးယူလာတော့ "ယူတယ်၊ ယူတယ်"၊ ခေါင်း ငုံ့တော့ "ငုံ့တယ်"၊ ခွံ့တော့ "ခွံ့တယ်"၊ လက်ပြန်ချတော့ "ချတယ်"၊ ပန်းကန်ပြားနှင့်ထိတော့ "ထိတယ်"၊ ခေါင်းပြန်ထောင်တော့ "ထောင်တယ်"၊ ဝါးတဲ့အခါအချက်တိုင်းကို "ဝါးတယ်၊ ဝါးတယ်"၊ အရသာကိုသိတော့ "သိတယ်၊ သိတယ်"၊ ကောင်းလျှင် "ကောင်း တယ်၊ ကောင်းတယ်"၊ မျိုချလိုက်တော့ "မျိုတယ်၊ မျိုတယ်"ဟုမှတ်။ ဤကား ထမင်းတစ်လုတ်စားတုန်း မှတ်ပုံတည်း။ နောက်ထမင်း လုတ်များကိုလည်း ထိုနည်းအတိုင်း မှတ်ရမည်။ ဟင်းရည်သောက် လျှင်လည်း ကြည့်တာ မြင်တာ လက်လှမ်းတာ ဇွန်းကိုင်တာ ကော်တာ ခပ်တာ ယူလာတာ သောက်တာ မျိုတာ အကုန်လုံး သူ့အမည် အတိုင်းမှတ်ရမည်။ မှတ်ခါစတွင် မမှတ်လိုက်တာ မေ့သွားတာတွေ များစွာရှိလိမ့်မည်။ ကျင့်သားရလာသည့်အခါမှ အကုန်လုံး စေ့စပ် အောင် မှတ်နိုင်မည်ဖြစ်သည်။

၄။ ရှေးဘဝ၊ ယခုဘဝ ပြုသမျှကုသိုလ်ဒါနတို့သည် ငါအလို ရှိသော မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေခြင်းငှာ လျင်မြန်စွာ ကျေးဇူးပြုပါစေသတည်းဟု ဆိုရမည်။

၅။ ငါသည်ဘဝများစွာက သေခဲ့လှပြီ။ ယခုဘဝမသေခင်မှာ တရားအားထုတ်မှပဲဟု သေခြင်းတရားကို ပွားများရမည်။

သမာဓိရရုံလောက်သာ သမထကိုအားထုတ်ပြီး သမာဓိရ လျှင် ဝိပဿနာပြောင်း၍ အားထုတ်ရမည်။ ဝိပဿနာပြောင်းခြင်း ဟူသည် သမထ(သမာဓိ)လမ်းမှ ဝိပဿနာ(ပညာ)လမ်းသို့ စိတ် လွှတ်ပြီး ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုလက္ခဏာကို ဆင်ခြင်နေခြင်း ဖြစ်သည်။ တရားအားထုတ်ရန် တင်ပလ္လင်ခွေထိုင်ရမည်။ ခါးကို ရှေ့မငိုက်၊ နောက်မငိုက်၊ ဘေးမစောင်းစေဘဲ ဖြောင့်ဖြောင့် မတ် မတ် ထားရမည်။ ကိုယ်ကိုတောင့်မထားဘဲ ခပ်လျော့လျော့ထိုင်ရ မည်။ ခြေထောက်ချင်းဖိညှပ်မထားဘဲ ကြာကြာထိုင်နိုင်သောနည်း ဖြင့် ထိုင်ရမည်။ ယောဂီသည် နှစ်သက်ရာ ကျရိယာပုတ်(အိပ် ထိုင် ရပ် သွား)ဖြင့် ထိုင်နိုင်သည်။ သို့သော်ထိုင်ခြင်း ကျရိယာပုတ်က သမာဓိကို ရလွယ်စေသည်။ ယင်းနောက် ဝင်သက်ထွက်သက်ကို မှန်မှန် ရှုရှိုက်လျှင် မိမိကိုယ်ကို ညှဉ်းဆဲရာ ကျလိမ့်မည်။ သို့ဖြစ် ၍ မှန်မှန်နှင့်လေကိုဝအောင် ရှူရမည်။ နှာသီးဖျား၊ အထက်နှုတ် ခမ်း၊ ရင်ညွန့် ကြိုက်ရာနေရာမှာ စိတ်ကိုထားရမည်။ သတိမလစ် စေဘဲ ဝင်လေထွက်လေ ထိတာကို သိသိနေစေရမည်။ အခြား ဘယ်အာရုံကိုမျှ စိတ်မရောက်စေရပါ။ ဝင်လေထွက်လေ ရှူသည့်

ရုပ်နာမ်သည် အကြောင်းတရားကြောင့်ဖြစ်ပေါ်လာသော အကျိုး တရားဖြစ်ပြီး၊ အကြောင်းလည်း ဖြစ်ပျက်၊ အကျိုးလည်း ဖြစ်ပျက် ဟု ဆင်ခြင်ကာ အကြောင်းကိုသိမ်းဆည်းသိမြင်နိုင်သော ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို မမြဲဆင်းရဲ အစိုးမရဟု ဆင်ခြင်နိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို မမြဲ ဆင်းရဲ အစိုးမရ ဟု ဆင်ခြင်သုံးသပ်သော သမ္မသနာဉာဏ်၊ ဖြစ်ဆဲရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေမှုကို ရှုမြင်သော ဥဒယဗ္ဗယဉာဏ်၊ ထိုသို့ ရှုဖန်များလာသည့်အခါ အပျက်ကိုသာ သိမြင်သော ဘင်္ဂဉာဏ်၊ ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှုကိုသာ မြင်နေ သဖြင့် ကြောက်ဖွယ်ဘေးကြီးဟု ထင်မြင်သော ဘယဉာဏ်၊ ချုပ် ပျက်မှု စသောအပြစ်တွေကိုသာမြင်သော အာဒီနဝဉာဏ်၊ ရုပ် နာမ်ခန္ဓာကိုယ်ကို ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်၊ ထိုရုပ်နာမ်သင်္ခါရတို့မှ လွတ်မြောက်လိုသော မုစ္စိတုကမျှတာဉာဏ်၊ ရုပ်နာမ်တို့၏ မမြဲ ဆင်းရဲ အစိုးမရမှုကို အလွန်ထင်မြင်သော ပဋိသင်္ခါဉာဏ်၊ ရုပ်နာမ် သင်္ခါရတို့ကို မချစ်မမုန်း လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်၊ ရှေ့ ဉာဏ် နောက်ဉာဏ်တို့ကို မမြဲ ဆင်းရဲ အစိုးမရသော သဘောဖြင့် အစမှအဆုံး၊ အဆုံးမှအစ ရှေ့ပြန်နောက်ပြန် ရှုပွားသည့်အခါ နှစ်ဉာဏ်လုံးသင့်လျော်သော အနုလောမဉာဏ်များ ဖြစ်ပေါ်လာ လိမ့်မည်။ ဤသို့ စသည်ဖြင့် ဉာဏ်စဉ်အဆင့်ဆင့်တက်ပြီး မဂ် ဉာဏ် ဖိုလ်ဉာဏ်ရကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပေလိမ့်မည်။

ဗုဒ္ဓဘာသာကောင်းတစ်ယောက်. သာ. ထွန်း. ပြန့် . စ. ကြိမ်

နောက်ဉာဏ်က သိရမည်။ ညောင်းတာကို ပြုပြင်မပေးသမျှ ပြောင်းရွှေ့ပြုပြင်ချင်စိတ်ပေါ်လာလိမ့်မည်။ ထိုအခါ ဆန့်ချင် ကွေးချင် ပြောင်းချင် ရွှေ့ချင်စိတ်ဖြစ်တာကို သိမှတ်ပါ။ ထိုသို့သိချိန် ထိုဆန့်ချင် ကွေးချင်သော ရုပ်နာမ်များ မရှိတော့တာကို ထပ်ပြီးသိမှတ်ပါ။ ဤသို့သိနေတုန်း အသံတစ်ခု ကြားလိုက်လျှင် ကြားပြန်ပြီဟု သိမှတ်ပါ။ တစ်ခုခုပေါ်လာတိုင်း ပေါ်လာတိုင်း သိပြီးဖြစ်ပြီး ပျက်သွား ပျောက်သွားပါကလားဟု သိရမည်။ ဤသို့ အသိတရားတွေ ကျဲနေရာကနေ စိပ်သည်ထက်စိပ်လာတာကို ဉာဏ်ဖြင့် မှတ်ပါ။ တစ်ဖြည်းဖြည်းရုပ်နာမ်တွေ တစ်ခုပြီးတစ်ခု ဖြစ်ပြီးပျက်သွားတာကို သတိဖြင့် စိုက်ကြည့်ကတွေ့လိမ့်မည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ပါဠိလို ရွတ်မနေဘဲ ဖြစ်ပြီးပျက်သွားပါကလားဟု တစ်ခုတည်းကို သာ သတိဖြင့် စိုက်ပြီးကြည့်နေလျှင် ဆင်းရဲသည့်သဘော၊ အစိုးမရသည့်သဘောကို ပိုပြီးထင်မြင်လာလိမ့်မည်။ ဤသို့ မိမိခန္ဓာကိုယ်မှာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်တွေကို ရှုကြည့်ဖန်များလာလျှင် မိမိခန္ဓာကိုယ်ကို ရွံ့မုန်းလာစိတ်၊ စွန့်လွှတ်ချင်စိတ် ဖြစ်လာလိမ့်မည်။ ဖြစ်ပျက် ဒုက္ခနှင့်မကင်းနိုင်ဘဲ အို နာ သေ ဒုက္ခများနှင့် တွေ့ကြုံရဦးမည်ဟု ကြောက်ရွံ့ပြီး မိမိခန္ဓာကိုယ် ရွံ့မုန်းလာလိမ့်မည်။ ဖြစ်ပျက်ရှုဖန်များလာလျှင် လောဘ ဒေါသ မောဟ များတဖြည်းဖြည်း ခေါင်းပါးပြီး နောက်ဆုံးလွှင့်ပျောက် ခန်းခြောက်သွားသည်အထိ ဖြစ်ပျက်ဆုံးအောင် ပွားများအားထုတ်ရမည်။ ဖြစ်ပျက် ရှုဖန်များလာလျှင် ရုပ်နာမ်ကို ခွဲခြားသိသည့် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ဤ

အခါ နှာခေါင်းဖြင့် ရှူရမည်။ ပါးစပ်က ရှူရမည်။ နှာခေါင်းက ရှူသည့်အခါ ဘယ်ဘက်က ရှူတယ်၊ ညာဘက်က ရှူတယ်ဆိုတာတွေကို လိုက်နေရန်မလို၊ သမာဓိရဖို့သာလိုသည်။ ဝင်လေကိုရှူသည့်အခါ နှာသီးဖျားအစ၊ ရင်ညွှန့်အလယ်၊ ချက်အဆုံး ဝင်လေရောက်တာကိုသိရမည်။ လေကိုထုတ်သည့်အခါလည်း ချက်အစ ရင်ညွှန့်အလယ်၊ နှာသီးဖျားအဆုံး ထွက်လေကို သိရမည်။ ထိုသို့ အသိကိုလိုက်ပြီး အားထုတ်လျှင် သမာဓိရနိုင်သည်။ (၁၅)မိနစ်မျှ နှင့်ပင် သမာဓိကို ထူထောင်နိုင်သည်။ ထိုသို့ ရှုရှိုက်နေရာတွင် ရှုရှိုက်တာက ရုပ်၊ ရှုရှိုက်နေမှုကို သိတာက နာမ်ဟု သိခြင်းသည် နာမရူပပရိစ္ဆေဒ (ရုပ်နာမ်ကိုခွဲခြားသိမှု)ဉာဏ်ဖြစ်သည်။ ဝိသုဒ္ဓိလိုပြောရလျှင် ဒိဋ္ဌဝိသုဒ္ဓိ (အမြင်စင်ကြယ်ခြင်း)ဖြစ်သည်။ အာရုံနှင့် သိမှတ်စိတ်ကို တည့်နေအောင် ရှုမှတ်ရမည်။ စဉ်စားတွေးကြံမှုမပြုရ၊ အခြားအာရုံဝင်မလာအောင် ထိန်းရမည်။ ဤသို့ဖြင့် သမာဓိအားကောင်းလာသည့်အခါ ဝိပဿနာကိုပြောင်းပြီး ရှုမှတ်ရမည်။ ဝိပဿနာဟူသည် နာမ်ရုပ်လက္ခဏာဖြစ်ပေါ်မှုကို ဆင်ခြင်ခြင်းဖြစ်သည်။ ဤခန္ဓာသည် ပဋိသန္ဓေကစပြီး သေသည့်တိုင်အောင် မပြတ်မစဲထပ်တလဲလဲ ဖြစ်ပျက်နေသည်။ တရားထိုင်တာ ကြာလာလျှင် ရုပ်ဖောက်ပြန်ပြီး ဝေဒနာပေါ်လာတတ်သည်။ ညောင်းလာလျှင် ညောင်းတာ၊ ညောင်းမှန်သိတာ နှစ်မျိုးကို ဖြစ်ပြီးပျက်သွားတာပဲဟု သိရမည်။ ထိုသို့သိသည့်အခါ ညောင်းသည့်ရုပ်နှင့် ညောင်းမှန်းသိသည့်စိတ် မရှိတော့ဘဲ ချုပ်ပျောက်သွားကုန်ပြီဟု

မဟာစည်ဆရာတော်ကြီး ကြွသွား၍ မကြာမီ ဝေဘူဆရာတော်ကြီး ကွယ်လာတော်မူ၏။

ဝေဘူဆရာတော်ကြီးမှာ တရားပလ္လင်ပေါ်တွင် စက္ခုန္ဒြေချ၍ သီတင်းသုံးနေစဉ် (သမာပတ်ဝင်စားနေစဉ်) ဆားတောင်ဆရာတော်ကြီးကလည်း ဝေဘူဆရာတော်ကြီး သီတင်းသုံးရာ တရားပလ္လင်ရှေ့တည့်တည့်မှ ဝေဘူဆရာတော်ကြီးအတိုင်း သီတင်းသုံးနေလေ၏။ အဖူးမျှော်လာသူပရိသတ်အားလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

နာရီဝက်ခန့်ကြာသောအခါ ဆရာတော်နှစ်ပါလုံး တပြိုင်နက် မျက်လုံးများ ဖွင့်တော်မူကြ၏။

ဝေဘူဆရာတော် - အရသာမရှိဘူးလားဗျ၊ မချမ်းသာဘူး လားဗျာ၊ ကျွန်ုပ်တို့ တသံသရာလုံးရှာခဲ့ကြတာ အခုမှပဲ အားရပါးရကြီး ခံစားရတာမဟုတ်လားဗျာ။ ဆရာတော်လေးက တယ်ပါရမီထူးတာကိုး၊ အသက်ငယ်ပါသေးတယ်။ သာသနာအတွက် ကျွန်ုပ်တို့တော့ အားထားပါတယ်။

ဝေနေယျတွေကို ကယ်ပါ၊ ချွတ်ပါ၊ တရားပြပါ၊ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါသေးတယ်ဗျာ၊ ဆရာတော်လေးက အမှိုက်ရှင်းရမှာဆိုတော့ သာသနာခရီးမှာ သာသနာအကျိုးစီးပွားအတွက် သာသနာပြုပေးပါဦး။

ဆားတောင်ဆရာတော်ကြီး - မှန်လှပါဘုရား။

သက်တော် ၃၀ အရွယ်ဖြင့် ရဟန်းကိစ္စပြီး၍ ရဟန္တာဖြစ်တော်မူသော အံ့ဖွယ်ထူးခြား
"ဆားတောင်ဆရာတော်ဘုရားကြီး"

စစ်ကိုင်းမြို့နယ်၊ ဆားတောင်ကျေးရွာအုပ်စု၊ သင်းတွဲရွာဇာတိဖြစ်၍ ဆားတောင်ဆရာတော်ဟု ထင်ရှားကျော်ကြားသော ရဟန္တာပုဂ္ဂိုလ်ထူးကြီးတစ်ပါး မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့ဖူး၏။

ထိုဆရာတော်ကြီး၏ အကြောင်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလှ၏။

အတိတ်ဘဝက အိန္ဒိယနိုင်ငံမှာ ဟိန္ဒူကုလားဖြစ်စဉ်တွင် ဂေါတမဗုဒ္ဓဘုရားရှင်ကို သက်တော်ထင်ရှား ဖူးမြင်ခဲ့ဖူးကြောင်း၊ ဘုရားရှင် ရှာတရှာ၌ ဆွမ်းခံကြွစဉ် ရုတ်တရက်လမ်းမှာဆုံခိုက် ဌက်ပျော်ခိုင်ကိုခုတ်၍ လျှုဒါန်းပြီးဆုတောင်းခဲ့ရာ သာသနာ နောက်ပိုင်း ရဟန်းကိစ္စပြီးလိမ့်မယ်လို့ ဘုရားရှင်က ဗျာဒိတ်ပေးခဲ့ကြောင်း။

ထိုဗျာဒိတ်တော်အတိုင်းပင် စွန်းလွန်းဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိစာအုပ်ကိုဖတ်ပြီး ပြင်းပြင်းထန်ထန်တရားအားထုတ်ခဲ့ရာ သက်တော်(၃၀)အရွယ် - (၁၃၁၇)ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၈) ရက်နေ့ နံနက်(၂)နာရီအချိန်တွင် အာသဝေါကင်းကွာ ရဟန္တာဖြစ်တော်မူကြောင်း ဆရာတော်ကြီး၏ ထေရုပ္ပတ္တိတွင် ဖတ်ရှုရ၏။

ရဟန်းကိစ္စပြီးတော်မူပြီးနောက် ဆရာတော်ကြီးအား ရပ်ဝေးရပ်နီးမှ ဖူးမျှော်သူများနှင့် နေ့စဉ်စဉ်ကားလျက် ရှိ၏။ တနေ့ ဝေဘူဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများက ဝေဘူဆရာ

တော်ကြီး ကြွလာမည့်အကြောင်း ဝေဘူဆရာတော်ကြီး၏ ပေးစာကို ဆားတောင်ဆရာတော်ကြီးထံ ဆက်ကပ်ရာ . . . "ဝေဘူဆရာတော်ကြီးတင်မဟုတ်ဘူး၊ မဟာစည်ဆရာတော်ကြီးလည်း ကြွလာလိမ့်မယ် အသင့်ပြင်ထားကြ" ဟု မိန့်တော်မူ၏။

မဟာစည်ဆရာတော်ကြီး ကြွလာမည့်အကြောင်းကား မည့်သူထံမှ အကြောင်းကြားထားခြင်း မရှိပေ။ သို့သော် ဆရာတော်ကြီး အမိန့်အတိုင်း အဆင်သင့်ပြင်ဆင်ထားကြ၏။

၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်နေ့၊ နံနက်(၈)နာရီ အချိန်တွင် မဟာစည်ဆရာတော်ကြီးသည် နောက်ပါသံဃာတော်များနှင့်အတူ ကြွရောက်လာပြီး ဆားတောင်ဆရာတော်ကြီး၏ အဖူးမျှော်ခံရင်း ဆားတောင်ဆရာတော်ကြီးအား အောက်ပါအတိုင်း မေးမြန်းတော်မူ၏။

မဟာစည်ဆရာတော် - ဘယ်နည်းနဲ့ တရားအားထုတ်ပါ သလဲဘုရား?

ဆားတောင်ဆရာတော်ကြီး- တပည့်တော် စွန်းလွန်းဆရာတော်ဘုရား၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်စာအုပ်ကို ဖတ်ရှု လေ့လာပြီး သမ္မပ္ပဓာန်ကျင့်စဉ် အတိုင်း အားထုတ်ပါသည် ဘုရား။

မဟာစည်ဆရာတော် - စွန်းလွန်းဦးကဝိ၏ နည်းကလည်း အလွန်ကောင်းတဲ့နည်းပါပဲ၊ ဦးကဝိလိုကော ပြင်းပြင်းထန်

ထန် အားထုတ်နိုင်ပါရဲ့လား ဘုရား။

ဆားတောင်ဆရာတော်ကြီး- မှန်လှပါ။ တပည့်တော် စွန်းလွန်းဆရာတော်ကြီးလိုပဲ အားထုတ်နိုင်ပါတယ်ဘုရား။ အမှန်က စွန်းလွန်းဆရာတော်ဘုရားကြီး နည်းအတိုင်းပဲ လောဘ၊ ဒေါသ၊ မောဟ စွန့်လွှတ်နည်းဆိုဆို၊ စွန်းလွန်းနည်းဆိုဆို အားထုတ်ရတာကတော့ စွန့်လွှတ်နည်းပါ။

မဟာစည်ဆရာတော် - အားထုတ်ရတာ အားရပါးရရှိပါရဲ့လားဘုရား။

ဆားတောင်ဆရာတော်ကြီး- အားထုတ်ရတာ အားရပါးရရှိပါတယ်ဘုရား။

မဟာစည်ဆရာတော် - ဒီအတိုင်းဆို မလွဲပါဘူး၊ အသက်ကလည်း ငယ်ပါသေးတယ်၊ ရှေ့ဆက်ပြီး ကိုယ်ခံစားရသလို ဝေနေယျတွေကိုလည်း တရားစခန်းဖွင့်ပြီး တရားပြပေးဦး ဟု တိုက်တွန်းတော်မူကာ ရန်ကုန် မဟာစည်ရိပ်သာသို့ ကြွသွားတော်မူ၏။

မဟာစည်မှာတရားရှာ (၆.၃.၂၀၁၈)

၁၉၆၉ ဝန်းကျင်၊ မော်လမြိုင်တောင်ပိုင်းလေး မဟာစည်ရိပ်သာမှာ ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းအောင်ကျော်နှင့်အတူ ယောကျ်ားယောဂီဆောင်မှာ နှစ်ယောက်တခန်း၊ တခန်းမှာ အတူတလ (ပထမ)ဝင်ဖြစ်ပါတယ်။ ပထမရိပ်သာမှာ တလဝင်မည့်အကြောင်း Register လုပ်ပြီး ဆွမ်းစရိတ်တဦးတလ လေးငါးရာခန့်သာ သွင်းရပါသည်။ အတိအကျမမှတ်မိတော့ပါ။ ၄င်းအချိန်က ကျနော်ရသည့် ပြန်တန်းဝင်အရာရှိလစာမှာ (BEch 1969) ၄၅၀ ကျပ်သာ ဖြစ်ပါသည်။ သုံးကျပ်ဆယ့်ငါးပြား နေ့စားခေတ်ဖြစ်ပါသည်။ တရားစခန်းကိုလဲ အချိန်ကန့်သတ်မထားပါ။ အနည်းဆုံးတလမှ အထက်ကြိုက်သလောက်ဝင်နိုင်ပါသည်။ အဖေနှင့်ကျနော်တလစဝင်ပါသည်။ စုစုပေါင်း ကျားယောဂီသုံးဆယ်ခန့် ရှိပါသည်။ စည်းကမ်းမှာ ယောဂီအချင်းချင်း လုံးဝစကားမပြောရပါ။ တနေ့လျှင် အနည်းဆုံး တနာရီထိုင် တနာရီစင်္ကြံလျှောက်ရပါသည်။ စုစုပေါင်း တနေ့ငါးကြိမ် ထိုင် ငါးကြိမ်လျှောက် ဖြစ်ပါသည်။ အမြဲတမ်း အမှတ်နှင့်သာနေရသဖြင့် အထိုင်အထအလျှောက် အရိယာပထများတွင် အမှတ်လွတ်၍မဖြစ်ပါ။ ထိုအပြင် ဆွမ်းစား၊ ရေချိုး၊ မျက်နှာသစ်ချိန်များ၊ ရေသောက်ချိန်များပါ အမှတ်သတိမလွတ်အောင် နေရပါသည်။ အိပ်ချိန်တွင် အမှတ်နှင့်အိပ်ရပါသည်။ ပိန်တယ်နဲ့အိပ်ပျော်သွားသလား၊ ဖောင်းတယ်နဲ့အိပ်ပျော်သွားသလား သတိပြုအိပ်ရပါသည်။ နိုးထလျှင်လဲ ဘာနှင့်နိုးသလဲသိထားရပါသည်။ တချက်ကယ်မှ အမှတ်မလွတ်ရန် ညွှန်ကြားထားပါသည်။ အစတွင်ခက်သယောင်ရှိသော်

ဝေဘူဆရာတော် - ကြွလာကြတဲ့ပရိသတ်တွေကလည်း တယ်များသကိုးဗျ၊ ပါရမီထူးပါပေ့ဗျာ၊ မသေမီတရားဦးအောင် လုပ်ကြဗျ။

ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ်တံ ယဿ နကပ်ပတိ
အသောကံ ဝိရဇံ ခေမံ
ဧတံ မင်္ဂလ မုတ္တမံ။

(လောကမံတရားရှစ်ပါးနှင့် တွေ့ကြုံရသော ရဟန္တာ၏ စိတ်သည် မတုန်မလှုပ်၊ စိုးရိမ်ကြောင့်ကြခြင်းလည်းမရှိ၊ ကိလေသာရမ္မက်ဟူသော မြူလည်းမရှိ၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် ဘေးလည်းမရှိ)

ဘုရားဟောတဲ့ မင်္ဂလာတရားတော်နဲ့ညီပါပေတယ်ဗျာ၊ သူတော်ကောင်းအပေါင်းတို့ သာဓုခေါ်ကြဗျာ၊ သာဓုခေါ်ကြ ဟုမိန့်လိုက်ရာ ကြွရောက်လာကြသော ပရိသတ်တို့၏ သာဓုခေါ်သံသည် အရပ်ရှစ်မျက်နှာသို့တိုင် ပျံ့နှံ့သွားလေတော့၏။

တနေ့တည်း ဆားတောင်ဆရာတော်ကြီး အထံတော်သို့ နာမည်ကျော် ဆရာတော်ကြီးနှစ်ပါး ကြွရောက်တော်မူလာခြင်းကလည်း ထူးခြားမှုတခုဖြစ်၏။

ဆားတောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

အမြဲဆင်ခြင်နေရမဲ့ တရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ တရားသုံးပါး ဖြစ်တယ်။

လုပ်တိုင်းမဖြစ် စိတ်မညစ်နဲ့ ကိုယ်လုပ် တိုင်းသာဖြစ်နေပါက ဘယ်မှာအနတ္တရှိမည်နည်း။ ပြောတိုင်းမရ စိတ်မညစ်နှင့် ကိုယ်ပြောတိုင်းသာ ရနေပါက ဘယ်မှာ အနတ္တရှိမည်နည်း။ ကြံတိုင်းမမြောက် စိတ်မဖောက်နှင့် ကိုယ်ကြံတိုင်းသာ ပြီးမြောက်ပါက ဘယ်မှာ အနတ္တ ရှိမည်နည်း။

ဆင်းရဲကြုံမှု သည်းခံခွင့်လွှတ် ချမ်းသာချည်းသာကြုံနေပါက ဘယ်မှာ ဒုက္ခရှိမည်နည်း။ပျက်စီးတိုင်းလည်း စိတ်မပျက်နှင့် မပျက်စီးကာ ခိုင်မြဲပါက ဘယ်မှာ အနိစ္စ ရှိမည်နည်း။

အာရုံဟူသမျှ အာရုံတိုင်းသာ တောင့်တပါက ဘယ်မှာ လောဘရှိမည်နည်း။ အရာရာမျိုး စိတ်မဆိုးနှင့် အရာရာတိုင်းသာ စိတ်ဆိုးပါက ဘယ်မှာ ဒေါသဆုံးမည်နည်း။ သိဉာဏ်မလိုက် သက်မမိုက်နှင့် သိဉာဏ်မရ မိုက်နေပါက ဘယ်မှာ မောဟဆုံးမည်နည်း။

ဗုဒ္ဓတရားမေ့မထားနှင့် ဆုံးမတိုင်းသာ ကျင့်ကြံပါက ဘယ်မှာ နိဗ္ဗာန်ဝေးမည်နည်း။

သစ်တံခါးဆရာတော် အဓိဋ္ဌာန်ဝင်ကြသူများ

ဆားတောင်ဆရာတော်ကြီးသည် သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂)ဝါအရ (၁၃၆၉)ခုနှစ်၊ တန်တောင်မုန်းလဆန်း (၄)ရက်၊ (၁၃၊ ၁၁၊ ၂၀၀၇) နံနက်(၁၀)နာရီ၊ မိနစ်(၃၀)အချိန်တွင် စဉ့်ကိုင်မြို့နယ်၊ ကသည်းကုန်းကျေးရွာ၊ မင်းရွာကုန်းကျောင်းတွင် ဘဝဇာတ်သိမ်းချုပ်ငြိမ်းတော်မူ၏။

ဆားတောင်ဆရာတော်ကြီး၏ ကျေးဇူးကား များပြားလှ၏။ အတုယူဖွယ်၊ အားကျဖွယ် ရှိလှပါပေ၏။

ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကို ရည်မှန်း၍ ရိုသေစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

အသားအရေတွန့်သည်ကိုလည်း ပြုပြင်၍ ရနိုင်သည်။

သခ်ါရဒုက္ခကိုကား ပြုပြင်၍မရ၊ ဒုက္ခဝေဒနာကြီးမို့ မလာပါနဲ့ဟု တားဆီးမရ၊ သုခဝေဒနာကလေးမို့ မပျောက်ပါစေနဲ့ဟူ၍ တောင်းပန်မရ။ ဤဒုက္ခမျိုးကမှ ကိုယ်မပိုင်၊ ကိုယ်မနိုင်၍ ဒုက္ခအစစ်ကြီး ဖြစ်သည်။ "ဒုက္ခ ဖဿ မဟဗ္ဘယံ" "ဒုက္ခအစစ်ကြီး"ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ဤဒုက္ခကိုသာ ရှုကြရန် ဖြစ်သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာကျမ်းပြု . . . ဆရာတော်ဦးဃောသိတ

ရှင်သာရိပုတ္တရာကိုယ်တော်ကြီးက ဒုက္ခသစ္စာဟာ သုံးမျိုးရှိတယ်တဲ့ဗျား။ ဒုက္ခ ဒုက္ခသစ္စာတစ်မျိုး၊ သခ်ါရဒုက္ခသစ္စာတစ်မျိုး၊ ဝိပရိဏာမ ဒုက္ခသစ္စာ တစ်မျိုးဆိုပြီး ဒုက္ခသစ္စာသုံးမျိုးရှိတယ်။ ဒုက္ခ ဒုက္ခသစ္စာက ဘာလဲဆိုတော့ မိမိခန္ဓာကိုယ်ကြီးထဲမှာ ထုံကျင်ကိုက်ခဲပြီးတော့ အော် ကိုက်လိုက်တာ၊ ပူလိုက်တာ၊ ထုံလိုက်တာ၊ နာလိုက်တာ၊ ကျင်လိုက်တာလို့ လက်ရှိခန္ဓာကိုယ်ကြီးရဲ့ နာပုံတွေကို လက်ရှိခန္ဓာကိုယ်ကြီးနဲ့တွဲပီး သိနေရင် အဲဒါ နာဒုက္ခသစ္စာလို့ ဒီလိုဆိုပါတယ်။ အဲဒီ နာဒုက္ခသစ္စာဟာ ကလေးထိုင်ခိုင်းလဲ ကလေးသိမှာပဲ၊ လူကြီးထိုင်ခိုင်းလဲ လူကြီးသိမှာပဲ ဒါကြောင့်မို့ လူတိုင်းလူတိုင်း သိနိုင်တဲ့ ဒုက္ခသစ္စာတဲ့။ တနည်းပြောရရင် အရပ်သိဇာတ်သိ လူတိုင်းသိတဲ့ ဒုက္ခသစ္စာ။ မညာမတာပြောရမယ်ဆိုရင်တော့ ခွေးတောင်သိသေးတယ်၊ ဝက်တောင်သိသေးတယ်။ တိရိစ္ဆာန်တွေတောင်

လည်း တရားအမှန်တကယ်လိုလားသူများ သုံးလေးရက်ခန့်ကြာလျှင် အဆင်ပြေသွားကြပါသည်။ မဟာစည်တွင် ဤနည်းမှာ အလွန်ကြိုက်ပါသည်။ အလွန်လည်းကောင်းပါသည်။ တရားအမှန်လိုလားသူများကို စစ်ထုတ်ရာတွင် အလွန်ကောင်းပါသည်။

အမှတ်ဖြင့် အမြဲသတိပြုဆင်ခြင်နေရသဖြင့် ဟန်ဆောင်ထိုင်လျှင်မဖြစ်နိုင်ပါ။ ဝိရိယလွန်နေလျှင်လည်း လာ၍ကြာကြာမထိုင်နိုင်ပါ။ တချို့တပ်မတော်အရာရှိကြီး လာအားထုတ်ပေမဲ့ မရပါ။ လက်တွေတဦးမှာ တပ်လေ့ကျင့်ခန်းထက် အများကြီးပင်ပန်းသည်။ ဒီမှာ အိပ်လိုက်စားလိုက်နှင့် နေရိပ်ထဲမှာ သူများတလကျော်မှနာရသည့်ဉာဏ်စဉ်ကို တပတ်နှင့်နာပြမည် ဆိုသော်လည်း တပတ်အကြာဘာမှ မထူးဘဲ ပြန်ရပါသည်။

ရိပ်သာတွင် မည်သူကိုမျှ ပြန်ပါလာပါ မပြောပါ၊ မကန့်သတ်ထားပါ။ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း ဆိတ်ငြိမ်စွာ အားထုတ်နိုင်ပါသည်။

အမှတ်နှင့်သွားမသွား ပြောမပြောကို ကြိုးကြပ်ရဟန်းနှစ်ပါးမှ ခပ်လှမ်းလှမ်းမှ စောင့်ကြည့်ပါသည်။ အထူးသဖြင့် စကားမပြောရန် သူလဲမပြောပါ။

တရားစစ်ခြင်း ညနေငါးနာရီတွင် ယောဂီများအား ဓမ္မာရုံတွင် တရားစစ်ပါသည်။ တရားစစ်ပုံမှာ ဆရာတော်ကြီးမှ အမည်ခေါ်၍ တစ်ဦးချင်းမေးပါသည်။ ဆရာတော်ကြီးမှ ခေါ်ပြီး စာအုပ်နှင့် ခဲတံတချောင်းနှင့် မေးလိုက်ရေးလိုက်ဖျက်လိုက် လုပ်နေပါသည်။ အမေးမှာ ဘယ်နှစ်ကြိမ်ထိုင် ဘယ်နှစ်ကြိမ် လျှောက်သလဲ၊

ဘာဖြစ်သလဲ (နာကျင်ကိုက်) မေးပါသည်။ ဥပမာစကြိုလျှောက်လျှင် ကြွတယ်၊ လှမ်းတယ်၊ ချတယ် ဒါမျိုးလျှောက်သလားမေးပါသည်။

၄င်းမှ သမာဓိဖြစ် မဖြစ် ဗိုလ်ငါးပါးနှင့်အတိုးအလျော့လုပ်ပေးနေပါသည်။ သမာဓိလွန်သူကို လမ်းလျှောက်တာ အစိပ်အကျဲပြောင်းပေးသည်။ ခဲဖျက်ဖြင့်လည်း ဉာဏ်ရောက်ရာ အတက်အကျပြင်ပေးနေပါသည်။ တရားစစ်ရာတွင် ဉာဏ်နှုသူကို အရင်မေးပြီး ဉာဏ်ရင့်သူကို နောက်မှမေးပါသည်။ နောက်ဆုံးဉာဏ်စင်ပေးနာရမည့်သူ တဦးကိုချန်ပြီး ခန်းလွတ်တခုထဲတွင် ဆရာတော်ဘုရားကြီး၏ ကိုယ်တိုင်ဟော ဉာဏ်စဉ်အခွေကို နာရမည့်သူတစ်ဦးထဲသာ ပေးနာစေပါသည်။ အခြားသူများ တဦးနှင့်တစ်ဦး မည်သူ ဉာဏ်စဉ်နာရသည်မသိပါ။ ဉာဏ်မမှီသေးပါက မည်မျှအချိန်ကြာအောင် အားထုတ်ခဲ့စေကာမူ မနာရပါ။ မော်လမြိုင်တောင်ဝိုင်းလေးတွင် တစ်နှစ်တခါခွင့်တလစီယူပြီး သုံးလအားထုတ်ပါသည်။ ယခု ၂၀၀၄ တွင် ပင်စင်ယူပြီး ရန်ကုန်မဟာစည်များဖြစ်သော ဟာမစ်တစ် ရိပ်သာကြီးတွင်လည်းကောင်း၊ ရွှေမင်းဝံမဟာစည်တွင်လည်းကောင်း၊ Golden Vally ရွှေတောင်တန်းမဟာစည် စသည်တို့တွင် ဦးကျော်ကျော်နှင့် အတူသွားရောက်အားထုတ်ဆဲ ဖြစ်ပါသည်။ သို့ရာတွင် ယခုကဲ့သို့ အမှတ်မလွတ်ဘဲ ရက်ရှည်အားထုတ်ဖူးသူများသည် တရားလိုလားသူအမှန်၊ တရားရမည့်သူအမှန်သာ ဖြစ်ပေတော့သည်။

ခင်မောင်ဝင်း (မတ် ၂၀၁၈)။

"သခ်ၤရဒုက္ခကိုသာ ေရွးရွ့ေမွာ"

ယောဂီတို့ တရားထိုင်တဲ့အခါ တွေ့ကြတဲ့ ထုံကျဉ်၊ ကိုက်ခဲ၊ ညောင်းညာ၊ အောင့်အင့်ဆိုတဲ့ ဒုက္ခတွေ ဘယ်ထဲထည့်ရမည်ဆိုတာ သိပြီးသား ဒုက္ခဒုက္ခထဲသို့ ထည့်ကြရမည်။

သို့ဖြစ်လျှင် ရှုကောင်းမည်လော့

ရှုမကောင်းပါဘုရား။

ဘာကြောင့်နည်း။ ဒုက္ခအစစ် မဟုတ်သောကြောင့်တည်း။ ဤသဘောကို မသိကြ၍ ဦးထွန်းတင်တို့ လူစု ဒုက္ခကိုလုပ်၍ ရှုနေကြခြင်းဖြစ်သည်။

တစ်ဖန် ဆံဖြူ၊ သွားကျိုး၊ ခါးကိုင်း၊ နားထိုင်း၊ အိုမင်းယိုယွင်းစသော ဝိပရိဏာမဒုက္ခတို့ကိုရော ရှုကောင်းမည်လော။

မရှုကောင်းပါဘုရား။

အဘယ်ကြောင့်နည်း။ ဒုက္ခအစစ်မဟုတ်သောကြောင့်တည်း။ [ကမ္မဋ္ဌာန်းရုပ်များကို ရှုကြသည်ကား သံဝေဂရရုံအတွက်သာ ဖြစ်၏။ မဂ် - ဖိုလ် မရနိုင်။]

ရှင်းပြပါအံ့းမည် ပထမပြောတဲ့ ဒုက္ခဒုက္ခသည် ပြင်းထန်ခဲခက်သော်လည်း ပြုပြင်၍ ရနိုင်၏။ ညောင်းညာကိုက်ခဲလာလျှင် အနှင်းအနှိပ်သမားဖြင့် ပယ်ဖျောက်နိုင်၏။ ဖျားနာလျှင် ဆေးစားဆေးထိုးခြင်းဖြင့် ပြုပြင်၍ ရနိုင်၏။

ဝိပရိဏာမဒုက္ခကိုလည်း ပြုပြင်ရနိုင်၏။ ဆံဖြူလာသည်ကို ဆေးဆိုးနိုင်၏။ သွားကျိုးသည်ကိုလည်း အစားထိုး၍ စိုက်နိုင်၏။

လို့တွယ်လို့မရတဲ့ခန္ဓာ။ လူတိုင်းမမြင်တဲ့ခန္ဓာ၊ ခပ်ကြမ်းကြမ်းပြောမယ် ခွေးမတွေ့တဲ့ခန္ဓာပေါ့ဗျာ။ ခေါင်းတွေ၊ လက်တွေ၊ ခြေထောက်တွေကတော့ ခွေးတွေ့တဲ့ခန္ဓာ ခွေးဟောင်တဲ့ ခန္ဓာပေါ့ဗျာ။ ခွေးမတွေ့တဲ့ခန္ဓာ၊ လူတိုင်းမမြင်တဲ့ခန္ဓာကို မြင်ပါမှ အရိယာဖြစ်မယ်။ အဲဒါကြောင့် ဒို့ဒကာ,ဒကာမတွေ အကြောင်းခမ္မတွေက ပြုပြင်ပေးလို့ပေါ်လာတဲ့ သဘောခန္ဓာလေးတွေ ပဋိစ္စသမုပ္ပါဒ် ခန္ဓာလေးတွေပေါ့။ ထင်ရှားရှိတာလဲ အမှန်ပဲ။ ပျက်စီးတာလဲအမှန်ပဲ။ ဖြစ်တာလဲအမှန်ပဲ။ ပျက်တာလဲအမှန်ပဲ။ ဖြစ်ပေါ်လာအောင်ပြုပြင်ပေးရလို့ (သခ်ါရဒုက္ခ - အဲဒီဖြစ်ဒုက္ခကိုမြင်ရင် သမာဓိမဂ္ဂင်သုံးပါးရတယ်။) အဲဒီဖြစ်တာကို စောင့်ကြည့်ရင်း ဖြတ်ဆိုပျက်စီးသွားပြီ။ ပျက်စီးသွားတယ် ဆိုတော့ ဝိပရိဏာမဒုက္ခ နောက်ဆုံးဒုက္ခ ဖြစ်သွားတာပေါ့။ အေး ဒါဖြင့် နာတယ်၊ ခေါင်းနာတယ်၊ ခြေထောက်နာတယ်။ ဒူးနာတယ် စသဖြင့် သိတဲ့ဒုက္ခသည် နာဒုက္ခ လူတိုင်းသိတဲ့ဒုက္ခ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် အကျိုးပေါ်တယ်လိုသိရင် ပေါ်ခန္ဓာလေးတွေပေါ့ အဲဒါ သခ်ါရဒုက္ခ လူတိုင်းမသိနိုင်ဘူး။ အဲဒီပေါ်လာတဲ့ သခ်ါရတရားလေး ပျက်စီးသွားပြီဆိုတော့ ဝိပရိဏာမဒုက္ခ။ ဒါဖြင့် ဒုက္ခသုံးမျိုး နာဒုက္ခရယ်၊ ဖြစ်ဒုက္ခရယ်၊ ပျက်ဒုက္ခရယ်။ ကဲဒါဖြင့် နောက်ဆုံးနှစ်ခုက ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပေါ့။ အဲဒီဖြစ်မှုနဲ့ ပျက်မှုနှစ်ကိုဉာဏ်နဲ့ သေသေချာချာ ဖြစ်ရင်ဖြစ်တယ်။ ပျက်ရင်ပျက်တယ်၊ ဖြစ်ရင်ဖြစ်တယ်၊ ပျက်ရင်ပျက်တယ်။ ပါးစပ်နဲ့ရွတ်စရာမလိုဘူးဉာဏ်နဲ့ သေသေချာချာ ပိုင်းပိုင်းခြားခြားမြင်အောင် ကြည့်ရမယ်။

သိသေးတဲ့ ဒုက္ခသစ္စာတဲ့။ ဒါဖြင့် အရပ်သိ ဇာတ်သိနဲ့ သာမည အသိနဲ့ ဘယ်လိုလုပ် တရားရကြမလဲ။ ဒါဖြင့် ဒို့ယောဂီသူတော်စင်များ အရပ်သိ ဇာတ်သိ တရားမရနိုင်ဘူး။ ကလေးသိ၊ လူကြီးသိနဲ့ တရားမသိနိုင်ဘူး။ လူတိုင်းလူတိုင်း သိတဲ့အသိလောက်နဲ့တော့ တရားမရနိုင်ဘူးတဲ့။ အေး ဒါကြောင့် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ထုံတာကျင်တာ ကိုက်တာခဲတာလောက်သိတဲ့ ဒုက္ခသစ္စာလောက်ကတော့ မျောက်သိတဲ့ ဒုက္ခသစ္စာလောက်တောင် မမြင့်သေးဘူး ဆိုရမလို ဖြစ်နေတယ်တဲ့။ မျောက်သိတဲ့ ဒုက္ခသစ္စာဘုန်းကြီးတို့ ဗဟုသုတကြားဖူးတယ်။ ပုဏ္ဏားကြီးတစ်ယောက်က သူ့ပုဏ္ဏေးမကြီးနဲ့ သိပ်တည့်ပုံ မရဘူး။ အဆဲခံအဆူခံရတော့ စိတ်ညစ်ပြီး ရွာထိပ်မှာရှိတဲ့ ညောင်ပင်ကြီးအောက် သွားသွားပီး ညည်းသတဲ့ အော် ဒုက္ခသစ္စာ ဒုက္ခသစ္စာ တယ်ဆင်းရဲပါလား။ တစ်နေ့တစ်နေ့ အဆဲခံအဆူခံ အမာန်ခံရ ငါ့မှာ ကောင်းကောင်းကို မနေရဘူး။ အော် ဒုက္ခသစ္စာ . . . ဒုက္ခသစ္စာ ဆင်းရဲလိုက်တာလို့ ဒုက္ခသစ္စာ သွားသွားညည်းတာ အဲဒီညောင်ပင်ကြီးမှာရှိတဲ့ မျောက်ကြီးကကြားတော့ ဟာ ဒီအဖိုးကြီး ဒုက္ခသစ္စာ ဒုက္ခသစ္စာနဲ့ လာလာပီး ညည်းလိုက်တာ ဘယ်လိုဥစ္စာပါလိမ့်။ ကောင်းသလားမကောင်းဘူးလားမသိ ငါလဲသိချင်တယ်။ ဒုက္ခသစ္စာ ပုဏ္ဏားကြီးမေးအုန်းမှဆိုပီးတော့ မျောက်ကြီးကမေးသတဲ့ အိုပုဏ္ဏားကြီး သင်ညည်းနေတဲ့ ဒုက္ခသစ္စာဆိုတာ ကျွန်ုပ်မသိရဘူးလားလို့ မေးသတဲ့။ အဲလိုမေးတော့ ပုဏ္ဏားကြီးက အေး သိရမယ်ကွာ။ မျောက်ကြီးရယ်

ဒီလောက် သိချင်တာ မနက်ဖြန်ကျရင် အဲဒီ ဒုက္ခသစ္စာယူခဲ့မယ် ဆိုပီး ခွေးကြီးတစ်ကောင် ဂုံနီအိတ်ထဲထည့် အဝကြိုးနဲ့ချီထုတ်ပီး ယူသွားသတဲ့။ ဟိုကျမျောက်နဲ့တွေ့မှ ကဲမျောက်ကြီးရေ ဒုက္ခတော့ ပါလာပြီ ကြည့်ချင်ရင်တော့ ညောင်ပင်နဲ့ ခပ်ဝေးဝေးမှာ သွားပီး ဖြည်ကြည့်ပေတော့ ဆိုပြီး ကြိုးလေးလျှော့ပီး ပေးလိုက်သတဲ့ မျောက်က သယ်သွားရင်း အသာလေး ဖြည်ကြည့်လိုက်၊ ချောင်းကြည့်လိုက်၊ ဖြည်ကြည့်လိုက်၊ ချောင်းကြည့်လိုက်နဲ့ ချောင်းကြည့်တော့ ခွေးတွေ့ရော ခွေးကလဲ အိတ်ထဲပိတ်ထားခံရလို့ စိတ်ဆိုးနေတော့ အတင်းထွက်လိုက်ရော၊ မျောက်လဲ ချာလပတ်လည် ပတ်ပြေး ပတ်ပြေး မလွတ်တဲ့အဆုံး ကိုက်မိမလိုဖြစ်တော့ ညောင်ပင်ပေါ်က နေ အောက်ကခွေး ငုံကြည့်ပြီး အော် ဒုက္ခသစ္စာ ဒုက္ခသစ္စာ လက်စသတ်တော့ ဒုက္ခသစ္စာဆိုတာ လျှာကြီးတွဲလဲနဲ့ အစွယ်ကြီးကျဲနေပါလား။ အို ဒုက္ခသစ္စာဆိုတာ ကျုပ်သိပြီ ကျုပ်သိပြီပေါ့။ အဲဒီတော့ မျောက်သိတဲ့ ဒုက္ခသစ္စာလောက်နဲ့တော့ ဒို့ဒကာ ဒကာမတွေ ခက်ရချည်ရဲ့နော်။ အဲဒီတော့ နာတာ ကျင်တာ ထုံတာ ကိုက်တာ ခဲတာလောက်သိရင်တော့ ဒို့ဒကာဒကာမတွေ မျောက်သိတဲ့ ဒုက္ခသစ္စာလောက်ဖြစ်မယ်။ အဲဒီလောက် သိရင်တော့ ဘယ့်နှယ်လုပ်တရားရကြမှာလဲ။ ကဲဒါဖြင့်ရင် သုတဝါအရိယာသာဝကော ဆိုတဲ့ အတိုင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တပည့်တွေဖြစ်တဲ့အတွက် ဆရာတော်ကြီး သိတော်မူတဲ့ အရိယာဖြစ်မယ့် နောက်ဒုက္ခသစ္စာ နှစ်မျိုး ပြောကြအုံးစို့။ နောက်ဒုက္ခသစ္စာနှစ်မျိုး

ကတော့ သခ်ါရဒုက္ခသစ္စာနဲ့ ဝိပရိဏာမ ဒုက္ခသစ္စာတဲ့။ ဒါဖြင့် သခ်ါရသိမ့ ကောင်းမယ်။ သခ်ါရဒုက္ခသစ္စာဆိုတာ ဘာပြောတာလဲ ဆိုရင် ပြုပြင်လို့ ပေါ်လာတာ ခန္ဓာကိုယ်မှာ အသစ်အသစ်ပေါ်လာတာ မှန်သမျှ သခ်ါရဒုက္ခသစ္စာလို့ ဆိုတယ်ဗျာ။ ဒါဖြင့် အကြောင်းမမှတွေက ပြုပြင်ပေးလိုက်လို့ ကိုယ့်ခန္ဓာမှာ အသစ်အသစ်ပေါ်လာတဲ့ သဘောတွေသည် သခ်ါရပဲ။ ဒါဖြင့် မျက်စေ့နဲ့ အဆင်းလေးနဲ့ တိုက်လိုက် မြင်စိတ်လေးပေါ်လာလိုက် မြင်စိတ်လေး သခ်ါရပဲ။ နားနဲ့ အသံလေးနဲ့ပြုပြင်လိုက် ပေါ်လာလိုက် ကြားစိတ်လေး ကြားစိတ်လေး သခ်ါရဒုက္ခ။ နှာခေါင်းနဲ့ အနံ့လေးနဲ့ ပြုပြင်လိုက် နံစိတ်လေး သခ်ါရဒုက္ခ။ လျှာနဲ့အရသာနဲ့ ပြုပြင်ပေးလိုက်။ ဟော ပေါ်လာပီ ချို့တာသိတဲ့စိတ်၊ ချဉ်တာသိတဲ့စိတ်၊ စားစိတ် ခေါ်တာပေါ့။ အဲဒီစိတ်လေးတွေက သခ်ါရပဲ၊ ပြုပြင်လို့ပေါ်တာ မပြုပြင်ရင် မပေါ်ဘူး။ ဖြစ်ချင်တိုင်းလဲ မရဘူး။ အကြောင်းညီညွတ်ရင်လဲ မဖြစ်ပါနဲ့ဆိုလိုမရဘူး။ ဖြစ်ကိုဖြစ်ရမှာ။ အကြောင်းမမှတွေက သူ့ကို ပိုင်တယ်ဆိုရမှာပေါ့။ အဲဒီအကြောင်းမမှတွေက ပြုပြင်ပေးလို့ သူ့ကို သခ်ါရတဲ့။ နောက် ခန္ဓာကိုယ်ကြီးနဲ့ တွေ့ထိစရာတွေနဲ့ ပြုပြင်လို့ ပေါ်လာတဲ့သခ်ါရ။ မိမိမနောနဲ့သဘောနဲ့ တိုက်လိုက်တဲ့ အခါမှာလည်း ကြံတွေးစိတ်လေးတွေ ပေါ်လာတယ်။ အဲဒီကြံတွေးစိတ်လေးတွေဟာလဲ သခ်ါရပဲ။ ဒါဖြင့် ကိုယ့်ခန္ဓာ လက်ရှိခန္ဓာကိုယ်ကြီး ပေါ်မှာ အသစ်အသစ် နောက်ထပ် ပေါ်ပေါ် ပေါ်ပေါ်ပြီးလာတဲ့ သဘောခန္ဓာ။ လုံးရပ်သဏ္ဌာန် ပုံဟန်နိမိတ်တွေမရှိတဲ့ ခန္ဓာ။ ကိုင်

ပေါ်လာတဲ့ အသစ်အသစ်ခန္ဓာတွေက ဆက်တာ။ ပေါ်လာတဲ့ အသစ်အသစ် ခန္ဓာတွေက တဏှာ ဥပါဒါန် ကံတွေကို ဖြစ်စေတတ်တယ်။

ဒါဖြင့် လက်ရှိခန္ဓာနဲ့ ပေါ်ခန္ဓာ လက်ရှိခန္ဓာကိုယ်ကြီးကတော့ အို နာ သေ သဘောပဲဖြစ်တာပဲ။ ပေါ်ခန္ဓာတွေက တဏှာ ဥပါဒါန် ကံ ဆက်တယ်ဗျာ။ အဲလို တဏှာ ဥပါဒါန် ကံ ကူးတဲ့အတွက်ကြောင့် နောက်ထပ်ခန္ဓာရပြီး နောက်ထပ် အို နာ သေ ရအုံးမှာ။ လက်ရှိခန္ဓာကြီးကတော့ အိုရ နာရ သေရအုံးမှာပဲ။ ဘုရားလဲ တားမရဘူး။ ကိုယ်တော်တိုင် ပရိနိဗ္ဗာန်စံခဲ့ရပြီ။ ရဟန္တာတွေလဲ ပရိနိဗ္ဗာန်စံရတာပဲ။ လက်လွန်သွားတဲ့ခန္ဓာကိုယ်ကြီး တားလို့ဆီးလို့မရဘူး။ နောင် ခန္ဓာမြဖြစ်အောင်တော့ တားလို့ရတယ်။ နောင်ခန္ဓာ ဘာကြောင့်ဖြစ်လဲ တဏှာ ဥပါဒါန် ကံကြောင့်ဖြစ်တာ။ တဏှာ ဥပါဒါန် ကံကြောင့် ဇာတိခန္ဓာရတာ။ ကိုယ့်ခန္ဓာမှာ ပေါ်တဲ့ တဏှာ ဥပါဒါန် ကံတွေ။ ဒါတွေမပေါ်အောင် ဘယ်နှယ့်လုပ်ကြမလဲ သူပေါ်ရင်ဆက်မယ်ဆိုတော့ တဏှာ ဥပါဒါန် ကံ ဘယ်ကစလဲ။ ပေါ်ခန္ဓာကစတာ ဒါဖြင့် ဒီပေါ်ခန္ဓာကို အမှန်အတိုင်း မြင်အောင် ကျင့်လိုက်မယ်ဆိုရင်ကဲ မြင်စိတ်လေးပေါ်လာတယ်။ သေချာကြည့်လိုက်စမ်း မရှိတော့ဘူး။ အမှန်သိလိုက်။ နဂို အမှန်မသိခင်တုံးက မြင်တယ်၊ ခင်တယ်၊ စွဲလန်းတယ် ရအောင်ပြန်အားထုတ်အုံးမယ်။ ကြားတယ်၊ ခင်တယ်၊ စွဲလန်းတယ် နောက်ထပ်ကြားရအောင် ပြန်အားထုတ်အုံးမယ်။ မွှေးတယ်၊ ခင်တယ်၊ စွဲလန်းတယ် နောက်ထပ်မွှေးအောင် ပြန်အား

မြင်စိတ်လေး ဖြစ်တယ်၊ ပျက်တယ်၊ ကြားစိတ်လေး ဖြစ်တယ်၊ ပျက်တယ်၊ မြင်စိတ်လေးတွေ ဖြစ်ပြန်ပြီ ပျက်ပြန်ပြီ၊ စားစိတ်လေးတွေ ဖြစ်ပြန်ပြီ ပျက်ပြန်ပြီ၊ စားရင်းသောက်ရင်းနဲ့ကြည့်ပေါ့။ ခန္ဓာကိုယ်မှာ ပူမှု၊ အေးမှု၊ လုပ်မှု၊ ရွမူလေးတွေ ဖြစ်ပြန်ပြီ ပျက်ပြန်ပြီ မနောကတွေးစိတ်လေး ပေါ်ပြန်ပြီ ပျက်ပြန်ပြီ အဲဒီလို ခြောက်ဌာန ပဋိစ္စသမုပ္ပါဒ် ခြောက်မျိုးကို သေသေချာချာ ကျကျနန မြင်အောင်ကြည့်လို့ ဖြစ်ပျက်မြင်သွားပြီဆိုရင် သခ်ါရဒုက္ခနဲ့ ဝိပရိဏာမဒုက္ခ နှစ်မျိုးရတာပဲ။ နာတာ နာဒုက္ခသစ္စာ (နာတာလေးဖြစ်တာကို မြင်တော့ သခ်ါရဒုက္ခ) (ပျက်စီးသွားတာ ဝိပရိဏာမဒုက္ခ) ဒါဖြင့် ဒို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ကို ဘုန်းကြီးပြောချင်တာက နာတာလဲသိလိုက်ပါ။ ဒါဝေဒနာမှန်းသိတာပေါ့ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး။ ဒါနာတဲ့သဘောလေးပဲ နာတဲ့သဘောလေးက အကြောင်းမကင်းလို့ဖြစ်လာတာ သူ့အကြောင်းနဲ့သူပဲ ဖြစ်လာပီးတော့ ပျက်စီးသွားတာပဲ အဲဒီလို နာမှုလဲသိရမယ်။ ဖြစ်တာလဲမြင်ရမယ်။ ပျက်တာလဲ မြင်ရမယ်။ နာတဲ့သဘောလေးကိုသိတာက သက္ကာယဒိဋ္ဌိပြုတ်တယ်။ (ဖြစ်မှုတွေ့တော့ ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်)။ (ပျက်မှုတွေ့တော့ သဿဒဒိဋ္ဌိပြုတယ်။) မိုးကုတ်ဆရာတော်ကြီးကပြောတယ်၊ နာတာကြည့်နာတာမတွေ့ပါဘူး။ ဖြစ်တာနဲ့ ပျက်တာပဲတွေ့မယ်တဲ့။ နာတာကြည့်နာတာလေးက စစ်ဆိုမရှိတော့ဘူး။ အဲလောက်ထိအောင် (အကြည့်မခံတဲ့ ပရမတ်တွေတဲ့။ ပရမတ်သဘောလေးတွေက အကြည့်မခံဘူး။)

ဖြစ်တာနဲ့ပျက်စီးသွားတာပဲ သူမြင်တယ်။ အဲဒါကတော့ ဒို့ဒကာ ဒကာမတွေ သမုတိမရဏ လူတိုင်းသိတဲ့အသိလို့မှတ်ပါ။ အခု ပေါ်နေတဲ့ ဝိပဿနာ အသေကတော့ ခဏခဏပေါ် ခဏခဏပျက် တစ်ဘဝတော့မပြောပါနဲ့ မျက်စေ့တစ်မှိတ်အတွင်းမှာပဲ ကုဋေပေါင်း ကိုးထောင်လောက် ချုပ်နိုင်တယ်။ အဲလောက်ထိအောင် မြန်တဲ့ ဖြစ်ပျက်တွေ အဲဒါ ခဏိကမရဏ ခဏခဏပေါ် ခဏခဏသေနေ တာ။ ကုဋေပေါင်းကိုးထောင်တို့ ဘာတို့ကတော့ ဘုရားဉာဏ်နဲ့မှပဲ မြင်နိုင်မယ်။ ခင်ဗျားတို့ကျုပ်တို့ကတော့ တခါတလေ ဖြစ်တာတောင် ဖြစ်မှန်းမသိ၊ ပျက်တာတောင်ပျက်မှန်းမသိတဲ့သူတွေဆိုတော့လဲ တော်တော်မြင်ဖို့ တော်တော်စူးစူးစိုက်စိုက် ကြည့်ရတာပေါ့ဗျာ။ အေး အဲဒီလို မြတ်စွာဘုရားက ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခတွေဆိုတာ လက်ရှိခန္ဓာကိုယ်ကြီးရဲ့ဒုက္ခ ဒီဒုက္ခက သိတော့သိရမယ်။ သံဝေဂဉာဏ်ရဖို့ သို့သော်လည်း ပွားရမယ့်ဒုက္ခ မဟုတ်ဘူးတဲ့။ ပွားရမယ့်ဒုက္ခက သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာတဲ့။ အကျဉ်းအားဖြင့် ပြောရရင် ပဉ္စဂါးပါးကုန်သော ဥပါဒါနက္ခာ ဂါးပါးတို့သည် ဒုက္ခဆင်းရဲအစစ် ဧကန်ဖြစ်ပါပေ၏။ ဥပါဒါနက္ခ ဒုက္ခာဆိုတာ ဒို့ဒကာ,ဒကာမတွေ တခြားပြောတာမဟုတ်ဘူး။ တဏှာ ဥပါဒါန် ကံဆိုတာ လက်ရှိခန္ဓာကြီးကဆက်တာ မဟုတ်ဘူး။ ပေါ်လာတဲ့ ပေါ်ခန္ဓာလေးတွေက ဆက်တာ။ ပေါ်လာတဲ့ အသစ်အသစ် မြင်စိတ်တွေကဆက်တာ ကြားစိတ်တွေကဆက်တာ စားစိတ်တွေက စားပြီးတော့မှ ခင်တာတွေ တွေးပီးတော့မှ ခင်တာတွေ

အဲဒီ အကြည့်မခံတာကိုပဲ ခုပေါ်ပြီး ခုပျက်ပြန်ပြီ။ အဲလိုသိ အောင် အမှန်လုပ်နေတာ။ အမှန်သိ အမှန်မြင်လာတဲ့အခါ သဘော လေးပေါ်ပြန်ပြီ ပျက်ပြန်ပြီ နောက်ထပ်သဘောလေး ပေါ်ပြန်ပြီ ပျက်ပြန်ပြီလို့ အမှန်မြင်လာတဲ့အခါ မြင်သဘောလေးပေါ် မြင်သဘောလေးပျက်၊ ကြားသဘောလေးပေါ်၊ ကြားသဘောလေးပျက်။ ပေါ်လာတဲ့သဘောလေးတွေပဲပျက်တာ လက်ရှိခန္ဓာကြီးပျက်တာမှ မဟုတ်ဘဲ။ လက်ရှိခန္ဓာကြီးဘာမှ မပျက်ဘူး။ ပေါ်ခန္ဓာလေးတွေပဲ ပျက်တာလို့ ဉာဏ်နဲ့ သေသေချာချာ ကောင်းကောင်းသိသွားတော့ အပြောခန္ဓာနဲ့ သဘောခန္ဓာ လက်ရှိခန္ဓာနဲ့ ပေါ်ခန္ဓာ ကောင်းကောင်း ကွဲသွားပြီ။ အဲဒီလိုကွဲသွားရင် သခ်ါရဒုက္ခနဲ့ ဝိပရိဏာမဒုက္ခမြင်ပြီ။ ဓမ္မစကြာထဲမှာလဲ ဘုရားကဟောထားတယ်။ ဒီခန္ဓာကိုယ်ကြီးဟာ ဇာတိပဋိပန္နေ နေရတဲ့ဒုက္ခ၊ အိုနေရတဲ့ဒုက္ခ၊ နာနေရတဲ့ဒုက္ခတွေတဲ့။ ဒါဖြင့် အိုနေရ၊ နာနေရ၊ သေနေရတဲ့ဒုက္ခတွေဟာ လက်ရှိခန္ဓာ ကိုယ်ကြီးပေါ့။

ဒါဖြင့် ပဋိသန္ဓေလဲမနေရဘူး၊ အိုလဲမအိုရဘူး၊ အိပ်ရာဖျာ ကပ်လဲ မနာသေးဘဲနဲ့ ဖြတ်ကနဲပေါ် ဖြတ်ကနဲတော့ သေသွားတာပဲ။ တစ်ဘဝမှာ ရေတွက်လို့မရအောင် သေနေတဲ့ အသေရှိသေးတယ် တဲ့။ အဲဒါ ပေါ်လာတဲ့သဘောခန္ဓာလေးတွေရဲ့ အသေပဲ။ တစ်ဘဝ မှာ တစ်ခါဖြစ်ပြီး တစ်ခါသေတဲ့ မရဏကတော့ သမုတိမရဏ ခေါ်တယ်။ လူဖြစ်လာပီ ဒီလူတော့ သေသွားပြန်ပြီး။ တစ်ဘဝမှာ တစ်ခါဖြစ်ပြီး တစ်ခါသေတာ ဖြစ်ပျက် တစ်ခါပဲမြင်တယ်။

မြင်တယ်ဖြစ်ပြီးတော့ ပျက်သွားတာပဲ။ နားနဲ့အသံနဲ့ တိုက်တော့ ကြားတယ်၊ ဖြစ်ပြီးတော့ ပျက်သွားတာပဲ။ နှာခေါင်းနဲ့အနံ့တိုက်တယ်၊ ဖြစ်ပြီးတော့ ပျက်သွားတာပဲ။ ယားတယ် ယံတယ် ပူတယ် အေးတယ် ဖြစ်ပြီးတော့ ပျက်သွားတာပဲ။ အဲဒီ ပဋိစ္စသမုပ္ပါဒ် ခြောက်လုံးကို ဖြစ်ပျက်မြင်အောင်ကြည့် အကြောင်းတိုက်ဆိုင်လို့ အကျိုးလေးပေါ်တယ်။ အကြောင်းမရှိတော့ အကျိုးလေးပျက်သွားတာပေါ့။ အဲဒီလိုအကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်လို့ သဘောပေါက်မယ်ဆိုရင် နှလုံးသွင်းမှန်သွားတာပေါ့လို့ ရှင်းပြသတဲ့။ ဒါကြောင့် ဒို့ဒကာ,ဒကာမအပေါင်းသူတော်ကောင်းတို့လဲ ကိုယ့်ခန္ဓာမှာ ပေါ်ရာပေါ်ရာကို မြင်အောင်ကြည့်ပါ။ ရုပ်ပဲပေါ်ပေါ်၊ ဝေဒနာပဲပေါ်ပေါ်၊ စိတ်ပဲပေါ်ပေါ်ပေါ်တာကို မြင်အောင်ကြည့်ပါ။ ပေါ်တာကိုသိရုံနဲ့လဲ မပြီးသေးဘူး။ ဖြစ်မှုလဲတွေ့လိုက်ရမယ်။ ပျက်မှုလဲတွေ့လိုက်ရမယ်။ ဖြတ်ကနဲပေါ်ဖျက်ကနဲပျက်။ ကပ်ပေါ်ကပ်ပျက်။ ဒိနားပေါ် ဒိနားပျက်။ လုံးဝရွေ့တာတို့ ရွေ့တာတို့ မရှိပါဘူး။ သူ့နေရာနဲ့သူပေါ်ပြီး သူ့နေရာနဲ့သူပျက်တာပါ။ အေး ဒဲ့ကြောင့် အကြည့်ခံရင် ပညတ်၊ အကြည့်မခံရင် ပရမတ်။ လုံးရပ်သဏ္ဌာန်ပုံဟန်နိမိတ်တွေမြင်ရင် ပညတ်သဘောမြင်ရင် ပရမတ်။ ပရမတ်ဆိုတာရှိလဲရှိ။

ထုတ်အံ့မယ်။ ခဏခဏချုတယ်ပေါ့။ ခဏခဏစားတယ်၊ ခဏခဏထိတယ်၊ ခဏခဏတွေးတယ်ပေါ့ အဲဒီလိုသွားနေတာ တဏှာဥပါဒါန် ကံ ပဋိစ္စသမုပ္ပါဒ် ဆက်ဆက်နေတာ တရားအားထုတ်လို့ အပျက်မြင်တော့ အမှန်သိသွားပြီ မြင်တယ်၊ ဖြစ် ပျက် ဒုက္ခဉာဏ် ဖြစ်သွားပီနဂိုတုံးက ဒုက္ခဉာဏ်။ ဒုက္ခကိုမသိတော့ တဏှာဥပါဒါန် ကံ ဆက်တယ်။ ခုတော့ ဖြစ်ပျက်သိတော့ အပျက်မြင်တော့ မဂ်ဝင်တာပေါ့။ မြင်စိတ်လေးက ရှိမှမရှိတော့တာ ဘယ်နှယ့်လုပ်ခင်လို့ရမလဲ၊ ရမ်းခင်တာ၊ မှန်းခင်တာဖြစ်ရမယ်။ တကယ်တော့ ခင်လို့မရဘူး။ အမှန်သိသွားတဲ့အတွက်ကြောင့် မြင်တယ်၊ ပျက်တယ်။ နဂိုတုံးက မြင်တယ်၊ ခင်တယ်၊ ခုတော့ မြင်တယ်၊ ပျက်တယ်။ လိုင်းပြောင်းပြီ လိုင်းပြောင်းပြီ ရှုနိုတိန်ပြောင်းပြီ။ ရထား နိဗ္ဗာန်သွားမယ့်ရထားနဲ့ အပယ်သွားမယ့်ရထား ရှုနိုတိန်ပြောင်းပြီ။ မြင်တာတော့မြင်မှာပဲ မျက်စေ့ရှိမြင်တာပဲ ရဟန္တာတွေလဲမြင်တာပဲ၊ မျက်စေ့နဲ့ အဆင်းနဲ့တိုက်မြင်မှာပဲ။ နဂိုတုံးက တရားအားမလုတ်ခင်က မြင်တယ်၊ ခင်တယ်၊ ခုတရားအားထုတ်တော့ မြင်တယ်၊ ပျက်တယ်။ ကြားတယ်၊ ခင်တယ်၊ အပါယ်သွား၊ ကြားတယ်၊ ပျက်တယ်၊ နိဗ္ဗာန်သွား၊ နံတယ်၊ ခင်တယ်၊ အပါယ်သွား၊ နံတယ်၊ ပျက်တယ်၊ နိဗ္ဗာန်သွား၊ စားတယ်၊ ခင်တယ်၊ အပါယ်သွား၊ စားတယ်၊ ပျက်တယ်၊ နိဗ္ဗာန်သွား၊ ထိတယ်၊ ခင်တယ်၊ အပါယ်သွား၊ ထိတယ်၊ ပျက်တယ်၊ နိဗ္ဗာန်သွား၊ တွေးတယ်၊ ခင်တယ်၊ အပါယ်သွား၊ တွေးတယ်၊ ပျက်တယ်၊ နိဗ္ဗာန်သွား။ လိုင်းလေးပြောင်းရုံပဲနော်။ ကိုယ့်ခန္ဓာမှာ

ပုတ္တရာကြီးက သေချာရှင်းပြလိုက်တာ ပရိုဇ် သဘောပေါက်သွားတယ်။ ဒီလိုဆိုရင် သာမညဒုက္ခသိလို့ ဘယ်တရားရမလဲ။ ဆရာကောင်း သမားကောင်းဆည်းကပ်မှ တရားဆိုတာရနိုင်တယ်လို့ အကြွင်းမဲ့ယုံသွားတယ်။ ဒုက္ခဆိုတာ သုံးမျိုးရှိတာကိုး။ နာဒုက္ခ လူတိုင်းသိနိုင်တယ်။ ဖြစ်ဒုက္ခ ဂရုစိုက်တဲ့သူ၊ သမာဓိရှိတဲ့သူ သိနိုင်တယ်။ ပျက်ဒုက္ခ ဉာဏ်ရှိတဲ့သူမှ သိနိုင်တယ်။ ဖြစ်ဒုက္ခ သမာဓိရှိရင် သိနိုင်တယ်။ သမာဓိမဂ္ဂင်သုံးပါး။ ပျက်ဒုက္ခကျ အပျက်မြင်တော့ မဂ်ဝင်တာကိုဗျ။ ပညာမဂ္ဂင်နှစ်ပါးတိုးတော့ ငါးပါးပေါ့။ အေး အဲဒါကြောင့် ဓမ္မစကြာထဲမှ သံခိတ္တောန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ ဖြစ်ပျက်ဒုက္ခကိုဆိုသည်။ နာဒုက္ခကိုဆိုလိုသည်မဟုတ်၊ မြင်တယ်ဆိုတော့ မနာပါဘူး၊ ကြားတယ်ဆိုတော့လဲ ဘယ်နာမလဲ ဖြစ်ပြီးတော့ ပျက်သွားတာတော့ အမှန်ပဲ။ အဲဒါလေးကို မြင်အောင်ကြည့်ပေးရမယ်။ နာတာကြီးကြည့်နေလို့တော့ ခင်ဗျားတို့ ဝေဒနာပစ္စယာ တဏှာကြီးကူးနေတော့မှာပဲ။ တဏှာမကူးရင် ဝေဒနာပစ္စယာ ဒေါသော မခံနိုင်ဘူးဆိုတဲ့ ဒေါသကူး။ အမှုမဲ့အမှတ်မဲ့နေလိုက်ရင်လဲ ဝေဒနာပစ္စယာ မောဟော ပဋိစ္စသမုပ္ပါဒ် အစကပြန်ဆက်မှာ။ အဝိဇ္ဇာကနေ အဲတော့ ဝေဒနာမြင်တဲ့သူကတော့ မဟန်ဘူးဗျ။ ဝေဒနာရဲ့ ဖြစ်မှု ပျက်မှု ထိမြင်ရမယ်။ အဲဒါကြောင့် လက္ခဏာပေါ် ရောက်အောင် ကြိုးစားကြရမယ်။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ပရိုဒ်ကိုရှင်းပြတယ်။ နာဒုက္ခ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ဆိုပြီး ဒုက္ခသုံးမျိုးရှိတယ်။ အခုပြောမယ့် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကတော့ မျက်စိနဲ့ အဆင်းတိုက်တော့

ပေါ်တာလေး ပျက်တယ်ပျက်တယ်လို့ လိုင်းလေးပြောင်းပေးလိုက်။ ဒို့ဒကာ,ဒကာမတွေ ဘာမှခဲယဉ်းတာမဟုတ်ဘူးနော်။ ပိုက်ဆံလဲတစ်ပြားမှမကုန်ပါဘူး။ ငှားလဲမရှုံးရပါဘူး။ သူများခန္ဓာ ငှားရှုရတယ်ဆိုလဲ အောက်ကျသေး။ ကိုယ့်ခန္ဓာမှာပေါ်တဲ့ဖြစ်ပျက် ကိုယ်ကြိုက်သလိုရှုလို့ ရပါတယ်။ အလကား ရှုလို့ရပါတယ်။ အဲဒါလေး လိုင်းပြောင်းလိုက်စမ်း။ ဒါနည်းပေးလမ်းကောင်းပဲ အဲလို ပျက်တယ်လို့ သိတော့ အမှန်သိဖြစ်သွားပြီ။ အမှတ်မှန်တော့ အသိမှန်၊ အသိမှန်တော့ အယူကလဲမှန်တယ်ဗျာ။ အမှတ်မှန်၊ အသိမှန်၊ အယူမှန်ရင် အမှတ်များ အသိများ အယူများဖြစ်တဲ့ ငါလို့ သူလို့ ပုဂ္ဂိုလ်သတ္တဝါယောကျ်ား မိန်းမ ခင်စရာစွဲလန်းစရာ ရအောင်အားထုတ်မယ်ဆိုတဲ့ အယူအဆတွေ အကုန်လုံးပျောက်သွားမယ်။ လိုင်းလေးပြောင်း ဝိပဿနာရှုလိုက်တာနဲ့ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ပြောပြလို့မရအောင် တန်ဖိုးရှိသွားတယ်။ အေး အဲဒါကြောင့် မြင်တိုင်းမြင်တိုင်း၊ ကြားတိုင်းကြားတိုင်းမှာ ဖြစ်ပြီးပျက်တာကို မြင်အောင်ကြည့် ဖြစ်ပြီးပျက်တာမြင်တော့ သခ်ါရဒုက္ခနဲ့ ဝိပရိဏာမဒုက္ခ အဲဒါသံခိတ္တောနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ တဏှာ ဥပါဒါန် ကံကိုဖြစ်စေတတ်တဲ့ခန္ဓာ ဖြစ်ပျက်ကို မြင်အောင်ကြည့်ရမယ်။ ဖြစ်ပျက်မြင်တော့ ဘာကျေးဇူးများလဲ တဏှာ ဥပါဒါန် ကံ မဆက်တော့ဘူး။ မဂ္ဂင်ငါးပါးဆက်တယ်။ တဏှာ ဥပါဒါန် ကံ မဆက်တော့ ဇာတိမလာတော့ဘူး။ နောက်ထပ်ခန္ဓာ နောက်ထပ်ခန္ဓာမလာတော့ ဘာကျေးဇူးများလဲ မအိုရတော့ဘူး၊ မနာရတော့ဘူး၊ မသေရတော့ဘူးပေါ့။ ရှင်သာရိ

ဖြစ်ပုံလေးတစ်ခု တချိန်ကကြားခဲ့ဖူးပါလိမ့်မယ်။ ဆရာတော်တစ်ပါးက ဒီရှုကွက်နှင့်ပတ်သက်ပြီးတော့ သူတပည့်တွေကို ရဟန္တာဖြစ်ပြီးဆိုပြီး ကြေညာခဲ့ဖူးတဲ့၊ သာသနာမှာ အရုပ်ဆိုးသွားတဲ့ အချက်တစ်ခု ပေါ်ခဲ့ဖူးပါတယ်နော်။

ထိုဆရာတော်ကို တပည့်တော်လည်း တပည့်အဖြစ်ခံယူပြီး လေ့လာခဲ့ဖူးပါတယ်။ ဘယ်လိုဖြစ်သလဲဆိုတာကို ကျကျနန လေ့လာကြည့်လိုက်တော့ သူကဓါတ်တလုံးလောက်ရှရင်လည်း ဥပမာ ဝါယောဓါတ် တွန်းကန်တဲ့ သဘောလေးတစ်ခုကိုစိုက်ပြီး တနေရာမှာ ရှုလိုက်ရင်လည်း ဘာဝနာစိတ်က ငြိမ်ဝပ်စွာကပ်ပြီးတည်လာတဲ့ အခါမှာ အကြည်ဓါတ်ဆိုတာတွေ့တတ်ပါတယ်။ ဓါတ်နှစ်လုံး (သို့) ဓါတ်သုံးလုံး (သို့) ဓါတ်လေးလုံး ရှုခဲ့ရင်လည်း ဒီအကြည်ဓါတ်ဆိုတာတွေ့တတ်ပါတယ်။ အဲဒီအကြည်ဓါတ်ကို ဆရာတော်က နိဗ္ဗာန်လို့ သွားယူဆလိုက်ခြင်းဖြစ်တယ်။ အခုဓါတ်ကမ္မဓာန်း ရှုနေတဲ့ ပုဂ္ဂိုလ်များ နားလည်ပါတယ်။ ဓါတ်လေးပါးဖြင့် သမာဓိထူထောင်လိုက်တဲ့အခါ ရှေ့ပြေးအနေအားဖြင့် မီးခိုးရောင် ညစ်ထပ်ထပ်တကိုယ်လုံး သွားတွေ့တယ်။ ဒီညစ်ထပ်ထပ်တွေ့နေတဲ့ မီးခိုးရောင်မှာ ဓါတ်လေးပါးကို သိမ်းဆည်းပြီး ဆက်လက်သမာဓိထူထောင်နိုင်ခဲ့ရင်တော့ ဝါဂွမ်းဆိုင်ကဲ့သို့ ဖြူနေတဲ့ အဖြူအတုံးအခဲကို သွားတွေ့မယ်။

ဒီအဖြူအတုံးအခဲမှာ တည်ရှိတဲ့ ဓါတ်လေးပါးကို ဉာဏ်နှင့်ပိုင်းခြားယူကာ သိမ်းဆည်းပြီးတော့ ဆက်လက်ပြီး သမာဓိထူထောင်

လွယ်လွယ်ကြိုက်တဲ့ ဗမာတို့ရဲ့ထုံးစံအတိုင်း ခပ်လွယ်လွယ်လေးနှင့် နိဗ္ဗာန်ရရင် မဟာဂေါပါလကသုတ္တန်နှင့် မူလပရိယာယသုတ္တန် အဋ္ဌကထာလာ "သာဝကာဟိ စတ္တန္နံ ဓာတူနံ ဇကဒေသမေဝ သမ္မသိတ္ဝာ နိဗ္ဗာနံ ပါပုဏန္တိ" ဟူသော စကားကို နှိုးနှောပြမှု

မေး - မဟာဂေါပါလကသုတ် အဖွင့်အရ ရုပ်(၂၈)ပါးနှင့် ၎င်းတို့၏ ဖြစ်ကြောင်းသမုဒ္ဒါန်တို့ကို ကွဲကွဲပြားပြား ရှုပြီး သိရမည်ဖြစ်၍ မဟာဂေါပါလကသုတ်၌ ရုပ်(၂၈)ပါးနှင့် အကြောင်းသမုဒ္ဒါန်တို့ကို ဟောထားပါသလားဘုရား။ အကယ်၍ မဟောအံ့။ ရုပ် (၂၈)ပါးစုံစွာ အကြောင်းသမုဒ္ဒါန်စုံစွာ သာဝက တစ်ဦးအနေဖြင့် ရှုနိုင်ပါသလားဘုရား။

ဖြေ - ဘယ်ရုပ်တွေက ကံကြောင့်ဖြစ်တယ်။ ဘယ်ရုပ်က စိတ်ကြောင့်ဖြစ်တယ်။ ဘယ်ရုပ်က ဥတုကြောင့်ဖြစ်တယ်။ ဘယ်ရုပ်က အဟာရကြောင့်ဖြစ်တယ်။ ဒီလိုသိခဲ့ရမယ်။ နွားအပေါင်းကို ထိန်းကျောင်းနေတဲ့ နွားကျောင်းသားက မိမိထိန်းကျောင်းနေတဲ့နွား ဘယ်နှစ်ကောင်ရှိတယ်ဆိုတာ မသိဘူဆိုရင် နွားအပေါင်းရဲ့ ကြီးပွားတိုးတက်မှုဆိုတာ ဖြစ်နိုင်ပါ့မလား မဖြစ်နိုင်ဘူး။ နောက်တစ်ခု နွားနီက ဘယ်နှစ်ကောင်၊ နွားကျားက ဘယ်နှစ်ကောင်၊

နွားဖြူက ဘယ်နှစ်ကောင် စသည်ဖြင့် ဒီလိုအမှတ်အသားတွေကိုလည်း ခွဲခြားစိတ်ဖြာမသိခဲ့ဘူးဆိုရင် နွားအပေါင်းရဲ့ ကြီးပွားတိုးတက်မှုဆိုတာ ဖြစ်နိုင်ပါ့မလား? မဖြစ်နိုင်ဘူးတဲ့။ အလားတူပဲ။

(သော ဧဝံ ကရဏတော သမုဒ္ဒါနတော ရူပံ အဇာနန္တော ရူပံ ပရိဂ္ဂဟေတွာ အရူပံဝဝတ္ထပေတွာ ရူပါရူပံပရိဂ္ဂဟေတွာ ပစ္စယံ သလ္လက္ခဒေတွာ ဝိပဿနာ မတ္ထကံ ပါပေတုံ န သက္ကောတိ . . .)တဲ့။

ဒါက မူလပဏ္ဏာသ အဋ္ဌကထာမှာဖွင့်ဆိုထားတဲ့ စကား၊ မဟာဂေါပါလကသုတ္တန် အဋ္ဌကထာ ဖြစ်ပါတယ်။ ဘာပြောတာလဲ? ရူပ်(၂၈)ပါးဆိုတဲ့ အရေအတွက်အားဖြင့်လည်း ဟုတ်တိုင်းမှန်စွာမသိဘူး။ အဲဒီရူပ်တွေက ဘာတွေဆိုတာကို အဋ္ဌကထာက ပြည့်ပြည့်စုံစုံ ရေတွက်ပြထားပါတယ်။

သမုဒ္ဒါန ဘယ်ရူပ်တွေက ကံကြောင့်ဖြစ်တယ်။ ဘယ်ရူပ်တွေက စိတ်ကြောင့်ဖြစ်တယ်။ ဘယ်ရူပ်တွေက ဥတုကြောင့်ဖြစ်တယ်။ ဘယ်ရူပ်တွေက အဟာရကြောင့်ဖြစ်တယ်။ ဒီလိုလည်း သူကမသိဘူး။ အဲဒီလိုမသိတဲ့ပုဂ္ဂိုလ်က (ရူပံ ပရိဂ္ဂဟေတွာ) ရူပ်တရားတွေကို ဉာဏ်နှင့်ပိုင်းခြားယူပြီးတော့ (အရူပံဝဝတ္ထပေတွာ) နာမ်တရားကို ဉာဏ်နှင့်ပိုင်းခြားမှတ်သားပြီးတော့ (ရူပါရူပံပရိဂ္ဂဟေတွာ) ရူပ်တွေနာမ်တွေ နှစ်မျိုးလုံးကို ဉာဏ်နှင့်ပိုင်းခြားယူပြီးတော့ (ပစ္စယံ သလ္လက္ခေတွာ) ထိုရူပ်နာမ်တို့ရဲ့ အကြောင်းတရားတွေကို ဉာဏ်ဖြင့်

ပိုင်းခြားမှတ်ပြီးတဲ့အခါ (လက္ခဏံ အာရောပေတွာ ကမ္မဋ္ဌာနံ မတ္ထကံ ပါပေတုံ န သက္ကောတိ)။ ဒီရူပ်နာမ်ဓမ္မသဒ္ဒါရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးတန်တင်ပြီး ရှုပွားသုံးသပ်ခြင်းဆိုတဲ့ ဝိပဿနာဘာဝနာလုပ်ငန်းရပ်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ အထွဋ်အထိပ်သို့ရောက်အောင် ပြုလုပ်ဖို့ရန်အတွက် ဘယ်လိုမှမစွမ်းနိုင်ပါဘူး ဆိုပြီးတော့ အဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။

ဒီနေရာမှာ ဗဟုသုတလေးတစ်ခုတော့ ပြောချင်ပါတယ်။ အဋ္ဌကထာရဲ့ အယူအဆလေးကို လွဲချော်သွားသည်နှင့် ကျင့်စဉ်တွေ လွဲချော်သွားပုံ အပိုင်းကို နည်းနည်းလေး ထပ်ပြောချင်ပါတယ်။ ဆရာဖြစ်ခဲ့ဖူးတဲ့ ဆရာသမား ခပ်များများပေါ့။ ကျေးဇူးတော်ရှင်များကို ပြစ်မှားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ အယူအဆလေးတွေက ဘယ်လိုရှိလဲ?

(သာဝကာ ဟိ စတုန္နံ ဓါတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ) ဆိုတဲ့ မူလပဏ္ဏာသ အဋ္ဌကထာရဲ့ ဖွင့်ဆိုချက်ကို ကိုးကားပြီးတော့ သာဝကတွေဟာ ဓါတ်ကြီးလေးပါးမှာ ဓါတ်တလုံးလောက်ရှုရင်လည်း နိဗ္ဗာန်ကို ရရှိပါတယ်လို့ ဒီလို သူတို့က ယူဆကြတယ်။ ဒီလိုယူဆလိုက်တဲ့အတွက်ကြောင့် ဘာဖြစ်လဲ? ဓါတ်ကြီးလေးပါးထဲက ဓါတ်တလုံးလောက်ပဲ သူတို့ကရှုတယ်။ သို့မဟုတ် ဓါတ်နှစ်လုံးပဲ ရှုတယ်။ သို့မဟုတ် ဓါတ်သုံးလုံးပဲ ရှုတယ်။ သို့မဟုတ် အချိန်ရရင်တော့ ဓါတ်လေးပါးလုံးတော့ ရှုတယ်။ ဒီလောက်ပဲ ဒီထက်ပိုပြီး မရှုကြတော့ဘူး။ ဒီထက်ပိုပြီးမရှုတော့ ဘာဖြစ်သလဲ?

ကနေစပြီး ကမ္ဘာတစ်သိန်းတိုင်တိုင် အားကြီးသော ပါရမီတွေကို ဖြည့်ကျင့်ခဲ့ဖူးခြင်းဆိုတဲ့ အားကြီးသော ဥပနိဿယပါရမီအကြောင်း တရားတွေကလည်း ထင်ရှားရှိနေတယ်။ အထူးသဖြင့်တော့ ပဒုမုတ္တရာဘုရားရှင် လက်ထက်ကတည်းက သခ်ါရုပေက္ခာဉာဏ်သို့ တိုင်အောင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတွေကို စီးဖြန်းတော်မူခဲ့တဲ့ သူတော်ကောင်းဖြစ်ပါတယ်။ ဘာကြောင့်လဲ? သောတာပန်အဖြစ်နှင့် ဒီသာသနာမှာ ပဋိသမ္ဘိဒါဉာဏ်တော်မြတ်လေးပါးကို ရရှိ တော်မူတဲ့ သူတော်ကောင်းတစ်ဦးဖြစ်ပါတယ်။

၂။ တိတ္ထဝါသ - ဘုရားရှင်ကဲ့သို့သော သာသနာရဲ့ ဆိပ်ကမ်းကောင်းကြီးတွေကို သူကအမြဲတမ်း မှီဝဲဆည်းကပ်နေတယ်။ ဘုရားအစရှိတဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာကောဋ္ဌိက၊ အရှင်မဟာကဿပ၊ အရှင်မဟာကစ္စည်း၊ အရှင်ပုဏ္ဏမထေရ် အစရှိတဲ့ မထေရ်ကြီးတွေကို (တိတ္ထဝါသ)တိတ္ထလို့ ဘာလို့ခေါ်ဆိုရသလဲ? နိဗ္ဗာန်ဆိုတဲ့ ထိုမှာဘက်ကမ်းကို ကူးချင်တဲ့ပုဂ္ဂိုလ်တွေက ဒီလိုဆိပ်ကမ်းကောင်းကြီးတွေကို ဆည်းကပ်ပြီးကူးခဲ့မယ်ဆိုရင် နိဗ္ဗာန်ဆိုတဲ့ ထိုမှာဘက်ကမ်းကို လွယ်လွယ်ကူကူနှင့် ရောက်ရှိနိုင်ပါတယ်။ မိမိသွားကူးလိုက်တဲ့ ဆိပ်ကမ်းက မကောင်းတဲ့ဆိပ်ကမ်းဖြစ်နေရင် ဟိုဘက်ကမ်းရောက်ပါမလား? မှားနေတဲ့ဆိပ်ကမ်းဖြစ်နေရင်ကော ဟိုဘက်ကမ်းရောက်ပါမလား? မရောက်နိုင်ပါဘူးနော်။ မိမိရွေးချယ်လိုက်တဲ့ ဆိပ်ကမ်းကကောင်းမွန်မှန်ကန်တဲ့ ဆိပ်ကမ်းဖြစ်ဖို့ လိုပါတယ်။ ဒီဆိပ်ကမ်းကောင်းကြီးတွေကို မှီဝဲဆည်းကပ်နေတဲ့အတွက် ကြောင်း

နိုင်ခဲ့ရင် အကြည်ပြင် အကြည်ဓါတ် အတုံးအခဲကိုသွားတွေ့ပါ တယ်။ အဲဒီအကြည်ပြင် အကြည်ဓါတ်အတုံးအခဲပေါ်မှာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီးရှုလိုက်ရင် အဲဒီအကြည်ပြင်ထဲကနေပြီးတော့ ပြိုးပြိုးပြက်အရောင်တလက်လက် ထွက်လာပါတယ်။

အဲဒါကို ဆရာတော်က နိဗ္ဗာန်ပဲလို့ ယူဆလိုက်တယ်။ အယူအဆလွဲချော်တဲ့အတွက် ကျင့်စဉ်တွေအားလုံး လွဲချော်သွားပုံကို သဘောပေါက်အောင်လို့ ပြောတာပါ။ ဆရာသမားတွေ ကျေးဇူးကို ကန်းလို့ ပြောနေတာတော့မဟုတ်ပါဘူးနော်။ အဲဒီလို ဆုံးဖြတ်လိုက်တဲ့ အခါကျတော့ ဒီဆုံးဖြတ်ချက်အရ နှလုံးအိမ်အတွင်းကို ဒီအလင်းရောင်နှင့်ထိုးပြီး တယောက်နှင့်တယောက် ကြည့်လိုက်တဲ့အခါ နှလုံးအိမ်တွေမှာ အကုန်လုံးကြည်နေတယ်။

ဘယ်ပုဂ္ဂိုလ်ရဲ့ နှလုံးအိမ်ကိုပဲဖြစ်ဖြစ် လှမ်းကြည့်လိုက်တဲ့အခါ ရဟန္တာစာရင်းထဲပါမဲ့ ပုဂ္ဂိုလ်အားလုံးပေါ့လေ။ အပူဇော်ခံမယ့် ပွဲထဲပါမယ့် ပုဂ္ဂိုလ်အားလုံးကို တယောက်နှင့်တယောက် သုံးလေးလောက်ထိုင်ပြီး သူကအကြည့်ခိုင်းတာ။ ဘယ်ပုဂ္ဂိုလ်ရဲ့ နှလုံးကြည့်ကြည့် အားလုံး ကြည်နေတာသွားတွေ့တယ်။ ဘာကြောင့်လဲ?

အခုဓါတ်ကမ္ဘဋ္ဌာန်းကို စနစ်တကျရှုနေတဲ့ ပုဂ္ဂိုလ်များ နားလည်ပါတယ်။ ဒီအကြည်ဓါတ်တွေက နှလုံးအိမ်အတွင်းသာမက အထူးသဖြင့် ကာယအကြည်ဓါတ်တွေက တကိုယ်လုံး အနှံ့အပြားရှိတယ်။ နှလုံးအိမ်မှာလည်းရှိတာပဲ။ နှလုံးကြည့်လိုက်ရင်လည်း ဒီအကြည်ဓါတ်က သွားတွေ့တယ်။ မျက်လုံးကြည့်လည်း တွေ့တာပဲ။ နားကိုကြည့်

လည်း တွေ့တာပဲ။ နှာခေါင်းကြည့်လည်းတွေ့တာပဲ။ လျှာကြည့်လည်း တွေ့တာပဲ။ တစ်ကိုယ်လုံးမှာ ကာယအကြည်ဓါတ်ကရှိတော့ ဒီအကြည်ဓါတ်က သွားတွေ့တာပဲ။

အဲဒါကို သဘောမပေါက်ဘဲ အယူအဆလွဲမှားလေတော့ ဘာဖြစ်လဲ? ကျင့်စဉ်တွေအားလုံး လွဲချော်ကုန်တယ်။ လွဲချော်သွားတော့ နာမ်တရားရှုကွက်ဆိုတာလည်း ပိုင်ပိုင်နိုင်နိုင် မရှိတော့ဘူး။ ပဋိစ္စသမုပ္ပါဒ် ရှုကွက်ဆိုတာလည်း မရှိတော့ဘူး။

ဒီလိုရှုလိုက်တာနှင့် နိဗ္ဗာန်ရပြီဆိုတော့ နာမ်တရားတွေလည်း ဆက်ပြီးသေချာရှုဖို့ မလိုဘူး။ ပဋိစ္စသမုပ္ပါဒ် ဘောတရားတွေလည်း သေချာရှုဖို့မလိုဘူးဆိုတဲ့ အယူအဆတွေ ဖြစ်ပေါ်လာတယ်။ သာသနာတော်ကနေ ရှုံးမသွား ဘူးလား။ ရှုံးသွားတယ်။

ညကပြောခဲ့သလို အလုံးစုံသော ရုပ်တရားနာမ်တရားတွေကို ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ ခေါ်တဲ့ ပရိညာဉာဏ် ပညာသုံးချက်ဖြင့် ပိုင်းပိုင်းခြားခြား ထိုးထွင်းမသိခဲ့ဘူးဆိုရင် သံသရာဝဋ်ဆင်းရဲဒုက္ခရဲ့ ကုန်ရာဖြစ်တဲ့နိဗ္ဗာန်ကို ဘယ်လိုမှ မရနိုင်ဘူးလို့ (သံ၊ ၂၊ ၂၄၉-၂၅၀) (အပရိဏာနနသုတ္တန်)မှာ ဘုရားရှင်က အတိအကျ ဟောထားပါတယ်။ ဒါတင်မကသေးဘူး။ ပဋိစ္စသမုပ္ပါဒ်ရှုကွက်နှင့် ပတ်သက်ပြီး မဟာနိဒါနသုတ္တန်မှာလည်း ဘုရားရှင်က ဟောကြားထား တော်မူပါတယ်။

တစ်ချိန်မှာ မဟာသတိပဋ္ဌာနသုတ္တန်ကို ဟောကြားတော်မူတဲ့ ကမ္မာသဓမ္မအမည်ရတဲ့ နိဂုံးရွာကြီးမှာပဲ တောအုပ်တခုအတွင်းမှာ

အရှင်အာနန္ဒာမထေရ်မြတ်နှင့် ဘုရားရှင်တို့ နေ့သန့်စင်တော်မူပြီးတဲ့နောက် အရှင်အာနန္ဒာမထေရ်မြတ်က ညနေချမ်းသို့ရောက်တဲ့အခါ ဘုရားရှင်ထံ ချဉ်းကပ်ပြီး မေးခွန်းတခု လျှောက်ထားတယ်။ ဘာကြောင့်လဲ?ထိုနေ့မှာ နေ့သန့်စင်တဲ့အချိန်အခါမှာ အရှင်အာနန္ဒာမထေရ်မြတ်က သောတာပတ္တိဖလသမာပတ်ကို ရှေးဦးစွာ ဝင်စားတော်မူတယ်။ ဝင်စားပြီးနောက် အချိန်ကရှိနေသေးတဲ့အတွက် ပဋိစ္စသမုပ္ပါဒ် သဘောတရားတွေကို အဝိဇ္ဇာမှသည် ဇရာမရဏာသို့ တိုင်အောင် လက္ခဏာရေးသုံးတန် တင်ပြီးတော့ ဝိပဿနာရှုပွားသုံးသပ်တော်မူတယ်။ ဇရာ မရဏာ မှနေ ပြောင်းပြန်လှန်ပြီးတော့ အဝိဇ္ဇာတိုင်အောင်လည်း လက္ခဏာရေး သုံးတန်တင်ပြီး ဝိပဿနာရှုပွားသုံးသပ်တော်မူတယ်။

အလယ်ခေါင်ကနေ အစအထိ၊ အလယ်ခေါင်ကနေ အဆုံးအထိလည်း ဝိပဿနာ ရှုပွားသုံးသပ်တော်မူပါတယ်။ အစကနေ အလယ်။ အဆုံးကနေ အလယ်အထိလည်း ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းတော်မူပါတယ်။ ဒီလိုရှုပွား သုံးသပ်လိုက်တဲ့အခါ အရှင်အာနန္ဒာကိုယ်တော်မြတ်ရဲ့ အသိဉာဏ်ထဲမှာ ပဋိစ္စသမုပ္ပါဒ် သဘောတရားတွေဟာ သိပ်ပြီးပေါ်လွင်ထင်ရှားနေပါတယ်။ ဒီလိုပေါ်လွင်ထင်ရှားရခြင်းရဲ့ အကြောင်းရင်းကိုလည်း အဋ္ဌကထာက အကြောင်းပြချက် လေးချက်နှင့် ရှင်းထားပါတယ်။

၁။ ပုဗ္ဗူပနိဿယသမ္ပတ္တိ - ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ အထူးသဖြင့် ပဒုမုတ္တရဘုရားရှင်ရဲ့ သာသနာတော်

ယောင်ဖြစ်နေပါတယ် မြတ်စွာဘုရားလို့ မေးမြန်းလျှောက်ထားလိုက်ပါတယ်။ ဘုရားရှင်က ဘယ်လိုပြန်အမိန့်ရှိလဲဆိုတော့ “မာဟေဝံ အာနန္ဒ ။ ။ မာဟေဝံ အာနန္ဒ” အာနန္ဒာ သင်ဒီလို မပြောပါနှင့် ။ ။ ။

ဧတဿ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုက္ကတိ ဝိနိပါတံသံသာရံ နာတိ ဝတ္တတိ။ (ဒီ၊ ၂၊ ၄၇)

အာနာန္ဒာ ။ ။ ဒီကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားတွေကို အနနုဗောဓာ - အနနုဗောဓာတိ ဉာတပရိညာ ဝသေန အနနုဗုဇ္ဈနာ ။ ။ ဆိုပြီး အဋ္ဌကထာက (ဒီ၊ ဋ္ဌ၊ ၂၊ ၈၅)က ဖွင့်ဆိုထားပါတယ်။ ဘာပြောသလဲ? နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတဲ့ အနုဗောဓဉာဏ်ဖြင့်လည်း ကိုယ်တိုင်မျက်မှောက်ထွင်းဖောက် မသိတဲ့အတွက် ။ ။ ။

အပ္ပဋိဝေဓာ = ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့်လည်း ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်မသိတဲ့အတွက် တီရဏပရိညာနှင့် ပဟာနပရိညာကိုဆိုလိုကြောင်း၊ အပ္ပဋိဝေဓာတိ တီရဏပဟာနပရိညာဝသေန အပ္ပဋိဝိဇ္ဈနာ ဆိုပြီး အဋ္ဌကထာက (ဒီ၊ ဋ္ဌ၊ ၂၊ ၈၅)က ဖွင့်ဆိုထားပါတယ်။ တီရဏပရိညာဆိုတာက သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ နှစ်ပါးဖြစ်တယ်။ ဒီဉာဏ်နှစ်ပါးက အနုဗောဓဉာဏ်လို့ ခေါ်ဆိုအပ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းထားတဲ့ ရုပ်နာမ်ကြောင်းကျိုး သခ်ါရတရားတွေကို အနိစ္စပဲ၊ ဒုက္ခပဲ၊

ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားတွေနှင့်ပတ်သက်ပြီး အသိဉာဏ်မှာက အလွန်အလွန်သန့်ရှင်းပြီး ဖြစ်နေတယ်။ ဒါက အကြောင်းတစ်ခု။

၃။ သောတာပန်ဖြစ်တော်မူခြင်းတဲ့။ အရှင်အာနန္ဒာကိုယ်တော်မြတ်က ထိုအချိန်အခါက သောတာပန်ဖြစ်တော်မူနေပြီ။ သောတာပန်ဖြစ်တော်မူပြီးတဲ့အတွက် ဘာဖြစ်လဲ?

သောတာပန္နာနဉ္စ နာမ ပစ္စယာကာရော ဥတ္တာနကောဝ ဟုတ္တာ ဥပဋ္ဌာတိ (ဒီ၊ ဋ္ဌ၊ ၂၊ ၈၃)

သောတာပန္နာနဉ္စ နာမ ပစ္စယာကာရော ဥတ္တာနကောဝ ဟုတ္တာ ဥပဋ္ဌာတိ တတ္ထ သမ္မောဟဝိဒ္ဓံသနေန၊ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓမ္မန္တိ အတ္တာပစ္စက္ခဝသေန ဥပဋ္ဌာနတော။ (ဒီ၊ ဋ္ဌ၊ ၂၊ ၈၄)

သောတာပန်သာမှန်ပါစေတဲ့။ သောတာပန်ပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ ပစ္စယာကာရခေါ်တဲ့ ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားဟာ လေးတောင်ခန့်ရှိတဲ့ တိုက်ခန်းအတွင်းမှာ ဆီမီးကိုသွင်းပြီး ဝင်ကြည့်လိုက်မယ်ဆိုရင် လေးတောင်ခန့် တိုက်ခန်းအတွင်းရှိ ကုတင်၊ ညောင်စောင်းစတဲ့ ပစ္စည်းအမျိုးမျိုးတွေကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရသလို အရှင်အာနန္ဒာကိုယ်တော်မြတ်ရဲ့ အသိဉာဏ်မှာလည်း ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေဟာ ထင်ရှားပေါ်လွင်နေပါတယ်ဆိုပြီး ဖော်ပြထားပါတယ်။ နောက်တစ်ခုကတော့

၄။ ဗဟုဿုတဘာဝ - အရှင်အာနန္ဒာကိုယ်တော်မြတ်က

အကြားအမြင် ဗဟုသုတများပြားတော်မူတဲ့ သူတော်ကောင်းဖြစ်ပါ
တယ်။ ဒီဗဟုသုတဆိုတဲ့ စကားလုံးကိုလည်း သုတ္တန်တော်တော်
ခပ်များများမှာ ဘုရားရှင်ကိုယ်တော်တိုင်က ရှင်းလင်းတင်ပြထားပြီး
ဖြစ်ပါတယ်။ အကျဉ်းချုပ်ပြောရမယ်ဆိုရင် အာဂမသုတခေါ်တဲ့
ပရိယတ္တိဗဟုသုတ သူမှာရှိခြင်း။ အဓိဂမသုတ ခေါ်တဲ့ ကျင့်သိ
ပဋိပတ္တိ ဗဟုသုတ သူမှာရှိခြင်း။ ဒီအင်္ဂါနှစ်ချက်က သူမှာစုံညီနေ
တယ်။ ဘုရားရှင်ထံမှ ပိဋကတ်သုံးပုံကို သူကနှုတ်ငုံဆောင်ပြီး
သင်ယူထားတဲ့ ပုဂ္ဂိုလ်လည်းဖြစ်တယ်။ ဒါကအကြောင်းတစ်ခု။
ပိဋကတ်တော်တွေမှာ လာရှိတဲ့ ရုပ်နာမ်ကြောင်းကျိုး သခ်ါရတရား
တွေကို စနစ်တကျ ရှုပွားသုံးသပ်တတ်တဲ့သူတော်ကောင်းလည်း
ဖြစ်တယ်။ သူရှုပွားသုံးသပ်ပုံနှင့် ပတ်သက်ပြီးတော့
(ဓာရဏာ ဝစသာ ပရိစိတာ မနသာ နုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိပဒါ)
ဆိုပြီး ဘုရားရှင်က ဒီလိုဟောထားပါတယ်။ဘုရားရှင် ဟောကြား
တော်မူတဲ့ ပိဋကတ်တော်တွေကို ဓာရဏာ = နှုတ်ငုံလည်း ဆောင်တယ်။
ဝစသာပရိစိတာ = နှုတ်ငုံဆောင်ထားရုံနှင့်မပြီးဘူး။ ဘာလုပ်လဲ
နှုတ်ဖြင့် အဖန်ဖန်အထပ်ထပ် လေ့ကျင့်တယ်။ လေ့ကျင့်ပြီတော့
ဘာလုပ်လဲ။ မနသာ နုပေက္ခိတာ = စိတ်နှင့် အဖန်ဖန်အထပ်ထပ်
သုကရှုတယ်။ ဒီလိုရှုလိုက်တဲ့ အချိန်အခါမှာ ဒိဋ္ဌိယာ သုပ္ပဋိပဒါ =
သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်ပြီး
သိတယ်။ ဒီလိုအသိကို သောတာနုဂတသုတ္တန်အဋ္ဌကထာက ဒိဋ္ဌိယာ
သုပ္ပဋိပဒါတိ အတ္ထတောစ ကာရဏာတောစ ပညာယ သုဋ္ဌု ပဋိပဒါ
ပစ္စက္ခံကတာ။ (အံ၊ ဋ္ဌ၊ ၂၊ ၃၆၄)

ဒိဋ္ဌိယာ သုပ္ပဋိပဒါတိ - သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကောင်းစွာ
ထိုးထွင်းသိမြင်ခြင်းဟူသည်ကား၊ အတ္ထတောစ - အတ္ထဟုခေါ်ဆို
အပ်သော ပရမတ္ထဓါတ်သားတရားကိုယ်အနက်သဘော အားဖြင့်
လည်းကောင်း၊ ကာရဏာတောစ - ကာရဏာဟုခေါ်ဆိုအပ်သော
အကြောင်းတရား ပဋိစ္စသမုပ္ပါဒ် သဘောတရားအားဖြင့်လည်း
ကောင်း၊ ပညာယ သုဋ္ဌုပဋိပဒါ - သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်
မျက်မှောက်ထွင်းဖောက် သိမြင်ပေ၏။ အဲလိုသိတာက ပစ္စက္ခံကတာ
- ပစ္စက္ခဉာဏ်ဖြင့်သိခြင်းဖြစ်ပေ၏။ ဆိုပြီးရှင်းထားပါတယ်။ ဒီလို
အင်္ဂါလေးချက်နှင့် ပြည့်စုံနေတဲ့ သူတော်ကောင်းပါ။

ဒီလို သူတော်ကောင်းက သောတာပတ္တိဖလသမာပတ်ကို
ဝင်စားတော်မူပြီ ပဋိစ္စသမုပ္ပါဒ်ကို လေးမျိုးသော အခြင်းအရာတို့ဖြင့်
အပြန်ပြန်အလှန်လှန် ရှုပွားသုံးသပ် ဆင်ခြင်ပြီးတဲ့အခါ ပဋိစ္စသမုပ္ပါဒ်
သဘောတရားတွေက သူဉာဏ်ထဲမှာ အလွန်ကြီး ပေါ်လွင်ထင်ရှား
လာတဲ့အတွက် ဒီပေါ်လွင်ထင်ရှားမှုကို မေးခွန်းတစ်ခု ပြုလုပ်ကာ
ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးမေးမြန်းလျှောက်ထားခဲ့မယ်ဆိုရင်
တရားကောင်းတပုဒ်ကိုတော့ ဘုရားရှင်ထံမှ ငါနာကြားခွင့်ရရှိလိမ့်
မယ်ဆိုပြီး သဘောပေါက်ခဲ့ပါတယ်။

ညနေချမ်းအခါမှာ ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး မေးခွန်း
မေးခွန်းမေးလျှောက်ပါတယ်။ မြတ်စွာဘုရား ကြောင်းကျိုးဆက်
နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေဟာ နက်နဲတယ်၊ ခက်ခဲတယ်
ဆိုသော်လည်း တပည့်တော်ဉာဏ်မှာတော့ လွယ်သယောင် တိမ်သ

အနတ္တပဲလို့ ဧကန်စူးစမ်းဆင်ခြင် ဆုံးဖြတ်တတ်တဲ့ ဉာဏ်တွေဖြစ်ခြင်းကြောင့် ဒီဉာဏ်နှစ်ပါးကို တီရဏပရိညာလို့ ခေါ်တယ်။

"ဖားအောက်တောရ ဆရာတော်"

ဒုတိယပိုင်းကို ဆက်လက်ပူဇော်ပေးပါမည်။

မဟာဂေါပါလကသုတ္တန်နှင့် မူလပရိယာယသုတ္တန် အဋ္ဌကထာလာ "သာဝကာဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ" ဟူသောစကားကို

နှီးနှောပြမှု (ဒုတိယပိုင်း)

ဘင်္ဂဉာဏ်မှစပြီး အထက်ပိုင်း ဝိပဿနာဉာဏ်တွေကိုတော့ ထိုဝိပဿနာဉာဏ်တွေက ဆိုင်ရာဆိုင်ရာ ကိလေသာတွေကို တဒင်္ဂအားဖြင့် ပယ်ရှားနိုင်တဲ့ စွမ်းအား ရှိခြင်းကြောင့် ပဟာနပရိညာလို့ ခေါ်ပါတယ်။

ဒီလို ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာခေါ်တဲ့ ပရိညာဉာဏ်ပညာသုံးချက်ဖြင့် ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ခြင်း မရှိတဲ့အတွက်ကြောင့်တဲ့ . . .

ဧဝံမယံ ပဇာတန္တာကုလကဇာတ = ရက်ကန်းသည်တို့ရဲ့ ချည်ခင်ချည်ထွေးကို ကြွက်တွေကကိုက်လိုက်ရင် အရင်းအဖျားရှာမရအောင် ရှုပ်ထွေးပွေလီပြီးနေသလို . . . ဒီသံသရာကြီးထဲမှာ ထက်အောက် စုံဆန်ကျင်လည်ကာ ရှုပ်ထွေးပွေလီပြီး နေကြရတယ်။ ဒါကအပြစ်တစ်ခု။

ခုနက (သာဝကာ ဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ)ဆိုတဲ့ ဒီစကားကို အဓိပ္ပါယ် အယူအဆလွဲမှားလိုက်သည်နှင့် တပြိုင်နက်ထဲ ကျင့်စဉ်တွေ အားလုံးလွဲချော်သွားပုံကို တပည့်တော် ရှင်းပြနေခြင်းဖြစ်ပါတယ်။ ဒီတော့ မူလပရိယာယ အဋ္ဌကထာ မူလပရိယာယသုတ္တန်ကို ဖွင့်ဆိုနေတဲ့ သို့မဟုတ် ဘာသာပြန်ဆိုတဲ့ ဆရာတော်ကိုကြည့်လိုက်ရင်လည်း အရှင်မဟာဗုဒ္ဓဃောသ မထေရ်ပဲဖြစ်ပါတယ်။ အခုပြောနေတဲ့ မဟာဂေါပါလကသုတ္တန်အဋ္ဌကထာကို ဖွင့်ဆိုရေးသားနေတဲ့ သို့မဟုတ် ဘာသာပြန်ဆိုနေတဲ့ ပုဂ္ဂိုလ်ဟာလည်း အရှင်မဟာဗုဒ္ဓဃောသမထေရ်ပဲ ဖြစ်ပါတယ်။ အဋ္ဌကထာက တစ်စောင်တည်းပဲ။ အဋ္ဌကထာ တစောင်တည်းမှာ စကားနှစ်မျိုး ပါနေတဲ့အတွက် နောက်အဋ္ဌကထာတစ်စောင်က ခုနက ရှင်းပြခဲ့တဲ့အတိုင်း မဟာဂေါပါလကသုတ္တန် အဋ္ဌကထာက ဘာပြောလဲ?

ရုပ် (၂၈)ပါးကို အရေအတွက်အားဖြင့်ဆိုတဲ့ ဂဏနာအားဖြင့် သော်လည်းကောင်း၊ ဘယ်ရုပ်ကကံကြောင့်ဖြစ်တယ်၊ ဘယ်ရုပ်က စိတ်ကြောင့်ဖြစ်တယ်၊ ဘယ်ရုပ်က ဥတုကြောင့်ဖြစ်တယ်၊ ဘယ်ရုပ်က အဟာရကြောင့်ဖြစ်တယ်ဆိုတဲ့ အကြောင်းသမုဋ္ဌာန်အားဖြင့်သော်လည်းကောင်း စနစ်တကျမသိခဲ့ဘူးဆိုရင် ထိုပုဂ္ဂိုလ်ဟာ ရုပ်တရားကို ဉာဏ်ဖြင့်ပိုင်းခြားယူ၍ ရုပ်တရားကို သိမ်းဆည်းပြီးနောက် နာမ်တရားကို ပိုင်းခြားမှတ်သားပြီးတော့ ရုပ်နာမ်ကိုပူးတွဲသိမ်းဆည်းလျက် ထိုရုပ်နာမ်တို့ရဲ့ အကြောင်းတရားကို ဉာဏ်ဖြင့်ပိုင်းခြားယူပြီးနောက်

ကုလဂဏ္ဌိကဇာတာ = စာပေါင်းသောင်းဌက်မရဲ့ အသိုက်သဖွယ် အရင်းအဖျားရှာမရအောင် ရှုပ်ထွေးပွေလီပြီး ဒီသံသရာကြီးထဲမှာ ကျင်လည်ပြီးနေကြရတယ်။

မုဉ္ဇပဗ္ဗဇာဘူတာ = ဖြူဆံမြက် ပြိန်းမြက် (မွန်ပြည်နယ်မှာ ပေါပါတယ်)

စမ်းချောင်းတွေထဲမှာရှိတဲ့ အင်မတန်ရှည်တဲ့မြက်တွေ ဖြစ်တယ်။ ဖြူဆံမြိတ်ပြိန်းမြက်တွေကို ကြိုးကျစ်ပြီး ခြေသုတ်ကြိုး ဝန်းပြုလုပ်ခဲ့မယ်ဆိုရင် သုတ်ဖန်များတော့ ခြေသုတ်ကြိုးဝန်းက ပျက်စီးပြီး ပြတ်ကုန်တယ်။ အဲဒီအခါမှာ ဘယ်ဒင်းကအရင်း၊ ဘယ်ဒင်းကအဖျားလို့ လိုက်ရှာဖွေကြည့်မယ်ဆိုရင် ရှာဖွေလို့ မရနိုင်အောင် ရှုပ်ထွေးပွေလီနေတယ်။ ဒီလိုရှုပ်ထွေးပွေလီသကဲ့သို့ ဒီသံသရာကြီးထဲမှာ ထက်အောက်စုံဆန် အပါယ်လေးဘုံကနေ ကောင်းရာသုဂတိ၊ ကောင်းရာသုဂတိကနေ အပါယ်လေးဘုံ စသည်ဖြင့် ထက်အောက်စုံဆန်ကျင်လည်ပြီး နေကြရတယ်။ ဒါဘာဖြစ်လဲ ။ ။ ။

အပါယံ ဒုဂ္ဂတိ ဝိနိပါတံ သံသာရံ

နာတိဝတ္တတိ = အပါယ်လေးပါးမှလည်း မလွတ်မြောက်နိုင်ဘူး။ ဒုဂ္ဂတိသံသရာဝဋ်ဆင်းရဲမှလည်း မလွတ်မြောက်နိုင်ဘူး။ အပါယ်မှ ကြွင်းနေတဲ့ သံသရာဝဋ်ဆင်းရဲမှလည်း မကျော်လွှား မလွန်မြောက်နိုင်ဘူး ။ ။ ။ ဆိုပြီး ဘုရားရှင်က ဟောထားပါတယ်။

ဒီကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ ခေါ်တဲ့ ပရိညာပညာသုံးချက်ဖြင့် ပိုင်းပိုင်းခြားခြား မသိတဲ့အတွက် သံသရာဝဋ်ဆင်းရဲ

ဒုက္ခမှ မကျော်လွှား မလွန်မြောက်နိုင်ကြောင်းကို ဘုရားရှင်ဟောကြားတော်မူတဲ့ ဒီမဟာနိဒါနသုတ္တန် ဒေသနာတော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့က ပဋိစ္စသမုပ္ပါဒ်ဝိဘင်းအဖွင့်နှင့် ပဋိစ္စသမုပ္ပါဒ်အပိုင်းကို ဖွင့်ဆိုတဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့မှာ ဘာပြောထားလဲ ။ ။ ။

(ဉာဏာသိနာ သမာဓိပဝရသိလာယံ သုနိသိတေန - ဘဝစက္ကမ ပဒါလေတွာ၊ အသနိဝိစက္ကမိဝ နိစ္စနိမ္မထနံ။ သံသာရ ဘယမတီတော နကောစိ သုပိနန္တရေပျတ္တိ)

သမာဓိတည်းဟူသော မြတ်သောကျောက်ဖျာထက်မှာ မြမြထက်အောင် သွေးထားတဲ့ ဉာဏ်တည်းဟူသော သန်လျက်ဖြင့် မိုးကြိုးစက်ဝန်းကဲ့သို့ သတ္တဝါတွေကို နှိပ်စက်နေတဲ့ ဒီကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားခေါ်သံ သံသရာဘဝစက်ကြီးကို မဖြိုခွင်း မဖောက်ခဲ့နိုင်ဘဲ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကျော်လွှားလွန်မြောက်သွားတဲ့ ပုဂ္ဂိုလ်ဆိုတာ အိပ်မက်ထဲတောင်မှ တစ်ယောက်မျှ မရှိသေးပါဘူးဆိုပြီး ဖွင့်ဆိုထားပါတယ်။

ဘယ်နှယ်တုန်း ဒကာ,ဒကာမတွေရော တရားနာနေတဲ့ ရဟန်းတော်တွေရော ဘုရားဟောဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်နိုင်တဲ့ စွမ်းအားရှိကြသလား။ ရှိရမယ်။ ဘုရားဟောကိုတော့ ဦးထိပ်ရွက် ပန်ဆင်နိုင်တဲ့ စွမ်းအားရှိရမယ်။ သာသနာတော်မှာနေပြီးတော့ ဘုရားဟောကိုမှ လက်မခံဘူး ဆိုရင်တော့ ဘာကိုသွားလက်ခံမှာလဲ။ ဒီလိုဖွင့်ဆိုထားတဲ့အတွက်ကြောင့် ။ ။ ။

ပရိညာတ နှင့် ပရိညာတန္တ ဒီနှစ်ခု ဘယ်လိုထူးခြားတယ် ဆိုတာကို နှိုင်းယှဉ်ပြီး ပြတာပါ။ ပရိညာတန္တရဲ့ အဓိပ္ပါယ်ကတော့ တဘက်ကမ်းခပ်အောင် ကမ်းဆုံးအောင် လမ်းကုန်အောင် သိတော် မူတယ်လို့ ဆိုလိုတယ်။ ဘယ်လိုသိသလဲမေးရင်တော့ . . . ဘုရားရှင်ရဲ့ အရိယာမဂ်ဉာဏ်နှင့် သာဝကတွေရဲ့ အရိယာမဂ်ဉာဏ်ဟာ ထိုထိုကိလေသာတွေကို ပယ်ရှားတဲ့နေရာမှာ ကွာဟချက်မရှိပါဘူး။ အားလုံးတူညီလျက်ပဲရှိနေပါတယ်။ သို့သော် ပရိညာနယ်မှာတော့ ကွာခြားတယ်။ ဘယ်လိုကွားခြားသလဲဆိုတော့ . . . **"သာဝကာ ဟိ စတုန္နံ ဓါတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ"** ဆိုပြီး ဖွင့်ဆိုလိုက်တာ။

သာဝကတွေဟာ ဓါတ်ကြီးလေးပါးတို့ရဲ့ တစ်စိတ်တစ်ဒေသ လောက်ကိုသာ ရှုပွားသုံးသပ်တော်မူကြသည့်အတွက် နိဗ္ဗာန်သို့ ရောက်ရှိသွားကြပါတယ်လို့ ဖွင့်ဆိုလိုက်တယ်။ ဒီလိုဖွင့်ပြီးတော့မှ တထာဂတအမည်ရတဲ့ ဘုရားရှင်တို့ကျတော့ စကြာဝဠာကုဋေတစ်သိန်းဖြင့် သတ်မှတ်ထားအပ်တဲ့ နယ်မြေအတွင်းမှာတည်ရှိနေတဲ့ ပရမတ္ထဓါတ်သားမှန်ခဲ့မယ်ဆိုရင် ပရမာဏုမြူခန့် အမှုန်လေးတောင် မကျန်ဘဲ အကြွင်းအကျန်မရှိ ကုန်စင်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေသုံးတန်တင်ပြီး ရှုပွားသုံးသပ်တော်မူပါတယ်။ ဉာဏ်တော်မြတ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲလို့ မရှုပွားမသုံးသပ်လိုက်နိုင်တဲ့ တရားဆိုတာ ပရမာဏုမြူခန့် အမှုန်လေးတောင် မကျန်ပါဘူးဆိုပြီး နှိုင်းယှဉ်ပြထားတယ်။ နှိုင်းယှဉ်ပြထားတော့ ဒီနေရာမှာ

ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ အထွဋ်အထိပ်သို့ရောက်အောင် ဖြည့်ကျင့်ခြင်းဌာ ဘယ်လိုမှ မစွမ်းနိုင်ဘူး။ မစွမ်းနိုင်တဲ့အတွက် ဒီသာသနာတော်မှာ အထွဋ်အထိပ်သို့ ရောက်နေတဲ့ သူတော်ကောင်းတွေ ရရှိအပ်တဲ့ သီလဂုဏ်ကျေးဇူး သမာဓိဂုဏ်ကျေးဇူး၊ ပညာဂုဏ်ကျေးဇူး ကိလေသာတို့မှ လွတ်မြောက်တဲ့ ဝိမုတ္တိဂုဏ်ကျေးဇူး ကိလေသာတို့မှ လွတ်မြောက်မှုကို ပြန်လည်ဆင်ခြင်တတ်တဲ့ ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးစတဲ့ ဒီဂုဏ်ကျေးဇူးတွေမှအပ ဖြစ်သွားပြီဖြစ်ပါတယ် . . . ဆိုပြီးတော့ မဟာဂေါပါလကသုတ္တန်အဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။ ဒီလို ဖွင့်ဆိုထားတဲ့အတွက် . . .

(သာဝက ဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ)ဆိုတဲ့ ဒီစကားဟာ ဘာကိုရည်ညွှန်းပြီး အဋ္ဌကထာက ဖွင့်ဆိုနေတယ်ဆိုတာကို ကျကျနန နားလည်ဖို့ လိုပါတယ်။

မူလပရိယာယသုတ္တန်ကို ဟောတော်မူတဲ့အပိုင်းမှာ ဘုရားရှင်က ဗြဟ္မဏဝါဒါမှ ဗုဒ္ဓဘာသာရဟန်းအဖြစ်သို့ ပြောင်းလွှဲလာတော်မူတဲ့ ရဟန်းတော်ငါးရာကို ဦးတည်ပြီး ဟောကြားတော်မူခြင်းဖြစ်ပါတယ်။ ထိုရဟန်းတော်ငါးရာတို့က ပါရမီမျိုးစေ့ ဓါတ်ခံ အလွန်အားကောင်းတော်မူတဲ့ အရဟတ္တဖိုလ်ရနိုင်တဲ့ ပါရမီမျိုးစေ့ရှိနေကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါတယ်။

သို့သော်လည်း ဉာဏ်က အလွန်ထက်မြက်တဲ့အတွက် ဝေဒ

ကျမ်းတွေကို သင်ယူလိုက်တဲ့အခါ ဝေဒကျမ်းတွေမှာ အနှစ်သာရကို ရှာဖွေလို့မရရှိတဲ့အတွက် ဘာလုပ်ကြလဲ? အားလုံးတိုင်ပင်ပြီး သာသနာဘောင်သို့ဝင်ရောက် ရှင်ရဟန်းပြုလာကြတယ်။ ဘုရားရှင်ရဲ့ သာသနာတော်ကလည်း နေလိုလိုထွန်းလင်းတောက်ပလာတဲ့ အချိန်ဖြစ်တော့ တို့ဝင်ရောက်ပြီးတော့ လေ့လာကြရအောင်ဆိုပြီး သာသနာဘောင်သို့ ဝင်ရောက်လာတဲ့အချိန်ခါမှာ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်ကို နာကြားသင်ယူလိုက်တဲ့အခါ လွယ်လွယ်လေးနှင့် ပိဋကတ်တော်တွေကို တတ်မြောက်သွားကြပါတယ်။

ဉာဏ်တွေသိပ်ထက်လေတော့ ဘုရားရှင်ဟောတော်မူတဲ့ တရားတော်တွေကို အကုန်လုံးမှတ်မိကြတယ်။ အကုန်လုံးရွတ်ဖတ်နိုင်တယ်။ ဒီလို ပရိယတ္တိမာန်က အားကောင်းလာတော့ ဘုရားရှင်အပေါ်၌ ဘုရားဟောတဲ့တရားတွေဟာ သိပ်မခက်ပါဘူး။ တို့လွယ်လွယ်လေးနှင့် သင်ယူလို့ရတာပဲဆိုပြီးတော့ ဘုရားရှင်အပေါ်ရှိသေလေးစားတဲ့စိတ်ခါတ်တွေက အားပျော့ကုန်ကြတယ်။ မရှိမသေဖြစ်ကုန်ကြတယ်။ တရားတော်ကို ရိုရိုသေသေ ဖြည့်ကျင့်လိုတဲ့ စိတ်ခါတ်တွေက အားပျော့သွားကြတယ်။

ဒီအချိန်မှာ ဘုရားရှင်က ဒီရဟန်းတော်တွေရဲ့ အရဟတ္တဖိုလ်ရနိုင်တဲ့ ပါရမီမျိုးစေ့တွေတော့ ပျက်စီးတော့မှာပဲလို့ သဘောပေါက်တဲ့အတွက် ဒီရဟန်းတော်တွေကို ချေချွတ်ဖို့ရန်အတွက် ပထမခြေလှမ်းအဖြစ် ထိုရဟန်းတော်တို့ကို မာနဗျူဟနထ = ပရိယတ္တိမာန်

စွယ်ထောင်နေတာကို ချိုးနှိမ်ဖို့ရည်ရွယ်တော်မူပြီး မူလပရိယာယသုတ္တန်ကို ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။ ဟောကြားချက်အကျဉ်းချုပ်ကို နည်းနည်းလေး ထပ်ပြီးပြောမယ်ဆိုရင်တော့ ပုထုဇဉ်ငမိုက်သားက မာတာကို ငါပဲ၊ ငါ့ဟာပဲ၊ ငါရဲ့အတ္တပဲလို့ ဒီလိုလှမ်းပြီးစွဲယူတယ်။ ငါမယ်တယ်၊ ငါရဲ့အတ္တက မာတယ် စသည်ဖြင့် ဒီလိုစွဲယူတဲ့သဘောပဲ။ မာနေတာက ငါပဲ၊ မာနေတာကငါ့ဟာပဲ။ မာနေတာက ငါရဲ့ အတ္တက မာနေတာပဲ စသည်ဖြင့် စွဲယူတယ်။

သောတာပန်အရိယာသူတော်ကောင်းကတော့ ငါရဲ့အတ္တပဲလို့ စွဲယူတဲ့ဒိဋ္ဌစွဲ ပြုတ်ပြီးတော့ တဏှာစွဲမာနစွဲနှင့် ငါပဲ ငါ့ဟာပဲလို့ ဒီလိုစွဲယူတယ်။ သေက္ခအရိယာသူတော်ကောင်းတွေက ဒီအတိုင်းပဲ။

သို့သော် အသေက္ခခေါ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ ဒီခါတ်ကြီးလေးပါးကို ငါပဲ ငါ့ဟာပဲ ငါရဲ့အတ္တပဲလို့ စွဲယူတဲ့ အစွဲအားလုံးပြုတ်ပြီးတော့ ခါတ်ကြီးလေးပါး အစုအပုံအဖြစ်နှင့် သိမြင်တော်မူပါတယ်။ အသေက္ခ အမည်ရတဲ့ရဟန္တာပုဂ္ဂိုလ်တွေ သိမြင်သလို တထာဂတအမည်ရတော်မူတဲ့ ဘုရားရှင်ကလည်း ခါတ်ကြီးလေးပါးကို တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌစွဲ ဆိုတဲ့ အစွဲသုံးခုပြုတ်ပြီးတော့ပဲ သိရှိတော်မူပါတယ်။ သို့သော် အသေက္ခ ရဟန္တာများ သိရှိပုံနှင့် တထာဂထဘုရားရှင်တို့ သိရှိပုံနှစ်ခုကို အဋ္ဌကထာက နှိုင်းယှဉ်ပြီးပြတဲ့အခါမှာ တထာဂထဘုရားရှင်တို့သိတာက ပရိညာတန္တ အသေက္ခ ရဟန္တာအရှင်မြတ်တွေသိတာက ပရိညာတလို့ဆိုပြီး ဒီလို့ဖွင့်ဆိုထားတယ်။

ဒီလိုရှုနိုင်းပြထားတဲ့ လုပ်ငန်းခွင်သာ ဖြစ်ပါတယ်။ ဆိုလိုတာက တော့ မဟာဂေါပါလကသုတ္တန်ဖွင့်ဆိုချက်နှင့် ဒီ မူလပရိယာယ သုတ္တန်ရဲ့ ဖွင့်ဆိုချက်သည် အဓိပ္ပါယ်ချင်းတူညီလျက်ရှိပါတယ်။ အဋ္ဌကထာဆရာတော်များသည် သို့မဟုတ် အရှင်မဟာဗုဒ္ဓဃောသ ကဲ့သို့သော ပုဂ္ဂိုလ်များသည် အလွန်ဉာဏ်ပညာကြီးမားတဲ့ ထက်မြတ်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

ဟိုနေရာမှာတစ်မျိုးပြော ဒီနေရာမှာတစ်မျိုးပြော ပြောတတ်တဲ့ ပုဂ္ဂိုလ်မျိုးတွေ မဟုတ်ပါဘူး။ သူတို့ဆိုလိုတဲ့ အနက်အဓိပ္ပါယ်ကို မိမိတို့က တတ်သိနားလည်ပြီး သေသေချာချာ ဝေဖန်ရှုပွားသုံးသပ်တတ်ဖို့ လိုပါတယ်နော်။

ဒါကြောင့် အားလုံးသော ရုပ်နာမ်တမမွ သခ်ါရတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးတန်တင်ပြီး ညာတပရိညာ တီရဏပရိညာ၊ ပဟာနပရိညာ ခေါ်တဲ့ ပရိညာဉာဏ်ပညာသုံးမျိုး ဖြင့် ပိုင်းပိုင်းခြားခြား သိအောင် မရှုပွားနိုင်ခဲ့ဘူးဆိုလို့ရှိရင်တော့ မဂ်ဖိုလ်နိဗ္ဗာန်ကို ဘယ်လိုမှ မရနိုင်ဘူးလို့သာ မှတ်သားပါ။

“ဖားအောက်တောရဆရာတော်”

“သာဝကာ ဟိ စတုန္နံ ဓါတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ” ဆိုတာက ဘာပြောနေတာလဲလို့ တပည့်တော်တို့ ကျကျနန တတ်သိနည်းလည်ဖို့တော့ လိုလာတယ်။

ဒီစကားရပ်ကို မဖွင့်ဆိုခင် ရှေ့ပိုင်းစာမျက်နှာ သုံးဆယ်ကျော် ပတ်ဝန်းကျင်လောက်မှာ နေတ္တိပါဠိတော်မှာ လာရှိနေတဲ့ လက္ခဏာ ဟာရနေတ္တိနည်းကို ထုတ်ဆောင်ပြီးတော့ အဋ္ဌကထာဆရာတော်က ရှင်းလင်းထားပြီး ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပရမတ္ထဓါတ်သား တစ်လုံးကို သို့မဟုတ် ဓါတ်ကြီးလေးပါးလောက်ကိုပေါ့နော်။ ဒီဓါတ်ကြီးလေးပါးလောက်ကိုပဲ နေတံမမ၊ နေသောဟမသို့၊ နမေသော အတ္တာ၊ ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့ရဲ့အတ္တာမဟုတ်လို့ ရှုတယ်။ သို့မဟုတ် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုတယ်။ အတူတူပဲ။

ဒီလိုရှုဖို့ရန်အတွက် ဟောကြားလိုက်ခဲ့လျှင် ထိုပရမတ္ထဓါတ်သားနှင့် ဓါတ်သားချင်းတူညီနေတဲ့ ပရမတ္ထဓါတ်သား အားလုံးကိုလည်း သိမ်းကြုံးပြီး ယူရပါတယ်ဆိုတဲ့ နည်းစနစ်ကို အရှင်မဟာကစ္စည်းမထေရ်မြတ်က နေတ္တိပါဠိတော်မှာ လက္ခဏာဟာရနေတ္တိနည်းဆိုပြီး ပေါင်းစုပြီးတော့ ဟောထားပါတယ်။ လက္ခဏာချင်းတူညီနေလို့ ဘုရားရှင်က ပေါင်းစုပြီး ဟောကြားသွားတော်မူခြင်းဖြစ်တယ်။ ဆိုလိုတာက ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်ခေါ်တဲ့ ဓါတ်ကြီးလေးပါးကလည်း ရုပ်တရားဖြစ်တယ်။ ဒီဓါတ်ကြီးလေးပါးကိုမှီတွယ်ပြီး ဖြစ်ပေါ်နေတဲ့ ဥပါဒါရုပ်တွေကလည်း ရုပ်တရားပဲဖြစ်တယ်။ ရုပ်ပနလက္ခဏာချင်း တူညီနေတယ်။ တူညီနေ

တဲ့အတွက်ကြောင့် ဓါတ်ကြီးလေးပါးထဲမှာ ရုပ်ပနလက္ခဏာချင်းတူညီနေတဲ့ ဥပါဒါရုပ်တွေကိုပါ စုပေါင်းပြီး ဘုရားရှင်က ဟောကြားသွားတော်မူခြင်းဖြစ်တယ် ဆိုပြီးရှင်းပြထားတယ်။

နောက်တစ်ခု - ရုပ်တရားဟာလည်း လူသတ်သမားပဲ၊ ရုပ်တရားတွေ ဖောက်ပြန်ရင်လည်းသေနိုင်တယ်။ ဝေဒနာသညာ သင်္ခါရဝိညာဏ်တွေ ဖောက်ပြန်ပျက်စီးရင်လည်း သေနိုင်တာပဲ။ ခံစားမှုတွေက ပြင်းထန်မယ်၊ မှတ်သားမှုတွေက ပြင်းထန်မယ်၊ သင်္ခါရခေါ်တဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေက သိပ်ပြင်းထန်မယ်ဆိုရင်လည်း သတ္တဝါတွေ သေတာပဲ။ စိတ်ဓါတ်တွေ ဖောက်ပြန်ရင်လည်း သေတာပဲ။ ဒါကြောင့် ဒီခန္ဓာငါးပါးကို လူသတ်သမားဆိုပြီးတော့ အာသီဝိသောပမသုတ္တန်စတဲ့ ထိုထိုသုတ္တန်တွေမှာ ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။ ရုပ်တရားသည် ဝမ်ကလက္ခဏာ = လူသတ်သမားဆိုတဲ့ လက္ခဏာရှိသလို ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေဟာလည်း ဝမ်ကလက္ခဏာ လူသတ်သမားဆိုတဲ့ လက္ခဏာရှိပါတယ်။

ဒီလိုလက္ခဏာချင်း တူညီနေတဲ့အတွက် ရုပ်တရားထဲမှာ ခန္ဓာငါးပါးလုံးကို ပေါင်းစုပြီးတော့ ဘုရားရှင်က လက္ခဏာဟာရ နေတ္တိနည်းဖြင့် ဟောကြားသွားတော်မူခြင်းဖြစ်တယ်။ ဒါကြောင့် "သင်္ခါရဝတ္ထုက မညန" သင်္ခါရတရားအားလုံးအပေါ်မှာပဲ ပုထုဇဉ်တွေက တဏှာစွဲ မာနစွဲ ဒိဋ္ဌစွဲ ဆိုတဲ့ အစွဲသုံးမျိုးဖြင့် ဒီသင်္ခါရတရားတွေကို ငါပဲ ငါ့ဟာပဲ ငါရဲ့အတ္တပဲလို့ စွဲတယ်။ သောတာပန် အရိယာ

သူတော်ကောင်းက သို့မဟုတ် သေက္ခ အရိယာသူတော်ကောင်းတွေကတော့ ဒိဋ္ဌစွဲပြုတ်ပြီး တဏှာစွဲ၊ မာနစွဲ အချို့အဝက်နှင့် ငါပဲ ငါ့ဟာပဲလို့ စွဲယူတယ်။ အသေက္ခ ရဟန္တာအရှင်မြတ်တွေကတော့ တဏှာစွဲ၊ မာနစွဲ ၊ ဒိဋ္ဌစွဲ အစွဲသုံးခုပြုတ်ပြီးတော့ သင်္ခါရတရားအားလုံးအပေါ်မှာ အစွဲပြုတ်ပြီးတော့ ရှုပ်ွားသုံးသပ်လျက် နေပါတယ်။ တထာဂထ ဘုရားရှင်တို့ကျတော့ ဒီသင်္ခါရတရားတွေအပေါ်မှာ ခွဲခြားစိတ်ဖြာပြီးသိမှုက ပရိညာတန္တ လမ်းကုန်အောင်၊ ကမ်းကုန်အောင် သိပါတယ်လို့။ ဒီလိုဆိုလိုရင်းဖြစ်တယ်ဆိုပြီး ရှင်းထားပြီးသား ဖြစ်ပါတယ်။ ရှင်းထားပြီးတဲ့ နောက်ပိုင်းကျမှ . . .

"သာဝကာ ဟိ စတုန္နံ မါတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ" စသည်ဖြင့် စာမျက်နှာ လေးဆယ် ငါးဆယ် ပတ်ဝန်းကျင်လောက်မှာ ထပ်ပြီးရေးခြင်းဖြစ်တယ်။ ရှေ့ပိုင်းက ရှင်းလင်းချက်ကို မကြည့်ဘဲ နောက်ပိုင်းက ကိုယ်လိုချင်တဲ့ အကွက်လေးကိုကြည့်ပြီး လွယ်လွယ်ကြိုက်တဲ့ ဗမာတို့ရဲ့ထုံးစံအတိုင်း . . . ခပ်လွယ်လွယ်လေးနှင့် နိဗ္ဗာန်ရရင် . . . ဒီကိုယ်တော်က ဘာဖြစ်လို့ ဒီလောက်ခက်ခက်ကြီး ဟောနေရသလဲဆိုပြီး ဘုန်းကြီးကို ခဏခဏ အပြောခံနေရလို့ပါ။

အလွယ်ကြိုက်တဲ့ ဗမာတို့ရဲ့ထုံးစံအတိုင်း လွယ်လွယ်လေးနဲ့ နိဗ္ဗာန်ရရင် လွယ်လွယ်လေးနှင့်ပဲ ရှုလိုက်တော့ပေါ့ ဆိုတဲ့ ဒီဝါဒတွေကို မိုးပျံအောင် ပျံ့နှံ့နေတဲ့အတွက်ကြောင့် အခုလို ဘုန်းကြီးရှင်းပြတဲ့ ရှင်းလင်းချက်ကို နားလည်နိုင်တဲ့ လက်ခံယူနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာကတော့ တော်တော်လေးနည်းပါးတဲ့ သဘောရှိနေပါတယ်။

မြင်သိနေတယ်။ ဒီလိုမြင်သိနေပါမှ တဏှာခေါင်းပါးမယ်။ ဒီလို အသုဘသဘော မသိမမြင်ဘဲ သုဘသဘောကို သိမြင်နေရင် ဘယ်မှာ တဏှာခေါင်းပါးမှာတဲ့လဲ။ ဒီနှစ်မဂ်ကိုရတော့ အမြင်အသိ ထူးထူးခြားခြား ပြောင်းလဲသွားတာကိုပဲ ဦးပဉ္စင်းသတိပြုမိတယ်။ ဘာမဂ်လဲ? ဘာဖိုလ်လဲ? ဆိုတာအမည်သညာနဲ့ မသိဘူး။ စာမှ မတတ်တဲ့ဟာ ဘာသိမှာလဲ။

တတိယမဂ်ကျပုံ ဒါပေမယ့် တတိယမဂ်ကြီး ကျပြီးလို့ ပြန်ပြီး ဆင်ခြင်ကြည့်တဲ့အခါ ထိုမဂ်နှစ်ပါးကျတဲ့ နေ့၊ ရက်၊ အချိန်၊ နာရီ၊ နေရာဌာနနဲ့တကွ အမည်သညာ အခေါ်အဝေါ်တွေကိုပါ အားလုံး ပြန်ပြီးသိတယ်။

တတိယမဂ်ကျတာတော့ အင်မတန်ထူးတယ်။ ဒီမဂ်ကြီးကျ ခါနီးမှာ မကြုံဖူး မကြားဖူးတဲ့ အလင်းရောင်ကြီးဟာ ရှိုး . . . ဆိုတဲ့အသံကြီး မြည်ဟီးပြီး ပေါ်လာတယ်။ စိတ်ကလေးဟာ ဒီအလင်း ရောင်ကြီးထဲ ရောက်သွားပြီး တခဏလေးအချိန်အတွင်းမှာ (၃၁) ဘုံလုံးကို အကုန်မြင်လိုက်တယ်။ ဒီလို မြင်ပြီးတာနဲ့တပြိုင်နက် မိုးကြိုးကြီး ကိုယ့်အနားမှာ ကပ်ပစ်ချလိုက်သလို ဒင်း . . . ဆိုတဲ့ အသံကြီးကို ကြားလိုက်တာ နားကွဲမတတ်ပဲ။ ဒီအသံကြားလိုက်တော့ အသိစိတ်ကလေးဟာ (ဖျက်ကနဲ)ချုပ်သွားတယ်။ ချုပ်ချိန်ဟာ လက်ဖြောက်တီးလိုက်သလောက်သာ ကြာမယ်။ ပြန်ပြီးသတိရလာတော့ စိတ်ကလေးဟာ အေးငြိမ်းသာတဲ့ ဌာနတခုထဲမှာ ရောက်နေတာကို သိတယ်။ ဒီချမ်းသာဟာ နိဗ္ဗာန်ချမ်းသာပဲဆိုတာကိုလည်း တထစ်

ဆရာကြီး ဦးဂို့အင်္ဂါ တရားထိုင်နည်း

တရားထိုင်ဖို့ မလှုပ်မပြင်ပဲထိုင်လိုက်တာနဲ့ ကာယကံသီလ လုံနေပြီ။ နှုတ်ကို ဘာမှမပြောပဲ ဆိတ်ဆိတ်နေတာနဲ့ ဝစီကံသီလ လုံနေပြီ။ စိတ်ကို ဝင်လေသိ, ထွက်လေသိထားတာနဲ့ မနောကံသီလ လုံနေပြီ။ ဝင်လေသိထွက်လေသိနေအောင် ဝိရိယစိုက်နေတာဟာ သမ္မာဝါယမ။ ဝင်လေထွက်လေမှာ စိတ်တည်နေတာက သမ္မာသမာဓိ၊ အဲ့ဒီသမာဓိနဲ့ ခန္ဓာမှာဖောက်ပြန်ပေါ်လာတာကရုပ်၊ သိလိုက်တာကနာမ်ကို မြင်နေတာ သမ္မာဒိဋ္ဌိ အဲ့ဒီရုပ်နာမ်ဟာ ပျက်သွားပါလားလို့ သိကြံလိုက်တာက သမ္မာသင်္ကပ္ပ။ ပျက်သွားပြီ ပြန်အစားထိုးပြန်ပြီ၊ ပျက်ပြန်ပြီ ကြိမ်ဖန်များစွာ ဖြစ်ပျက်နေတာဟာ ဒုက္ခသစ္စာ။ အဲ့ဒီ ဒုက္ခသစ္စာဖြစ်လာအောင် ပျက်သွားအောင် ငါမလုပ်ပဲ သူ့သဘောသူဆောင်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ဒုက္ခသစ္စာသဘော သိသွားချိန်မှာ ဖြစ်ပျက်မုန်းလာပြီး ဖြစ်ပျက်မရှိတာကို မြင်သွားရင်၊ ကောင်းစွာပြောဆိုတဲ့ သမ္မာဝါစာ၊ ကောင်းစွာပြုလုပ်တဲ့ သမ္မာကမ္မန္တ၊ ကောင်းစွာအသက်မွေးတဲ့ သမ္မာအာဇီဝ မဂ္ဂင်ရှစ်ပါး ပြည့်စုံတော့တာပါပဲ။

ဝိပဿနာအလုပ်လုပ်သူများအတွက် သဲအင်းဂူဆရာတော်ဘုရားကြီး၏ မဂ်အဆင့်ဆင့်ကျပုံ

မဂ်၊ ဖိုလ်၊ ဖလသမာပတ်၊ နိရောဓသမာပတ်များနှင့် ပက်သက်ပြီး ရှင်းပြပေးပါရန် သဲအင်းဂူဆရာတော်ကြီးအား သတင်းစာဆရာကြီး မိုးကြိုးဦးအုန်းခင်မှ လျှောက်ထားခဲ့ရာ စာမတတ်သော ဆရာတော်ကြီးမှ မိမိ၏ခန္ဓာအသိအမြင်များကို ရှင်းရှင်းလင်းလင်း ဖြေကြားခဲ့သည်ကို ဓမ္မမိတ်ဆွေများ ကြည်ညိုနိုင်ရန် ပြန်လည်မျှဝေပါ၏။

"ဒကာကြီးဦးအုန်းခင် ဦးပဉ္စင်းသိတာ မြင်တာကိုပဲ ပြောပြမယ်။ ဦးပဉ္စင်း ပထမမဂ်နဲ့ ဒုတိယမဂ်ကျပုံဟာ စိတ်ကလေး ဖျတ်ကနဲ ပြောင်းသွားပြီး ထူးတဲ့ဉာဏ်ကိုရတာပဲလို့ သိတယ်။

မွေးကတည်းက မျက်စိကန်းလာတဲ့သူဟာ ခွဲစိပ်ကုသပြီး ရောဂါပျောက်ကင်းလို့ မျက်စိအပေါ်မှာစည်းထားတဲ့ အဝတ်ကို ခွာလိုက်တဲ့အခါ မျက်စိကန်းတုန်းကသိတဲ့အသိနဲ့ အခုမျက်စိမြင်လို့ သိတဲ့အသိဟာတခြားစီး၊ တဘာသာစီဖြစ်သွားတာကို သိပုံမျိုးပဲ သိလိုက်တယ်။

"ဟာ ငါဘာဖြစ်သွားတာပါလိမ့်"လို့ အံ့အားသင့်ခြင်းမက အံ့သြမိတယ်။ ကိုယ့်စိတ်ကလေးကို ပြန်ပြီးစစ်ကြည့်လိုက်တဲ့အခါ ရှေးကအမြင်အသိနဲ့ အခုအမြင်အသိဟာ အမည်းနဲ့အဖြူလို့ ခြားနားကွဲပြား ထူးခြားသွားခြင်းကို သိလိုက်တယ်။

ပထမမဂ်ကျပြီးတော့ မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ လျက်သမျှ

ထိသမျှ၊ သိသမျှတွေဟာ (ဝေဒနာကွန္ဓာ - ဝေဒနာ) ခံစားတဲ့သဘောတခုကိုပဲ သိနေတယ်။ ဒီအသိထဲမှာ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ နှစ်ခုလုံး ပူးတွဲပါဝင်နေတယ်ဆိုတာကိုလည်း သိတယ်။ သို့ပေမယ့် ခံစားတယ်ဆိုတဲ့ဝေဒနာရဲ့ သဘောကို အာရုံပြုပြီးသိနေတယ်။ ဒီလို ခံစားတဲ့သဘောဝေဒနာ တခုတည်းကိုပဲ သိနေတယ်ဆိုတော့ မိန်းမ၊ ယောကျ်ား၊ ခွေး၊ ဝက်ရယ်လို့ မသိတော့ဘူးလားလို့ မေးစရာရှိတယ်။ ပညတ်နှင့်ပရမတ်နှစ်ခုစပ်ပြီး သိနေတယ်။

မိန်းမမြင်ရင် ရှေ့စိတ်ကဝေဒနာပါလားလို့သိပြီး နောက်စိတ်က အော်- ဒါဟာမိန်းမပါလားလို့ နှစ်ခုဆက်စပ်ပြီးသိတာ။ အဲဒီမှာ မလိုဘဲ ကြားတာနံတာ၊ စားတာ၊ ထိတာ၊ သိတာတွေမှာလည်း ဒီအတိုင်းဘဲ ခံသားတဲ့သဘော ဝေဒနာကိုပဲ သိနေတယ်။ သောတာပတ္တိမဂ်ကျပြီးတဲ့ သောတာပန်အရိယာကြီးဟာ အဲဒီလို ဒလစပ် ဝေဒနာဆိုတဲ့ ခံစားတဲ့သဘောကိုပဲ သိမြင်နေတယ်။ ဒီလိုမြင်သိနေပါမှ ဒိဋ္ဌိပြုတ်တယ်လို့ ခေါ်တယ်။"

ဒုတိယမဂ်ကျတော့ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ ဆိုတာတွေ အားလုံးမှာ သုခဝေဒနာချုပ်ဆုံးသွားပြီး ဒုက္ခဝေဒနာတွေချည်း ဖြစ်ကုန်တယ်။ ရှေးကတင့်တယ်ဖွယ်ရာတွေ ကောင်းတယ်လို့ သိတာတွေဟာ အားလုံးမတင့်တယ် မဖွယ်ရာ မကောင်းတာတွေချည် ဖြစ်ကုန်လို့ သုခဝေဒနာမဖြစ်တော့ဘဲ ဒုက္ခဝေဒနာတွေချည်း ဖြစ်ကုန်တယ်။ အဲဒါ အသုဘသဘောကို ထင်မြင်နေတယ်လို့ဆိုတယ်။ သကဒါဂါမိမဂ်ကျပြီးတဲ့ သကဒါဂါမန်အရိယာဟာ အသုဘသဘောကို ဒလစပ်

မင်္ဂကျပြီးရင် ထိုအရိယာပုဂ္ဂိုလ်ရဲ့ အသိအမြင်တွေဟာ မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့ဘူး။ ထူးထူးခြားခြား ခြားနားသွားတယ်။ ဒီတော့ မင်္ဂလို့ထင်ရင် ဒီမင်္ဂစိတ်ကျပြီးတော့ ယောဂီအမြင် အသိ ဘယ်လိုပြောင်းသွားသလဲဆိုတာ " ကိုယ့်စိတ်ကိုယ်စစ်ကြည့်ရင် သိနိုင်ပါတယ်" သူတပါးကိုသွားပြီး မေးနေစရာမလိုပါဘူး။ သောတာပတ္တိမင်္ဂစိတ်ကျပြီးတဲ့ သောတာပန်ဟာ အပါယ်လေးပါး ကျမယ့် အကုသိုလ်စိတ်တွေကို မင်္ဂကသမုဒ္ဆေဒနဲ့ အကြွင်းမဲ့ပယ်သတ်ပစ်လိုက်တာ။ ထိုအပါယ်ကျမယ့် အကုသိုလ်စိတ်နေရာမှာ သမ္မာဒိဋ္ဌဉဏ်စီးတဲ့ ကာမာဝစရကုသိုလ်စိတ်က နေရာဝင်ပြီးယူလိုက်တာ။ အကုသိုလ်စိတ်တွေ ဘယ်တော့မှ မဖြစ်တော့ဘူး။ ငါဟာ ဘယ်တော့မှ အပါယ်မကျတော့ဘူးလို့ သောတာပန်ကြီးဟာ တထစ်ချသိတယ်။

ဒါကြောင့်ဒကာ ဒကာမကြီးတွေ "ကိုယ့်စိတ်ကိုယ်စစ်ကြပါလို့" အသံအနာခံပြီး ဦးပဉ္စင်းက တဖွဖွသတိပေးနေတာ။ ရကြပါစေ၊ ပေါက်ကြပါစေဆိုတဲ့ စေတနာနဲ့ ပြောနေတာပါလို့ ဆရာတော်ကြီးက ရှင်းပြပါတယ်။

(မိုးကြိုးဦးအုန်းခင်ရေး - သဲအင်းဂူဆရာတော်ကြီး၏ "ဒိဋ္ဌသတ်တဏှာသတ်" စာအုပ်မှ)
သဲအင်းဂူပြည်ပဌာနခွဲ (၁)
ကိုယ့်စိတ်ကိုယ်စစ်
ဝိပဿနာရိပ်သာ

ချသိလိုက်တယ်။ ဒီမင်္ဂကြီးကျပြီးနောက်မှ အေးငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာ ခံစားရတယ်။ ပထမနှစ်မင်္ဂထက် တတိယမင်္ဂက ဒီနိဗ္ဗာန်ချမ်းသာခံစားရတာ ပိုပြီးထူးတယ်။ နာမ်ကလေးဟာ ခန္ဓာကိုယ်ကြီးနဲ့ခွဲခွာသွားပြီး နိဗ္ဗာန်ဆိုတဲ့ သန္တိသုခထဲကို ရောက်နေတယ်။ အဲဒီလို ရောက်တော့မှ နိဗ္ဗာန်ရဲ့သန္တိသုခကို တကယ်တိတာ။ အဟုတ်သိတာ။ ဒီနိဗ္ဗာန်ချမ်းသာကို ခံစားပြီးတဲ့နောက်ပိုင်းမှာ (၃၁)ဘုံက ချမ်းသာတွေဟာ ချမ်းသာအစစ်မဟုတ်ဘူး။ ဆင်းရဲကြီးဘဲဆိုတာ တထစ်ချဆုံးဖြတ်ချလိုက်တယ်။

(၃၁)ဘုံချမ်းသာနဲ့ နိုင်းယှဉ်စရာနိဗ္ဗာန်ချမ်းသာကို သိတော့မှ (၃၁)ဘုံရဲ့ ချမ်းသာကို ဒုက္ခကြီးမှန်းတကယ်သိတာ၊ အဟုတ်သိတာ။ အရဟတ္တမင်္ဂကျပုံနဲ့ အနာဂါမိမင်္ဂကျပုံတို့ဟာလည်း မတူကြပြန်ဘူး။ အနာဂါမိမင်္ဂကျပြီးနောက် စိတ်ကလေးဟာ နိဗ္ဗာန်ချမ်းသာကို ပထမအကြိမ် သွားပြီးခံစားတယ်။ အရဟတ္တမင်္ဂကျပြီးတော့ စိတ်ကလေးဟာ ဒီလိုသွားပြီး နိဗ္ဗာန်ချမ်းသာကို သွားပြီးမခံစားတော့ဘူး။ ကိုယ်ထဲစိတ်ထဲမှာရှိတဲ့ အညစ်အကြေးတွေ၊ ကိလေသာတွေ အားလုံး ကုန်ဆုံးသွားခြင်းကိုပဲ တထစ်ချက်သိလိုက်တယ်။ ဆင်းရဲပင်ပန်းစွာ ထမ်းပိုးထားရတဲ့ဝန်ထုတ်ကြီးဟာ အပြီးတိုင်ပြုတ်ကျသွားသလိုပဲ အရှင်းကြီးရှင်းသွားတာကိုပဲ သိလိုက်တယ်။

နိရောဓသမာပတ်မဝင်စားနိုင် - ဦးပဉ္စင်းဟာ သမထယာနိကပုဂ္ဂိုလ်တွေရအပ်တဲ့ သမထစျာန်ကိုမရတဲ့အတွက် နိရောဓသမာပတ်ကို မဝင်စားနိုင်ဘူး။ ဖလသမာပတ်ကိုပဲ ခံစားနိုင်ပါတယ်။ သောတာ

ပတ္တိမဂ်နဲ့ သကဒါဂါမိမဂ်ကျပြီးတဲ့နောက်ပိုင်းမှာ ဖိုလ်ချမ်းသာကို ခံစားရကောင်းမှန်း မသိဘူး။ ရှေ့ဆက်ပြီး လုပ်စရာကျင့်စရာအလုပ်တွေ ကျန်ရှိနေသေးတာကိုသိလို့ မနေမနားကြိုးစားပြီး ကျင့်ကြံအားထုတ်မှုကိုပဲ ဆက်လက်လုံ့လပြုနေတယ်။ အနာဂါမိမဂ်ကျပြီးတော့လည်း ဖလသမာပတ်ကို မဝင်စားဘူး။ အကနိဋ္ဌဗြဟ္မဘုံသွားပြီး ဗြဟ္မချမ်းသာကို ခံစားနေတယ်။ ရူပကိလေသာမကုန်သေးလို့ ဗြဟ္မာချမ်းသာကို တွယ်တာနှစ်သက်နေသေးတာ။ ယခုအချိန်မှာ ပြန်ပြီးဆင်ခြင်ကြည့်လို့ သိရတာကတော့ အရိယာပုဂ္ဂိုလ်များ မိမိတို့ ရရှိထားတဲ့ ဖလသမာပတ်ကို ဘယ်လိုခံစားတယ် ဆိုတာသိတယ်။ ဦးပဉ္စင်းလဲ ခံစားတယ်။

ဘယ်လောက်ကြာကြာ ဖလသမာပတ်ကို တဆက်ထဲ ခံစားနိုင်သလဲဆိုရင် ငါးမိနစ်သာသာလောက်ပဲ ခံစားနိုင်တယ်။ ဘယ်လို ခံစားသလဲဆိုတော့ စိတ်ကလေးဟာ ဒုက္ခနဲ့သုခဝေဒနာနှစ်ပါးလွတ်တဲ့နေရာလေးကို သွားပြီး စိတ်ကလေးဝပ်နေတာပဲ။ ဒီလိုလွတ်တဲ့နေရာလေးမှာ စိတ်ကလေးသွားပြီး ဝပ်နေချိန်မှာ မြင်၊ ကြား၊ နံ၊ စား၊ ထိဆိုတဲ့ အာရုံငါးပါးမရှိတော့ဘူး။ သိနေတဲ့စိတ်ကလေးတစိတ်ထဲဖြစ်နေတယ်။ ဒီစိတ်ကလေးကို သမာဓိအားကောင်းရင် အားကောင်းသလောက် လွတ်တဲ့နေရာလေးမှာသွားပြီး ကြာကြာဝပ်ထားခိုင်းနိုင်တယ်။ ယခုအချိန်မှာဆိုရင် ဦးပဉ္စင်းရဲ့စိတ်ကလေးဟာ အားအားရှိရင် အဲဒီလွတ်တဲ့နေရာလေးကိုပဲ ပြေးပြေးပြီးဝပ်နေတယ်။

ဖလသမာပတ်ဟာ မေ့နေတာမဟုတ်- ဖလသမာပတ်ဆိုတာ မေ့နေတာတော့ လုံးလုံးမဟုတ်ဘူး။ ဖလသမာပတ်ဆိုတာ ဖိုလ်ဉာဏ်ပဲ မဟုတ်လား။ ဉာဏ်ဆိုတာ မသိဘဲ မေ့နေတာမှ မဟုတ်ဘဲ။ သိနေလို့သာ ဉာဏ်လို့ခေါ်တာပေါ့။ ဒုက္ခ - သုခလွတ်တဲ့နေရာကလေးသွားပြီးသိနေတာကို ဖလသမာပတ်ဝင်စားတယ်လို့ ဆိုတယ်။

နိရောဓသမာပတ်ကတော့ အာရုံခြောက်ပါးလုံး ချုပ်နေတယ်။ အသိမရှိရုံမကဘူး။ အသက်လဲမရှူတော့ဘူး။ ဦးပဉ္စင်းက ဖလသမာပတ်ဟာ မေ့နေတာမဟုတ်ဘူးလို့ ပြောတာက မနာလို ဝန်တိုစိတ်နဲ့ ပြောတာမဟုတ်ဘူး။ မသိဘဲနဲ့လဲ ပြောတာမဟုတ်ဘူး။ တကယ် တရားကိုလိုချင်တဲ့ယောဂီတွေ "ရေလိုက်လွှဲများ" နေမှာစိုးလို့ပြောတာပါ။ တကယ့်ကို မေတ္တာ ကရုဏာနဲ့ပြောတာပါ။

မဂ်ဖိုလ်ဆိုတာ - မဂ်တို့၊ ဖိုလ်တို့ဆိုတာ ရောက်ဖူးတဲ့သူ၊ ခံစားဖူးတဲ့လူမှသိတာ။ သမာဓိအားကောင်းပြီး ဈာန်ဘက်ယိုင်နေကာ အအေးအလင်းထဲမှာ အာကာသထဲမှာ လဟာပြင်ထဲမှာနေတာမျိုးဟာလည်း မဂ်ဖိုလ်မဟုတ်သေးဘူး။ မဂ်ရဲ့သဘောကကိလေသာကို အကြွင်းမရှိပယ်သတ်တဲ့ဉာဏ်ဖြစ်တယ်။

ဖိုလ်ဉာဏ်ဆိုတာက ထိုမဂ်ရဲ့အကျိုးကို ခံစားခြင်းဖြစ်တယ်။ ခိုင်မြဲတယ်။ ဈာန်ဆိုတာက ဈာန်ဝင်စားနေချိန်မှာ ကိုယ်စိတ်နှစ်ပါးချမ်းသာနေခြင်းမျှဖြစ်တယ်။ မခိုင်မြဲဘူး။ ဒီတော့ မဂ်ဉာဏ်ဟုတ်မဟုတ်ဆိုတာကို ထိုမဂ်ကျပြီး သက်ဆိုင်ရာကိလေသာကို သမုစ္ဆေဒအားဖြင့် ပယ်သလား၊ မပယ်ဘူးလားဆိုတဲ့ ဉာဏ်ပေတံနဲ့တိုင်းမှအမှန်သိမှာပေါ့။

ဝိဇ္ဇာမဖြစ်သရွေ့လို့သေးတယ်
ဓမ္မာနုပဿနာ
(သစ္စာပဗ္ဗ)
(မိုးကုတ်ဆရာတော်ဘုရားကြီး)

၁။ **သစ္စာသိအောင်လုပ်ပါ။**
- သစ္စာသိအောင်လုပ်ပါဆိုတဲ့စကားဟာ အရေးအကြီးဆုံး ဖြစ်တယ်။
- ဒါနပြုကြပါဆိုတဲ့စကားဟာ အရေးအကြီးဆုံး မဟုတ်ပါ။
- သီလဆောက်တည်ပါဆိုတဲ့စကားဟာလည်း အရေးအကြီးဆုံး မဟုတ်ပါ။
- သစ္စာသိဖို့ အရေးကြီးပါတယ်။

၂။ **အားကိုးအာခံရာကြပါ။**
- သာသနာတွင်း တရားဟောတဲ့ဆရာကောင်းကို ရှာပါ။
- ဒါနသစ္စာလို့ မလာပါ။
- သီလသစ္စာလို့ မလာပါ။
- ဝိပဿနာကျတော့ သစ္စာလို့လာတယ်။

၃။ **သာသနာပတရားတွေနော်။**
- ပေးကြဟာ၊ ကမ်းကြဟာ၊ လှူကြဟာ ဆိုတာ သာသနာပတရားတွေနော်။

၉။ **ခန္ဓာကိုအရင်တွေ့အောင်ဖမ်းပါ။**
- နိဗ္ဗာန်ရှာလို့ရှိရင်ဖြင့် ခန္ဓာအရင်တွေ့အောင် ဖမ်း။
- ကျုပ်တို့ကလည်း အိုဘေး၊ နာဘေး၊ သေဘေး၊ ကြောက်တဲ့ပုဂ္ဂိုလ်တွေ၊ အပါယ်ဘေးတွေ ကြောက်တဲ့ပုဂ္ဂိုလ်တွေ၊ ဆင်းရဲဟူသရွေ့လည်းကြောက်။
- ဆင်းရဲဇာတ်သိမ်းချင်လို့ရှိရင်၊ ခန္ဓာတွေ့မှ နိဗ္ဗာန်မယ်။ နိဗ္ဗာန်တွေ့မှ ဆင်းရဲဇာတ်က သိမ်းမယ်။
- ဒါကြောင့် ဒုက္ခသစ္စာတွေ့အောင် ရှေးဦးမှာ ရှာရမှာပဲ။

၁၀။ **ဒုက္ခသစ္စာတွေ့အောင်ရှာရမယ်။**
- ဒုက္ခသစ္စာက ခန္ဓာပဲ။
- သစ္စာသိအောင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်။ ဆရာကောင်း၊ သမားကောင်းရှာပြီး ဒီသစ္စာတွေ့အောင်ရှာပါ။
- ဒုက္ခတွေဟာ သစ္စာတွေ့ပြီးလို့ရှိရင် အင်မတန်ချမ်းသာသွားမယ်။
- ငါဘုရားကို ကိုးကွယ်ဆည်းကပ်ရင်၊ သုဂတိတော့ရောက်ပါတယ်။ နိဗ္ဗာန်တော့ဖြင့် မပို့နိုင်ဘူး။ သစ္စာသိမှပဲ နိဗ္ဗာန်ရောက်မယ်။

- သီလဆောက်တည်ကြဟ ဆိုတာ သာသနာပ တရားတွေနော်။
- သစ္စာသိအောင်လုပ်ပါဆိုတာ အရေးအကြီးဆုံးစကား၊
- သစ္စာသိအောင်ဘုန်းကြီးက ပြောပါမယ်။
- ဒကာဒကာမတွေကလည်း သစ္စာထောင်တတ်တဲ့ နားနဲ့ ထောင်ပေးပါ။

၄။ **အရေးကြီးတာ ကြီးသလို ပြောနေတယ်။**
- သစ္စာမသိရင် သောတာပန်လည်းမဖြစ်ဘူး။
- သကဒါဂါမဂ်၊ အနာဂါမ်၊ ရဟန္တာ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ (ဘယ်သူမှ ထွက်ရပ်လမ်း ပုဂ္ဂိုလ်ဟူသရွေ့)ဖြစ်ကို မဖြစ်ဘူး။
- သစ္စာထဲမှာမှ နိဗ္ဗာန်ပါတာကိုး။
- ဒုက္ခခပ်သိမ်းငြိမ်းတာ နိဗ္ဗာန်၊ ကိလေသာငြိမ်းတာ နိဗ္ဗာန် ဆိုတာ သစ္စာထဲမှာပဲ ပါတယ်။ ဒီပြင်နေရာမှာ မပါဘူး။

၅။ **သစ္စာမသိတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်မရှိ။**
- သစ္စာမသိရင်၊ သူသန္တာန်မှာ နိဗ္ဗာန်မရှိဘူးသာမှတ်။
- သစ္စာသိရင် နိဗ္ဗာန်ရှိတယ်။
- နိဗ္ဗာန်ဟူသည်ကား ခန္ဓာနှင့်စပ်လျက်ရှိသည်သာလျှင်တည်း။

၆။ **နိဗ္ဗာန်သည် ခန္ဓာနှင့်စပ်နေ**
- ခန္ဓာက ဒုက္ခသစ္စာ။
- ခန္ဓာနဲ့စပ်နေတာက နိရောဓသစ္စာ။
- ခန္ဓာမသိလို့ရှိယင်၊ ခန္ဓာဒုက္ခသစ္စာ မသိလို့ရှိယင်၊ ခန္ဓာနဲ့စပ်နေတဲ့ နိဗ္ဗာန်ကို ရောက်နိုင်စရာ၊ တွေ့နိုင်စရာမရှိပါ။
- နိဗ္ဗာန်ဟူသည်ကား ခန္ဓာနှင့်စပ်လျက်ရှိသည်သာလျှင်တည်း။
- နိဗ္ဗာန်နဲ့ ခန္ဓာဟာ တခြားစီလို့ မယူနဲ့။

၇။ **အဘိဓမ္မာခုနှစ်ကျမ်း**
- ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓါတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း။
- ကထာဝတ္ထုမှာ သစ္စာမသိတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်မရှိဘူး။
- နိဗ္ဗာန်သည် ခန္ဓာနှင့်စပ်နေပါသည်။

၈။ **ခန္ဓာတွေပြီးမှ နိဗ္ဗာန်တွေ့မယ်။**
- ခန္ဓာကဒုက္ခသစ္စာ၊ ဒုက္ခသစ္စာတွေ့ပြီးတော့မှ နိဗ္ဗာန် နိရောဓသစ္စာ သွားတွေ့မယ်။
- ဒုက္ခသစ္စာမတွေ့ဘဲနဲ့ နိရောဓသစ္စာ နိဗ္ဗာန်တွေ့လိမ့်မယ်လို့ ဘယ်တော့မှ မအောင်မေ့နဲ့။ သူတို့က တစ်စပ်တည်း နေတာ။
- ခန္ဓာအရင်တွေ့ပြီးမှ ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဒုတိယတွေ့မယ်။

၁၈။ **လွတ်ရေးကျွတ်ရေးမြင်သေးရဲ့လား**

- သီလတန်ခိုးကြောင့် နတ်ပြည်ရောက်။ အဝိဇ္ဇာတန်ခိုးကြောင့် အပါယ်သွား ဆိုတော့ လွတ်ကျွတ်ရေး မမြင်။
- ဒုက္ခတွေဟာ ဝိဇ္ဇာမဖြစ်သရွေ့ ကာလပတ်လုံး အကုန်ရှိတယ်။
- သစ္စာမသိသေးသရွေ့ ကာလပါတ်လုံး၊ ဒုက္ခပေါင်း မရေမတွက်နိုင်ပါ။
- သစ္စာမသိတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်မရှိဘူး။

၁၉။ **သစ္စာသိအောင်ပြောကြပါစို့။**

- သစ္စာမသိလို့ရှိယင်၊ ဒုက္ခအနန္တကြီးက ကျန်နေလို့ မဟောရင် လုံးဝကို မဖြစ်တဲ့တရားလို့ မှတ်ထားပါ။

၂၀။ **သစ္စာပြောမယ်ဆို့ရင်**

- သစ္စာများဟောနိုင်တဲ့ဆရာသမားတွေ့ရင်ကွာ၊ တစ်နေ့ကို လုံအချက်ကိုးရာထိုးပါစေ၊ နှစ်တစ်ရာထိ ၉၉ နှစ်ကျော်မှ သစ္စာပြောမယ်ဆိုရင်တောင် ရက်ပေါင်းများစွာ လုံထိုးတာတွေသာ ခံလိုက်ပါ။
- နေ့စဉ်ရမဲ့ဒုက္ခနဲ့စာရင် ဒီလုံထိုးချက်တွေက မဖြစ်လောက်ပါ။

၁၁။ **ဘုရားကိုးကွယ်ရင် သုဂတိပဲရောက်မယ်။**

- ငါ့ကိုးကွယ်ဆည်းကပ်ရင် သုဂတိပဲကွ၊ သစ္စာသိရင် နိဗ္ဗာန်ကွ၊ (ပဏ္ဏာသပါဠိတော်၊ အလဂဒ္ဒူပမသုတ်)
- ဘုရားကိုလည်းကိုးကွယ်ရမှာပဲ၊ သို့သော်ဘုရားကိုးကွယ်မှုထက် သစ္စာသိမှုက အရေးကြီးတယ်။
- ဝက္ကလိကို နှင်ပစ်တာဟာ ဘုရားကိုးကွယ်လွန်းလို့ကို နှင်ပစ်တာ၊ သစ္စာမသိမှာစိုးလို့။

၁၂။ **ရေကန်ထဲက ရေငုပမာ။**

- သဗ္ဗညုတဉာဏ်တော်ကြီး ချိန်ခွင်ကြီးနဲ့ ချိန်ကြည့်တယ်။
- ၁၃ မိုင်ပတ်လည်ရေကန်ကြီး၊ အောက်အနက်ကလည်း ၁၃မိုင်ဆိုတော့ နည်းတဲ့ရေကန်မဟုတ်ပါ။ နှုတ်ခမ်းနဲ့ ညီအောင်ရေတွေထည့်ပါ။ မြက်ဖျားကလေးနဲ့ သွားတို့လိုက်၊ အပြင်ဘက်သွားခါလိုက်၊ ခုနှစ်ခါ ခါလိုက်ပါတဲ့။ ခုနှစ်ခါ ခါတဲ့ရေနဲ့ အတွင်းရှိတဲ့ရေနဲ့ ဘယ်သူက များပါလိမ့်။ အတွင်းရှိတဲ့ရေကများပါတယ်။
- သစ္စာသိပြီးရင်၊ ခုနှစ်ခါ ခါတဲ့ သဖန်းမြက်ဖျားမှာပါတဲ့ ရေလောက်ပဲ မင်းတို့မှာ ဒုက္ခကျန်တော့တယ်။
- သစ္စာမသိသေးရင် ခုနက ရေကန်ထဲမှာရှိတဲ့ ရေတွေလောက် ဒုက္ခတွေဟာ မင်းတို့ဟာချည်းပဲမှတ်။
- အဲဒါအရေးကြီးလွန်းလို့ သစ္စာလေးပါး၊ အရေးတကြီးဟော ရပါတယ်။

- ငါသစ္စာမသိလို့ သူများပါးစပ်ထဲမှာ ခန္ဓာပျက်ပြီး လမ်းဆုံးခဲ့ရတယ်။
- အပါယ်လေးပါး လမ်းဆုံးခဲ့တဲ့အပြင်၊ သူများပါးစပ်ထဲမှာ ငါးဖြစ်လို့၊ ဖားဖြစ်လို့ သေခဲ့ရတဲ့ဘဝတွေလဲ များလွန်းလှပြီ။

၁၃။ **သောတာပန်တည်ရင် ပြင်ဘက်ရေမှုန်ပဲ ရှိတော့တယ်။**

- သစ္စာသိလိုက်တော့လည်း သောတာပန်တည်တယ်ဆို ခုနက ပြင်ဘက်ခါတဲ့ ရေခုနှစ်မှုန်လောက်သာ ရှိတော့တယ်။
- အတွင်းရေမှုန်တွေလောက်ရှိတဲ့ ဒုက္ခတွေကုန်သွားပြီ။
- နေတာထိုင်တာ တရားနဲ့၊ တရားနဲ့ဆိုပြီး တရားသဖြင့် လုပ်နေတယ်ဆိုတာ သီလပျက်မှာစိုးလို့ သီလလုံခြုံအောင် လုပ်နေတယ်ပြောတာ။

၁၄။ **သစ္စာမပါဘူး၊ သီလပဲပြောနေတာ။**

- တရားသဖြင့် ရောင်းဝယ်ဖောက်ကားစားနေပါတယ်ဆိုတာ သီလလုံခြုံအောင် ထိန်းသိမ်းပြီး သီလစကားပြောနေတာ။
- သစ္စာမပါ,ပါ။ တရားအောင်နေတယ်ဆိုတာ သင့်နေတဲ့ အပြစ်ကိုမသိဘူး။

၁၅။ **အဝိဇ္ဇာ ပြစ်က သင့်နေတယ်။**

- သီလပြစ်တော့လွတ်ပါရဲ့၊ သစ္စာမသိတဲ့ အဝိဇ္ဇာပြစ်က သင့်နေတယ်။
- အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆက်ပြီး ဒုက္ခသစ္စာနဲ့ မလွတ်တော့ဘူး။

၁၆။ **သီလနဲ့တင်းတိမ်နေတယ်။**

- သီလနဲ့တင်းတိမ်နေပြီး အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် မလုပ်ပေဘူး။
- အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှ သစ္စာသိမှာကိုး။
- ကောင်းရောင်းကောင်းဝယ် လုပ်တယ်ဆိုပြီး သီလနဲ့ ဟုတ်နေတာပေမဲ့
- သစ္စာမရှိတော့ အဝိဇ္ဇာဖြစ်နေတာ။
- အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုတဲ့ဥစ္စာက တစ်နေ့မှာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ ဒီအပြစ်က မလွတ်ပါ။

၁၇။ **သီလအသားယူပြီး ပြောနေတယ်။**

- မသိတဲ့လူက သီလအသားယူပြောနေတာ။ ဒုက္ခဖြစ်ကြောင်းအပြစ်က တစ်နေ့မှာ အကြိမ်ပေါင်းမရေတွက်နိုင်တော့-
- အပါယ်သာ တွန်းချလိုက်တော့။

၃၁။ **စာသမားကို အားကိုးမနေနဲ့ဦး**

- သူကစာဖတ်တယ်။ စာတော်တယ်။ စာဆိုသူကတော်တော် မွေနှောက်ထားတာ၊ ခန္ဓာမွေနှောက်ထား တာလို့ မပါ။
- အဲဒီထဲက ခန္ဓာရှိတဲ့ဆီ ရှာတာလား၊ မှတ်တမ်းထဲ ရှာနေတာလား။
- မှတ်တမ်းထဲရှာတာက စာရင်းစာအုပ်ထဲမှာ ငွေမရှိသလိုဘဲ၊ အဲဒီထဲသွားမရှာနဲ့။
- ကိုယ်ထားတဲ့ မီးခံသေတ္တာထဲမှာဖြစ်စေ၊ တခြားသောသားရေအိတ်ထဲမှာဖြစ်စေ ရှာရင်တော့ ငွေတွေ့မယ်။

၃၂။ **ခန္ဓာဉာဏ်ရောက်တဲ့ပုဂ္ဂိုလ် အရေးကြီးတယ်။**

- ဒါဖြင့် ခန္ဓာထဲရှာကြပါစို့။

၃၃။ **အခုလမ်းညွှန်ကောင်းနဲ့တွေ့နေတာ။**

- အခု ဘုန်းကြီးပြောတဲ့အသံကို ကြားရဲ့လား။ ကြားပါတယ်။
- အဲဒါဟာ နားထဲမှာ ကြားစိတ်ကလေး ပေါ်တာ။
- ဒါဖြင့် ဘုန်းကြီးအသံနဲ့ သူ့မှာကြားတတ်တဲ့ရုပ်နဲ့၊ တိုက်ဆိုင်တာနဲ့ နားထဲမှာ အမွေးနုပေါက်ရာမှာ၊ ကြားစိတ်ကလေးပေါ်တယ်။
- ဒီကြားစိတ်ကလေးပေါ်တာ သိသွားပလား။

၃၄။ **တစ်နေ့ကို လှုံနဲ့အချက်ကိုးရာအထိုးခံ။**

- သစ္စာသိအောင်ပြောနိုင်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံလို့ရှိရင်ဖြင့် လှုံအချက် ၉၀၀ နေ့တိုင်းအထိုးခံလိုက်။
- အသက်တစ်ရာပြည့်ရင် နောက်ဆုံးသေခါနီးရက်မှာ သစ္စာသိအောင်ခံလိုက်ကွလို့ သစ္စာသံယုတ်မှာ ဘုရားဟောပါတယ်။

၃၅။ **စိတ်မချရတဲ့ ဝမ်းသာလုံးတွေ**

- တရားမျှတဲ့လုပ်ငန်းလေးကောင်းလို့ တိုက်တွေတည်၊ ကားတွေဝယ်၊ အမျိုးမျိုးအဖုံဖုံဝမ်းသာငြားသော်လည်း စိတ်မချရတဲ့ ဝမ်းသာလုံးတွေ၊
- ယနေ့ သူဌေးကြီး၊ နက်ဖြန်ခွေးကြီး ဖြစ်သွားမှာကိုး။

၃၆။ **တောဒေယျ ပုဏ္ဏားကြီး။**

- တောဒေယျ ပုဏ္ဏားကြီးဟာ ယနေ့ သဌေးကြီးပဲ။
- မြေထဲမှာ ကုဋေ(၄၀)မြှုပ်နိုင်တယ်၊ သုံးဖို့ အပေါ်မှာ ကုဋေ (၄၀)ပုံထားတယ်။
- သစ္စာမသိတော့ ကြောက်စရာကောင်းတယ်။ မနက်ဖြန် ခွေးကြီးဖြစ်သွားတယ်။

၂၄။ **အသစ်ဒုက္ခလွတ်ရေးကို ရှာပါ။**
- ရှေးကပြုဖူးတဲ့ ကောင်းမှုထူးရှိပါပေတယ်။ ဒါပေမဲ့ အဟောင်းစားဖြစ်သွားတယ်။
- အသစ်ဒုက္ခလွတ်ရေးကို မရှာဘူး။ သစ္စာမသိတော့ မရှာဘူး။
- သစ္စာသိဖို့ထက် အရေးကြီးတာ မရှိပါ။
- သစ္စာဆိုတာ တခြားမမှတ်ပါနဲ့။
- <u>ခင်ဗျားတို့၏ ခန္ဓာငါးပါးမှတစ်ပါးပါးသည် သစ္စာပဲ။ ဒုက္ခသစ္စာပဲ။</u>

၂၅။ **ခန္ဓာငါးပါးတစ်ပါးပါးသည် ဒုက္ခသစ္စာ**

(က) ခန္ဓာငါးပါးတစ်ပါးပါးကို တို့ပိုင်ပိုင်နိုင်နိုင်သိလို့ရှိရင်ဖြင့်၊

(ခ) သူ့ခန္ဓာအကြောင်းကောင်းကောင်း သိလို့ရှိရင်၊

(ဂ) ခန္ဓာ၏ဖြစ်ပုံ ကောင်းကောင်းသိလို့ရှိရင်၊

(ဃ) ခန္ဓာ၏အနေအထားကို ကောင်းကောင်းသိလို့ရှိရင် သစ္စာ သိတာပါပဲ။

၂၆။ **ဒုက္ခသစ္စာရယ်လို့ မသိဘူး။**
- ယားတယ်ဆိုရင် ယားလိုက်တာပဲ။ ဒုက္ခသစ္စာရယ်လို့တော့ မသိဘူး။
- သိပြန်တော့လည်း ယားလိုက်တာ၊ စိတ်များပျက်ပါပေါ့။ ဒေါမနဿနဲ့လာတယ်။ ဒေါမနဿက သိတာမျိုး မဟုတ်ပါ။

- ယားလို့ ဉာဏ်နဲ့သိတာ၊ ဒုက္ခသိတာရယ်လို့ သိတာမဟုတ်ပါ။

၂၇။ **ရှင်အာနန္ဒာက မှာတယ်။**
- ရှင်အာနန္ဒာက မှာတယ်။ မင်းသနားလို့ရှိရင်ဖြင့် ဒီပြင်အမွေတွေဘာမှမပေးနဲ့။ ဒီသစ္စာသိဖို့ အမွေကလေးတစ်လုံးသာပေး။ ဒါသူတို့ ဒုက္ခကျွတ်သွားလိမ့်မယ်။

၂၈။ **ဘုရားကိုယ်တော်တိုင် ဟောတာ။**

၂၉။ **စာကရေးတဲ့သစ္စာ မလို့ချင်။**
- စာကရေးတဲ့ သစ္စာကို မလိုချင်၊ ခန္ဓာထဲ အခုပေါ်တဲ့ သစ္စာကို လိုချင်သည်။
- စာမှာပါသားပဲလို့ ဆိုလို့ရှိရင် နိဗ္ဗာန်မရောက်ပါဘူး။

၃၀။ **စာသိနှင့် ပညာသိ။**
- စာသိက သညာ။ ကိုယ့်ခန္ဓာထဲ ကိုယ်သိတာက ပညာ။ သညာနဲ့ပညာ ကွာခြား၏။
- သညာက ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူး။ ဒုက္ခကို မဖြတ်နိုင်ဘူး။
- ပညာက ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒုက္ခပဲ။

၄၄။ **ခန္ဓာထဲမှာ သစ္စာတွေက ပေါပါရဲ့။**

- ခန္ဓာထဲမှာ သစ္စာတွေတော့ ပေါပါရဲ့။ သစ္စာသိတဲ့ဉာဏ်က နောက်က မလိုက်တော့ အဖိုးမတန် ဖြစ်နေတာ။
- ရှေးက ဒုက္ခသစ္စာ သိခဲ့ရဲ့လားလို့ မေးတော့ မသိခဲ့ပါ။

၄၅။ **ဒေါသသိနဲ့ ဉာဏ်သိ**

- ခွေးကိုက်တဲ့အခါ နာတာသိတယ်။
- ထမင်းစားမကောင်းရင် မကောင်းတာ သိတယ်။
- အဲဒါ ဒေါသသိဖြစ်တယ်။ ဉာဏ်သိမဟုတ်ဘူး။
- အရေးကြီးတာက ဉာဏ်သိအရေးကြီးပါတယ်။ ဉာဏ်သိကမှ ပဋိစ္စသမုပ္ပါဒ်ဖြတ်မှာ ဖြစ်တယ်။ ဉာဏ်သိက ဒုက္ခဖြတ်တယ်။
- ဉာဏ်သိနဲ့ ဒုက္ခဖြတ်ကြပါစို့။

၄၆။ **ကြားစိတ်ကလေးပေါ်ရင် ဒုက္ခသစ္စာသိပေးပါ။**

- ကလေးလေးက ကိုယ့်သားသမီးကလေး အော်လိုက်တယ်၊ ငိုသံကလေးနဲ့ အော်လိုက်တယ်၊ ကြားစိတ်ကလေး မပေါ်ဘူးလား။
- ကြားစိတ်ကလေးပေါ်ရင်၊ ဒုက္ခသစ္စာလို့ နောက်ကသိပေးပါ။
- ဒု-က စက်ဆုပ်စရာ၊ ခ -က အသုံးမကျတာ၊ သစ္စာ -က မှန်တာ။

၄၇။ **ကြားစိတ်က ဝိညာဏက္ခန္ဓာ**

- ကြားစိတ်ကလေးက ကိုယ့်ခန္ဓာပဲလို့ မှတ်လိုက်၊ ဝိညာဏက္ခန္ဓာ။
- ကြားတိုင်း ကြားတိုင်း ကြားတဲ့စိတ်ကလေးဟာ နားထဲပေါ်တယ်။
- ပေါ်တိုင်း ပေါ်တိုင်း သူ့ကို ဝိညာဏက္ခန္ဓာလို့ ခေါ်တယ်။
- ဒီခန္ဓာလေးဟာ ကြားတဲ့ပုဂ္ဂိုလ်၏ ခန္ဓာပဲ။
- ခန္ဓာသည် ဘာသစ္စာတုံး၊ ဒုက္ခသစ္စာပါ။
- ဒါဖြင့်ဝါသန္တာန် ဒုက္ခသစ္စာလေးပေါ်ပြီး ဒီကစသိလိုက်ပါ။

၄၈။ **သစ္စာဆိုတာ အခုကြားတဲ့စိတ်**

- ဒုက္ခသစ္စာဆိုတာ အခုကြားတဲ့စိတ်ကလေးဆိုတာ ပါလား။
- အခုကြားတဲ့စိတ်ကလေး ကြားပြီးသကာလ၊ ကြားတဲ့စိတ်ကလေးက ကြားပြီးတော့ ချုပ်သွားတာပဲ။
- ဟိုက သားကလေးငိုတဲ့အသံကလေးကြားတော့ ကြားစိတ်ကလေး ပေါ်လာတယ်။
- ကြားတော့ ခလေးဆီကို သွားချင်တဲ့စိတ်ကလေးတော့ မပေါ်ဘူးလား။ ပေါ်လာပါတယ်။ ကိုယ်မွေးထားတဲ့သားကလေးမို့ ကိုယ်ခင်တယ်။ မလာဘူးပေါ့။

၃၆။ **ခင်တဲ့စိတ်**

- ကြားစိတ်ကလေးမရှိဘူး။ ခင်တဲ့စိတ်ကလေး ဖြစ်နေတယ်။
- ဒီခင်တဲ့ ခင်စိတ်ကလေးကလည်း ဒုက္ခသစ္စာပဲ။ ကိုယ့်သန္တာန်မှာပေါ်တော့ ဝိညာဏက္ခန္ဓာပါပဲ။ သူလည်း ဒုက္ခသစ္စာပဲ။

၃၇။ **ဒုက္ခသစ္စာလို့ သိ – သိ သွားပါ။**

- ကြားပြီနောက် ကြားကာမျှနေသလား။ ဆက်ပြီးစွဲစွဲလမ်းလမ်းရှိပါတယ်။
- ဒါဖြင့် ကြားစိတ်ကလေး တဏှာချုပ်ပြီးသကာလ၊ ဥပါဒါန်စိတ်ဖြစ်တယ်။ ဒုက္ခသစ္စာပါပဲ။

၃၈။ **စွဲလမ်းတဲ့စိတ်**

- ဒို့သန္တာန်မှာ ကြားစိတ်ကလည်း ဒုက္ခသစ္စာ။
- ကြားလို့ ခင်တဲ့စိတ်ကလည်း ဒုက္ခသစ္စာ။
- စွဲလမ်းတဲ့စိတ်ကလည်း ဒုက္ခသစ္စာ။
- ဒုက္ခသစ္စာတွေ ဆက်ဖြစ်သွားတာပဲ။
- ကလေးငိုနေတယ်။ သွားဦးမှပဲပြောလိုက်တယ်။ စေတနာပါလို့ပြောတာ။

၃၉။ **ဝစီကံ**

- ဥပါဒါနပစ္စယာကမ္မ ဘဝေါ ဝစီကံ လေးဖြစ်လာတယ်။
- ဝစီကံက ဒုက္ခသစ္စာပါပဲ။
- ကြားတာကစပြီးတော့ ဒုက္ခသစ္စာတွေ တန်းပါတယ်။

၄၀။ **ဒုက္ခသစ္စာတွေ တန်းနေပြီ။**

- ကြားစိတ်ကလေးကစပြီး ဥပါဒါနံထိ ဒုက္ခသစ္စာတွေချည့် လျှောက်ဖြစ်နေတယ်။

၄၁။ **ကာယကံ**

- သွားဦးမှပဲဆိုပြီး ဝစီကံလေး လာပါတယ်။
- ထကိုသွားတာပဲဆိုတော့ ကာယကံလေး လာပါတယ်။
- အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့လည်း မကိုက်သေးဘူးလား။

၄၂။ **ပဋိစ္စသမုပ္ပါဒ်ကို အဆုံးရွတ်လိုက်**

- ပဋိစ္စသမုပ္ပါဒ်ကို အဆုံးရွတ်လိုက်တော့ ဒုက္ခက္ခန္ဓသတ္တေ့ပါတယ်။
- ဒုက္ခအစုကြီးပါဆိုတော့ ဒုက္ခသစ္စာလို့ ပြောပါတယ်။
- နောက်ကဖြစ်ခဲ့တာဟူသ၍ ဒုက္ခသစ္စာချည့်ပဲဆိုတာ ဘုရားကညွှန်ပြထားခဲ့။

၄၃။ **ဘုရားကဖြစ်စဉ်ကို လက်ညှိုးထိုးပြတယ်။**

- ဘုရားက ခင်ဗျားတို့ဖြစ်စဉ်ကို လက်ညှိုးထိုးပြတာ။
- သစ္စာမသိတဲ့ပုဂ္ဂိုလ်တွေမို့ ဒုက္ခတွေဖြစ်နေပြီ တစ်ပုံကြီးပဲလို့ ပြောပါတယ်။
- ဒုက္ခသစ္စာဆိုတာ ရှားသလား၊ ပေါသလား၊ ပေါပါတယ်။
- ပေါ်ပြီးသကာလ၊ မသိဘဲဖြစ်နေတယ်။ ပေါ်နေသော်လည်း အဖိုးတန်မှန်းမသိ။
- အခုသိလာတော့၊ ရှားတယ်။

၅၃။ **သစ္စာသိလို့က်လို့။**

- သစ္စာသိလိုက်တော့ ဒုက္ခကွန္ရွာသ နိရောဓေါ ဟောတိ ဖြစ်ပါတယ်။
- ဒုက္ခကွန္ရွသ - နောက်လာလတ္တံ့ ဒုက္ခအစုကြီး၏။
- နိရောဓေါ - ဒီလိုပုဂ္ဂိုလ်လို သဏ္ဌာန်၌ မရှိခြင်းသည် (ဝါ) ချုပ်ပျောက်ခြင်းသည်။
- ဟောတိ - ဖြစ်၏။
- နောက်ဘဝတွေရော၊ ယခုဘဝတွေရော၊ နောက်လာလတ္တံ့ ဒုက္ခတွေရော မရှိတော့ပါ။
- အဲဒါ ကြားစိတ်ကို ဒုက္ခသစ္စာလို့ နောက်က အသိလိုက်လို့ပါ။

၅၄။ **ဓမ္မနုပဿနာ သတိပဋ္ဌာန်။**

- ကြားစိတ်ကို ဘာလိုက်- လိုက်လို့လဲ။ ဒုက္ခသစ္စာလို့ အသိကလေးလိုက်တယ်။
- ဒါကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်သည်။
- ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုသော်လည်း ဖြစ်ပျက်ပါပဲ။
- ကြားစိတ်ကလေးဟာဖြစ်ပြီး ပျက်သွားတယ်လို့ သိလိုက်တာ။ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပါပဲ။

၅၇။ **ဒုက္ခသစ္စာဆို့တာ**

- ဒါဖြင့် ကြားစိတ်ကလေးဟာ စက်ဆုပ်စရာ၊ အသုံးမကျတာ၊ အမှန်ပါ။
- အမှန်ပေါ်တာကို ဘယ်နှယ်ကြောင့် သူ့ကို စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်ပါပဲလို့ ကျုပ်တို့က နောက်ကသိရမှာတုံး - လို့ဆိုရင် . . . ။
- ကြားတဲ့စိတ်ကလေးဟာ၊ အာရုံဒွါရ တိုက်ဆိုင်တာနဲ့ ပေါ်လိုက်တာ။

၅၈။ **မွေးပြီးသေသွားတယ်။**

- ကြားတဲ့စိတ်ကလေးပေါ်ပြီးတော့ သူသည် သူ့မှာလည်း ဖြစ်ပြီး ပျက်သွားတယ်။
- မွေးပြီးသေသွားတယ်။ အသုဘကလေးပေါ်လာတယ်။
- အသုဘကလေးကို ဘာသစ္စာဖွဲ့မလဲ ဒုက္ခသစ္စာဖွဲ့ပါမယ်။
- ကျုပ်တို့အိမ် အသုဘတွေပြီဗျာ၊ ဒုက္ခပဲဆိုတာ လူတိုင်းပြောတယ်။
- တကယ်အစပျောက်သေတဲ့ ကြားစိတ်ကလေးကို အသုဘဒုက္ခသစ္စာလို့ တစ်ခါမှ မပြောဘူး။
- မပြောတာက အဲဒါမသိလိုဘဲ၊ သေချာသွားပြီ။
- မသိတာက - အဝိဇ္ဇာ။

၄၉။ **ပေါ်တဲ့စိတ်သည် ဒုက္ခသစ္စာလို့ ဉာဏ်နဲ့သိပေး။**

- ကြားစိတ်ကလေးပေါ်လာရင်၊ ပေါ်တဲ့စိတ်ကလေးသည် ဒုက္ခသစ္စာလို့ နောက်ကဉာဏ်နဲ့သိပေးပါ။ အသုဘကလေးကိုး။
- အသုဘဟာ ဒုက္ခသစ္စာပဲ။
- ဒုက္ခသစ္စာဆိုတာ ဆင်းရဲတာအမှန်။
- ဘယ်သူသေတာတုံး၊ မိမိသေတာ။

၅၀။ **မိမိသေတဲ့ဒုက္ခ မိမိမသိဘူး။**

- ဟိုကအသုဘက သူများသေတဲ့ဒုက္ခက ငွေကုန်ရုံပဲ။
- အခုဟာက ကိုယ့်ခန္ဓာ ပျောက်တာ။
- ကိုယ့်ခန္ဓာ ဒုက္ခရောက်တယ်။ ဘာခန္ဓာလဲ ဝိညာဏက္ခန္ဓာ။
- ဒီဝိညာဏက္ခန္ဓာကြီး ဒုက္ခရောက်သွားပါတယ်။ ဒုက္ခသစ္စာဖွဲ့ရပါတယ်။
- အိမ်သားတစ်ယောက်ယောက် ဖောက်ပြန်ပြီးသေလို့ ရှိယင်တော့ ဒုက္ခပဲ။ ကျုပ်တို့အကုသိုလ်ဝင်ပြီထင်တယ်။ ဒီလိုပြောချင်တာ။
- ကိုယ်သေတဲ့ဒုက္ခကျတော့ မရှုမိပါ။
- မရှုမိတော့ မိမိတို့သည် အသုဘကိုသာသိ၍ ဒုက္ခသစ္စာမသိဘူး။

၅၁။ **အခုဟောတဲ့တရားက နှစ်ချက်သိတယ်။**

- (၁) အသုဘလည်းသိတယ်။ (၂) ဒုက္ခသစ္စာလည်းသိတယ်။
- ကိုယ့်သဏ္ဌာန်မှာ ကြားစိတ်ကလေးသည် ဒုက္ခသစ္စာပဲလို့ နောက်ကသိလိုက်၏။
- သိလိုက်တော့ သိသည့်နှင့်တစ်ပြိုင်နက်ထဲ ခုနင်ကကြားလို့ ခင်တာကလေးဟာလည်း မလိုက်ပါ။
- ခင်လို့ စွဲလမ်းတာကလေးဟာလည်း မလိုက်ပါ။
- စွဲလမ်းလို့ သွားမယ်လာမယ်ပြောတဲ့ ဝစီကံ ကမ္မဘဝကော မလိုက်ပါ။

၅၂။ **လာလတ္တံ့ ဒုက္ခတွေ အကုန်ချုပ်တယ်။**

- ကမ္မဘဝမလိုက်ဘဲနဲ့ စုတေမနေ၊ သေလွန်သည်၏ အခြားမဲ့၌
- ကမ္မဘဝပစ္စယာ - ဇာတိ - မလိုက်တော့ပါ။
- သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ မလိုက်တော့ပါ။
- ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ ဖြစ်ပါတယ်။
- "မင်္ကဝင်ပြီး ကြားတာကို ဒုက္ခသစ္စာသိတဲ့ သဘောကနေပြီး လာလတ္တံ့သော ဒုက္ခတွေ အကုန်ချုပ်အောင်လုပ်ပါသည်။"

(သဒ္ဓါ - သတိ - သမာဓိ - ပညာ - ဝိရိယ)

၆၃။ **အတိတ်ကံတွေလဲ ဖြတ်တယ်။**

- အတိတ်ကံတွေလဲ ဖြတ်ပါတယ်။ အနာဂါတ်လာလတ္တံ့ ကံတွေလဲ ဖြတ်ပါတယ်။
- အတိတ်ဘဝက တဏှာတွေ၊ ကံတွေတော့ဖြင့် မဖြတ်နိုင်ဘူး။ ထင်ချင်ထင်နေတာ။
- အတိတ်ကဘဝက၊ မူးခဲ့မိုက်ခဲ့တာတွေ မရှိခဲ့ပေဘူးလား။ ရှိခဲ့ပါတယ်။
- အပရာ ပရိယ ဝေဒနိယ ကံဆိုတာ လူတိုင်းရှိပါတယ်။

၆၄။ **အသိလေးက မဂ္ဂသစ္စာ ခေါ်တယ်။**

- ရှိချင်ရှိပါစေကွာ။
- ကြားစိတ်ကလေးသိလိုက်တော့ သူ့နောက်က အသိကလေး မလိုက်ဘူးလား။ လိုက်တော့ မဂ္ဂသစ္စာလေး ပေါ်ပါတယ်။
- မဂ္ဂသစ္စာနောက်က တဏှာ ဥပါဒါန် ကံ မလာတော့
- ကံ မလာတော့ ခန္ဓာ မလာပါ။

၆၅။ **ခန္ဓာပျောက်တယ်။**

- ခန္ဓာမလာရင် ခန္ဓာပျောက်၊ ခန္ဓာမပေါ်တဲ့အတွက်
- ခန္ဓာရှိမှ အတိတ်ကံတွေကလည်း လိုက်အကျိုးပေးတယ်။
- ပစ္စုပ္ပန်ကံကလည်း မပေါ်လို့ ခန္ဓာမလုပ်တော့ဘူး။
- ရှေ့ကပြေးမဲ့လူရှိမှ၊ နောက်ကလိုက်မယ်။ ပြေးမဲ့လူ မရှိလျှင်၊ နောက်ကလိုက်တာတွေလဲ မလိုက်နိုင်ပါ။

၅၅။ **ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ**

- ဓမ္မစက်ကြာမှာ မင်းတို့သန္တာန်ထဲ ခန္ဓာတွေ ဘယ်ခန္ဓာပေါ်ပေါ် ဒုက္ခသစ္စာပဲ။
- ပေါ်လဲဒုက္ခသစ္စာပဲ - ပျက်လဲဒုက္ခသစ္စာပဲ။
- ကြားစိတ်ကလေးပေါ်သည်နှင့်တစ်ပြိုင်နက်တည်း ဒုက္ခသစ္စာပဲလို့ သူ့ဆီကို ဉာဏ်လှည့်ပြီး ရှုလိုက်စမ်းပါ။
- ရှုလိုက်သည်နှင့်တပြိုင်နက် ဒုက္ခက္ခန္ဓသ နိရောဓေါဟောတိ ပါပဲ။

၅၆။ **ကြားတဲ့စိတ်က ဒုက္ခသစ္စာ**

- ကြားတဲ့စိတ်က ဒုက္ခသစ္စာ။
- သိလိုက်တာက ဝိဇ္ဇာဥဒပါဒိ၊ ဝိဇ္ဇာဖြစ်သွားပါပြီ။
- အာလောကော ဥဒပါဒိ၊ ဉာဏ်ဥဒပါဒိ ဖြစ်သွားပြီ။

၅၇။ **ဝိဇ္ဇာမဂ္ဂသစ္စာ ဖြစ်သွားတယ်**

- ဝိဇ္ဇာဉာဏ်တွေရပါပြီ။ ဝိဇ္ဇာဉာဏ်လည်းရပါရော။
- လာလတ္တံ့ပြုထားတဲ့ကံတွေ အများကြီးရှိသော်လည်း ဝိဇ္ဇာ မဂ္ဂ သစ္စာက ဖြစ်လိုက်ပါတယ်။

၅၈။ **ကျုပ်သေရင် ဘယ်သွားရမှာတုံးလို့ မေးမနေနဲ့။**

- ဖြတ်လိုက်တော့ ကျုပ်သေရင် ဘယ်သွားမှာတုံးလို့ မေးမနေနဲ့။ ဒုက္ခက္ခန္ဓသ နိရောဓေါဟောတိလို့ ဘုရားက ဟောလိုက်တယ်။

- ကြားတာလေးကို ဒုက္ခသစ္စာလို့ သိလိုက်လို့ ချုပ်သွားတာပါ။
- သိလိုက်တာကလေးက ဝိဇ္ဇာမဂ် ဖြစ်ပါတယ်။

၅၉။ **သစ္စာသိတော့ ဒုက္ခတွေ ချုပ်သွားတယ်။**

- ဝိဇ္ဇာမဂ်ကလေးလာတော့ ဒုက္ခတွေအကုန်ချုပ်သွားပါတယ်။
- နောက်ကလုပ်ထားတဲ့ဒုက္ခတွေ အခုလုပ်ထားတဲ့ ဒုက္ခတွေဟာ သစ္စာသိလိုက်တော့ ဒီဒုက္ခတွေ မရှိတော့ပါ။
- ဒါဖြင့် သစ္စာသိတဲ့ တန်ခိုးဟာ တယ်ကြီးမားပါလား။

၆၀။ **လေးလေးစားစားနဲ့ပြောနေတာ**

- ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ကိုယ့်သန္တာန်ပေါ်တာတော့ မသိလို့ သိအောင် လေးလေးစားစားနဲ့ အပင်ပန်းခံပြီးပြောနေတာ။
- ကြားစိတ်ကလေးက ဒုက္ခသစ္စာ၊ သိလုံးကလေးက မဂ္ဂသစ္စာ။

၆၁။ **မဂ္ဂသစ္စာဘာမျှားလုပ်လို့က်သတုံး**

- မဂ္ဂသစ္စာမလာလို့ရှိရင်၊ တဏှာ၊ ဥပါဒါန်၊ ကံလာမယ်။ ဆက်ပြီး ။ ။ ။
- တဏှာ ဥပါဒါန်က ကိလေသာဝဋ်။
- ကံက ကမ္မဝဋ်။

- ဇာတိ၊ ဇရာ၊ မရဏာတွေက ဝိပါကဝဋ်၊ ဝဋ်ဆုံးပါးကျွတ်သွားတယ်။
- ဘုရားရှေ့သွားပြီးတော့ ဝဋ်ကြီးမြန်မြန်ကျွတ်ပါစေဘုရားဆိုတော့ မဂ်ကလည်းမပါဘူး။ ဒီတော့ ဘုရားက မတတ်နိုင်ဘူး။
- ဖြစ်တာက ကိုယ့်သန္တာန်မှာ ဘုရားကို ဖြတ်ပေးပါခိုင်းလို့ ရပါမလား။ မရပါ။
- သစ္စာသိတဲ့ ကိုယ့်ဝိဇ္ဇာမဂ္ဂင်နဲ့ ကိုယ့်ဟာကို ကိုယ့်ဖြတ်ရမယ်။
- ကြားစိတ်က ဒုက္ခသစ္စာ။ သိတာလေးက မဂ္ဂသစ္စာ။ ဝိဇ္ဇာဖြစ်ပါတယ်။
- ဝိဇ္ဇာဆိုရင် အဝိဇ္ဇာနိရောဓါ သခ်ါရ နိရောဓေါ။
- ဝိညာဏနိရောဓေါ။ ဒုက္ခက္ခန္ဓသ နိရောဓေါ။
- သက်သေတွေ လုံလောက်ပါပြီ။

၆၂။ **ကယ်မည့် ကူညီမည့်သူ ဘယ်သူတုံး**

- ဒါဖြင့် ခင်ဗျားတို့ကို ကယ်မည့်သူက သစ္စာသိတဲ့ဉာဏ်ပါပဲ။
- သစ္စာသိတော့ နောင်လာလတ္တံ့ ဒုက္ခတွေ၊ ချုပ်သွားပါတယ်။
- ရှေးက မိုက်မဲထားလို့ပေးစရာ ဒုက္ခတွေကော ဖြတ်ပါတယ်။
- ချုပ်တယ်၊ ရှေ့နောက်ဖြတ်တာပါ။

၇၃။ **ဝိဇ္ဇာမဖြစ်သရွေ့ လိုသေးတယ်။**

- အဲဒီ စိုးရိမ်မှု၊ ကြောက်လန့်မှုတွေက ဝိဇ္ဇာမဖြစ်သရွေ့ ကာလပါတ်လုံး လိုသေးတယ်မှတ်ပါ။
- ဒီကြောက်လုံးနှစ်ခုလာမှာပဲ။ အိမ်ပေါ်ကပဲ ပြုန်းကနဲများ ဥပစ္ဆေဒကကံများက ဖြတ်ချလိုက်ရင် အခက်ကြီးပဲတွေးမိ။
- ဒီဘဝလဲ ကိုယ်က မူးမိုက်ထားတာတွေ ဖြစ်နေတော့ ဒီကံတွေကလည်း ကြောက်စရာပဲ။ ဒါအမြဲတမ်း စိုးရိမ်နေရတယ်။
- အတိတ်အတွက်လည်း လှမ်းပြီးတော့ စိုးရိမ်ရ။
- ပစ္စုပ္ပန်အတွက်လည်း စိုးရိမ်ရ ပါတယ်။

၇၄။ **မင်္ဂလာသဘော အားကိုးရာအစစ်အမှန်။**

- မစိုးရိမ်ချင်လို့ရှိရင် ဘာလုပ်ကြမလဲ။
- သစ္စာသိအောင်လုပ်ပစ်လိုက်ပါ။
- ဖြစ်ပျက်က ဒုက္ခသစ္စာ။
- သိလုံးကလေးက မဂ္ဂသစ္စာ။
- အတိတ်ကံပြတ်တာလည်း မင်္ဂလာပါ။
- ပစ္စုပ္ပန်ကံတွေမလာတာလဲ မင်္ဂလာပါ။
- ဒါဖြင့် မင်္ဂလာသည် မိမိတို့၏ အားကိုးရာ အစစ်အမှန်ဖြစ်တော့တယ် ဆိုတာ ဆုံးဖြတ်ချက်ချပါ။

၆၆။ **ပစ္စုပ္ပန်ကံတွေကော ဖြတ်တယ်။**

- အတိတ်ကံတွေကော၊ ပစ္စုပ္ပန်ကံတွေကော ဖြတ်ပါတယ်။
- ဒါဖြင့် ဖြစ် - ပျက်ဒုက္ခသစ္စာကိုသိတဲ့ မင်္ဂလာသည် အတိတ်ကံတွေကိုလည်း တားမြစ်နိုင်တယ်။ ပစ္စုပ္ပန်ကံတွေကိုလည်း အကျိုးမပေးအောင် တားမြစ်နိုင်ပါတယ်။
- အတိတ်ကံတွေ ယခုဘဝကံတွေ ကြောက်စရာ မလိုတော့ပါ။

၆၇။ **မင်္ဂလာ ဖြတ်လို့က်တယ်။**

- မင်္ဂလာဖြတ်လိုက်တဲ့အတွက် ခုနက ၁၃မိုင်ပတ်လည်၊ အနက် ၁၃မိုင်ရှိတဲ့ ရေမှုန်ထက်များတဲ့ ဒုက္ခတွေဟာ အတိတ် ဒုက္ခတွေဟာ အကုန်ခန်းရမယ်။ ပစ္စုပ္ပန်လည်း ဒီကန်ထဲ ရေမှုန်တွေပြန်မထည့်ပါ။
- ဒါဖြင့် ဒီရေကန်သည် အတိတ်ကဟာလဲ ခန်း၊ နောက်ကလည်း ရေသစ်မလောင်းတော့ ကန်ကဟောင်းလောင်းကြီး ဖြစ်ရုံပဲဖြစ်တယ်။ ဒုက္ခတွေ အကုန်ကုန်သွားတယ်။

၆၈။ **ဒုက္ခကုန်ချင်ရင် သစ္စာသိအောင် လုပ်ပါ။**

- ဒါဖြင့် ဒုက္ခကုန်ချင်ရင် သစ္စာသိအောင် လုပ်ပါ။
- သစ္စာသိတော့ ဝိဇ္ဇာ။ မင်္ဂဝိဇ္ဇာဖြစ်ပါတယ်။ သစ္စာမသိတော့ အဝိဇ္ဇာ။
- ကြားစိတ်ကလေးပေါ်ရင် ဒုက္ခသစ္စာသိလို့ရှုလိုက်။ ဒုက္ခသစ္စာပဲလို့ ပွားလိုက်။

၆၉။ **ဒုက္ခသစ္စာသာ ပွားနေလို့ကပါ။**

- နံစိတ်ကလေးပေါ်လဲ ဒုက္ခသစ္စာပါ။
- စားစိတ်ကလေးပေါ်လဲ ဒုက္ခသစ္စာပါ။
- ယားစိတ်ကလေးပေါ်လဲ ဒုက္ခသစ္စာပါ။
- ဒုက္ခသစ္စာပွားပွားနေလိုက်ပါ။ ပွားလိုက်တော့ အတိတ်ကံတွေ၊ ပစ္စုပ္ပန်ကံတွေကို မဂ်ကဖြတ်ပါတယ်။ လာခွင့်မပေး။
- ဝဋ်ကြွေးတွေလည်း ပြေပါတယ်။ ဝဋ်သစ်တွေလည်း မလာပါ။
- ဒါဖြင့် ဒီပုဂ္ဂိုလ်သည် ဝဋ်ကျွတ်သွားတဲ့ပုဂ္ဂိုလ်ဆိုရာမယ် ဝဋ်ကြွေးတော်ပြေ ပေါ့။

၇၀။ **ဘုရားကိုဖြတ်ပေးပါ ခိုင်းလို့တော့ မရပါ။**

- ဘုရားရှေ့မှာ ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်ရောက်ရပါလို့၏လို့ ဆုတောင်းရင် ရမှာလား မရပါ။
- ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကြောင့် ကိုယ်ဝဋ်ဖြစ်နေတာကြောင့် ကိုယ့်ဉာဏ်နဲ့ပဲ ဖြတ်မှရပါမယ်။

၇၁။ **ဘုရားကြည်ညိုရင် သုဂတိရောက်ရုံပဲ။**

- ဒါကြောင့် ဘုရားက ငါဘုရားကြည်ညိုရင် သုဂတိရောက်ရုံပဲ။
- နိဗ္ဗာန်ရောက်ချင်လို့ရှိရင်ဖြင့် သစ္စာသိအောင် လုပ်ပါ။

- ကိုယ့်သန္တာန်မှာပေါ်လာသရွေ့ ဒုက္ခသစ္စာချည့်ပါပဲ။
- ဒါဖြင့် အခုတော့ စိတ်တွေချည့်ပဲရှုလာသရွေ့ စိတ်ကို ဖမ်းရှုနေ။
- ရှုစိတ်ကလေးလာလဲ ရှုပဲ။
- ရှိုက်စိတ်ကလေးလာလဲ ရှုပဲ။
- စားချင်တဲ့စိတ်/အိပ်ချင်တဲ့စိတ် တွေလာလဲ ရှုပဲ။
- အကုန်ဒုက္ခသစ္စာချည့်။ ရှုပေးလိုက်စမ်းပါ။
- ရှုတိုင်း ရှုတိုင်း အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုဉာဏ်က မဂ္ဂသစ္စာ။

၇၂။ **ရှုဉာဏ်က မဂ္ဂသစ္စာ**

- ဒါဖြင့် ဒီမဂ္ဂသစ္စာ တစ်လုံးသည် ဦး -ပဲ့ ထမ်းသလိုပဲ။
- အတိတ်ကံတွေကို ဖြတ်တောက်ပေးတာလဲ သူပဲ။
- အနာဂါတ်ကံတွေကို မလာအောင် ကန့်ကွက်တာလဲ သူပါပဲ။
- အတိတ်ကံတွေကများ မကောင်းမတော်လို့ နှိပ်စက်လိုက်ရင်ဖြင့် အင်းတစ်ခုခု ဒုက္ခဖြစ်မှာပဲဟု စိုးရိမ်နေရခြင်း။
- နောက်လဲ ဘာဖြစ်ဦးမယ် မသိသေးပါဘူးလေ ။ ။ ဆိုတဲ့ ကြောက်လုံးကော မလာဘူးလား - လာပါတယ်။

တရားအားထုတ်သူတိုင်း သိသင့်သည့် သမာသနဉာဏ်နှင့် ပဋိသခိဉာဏ်၊ သခိဉာရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တို့တွင် အဓိက အရေးတကြီးပါဝင်သည့် တော(လေးဆယ်)ခေါ် ဝိပဿနာ(လေးဆယ်)ခေါ် အခြင်းအရာ(လေးဆယ်)တို့ကို ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ အိမ်တွင်နေ့စဉ် ဝိပဿနာတရားရှုမှတ်ခြင်း၊ ကျောင်းတွင်လည်းကောင်း၊ ရက်တိုတရားစခန်းများဝင်၍လည်းကောင်း မဂ္ဂင်ရှစ်ပါး၊ ဝိပဿနာတရား အခြေခံလေ့လာသိရှိပြီးပါက နေရာ၊ ဆရာကောင်းတို့ရှိသော တရားစခန်းသို့ အနည်းဆုံး ရက်ခြောက်ဆယ်ဝင်၍ ဆရာတော်ကြီးများ ညွှန်ကြားသင်ပြသည့်အတိုင်း နေ့ညမပြတ်ရှုမှတ်အားထုတ်ကြရမည် ဖြစ်ပါသည်။ ဒီဌိအမြစ်အငုတ်ကျန်နေလျှင် ရက်ခြောက်ဆယ်မက ကျင့်ကြံရှုမှတ်ရပေမည်။

ဤမှတ်စုတရားများသည် ယခင်ရှေ့က ရှူးရဲ့-လမ်းလျှောက်နိဗ္ဗာန်ရောက်၊ သတိပဋ္ဌာန်တရား လက်တွေ့အားထုတ်ပုံစာအုပ်အတွက် အကူအညီအထောက်အပံ့များသာ ရည်ရွယ်ပါသည်။ ဝိပဿနာ တရားရှုမှတ်နိုင်ရန်နှင့် ပိုမိုရှင်းလင်းစေရန် ဆရာတော်ကြီးများ၏ တရားများကို စာအုပ်များမှ ရှာဖွေကူးယူဖော်ပြခြင်းများသာ ဖြစ်ပါသည်။

ဤစာစုဖြစ်မြောက်စေရန် ဝိုင်းဝန်းကူညီကြသူ သင်္ဃာများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

နိဒ္ဒေါ

သတိပဋ္ဌာန်တရားလက်တွေ့ အားထုတ်ရာတွင်သမာဓိအိမ်ကြီးရန်နှင့် ပညာမျက်စိကြီးရန် လိုကြောင်းတွေ့ရှိရပါသည်။ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်တရားများကို သွင်သွင်မပြတ် ပညာမျက်စေ့ဖြင့် ရှုမှတ်ရာတွင် သမာဓိအိမ်ကြီးသမျှ အကျိုးရ၍ ဖြစ်ပျက်အဆုံးသို့ ရောက်ရှိတွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ဉာဏ်စဉ်ရထားအဆင့်ဆင့် ပြောင်းလဲညွှတ်ကိုင်းရှုမှတ်ရာတွင် သမာဓိဉာဏ်ရင့်သန်တိုးတက်ခြင်း အခါခါတွေ့ရမည် ဖြစ်ပါသည်။ နေ့စဉ်အချိန်ပိုင်း အိမ်-ကျောင်းတို့၌ အချိန်မှန်မှန်တရားရှုမှတ်သည်ဆိုခြင်းမှာ သမာဓိအိမ်ကြီးကြီးရရှိရန်နှင့် ပညာမျက်စိ ရှင်သန်ထက်မြတ်ရန် လေ့ကျင့်ကြိုးစားနေခြင်းသာ ဖြစ်ပါသည်။

ဝိပဿနာတရားလွန်စွာကြိုးပမ်းအားထုတ်ခြင်းဖြင့် နာမရူပပရိစ္ဆေဒဉာဏ်၊ နာမ်ရုပ်နှစ်ပါး ပိုင်းခြားသိရှိခြင်း၊ ကျယ်ဝန်းစွာ၊ ကျေညက်စွာ၊ သမာဓိမြဲစွာ သိရှိခြင်း။

ပစ္စယပရိဂ္ဂဟဉာဏ် = နာမ်ရုပ်နှစ်ပါး၏ဖြစ်ပုံ၊ အကြောင်းအကျိုးကို သိရှိခြင်း၊ ကျယ်ဝန်းစွာ၊ ကျေညက်စွာ၊ သမာဓိမြဲစွာ သိရှိခြင်း၊

စသည်ဖြင့် ခန္ဓာငါးပါးဖြစ်ပျက်တရားတို့ကို အဆင့်ဆင့် မြင်သိခြင်း၊

ဘယဉာဏ်မှ သခိဉာရုပေက္ခာဉာဏ်ထိ အဆင့်ဆင့်ရှုမှုန်းခြင်း၊

အနုလောမဉာဏ်မှ ပစ္စဝေက္ခဏာဉာဏ်အထိ ဖြစ်ပျက်ဆုံး၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ့မြင်ခြင်းတို့ ရရှိပါမည်။

ဉာဏ်တစ်ခုမှ နောက်ဉာဏ်တစ်ခုသို့ ခွါတ်ဆက်နေပုံ၊ နောက်ဉာဏ်အသစ်ထပ်တိုးပုံများကို ရှင်းလင်းစွာ သိရှိနေရန်ဖြစ်ပါသည်။ သို့မှသာ ဝိပဿနာဉာဏ်ဆိုတာ ဒါတွေပါလား၊ ဒီလိုပါလား၊ ဒီဉာဏ်တွေအားလုံးရရှိရန် သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ ပြည့်စုံစွာဖြင့် ကြိုးစားလေ့ကျင့်ရှုမှတ် သွားရမည် ဖြစ်ပါသည်။

ယခုစာအုပ်တွင် ဝိထိစိတ်တို့၏ အစဉ်အတန်း အနန္တရ ပစ္စည်း သိစရာများ၊ ဘဝသေဆုံးခြင်းနှင့် ဘဝအသစ်ဖြစ်ပေါ်ခြင်း သိစရာများ၊ ယောနိသောမနသိကာရ၊ ဇောစောပုံ၊ ကံတို့၏ ဖြစ်ပုံဆက်ပုံ စသည်ဖြင့် သတိပဋ္ဌာန်တရားကို အထောက်အကူဖြစ်စေမည့် တရားများကို လေ့လာ တင်ပြထားပါသည်။

ထို့အပြင် မဂ္ဂင်ငါးပါး၊ မဂ္ဂင်ရှစ်ပါး၊ သမာဓိတရား၊ ရှစ်ပါး သီလခံယူပုံ၊ တရားစခန်းတို့၏ အချိန်ဇယားများကိုပါ တင်ပြထားပါသည်။

ယခုဖော်ပြချက်များမှာ နေ့စဉ်အိမ်မှာ - ကျောင်းမှာ တရားရှုမှတ်လေ့ကျင့်ရန်အတွက် အထောက်အကူတရားများ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးများ၏ ဝိပဿနာရှုပုံတရားတော်များကိုလည်း သိမီသမျှ ဖော်ပြထားပါသည်။

သာမန်ပုထုဇဉ်ဘဝတွင် ဖြစ်တာပျက်တာရှိသည်။
ရေကြီး၊ မီးလောင်လို့ အကုန်ပျက်တာရှိသည်။

ကြောက်စရာတွေ့ရသည်။
ရွံမုန်းစရာတွေ့ရသည်။
မကြည့်ချင်၊ မမြင်ချင်၊ မလိုချင်ဖြစ်ရသည်။
လုံးဝမဆိုင်ခြင်း၊ မပါတ်သက်ချင်တော့။
မေ့လိုက်ပြီ၊ လျစ်လျူရှုလိုက်ပြီ။
စသည်ဖြင့် ဘဝတကွေ့ တွေ့ခဲ့ကြရပေသည်။

ယခု ဝိပဿနာတရားရှုမှတ် အားထုတ်ရာတွင်လည်း နာမ်ရုပ်တို့၏ သဘောရှိပြန်သည်မှာ -

ဥဒယဗ္ဗယဉာဏ်	-	ဖြစ်ပျက်ဉာဏ်
ဘင်္ဂဉာဏ်	-	အပျက်ဉာဏ်
ဘယဉာဏ်	-	ကြောက်စရာဉာဏ်
အာဒီနဝဉာဏ်	-	ရွံမုန်းစရာဉာဏ်
နိဗ္ဗိန္ဒဉာဏ်	-	ငြီးငွေ့သည့်ဉာဏ်
မုဉ္စိတုကမျတာဉာဏ်	-	လွတ်လိုသည့်ဉာဏ်
ပဋိသင်္ခါဉာဏ်	-	တစ်ဖန်လွတ်လိုသည့်ဉာဏ်
သင်္ခါရုပေက္ခာဉာဏ်	-	လျစ်လျူရှုလိုသည့်ဉာဏ်

စသည့် နာမ်ရုပ်တို့၏ ဖြစ်ပျက်ကို မဂ်ဖြင့်ရှုမှတ်သောအခါ သမာဓိဉာဏ် ရင့်တက်လာလေ တိုး၍တွေ့ရှိလေဖြင့် တွေ့မြင်ပုံတို့ကို ဖော်ပြထားပါသည်။

ဥပေက္ခာဆိုသည်မှာ စေတသိတ်တရား တတြမဇ္ဈတ္တတာ စေတသိတ်ဖြစ်ပုံ၊ ကျင့်ပုံတို့ကို ဖော်ပြထားပါသည်။ ထို့ပြင် ဝိပဿနာ

၉		သဒ္ဓမ္မဇောတိကအဘိဓမ္မာ	ဦးကျော်ထွတ်
၁၀		ဘာဝနာ ဒီပနီ	လယ်တီဆရာတော် ဘုရားကြီး
၁၁		ဘာဝနာ(၄၀)သစ္စာတရားတော်	ဆရာတော် ဦးသုမန
၁၂		နိဗ္ဗာနသစ္စာ (နိဗ္ဗာန်ဆိုတာဘယ်လိုလဲ)	ဦးဝင်းကြိုင်

(၁၅. ၃. ၂၀၂၁)နေ့တွင် (၆၆)နှစ်ပြည့်မြောက် မွေးနေ့အမှတ်တရအဖြစ် မိတ်ဆွေသင်္ဂဟများသို့ လျှုဒါန်းဝေငှပေးအပ်ပါသည်။

ဦညီညီစိန်
B.E (Mech) 79
PE . ACPE (Mech)
ညွှန်းကြားရေးမှူး (အငြိမ်းစား)
မြန်မာ့ရေနံ (၂၀၁၅)

ရည်ညွှန်းကိုးကားထားသည့် တရားစာအုပ်များစာရင်း

စဉ်	စာအုပ်	စာအုပ်အမည်	ရေးသားသူ
၁		ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ)	မဟာစည် ဆရာတော်ဘုရားကြီး
၂		ပဋ္ဌာန်းနှင့်ဝိပဿနာ သိကောင်းစရာ တရားတော် (ပထမတွဲ)	အရှင် ကုလ္လလာဘိဝံသ
၃		ဝိသုဒ္ဓိမဂ် - မြန်မာပြန် အခြေခံများနှင့်တကွ ဝိပဿနာပိုင်း	မဟာစည် ဆရာတော်ဘုရားကြီး
၄		ဝိသုဒ္ဓိမဂ် အရသာ	ညောင်လေးပင် တောရတိုက် နာယကဆရာတော် ဦးအရိယမဇ္ဈ

၅		ဝိသုဒ္ဓိ-၇-ပါးတရားတော် (ရထား -၇-စင်းဥပမာ)	မိုးကုတ်ဆရာတော် ဘုရားကြီး
၆		ယောဂီဉာဏ်စဉ် ရှင်းတမ်းကျမ်း	ဝက်လာရှိ တောရဆရာတော် ပဋိပတ္တိသာသနာပြု အရှင်ကွန္ဒာစရိယ
၇		ဝိပဿနာဉာဏ်စဉ် တရားများ နှင့် မဂ်ဖိုလ် ရေးရာသိမှတ်ဖွယ်ရာများ	ဦးမောင်မောင်အေး (ကလျာဏမိတ္တ)
၈		စူဠဇောတာပန်ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်း	သပိတ်အိုင်တောရ ဆရာတော် ဦးကိတ္တိ